# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No. 164, March, 2009

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**LIVING COLOR**
HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by board of directors of Myanmar Partners Think Tank Group in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မှတဆင့် ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဓေယျသူ

**Editor In Charge (Production)** – မင်းခင်

**Editor In Charge** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိပြုံး

**Executive Editors** – နိုင်ချိုစော်ဝင်းတင်၊ ခင်ခင်သော်၊ နှဲ့ကေခိုင်၊ သီရိစော်

**Editors** – မိုးကျော်လွင်၊ စန်းမော်အောင်၊ သိင်္ဂီထိုက်၊ မြနှင်းအေး

**Senior Reporters** – တင်လင်း၊ မိုးယုဓေ၊ ကျော်ဆန်းမင်း၊ လှိုင်းသစ်ခင်ဓေ၊ ကျော်ကျော်မင်း၊ နိုင်မင်းဓေ၊ စာလီကျော်

**Staff Reporters** – အောင်နိုး၊ ကေခိုင်ကျော်၊ ကျော်ဓေယျာထွန်း၊ အိမ့်နှစ်ကျော်၊ ခင်ငွေကြွယ်၊ ကျော်ဓေယျာဝင်း၊ ကြူကြူသင်း(မိုးမြေ)

## DTP Department

**Supervisor** – မခိုင်

**Staff Operators** – ငုဝါနိုင်၊ အေးမိုးမိုးအောင်၊ ခင်မာလွင်

## Finance Department

**General Manager** – ဓေအောင်ခင်

**Manager (Admin and Finance)** – စန်းသီတာ

**Assistant Manager** – နိုင်ရတနာထိုက်

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Assistant Manager** – မြူမြူသီ

**Designer** – သိန်းအောင်ထွန်း

**Marketing Supervisor** – စန္ဒာလှိုင်

**Marketing Assistants** – ခင်မျိုးချစ်၊ မင်းအောင်၊ ပြည့်ဖြိုးအောင်၊ လဲ့ရည်ဦး

**Receptionist** – ဆုအိမြဲဦး၊ နုဝါဝင်း

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

**Assistant Manager** – ဟန်မြင့်

## Distribution Department

**General Manager** – မင်းခင်

**Assistant Manager** – ထက်ဓေါင်

**Assistants** – ဆွေပြိမ်းအေး

## Creation Department

**Art Director** – နိုးသော်တာ

**Cover Idea & Design** – KMS ၊ ဓေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘရွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – နိုးသော်တာ၊ ဓေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရှပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၈၈၇၄၃၄၃
ဖက်စ် – ၂၄၂၄၂၄၊ ၃၃၃၅၈၂၈၊
hot line – ၀၉-၈၈၇၄၃၄၃

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site - www.foreverspace.com.mm

Photographers – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၁၅၇၀၂၀၉
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( မြန်မာ့ကြော်ငြာနှင့် ဈေးကွက်လမ်းညွှန် )


### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ကမ္ဘာ့ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ဃန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# LIVING COLOR

LIVING COLOR. No.164, MARCH. 2009.


၄ ယခုလအကြိုက်ဆုံးကြော်ငြာ

၅ ယခုလသတင်းအညွှန်း

၈ မြန်မာ့စီးပွားရေးသတင်း

၄၀ မျက်နှာဖုံးဆောင်းပါး
၂၀၀၉ နှင့် မြန်မာ
စိန်ခေါ်မှုအခွင့်အလမ်းသို့ — Associated News

၄၈ တွေ့ဆုံခြင်း
"ပြည်ပတင်ပို့သူတွေ လုပ်သာကိုင်သာရှိမယ့်အခြေအနေ တစ်ခု ဖန်တီးပေးဖို့လိုပါတယ်"
မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော် နှင့် တွေ့ဆုံခြင်း — နိုင်မင်းဝေ ၊ ခွန်းသု

၅၈ မြန်မာ့စီးပွားရေးမြင်ကွင်း
အရင်းရွှေ့ရန် မေးခွန်း
ခွန်းသု

၆၂ ထီဈေးကွက်ပုံစံအပြောင်းအလဲနောက်ကွယ်မှ အရှုံးအမြတ်များ
ခင်ဌေးကြွယ်

၆၆ ရေမှသည် . . . ဆီသို့
ကျော်ကျော်မင်း

၇၀ ရန်ကုန် ကုန်စည်ဈေးကွက်
နိုင်မင်းဝေ ၊ ဇာလီကျော်




# CONTENTS

LIVING COLOR. No.164, MARCH. 2009.




၇၈ ပုဂံမြို့ဟောင်းကို အသက်သွင်းမည့် ၂၀၀၉

ခင်ငွေးကြွယ် ၊ ကျော်ကျော်မင်း

၈၂ မြန်မာ့စီးပွားရေးအမြင်

အထောက်အပံ့နှင့် ရေသာခိုခြင်း

နွဲ့ကေခိုင်

၈၈ အာရှစီးပွားရေးဟန်ချက်နှင့် ကျွန်ုပ်တို့၏အရေးကိစ္စ

ရဲမင်းဦး

၉၂ စီးပွားရေးလုပ်ငန်းတစ်ခု

စတင်တည်ထောင်လုပ်ကိုင်ခြင်း(၅)

မှူးခန့်စံ

၉၄(A) ဘယ်ပစ္စည်းဘာ့ကြောင့်

၉၆ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၁၀၀ တွေ့ဆုံဆွေးနွေးမှုများ

၁၀၂ တစ်ဦးတည်းကိုယ်စားလှယ်

၁၀၄ ဈေးဝယ်လမ်းညွှန်

၁၀၆ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

၁၂၀ ကုန်ဈေးနှုန်း

၁၂၆ မြန်မာပြည်တွင်လုပ်သည်

၁၂၈ ရက်စွဲမှတ်တမ်း

၁၃၀ အတွေးအမြင်

လုမ္ဗိနီ

ပါရဂူ

၁၃၄ ရွှေတန်စကား

မြသန်းသန်းနု

၁၄၂ လူနာများ၏ကျန်းမာရေးမှ

ကျွန်တော့်ကျန်းမာရေးသို့

မောင်မောင်တင်

၁၄၈ တောင်ကြီးသို့နောက်တစ်ခေါက်(၅)

သခင်တင်မြ

၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၈)

ဦးလှဝင်း (လေသူရဲတစ်ဦး)




# ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် အပတ်စဉ်ထုတ်ဂျာနယ်အချို့တွင်ဖော်ပြခဲ့သည့် မန္တလေး FM Radio Station ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ ရိုးရှင်းသောပုံစံဖြင့် ကြော်ငြာထားခြင်း၊ ပါဝင်သည့်ကဏ္ဍများနှင့် ထုတ်လွှင့်သည့်အချိန် အနည်း/အများကို ကြော်ငြာကြည့်ရုံဖြင့်သိနိုင်ခြင်း၊ ဖမ်းယူရရှိနိုင်သည့် FM လိုင်းနံပါတ်ကို ဖော်ပြထားခြင်း၊ မန္တလေးမြို့တွင်သာမက ရန်ကုန်မြို့တွင်ပါ ဖမ်းယူနားဆင်မှုများပြားလာသည်ကိုတွေ့ရခြင်း စသည့် အချက်များကြောင့် ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

ယခုခရီးစဉ်တွင် ရည်ရွယ်ချက် (၃) ရပ်ထားရှိပါကြောင်း၊ ယခင်ခရီးစဉ်တွင် မိမိအဆိုပြုခဲ့သောအချက်များနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးရေး၊ နိုင်ငံတော်အစိုးရ၊ NLD နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်ရေးနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွက် ညှိနှိုင်းမှုများ ပြုလုပ်ရေးတို့ပင်ဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းမှုထွက်ပေါ်လာမှာဖြစ်သည့်အတွက် တွေ့ဆုံဆွေးနွေးမှုများဖြစ်ပေါ်လာစေရန် အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်အစိုးရက အကျဉ်းသား ၉၀၀၂ ဦးလွှတ်ပေးခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသားများပါ ပါဝင်ခဲ့သည့်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကကြိုဆိုခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ ဆက်ပြီးလွှတ်ပေးရေးကို မျှော်လင့်ပါကြောင်း၊ ထို့ပြင်နစ်ရှည်ထောင်ဒဏ်ချမှတ်မှုများကိုလည်း ပြန်လည်သုံးသပ်ပေးရန် အကြံပြုလိုပါကြောင်း၊ မူဝါဒလမ်းစဉ် (၇) ရပ်ပြီးမြောက်ရန် နီးကပ်လာသည့်အပိုင်းကိုရောက်လာခဲ့ပြီဖြစ်ရာ ပြည်တွင်းမှ အားလုံး ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ခွင့်ရရန်လိုအပ်သကဲ့သို့ နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် လက်ခံရန်လည်းလိုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းရန်နှင့် ဥပဒေများပြဋ္ဌာန်းရေးကိစ္စများနှင့်ပတ်သက်ပြီး သိလိုပါကြောင်း ...

(ကုလမသဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari ၏ ရှင်းလင်းဆွေးနွေးချက်)

---

အဆွေတော်အဆိုပြုခဲ့တဲ့ နိုင်ငံတော်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံဆွေးနွေးရေးကိစ္စနဲ့ပတ်သက်ပြီး ထပ်မံရှင်းပြရရင် ကျွန်တော်တို့ဘက်ကတော့ တွေ့ဆုံဆွေးနွေးရေးအတွက် အစဉ်အမြဲတံခါးဖွင့်ထားပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း အဆွေတော်လာရောက်သည့်ခရီးစဉ်တိုင်းမှာ အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့အခေါက် အဆွေတော်ပြန်သွားပြီးနောက်ပိုင်းမှာလည်း ကျွန်တော်တို့ ဘက်က တွေ့ဆုံဆွေးနွေးရန် နှစ်ကြိမ် အဆိုပြုခဲ့ပါတယ်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်ဘက်က လက်မခံတဲ့အတွက် တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့ ၄-၁၀-၂၀၀၇ ရက်စွဲဖြင့် အစိုးရအဖွဲ့ရဲ့ကြေညာချက်အမှတ် ၁/၂၀၀၇ ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေးအပါအဝင် အလုံးစုံပိတ်ဆို့ရေးဆိုတဲ့ ဆောင်ရွက်ပိတ်ဆို့မှုလေးချက်ကို စွန့်လွှတ်ကြောင်းကြေညာရန်နဲ့ အဲဒီလိုကြေညာမယ်ဆိုရင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သူမနှင့်တိုက်ရိုက်တွေ့ဆုံမှာဖြစ်ကြောင်း အတိအလင်းလမ်းဖွင့်ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သူမဘက်က တရားဝင်ပြန်ကြားချက် တစ်စုံတစ်ရာမျှ ရရှိခဲ့ခြင်းမရှိခဲ့ပါဘူး။

နှစ်ဖက်တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရဘက်က Initiative သုံးနိုင်တာမှန်ပေမယ့် တကယ်တမ်းကျတော့ တွေ့ဆုံဆွေးနွေးရေးဆိုတာ တစ်ဖက်တည်းကပဲ လုပ်နေလို့မရနိုင်ပါဘူး။ နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။ ထို့အတူ ဆွေးနွေးမှုဟာ ပကတိဖြစ်တည်နေတဲ့ အရှိတရား Reality အပေါ်အခြေခံရပ်တည်ဆောင်ရွက်မှသာ လက်တွေ့ကျပြီးအောင်မြင်နိုင်မှာဖြစ်ပါတယ်။ အရှိတရား Reality ကို အခြေမခံဘဲ မဖြစ်သင့်၊ မဖြစ်နိုင်တာကို အခြေခံရပ်တည်တောင်းဆိုနေရင်တော့ အောင်မြင်နိုင်မှာမဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။

(ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းချက်)

ယခုလသတင်းအညွှန်းအဖြစ် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိသော 'နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Gambari တို့ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ တွေ့ဆုံခဲ့ကြသည်' သတင်းကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်သည်။

# မြန်မာ့စီးပွားရေးသတင်း

**BUSINESS NEWS**

အမှတ် ၁၆၄ | ၂၀၀၉ ခုနှစ်၊ မတ်လ


## မာတိကာ


- **အင်းလေးခရမ်းချဉ် ထိုင်းသို့တင်ပို့ရန်စီစဉ်**
- **နေပြည်တော်မြန်မာ့အသံ အကယ်ဒမီဆုပေးပွဲကို ပထမဦးဆုံးအကြိမ် တိုက်ရိုက်အသံလွှင့်**
- **မြိတ်–ထားဝယ်ရထားလမ်း လမ်းအူကြောင်းစတင်ဖောက်လုပ်**
- **တောင်ဥက္ကလာနှင့်ဒဂုံမြို့သစ်ဆက်သွယ်မည့် အမြွှာတံတားသစ်တည်ဆောက်မည်**


## ကောက်ပဲသီးနှံထုတ်လုပ်တင်ပို့မည့်ကုမ္ပဏီများ ပေါ်ပေါက်ဖွယ်ရှိ

**ရန်ကုန်၊ ဖန်နဝါရီ ၁၀**

မြို့နယ်အလိုက် ကုမ္ပဏီများဖွဲ့စည်း၍ ဆန်နှင့်ပဲ ကောက်ပဲသီးနှံထုတ်လုပ်တင်ပို့ရောင်းချမှုလုပ်ငန်းများကို ခွင့်ပြုပေးသွားရန်ရှိကြောင်း ဇန်နဝါရီလ ၈ ရက်နေ့ကကျင်းပသည့် တာဝန်ရှိသူများနှင့် ဆန်နှင့်ပဲကုန်သည်ကြီးများနှင့်တွေ့ဆုံပွဲမှ စုံစမ်းသိရှိရသည်။

အဆိုပါကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်သီးနှံများဖြစ်သော ဆန်နှင့်ပဲထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူများလိုအပ်သည့် ဓာတ်မြေဩဇာ၊ နည်းပညာ၊ မျိုး စသည့် ထောက်ပံ့သည့်လုပ်ငန်းများကို လုပ်ကိုင်စေလိုကြောင်းလည်း တာဝန်ရှိသူများက ပြောကြားသည်။ လာမည့်နှစ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုလုပ်ကိုင်ရန် အခက်အခဲရှိနေကြသော တောင်သူလယ်သမားများအတွက် ၂ ရာခိုင်နှုန်းထက်မပိုသောနှုန်းဖြင့် အဆိုပါကုမ္ပဏီများက တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းစီ ထုတ်ချေးပေးကြရန်နှင့် ကာလပေါက်ဈေးဖြင့်သာ ပြန်လည်ဝယ်ယူရန် တာဝန်ရှိသူများကတိုက်တွန်းခဲ့သည်ဟုလည်း အဆိုပါအစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးက Living Color သို့ ပြောကြားသည်။

တောင်သူများအနေဖြင့် စက်သုံးဆီဈေးကျဆင်းသော်လည်း ဓာတ်မြေဩဇာဈေးများ ကျဆင်းမှုမရှိသည့်အတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ ဓာတ်မြေဩဇာတစ်အိတ်လျှင် ကျပ် ၄၇၀၀၀ ကျပ်ခန့်ပေး၍ ဝယ်ယူနေရကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၇–၂၀၀၈ ခုနှစ်၌ တစ်နိုင်ငံလုံး လယ်ယာသီးနှံစိုက်ပျိုးမှုဧက ၄၄၀ ဒသမ ၅၃ ဧကသိန်းရှိခဲ့ပြီး ထိုစိုက်ဧကအတွက် လိုအပ်သည့်ဓာတ်မြေဩဇာ၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြင်ပမှပင် မှာယူလျက်ရှိကြောင်း အစိုးရ၏ တရားဝင်စာရင်းများအရ သိရှိရသည်။

အစိုးရအနေဖြင့် ကိုယ်တိုင်ဝင်ရောက်၍မလုပ်ကိုင်သည့်တိုင် ၅၅ သန်းကျော်သော ပြည်သူလူထုကို ရိက္ခာဖူလုံရေးနှင့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေများတိုးတက်ရေးအတွက် ယခုကဲ့သို့ ကုမ္ပဏီများမှတစ်ဆင့် သွယ်ဝိုက်၍ ဆောင်ရွက်ပေးမှုအောင်မြင်ပါက မြန်မာ့စီးပွားရေးအတွက် အထောက်အပံ့ကောင်းဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**Associated News**

# ဗုဒ္ဓဂယာခရီးသွား အာမခံထားသူ တိုးတက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၇**

မြန်မာ့အာမခံလုပ်ငန်း၌ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း ဗုဒ္ဓဂယာဘုရားဖူးခရီးသွားအာမခံထားရှိသူဦးရေ ပိုမိုများပြားလာကြောင်း မြန်မာ့အာမခံလုပ်ငန်း ခရီးသွားအာမခံဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလတွင် ပြောကြားသည်။

ယခင်ကဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်းအချို့နှင့် ဘုရားဖူးသွားသူများတွင် ခရီးသွားအာမခံမဝယ်ယူသူများရှိခဲ့သော်လည်း ယခုအခါ ခရီးသွားအာမခံ ဝယ်ယူထားရှိသူ ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ ဗုဒ္ဓဂယာဘုရားဖူးခရီးသွားအာမခံထားရှိသူဦးရေမှာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ၆၅၀ ဦးကျော်ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း နောက်ဆုံးရရှိသောစာရင်းများအရ ၉၀၀ဦး ကျော်ရှိသွားပြီဖြစ်ကြောင်း ၎င်းထံမှသိရသည်။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း၌ ဗုဒ္ဓဂယာခရီးသွားအာမခံနှင့်ပတ်သက်၍ အာမခံလျော်ကြေးပေးရခြင်းမရှိသေးကြောင်း၊ ဗုဒ္ဓဂယာခရီးသွားအာမခံဝယ်ယူမည်ဆိုပါက ခရီးစဉ်တစ်ခုအတွက် ပရီမီယံကြေး ၃၅၀၀ ကျပ် ပေးရမည်ဖြစ်ပြီး ခရီးစဉ်ကာလအတွင်း တစ်စုံတစ်ခုကြောင့် သေဆုံးပါက အာမခံလျော်ကြေးတစ်ဦးလျှင် ကျပ်သိန်း ၅၀ နှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ဆေးဝါးကုသမှုအပေါ်မူတည်၍ အာမခံလျော်ကြေး ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**LIVING COLOR**
ဖုန်း -၂၄၂၄၄ ၊ ၃၉၁၁၂၂

# အင်းလေးခရမ်းချဉ် ထိုင်းသို့တင်ပို့ရန်စီစဉ်

**ရန်ကုန်၊ ဇန်နဝါရီ ၃**



နာမည်ကျော် အင်းလေးကန်တည်ရှိရာ ညောင်ရွှေဒေသမှ ခရမ်းချဉ်သီးများကို ကွန်တိန်နာယာဉ်များဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရန် ရှမ်းပြည်နယ်တောင်ပိုင်းမှ ကုန်သည်များနှင့် ဒေသအာဏာပိုင်တို့က စီစဉ်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင် Website တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရမ်းချဉ်သီးများကို ရှမ်းပြည်နယ် တာချီလိတ်မှတစ်ဆင့် တင်ပို့ရန်စီစဉ်နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့နိုင်မည်ဆိုပါက ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့်ရနိုင်ခြေရှိကြောင်း အဆိုပါ Website က ခန့်မှန်းဖော်ပြထားသည်။

ယနေ့အချိန်အထိ အင်းလေးခရမ်းချဉ်သီးများကို ထိုင်းနိုင်ငံသို့ လက်တွေ့တင်ပို့ခဲ့ဖူးခြင်းမရှိသေးကြောင်းနှင့် ညောင်ရွှေတစ်ဝိုက် ခရမ်းချဉ်သီးကုန်သည်များက တင်ပို့ရန်စီစဉ်နေသည်ဟု ကြားသိရကြောင်း ညောင်ရွှေမြို့ရှိ ခရမ်းချဉ်သီးပွဲရုံ ဖွင့်လှစ်ထားသူတစ်ဦးက Living Color ၏မေးမြန်းမှုကို တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားသည်။

အင်းလေးဒေသတွင် နှစ်စဉ် ဇွန်လမှစတင်၍ ခရမ်းချဉ်သီးများ ထွက်လေ့ရှိပြီး ယခုရာသီသည် ခရမ်းချဉ်သီးထွက်သောရာသီမဟုတ်ကြောင်း၊ လက်ရှိညောင်ရွှေတွင် ခရမ်းချဉ်သီးတစ်ပိဿာ ၁၂၀ ကျပ်ခန့် ပေါက်ဈေးရှိကြောင်း ညောင်ရွှေဒေသခံများထံမှ စုံစမ်းသိရှိရသည်။

နှစ်စဉ် အင်းလေးဒေသမှ ခရမ်းချဉ်သီးများသည် ရန်ကုန်နှင့်မန္တလေးမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့သို့ တင်ပို့လျက်ရှိပြီး ပျဉ်းမနား၊ ပဲခူး၊ မကွေး၊ အောင်လံဒေသတို့မှ နှစ်စဉ် မော်တော်ယာဉ်များဖြင့်လာရောက်ဝယ်ယူလေ့ရှိသည်ဟုလည်း ဒေသခံ ခရမ်းချဉ်သီးပွဲရုံလုပ်ကိုင်သူများက ပြောကြားကြသည်။

ခရမ်းချဉ်သီးစိုက်ပျိုးသူများကမူ စိုက်ပျိုးရေးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသို့ ခရမ်းချဉ်သီးတင်ပို့မည်ဆိုသည်နှင့်ပတ်သက်၍ သတင်းကောင်းဖြစ်ကြောင်း၊ သို့ရာတွင် အင်းလေးဒေသထွက် ခရမ်းချဉ်သီးမျိုးစေ့အချို့မှာ ထိုင်းနိုင်ငံမှတင်သွင်းလာခြင်းဖြစ်သည့်အတွက် အံ့အားသင့်ဖွယ်ဖြစ်ကြောင်း Living Color သို့ တယ်လီဖုန်းဖြင့် ပြောကြားကြသည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ခရမ်းချဉ်သီးအများအပြားထွက်ရှိခဲ့ပြီး ခရမ်းချဉ်သီးဈေး အလွန်အမင်းကျဆင်းမှုကြောင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ်တွင် ယာခင်းပိုင်ရှင်များက မည်သူမဆို ခရမ်းချဉ်သီး လွတ်လပ်စွာ ခူးနိုင်သည်ဟု ဆိုင်းဘုတ်ချိတ်ရသည်အထိ ပြောစမှတ်ဖြစ်ခဲ့သည်။

**Associated News**



# နေပြည်တော်မြန်မာ့အသံ အကယ်ဒမီဆုပေးပွဲကို ပထမဦးဆုံးအကြိမ် တိုက်ရိုက်အသံလွှင့်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံတွင် ပထမဆုံးတည်ထောင်ခဲ့သည့် နိုင်ငံပိုင်အသံလွှင့်ဌာနတစ်ခုဖြစ်သော မြန်မာ့အသံက ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲအခမ်းအနားအစီအစဉ်ကို ပထမဦးဆုံးအကြိမ်အဖြစ် တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးသွားကြောင်း နေပြည်တော်မြန်မာ့အသံ၏ တရားဝင်ကြေညာချက်အရ သိရှိရသည်။

၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို နေပြည်တော်တွင် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ပြုလုပ်ရာ အခမ်းအနားအစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ တိုက်ရိုက်ထုတ်လွှင့်မှုများအပြင် ယင်းသို့ နေပြည်တော်မြန်မာ့အသံမှလည်း တိုက်ရိုက်အသံလွှင့်မှုအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း နေပြည်တော်မြန်မာ့အသံမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

နေပြည်တော်သို့ပြောင်းရွှေ့ပြီးချိန်မှစတင်၍ ခေတ်ပေါ်စတီရီယိုတေးသံရှင်များ၏တေးသီချင်းများအပြင် နာမည်ကျော်သရုပ်ဆောင်နှင့် တေးသံရှင်တို့ကို Online မှ ဆက်သွယ်မေးမြန်းသည့်အစီအစဉ်တို့ကိုပါ ထုတ်လွှင့်ပေးခဲ့သဖြင့် လူငယ်ပရိသတ်အများအပြားပါ နေပြည်တော်မြန်မာ့အသံကို နားဆင်လာကြကြောင်း လူငယ်ပရိသတ်အချို့ထံမှ သိရှိရသည်။

၁၉၃၆ ခုနှစ်မှစ၍ ရန်ကုန်မြို့တော်တွင်အခြေစိုက်၍ စတင်ထုတ်လွှင့်ခဲ့သည့် မြန်မာ့အသံမှာ ယခုအခါ ၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်နေ့ နံနက် ၇ နာရီမှစတင်ကာ နေပြည်တော်မြန်မာ့အသံဟူ၍ နေပြည်တော်သို့ ပြောင်းရွှေ့ထုတ်လွှင့်တင်ဆက်ခဲ့သည်။

# ဂရိတ်ဝေါကုမ္ပဏီ အီသနော ရောင်းမည်

**မန္တလေး၊ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်အတွင်းရှိ ဂရိတ်ဝေါစားသောက်ကုန်လုပ်ငန်းကုမ္ပဏီလီမိတက်ပိုင် သကြားစက်ရုံရှိအီသနောစက်ရုံ (မော်ကုန်း) မှထွက်ရှိသော အီသနောကို မန္တလေး၊ ရွှေဘိုနှင့် မုံရွာမြို့တို့တွင် ဖြန့်ဖြူးရောင်းချရန်စီစဉ်ထားသည်ဟု ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ယင်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအီသနောစက်ရုံ၏ စမ်းသပ်မှုအရ ၉၉ ဒသမ ၅ ရာခိုင်နှုန်းမှ ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိ အီသနောကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အီသနောထုတ်လုပ်မှုတွင် ကြံရည်မှတိုက်ရိုက်ထုတ်ယူခြင်း၊ တင်လဲရည်မှထုတ်ယူခြင်း၊ ပွက်ရည်ပွက်သားမှထုတ်ယူခြင်းဟူ၍ သုံးမျိုးခွဲခြားထားကြောင်း၊ အီသနောသည် ဇီဝအစားထိုးလောင်စာဖြစ်ပြီး မော်တော်ယာဉ်များတွင် ဓာတ်ဆီနှင့်ရောစပ်မောင်းနှင်အသုံးပြုနိုင်ကြောင်း၊ ကုမ္ပဏီပိုင်စက်ရုံမှ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များတွင် စမ်းသပ်မောင်းနှင်အသုံးပြုနေပြီဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် မြို့များတွင် အီသနောဖြန့်ဖြူးရောင်းချနိုင်ရန် စွမ်းအင်ဝန်ကြီးဌာန၏ အရည်အသွေးကြီးကြပ်မှုဖြင့် ဖြန့်ဖြူးသွားမည့်အပြင် ၂၀၁၀ ပြည့်နှစ်တွင် အီသနောဂါလန် ၃၁ သန်းအထိ တိုးမြှင့်ထုတ်လုပ်ရန်ရည်မှန်းထားကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်းကုမ္ပဏီလီမိတက်ပိုင် အီသနောစက်ရုံကို ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် တပ်ဆင်ခဲ့ကာ ၂၀၀၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် စတင်စမ်းသပ်လည်ပတ်ခဲ့သည်။ ယင်းစက်ရုံမှ တစ်ရက်လျှင် အီသနော တန် ၁၂၀ နှုန်းဖြင့် တစ်နှစ်လျှင် ဂါလန် ၁၁ သန်းကျော် ထုတ်လုပ်နိုင်သည်ဟု စုံစမ်းသိရှိရသည်။

# မြိတ်-ထားဝယ်ရထားလမ်း လမ်းအူကြောင်းစတင်ဖောက်လုပ်

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

မဟာမဲခေါင် အရှေ့အနောက် စီးပွားရေးစင်္ကြံဒေသ၏ အဓိကကုန်းလမ်းဝင်ပေါက်ဖြစ်သော ထားဝယ်မြို့မှ မိုင် ၁၃၀ ခန့်အကွာတွင်တည်ရှိသည့် မြိတ်မြို့သို့ ဖောက်လုပ်သွယ်တန်းမည့် ရထားလမ်းပိုင်းအတွက် လမ်းအူကြောင်းဖောက်လုပ်ခြင်းကို သက်ဆိုင်ရာက စတင်ဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်ဒေသခံတစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါလမ်းကြောင်းဖောက်လုပ်သည့်လုပ်ငန်းအတွက် သာကေတစက်မှုဇုန်ရှိ Myanmar Tractor ကုမ္ပဏီမှ စက်ယန္တရားများငှားရမ်း၍ ဆောင်ရွက်လျက်ရှိပြီး လမ်းအူကြောင်းဖောက်လုပ်မှုမှာ ရာခိုင်နှုန်းအတော်များများ ပြီးစီးနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်အတွက် မြန်မာ့မီးရထားက မြိတ်–ထားဝယ် ရထားလမ်းအပါအဝင် နိုင်ငံတစ်ဝန်း ရထားလမ်းသစ်တိုးချဲ့တည်ဆောက်ရန် စီမံကိန်းငါးခု စီစဉ်လျာထားကြောင်းနှင့် မြိတ်–ထားဝယ်ရထားလမ်းမှာ ၁၃၂ မိုင် အကွာအဝေးရှိကြောင်း မြန်မာ့မီးရထား၏ ဇန်နဝါရီလအတွင်း သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

မြိတ်–ထားဝယ်ရထားလမ်းပိုင်းပြီးစီးပါက မြိတ်မြို့သို့ ရန်ကုန်မြို့မှ ကားလမ်းအပြင် ရထားလမ်းဖြင့်ပါ ဆက်သွယ်လာနိုင်မည်ဖြစ်ပြီး ဒေသကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူဖြစ်နိုင်ကြောင်း မြိတ်ဒေသခံတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာ့မီးရထားသည် ပျော်ဘွယ်–ဘုရားငါးဆူလမ်းပိုင်းကို ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတစ်ဝန်း ရထားလမ်း မိုင်ပေါင်း ၄၂၈၈.၉ မိုင်ရှိသည်ဟု သတင်းထုတ်ပြန်ထားသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတိုးချဲ့ဖွင့်လှစ်ခဲ့သော ရထားလမ်းပိုင်းများကြောင့် မြန်မာ့မီးရထားသည် ဝင်ငွေနည်းလူတန်းစားများ၏သယ်ယူပို့ဆောင်ရေးအတွက် အထောက်အပံ့များ တိုးတက်ဖြစ်ပေါ်လျက်ရှိကြောင်းလည်း မြန်မာ့မီးရထားဝန်ထမ်းဟောင်းတစ်ဦးက ပြောကြားသည်။

မြိတ်–ထားဝယ် ရထားလမ်းပိုင်းစီမံကိန်းမှာ ယခုနှစ်အတွင်း စတင်ဖောက်လုပ်မည်ဟု သတင်းထုတ်ပြန်ထားသော်လည်း စီမံကိန်းပြီးစီးမည့်ကာလကို မြန်မာ့မီးရထားက သတင်းထုတ်ပြန်ထားခြင်းမရှိပေ။

ရန်ကုန်မှ မြိတ်သို့ ယခုအခါ ကားလမ်းနှင့် ရေလမ်းဖြင့်သာ ကူးလူးဆက်ဆံမှုများပြီး ရထားလမ်းပြီးစီးပါက စျေးနှုန်းသက်သာမှုကြောင့် ယခုထက်ကူးသန်းသွားလာမှု ပိုမိုများပြားလာဖွယ်ရှိကြောင်း မြိတ်ဒေသခံတစ်ဦးက ပြောကြားသည်။

**Associated News**

# ဒီဇယ်၊ ဓာတ်ဆီ တက္ကစီယာဉ်များ မီတာတပ်ဆင်ရန် ထပ်မံအဆိုပြု

**သတင်းဆောင်းပါး – ဟန်စိုးထိုက်၊ ၃၀–၁–၂၀၀၉**

**CNG ပြောင်းလဲတပ်ဆင်ပြီးသော City တက္ကစီယာဉ်များအပြင် ဒီဇယ်၊ ဓာတ်ဆီအသုံးပြုတက္ကစီယာဉ်များကိုပါ တက္ကစီမီတာတပ်ဆင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးထုတ်ပြန်ချက်အရ သိရသည်။**

ယခုအခါ ရန်ကုန်မြို့တော်အတွင်းတွင် City Taxi စုစုပေါင်း ၁၅,၈၉၅ စီးရှိပြီး မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) ပြောင်းလဲတပ်ဆင်ပြီး တက္ကစီယာဉ် ၁၂,၀၇၂ စီးကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ စီမံချက်ဖြင့် ကုမ္ပဏီငါးခုက တက္ကစီမီတာ တပ်ဆင်ပေးလျက်ရှိရာ ၂၀၀၈



ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့အထိ ၉,၇၅၄ စီးကို တပ်ဆင်ပေးပြီးဖြစ်ကြောင်း၊ တက္ကစီမီတာတပ်ဆင်ရန် CNG ပြောင်းလဲပြီးယာဉ် ၂၃၁၈ စီး ကျန်ရှိနေသေးကြောင်း၊ ဒီဇယ်၊ ဓာတ်ဆီအသုံးပြုမောင်းနှင်လျက်ရှိသည့် တက္ကစီ ၃,၈၂၃ စီးကိုလည်း တက္ကစီမီတာတပ်ဆင်အသုံးပြုနိုင်ရန် ဆောင်ရွက်



သွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်ကိုကိုးကား၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းအတွင်းရှိ CNG ပြောင်းလဲပြီး တက္ကစီများကို တက္ကစီမီတာတပ်ဆင်အသုံးပြုခြင်းမရှိသောကြောင့် CNG ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ် သိမ်းဆည်းအရေးယူခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ လုပ်ငန်းလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CNG ပြောင်းလဲတပ်ဆင်ပြီးသော တက္ကစီယာဉ်များအပြင် ဒီဇယ်၊ ဓာတ်ဆီအသုံးပြုမောင်းနှင်လျက်ရှိသော တက္ကစီယာဉ်များကိုပါ မီတာတပ်ဆင် အသုံးပြုရန်အဆိုပြုထားကြောင်း အဆိုပါထုတ်ပြန်ချက်ကိုကိုးကား၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

စီးတီးတက္ကစီယာဉ်များအနေဖြင့် မီတာကို ငွေကျပ်နှစ်သိန်း ကုန်ကျခံကာ တပ်ဆင်ကြရပြီး တက္ကစီများအားလုံး မီတာတပ်ဆင်ပြီးပါက မီတာအသုံးပြု၍ သတ်မှတ်ဈေးနှုန်းဖြင့် စည်းကမ်းချက်များအတိုင်း ကျသင့်ငွေကို တွက်ချက်ရယူရမည်ဖြစ်ကြောင်း၊ ငှားရမ်းသူများဘက်မှလည်း မီတာဖြင့်သာ တွက်ချက်ပေးချေရန် အသိပေးနှိုးဆော်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာတွင်လည်း မြို့တော်အငှားယာဉ်များအနေဖြင့် တစ်သမတ်တည်းသောဈေးနှုန်းဖြစ်သည့် မီတာဖြင့်တွက်ချက်တောင်းခံကြသည်ဟု စုံစမ်းသိရှိရသည်။

"ကျွန်တော် ဘန်ကောက်စရောက်တော့ တက္ကစီကို မီတာနဲ့စီးတယ်။ အခုတော့ မစီးတော့ဘူး။ ထိုင်းက တက္ကစီသမားတချို့က မီတာနဲ့ငှားစီးရင် မီတာတက်အောင် ပတ်မောင်းနေတော့တာ။ နောက် Traffic (ယာဉ်ကြောပိတ်ဆို့မှု) ကများတော့ မီတာနဲ့ငှားရင် မကိုက်ဘူး။ မြန်မာပြည်မှာတော့ Traffic လည်း သိပ်မရှိဘူးဆိုတော့ မီတာနဲ့စီးရတာအဆင်ပြေမယ်ထင်တယ်"ဟု ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျောင်းတက်နေသည့် မြန်မာကျောင်းသားတစ်ဦးက E-mail ဖြင့် ဆက်သွယ်ပြောကြားသည်။

"ကိုယ်က ဆူးလေကနေ ရွှေဂုံတိုင်

# တရုတ်သွင်းကုန်အားလုံးနီးပါး ဈေးနိမ့်ဖြင့်တင်သွင်း

**မူဆယ်၊ ဇန်နဝါရီ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့တင်သွင်းနေသော ကုန်ပစ္စည်းများကို တရုတ်ကုန်သည်များက ပုံမှန်သတ်မှတ်ရောင်းဈေးထက် ၂၀ ရာခိုင်နှုန်းခန့် လျှော့ချ၍ ဈေးအနိမ့်ဖြင့် တင်သွင်းနေသည်ဟု မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် အခြေစိုက်လုပ်ကိုင်နေသည့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။

မြန်မာနိုင်ငံဘက်မှ ဝယ်လိုအားအခြေအနေကိုတွက်ချက်၍ ယင်းကဲ့သို့ လျှော့ချခြင်းကို ၂၀၀၈ ခုနှစ်ကုန်ပိုင်းနှင့် ၂၀၀၉ ခုနှစ်ဆန်းပိုင်းတွင် ပြုလုပ်လာခြင်းဖြစ်ကြောင်း မူဆယ် (၁၀၅) မိုင်ရှိ ခွာညိုပွဲရုံမှ ဦးစိုင်းခင်မောင်က ဆိုသည်။

"ဓာတ်မြေသြဇာမျိုးစုံ၊ ဆောက်လုပ်ရေးပစ္စည်းအစုံနဲ့ စက်ကိရိယာပစ္စည်းမျိုးစုံတို့ကို ၂၀ ရာခိုင်နှုန်းလောက် ဈေးလျှော့လိုက်ပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်သွင်းကုန်များ ဈေးလျှော့ရောင်းသော်လည်း ပြည်တွင်း၌ လက်ကျန်ပစ္စည်းများကျန်ရှိနေသေးသဖြင့် အဝယ်မလိုက်သေးကြောင်း ဘိလပ်မြေတင်သွင်းခြင်းကို အဓိကလုပ်ကိုင်ပေးသည့် နယ်စပ်ကုန်သည်ကြီးတစ်ဦးက ဆိုသည်။

"ဈေးမကျတာကတော့ သစ်သီးတွေပဲ။ ဒါပေမဲ့ ဒီဘက်က ထုတ်ကုန်သစ်သီးတွေကတော့ ဈေးကျလာတာရှိပါတယ်။ တင်ပို့တဲ့အရေအတွက်လည်း နည်းသွားပါတယ်"ဟု ဦးစိုင်းခင်မောင်က ဆက်လက်ပြောကြားသည်။

ယင်းအပြင် ပဲ၊ ပြောင်း၊ နှမ်းနှင့် ရော်ဘာပို့ကုန်များ၏ အခြေအနေမှာလည်း ပုံမှန်ထက်လျော့ကျနေပြီး အဝယ်မရှိသလောက်ဖြစ်နေသည်မှာ ရော်ဘာဖြစ်ကြောင်း၊ တရုတ်ကုမ္ပဏီများက ဈေးလျှော့ရောင်းချခြင်းသည် တရုတ်နှစ်သစ်ကူးပြီးချိန်၌ ရပ်တန့်သွားနိုင်ကြောင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ဆို ၁၀၀၀ ပေးနေကျ။ ဒါပေမဲ့ မီတာနဲ့ တွက်တောင်းရင် ဘယ်လောက်ကျမယ် မသိဘူး။ နောက် တစ်မီတာကို ဘယ်နှုန်းယူပြီး ဘယ်နမီတာရှိလဲ မကြည့်တတ်ဘူးဆိုတော့ အခုကတော့ မီတာနဲ့မစီးပါဘူး။ ခါတိုင်းလိုပဲ အပြတ်ပေးလိုက်တယ်"ဟု ရွှေဂုံတိုင်တွင်နေထိုင်သည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးက ဆိုသည်။

တက္ကစီမီတာတပ်ဆင်အသုံးပြုပါက ရန်ကုန်မြို့တွင် လမ်းအခြေအနေများကြောင့် အချိန်ကာလ သုံးလခန့်သာ သုံးစွဲရကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုများသော (ဥပမာ–လှည်းတန်း၊ ရွှေဂုံတိုင်) မီးပွိုင့်များတွင် မီတာအသုံးပြုပါက စီးနင်းသူ နစ်နာနိုင်ကြောင်း၊ လက်ရှိတွင် စီးနင်းသည့်ခရီးသည်များအနေဖြင့် မီတာစနစ်ကိုနားလည်မှုမရှိသဖြင့် ငှားရမ်းစီးနင်းခပြောကြားရာတွင် အဆင်ပြေခြင်းမရှိကြောင်း၊ တက္ကစီ

| တပ်ဆင်သည့်ကုမ္ပဏီ | မီတာတပ်ဆင်ပြီးသောစီးရေ | မီတာတပ်ရန်ကျန်ရှိသောစီးရေ |
|---|---|---|
| LYNX Co., Ltd. | ၅၁၆၉ | ၅၉၉ |
| Aye family Co., Ltd. | ၃၁၅၄ | ၂၂၆ |
| SAKURA Co., Ltd. | ၆၂၂ | ၃၇၈ |
| ASIA Value Co., Ltd. | ၈၀၆ | ၁၉၄ |
| Champion Co., Ltd. | ၃ | ၁၁၇ |
| စုစုပေါင်း | ၉၇၅၄ | ၁၅၁၄ |

**Source: ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



သမားများအနေဖြင့် တက္ကစီငှားရမ်းစီးနင်းမှုလျော့ပါးလာသော ရန်ကုန်မြို့တော်တွင် ခရီးသည်ရရန် ကြိုးပမ်းကြရရာ ခရီးသည်များစိတ်တိုင်းကျသာ ဆောင်ရွက်ပေးနေရကြောင်း ဒေါပုံမြို့နယ်တွင်နေထိုင်သည့် တက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

# စတော့ရှယ်ယာဈေးကွက်ချဲ့ထွင်ခြင်းဖြင့် လုပ်ငန်းများချဲ့ထွင်နိုင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုမရှိသေးသော စတော့ရှယ်ယာဈေးကွက်များကို တိုးချဲ့လုပ်ကိုင်လာခြင်းဖြင့် ပြည်တွင်းပြည်ပ စီးပွားရေးကဏ္ဍရင်းနှီးမြှုပ်နှံခြင်းကို ပိုမိုပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း UMFCCI ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စတော့ရှယ်ယာဈေးကွက်များ ဖွံ့ဖြိုးလာရန်မှာ အများပိုင်ကုမ္ပဏီများဖွံ့ဖြိုးလာရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်း၌ စတော့ရှယ်ယာပုံစံဖြင့်လုပ်ကိုင်နေသော အများပိုင်ကုမ္ပဏီများမှာ လက်ချိုးရေတွက်၍ရနိုင်သေးကြောင်း၊ ယင်းမှာ စတော့ရှယ်ယာနှင့် လူထုရင်းနှီးမှု များစွာမရှိသေးခြင်းကြောင့်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

"ကွဲကွဲပြားပြားသိဖို့အချက်တစ်ခုက အများပိုင်ကုမ္ပဏီဆိုတာနဲ့ အကျိုးဆောင်ဆိုတာ မတူဘူးဆိုတာပါပဲ"ဟု ၎င်းက ဆိုသည်။

အစုရှယ်ယာနှင့်ပတ်သက်၍ FMI အစုရှယ်ယာရောင်းဝယ်ရေးလုပ်ငန်းနှင့် လက်တွဲခဲ့သည့် ရှယ်ယာစုရှင်တစ်ဦးဖြစ်သူ ဦးထင်ကျော်က ရှယ်ယာဈေးအတက်အကျကိုကြည့်၍ ဝယ်ယူခြင်း၊ ရောင်းချခြင်း ပြုနိုင်ကြောင်း၊ ရှယ်ယာဝယ်သူများအနေဖြင့် ရှယ်ယာရောင်းသောကုမ္ပဏီ၏ နောက်ခံလုပ်ငန်းများအကြောင်း သေချာစွာသိထားရန်လိုပြီး အဆိုပါ နောက်ခံလုပ်ငန်းများ၏ တိုးတက်ခြင်း မတိုးတက်ခြင်းမှာ မိမိလက်ဝယ်ရှိသော ရှယ်ယာတန်ဖိုးနှင့် တိုက်ရိုက်ဆက်နွှယ်နေခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။

"လုပ်ငန်းကောင်းရင် ရတဲ့အမြတ်က ရာခိုင်နှုန်းများမယ်။ လုပ်ငန်းကျရင် အမြတ်ရာခိုင်နှုန်း နည်းမယ်။ အကျိုးဆောင်တွေလိုတော့ မဟုတ်ဘူး။ အကျိုးဆောင်တွေ ပျက်သုဉ်းသွားတာ နောက်ခံလုပ်ငန်းတွေ အခြေမခိုင်ခဲ့လို့ပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် စတော့ရှယ်ယာဈေးကွက်ဖွံ့ဖြိုးသောနိုင်ငံများတွင် ရှယ်ယာဈေးများကျဆင်းခြင်းနှင့် ရင်ဆိုင်လာရပြီး ရှယ်ယာရှင်အတော်များများ အရှုံးပေါ်နေသည်ကိုလည်း ဂရုပြုရန်လိုကြောင်း၊ သို့သော် စတော့ရှယ်ယာကြောင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဖြစ်ပေါ်လာခြင်းဆိုသည်မှာ မှန်ကန်ကြောင်း၊ အများပိုင်ကုမ္ပဏီများအနေဖြင့် ရှယ်ယာဈေးကွက်ကို ကောင်းစွာထိန်းကျောင်းပြီး ရှယ်ယာရှင်များ၏ ယုံကြည်ချက်ရရှိအောင်ကြိုးစားလျှင်အောင်မြင်မည်ဖြစ်ကြောင်း အပတ်စဉ်ထုတ်ဂျာနယ်များတွင် စီးပွားရေးပညာနှင့်ပတ်သက်၍ ရေးသားလျက်ရှိသူ စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**စိုင်းအောင်**

# မူးယစ်ဆေးဖြတ်လိုသူများကို လူငယ့်အားမာန် အိမ်တိုင်ရာရောက် နှစ်သိမ့်ဆွေးနွေး

**သတင်းဆောင်းပါး – ဟန်စိုးထိုက်၊ ၅–၂–၂၀၀၉**

**အကြောင်းအမျိုးမျိုးကြောင့် မူးယစ်အနွယ်ဝင်ဆေးသုံးစွဲမိပြီး မူးယစ်ဆေးစွဲသူများအား ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ လုံခြုံစိတ်ချရမှုအပြည့်အဝဖြင့် အိမ်တိုင်ရာရောက်နှစ်သိမ့်ဆွေးနွေးမှုလုပ်ငန်းများကို ယခင်မူးယစ်ဆေးသုံးစွဲဖူးပြီး ယခုအောင်မြင်စွာ မူးယစ်ဆေးဝါးပြတ်တောက်သွားသူများကိုယ်တိုင် ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော လူငယ့်အားမာန်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

လူငယ့်အားမာန်အဖွဲ့သည် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်းလုပ်ကိုင်လာရာ ၂၀၀၄ ခုနှစ်တွင် တရားဝင် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့ (NGO) တစ်ခုအဖြစ် ဖွဲ့စည်းလုပ်ဆောင်ခွင့်ရရှိခဲ့သည်။ ယခုလက်ရှိတွင် မန္တလေး၊ ရန်ကုန်၊ မူဆယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲများ၊ မူးယစ်ဆေးစွဲသူများကို အိမ်တိုင်ရာရောက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဆေးဖြတ်လိုသူများကို ဆေးရုံများ၊ ဆရာဝန်ကြီးများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသည်။

“ကျွန်တော့်အတွေ့အကြုံအရတော့ ကိုယ်တိုင်ကိုယ်ကျဆေးဖြတ်ဖို့ လာကြတာ အသက် ၃၀ အထက် လူလတ်ပိုင်းတွေများတယ်။ တချို့ကျတော့ ကိုယ်တိုင်မလာကြဘဲ သူငယ်ချင်းဖြစ်ဖြစ်၊ မိသားစုဝင်တစ်ယောက်ယောက်ကို အရင်ဖုန်းဆက်ပြီး စုံစမ်းကြတယ်။ ပြီးမှ ကိုယ်တိုင်လာကြတာ” ဟု လူငယ့်အားမာန်အဖွဲ့မှ တာဝန်ရှိသူက ဆိုသည်။

၎င်းအတွေ့အကြုံအရ မူးယစ်ဆေးဝါးသုံးစွဲသူများမှာ အလယ်တန်းကျောင်းသားအရွယ် ဆယ်ကျော်သက်များမှစ၍ အသက် ၄၀ ကျော်အထိ တွေ့ရကြောင်း၊ အမျိုးသမီးများ ဆေးစွဲသည်ကိုမူ မတွေ့ရပါကြောင်း ရှင်းပြသည်။

“အဲဒါက ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ ဆိုင်မယ်ဗျ။ မူးယစ်ဆေးသုံးတဲ့လူဆိုရင် ဆေးသမားဆိုပြီး ဘယ်သူကမှ လူရာသွင်းတာမဟုတ်ဘူး။ အဲဒီတော့ ဒီဒဏ်ကို အမျိုးသမီးတွေက မခံနိုင်ဘူး။ နောက် မူးယစ်ဆေးဝါးက အမျိုးသမီးတွေနဲ့ မနီးစပ်ဘူးဗျ။ သူတို့က ဆေးလိပ်တောင် သောက်ကြတာမဟုတ်ဘူး” ဟု မူးယစ်ဆေးစွဲဖူးသူ

## တောင်ဥက္ကလာနှင့် ဒဂုံမြို့သစ်ဆက်သွယ်မည့် အမြှာတံတားသစ်တည်ဆောက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၇**

လူနေထူထပ်လာသော ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်များဖြစ်သည့် တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့ကို ဆက်သွယ်ထားသည့် နှစ်လမ်းသွား ပါရမီတံတား၏နံဘေး၌ ယင်းတံတားနှင့်တူသည့် အမြှာတံတားတစ်စင်း ထပ်မံဆောက်လုပ်ရန်စီစဉ်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားသည်။

ဇန်နဝါရီလ ၇ ရက်နေ့၌ ရန်ကုန်မြို့တော်ခန်းမတွင် ပြည်တွင်းဂျာနယ်သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ အဆိုပါတံတားသစ်ကို ၂၀၀၉ ခုနှစ် မေလနှင့်ဇွန်လများတွင် စတင်အကောင်အထည်ဖော်ရန်ရှိကြောင်း၊ လက်ရှိတံတားမှာ နှစ်လမ်းသွားဖြစ်၍ မော်တော်ယာဉ်သွားလာမှု အခက်အခဲရှိကြောင်း၊ သို့ဖြစ်၍ လေးလမ်းသွားအဖြစ် တည်ဆောက်သွားရန်လည်းစီစဉ်ခဲ့ကြောင်း၊ ယခုအခါ လေးလမ်းသွားအစား ယင်းနှင့်တူညီသည့် အမြှာတံတားတစ်ခုတည်ဆောက်ရန်စဉ်းစားထားကြောင်း ၎င်းက ဆိုသည်။ အဆိုပါတံတားကို ပင်ညောင်ဘိလပ်မြေစက်ရုံမှထွက်သော ကိုယ်ပိုင်ဘိလပ်မြေများ အသုံးပြုတည်ဆောက်သွားမည်ဟုလည်း မြို့တော်ဝန်ကဆိုသည်။

လက်ရှိအသုံးပြုနေသောတံတားကို ၁၉၉၀ ပြည့်နှစ်တွင် ဘေလီသံဘောင်တံတားအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၆–၉၇ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲခဲ့ကာ တံတား၏အရှည်မှာ ပေ ၁၀၀၀ ရှိကြောင်း YCDC အင်ဂျင်နီယာဌာန (လမ်းတံတား) ထံမှ စုံစမ်းသိရှိရသည်။

“မြို့ဆင်ခြေဖုံးဆိုပေမယ့် ဒဂုံမြို့သစ်က လူနေတစ်အားထူထပ်လာတယ်။ ဝင်ငွေနည်းလူတန်းစားနဲ့ နယ်ဒေသကလူတွေ မိသားစုလိုက် ဒဂုံမြို့သစ်ကို ပြောင်းရွှေ့နေထိုင်မှုကလည်း အရမ်းများတယ်” ဟု ဒဂုံမြို့သစ် (အရှေ့ပိုင်း) မင်းတပ် (၁) လမ်းနေ ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာအထူးပြုကျောင်းသားတစ်ဦးက သုံးသပ်ပြောကြားသည်။

# စပါယ်ရှယ်အိုလံပစ်မြန်မာအဖွဲ့ ဉာဏ်ရည်ချို့တဲ့ကလေးများကို လေ့ကျင့်ပေး

**မန္တလေး၊ ဇန်နဝါရီ ၂၄**

မြန်မာတစ်နိုင်ငံလုံးတွင် ဉာဏ်ရည်ချို့တဲ့၍ သင်ယူမှုနှေးကွေးနေသော ကလေးများကို လေ့ကျင့်ပေးနေသည့် စပါယ်ရှယ်အိုလံပစ် (မြန်မာ)အဖွဲ့က ဉာဏ်ရည်ချို့တဲ့သောကလေးများကို တစ်ပတ်လျှင်နှစ်ကြိမ် မန္တလေးမြို့တော် အောင်မြေမန္တလာ အားကစားကွင်းတွင် လေ့ကျင့်သင်ကြားပေးနေကြောင်း ယင်းအဖွဲ့ခွဲ၏ဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်က ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြောကြားသည်။

ယင်းသင်တန်းတွင် မန္တလေးမြို့ရှိ ဉာဏ်ရည်ချို့တဲ့သည့် မည်သည့်ကလေးမဆို လာရောက်လေ့ကျင့်နိုင်ပြီး သင်ခန်းစာများအပါအဝင် သီချင်းနှင့် အားကစားနည်းစနစ်များကိုပါ လေ့ကျင့်သင်ကြားပေးကြောင်း၊ ဉာဏ်ရည်ချို့တဲ့သည့်ကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာများ တတ်နိုင်သမျှ ဖွံ့ဖြိုးလာစေရန် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း အဖွဲ့ဝင်တစ်ဦးထံမှ သိရှိရသည်။

စပါယ်ရှယ်အိုလံပစ် (မြန်မာ)အဖွဲ့က အဆိုပါကလေးငယ်များကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့၌ လေ့ကျင့်သင်ကြားပေးနေသည်ဟု ၎င်းက ဆိုသည်။

တစ်ဦးက ၎င်းအမြင်ကို ဖြည့်စွက်ပြောကြားသည်။

လူငယ်အများစုမှာ အပေါင်းအသင်းများပြီး လက်တည့်စမ်းသုံးစွဲမိရာမှ မူးယစ်ဆေးစွဲသူဖြစ်မှန်းမသိဖြစ်သွားကြကြောင်း၊ မိမိကိုယ်တိုင်သတိထားမိသည့်အချိန်တွင် ဖြတ်ရန်ခဲယဉ်းသွားခြင်းဖြစ်ကြောင်း၊ ယင်းအပြင် ယင်းသို့ အခက်အခဲဖြစ်သည့်အချိန်တွင် မိသားစုကသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကသော်လည်းကောင်း ပစ်ပယ်ခံရမှုများကိုပါ ခံစားလာရကြောင်း၊ ယင်းကြောင့် အကြောင်းအမျိုးမျိုးကြောင့် ဆေးစွဲသူများမှာ ကိုယ်ချင်းစာတရားအပြည့်အဝဖြင့် နှစ်သိမ့်ဆွေးနွေးပေးမှုများ မဖြစ်မနေလိုအပ်လာပါကြောင်း လူငယ့်အားမာန်အဖွဲ့ဥက္ကဋ္ဌက ဆိုသည်။

မြန်မာလူမှုအဖွဲ့အစည်းက ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း လက်မခံသည့်မူးယစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်တားဆီးမှုများ၊ အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် မူးယစ်ဆေးစွဲသူများကိုလည်း အပြည့်အဝနားလည်မှုပေးကာ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးက ကူညီပေးကြရန်လိုအပ်ကြောင်း မူးယစ်ဆေးသုံးစွဲဖူးပြီး ယခုအခါ မူးယစ်ဆေးဆန့်ကျင်ရေးလုပ်ငန်းများလုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

"အခုက မူးယစ်ဆေးဝါးကာကွယ်ရေးလုပ်ငန်းတွေလုပ်တဲ့ NGO တွေ နည်းပါသေးတယ်။ အဓိက,ကတော့ ဒီလိုနှစ်သိမ့်ပညာပေးလုပ်ငန်းတွေ တိုးချဲ့လုပ်နိုင်ဖို့က နည်းပညာဆိုင်ရာသင်တန်းတွေ အများကြီးလိုတယ်။ တကယ့်ကို ဒီအလုပ်ထဲမှာ စိတ်ရောကိုယ်ရော မြှုပ်နှံနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ကျွန်တော်တို့လည်း အများကြီးကြိုးစားလာခဲ့ရတယ်။ နောက်ပိုင်း မူးယစ်ဗဟိုက ကျွန်တော်တို့လုပ်ဆောင်ချက်လေးတွေကို အသိအမှတ်ပြုလာလို့ အခုလိုရပ်တည်နိုင်တာပါ" ဟု လူငယ့်အားမာန်အဖွဲ့တာဝန်ခံက ဆိုသည်။




၎င်းကဆက်လက်၍ "ဆေးနဲ့ပတ်သက်ဖူးသူအားလုံးကို ကူညီဖို့အသင့်ပါ။ ဆေးဖြတ်ချင်လိုပဲဖြစ်ဖြစ်၊ အကြံဉာဏ်ရလိုရင်ပဲဖြစ်ဖြစ် ဒီလူငယ့်အားမာန်အဖွဲ့ ဖုန်း–၅၀၂၈၉၃ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ကာယကံရှင်အနေနဲ့ ဒီကို (လူငယ့်အားမာန်အဖွဲ့ရုံး) လာချင်ရင်လဲရသလို ရုံးကို မလာနိုင်ဘူးဆိုရင်လည်း ဖုန်းနဲ့ဆက်သွယ်လျှင် ကျွန်တော်တို့အနေနဲ့ အိမ်တိုင်ရာရောက် သွားရောက်ပြီး နှစ်သိမ့်ဆွေးနွေးမှုလုပ်ပေးပါ့မယ်" ဟု ဆိုသည်။



# အန္တရာယ်ဖြစ်ဆိုးဆေးပါ အစားအစာရောင်းချက YCDC အရေးယူမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရောင်းချနေကြသော စားသောက်ကုန်ပစ္စည်းများအနက် အသက်အန္တရာယ်ထိခိုက်စေမည့် ဆိုးဆေးပါအစားအသောက်များ ရောင်းချမှုကို စစ်ဆေးတွေ့ရှိပါက ဆိုင်ပိတ်သိမ်းသည်အထိ စိစစ်အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားသည်။

၎င်း၏ရုံးခန်း၌ ဇန်နဝါရီလ ၂၁ နေ့က ပြည်တွင်းမီဒီယာများမှ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ ဆိုးဆေးပါအစားအစာရောင်းချမှုကို တွေ့ရှိပါက ပထမတစ်ကြိမ်တွင် ပစ္စည်းသိမ်းပြီး ဒုတိယအကြိမ်ဖမ်းမိပါက ဆိုင်ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးအတွက် အဖွဲ့ရှစ်ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆင့်မြှင့်တင်ရေးတွင် မြို့တော်နေပြည်သူလူထု၏ ကျန်းမာရေးကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်၍ စားသောက်ဖွယ်ရာရောင်းချသည့်ဆိုင်များအားလုံးကို စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“ဆိုးဆေးပါအစားအစာ များများစားရင် ကင်ဆာဖြစ်နိုင်တယ်။ အထူးသဖြင့် အရောင်ဆိုးထားတဲ့ မှျစ်တွေ၊ ဖရဲသီးတွေ၊ အကင်တွေပါပဲ” ဟု ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (FDA) မှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

# ပြည်တွင်းရေကြောင်းရေယာဉ်များ ခေတ်နှင့်အညီ ပုံစံပြောင်းပြေးဆွဲရန်လိုအပ်

**သတင်းဆောင်းပါး–ကျော်ဇေယျာထွန်း၊ ခင်ဒွေးကြွယ်၊ ၇–၂–၂၀၀၉**

**မြစ်ဝကျွန်းပေါ်ဒေသတွင် မော်တော်ကားလမ်းများ ထပ်မံတိုးချဲ့ဖောက်လုပ်လျက်ရှိ၍ ကုန်းလမ်းခရီးစဉ်များ ပိုမိုကျယ်ပြန့်လာသည်ဟုဆိုသော်လည်း ရေကြောင်းခရီးစဉ်များတွင်မူ လိုအပ်ချက်ရှိနေဆဲဖြစ်ရာ ခေတ်မီသော အမြန်ရေယာဉ်များဖြင့် ပြောင်းလဲပြေးဆွဲရန် လိုအပ်လာပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ အရာရှိတစ်ဦးက ပြောကြားသည်။**

မြစ်ဝကျွန်းပေါ်ဒေသတွင် ကားလမ်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာ၍ ရေကြောင်းခရီးဖြင့် သွားလာသောခရီးသည်များ လျော့နည်းသွားနိုင်သည်ဟုဆိုသော်လည်း ရေကြောင်းတွင် စရိတ်သက်သာသည့် ခေတ်မီကုန်စည်သယ်ယူပို့ဆောင်ရေးစနစ်ကို ဆက်လက်အကောင်



အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခင် ဆီစားနှုန်းများပြီး နှေးကွေးသောရေယာဉ်များအစား ခရီးသည်သက်သောင့်သက်သာရှိပြီး မြန်ဆန်သောအမြန်ရေယာဉ်များကို ပြောင်းလဲပြေးဆွဲသင့်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေ

ယာဉ်များ ဆက်လက်ပြေးဆွဲပေးနေခြင်းသည် အဆိုပါဒေသရှိ ဝင်ငွေနည်းပြည်သူများအတွက် များစွာအထောက်အကူပြုနေမည်ဖြစ်ကြောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးပုံစံပြောင်းလဲပေးခြင်းဖြင့် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သလို ရေကြောင်းပို့ဆောင်ရေးဌာနအတွက်လည်း ဝင်ငွေပိုမိုရရှိပြီး ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကားနဲ့သင်္ဘော ကွာခြားတာက သင်္ဘောက စရိတ်တစ်ဝက်သက်သာတယ်။ အခု ဧရာဝတီဒေသတွေမှာ ကားလမ်းတွေ ထပ်ပြီးဖောက်မယ်ဆိုပေမယ့် ရေကြောင်းသယ်ယူပို့ဆောင်ရေးက လိုအပ်နေဦးမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သင်္ဘောက ကုန်ပစ္စည်းအများကြီးသယ်နိုင်မယ်၊ ခရီးစရိတ်သက်သာတယ်" ဟု ရန်ကုန်-မော်လမြိုင်ကျွန်းမြို့သို့ နေ့စဉ်ကုန်ပစ္စည်းတင်ပို့နေသူ ကုန်သည်တစ်ဦးက ပြောကြားသည်။

မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ ဘိုကလေး စသည့်ဒေသများ၌ မော်တော်ကားလမ်းများ ဖောက်လုပ်ထားသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ရေကြောင်းခရီးစဉ်မှာ ဆက်လက်ပြေးဆွဲနေရဆဲပင်ဖြစ်ကြောင်း၊ အဆိုပါကားလမ်းများမှာ ကုန်တင်ယာဉ်များ သွားလာရန်ခက်ခဲလျက်ရှိကြောင်း၊ လက်ရှိအစိုးရနှင့် ပုဂ္ဂလိကရေကြောင်းပို့ဆောင်ရေးမှာ ပွင့်လင်းရာသီ ကုန်ပစ္စည်းတင်ပို့မှုနှင့် ခရီးသည်ပိုမိုများပြားသည့်အချိန်၌ မလုံလောက်သည့်အခြေအနေများဖြင့် ကြုံတွေ့လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

"ပြည်တွင်းရေကြောင်းက ပြေးဆွဲပေးနေတဲ့ ရေယာဉ်စီးခန္နှန်းထားတွေက ပုဂ္ဂလိကရေယာဉ်တွေ သက်သာတယ်ဆိုပေမယ့် လက်မှတ်ရဖို့က မလွယ်ဘူး။ ၈ နာရီရောင်းတဲ့လက်မှတ်ကို မနက် ၆ နာရီလောက်တည်းက စီရတာ။ နီးတဲ့သူအတွက် ကိစ္စမရှိပေမယ့် ဝေးတဲ့သူတွေအတွက်ကျတော့ လက်မှတ်ရဖို့မလွယ်ဘူး။ လက်မှတ်ကုန်တဲ့ပြဿနာက ခရီးသည်တွေ မကြာခဏကြုံရတယ်။ ရေယာဉ်စီးရေတိုးပြီးပြေးဆွဲပေးရင်တော့ အားလုံး အဆင်ပြေသွားနိုင်တယ်" ဟု မော်လမြိုင်ကျွန်းဒေသခံများက ပြောကြားသည်။

"ခရီးလိုင်းတစ်ခု ပြေးဆွဲပေးဖို့ဆို



## ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း နယ်လှည့်ကုသမှုတိုးချဲ့

**ရန်ကုန်၊ ဇန်နဝါရီ ၁၇**



ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းက ရပ်ကွက်အလိုက်စုရပ်များထားရှိပြီး နယ်လှည့်ကုသပေးလျက်ရှိရာ ရန်ကင်းမြို့နယ် ကံ့ဘဲ့ဘူတာရုံလမ်း အောင်သုခ ဘုန်းတော်ကြီးကျောင်းတွင် ဇန်နဝါရီ ၁၄ ရက်နေ့မှစ၍ တိုးချဲ့ကုသပေးမည်ဖြစ်ကြောင်း သီတဂူကြယ်တစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက မိန့်ကြားသည်။

ဆေးကုသရက်ကို တစ်ပတ်ခြား ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဆရာဝန်လေးဦးနှင့် ဆေးဝန်ထမ်းလေးဦးတို့က ကုသပေးမည်ဖြစ်ကြောင်း၊ အဆိုပါတိုးချဲ့ဆေးခန်းတွင် အထွေထွေရောဂါများကို အဓိကကုသပေးသွားမည်ဖြစ်ပြီး ကျန်ရောဂါများအတွက် ရွှေပြည်ဟိန်း ပင်မဆေးကုခန်းတွင် ကုသပေးမည်ဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ကံဘဲ့ဘူတာရုံလမ်း တိုးချဲ့ဆေးခန်းအပြင် ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင်လည်း တိုးချဲ့ဖွင့်လှစ်ကုသရန် စီစဉ်ထားသော်လည်း ဆေးခန်းနေရာအခက်အခဲကြောင့် အကောင်အထည်မဖော်ဖြစ်သေးကြောင်း၊ ရွှေပြည်ဟိန်းဆေးခန်းက တစ်ရက်လျှင် မြို့နယ်နှစ်ခုတွင် စုရပ်နှစ်ခု၌ နံနက်ပိုင်းနှင့် ညနေပိုင်း ဆေးကုသမှုများကို တစ်ပတ်ခြားသော်လည်းကောင်း၊ အပတ်စဉ်သော်လည်းကောင်း နယ်လှည့်ကုသပေးလျက်ရှိကြောင်း ဆရာတော်ထံမှ သိရသည်။

**ဇာဏီထွဏ်း**

# မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပြည်ပနိုင်ငံများ၌ပါ ပြုလုပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၉**

ပြည်တွင်း၌ စင်တင်တေးဂီတများနှင့် ဈေးရောင်းပွဲတော်များ ကျင်းပ၍ ရန်ပုံငွေများ ရှာဖွေစုဆောင်းပြီး မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို ပြည်ပနိုင်ငံများ၌ပါ စီစဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း Myanmar Marketing Committee မှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုများအပြင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း အသင်းဝင်များ၏ ကူညီပံ့ပိုးမှုများဖြင့် ၂၀၀၉ ခုနှစ် ခရီးသွားရာသီကို ကြိုဆို၍ Celebrations Mandalay ၂၀၀၉ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရန်ပုံငွေပွဲတော်ကို Manadalay Hill Resort ဟိုတယ်ဝင်း တွင် ကျင်းပခဲ့ကြောင်း၊ ပွဲတော်တွင်း လက်မှုအနုပညာပစ္စည်းအရောင်းဆိုင်များ၊ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခြင်း၊ ခြင်းလုံးသရုပ်ပြကစားခြင်း၊ ဝူရှူးသရုပ်ပြသခြင်း၊ ပုဂ္ဂလိကကျောင်းများမှ ကလေးငယ်များ၏ ဂီတဖျော်ဖြေမှုများ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းများ၊ မန္တလေးရိုးရာအစားအစာများ၊ မုန့်မျိုးစုံအရောင်းဆိုင်များ၊ ဟိုတယ်များမှ နိုင်ငံတကာအစားအစာနှင့် အာရှအစားအစာအရောင်းဆိုင်များ၊ ပျော်ပွဲရွှင်ပွဲ ကံစမ်းမဲအစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း၊ ဝင်ကြေးကို လည်း အခမဲ့ သတ်မှတ်ထားကြောင်း ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးက ထပ်လောင်းပြောကြားသည်။

အဆိုပါကော်မတီသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးရန်ပုံငွေပွဲတော်များကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း၊ ယခု ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၄၊ ၂၅ ရက်နေ့တို့တွင်လည်း မန္တလေးမြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းပွဲတော်၌ ဈေးရောင်းပွဲတော်များ ကျင်းပ၍ ဇန်နဝါရီလ ၂၄ ရက်နေ့ ညနေတွင် တေးသံရှင်ဇော်ဝင်းထွဋ်နှင့် ထွန်းအိန္ဒြာဗိုလ်တို့၏ စင်တင်တေးဂီတပွဲများ ကျင်းပသွားခဲ့ကြောင်း ရန်ပုံငွေပွဲတော်ဖြစ်မြောက်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။



မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးရန်ပုံငွေပွဲတော်မှ ရရှိသောရန်ပုံငွေများဖြင့် ပြည်ပ၌ ပြုလုပ်သော ဆွေးနွေးပွဲများသို့ တက်ရောက်၍ မြန်မာ့ခရီးသွားလုပ်ငန်းများကို ကမ္ဘာက သိလာအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများအပြင် ဥရောပနိုင်ငံများအထိ သွားရောက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အထက်ပါ တာဝန်ရှိသူက ပြောကြားသည်။

တာက အဲဒီဒေသရဲ့ ကုန်ပစ္စည်းရရှိမှု၊ ခရီးသည်ရရှိမှုများကို ထည့်တွက်ရတယ်။ သင်္ဘောတစ်စင်းပြေးဆွဲဖို့ဆိုရင် ခရီးသည်ဦးရေ ၄၀၀ လောက်ရှိမှရတာ။ သုံးထပ်သင်္ဘောတစ်စင်းကို ခရီးသည် ၅၀၀ လောက်ဆံ့တယ်။ နှစ်ထပ်သင်္ဘောတစ်စင်းဆိုရင် ခရီးသည်ဦးရေ ၃၀၀ နဲ့ ၄၀၀ ကြားဆံ့တယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အရာရှိတစ်ဦးက ပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ပြေးဆွဲပေးလျက်ရှိသော ရေယာဉ်များမှာ သက်တမ်းအားဖြင့် အနှစ် ၅၀ မှ ၁၅ နှစ်သက်တမ်းရှိပြီဖြစ်ကြောင်း၊ အဆိုပါရေယာဉ်များမှာ စစ်လျော်ကြေးရရှိထားသော ရေယာဉ်၊ ပြည်ပမှ ဝယ်ယူထားသောရေယာဉ်နှင့် ပြည်တွင်းထုတ်ရေယာဉ်များသာဖြစ်ကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက မြစ်ဝကျွန်းပေါ်ဒေသတွင် စက်ရှိရေယာဉ် ၉၆ စင်း၊ စက်မဲ့ရေယာဉ် ၂၅ စင်းတို့ဖြင့် ခရီးသည်နှင့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း၊ ယခုအခါ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပြေးဆွဲပေးနေသော ရေယာဉ်များသည် ခေတ်နှင့်အညီ ပုံစံပြောင်းကာ မြန်ဆန်သောရေယာဉ်ကြီးများဖြင့် အစားထိုးပြေးဆွဲပေးရန်လိုအပ်လာပြီဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"မြန်မာနိုင်ငံမှာရှိတဲ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက အခြေခံလူတန်းစားတွေဖြစ်တယ်။ အခု သင်္ဘောစီးနေတဲ့ခရီးသည်အများစုကလည်း ဝင်ငွေနည်းပြည်သူတွေက အများစုပဲ။ ပြည်တွင်းရေကြောင်းကလည်း ဒီပြည်သူတွေအတွက်ပဲ အဓိကပြေးဆွဲပေးနေတာ။ လက်ရှိမှာ အမြန်ရေယာဉ်ကြီးတွေပြောင်းလဲဖို့ဆိုတာထက် လက်မှတ်မလုံလောက်တဲ့ကိစ္စကို ပြေလည်ဖို့၊ ရေယာဉ်စီးရေ တိုးချဲ့ပြေးဆွဲပေးဖို့က ပထမလုပ်ရမှာ" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

# PLHA မိသားစုဝင် ၅၀ အတွက် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း ရတနာ့မေတ္တာကူညီထောက်ပံ့မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

ရတနာ့မေတ္တာအဖွဲ့က ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်အတွင်း HIV/AIDS ကူးစက်ခံထားရသူ (People living with HIV/AIDS-PLHA) တို့၏ မိသားစုဝင် ၅၀ အတွက် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရတနာ့မေတ္တာအဖွဲ့က PLHA မိသားစုဝင်များကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှစတင်၍ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကူညီထောက်ပံ့ခဲ့ရာ ယခုအခါ PLHA မိသားစုဝင် ၃၂ ဦးအထိ ကူညီထောက်ပံ့ပေးခဲ့ပြီး မိသားစုဝင် ၁၉ ဦးကို ဆက်လက်၍ ကူညီထောက်ပံ့ပေးသွားရန် စီစဉ်ထားကြောင်း၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကိုလည်း ၎င်းတို့၏ဆန္ဒအရ ထမင်းဆိုင်၊ စက်ဘီးပြင်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထီအရောင်းဆိုင်၊ တီဗီပြင်ဆိုင်၊ ဖက်ရှင်ဆိုင်များဖွင့်လှစ်ကာ ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဦးလျှင် အနည်းဆုံး ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းခွဲခန့် ကူညီထောက်ပံ့ရန် သတ်မှတ်ထားကြောင်း ၎င်းက ပြောကြားသည်။

ကူညီထောက်ပံ့မှုရရှိသူများသည် ရတနာ့မေတ္တာဆေးခန်းသို့ ပုံမှန်လာရောက်ဆေးကုသနေသော ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန် စိတ်ဝင်စားသူများသာဖြစ်ကြောင်း၊ ယခင်နှစ်ကလည်း PLHA မိသားစုဝင် ၄၀ ဦးကို တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခဲ့ကြောင်း၊ ယခုအခါ၌ ၎င်းတို့အနက် ၂၀ဦး ခန့်သာ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့ရကြောင်း ရတနာ့မေတ္တာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။


# ပြည်ပအလုပ်သမားများလျှော့ချလျက်ရှိသော တောင်ကိုရီးယားသို့ မြန်မာအလုပ်သမား ၂၈ ဦး ပထမအသုတ်ထွက်ခွာ

**သတင်းဆောင်းပါး–Powerful Press ၊ ၉–၂–၂၀၀၉**

**အစိုးရချင်း G to G စနစ်အရ ပို့ဆောင်သော မြန်မာအလုပ်သမားများမှာ ပြည်ပအလုပ်သမားများလျှော့ချလျက်ရှိသော တောင်ကိုရီးယားနိုင်ငံသို့ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပထမအသုတ်အဖြစ် စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ရန်ကုန်အခြေစိုက် ကိုရီးယားလူ့စွမ်းအားအရင်းအမြစ်ဌာန (Korea-HRD)မှ စုံစမ်းသိရှိရသည်။**

ကိုရီးယားဘာသာစကားစာမေးပွဲ အောင်မြင်ပြီး ကျန်းမာရေးစစ်ဆေးချက် အောင်မြင်သူ ၃၀၀၀ ဦးကျော်အနက် ပထမသုတ်အဖြစ် ၂၈ ဦးကို ပို့ဆောင်ခဲ့ကြောင်း အထက်ပါဌာနထံမှ သိရှိရသည်။

"ဒီနေ့ပဲ မနက်ပိုင်းက ၁၀ ဦး၊ ညနေ ပိုင်းက ၁၈ ဦး ထွက်သွားပါပြီ" ဟု အဆိုပါ ဌာနမှ Mr.Kim Dong Won ၏ စကား ပြန်ဖြစ်သူ ဒေါ်ခိုင်သက်ထွေးက ပြောဆို သည်။



ထိုသို့မထွက်ခွာမီက အကြောင်းကြောင်းကြောင့် စေလွှတ်ရန်အစီအစဉ်ကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ရွှေအင်းဝကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မဟုတ်မှန်ကြောင်း Living Color သို့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြောဆိုခဲ့သည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှု၏ဂယက်ကို ရိုက်ခတ်ခံစားနေရသော တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လက်မဲ့အာမခံနှုန်းမှာ ဇန်နဝါရီလအတွင်းတွင် ၁၃ နှစ်နီးပါးကာလအတွင်း အမြင့်ဆုံးအနေအထားသို့ရောက်ရှိလာကြောင်း ကိုရီးယားအလုပ်သမားဝန်ကြီးဌာန၏အဆိုကိုကိုးကား၍ အင်တာ



နက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် ဗီဇာရရှိပြီး အလုပ်မရရှိသေးသည့် ဗီယက်နမ်၊ သီရိလင်္ကာကဲ့သို့သောနိုင်ငံများမှ အလုပ်သမားအများအပြားရှိကြောင်း ကိုရီးယားရွှေ့ပြောင်းအလုပ်သမားအသံလွှင့်ဌာနမှ အရာထမ်းတစ်ဦးက ဆိုသည်။

"ပြည်တွင်းမှာ အဆင်သင့်ရှိနေသူတွေကို မခေါ်ဘဲ မြန်မာပြည်ကလူတွေ လှမ်းခေါ်တာ နည်းနည်းတော့ ထူးဆန်းနေသလားပဲ" ဟု အဆိုပါဌာနမှ မြန်မာသတင်းအစီအစဉ်ကြေညာသူ ဦးဝိုင်းက Living Color သို့ ပြောကြားသည်။

ပြည်ပပို့ကုန်ကို အများဆုံးအားပြုနေရသော တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၃.၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၀၈ ခုနှစ်နောက်ဆုံး သုံးလပတ်အတွင်း နိုင်ငံ့စီးပွားရေးမှာ ၅.၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ ၂၀၀၉ ခုနှစ်တွင် စီးပွားရေးမှာ ၂ ရာခိုင်နှုန်းကျုံ့ဝင်ဦးမည်ဟုလည်း ကိုရီးယားဘဏ္ဍာရေးဝန်ကြီးကဆိုသည်။

တောင်ကိုရီးယားနိုင်ငံရှိ စက်ရုံအချို့မှာ အလုပ်သမားများ လျှော့ချနေသော်လည်း အချို့စက်ရုံများမှာ အလုပ်သမားများခေါ်ယူနေသည်ကိုလည်းတွေ့ရကြောင်း၊ အလုပ်ခေါ်ခြင်း မခေါ်ခြင်းဆိုသည်မှာ သူဌေးအပေါ်တွင်မူတည်ကြောင်း တောင်ကိုရီးယားရောက် မြန်မာအလုပ်သမားအချို့ထံက သိရသည်။

"အလုပ်ရ မရကတော့ 'ကံ' ပဲ။ အလုပ်ခေါ်တဲ့သူဌေးလည်းရှိတယ်။ မခေါ်တဲ့သူဌေးလည်းရှိတယ်" ဟု ဆိုးလ်မြို့ရှိ စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားတစ်ဦးက အွန်လိုင်းမှတစ်ဆင့် ပြောဆိုသည်။

ယခုထွက်ခွာသွားသော အလုပ်သမားများကို တောင်ကိုရီးယားအလုပ်ရှင်များက ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ဒုတိယအသုတ်မှာ ဖေဖော်ဝါရီလလယ်ခန့်တွင် ထွက်ခွာမည်ဖြစ်ကြောင်း Korea-HRD ၏အဆိုအရ သိရသည်။ သို့သော် အထက်ပါကိစ္စနှင့်ပတ်သက်၍ ဦးဝိုင်း၏ထင်မြင်ချက်မှာ ခြားနားသည်။

"ဒီဘက်မှာ အဆင်သင့်ဖြစ်နေပါပြီဆိုပြီး ရွေးလိုက်တာ မဟုတ်ပါဘူး" ဟု ဦးဝိုင်းက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၀၈ မတ်လမှ ၂၀၀၉ ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားအလုပ်သမားဝေစုပြည့်မီ

# ပန်းဆိုးတန်း-ဒလ လွန်းပြန်ပြေးမည့် နှစ်ထပ်သင်္ဘောတစ်စင်းတည်ဆောက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပန်းဆိုးတန်း–ဒလ ပြေးဆွဲပေးမည့် နှစ်ထပ်ကူးတို့ရေယာဉ်သစ်တစ်စင်းကို ယခုနှစ်အတွင်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကူးတို့ရေယာဉ်သစ်တည်ဆောက်ခြင်းကို နေ့ရက်မသတ်မှတ်ရသေးသော်လည်း ယခုနှစ်အတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခင်က ပန်းဆိုးတန်း–ဒလတွင် ကျန်စစ်သား၊ တပင်ရွှေထီး၊ အနော်ရထာ စသည့် ကူးတို့ရေယာဉ်များဖြင့် ပြေးဆွဲပေးခဲ့ရာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ကျန်စစ်သားကူးတို့ရေယာဉ်မှာ မြစ်အတွင်းနစ်မြုပ်ခဲ့ကြောင်း၊ ယခုအခါ ယင်းကူးတို့ရေယာဉ်ကို ဆယ်ယူပြီးဖြစ်သော်လည်း ပြန်လည်ပြင်ဆင်ရန် ကြာမြင့်မည်ဖြစ်သောကြောင့် အချိန်တိုအတွင်းပြီးစီးနိုင်သည့် ကူးတို့ရေယာဉ်သစ်ကိုသာ တည်ဆောက်သွားရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ အဆိုပါတည်ဆောက်မှုကို ဒလသင်္ဘောကျင်း၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပန်းဆိုးတန်းမှ ဒလသို့ တပင်ရွှေထီးနှင့် အနော်ရထာကူးတို့ရေယာဉ်နှစ်စင်းဖြင့် နံနက် ၅ နာရီမှ ည ၉ နာရီခွဲအထိ နေ့စဉ် ၄၆ ခေါက်ပြေးဆွဲပေးလျက်ရှိပြီး ရေယာဉ်လက်မှတ်နှုန်းထားကို ခရီးသည်တစ်ဦးလျှင် ၁၀ ကျပ်နှုန်း သတ်မှတ်ထားသည်။



ပြီးဖြစ်သဖြင့် ၂၀၀၉ ခုနှစ်အတွင်းတွင် နိုင်ငံခြားအလုပ်သမား ထပ်မံခေါ်ယူတော့မည်မဟုတ်ကြောင်း Korea Times သတင်းစာက ဒီဇင်ဘာလကုန်ပိုင်းက ရေးသားထားပြီးဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် မြန်မာအလုပ်သမားများသွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ဘာသာစကားစာမေးပွဲဖြေဆိုခြင်း၊ ဆေးစစ်ခြင်း စသည့် အဆင့်ဆင့်ပြုလုပ်အောင်မြင်ပြီးသည်အထိ နှစ်ချီစောင့်ဆိုင်းခဲ့ပြီး နောက်ဆုံးကျန်းမာရေးစစ်ဆေးမှုအောင်မြင်သူ ၂၈ ဦးကို ပထမဆုံးအကြိမ်အဖြစ် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် အစိုးရချင်း G to G စနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် MoU ကို ၂၀၀၇ ခုနှစ်နိုဝင်ဘာလကတည်းက နှစ်နိုင်ငံရေးထိုးခဲ့သည်။ ယခုအခါ ယင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသူ မြန်မာအလုပ်သမား ၆၀၀၀ ဦးအထိရှိကြောင်း ကိုရီးယားရောက် မြန်မာအလုပ်သမားများထံမှ သိရသည်။

# ပြည်ပနိုင်ငံသားများ၏အလုပ်အကိုင် စိစစ်ရွေးချယ်မှုကြောင့် မြန်မာအလုပ်သမားများ အခွင့်အရေးရှိနေဦးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၇**

မြန်မာအလုပ်သမားများကို လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်စေရန် ခေါ်ယူလျက်ရှိသောနိုင်ငံများသည် ၎င်းတို့၏စီးပွားရေးကျဆင်းမှုကြောင့် ပြည်ပနိုင်ငံသားများကို ပြန်လွှတ်၍ ထပ်မံခေါ်ယူခြင်းမပြုတော့ဟုဆိုနေသော်လည်း အဆိုပါနိုင်ငံများရှိ နိုင်ငံသားများ၏အလုပ်အကိုင်စိစစ်ရွေးချယ်လွန်းမှုကြောင့် မြန်မာအလုပ်သမားများအတွက် အခွင့်အရေးရှိနေဦးမည်ဖြစ်ကြောင်း ပြည်ပအလုပ်အကိုင်ရေးရာကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ပြည်ပနိုင်ငံအသီးသီးသို့ သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ၏ လုပ်ငန်းခွင်အချို့ကို ကြည့်မည်ဆိုလျှင် ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ရာအလှဆင်လုပ်ငန်း၊ စက်ရုံအလုပ်ရုံအထွေထွေလုပ်သား၊ ဟိုတယ်ဝန်ထမ်းအဆင့်ဆင့် စသည်ဖြင့် တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများသည် ၎င်းတို့နိုင်ငံသားများ ရွေးချယ်လုပ်ကိုင်လိုခြင်းမရှိသော အလုပ်အကိုင်များဖြစ်သောကြောင့် အခွင့်အရေးရှိနေမည်ဟုဆိုခြင်းဖြစ်ကြောင်း ကောင်းဆက်အေဂျင်စီမှ ပြည်ပအလုပ်အကိုင်ရေးရာ ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

"အလုပ်အကိုင်မျိုးစုံအတွက် အထွေထွေလုပ်သားအဆင့်တွေ အများကြီးလိုအပ်တယ်။ မလေးရှားဆို ပိုဆိုးသေးတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေမှာ သူတို့နိုင်ငံသားတွေ ဝင်ရောက်လုပ်ကိုင်တာမရှိဘူး။ အပေါ်အဆင့်တွေတော့ရှိကောင်းရှိမှာပေါ့။ ဒါပေမဲ့ အရေအတွက်က နည်းတယ်။ လုပ်ငန်းခွင်နဲ့အပ်စပ်ပြီး အရည်အချင်းရှိမယ်ဆိုရင်တော့ အလုပ်နေရာတွေက ရှိနေမှာပဲ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မလေးရှားအစိုးရသည် ၎င်း၏နိုင်ငံသားများ အလုပ်လက်မဲ့ဖြစ်နေသည့်ပြဿနာကို ဖြေရှင်းရန်အတွက် နိုင်ငံခြားသားအလုပ်သမားများကို ပြန်လွှတ်ခြင်း၊ ခေါ်ယူမှုရပ်ဆိုင်းခြင်းများ ဆောင်ရွက်နေသော်လည်း ၎င်းနိုင်ငံသားများသည် နိုင်ငံခြားသားလုပ်သားများ လုပ်ကိုင်နေသော အလုပ်မျိုးစုံကို လုပ်ကိုင်လိုစိတ်မရှိကြကြောင်း၊ စက်ရုံအလုပ်ရုံတည်ထောင်သူများသည် နိုင်ငံခြားသားအလုပ်သမားများကိုသာ ခိုင်းစေလိုသည်ကို တွေ့ရကြောင်း မလေးရှားနိုင်ငံ ဂျိုးဟိုးဘားရူးရှိ အထည်ချုပ်စက်ရုံတစ်ခုမှ မြန်မာလုပ်သားများက ပြောကြားသည်။

"တစ်ရက် ၁၈ ရင်းဂစ်ဆိုတာကို ကျွန်တော်တို့က ကျေနပ်တယ်။ သူတို့ (မလေးရှား) က ဒီထက်ပိုလိုချင်တယ်။ အလုပ်ရှင်က မပေးနိုင်ဘူး။ ဒါ့အပြင် အလုပ်နေရာက ရွေးသေးတယ်။ ဒါ့ကြောင့် အလုပ်ကြီးကြပ်တွေ၊ မန်နေဂျာတွေက သိပ်မကြိုက်ကြဘူး။ ဒီပုံစံမျိုးတွေ့ရတာက တရုတ်လုပ်ငန်းရှင်တွေရဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ အများဆုံးပါပဲ။ အထည်ချုပ်စက်ရုံမှာဆို အင်ဒို၊ မြန်မာ၊ ဗီယက်နမ်တွေပဲ ရှိတယ်။ မလေးရှားက ခပ်ရှားရှားပဲ" ဟု အထက်ပါ မြန်မာအလုပ်သမားများထဲမှ တစ်ဦးက ဆိုသည်။

နိုင်ငံခြားသားအလုပ်သမားတင်သွင်းခြင်းကို ပိတ်မည်ဆိုသော မလေးရှားနိုင်ငံရှိ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ကုန်တိုက်နှင့် Shopping Mall များတွင် နိုင်ငံခြားသားအလုပ်သမား အများအပြားလိုအပ်ချက်ရှိနေသည်မှာ မလေးရှားတာဝန်ရှိသူများကိုယ်တိုင် လက်ခံနေရသောအချက်ဖြစ်ကြောင်း စည်းစိမ်သစ်အေဂျင်စီမှ ပြည်ပအလုပ်အကိုင်ရေးရာကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

"ဟိုတယ်ဝန်ထမ်း၊ စားသောက်ဆိုင်ဝန်ထမ်းဆိုတာကို သူတို့ (မလေးရှား) က အထင်သေးချင်တယ်။ မလုပ်ချင်ကြဘူး။ ဒါပေမဲ့ ဒီလုပ်ငန်းကို လုပ်နေတာကလည်း တရုတ်တွေကများတယ်။ အခြေအနေအရ သိပ်ပြီးမအပ်စပ်လှဘူးပေါ့။ ဒါ့ကြောင့်လည်း အခွင့်အရေးရှိတယ်လို့ဆိုချင်တာပါ" ဟု မလေးရှားနိုင်ငံတွင် ၁၂ နှစ်ကြာ အလုပ်လုပ်ကိုင်ခဲ့သော ဦးအောင်မင်းက ၎င်း၏အတွေ့အကြုံနှင့်ယှဉ်ကာ ပြောကြားသည်။

သို့သော် စင်ကာပူအလုပ်အကိုင်နှင့်ပတ်သက်၍မူ ပညာသည်အလုပ်သမားများအတွက်သာကောင်းပြီး အထွေထွေလုပ်သားအဖြစ်သွားလိုသူအတွက် စဉ်းစားသင့်ကြောင်း စည်းစိမ်သစ်မှ တာဝန်ရှိသူတစ်ဦးက ထပ်လောင်းပြောကြားသည်။

မလေးရှားနိုင်ငံမှ ပြည်ပအလုပ်သမားခေါ်ယူတင်သွင်းခြင်းကို ရပ်ဆိုင်းမည်ဟုဆိုသော သတင်းများကြောင့် ပြည်ပထွက်အလုပ်လုပ်ကိုင်မည့်သူများအကြား လှုပ်လှုပ်ရှားရှားဖြစ်သွားကြောင်း၊ လုပ်သားလိုအပ်ချက်ဖြစ်ပေါ်လာသောအချိန်တွင်မူ ပြန်လည်ခေါ်ယူခြင်းမျိုးရှိလာမည်ဖြစ်ပြီး ယင်းနိုင်ငံတွင် ပြည်ပအလုပ်သမားများသာ လုပ်ကိုင်နိုင်သောအလုပ်အကိုင်များ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း လုပ်သက်ရင့် မလေးရှားရောက် မြန်မာလုပ်သားများက သုံးသပ်ပြောကြားသည်။

**စိုင်းအောင်**

# မြန်မာ့ပင်လယ်ကမ်းခြေဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရေးတကြီးဆောင်ရွက်ရန်လို

**သတင်းဆောင်းပါး/ဓာတ်ပုံ – ကျော်နိုင်၊ ၁၀–၂–၂၀၀၉**

**မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အသီးသီးဆောင်ရွက်ကြရာတွင် ပင်လယ်ကမ်းခြေဒေသ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အရေးတကြီးဦးစားပေးဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) အထွေထွေအတွင်းရေးမှူး ဦးအုန်းက ဇန်နဝါရီလ ၁၇ ရက်နေ့တွင် တိုက်တွန်းပြောကြားသည်။**

စိမ်းလန်းကမ္ဘာအဖွဲ့၏စီစဉ်မှုဖြင့် ထိုနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတဟိုတယ်ခန်းမတွင်ကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲတွင် 'ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ကနေ့ ဘယ်လိုကုစားကြမလဲ' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရင်း အထက်ပါအတိုင်း ၎င်းက တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။



ဥတုရာသီတောကိုမှီဟုဆိုသကဲ့သို့ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုတို့သည် တိုက်ရိုက်ဆက်စပ်နေကြောင်း၊ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှု အချိုးအစား ပိုမိုများပြားလာသကဲ့သို့ အပူချိန်မှာလည်း ၂ ဒီဂရီစင်တီဂရိတ်ခန့် တိုးမြင့်လာခဲ့ကြောင်း၊ အပူချိန်တိုးမြင့်လာသဖြင့် ရေခဲတောင်များအရည်ပျော်နိုင်ကြောင်း၊ တိဘက်ဒေသရှိ ရေခဲတောင်များ အရည်ပျော်ကုန်ပါက ပင်လယ်ရေမျက်နှာပြင်ခြောက်မီတာခန့် မြင့်တက်လာနိုင်ပြီး အာရှတိုက်တောင်ပိုင်းရှိ ထင်ရှားသည့်ဂင်္ဂါ၊ ဧရာဝတီ စသည့်မြစ်ကြီးများ ရေခန်းခြောက်လာနိုင်ကာ မော်လ်ဒိုက်ကျွန်းကဲ့သို့

ကျွန်းငယ်နိုင်ငံများမှာလည်း ပင်လယ်ရေအောက်နစ်မြုပ်သွားနိုင်ကြောင်း၊ ထို့အပြင် ဂျာအေးသူ့အမေရိက်ဆိုသကဲ့သို့ပင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသဖြင့် မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ကမ်းခြေဒေသများတွင် ရေငန်များဝင်ရောက်ကုန်ပြီး စိုက်ပျိုးသီးနှံများ ပျက်စီးစေကာ ရေချိုရရှိမှုအခက်အခဲနှင့်ပါ ကြုံတွေ့နိုင်ကြောင်း၊ လုံလောက်သည့်သီးနှံနှင့်ရေချိုမရရှိတော့သဖြင့် ရိက္ခာအထွက်နှုန်းလျော့နည်းပြီး ရောဂါဘယထူပြောလာမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကွင်းဆက်နှင့် သံသရာကို ၎င်းကရှင်းပြသည်။

“အခုအချိန်မှာ သစ်ပင်စိုက်ရုံနဲ့မလုံလောက်တော့ဘူး။ ရေရှည်ထိန်းသိမ်းဖို့ကိုလိုနေပြီ။ သဘာဝပတ်ဝန်းကျင်က လူ့ဘဝမှာ အရေးအကြီးဆုံးဖြစ်လာပြီ။ ဘာသာရေးလောက်ကို အရေးကြီးနေပါပြီ။ ပင်လယ်က အပူစုပ်ယူမှုလွန်ကဲလာလို့ ပင်လယ်အောက်က ထွက်ပေါက်ရှာလာပြီ။ မီးတောင်ပေါက်ကွဲတာတို့၊ ဆူနာမီဖြစ်တာတို့၊ ငလျင်လှုပ်တာတို့ဟာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ဆက်စပ်နေတယ်” ဟု ၎င်းက သုံးသပ်သည်။

“ဒီရေတောတွေက မုန်တိုင်းဒဏ်ကို ကာကွယ်ပေးတဲ့အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အခြားသစ်ပင်တွေထက် နှစ်ဆစုပ်ယူနိုင်တာမို့လို့ ဒီရေတောပင်တွေကို အဓိက စိုက်ကြပါ” ဟု သစ်တောဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးလည်းဖြစ်သူဦးအုန်းက အကြံပြုပြောကြားသည်။



ယခုအခါ FREDA အနေဖြင့် သစ်တောဦးစီးဌာန၊ ဂျပန်နှင့် ဂျာမနီ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဘိုကလေးမြို့နယ် ပျဉ်ဒရယ်သစ်တောကြိုးဝိုင်းတွင် ဧက ၄၀၀၀ ခန့်နှင့် ကဒုံကနိသစ်တောကြိုးဝိုင်းတွင် ဧက ၆၀၀ ခန့် ဒီရေတောပင်များကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း အဆိုပါအဖွဲ့မှ စုံစမ်းသိရှိရသည်။

“အခု ကမ္ဘာပေါ်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုက ချမ်းသာတဲ့နိုင်ငံတွေမှာ ပိုများတယ်။ ချမ်းသာတဲ့သူတွေပဲ လုပ်နိုင်ကြ လုပ်နေကြတာ။ ပညာတတ်တွေနဲ့ ဥစ္စာရှိတဲ့အသိုင်းအဝိုင်းကို ပညာပေးရမလိုဖြစ်နေပြီ” ဟု စာရေးဆရာ ဒေါက်တာခင်မောင်ညိုက သုံးသပ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ

## နေပြည်တော် နှမ်းစပါးစိုက်တောင်သူများ ငွေထုတ်ချေးမည်

**နေပြည်တော်ပျဉ်းမနား၊ ဖေဖော်ဝါရီ ၄**

နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေးမြို့နယ်တို့တွင် ၂၀၀၈–၂၀၀၉ ခုနှစ် နွေစပါးစိုက်ပျိုးကာလ ဇန်နဝါရီလမှ ဧပြီလအတွင်း နွေစပါးမျိုး ဆင်းနွယ်ရင်၊ ရွှေသွယ်ရင်နှင့် အခြားသက်တမ်းတိုစပါးမျိုးများကို စိုက်ပျိုးလျက်ရှိရာ စပါးစိုက်တောင်သူများကို စိုက်ဧက တစ်ဧကလျှင် ယူရီးယားတစ်အိတ်နှုန်းပံ့ပိုးပေးနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်မန်နေဂျာဦးမှတ်ကြီးက ပြောကြားသည်။

ယခုနှစ် ၂၀၀၈–၂၀၀၉ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နေပြည်တော်ပျဉ်းမနားခရိုင် နေပြည်တော်ဒေသမြို့နယ်များတွင် နွေစပါးစိုက်ပျိုးဧက ၃၁၀,၀၀၀ ဧက စိုက်ပျိုးလျက်ရှိရာ နေပြည်တော်ပျဉ်းမနားမြို့နယ်တွင် ၁၅၀၄၀ ဧက၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ၁၁၉၇၅ ဧကနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တွင် ၃၉၈၅ ဧက စိုက်ပျိုးလျာထားဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယမန်နှစ်က နေပြည်တော်ပျဉ်းမနားခရိုင်အတွင်း နွေစပါးစိုက်ပျိုးဧက ၃၁၇၃၅ ဧကစိုက်ပျိုးခဲ့ပြီး နေပြည်တော်ပျဉ်းမနားမြို့နယ်တွင် စိုက်ပျိုးဧက ၁၄၉၆၀ ဧက၊ နေပြည်တော်တပ်ကုန်းမြို့နယ် ၁၂၄၇၂ ဧကနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တွင် ၄၃၀၃ ဧက စိုက်ပျိုးခဲ့ကြောင်း၊ နွေစပါးအထွက်နှုန်းမှာ တစ်ဧကကို ၁၁၆.၃၉ တင်းနှုန်းထွက်ရှိခဲ့ကြောင်း ဦးမှတ်ကြီးက ပြောကြားသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် မန္တလေးတိုင်းအတွင်း နွေစပါး ၂၂၀,၀၀၀ ဧက စိုက်ပျိုးရန် လျာထားကြောင်း မန္တလေးတိုင်း စိုက်ပျိုးရေးမန်နေဂျာရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**မင်းသုခိုင်**



ပြုစေရန်အတွက် အောက်ပါအချက်များ ဝိုင်းဝန်းလိုက်နာကြရန် ၎င်းက တိုက်တွန်း ပြောကြားသည်။

(၁) Air Con (လေအေးပေးစက်) ကို မလိုအပ်ဘဲ မသုံးပါနှင့်။ သုံးပါက လည်း ၂ ဒီဂရီစင်တီဂရိတ်ခန့် လျှော့ချပါ။

(၂) မီးလုံးများနေရာတွင် CFL (Compact Froecean Light) များကိုသာ သုံးပါ။ စွမ်းအင်ကို ၇၅ ရာခိုင်နှုန်း သက်သာစေသည်။

(၃) လျှပ်စစ် Plug များကိုလျှော့ချပါ။

(၄) ကြွပ်ကြွပ်အိတ်နှင့် တစ်ခါသုံးတူ အသုံးပြုမှုကိုလျှော့ချပါ။ (တူသုံး တတ်ပါက မိမိကိုယ်ပိုင်သုံးတူကို ဆောင်ထားပါ။ ဝါးပင်၌ ကာဗွန်ဒိုင် အောက်ဆိုဒ်စုပ်ယူမှုအားသည် အခြား အပင်များထက် လေးဆခန့်ပိုများပြီး ကြီးထွားနှုန်းလည်းမြန်ဆန်ပါသည်)

(၅) ဒေသထွက်ကုန်များကိုသာသုံးပါ။ (သယ်ယူပို့ဆောင်မှုစရိတ်နှင့် စက် သုံးဆီသုံးစွဲမှုကိုလျှော့ချနိုင်ပါမည်)

(၆) မိမိခွက်ကို မိမိသုံးပါ။ တစ်ခါသုံးဘူး၊ ခွက်တို့ကိုမသုံးပါနှင့်။

(၇) ကိုယ်ပိုင်ကားမစီးပါနှင့်။ လူထုဆက် သွယ်ရေးယာဉ် (ဘတ်စ်ကား) ကို သာစီးပါ။ စက်ဘီးစီးပါ။ လမ်း လျှောက်ပါ။

(၈) ရေချိုးသည့်ပမာဏကိုလျှော့ပါ။ ရိုးရိုး ရေပဲချိုးပါ။ Heater မသုံးပါနှင့်။ ကမ္ဘာပေါ်၌ တစ်မနက်လျှင် ရေဂါလန် ပေါင်း သန်း ၅၀၀ ခန့်သုံးစွဲနေ သည်။

(၉) သစ်ပင်စိုက်ပါ။ ဂေဟစနစ်အတွက် လည်းကောင်း၊ အစားအစာအတွက် လည်းကောင်း၊ စွမ်းအင်အတွက် လည်းကောင်း အထောက်အကူပြု သည်။

(၁၀) Recycle ပစ္စည်းများကို သုံးပါ။

(၁၁) အဝတ်အစားသက်သာစေရန် ဘောထုပ်ထည်များကိုဝတ်ပါ။ ပုဆိုး၊ လုံချည်အစား ဘောင်းဘီဝတ်ပါ။

(၁၂) ဆံပင်ဆေးမဆိုးပါနှင့်။ အဆိုပါဆိုး ဆေးက ပတ်ဝန်းကျင်ကို ထိခိုက်နိုင် သည် စသည်တို့ ဖြစ်ကြသည်။

"ကမ္ဘာပေါ်မှာ အခုဒုက္ခပေးနေတာ စစ်မဟုတ်ဘူး။ စီးပွားကျကပ်လည်း မဟုတ်ဘူး။ Climate Change (ရာသီဥ

# အသားတိုးကြက်မွေးမြူသူတိုင်း အသင်းဝင်နိုင်ရန် ဆောင်ရွက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

အသားတိုးကြက်မွေးမြူသူလုပ်ငန်းရှင်များကို ၂၀၀၉ ခုနှစ်မှစတင်၍ အသားတိုး ကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်းသို့ဝင်ရောက်ရန် စည်းရုံးဆောင်ရွက်မည် ဖြစ်ကြောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပသည့် အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း ပထမအကြိမ်နှစ်ပတ်လည် အခမ်းအနားတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ကျရောက်ဖြစ်ပွားနေသည့် သဘာဝဘေးအန္တရာယ်နှင့် ကြက်ငှက် တုပ်ကွေးရောဂါကြောင့် ဆုံးရှုံးနစ်နာမှုများရှိပါက အသင်းဝင်များ၏လုပ်ငန်းများ ပြန်လည် ထူထောင်နိုင်ရန် အထောက်အပံ့ပေးမည့်ရန်ပုံငွေတစ်ရပ်တည်ထောင်ထားကြောင်း၊ ကြက် ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများရှိပါက လုပ်ငန်းပြန်လည်လုပ်ဆောင်နိုင်ရန် အဆိုပါ ရန်ပုံငွေဖြင့် အသင်းဝင်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အသားတိုးကြက်မွေးမြူထုတ်လုပ်သူများအသင်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထူထောင်ခဲ့ကြောင်း၊ အသင်းမဖွဲ့စည်းခင်က မွေးမြူသူနှင့် ရောင်းဝယ်သူ များကြားတွင် ငွေကြေးဆိုင်ရာထိခိုက်နစ်နာမှုများရှိခဲ့သောကြောင့် အသင်းအနေဖြင့် မင်္ဂလာတောင်ညွန့်ကြက်၊ ဘဲဒိုင်မှ အာမခံစပေါ်ငွေကျပ်သိန်း ၂၈၀ ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်တွင်ပေးသွင်းပြီး ခိုင်မာသည့်ရောင်းဝယ်ရေးစနစ်ကို ထူထောင်ပေးနိုင်ခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

တုပြောင်းလဲမှု) ပဲဗျ။ နောက်ပြန်ဆုတ်လို့ မရတော့ဘူး။ ရှေ့ကိုပိုပြီးတိုးမလာအောင် ကြိုးပမ်းကြဖို့ပဲရှိတော့တယ်။ နိုင်ငံအစိုးရတွေရဲ့မူဝါဒတွေအပြင် မြို့ရွာအလိုက်ပါ ကြိုးပမ်းကြရတော့မယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီနှင့် အမျိုးသားစာပေဆုရှင် စာရေးဆရာတစ်ဦးဖြစ်သူ ဦးကျော်ဦးက ဆိုသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံအချို့တွင် ကလေးများအတွက်ပါ မီဒီယာများက သီးသန့်ထုတ်လွှင့်ပညာပေးနေလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌မူ ယင်းကဲ့သို့ မီဒီယာများ၏သတင်းထုတ်ပြန်မှုနှင့်ပညာပေးမှုများမှာ အားနည်းနေလျက်ရှိသေးကြောင်း၊ သဘာဝပတ်ဝန်းကျင်၏အရေးပါပုံကို အများပြည်သူတစ်ရပ်လုံး သိရှိအောင် ဦးစွာကြိုးပမ်းရမည်ဖြစ်ကြောင်း ၎င်းကအကြံပြုပြောကြားသည်။

အဆိုပါဟောပြောပွဲအခမ်းအနားတွင် ဒေါက်တာခင်မောင်ညိုနှင့် ဦးအုန်းတို့က သဘာဝပတ်ဝန်းကျင်အရေးပါပုံကို ဆွေးနွေးပြောကြားခဲ့ပြီး ဦးကျော်ဦးက ၎င်းစီစဉ်လွှင့်တင်သည့် မြန်မာဘာသာဖြင့် ရေးသားထားသည့် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပထမဦးဆုံး Website ဖြစ်သော www.changingclimate.aisa ကို မိတ်ဆက်ရှင်းလင်း သရုပ်ပြခဲ့သည်။ စိမ်းလန်းကမ္ဘာအဖွဲ့၏စီစဉ်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများကို အခါအားလျော်စွာကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံ၌ တစ်စောင်တည်းသောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမဂ္ဂဇင်းဖြစ်သည့် အောင်ပင်လယ်မဂ္ဂဇင်းကို ၂၀၀၇ ခုနှစ်မှစတင်၍ နှစ်လတစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

"အခုလို မုန်တိုင်းတွေခဏခဏဖြစ်ပေါ်ပြီး ရာသီဥတုဖောက်ပြန်တာဟာ အဓိကတရားခံက ရေ လေ မြေ မီး မဟုတ်ဘူး၊ လူတွေပဲဗျ" ဟု ဦးအုန်းက သုံးသပ်ပြောကြားသည်။ ■



# မီးဘေးသင့်စက်ရုံနှစ်လုံးအနက် ရွှေငါးမုန့်စက်ရုံသာ မီးအာမခံလျော်ကြေးရရှိမည်

**ရန်ကုန်၊ ဇန်နဝါရီ ၃၀**

ရွှေပေါက်ကံစက်မှုဇုန်အတွင်းရှိ အသားတုနှင့် အသင့်စားမြန်မာ့စားသောက်ကုန်ထုတ်လုပ်သည့် မြန်မာပြည်သားစက်ရုံနှင့် ရွှေငါးမုန့်စက်ရုံတို့ ဇန်နဝါရီ ၂၃ ရက်နေ့ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ ရွှေငါးမုန့်စက်ရုံသာ မီးအာမခံလျော်ကြေးရရှိမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းတွင် ရွှေငါးမုန့်လုပ်ငန်းစက်ရုံကို ကျပ်သိန်း ၁၀၀၀ ဖိုး မီးအာမခံထားရှိထားကြောင်း၊ အဆိုပါစက်ရုံသို့ မြန်မာ့အာမခံလုပ်ငန်းမှတာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီးဖြစ်သော်လည်း လျော်ကြေးငွေအတိအကျကိုမူ တွက်ချက်ဆဲဖြစ်ကြောင်းလည်း ယင်းလုပ်ငန်းရှိ တာဝန်ရှိသူတစ်ဦးထံမှ ဆက်လက်သိရှိရသည်။

မြန်မာပြည်သားစက်ရုံမှာ အာမခံထားရှိခြင်းမရှိကြောင်း၊ ရွှေငါးမုန့်စက်ရုံမှာလည်း ကိုယ်တိုင်အာမခံထားရှိခြင်းမရှိဘဲ ပထမပုဂ္ဂလိကဘဏ်ကကြားဝင်၍ အာမခံထားရှိခြင်းဖြစ်ရာ အာမခံလျော်ကြေးကို ပထမပုဂ္ဂလိကဘဏ်ထံမှသာ ရရှိဖွယ်ရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းနှင့်နီးစပ်သောအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။



အဆိုပါ မီးလောင်မှုသည် ဇန်နဝါရီလ ၂၃ ရက်နေ့ ည ၁၀ နာရီ ၁၅ မိနစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး ရွှေပေါက်ကံစက်မှုဇုန် ကနောင်မင်းသားကြီးလမ်းရှိ မြန်မာပြည်သားစက်ရုံပိုင် ပေ ၁၀၀ ပတ်လည် သွပ်မိုး အုတ်ညှပ်မြေစိုက်အဆောက်အအုံနှစ်လုံးနှင့် ဗိုလ်တေဇလမ်းပေါ်ရှိ ရွှေငါးမုန့်စက်ရုံပိုင် အုတ်ညှပ် RC သုံးထပ်အဆောက်အအုံတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ■

# ပြည်တွင်းရေကြောင်း ပြင်ပဒီဇယ်ဆီမဝယ်၊ ရေယာဉ်လက်မှတ်နှုန်းတိုးမြှင့်မည်မဟုတ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

ကမ္ဘာ့ရေနံဈေး ကျဆင်းမှုနှင့်အတူ စက်သုံးဆီဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် အစိုးရစက်သုံးဆီမှတစ်ပါး ပြင်ပဒီဇယ်ဆီများ ဝယ်ယူမည်မဟုတ်ကြောင်း အဆိုပါဌာန၏အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။

ရေနံဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ပြင်ပစက်သုံးဆီရောင်းဝယ်ရေးဈေးကွက်များတွင် ဇန်နဝါရီ ၉ ရက်နေ့၌ ဘုရင့်နောင်ပွဲရုံတွင် ဒီဇယ်ဆီတစ်ပီပါလျှင် ကျပ်တစ်သိန်းတစ်သောင်းငါးထောင်ခန့်ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး ဆင်ခြေဖုံးဒေသရှိ လက်လီဆိုင်များတွင် ဒီဇယ်တစ်ဂါလန်လျှင် ၂၅၀၀ ကျပ်မှ ၂၇၀၀ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။



ထိုသို့ ပြင်ပဈေးကွက်တွင် ဒီဇယ်ဆီကျဆင်းသော်လည်း ပြည်တွင်းရေကြောင်းအနေဖြင့် ပြင်ပဒီဇယ်များ ဝယ်ယူအသုံးပြုမည်မဟုတ်ကြောင်း အဆိုပါဌာနမှ အရာရှိကဆိုသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီတစ်ဂါလန်လျှင် ၃၀၀၀ ကျပ်၊ ဓာတ်ဆီတစ်ဂါလန်လျှင် ၂၅၀၀ ကျပ်ဖြင့် တစ်ရက်လျှင် နှစ်ဂါလန်နှုန်း ခွဲတမ်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိပြီး ခွဲတမ်းထက်ပိုမိုဝယ်ယူလိုသူများအတွက် ဒီဇယ်ဆီ တစ်ဂါလန်လျှင် FEC 2.7 ယူနစ်၊ ဓာတ်ဆီတစ်ဂါလန် FEC 2.5 ယူနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ဘုရင့်နောင်ပွဲရုံ အခြေစိုက်အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ခရီးစဉ်များပြေးဆွဲပေးလျက်ရှိသော်လည်း ပုဂ္ဂလိကရေယာဉ်များကလည်း ရေယာဉ်လက်မှတ်နှုန်းထားကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပြီး ပြေးဆွဲပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်–ဘိုကလေး–မော်လမြိုင်ကျွန်း ခရီးစဉ် ပုဂ္ဂလိကရေယာဉ်များ၏ ရိုးရိုးတန်း လက်မှတ်ခမှာ ၂၀၀၀ ကျပ်ရှိသော်လည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ၅၀၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်မန်နေဂျာတစ်ဦးက ဆိုသည်။

# မြန်မာနိုင်ငံ၌ ရေနှင့်ပတ်သက်သည့်အစီအစဉ်တစ်ခု ချမှတ်ဆောင်ရွက်ချိန်တန်

**သတင်းဆောင်းပါး – ကျော်နိုင်၊ ၇–၂–၂၀၀၉**

**မြန်မာနိုင်ငံ၌ ရေနှင့်ပတ်သက်သည့်အစီအစဉ်တစ်ခုကို ချမှတ်ဆောင်ရွက်သင့်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ စဥ့်အသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တိုက်တွန်းပြောကြားသည်။**

မြန်မာနိုင်ငံစဥ့်အသင်း (MCS) ၏ စီစဉ်မှု၊ EKTA Myanmar နှင့် Capacity Building Initiative (CBI) အဖွဲ့အစည်းတို့၏ပံ့ပိုးကူညီမှုတို့ဖြင့် ထိုနေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ 'Water Sector in Myanmar : Strengthening Partnership for the Integration of Social, Economics and Environment' ခေါင်းစဉ်ဖြင့် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ရင်း ၎င်းက အထက်ပါအတိုင်း တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ရေထုထည်ပမာဏစုစုပေါင်း ၁ ဒသမ ၄၁ ဘီလီယံကုဗကီလိုမီတာရှိပြီး ၂ ဒသမ ၅၃ ရာခိုင်နှုန်းခန့်မှာ သောက်သုံးနိုင်သောရေများအဖြစ်တည်ရှိကြကာ ကျန် ၉၇ ဒသမ ၅ ရာခိုင်နှုန်းမှာ အသုံးပြု၍မရသောရေများအဖြစ် တည်ရှိကြသည်။ ယင်းတို့အနက် ၈၇ ရာခိုင်နှုန်းခန့်သည် ရေခဲပြင်များနှင့် ရေခဲတောင်များတွင်လည်းကောင်း၊ ကမ္ဘာ့လေထုအတွင်း၌လည်းကောင်း၊ ကမ္ဘာမြေကြီး၏အတွင်းပိုင်း၌လည်းကောင်း တည်ရှိနေကြသည်။ တစ်နည်းဆိုရလျှင် ရေလီတာ ၁၀၀ တွင် သန့်ရှင်းသောသောက်ရေပမာဏမှာ ၀ ဒသမ ၀၀၃ လီတာ သို့မဟုတ် လက်ဖက်ရည်ဇွန်း ထက်ဝက်မျှသာရှိကြောင်း Natu-

ral Resources Development အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

"ကမ္ဘာ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက်ဟာ အာရှတိုက်မှာ နေထိုင်ကြတယ်။ အဲဒီဒေသမှာရှိတဲ့ရေပမာဏရဲ့ ၃၆ ရာခိုင်နှုန်းလောက်ပဲ Renewable Water အနေနဲ့ ပြန်လည်သုံးစွဲနိုင်တယ်။ တစ်နေ့နေ့မှာ ဒီရေနဲ့ပတ်သက်လို့ ပြဿနာအကြီးအကျယ်နဲ့ ရင်ဆိုင်လာရလိမ့်မယ်" ဟု သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) အထွေထွေအတွင်းရေးမှူး ဦးအုန်းက ဆိုသည်။

ရေနှင့်စပ်လျဉ်း၍ မျက်မှောက်ကာလအတွက်သာမကဘဲ နောင်လာမည့်မျိုးဆက်များအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေသည် အများနှင့်သက်ဆိုင်သည့် သယံဇာတပစ္စည်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ Public Sector(အစိုးရကဏ္ဍ)ချည်း ဆောင်ရွက်၍မရဘဲ Private Sector (ပုဂ္ဂလိကကဏ္ဍ)ကပါ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါ ဆွေးနွေးပွဲတွင် Keynote Speaker အဖြစ် ဆောင်ရွက်သူ ကုလသမဂ္ဂအရာထမ်းဟောင်း ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

အနာဂတ်ကမ္ဘာ၌ ရင်ဆိုင်ကြုံတွေ့ကြရမည့် အဓိကပြဿနာမှာ စစ်ပွဲများမဟုတ်ဘဲ ရေမလုံလောက်မှုအကျပ်အတည်း (Water Crisis) ပင်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်



မစ္စတာ ဘန်ကီမွန်း၏အဆိုကို ကိုးကား၍ ၎င်းက ထောက်ပြပြောကြားသွားသည်။ "မှန်ကန်တဲ့လက်တွဲဖော် ရွေးချယ်ဖို့လိုပြီ။ ကိုယ့်တစ်ဦးတည်း၊ တစ်ဖွဲ့တည်းနေတဲ့ပုံစံ မရှိတော့ဘူး။ အားလုံးမျှော်လင့်ချက် အပြည့်နဲ့ NGO တွေကပါ အချင်းချင်း ပူးပေါင်းဆောင်ရွက်သင့်ပြီ" ဟု ၎င်းကဆိုသည်။

ရေသည် ကျေးလက်နေပြည်သူလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပါဝင်ကြောင်း၊ ဘက်စုံရေသယံဇာတ စီမံခန့်ခွဲမှုကို စုပေါင်းမျှဝေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းက ဆွေးနွေးပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က Public, Private Partnership ခေါင်းစဉ်

# မြန်မာ့သိုင်းပညာနည်းစနစ်များ အင်္ဂလိပ်ဘာသာပြန်ဆို၍ ရုရှားသိုင်းအဖွဲ့များကို ဖြန့်ဝေမည်

**ရန်ကုန်၊ ဇန်နဝါရီ ၃**

မြန်မာ့ရိုးရာသိုင်းပညာဖြစ်သည့် ဗန်တို၊ ဗန်ရှည်၊ တုတ်သိုင်း၊ လှံသိုင်း၊ နန်းတွင်းဓားသိုင်းများအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့်ရေးသားပြန်ဆို၍ ရုရှားနိုင်ငံရှိ သိုင်းအဖွဲ့များထံသို့ဖြန့်ချိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးညဏ်မြင့်က ပြောကြားသည်။

ယင်းစာအုပ်ကို မြန်မာတစ်နိုင်ငံလုံးရှိ သိုင်းအဖွဲ့ ၉၇ ဖွဲ့မှ ပညာရှင်များက ဝိုင်းဝန်းညှိနှိုင်း၍ အကောင်းဆုံးရေးသားထားကြခြင်းဖြစ်ပြီး ယင်းစာအုပ်တွင် ကွဲပြားခြားနားသောသိုင်းပညာရပ်များကို တူညီအောင်ညှိထားကြောင်း၊ မူလက ရုရှားနိုင်ငံအတွက်သာပေးပို့ရန်ရည်ရွယ်ထားသော်လည်း ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံတို့ကပါ တောင်းဆိုသည့်အတွက် ဘာသာပြန်ပြီးလျှင် အဆိုပါနိုင်ငံများသို့ပါ ပေးပို့မည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေမည့်စာအုပ်မှာ အခြေခံနှင့် အဆင့်မြင့် စာအုပ်နှစ်မျိုးဖြစ်ကြောင်း ၎င်းကဆိုသည်။

ယခုလောလောဆယ်အချိန်တွင် ပြင်သစ်နှင့် အင်္ဂလန်တို့မှ သိုင်းပညာရှင်များလာရောက်၍ မြန်မာ့သိုင်းပညာကို သင်ယူနေကြကြောင်း၊ အခြေခံသင်ရိုး စာအုပ်ပြီးမြောက်၍ အဆင့်မြင့်သင်ရိုးစာအုပ်ကို သင်ကြားပေးရန် တောင်းဆိုကြကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သည် မြန်မာလူမျိုးတိုင်း သိုင်းပညာတတ်မြောက်စေရန် အစီအစဉ်ဖြင့် သိုင်းပညာရပ်များကို မည်သူမဆို အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း၊ အခမဲ့သိုင်းသင်တန်းများကိုလည်း ဖွင့်လှစ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အောင်ကိုကို**

ဖြင့်လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်း က ကမ္ဘာ့ရေသယံဇာတမိတ်ဖက်အဖွဲ့အစည်း (GWP) နှင့် မြန်မာနိုင်ငံအကြောင်းကို လည်းကောင်း၊ ယင်းဌာနမှပင် ဦးဇော်လွင် ထွန်းနှင့် ဒေါ်လှဦးနွယ်တို့က Myanmar Water Partnership Report and Planning Activities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar NGOs Network မှ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မင်းက Water for the Needies ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာမောင်မောင်ကြီးနှင့် လှည်းကူး ပညာရေးကောလိပ်သင်တန်း ရေးရာဌာန ဌာနမှူး ဒေါက်တာဝေဝေဦး တို့က Interest of Myanmar Children in Wildlife ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Water Research and Training Center (WRTC)မှ ဒေါ်ဇင်မာအောင်က WRTC's




Role in Strengthening Partnership for Water Sector in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ပြည့်မြဲစွမ်းအင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က Treatments for Drinking Water and Wastewater in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး တင်ပြဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက အုပ်စုများခွဲ၍ ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

"ရေရဖို့အရေးကြီးတဲ့ Watershift Management (ရေဝေရေလဲဒေသစီမံခန့်ခွဲမှု) ကို ဦးစားပေးဆောင်ရွက်သင့်တယ်။ အထူးသဖြင့် အပူပိုင်းဒေသမှာ ပိုအရေးကြီးနေပြီ။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း သစ်ပင်သစ်တောတွေပြုစုထိန်းသိမ်းတဲ့ သစ်တောဦးစီးဌာနနဲ့ ဆည်တာတမံတွေဆောက်တဲ့ ဆည်မြောင်းဦးစီးဌာနတို့လိုဌာနတွေ ပူးပေါင်းညှိနှိုင်းပြီးမှ ဆောင်ရွက်သင့်တယ်" ဟု သစ်တောဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးက အကြံပြုပြောကြားသည်။


ကမ္ဘာပေါ်၌ မည်သည့်နေရာတွင်မဆို ကျင့်သုံးနေသော ရေအရင်းအမြစ်စီမံခန့်ခွဲမှု၌ သုံးစွဲနိုင်အားကို လုံလောက်အောင် ပံ့ပိုးပေးနိုင်ခြင်းရှိ/မရှိ၊ ညစ်ညမ်းမှုများကို စီစဉ်ထိန်းသိမ်းနိုင်မှုရှိ/မရှိ၊ တစ်နည်းအားဖြင့် သန့်စင်သောရေများထုတ်လုပ်ပေးနိုင်မှု ရှိ/မရှိ စသည့် ရေပေးဝေရေးကိစ္စများကိုသာ အဓိကပါဝင်ဆောင်ရွက်နေကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မရှိမဖြစ် ရေစီးရေလာများကို

# သတင်းပို့စနစ် ကျပ်သိန်းခုနစ်ရာကျော် ရန်ပုံငွေရရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

တစ်နှစ်ကျော်ခန့်အတွင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းကကျင့်သုံးသည့် သတင်းပို့ ထွက်ခွာခွင့်စနစ်မှ အသင်းအတွက် ကျပ်သိန်းခုနစ်ရာကျော် ရန်ပုံငွေရရှိကြောင်း အဆိုပါအသင်းဘဏ္ဍာရေးမှူးက အသင်းသားစုံညီအစည်းအဝေးနှင့် မိတ်ဆုံစားပွဲတွင် ပြောကြားသည်။

ရန်ကုန်တိုင်းအတွင်းမှထွက်ခွာသည့် အဝေးပြေးကုန်တင်ယာဉ်များအနေဖြင့် သတင်းပို့ပုံစံလျှောက်လွှာ ၁၀၀ ကျပ်၊ သတင်းပို့ထွက်ခွာခွင့်လက်မှတ် ၄၀၀ ကျပ် နှစ်မျိုးပေါင်း ကျပ် ၅၀၀ ဖြင့် ဝယ်ယူထွက်ခွာနိုင်ရန် အသင်းရုံးတွင် နေ့စဉ်နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ လုပ်ဆောင်ပေးခဲ့ကြောင်း၊ စတင်ဆောင်ရွက်စဉ်က တစ်ရက်လျှင် ယာဉ်အစီးရေ ၄၀၀ ခန့်ရှိပြီး နောက်ပိုင်းတွင် ကုန်စည်တင်ပို့သွားလာမှု နည်းပါးသွားသဖြင့် စီးရေ ၃၀၀ ခန့်သာရှိတော့ကြောင်း အဝေးပြေးကုန်တင်ယာဉ်ဂိတ်မှူးတစ်ဦးက ပြောကြားသည်။



သတင်းပို့စနစ်ကို ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှစတင်၍ ပညာပေးကာလအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့မှစတင်ကျင့်သုံးကာ သတင်းပို့ထွက်ခွာခွင့်လက်မှတ်မပါရှိသည့်ယာဉ်များကို ရှောင်တခင်စစ်ဆေး၍ ကျပ်နှစ်သောင်းဒဏ်ရိုက်ခဲ့ကြောင်း ကုန်တင်ယာဉ်မောင်းများထံမှ သိရှိရသည်။ ■

လေ့လာဆန်းစစ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် အကန့်အသတ်များရှိနေကြောင်း၊ ရေနှင့်စပ်လျဉ်းသည့် ဂေဟစနစ်များ ခြိမ်းခြောက်ခံနေရကြောင်းနှင့် ယင်းဂေဟစနစ်များက ရေရရှိမှုအပေါ် မည်မျှအကျိုးပြုပုံကို သိရှိသူနည်းပါးကြောင်း IUCN အဖွဲ့အစည်းကထုတ်ဝေသည့် ရေစီးရေလာစာအုပ်တွင် ဖော်ပြထားသည်။






"ကမ္ဘာပေါ်မှာ ရေတွေကများနေပေမယ့် တကယ်အသုံးတည့်တဲ့ ရေသန့်က မရှိသလောက်ရှားလာပါပြီ" ဟု မြန်မာနိုင်ငံပြန်ပြည့်မြစ္စမ်းအင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က မှတ်ချက်ပြုပြောကြားသည်။

"အခု လူတွေသောက်ရေသန့်ဘူးတွေ ဝယ်သောက်နေရပြီ။ အဲဒီမှာ ဘူးထဲကရေက ပြဿနာမဟုတ်ဘူး။ ပြဿနာက လူတွေကိုဒုက္ခပေးမှာက အဲဒီရေသန့်ကိုထည့်တဲ့ဘူးပဲ။ အိုအေစစ်တို့လို၊ Alpine တို့လို PET (အကြည်) ဘူးတွေက ဒုက္ခမရောက်ဘူး။ ဟို PVC (အနောက်) ဘူးတွေက ဒုက္ခရောက်နိုင်တယ်။ ကားပက်လက်တွေထဲထည့်ပြီး နေပူထဲဖြတ်ပြီးသယ်သွားတဲ့အခါ ရေကပါပူပြီး ပလတ်စတစ်ဘူးကထွက်လာတဲ့ Chemical တွေကကျောက်ကပ်ကိုဒုက္ခပေးနိုင်တယ်" ဟု ၎င်းက သတိပေးပြောကြားသည်။

"တဖြည်းဖြည်းရေရဖို့ခက်ခဲလာတဲ့တစ်ချိန်မှာ ကျွန်တော်တို့မြန်မာလူမျိုးတွေ ရှေးကတည်းက ခေါ်ဝေါ်သုံးစွဲခဲ့ကြတဲ့ 'ရေကုသိုလ်' ဆိုတဲ့ အခေါ်အဝေါ်ကလေးတောင် တိမ်မြုပ်ပျောက်ကွယ်တော့မှာကို စိုးရိမ်ရတဲ့အခြေအနေရောက်နေပြီ" ဟု Myanmar NGOs Networks မှ ဦးအောင်မင်းက သုံးသပ်သည်။

# မြွေအာမခံထားမှု ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း ကျပ်သိန်း ၇၀၀ ကျော်ရရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

မြန်မာ့အာမခံလုပ်ငန်းတွင် ၂၀၀၈ ခုနှစ်အတွင်း မြွေအာမခံထားသူဦးရေ ပိုမိုများပြားလာသည့်အတွက် ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ မြွေအာမခံထားသူ ၁၄၃,၂၀၇ ဦးရှိပြီး ဝင်ငွေကျပ် ၇၁၆ သိန်း ရရှိခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းမှ ယင်းနှစ်အတွင်း မြွေအာမခံထားရှိမှုမှ သေဆုံးသူလေးဦးအတွက် ကျပ်သိန်း ၂၀ နှင့် ဒဏ်ရာရရှိသူ ရှစ်ဦးအတွက် ကျပ် နှစ်သိန်းကျော် အာမခံပေးလျော်ထားပြီးဖြစ်ကြောင်း၊ ၂၀၀၇ –၂၀၀၈ ဘဏ္ဍာနှစ်အတွင်း၌လည်း မြွေအာမခံထားသူဦးရေမှာ ၁၃၄,၂၈၅ ဦးရှိပြီး ဝင်ငွေ ကျပ် ၆၆၉ သိန်းကျော်ရခဲ့ကာ လျော်ကြေးအနေဖြင့် သေဆုံးသူခြောက်ဦးအတွက် ကျပ်သိန်း ၃၀ နှင့် ဒဏ်ရာရရှိသူ ၄၃ ဦးအတွက် ကျပ် ၁၆ သိန်း ပေးလျော်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းက မြွေအာမခံကို ၂၀၀၅ ခုနှစ်အတွင်း စတင်ခဲ့ရာ မကွေးတိုင်းမှာ အာမခံထားသူ အများဆုံးဖြစ်ခဲ့ပြီး ယခုအခါ စစ်ကိုင်းတိုင်း၊ မော်လမြိုင်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ စသည့်ဒေသများကလည်း မြွေအာမခံကို ကျယ်ကျယ်ပြန့်ပြန့်ထားရှိလာကြောင်း၊ မကွေးတိုင်းအတွင်း အာမခံထားသူဦးရေ လျော့နည်းသွားရခြင်းမှာ အာမခံသက်တမ်း တစ်နှစ်ပြည့်သွားသည့်အချိန်၌ ထပ်မံ၍ အာမခံသက်တမ်းမတိုးခြင်းကြောင့်သာဖြစ်ကြောင်း၊ မြွေအာမခံထားရှိခြင်း၊ လျော်ကြေးထုတ်ယူခြင်းများကို ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်အာမခံရုံးခွဲများ၌ အလွယ်တကူဆောင်ရွက်နိုင်ကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။

မြွေအာမခံထားမည်ဆိုပါက လူတစ်ဦးလျှင် အာမခံသက်တမ်း တစ်နှစ်အတွက် ပရီမီယံကြေး ၅၀၀ ကျပ် ပေးရမည်ဖြစ်ပြီး အာမခံလျော်ကြေးအနေဖြင့် သေဆုံးသူတစ်ဦးလျှင် ကျပ်ငါးသိန်းနှင့် ဒဏ်ရာရရှိသူတစ်ဦးအတွက် ဆေးဝါးကုသမှုပေါ်မူတည်၍ အာမခံလျော်ကြေးပေးသွားမည်ဖြစ်ကြောင်း၊ မျက်စိတစ်ဖက်ကွယ်သူ၊ ကိုယ်တစ်ခြမ်းအမျိုးမျိုးသေသူအတွက် ကျပ် ၂၅၀,၀၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။

**မီးသတ်ပြုပါ**

# ရေသွယ်ပြီးသည့် ဒဂုံမြို့သစ် အိမ် ခြံ မြေဈေး ရုတ်တရက်မြင့်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းအတွင်းရှိ ဝန်ထမ်းမြို့သစ်မြို့နယ်တစ်ခုဖြစ်သော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် သောက်သုံးရေသွယ်တန်းပေးမှုကြောင့် အိမ် ခြံ မြေရောင်းဝယ်ငှားခြင်းအတွက် ပိုင်ရှင်အသီးသီး၏ သတ်မှတ်ဈေးသည် ရုတ်ချည်းမြင့်တက်သွားသည်ကိုတွေ့မြင်ရကြောင်း ယင်းမြို့နယ်အခြေစိုက် အိမ် ခြံ မြေရောင်းဝယ်ငှား အကျိုးဆောင်များနှင့်မြို့ခံများက ပြောကြားသည်။

ဝန်ထမ်းရပ်ကွက်များနှင့် စီးပွားရေးဇုန်ရှိသော ယင်းမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးစီး၍ ငမိုးရိပ်ရေလှောင်တမံသောက်သုံးရေရရှိရန် ၂၀၀၈ ခုနှစ်အတွင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ သောက်သုံးရေစတင်ဖြန့်ဖြူးပေးခြင်းမရှိသေးသော်လည်း ငွေပေးသွင်း၍ လျှောက်ထားသည့် အိမ်အသီးသီးသို့ ပိုက်လိုင်းသွယ်တန်းထားပြီးဖြစ်ကြောင်း၊ သောက်သုံးရေအတွက် အိမ်ပိုင်ရှင်များက ငွေကြေးစတင်ပေးသွင်းပြီးချိန်မှစ၍ အိမ်ခြံရောင်း/ငှား ဈေးများ တိုးမြင့်သွားခြင်းဖြစ်ကြောင်း ယင်းမြို့နယ် မန္တလေးလမ်းအခြေစိုက်အိမ် ခြံ မြေရောင်းဝယ်ငှား အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

"သိန်း ၅၀ ခေါ်ထားတဲ့သူက ရေလျှောက်ပြီးချိန်မှာ သိန်း ၆၀ ခေါ်တယ်။ ၅၅ လောက်နဲ့အရောင်းအဝယ်ဖြစ်သွားကြတယ်။ အိမ်ပိုင်ရှင်အသီးသီးက သူတို့ရဲ့ရောင်းဈေးကို အရင်သတ်မှတ်ဈေးထက် ကျပ် ခုနစ်သိန်းကနေ ဆယ်သိန်းအထိ ထပ်မြှင့်လိုက်ကြတယ်" ဟု ယင်းမြို့နယ် ကျောင်းလမ်းမှတ်တိုင်အခြေစိုက် အိမ် ခြံ မြေရောင်းဝယ်ငှားလုပ်ငန်းတစ်ခုမှ အကျိုးဆောင်တစ်ဦးက ဆိုသည်။

အလားတူ လုံးချင်းအိမ်များသာ ငှားရမ်းမှုရှိသော ယင်းမြို့နယ်တွင် အိမ်ငှားရမ်းခများသည်လည်း ကျပ်ငါးထောင်ခန့် တိုးမြှင့်သတ်မှတ်လိုက်ကြကြောင်း အကျိုးဆောင်များနှင့် အိမ်ငှားရမ်းနေထိုင်သူအချို့ထံမှသိရသည်။

"ဒီလကုန် (ဇန်နဝါရီလ) ဆို တစ်လကျပ်နှစ်သောင်းခွဲနဲ့စာချုပ်ပြောင်းချုပ်ရမယ်။ အရင်က နှစ်သောင်းနဲ့ငှားထားတာ" ဟု ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၈) ရပ်ကွက် လင်ပင်းလမ်းတွင် ငှားရမ်းနေထိုင်သော မိသားစုတစ်စု၏ အိမ်ထောင်ဦးစီးဖြစ်သူက ဆိုသည်။

၎င်းတို့အိမ်ပိုင်ရှင်က ငမိုးရိပ်ရေရရှိရန် ငွေသွင်းလျှောက်ထားကြောင်း၊ အိမ်သို့ ပိုက်သွယ်တန်းပြီးနောက် အိမ်ငှားရမ်းခတိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း အထက်ပါအိမ်ထောင်ဦးစီးက ဆက်လက်ပြောကြားသည်။

အထက်ပါအတိုင်း အိမ် ခြံရောင်းဈေးများတိုးမြှင့်လိုက်ခြင်းကြောင့် ဝယ်လိုသူများအနည်းငယ်တုံ့ဆိုင်းသွားကြသော်လည်း ငှားရမ်းနေထိုင်သူများမှာ တိုးလိုက်သော ငှားရမ်းခအတိုင်း စာချုပ်ချုပ်ဆိုနေထိုင်လိုကြသည်ကို များစွာတွေ့ရကြောင်း (၇/၈) လမ်းဆုံအခြေစိုက် အိမ် ခြံ မြေဝယ်ရောင်းငှားအကျိုးဆောင်လုပ်ငန်းတစ်ခုထံမှ သိရသည်။

"ဒီမှာက ရေဝယ်သုံးကြရတာများတယ်။ အခုဒီရေဖိုးနဲ့ချိန်ပြီး ဆက်ငှားကြတာပါ" ဟု အထက်ပါအကျိုးဆောင်လုပ်ငန်းတည်ထောင်ထားသည့် ဒဂုံမြို့သစ် (မြောက်ပိုင်း) ဒေသခံအမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်း ရေပိုက်လိုင်းသွယ်ပြီးသော အိမ်များ၏ ရောင်းဝယ်ငှားဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်နေသော်လည်း ရေလျှောက်ထားသည့် အိမ် ခြံ မြေများ၏ဈေးနှုန်းမှာ ယခင်ခေါ်ဆိုထားသော ဈေးနှုန်းအတိုင်းသာဖြစ်ကြောင်း အထက်ပါအကျိုးဆောင်အမျိုးသမီးက ထပ်လောင်းပြောကြားသည်။

**စိုင်းအောင်**

# ဈေးကွက်အခြေအနေသုံးသပ်၍ ရော်ဘာစိမ်းပြန်လည်ထုတ်လုပ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

ပြည်တွင်းရော်ဘာစိမ်းဈေးကွက်တွင် ဈေးနှုန်းကျဆင်းခဲ့ခြင်းကြောင့် ရော်ဘာစိမ်းထုတ်လုပ်သူများသည် ရော်ဘာစိမ်းထုတ်လုပ်မှု လျှော့ချခဲ့သော်လည်း ဈေးကွက်အတွင်း ရော်ဘာစိမ်းလိုအပ်ချက်အချို့ရှိလာခြင်းကြောင့် အခြေအနေကိုသုံးသပ်ကာ ထုတ်လုပ်သင့်သလောက် ပြန်လည်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်အခြေစိုက် ရော်ဘာကုန်သည်များနှင့် မွန်ပြည်နယ်မှ ရော်ဘာထုတ်လုပ်သူများက ပြောကြားသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလမှစ၍ ပြည်တွင်းရော်ဘာဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းခဲ့ရာ ရော်ဘာကုန်ကြမ်းအသုံးပြုလုပ်ငန်းများသည် အလုံးအရင်းဖြင့် ဝယ်ယူခဲ့ကြကြောင်း၊ ယင်းကဲ့သို့ဝယ်ယူခဲ့ကြခြင်းကြောင့် အချို့သော ရော်ဘာကုန်သည်များထံတွင် ရော်ဘာများပြတ်သ

လောက်ဖြစ်ခဲ့ကြောင်း ယင်းအခြေအနေကို ရော်ဘာစိမ်းထုတ်လုပ်သူများက စောင့်ကြည့်နေပြီး ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်ရန် စိုင်းပြင်းလာကြခြင်းဖြစ်ကြောင်း မွန်ပြည်နယ် ရော်ဘာစိမ်းထုတ်လုပ်သူများနှင့် ချိတ်ဆက်လုပ်ကိုင်နေသည့် ဘုရင့်နောင်ပွဲရုံ အာသောကလမ်းအခြေစိုက် ရော်ဘာမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းတစ်ခု၏တာဝန်ခံဖြစ်သူက ပြောကြားသည်။

"ထုတ်လုပ်မယ်ဆိုတာက ရန်ကုန်က ကုန်သည်တွေ ဘယ်လောက်မှာမလဲ။ ပမာဏကိုကြိုတင်သိထားပြီးမှ ထုတ်ပေးမှာပါ။ အရင်လို ခြံလုံးပြတ် ရော်ဘာထုတ်လုပ်တာမျိုးတော့ မဟုတ်ပါဘူး" ဟု အထက်ပါ ရော်ဘာရောင်းဝယ်ရေးသို့ရောက်ရှိနေသော မွန်ပြည်နယ်သား ရော်ဘာကုန်သည်တစ်ဦးက ဆိုသည်။

"ခြံအတွက် ကုန်ကျစရိတ်အပြင် တခြားကုန်ကျစရိတ်တွေအတွက် ရော်ဘာကိုတော့ ထုတ်ရောင်းရမှာပါ။ ဒါပေမဲ့ ကုန်သည် ဘယ်လောက်ယူမလဲဆိုတာသိပြီးမှ ထုတ်မယ်" ဟု မွန်ပြည်နယ် ကျိုက္ကော်ကျေးရွာအခြေစိုက် ရော်ဘာခြံပိုင်ရှင် ဦးသိန်းဆင့်က Living Color ၏ ဆက်သွယ်မေးမြန်းခြင်းကို ပြောကြားသည်။

ရော်ဘာပိုင်ရှင်များ၏ ရော်ဘာထုတ်လုပ်ခြင်းသည် ပြည်တွင်းဈေးကွက်အတွက် သီးသန့်ဖြစ်လာပြီး တရုတ်နှင့် ထိုင်းသို့တင်ပို့မည့် ရော်ဘာထုတ်လုပ်အားကိုမူ ဝယ်လိုအားနှင့် ဈေးနှုန်းအခြေအနေသုံးသပ်ပြီးမှသာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့အခြေစိုက် ရော်ဘာကုန်သည်များက သုံးသပ်ပြောကြားသည်။


"ပြည်ပ (ထိုင်း၊ တရုတ်) ဝယ်လိုအားကျနေတယ်ဆိုပေမယ့် ပြည်တွင်းမှာကတော့ ပုံမှန်အဝယ်ရှိနေနိုင်တယ်။ ဒါပေမဲ့ ပမာဏကနည်းတယ်။ ရော်ဘာစိမ်း ထုတ်လုပ်သူတွေအနေနဲ့ ဈေးကွက်ပျောက်သွားတာမျိုးမရှိသေးပါဘူး။ အခုလိုအချိန်မှာတော့ ရှိတဲ့ဈေးကွက်ကို ထိန်းထားဖို့လိုပါတယ်" ဟု ရော်ဘာကုန်သည်ကြီးတစ်ဦးက ထပ်လောင်းပြောကြားသည်။

ရော်ဘာစိမ်းနှင့်ပတ်သက်၍ ဝယ်လိုအားအကောင်းဆုံးဖြစ်သော တရုတ်ဈေးကွက်တွင် အဝယ်ပျောက်သော အခြေအနေမျိုးဆက်လက်ရှိနေသည်ဟု မူဆယ် (၁၀၅) မိုင်အခြေစိုက် လုပ်ကိုင်နေသော နယ်စပ်ကုန်သည်ကြီးတစ်ဦးထံမှသိရသည်။

# အေးမြသည့်လေပြင်းများတိုက်ခတ်သည့်ကြားမှ တက္ကသိုလ်ခြေလျင် တောင်တက်အဖွဲ့ စာရာမေတီတောင်ထိပ်တက်ရောက်နိုင်

**သတင်းဆောင်းပါး – နွယ်နွယ်၊ ဓာတ်ပုံ – အောင်မျိုး(တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်း)၊ ၁၁–၂–၂၀၀၉**

**တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ လေအေးစီးကြောင်းများဝင်ရောက်လာမှုနှင့် လာနီညာရာသီဥတုနှင့် နီးကပ်နေမှုတို့ကြောင့် မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၃၀ အတွင်း မကြုံစဖူး အပူချိန်များ သိသိသာသာကျဆင်းခဲ့သော ဆောင်းရာသီတွင် စစ်ကိုင်းတိုင်း၏အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၅၅၃ ပေမြင့်မားသော စာရာမေတီတောင်ထိပ်သို့ တစ်နာရီလျှင် မိုင် ၅၀ ခန့် လေအေးများတိုက်ခတ်နေသည့်ကြားမှ အဖွဲ့ဝင်စုစုပေါင်း ၂၂ ဦးပါဝင်သည့် တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အဖွဲ့သည် ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက်တွင် အောင်မြင်စွာ တက်ရောက်ခဲ့ကာ နိုင်ငံတော်အလံနှင့် အသင်းအလံတို့ကို စိုက်ထူခဲ့သည်။**



နာဂတောင်တန်းဟုခေါ်သော ပတ်ကွိုင်တောင်တန်းရှိ စာရာမေတီရေခဲတောင်သို့တက်ရောက်ရန်အတွက် အဆိုပါလက်ရွေးစင်တောင်တက်အဖွဲ့သည် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းအနေဖြင့် စာရာမေတီရေခဲတောင်ကို ပထမအကြိမ်တက်ရောက်ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်ရှိတောင်များက စာရာမေတီတောင်ထက် ပိုမိုမြင့်မားသော်လည်း စာရာမေတီကဲ့သို့ တက်ရောက်ရမခက်ခဲကြောင်း၊ စာရာမေတီတောင်မှာမူ ကချင်ပြည်နယ်ရှိ တောင်များကဲ့သို့ တောင်စဉ်တောင်တန်းမဟုတ်ဘဲ တောင်ပြတ်နှင့် ဆင်ခြေလျှောများပြားကာ ၈၀ ဒီဂရီခန့် မတ်စောက်ကြောင်း၊ ဒေသခံ နာဂတိုင်းရင်းသားများက စောက်ထိုးမိုးမျှော်တောင်ဟုခေါ်ကြကြောင်း အဖွဲ့ခေါင်းဆောင်အဖြစ်လိုက်ပါခဲ့သူ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောကြားသည်။

"တောင်ထိပ်ရောက်တဲ့အချိန် ကံအားလျော်စွာ နေပွင့်ပါတယ်။ ဒါပေမဲ့




အအေးလှိုင်းကျနေပြီး တစ်နာရီ မိုင် ၅၀ လောက်နှုန်းနဲ့ လေပြင်းတွေ တိုက်နေတယ်။ တောင်ထိပ်ကို မနက် ၉ နာရီခွဲမှ ရောက်ပါတယ်”ဟု ဦးမျိုးသန့်က ၎င်းတို့ တောင်ထိပ်ရောက်ချိန်တွင် အအေးလှိုင်း ကျရောက်နေပုံကို ရှင်းပြသည်။

ဒီဇင်ဘာလတွင် ရေခဲပြီး အရည်ပျော်ကျသွားသည့်အတွက် တောင်ပေါ်တွင် ရေခဲများကို အချပ်လိုက် မမြင်တွေ့ရတော့ကြောင်း၊ တောင်ထိပ်တိုင်းသည် ဧရိယာကျယ်ဝန်းလှေမရှိသော်လည်း အဆိုပါစာရာမေတိတောင်ထိပ်သည် ဘောလုံးကွင်းတစ်ကွင်းစာခန့်ဧရိယာကျယ်ဝန်းကြောင်း၊ ကချင်ပြည်နယ်သည် လတ္တီတွဒ်မြင့်၍ ပေ ၈၀၀၀ ဆိုလျှင် ရေခဲကျကြောင်း၊ စာရာမေတိသည် လတ္တီတွဒ်နိမ့်၍ ကချင်ပြည်နယ်ကဲ့သို့ ရေခဲမထူထပ်သော်လည်း အပူချိန်ပိုနိမ့်ကာ ပိုမိုအေးမြကြောင်း အဖွဲ့အုပ်ချုပ်သူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းဉက္ကဋ္ဌ ဒေါ်နီနီအေးကဆိုသည်။

“အရင်တက်ဖူးတဲ့ရေခဲတောင်တွေက ချမ်းပြီး အေးတာလောက်ပဲရှိတယ်။ စာရာမေတိက လေပါပါတယ်။ ပိန်တဲ့သူဆို တောင်ထိပ်ပေါ်မှာ တစ်နာရီ မိုင် ၅၀ တိုက်နေတဲ့လေပြင်းအားနဲ့ ပါသွားနိုင်တယ်။ လေတိုက်တာနဲ့ အေးတာ နှစ်မျိုးလုံးကို ခံစားရပါတယ်” ဟု ၎င်းကပြောသည်။ “တောင်ထိပ်ရောက်ချင်လို့ ခက်ခက်ခဲခဲနဲ့ တက်ရတယ်။ ပြန်ဆင်းရမှာကိုတောင် နှမြောစရာကြီးလို့ ခံစားရပါတယ်။ မထင်ရအောင်လည်း စိတ်အားတက်ကြွပါတယ်” ဟု ခြေလျင်တောင်တက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မဟံသာထွန်းလှကြိုင်က ဆိုသည်။

“မဒွယ်နဲ့ ဖုန်ကန်ရာဇီ နှစ်ခေါက်လောက်တက်ထားပေမယ့် ပင်ပန်းပုံက မတူပါဘူး။ ဒီခရီးကတော့ အပင်ပန်းဆုံးပါပဲ။ ခရီးစဉ်တစ်ခုလုံးနီးပါး တက်နေ ဆင်းနေရတယ်” ဟု စာရာမေတိရေခဲတောင်တက်ခရီးစဉ်အတွက် အကောင်းဆုံး တောင်တက်သမားဆုရရှိခဲ့သည့် ကိုပြည့်ဖြိုးအောင် (ဒဂုံတက္ကသိုလ်) က ပြောကြားသည်။

စာရာမေတိရေခဲတောင်ထိပ်ကို တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းအနေဖြင့် ပထမဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ခြောက်ဖွဲ့မြောက်တက်ရောက်ခြင်းလည်းဖြစ်ကြောင်း၊ ပထမအကြိမ်

# ငါးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်တမ်းကောက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ငါးမွေးမြူရေးလုပ်ငန်းများ၏ ငါးမွေးမြူထုတ်လုပ်နေမှုအခြေအနေမှန်များကိုသိရှိနိုင်ရန် ကွင်းဆင်းစစ်တမ်းကောက်ယူမှုများကို ၂၀၀၉ ခုနှစ်ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ စစ်တမ်းကောက်ယူမှုများကို ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးချင်းစီသို့ သွားရောက်၍ စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း စစ်တမ်းကောက်ယူမှုများကို ၂၀၀၉ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဟု အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းသို့ ပြည်နယ်နှင့်တိုင်းများအရောက် စစ်တမ်းကောက်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ ၃၃ ဦးတို့ကို ငါးမွေးမြူရေးလုပ်ငန်းစစ်တမ်းကောက်ယူရေးအဖွဲ့များအဖြစ် ဖွဲ့စည်းတာဝန်ပေးပြီးဖြစ်ကြောင်း အသင်းက ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ထုတ်ဝေသည့် မြန်မာ့ငါးသတင်းလွှာဖော်ပြချက်များအရ သိရသည်။

မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များမှာ အလွန်အားနည်းလျက်ရှိကြောင်း၊ ယခုအချိန်တွင် ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ စစ်တမ်းကောက်ယူရေးမှာ မဖြစ်မနေဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့်စာရင်းအင်းကိန်းဂဏန်းအမှန်များရရှိနိုင်မှသာ ဈေးကွက်လိုအပ်ချက်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရေးကို ဦးဆောင်ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးငွေရရှိရေးတို့ကိုလည်း မှန်မှန်ကန်ကန်တွက်ချက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ယင်းကဲ့သို့ စစ်တမ်းများကောက်ယူရခြင်းဖြစ်ကြောင်း ယင်းသတင်းဖော်ပြချက်အရ သိရသည်။

**မိုးခိုင်**

အဖြစ် ၁၉၅၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ်မှ ရက္ခဗေဒပညာရှင် Dr.Estes နှင့် သတ္တဗေဒပညာရှင် Mr. Milton တို့ပါဝင်သည့် သုတေသီအဖွဲ့ကလည်းကောင်း၊ ဒုတိယအဖွဲ့အဖြစ် အောင်နယ်နိမိတ်စစ်ဆင်ရေးအဖွဲ့ကလည်းကောင်း၊ တတိယအဖွဲ့အဖြစ် မြေတိုင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးလှအောင် ဦးဆောင်သည့် နယ်ခြားမှတ်တိုင်စိုက်ထူသည့်အဖွဲ့ကလည်းကောင်း၊ စတုတ္ထအဖွဲ့အဖြစ် ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာပိုင်စိုးဦးဆောင်သည့်အဖွဲ့ကလည်းကောင်း၊ ပဥ္စမအဖွဲ့အဖြစ် ၂၀၀၅ ခုနှစ်တွင် ခန္တီးခရိုင် ခရကဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့ကလည်းကောင်း အသီးသီး တက်ရောက်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။

"အခုလို တောင်တက်ခရီးစဉ်ကို လိုက်ပါနိုင်ဖို့အတွက် မိုးရာသီကုန်တဲ့အောက်တိုဘာလကတည်းက လမ်းလျှောက်လေ့ကျင့်စေခဲ့ပါတယ်။ တစ်ပတ်ကိုလေးရက် စနေ၊ တနင်္ဂနွေအပါအဝင် ရန်ကုန်တက္ကသိုလ်ကနေ မနက်တိုင်းပုံမှန်လမ်းလျှောက်လေ့ကျင့်ပါတယ်။ တစ်ပတ်နဲ့တစ်ပတ် နေရာနဲ့ခရီးအကွာအဝေးမတူအောင်လေ့ကျင့်ပေးပါတယ်။ ဒီကြားထဲမှာလည်း ငါးဆူတောင်၊ ဝေပုလ္လတောင်နဲ့ ကျိုက်ထီးရိုးတောင်တွေကို သွားရောက်လေ့ကျင့်ခဲ့ကြတယ်။ ခရီးထွက်ခါနီးတစ်ရက်မှာ ရန်ကုန်တက္ကသိုလ်ကနေ မိုင် ၂၀ ကျော်ဝေးတဲ့ လှော်ကားဥယျာဉ်အထိ ခရီးရှည်လမ်းလျှောက်လေ့ကျင့်ခဲ့တယ်။ အဲဒီထဲကမှ Training မှန်တဲ့သူတွေကို စိစစ်ပြီးခေါ်ပါတယ်။ မရောက်ဖူးတဲ့ ရေခဲတောင်မို့လို့ အားလုံးလိုလိုလိုက်ချင်ကြပေမယ့် ခရီးကကြမ်းတမ်းတဲ့အတွက် Training လည်းမှန်ရမယ်၊ စိတ်ဓာတ်လည်းကြံ့ခိုင်ရမယ်၊ အများအကျိုးလည်း သယ်ပိုးချင်စိတ်ရှိတဲ့သူတွေကိုရွေးခေါ်ခဲ့တာပါ"ဟု ဒေါ်နီနီအေးက ရှင်းပြသည်။





၁၉၅၉ ခုနှစ် ပထမဦးဆုံးအဖွဲ့တက်ရောက်ခဲ့ချိန်မှ နှစ်ပေါင်း ၅၀ အကြာတွင် ထပ်မံတက်ရောက်နိုင်ခဲ့သည့်အတွက် ရွှေရတုအထိမ်းအမှတ်ဟုဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ကို တည်ထောင်ခဲ့သူနှင့် ပထမဦးဆုံးဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှအောင်က စာရာမေတိတောင်သို့တက်ပြီးမှသာ တောင်တက်သမားပီသမည်ဟုဆိုသည့်အတွက် တစ်ခါမျှမတက်ဖူးသေးသည့် စာရာမေတိတောင်ကို ယခုနှစ်အတွက် ရွေးချယ်တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဦးမျိုးသန့်က ပြောကြားသည်။

"ခရီးစဉ်တစ်လျှောက်မှာ တန်ကွန်နာဂ၊ မကူရီနာဂနဲ့ ပါရာနာဂဆိုတဲ့ နာဂမျိုးနွယ်သုံးစုနဲ့ရင်းနှီးခဲ့ရတယ်။ လေရှီးတစ်မြို့နယ်လုံးမှာ လူဦးရေ ၁၉,၃၈၄ ယောက်ရှိတဲ့အထဲက ခရစ်ယာန်ဘာသာကိုးကွယ်တဲ့သူ ၁၆,၀၆၈ ယောက်၊ ဗုဒ္ဓဘာသာကိုးကွယ်တဲ့သူ ၃,၃၁၆ ယောက်နဲ့ နတ်ကိုးကွယ်တဲ့သူ ၆၄၀ ရှိတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါတောင်တက်အဖွဲ့တွင် အမျိုးသမီးခုနစ်ဦးနှင့် အမျိုးသား ၁၅ ဦး လိုက်ပါခဲ့ကြပြီး တက္ကသိုလ်အသီးသီးမှ အသင်းဝင်ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၁၈ ဦးနှင့် လေရှီးမြို့နယ်မှတာ ဝန်ရှိသူများ ပါဝင်ခဲ့ကြသည်။ တောင်တက်ခရီးစဉ်တစ်လျှောက်တွင် အခြေခံပညာကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများအား စုစုပေါင်း အလှူငွေကျပ် ၁၀ သိန်းကျော် လှူဒါန်းခဲ့ကြပြီး တက္ကသိုလ်ဆရာ ဆရာမများက လေရှီးမြို့နယ် အ.ထ.ကတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား စာမေးပွဲဖြေဆိုနည်းများကို လမ်းညွှန်ပို့ချပေးခဲ့သည်။ စာရာမေတိ ရေခဲတောင်တက်အဖွဲ့သည် ၂၆ ရက်ကြာခရီးစဉ်အပြီး ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

■





# ကျိုက်မှော်ဝန်းဘုရား ရွှေဆိုင်းများသာ ကပ်လှူမည်

**ကျောက်တန်း၊ ဖေဖော်ဝါရီ ၄**

ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်းရေလယ်ဘုရားကို ရှေးမြန်မာမှုလက်ရာများမပျောက်ပျက်စေရန်အတွက် ရွှေစင်၊ ရွှေပြားများ ကပ်လှူပူဇော်ခြင်းမရှိဘဲ ရွှေဆိုင်းများသာ ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း ယင်းဘုရားဂေါပကအဖွဲ့မှ ရွှေတာဝန်ခံ ဦးလှမြင့်က ပြောကြားသည်။

ကျိုက်မှော်ဝန်းရေလယ်ဘုရားသည် သာသနာနှစ် ၂၁၅ ခုနှစ်တွင် ဘောဂသေနမင်းက ဆရာရသေ့ပေးအပ်လာသော ဘုရားရှင်၏ဆံတော်နှင့် ဓာတ်တော်များကို ဌာပနာ၍ သာသနာသက္ကရာဇ် ၂၃၈ ခုနှစ်၌ ဉာဏ်တော် ခုနစ်တောင်ရှိသော ကျိုက်မျှော်ကဥ္စေ့စေတီတော်ကို စတင်တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဘောဂသေနမင်းမှ (၁၀) ဆက်မြောက်မင်းဖြစ်သော တွတ္တနာဂမင်းကြီးလက်ထက်တွင် သီဟိုဠ်ဘုရင်ထံမှ လက်ဆောင်ပဏ္ဏာအဖြစ်ရရှိသော ဆံတော်တစ်ဆူ၊ ဓာတ်တော် ၂၇ ဆူကို ရွှေကြုတ်၊ ငွေကြုတ်တွင်ထည့်ကာ သီရိလင်္ကာမှကြွရောက်လာသော ရဟန္တာအရှင်သူမြတ်ရှစ်ပါး မိန့်ကြားချက်နှင့်အညီ မူလကျိုက်မျှော်ကဥ္စေ့စေတီတော်တွင် ထပ်မံဌာပနာ၍ ပြုပြင်တည်ဆောက်ခဲ့သော သမိုင်းဝင်စေတီတော်ဖြစ်သဖြင့် အဆိုပါ ရှေးမှုလက်ရာများပျက်စီးမှုမရှိစေရန် ရွှေဆိုင်းများသာ ကပ်လှူပူဇော်ခြင်းဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်ကဲ့သို့ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ပါက စေတီတော်၏ကိုယ်လုံးတော်တွင် မူလီဖြင့် တပ်ဆင်ရမည်ဖြစ်ရာ ရှေးမှုလက်ရာများ ပျက်စီးနိုင်ပြီး မြန်မာမှုလက်ရာများ ပျောက်ပျက်သွားနိုင်သဖြင့် ရွှေဆိုင်းများဖြင့်သာ ကပ်လှူရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

စေတီတော်အား လှူဒါန်းလိုသူများအနေဖြင့် နှစ်လက်မပတ်လည် ရွှေဆိုင်း အပြား ၁၀၀ လျှင် ၂၆,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ တစ်ပေပတ်လည်စကျင်ကျောက်တစ်ချပ်လျှင် ၂၅၀ ကျပ်ဖြင့်လည်းကောင်း၊ ၁၂" × ၆" စကျင်ကျောက်တစ်ချပ်လျှင် ၁၅၀ ကျပ်၊ ၆" × ၆" စကျင်ကျောက်တစ်ချပ်လျှင် ၁၀၀ ကျပ်ဖြင့်လည်းကောင်း ကျိုက်မှော်ဝန်းရေလယ်ဘုရား ဂေါပကအဖွဲ့ ၀၅၆-၂၅၀၅၇ သို့ဆက်သွယ်လှူဒါန်းကြောင်း ဂေါပကရုံးအဖွဲ့မှူး ဦးခင်မောင်ထွန်းက ဆိုသည်။

■


# ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ပြည်ပသို့တင်ပို့မည်


**ရန်ကုန်၊ ဇန်နဝါရီ ၆**

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ချောက်မြို့နယ်မှထုတ်လုပ်သော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ($H_2O_2$) ကို အာရှနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဓာတုဗေဒပစ္စည်းစက်ရုံမှ အလုပ်ရုံမှူးတစ်ဦးက ပြောကြားသည်။

စက္ကူပျော့ဖတ်လုပ်ငန်းများ၊ ချည်မျှင်နှင့်အထည်လုပ်ငန်းများတွင် အရောင်ချွတ်ခြင်း၊ ဓာတုဗေဒလုပ်ငန်း၊ ခန္ဓာကိုယ်သန့်စင်ထိန်းသိမ်းခြင်း၊ အိမ်တွင်းသန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ ဆာလဖာဒြပ်ပေါင်းများကို ဖော်ထုတ်ခြင်း၊ သတ္တုသန့်စင်ခြင်းနှင့် အီလက်ထရွန် ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် အသုံးပြုသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ($H_2O_2$) ကို ယခုနှစ်အတွင်း အာရှနိုင်ငံများသို့ တန်ချိန် ၁၀၀ ကျော် တင်ပို့ရောင်းချမည်ဖြစ်ကြောင်း၊ အဆိုပါ $H_2O_2$ ကို ပြည်ပနိုင်ငံများသို့ ၂၀၀၈ ခုနှစ်အတွင်း စတင်တင်ပို့ခဲ့ရာမှ ထည့်သွင်းသောကော်ပုံးများကြံ့ခိုင်မှုမရှိသောကြောင့် ယာယီတင်ပို့မှုရပ်ဆိုင်းခဲ့ပြီး ယခု ၂၀၀၉ ခုနှစ်အတွင်း ပြန်လည်ပြင်ဆင်၍ အာရှနိုင်ငံများသို့ ထပ်မံတင်ပို့မည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ၁၀၀၀ ကီလိုဂရမ်ပါ တစ်တန်လျှင် ပုံးပါ ၄၉၁,၂၆၀ ကျပ်နှင့် ပုံးမပါ ၃၄၆,၂၆၀ ကျပ် ပေါက်ဈေးရှိကြောင်း ၎င်းက ဆိုသည်။





ပြည်တွင်းရှိ ဝင်းသူဇာအရောင်းဆိုင်များတွင် ရောင်းချသော နှစ်လီတာ တစ်ဘူးလျှင် ၅၂၀ ကျပ်သတ်မှတ်ထားပြီး ယင်းဘူးသည် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ၃ ရာခိုင်နှုန်းပါဝင်ကြောင်း၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများ ပိုးမွှားကင်းစင်ရန် ဆေးကြောခြင်း၊ တင်းတိပ်၊ ဝက်ခြံ၊ ပွေး၊ ညှင်းများ ပျောက်ကင်းနိုင်ခြင်း၊ စားသောက်ဆိုင်များ၊ စည်သွတ်ဘူးစက်ရုံများ၌ သုံးစွဲ/ ထုပ်ပိုးကိရိယာများ ပိုးမွှားသန့်စင်ရန် ဆေးကြောခြင်း၊ သွားနှင့် ခံတွင်းရောဂါကင်းစင်ရန် ဆေးကြောခြင်း စသည်တို့ကို ဟိုဒရိုဂျင်ပါအောက်ဆိုဒ် သုံးခိုင်နှုန်းကိုသာ သုံးစွဲရကြောင်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ၅၀ ရာခိုင်နှုန်းကို ချည်မျှင်နှင့်အထည်လုပ်ငန်းများ၊ စက္ကူပျော့ဖတ်များတွင် အရောင်ချွတ်ခြင်း စသော လုပ်ငန်းများတွင်သာ သုံးစွဲရကြောင်း၊ အာရှ နိုင်ငံများသို့ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ၅၀ ရာခိုင်နှုန်းကိုသာ တင်ပို့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လှိုင်မြို့နယ်အတွင်းရှိ ဝင်းသူဇာအရောင်းဆိုင်၌ အဆိုပါ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် အချိန်ကြာမြင့်စွာ ရောင်းချနေသော်လည်း တွင်တွင်ကျယ်ကျယ် သုံးစွဲမှုနည်းပါးနေကြောင်း၊ $H_2O_2$ သုံးရာခိုင်နှုန်း တစ်ဂါလန်သည် ရေဂါလန် ၂၀၀၀ တွင်ပါရှိသော ဘက်တီးရီးယားများကို သေစေနိုင်ကြောင်း အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှ စမ်းသပ်တွေ့ရှိရသည်ဟု ဝင်းသူဇာအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ပါဝင်မှုရာခိုင်နှုန်း ပိုမိုများပြားပါက ၅၀ ရာခိုင်နှုန်းကသာ လူ၏အသားအရေနှင့် မျက်စိ စသည်တို့ကို အန္တရာယ်ရှိစေနိုင်ပြီး မျက်စိအတွင်းဝင်ရောက်မိလျှင် သို့မဟုတ် သောက်သုံးမိလျှင် ရေများများနှင့် ဆေးချနိုင်ကြောင်း အဆိုပါစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

# WRTC ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာပေဆုချီးမြှင့်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ၌ ရေနှင့်စပ်လျဉ်း၍ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Water, Research and Training Center (WRTC) က သုတေသနလုပ်ငန်းများအတွက် နှစ်စဉ် WRTC Young Researcher Award ဆုကို ထောက်ပံ့ချီးမြှင့်လျက်ရှိရာ ယခုနှစ်မှစတင်ပြီး ရေနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာပေဆုကို ပထမဦးဆုံးအကြိမ်အဖြစ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါစင်တာမှ တာဝန်ရှိသူတစ်ဦးဖြစ် သူဒေါ်ဇင်မာအောင်က ပြောကြားသည်။

မြန်မာနိုင်ငံ စဥ့်အသင်း၏စီစဉ်မှုဖြင့် ရန်ကုန်မြို့ Sedona ဟိုတယ်၌ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ကျင်းပသော Water Sector in Myanmar: Strengthening Partnership for the Integration of Social, Economics and Environment ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် WRTC Roles in Streng- thening Partnership for Water Sector in Myanmar ခေါင်းစဉ်ဖြင့်တင်ပြဆွေးနွေးရင်း အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ WRTC အနေဖြင့် ထူးချွန်သည့် သုတေသနစာတမ်းရှင်လူငယ်များကို ထောက်ပံ့သည့်အနေဖြင့် နှစ်စဉ် WRTC Young Researcher Award ကို ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုနှစ် ၂၀၀၉ ခုနှစ်အတွက်ဆုကို ဒေါ်ဝင့်ဝင့်ထွန်းကရရှိခဲ့ကြောင်း၊ ဆုကြေးတန်ဖိုးမှာ ကျပ်တစ်သိန်းသတ်မှတ်ထားကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၌ထုတ်ဝေနေသည့် တစ်စောင်တည်းသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမဂ္ဂဇင်းဖြစ်သည့် အောင်ပင်လယ်မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြထားသည့် စာပေနှင့် ဆောင်းပါးများကိုရွေးချယ်ပြီး 'Best Article of the Year Award' ဆုကို နှစ်စဉ်စာဆိုတော်နေ့တိုင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်နှင့်စပ်လျဉ်း၍ ပထမဦးဆုံးချီးမြှင့်သည့်စာပေဆုကို ထွန်းဖောင်းဒေးရှင်းဘဏ်က ဖေဖော်ဝါရီလ ၂ ရက်တွင်ကျင်းပသော တတိယအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၀၈ ခုနှစ်) ချီးမြှင့်သည့်အခမ်းအနားတွင်ပေးအပ်ချီးမြှင့်ခဲ့ရာ စာရေးဆရာမဂျူး ရေးသားသော 'ကျွန်မချစ်သောကမ္ဘာမြေ' စာအုပ်က ဆွတ်ခူးရရှိခဲ့သည်။

ကမ္ဘာ့ရေသယံဇာတ မိတ်ဖက်သဟာရအဖွဲ့ကြီး (Global Water Partnership - GWP) ၏ အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုဖြစ်သော WRTC ကို ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံကိန်းလုပ်ငန်းများ (WASH)၊ သုတေသနလုပ်ငန်းများ၊ အကြံဉာဏ်ပေးခြင်းနှင့် ပညာပေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် GWP အဖွဲ့ကြီး၏ မြန်မာနိုင်ငံကိုယ်စားပြု Country Water Partnership ဖြစ်သော Myanmar Water Partnership (MmWP) ကို ဖွဲ့စည်းတည်ထောင်နိုင်ရန် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း WRTC မှ စုံစမ်းသိရှိရသည်။



# ရွှေတိဂုံစေတီကြာမောက်ကြာလှန် အကြီးစားပြင်ဆင်မှုပြီးစီး

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ အားအနည်းဆုံးအပိုင်းဖြစ်သည့် ကြာမောက်ကြာလှန်အပိုင်းကို ဦးစားပေးပြုပြင်ခဲ့ရာ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် အင်ဂျင်နီယာပိုင်းဆိုင်ရာပြုပြင်မှုများအားလုံး ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရွှေတိဂုံစေတီ ကိုယ်လုံးတော်ကြံ့ခိုင်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဘရွှေက ပြောကြားသည်။

၂၀၀၈ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထီးတော်၊ ငှက်ပျောဖူးများ မပျက်စီးခဲ့သော်လည်း ငှက်ပျောဖူးအောက်ခြေရှိ အပိုင်းတွင် အားနည်းမှု အများဆုံးတွေ့ခဲ့ရကြောင်း၊ ထီးတော်၏အလေးချိန်သည် ဖိအားနည်းပါးသော်လည်း တန်ချိန် ၂၀၀ ရှိသော ငှက်ပျောဖူးတော်၏အလေးချိန်ကို ထိန်းထားရသောအပိုင်းဖြစ်သောကြောင့် အကောင်းဆုံးဖြစ်စေရန် စီစဉ်ခဲ့ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အမှုဆောင် ဦးစောထွေးဇော်က ဇန်နဝါရီလ ၇ ရက်နှင့် ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် အဆိုပါအသင်း၏ ညီလာခံတွင် Structural and Strengthening of Shwe Dagon Pagoda ခေါင်းစဉ်ဖြင့် ဖတ်ကြားသောစာတမ်းတွင် ထည့်သွင်းပြောကြားသည်။

"ပြင်ဆင်မှုစတော့ ရွှဲလုံးကို ၁၆ လုံး ပဲရှိမယ်မှန်းထားတာ။ တကယ်တမ်းရှိတာ ၁၉ လုံးရှိတယ်။ ဆွေးနွေးရင်း Carbon Fiber ထည့်တာ ပိုစိတ်ချရတယ်ဆိုပြီး အမျိုးမျိုးစမ်းသပ်ပြီး Carbon Fiber ပါ အားဖြည့်ထည့်ထားတယ်" ဟု ၎င်းက ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် ငှက်ပျောဖူးတော်၏ ရွှေသင်္ကန်းရွှေပြား ၃၅ ရာခိုင်နှုန်းမှာ လွင့်ထွက်သွားခဲ့ကြောင်း၊ ပြင်ဆင်မှုအပိုင်းတွင် ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ရာ ကုမ္ပဏီအချို့က Carbon Fiber သုံးရန် အကြံပေးခဲ့ကြောင်း၊ ယင်းနည်းပညာကို နိုင်ငံခြားတွင် အသုံးပြုနေသည့် ကာလမှာ ၁၀ နှစ်မှ ၁၅ နှစ်ခန့်သာရှိသေးသောကြောင့် ဘိလပ်မြေအိတ်များတင်ဆောင်၍ စမ်းသပ်ခဲ့ကြောင်းနှင့် မူလအတိုင်းအပြင် အဆိုပါ Carbon Fiber ကိုပါ ထည့်သွင်းအသုံးပြုခဲ့ကြောင်း မြန်မာအင်ဂျင်နီယာအသင်း၏ လုပ်ငန်းကော်မတီဝင် ဦးစန်းကြူက ဦးစောထွေးဇော် ဖတ်ကြားသော အဆိုပါခေါင်းစဉ်တွင် ဖြည့်စွက်ပြောကြားသည်။

"တချို့နေရာတွေမှာ ရေဝင်ပြီး အုတ်တွေပွနေတယ်။ ကိုယ်လုံးတော်ပြင်ဆင်မှုကို Level တစ်ခုမှာ အချက်ရှစ်ချက်ထားပြီး Level ကိုးခုလုပ်ခဲ့တယ်။ Stainless Steel တွေကို တချို့နေရာတွေမှာ နှစ်ထပ်ထည့်ထားတယ်။ သံချောင်းအဟောင်းတွေ မဖယ်ဘူး။ သံချေးတွေဖယ်ပြီး Carbon Fiber ကပ်တယ်။ အထက်ကြာနုမှာ မကောင်းတော့တဲ့ မဆလာတွေ၊ အုတ်တွေကိုဖယ်ပြီး မဆလာပြန်ကပ်တယ်" ဟု ၎င်းကရှင်းပြသည်။

ကြာမောက်ကြာလှန်အပိုင်းသည် ရေအဝင်ဆုံးအပိုင်းဖြစ်ပြီး အားအနည်းဆုံးဖြစ်၍ ကြာမောက်မှကြာနုအထိ ပြင်ဆင်ခဲ့ရကြောင်း၊ ငလျင်ဘေး၏ တုန်လှုပ်မှုဒဏ်ကိုခံနိုင်ရန် စက္ကူတစ်ရွက်ကဲ့သို့ပေါ့ပါးသည့်အပြင် ရာသီဥတုဒဏ်ကိုလည်းခံနိုင်သော Carbon Fiber ကို အသုံးပြုခဲ့ကြောင်း တာဝန်ယူပြင်ဆင်ရသည့် အောင်ပြည်တန်ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်ယဉ်မူအောင်က ပြောကြားသည်။

ကြာမောက်ကြာလှန်အပိုင်းသည် မုန်တိုင်းဒဏ်ခံနိုင်သော်လည်း စေတီတော်ကြီး၏ အလှပဆုံးနှင့် အားအနည်းဆုံးအပိုင်းဖြစ်သောကြောင့် မြေငလျင်ဒဏ်စိုးရိမ်ရသောအခြေအနေရှိသဖြင့် ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ပြင်ဆင်မှုလုပ်ငန်းများ စတင်ခဲ့သည်။

စေတီတော်ကြီး၏ ပြင်ဆင်မှုအားလုံးကို တပေါင်းလပြည့်နေ့မတိုင်မီ အပြီးသတ်မည်ဖြစ်ရာ စေတီတော်ကြီး၏ အကြီးစားပြင်ဆင်မှုပြီးစီးခြင်းနှင့် စေတီတော်၏ သက်တမ်း ၂၅၉၇ နှစ်ပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းပွဲတော်တွင် စေတီတော်ကြီးအား အဆင့်ဆင့်ပြုပြင်ခဲ့သည်များကို ဓာတ်ပုံပြခန်းအနေဖြင့် ပြသသွားမည်ဖြစ်ကြောင်း၊ အောင်ပွဲအကြိုအနေဖြင့်

ဖေဖော်ဝါရီလတွင် ရွှေတိဂုံစေတီတော် အသင်းဝင်များက ပဋ္ဌာန်းတရားတော်များ ၁၀ ရက်တိုင်ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး သံဃာတော်များကလည်း ၁၀ ရက်တိုင် အသံမစဲပဋ္ဌာန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း နှင့် တပေါင်းလပြည့် အဖိတ်နေ့တွင် သံဃာတော်များအား ဆွမ်းတော်ကြီးလောင်းပွဲ ကျင်းပရန် စီစဉ်မည်ဖြစ်ကြောင်း ကျင်းပမည့် အစီအစဉ်များကို ဦးဘရွှေကပြောကြားသည်။

**ဇာဏီထွဏ်း**

# ကွမ်းခြံကုန်း မုန်တိုင်းသင့်စေတီများ ရေးမူမပျက်မွမ်းမံ

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်အတွင်းရှိ ကွမ်းခြံကုန်းမြို့နယ်တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထီးတော်များ ယိမ်းယိုင်တိမ်းစောင်းပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စေတီတော်များကို စေတနာရှင်များက ရေးမူမပျက် မွမ်းမံပြင်ဆင်ပြီး ထီးတော်များတင်လှူပူဇော်ခဲ့ကြောင်း ယင်းမြို့နယ်ရှိ ဝိဇယမင်္ဂလာ ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမာလာဝံသက Living Color သို့ မိန့်ကြားသည်။

ကွမ်းခြံကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ရွှေဂျိုးဖြူ၊ ထန်းပင်ကုန်း၊ တောကျောင်း၊ ကြခတ်၊ ဝါးကောက်တော၊ ထိဖာ၊ သုံးခွ၊ တိုက်ကြီးနှင့် ကော့မှူးမြို့နယ်ရှိ ပိန္နဲစမ်းကျေးရွာတို့မှ စေတီတော် ၁၀ ဆူကို မွမ်းမံပြင်ဆင်ပြီး ထီးတော်များတင်လှူပူဇော်ခဲ့ကြကြောင်း၊ မုန်တိုင်းသင့်ပြီး ထီးတော်မတင်လှူနိုင်သည့်စေတီများလည်း အများအပြားကျန်ရှိနေသေးကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ဩဂုတ်လမှစ၍ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအထိ ခြောက်လတာကာလအတွင်း စေတနာရှင်များက မုန်တိုင်းဒဏ်သင့်စေတီတော်များကို ပြင်ဆင်မွမ်းမံခဲ့ပြီး ထီးတော်များတင်လှူသည့် အလှူငွေစုစုပေါင်း ကျပ်သိန်းတစ်ရာကျော်ရှိပြီဖြစ်ကြောင်း ယင်းကျောင်းတိုက်၏မှတ်တမ်းများအရ သိရသည်။



**ကျော်မျိုးထွန်း**

# ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဇွန်တစ်လတည်းတွင်သာ ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၆**

နိုင်ငံတကာကျောင်းသားများအတွက် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU (Examination Japanese University for International Student) ကို ၂၀၀၉ ခုနှစ်တွင် တစ်ကြိမ်တည်းသာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂျပန်ပြန်ကျောင်းသားကျောင်းသူဟောင်းများအသင်း MAJA (Myanmar Association Japan Alumini) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကျော် က ပြောကြားသည်။

ယင်းစာမေးပွဲကို မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ်ဇွန်လနှင့် နိုဝင်ဘာလတို့တွင် နှစ်ကြိမ်ကျင်းပလေ့ရှိကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၌ နိုဝင်ဘာလတွင် ပထမဦးဆုံးပြုလုပ်မည့် အာဆီယံနိုင်ငံကျောင်းသားဟောင်းများအသင်း (ASEAN Concil of Japan Alumini) ၏အစည်းအဝေးကြောင့် ၂၀၀၉ ခုနှစ်တွင် ၁၁ ကြိမ်မြောက် ဝင်ခွင့်စာမေးပွဲကို ဇွန်တစ်လသာကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ စာမေးပွဲဖြေဆိုလိုသူများသည် တက္ကသိုလ် ပထမနှစ် အောင်မြင်ရမည်ဖြစ်ပြီး ဝင်ခွင့်ပုံစံများကို စာမေးပွဲကြေး FEC 15 ယူနစ်ပေးသွင်း၍ ရယူနိုင်ကြောင်း၊ စာမေးပွဲတွင် ဂျပန်ဘာသာအပြင် သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်များနှင့် သင်္ချာဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ အမှတ်အနည်းအများအလိုက် တက္ကသိုလ်တက်ခွင့်ရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းစာမေးပွဲကို ၂၀၀၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ Chatrium Hotel ၌ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ပုံစံများကို MAJA အသင်းတိုက်အမှတ် (C)၊ အခန်း ၇၀၇၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၂၄၂၃၄၈၊ မင်းမျိုးခိုင် အထူးကုဆေးခန်း အမှတ်-၁၄၂၊ အနော်ရထာလမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ ကျောက်တံတားမြို့နယ် ဖုန်း-၂၅၂၂၇၉၊ ၂၅၂၀၃၄ တို့တွင် ဖေဖော်ဝါရီလ ၁၆ ရက်မှ မတ်လ ၁၃ ရက်အထိ ရယူနိုင်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

**ဇာဏီထွဏ်း**

# ဘွတ်ကလုံငှက် ရနောင်းသို့ တင်ပို့နေမှု ယာဉ်လိုင်းများတွင် စစ်ဆေး

**ရန်ကုန်၊ ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ၌ နေရာအနှံ့ပေါများစွာ တွေ့မြင်ရသော ဘွတ်ကလုံငှက်ကို အိမ်နီးချင်းထိုင်းနိုင်ငံသို့ မြဝတီ၊ ထားဝယ်မြို့တို့မှ တစ်ဆင့် ဖြတ်သန်းသယ်ယူတင်ပို့မှုကို ဇန်နဝါရီလကုန်ပိုင်း၌ သက်ဆိုင်ရာက တင်းကျပ်စွာ စစ်ဆေးလျက်ရှိကြောင်း ရန်ကုန်-ထားဝယ်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းတာဝန်ခံတစ်ဦးက Living Color သို့ ပြောကြားသည်။

ဘွတ်ကလုံငှက်ကို ယာဉ်လိုင်းများသို့ စာကလေးဇေဒင်ခြင်းဟူ၍ ပြောကာ ကုန်သည်အချို့က သယ်ယူလေ့ရှိပြီး ထားဝယ်-ကော့သောင်းမှတစ်ဆင့် တစ်ဖက်နိုင်ငံ ရနောင်းသို့ ဆက်လက်တင်ပို့ကြခြင်း ဖြစ်ကြောင်း ထားဝယ်ဒေသခံလုပ်ငန်းရှင်များက ဆိုသည်။

ယင်းစစ်ဆေးမှုကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များအပြင် သစ်တောဦးစီးဌာနနှင့်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတို့က ပြီးခဲ့သည့် ရက်ပိုင်းများတွင် ထားဝယ်မြို့အဝင် ပူးပေါင်းစစ်ဆေးလျက်ရှိကြောင်းလည်း ကိုယ်တွေ့ကြုံခဲ့ရသူယာဉ်မောင်းတစ်ဦးက အတည်ပြုပြောဆိုသည်။

ဘွတ်ကလုံငှက်ကို ထိုင်းသို့တင်ပို့ရာတွင် တစ်ကြိမ်လျှင် ကောင်ရေ ၂၀၀ ခန့်ကို ခြင်းအတွင်းထည့်၍ သယ်ယူကြခြင်းဖြစ်ပြီး ထိုင်းနိုင်ငံတွင် တစ်ကောင်လျှင် ဘတ်ငွေထောင်ချီပေး၍ ဝယ်ယူကြသည်ဟုလည်း သတင်းများရရှိသည်။



**Associated News**

# တောင်ကိုရီးယားတွင် EPS စနစ်ဖြင့် အလုပ်လုပ်မည့် မြန်မာလုပ်သားများ အခြေခံလစာကျပ်ရစ်သိန်းခွဲ ရရှိမည်ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံတွင် EPS (Employment Permit System) ဖြင့် အလုပ်လုပ်ကိုင်မည့် မြန်မာလုပ်သားများ အနေဖြင့် စက်မှုလုပ်ငန်းများတွင် အမြင့်ဆုံးအခြေခံလစာ ကျပ်ရစ်သိန်းခွဲနှင့် အနိမ့်ဆုံးအခြေခံလစာ ကျပ်ရစ်သိန်းခန့် ရရှိမည်ဖြစ်ကြောင်း ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ရွှေအင်းဝကုမ္ပဏီအနေဖြင့် EPS KLT စာမေးပွဲအောင်မြင်ထားပြီး ပထမအဆင့်ဆေးအောင်ထားသော မြန်မာလုပ်သားများ၏ ကိုယ်ရေးအချက်အလက်များကို HRD Korea သို့ ပေးပို့ခဲ့ကြောင်း၊ ထိုပေးပို့သော လျှောက်လွှာများကို HRD Korea က မြန်မာလုပ်သားများ၏ နာမည်ကို မဖော်ပြဘဲ လုပ်သားများ၏ အရည်အချင်းများကို ဖော်ပြထားပြီး တောင်ကိုရီးယားအလုပ်ရှင်များသို့ပေးပို့ပြီး ရွေးခိုင်းစေကြောင်း၊ အလုပ်ရှင်များက အလုပ်သမား

၏အရည်အချင်းကိုကြည့်၍ သင့်လျော်သောမြန်မာလုပ်သားများကို ရွေးချယ်ကာ ရရှိမည့်အခြေခံလစာနှင့် သတင်းအချက်အလက်များကို ပေးပို့ကမ်းလှမ်းခြင်းဖြစ်ကြောင်း၊ မြန်မာလုပ်သားများအနေဖြင့် အသေးစားစက်မှုလုပ်ငန်းများတွင်သာ လုပ်ကိုင်ရမည်ဖြစ်ပြီး အခြေခံလစာ တောင်ကိုရီးယားဝမ် ၈၅၂,၀၂၀ (အမေရိကန်ဒေါ်လာ ၆၆၆ နီးပါး) နှင့် အမြင့်ဆုံး အခြေခံလစာ တောင်ကိုရီးယားဝမ် ၉၀၄,၀၀၀ (အမေရိကန်ဒေါ်လာ ၇၀၈ နီးပါး) ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါလစာမှာ သတ်မှတ်အလုပ်ချိန် ရှစ်နာရီအတွင်း လုပ်ကိုင်ရမည်ဖြစ် ပြီး အချိန်ပိုကြေးကို ဖော်ပြထားခြင်းမရှိသေးကြောင်း၊ မြန်မာလုပ်သားများနေထိုင်ရန်အတွက် ကိုရီးယားလုပ်ငန်းရှင်များက စီစဉ်ပေးမည်ဖြစ်ပြီး နေရာစီစဉ်ပေးခြင်းအတွက် လစာဖြတ်တောက်ခြင်းပြု မပြုကို ဖော်ပြထားခြင်းမရှိကြောင်း၊ စက်ရုံများမှ လုပ်သားများကို နံနက်၊ နေ့လယ်၊ ညနေ စာများကျွေးမွေးမည့်အစီအစဉ်များ ပါဝင်သော်လည်း မည်သို့မည်ပုံကျွေးမွေးမည်ကို အသေးစိတ် ဖော်ပြထားခြင်းမရှိသေးကြောင်း၊ အဆိုပါကမ်းလှမ်းချက်များ သေချာသွားပါက သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ရွှေအင်းဝကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ရန် KLT စာမေးပွဲအောင်မြင်ထားသော မြန်မာလုပ်သားများ၏ ကိုယ်ရေးအချက်အလက် ၃၂၈၆ စောင်ကို HRD-Korea သို့ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပေးပို့ထားပြီးဖြစ်ကြောင်း၊ ကိုရီးယားလုပ်ငန်းရှင်များက မြန်မာအလုပ်သမား ၆၄ ဦးကို ပထမအကြိမ်ရွေးချယ်ထားပြီးဖြစ်ရာ အလုပ်သမားအလုပ် ကန်ထရိုက်စာချုပ်(Employment Contract) ချုပ်ဆိုနိုင်ရန် စီစဉ်လျက်ရှိကြောင်း ရွှေအင်းဝကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

EPS စနစ်ဖြင့် သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သားများအနေဖြင့် ရွှေအင်းဝကုမ္ပဏီသို့ ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၁၀၀၀ ဝန်းကျင်နှင့်ညီမျှသော မြန်မာကျပ်ငွေကိုပေးဆောင်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်အတိအကျကို မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ရွှေအင်းဝကုမ္ပဏီ၏ထုတ်ပြန်ချက်အရ သိရသည်။

**HSH ၊ အောင်ကိုကို**

# ဖျာပုံမြစ်ဝရှိ တင်ပုလ္လဲကျေးရွာအုပ်စု စာသင်ကျောင်း Cyclone Shelter ယုဇနကုမ္ပဏီတည်ဆောက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၀**

ဆန်စပါးစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများဖွံ့ဖြိုးရာ ဖျာပုံမြစ်ဝအနီးရှိ ကျေးရွာများဖြစ်သည့် ခမင်းဆိပ်နှင့် ကနိကျေးရွာအကြားတွင် ယုဇနဆောက်လုပ်ရေးကုမ္ပဏီက စာသင်ကျောင်း Cyclone Shelter တစ်ခုတည်ဆောက်ရန် စတင်နေပြီဖြစ်ကြောင်း ယင်းကုမ္ပဏီမှ အင်ဂျင်နီယာ ဦးသက်က Living Color သို့ ပြောကြားသည်။



အဆိုပါ Cyclone Shelter တည်ဆောက်ရန်အတွက် ၂၀၀၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှ စတင်မြေညှိနေပြီဖြစ်ကြောင်း၊ အဆိုပါ Cyclone Shelter မှာ လူ ၅၀၀ ဆံ့ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပုံမှန်အချိန်တွင် စာသင်ကျောင်းအဖြစ် အသုံးပြုရန် တည်ဆောက်မည်ဖြစ်ကြောင်း၊ မိုးမကျမီ အပြီးတည်ဆောက်မည်ဖြစ်သည့် ယင်း Cyclone Shelter ကို လေတိုက်နှုန်း တစ်နာရီမိုင် ၂၀၀ အထိ ခံနိုင်ရည်ရှိစေရန် တည်ဆောက်မည်ဖြစ်ပြီး RC အမျိုးအစားဖြစ်ကြောင်း၊ ယင်းတည်ဆောက်မှုလုပ်ငန်းအတွက် လိုအပ်သောလုပ်သားများကို အနီးဝန်းကျင်ရွာများမှ ဒေသခံများကို ပုတ်ပြတ် သို့မဟုတ် နေ့စားစနစ်ဖြင့် ခေါ်ယူအသုံးပြုသွားမည်ဖြစ်ပြီး လုပ်သားအင်အား ၂၀၀ ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် ဒေသခံလုပ်သား ၂၅ ဦးခန့်ဖြင့် သဲ၊ ကျောက်များသယ်ယူခြင်း၊ မြေညှိခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က တင်ပုလ္လဲကျေးရွာအုပ်စုဝင် ခမင်းဆိပ်ကျေးရွာရှိ နေအိမ်များနှင့် စာသင်ကျောင်းပါမကျန် ပြိုကျပျက်စီးခဲ့ပြီး ဘုန်းတော်ကြီးကျောင်းတစ်ခုသာ မပျက်စီးဘဲ ကျန်ခဲ့ကာ ကနိကျေးရွာတွင်မူ လူ ၃၀ ဦးခန့် သေဆုံးခဲ့ကြောင်း ခမင်းဆိပ်ကျေးရွာမှ ရေလုပ်သားကြီး ဦးသိန်းတန်က ပြောကြားသည်။

■

# နေပြည်တော်ပျဉ်းမနားမြို့နယ် လက်ဖက်ဧက ၂၀၀ စိုက်ပျိုးမည်

**နေပြည်တော်ပျဉ်းမနား၊ ဖေဖော်ဝါရီ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းနှင့် ဖယ်ခုံမြို့နယ်အနီးရှိ တောင်ပေါ်ဒေသကျေးရွာအုပ်စု ခုနစ်စုရှိ ကျေးရွာပေါင်း ၅၉ ရွာတွင် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း အာသံလက်ဖက်မျိုးစေ့ (ပင်လောင်းလက်ဖက်မျိုး) များကို စိုက်ပျိုးခင်းများအဖြစ် ပျိုးထောင်ထားရှိပြီး ဇွန်၊ ဇူလိုင်လတို့တွင် စိုက်ဧက ၂၀၀ သတ်မှတ်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း နေပြည်တော်ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးမှတ်ကြီးက ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်၏ အရှေ့ခြမ်း တောင်ပေါ်ဒေသကျေးရွာများကို လက်ဖက်စိုက်ပျိုးဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်ကဲ့သို့ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုဒေသဖြစ်ပေါ်ရေး၊ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုဒေသအဖြစ် စီမံချက်ထားဆောင်ရွက်လျက်ရှိကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ အဆိုပါကျေးရွာ ၅၉ ရွာတွင် စိုက်ပျိုးမည့် မဲပေါက်ကျေးရွာအုပ်စု၌ ၄၁ ဒသမ ၂၀ ဧက၊ ပြည်ထောင်ကိုးကျေးရွာအုပ်စု၌ ၈၅ ဒသမ ၆ ဧကနှင့် ဘန့်ဘားကျေးရွာအုပ်စု၌ ၂၈ ဧက စသည်ဖြင့် သတ်မှတ်စိုက်ပျိုးပြီး ယင်းစုစုပေါင်းစိုက်ဧက ၂၀၀ အတွက် အာသံလက်ဖက်မျိုးစေ့ တင်း ၅၀၀ ကို ပျိုးထောင်ထားကြောင်း ၎င်းကဆိုသည်။

နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အရှေ့ခြမ်းတောင်ပေါ်ဒေသလက်ဖက်စိုက်ပျိုးထုတ်လုပ်မှုဒေသစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စိုက်ဧက ၂၀၀ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်ထိ ငါးနှစ်အတွင်း ဧက ၃၀၀၀ ခန့်ထိ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယင်းဌာနမှစုံစမ်းသိရှိရသည်။

**မင်းသုနိုင်**




# ကွန်တိန်နာဖြင့် ချိပ်ပိတ်တင်ပို့ရန် သတ်မှတ်ပြီးနောက် သယ်ယူစရိတ် အပြောင်းအလဲဖြစ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ကုန်စည်များ သယ်ယူပို့ဆောင်ရာ၌ ကွန်တိန်နာဖြင့် ချိပ်ပိတ်သယ်ယူခြင်းစနစ်ကို ပြောင်းလဲကျင့်သုံးလိုက်ပြီးနောက်ပိုင်း ကုန်စည်အချို့၏ သယ်ယူစရိတ်များကို အပြောင်းအလဲပြုလုပ်လိုက်ရသည်ဟု မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်းသို့ ပြေးဆွဲနေသော မော်တော်ယာဉ်လိုင်းများထံမှ သိရသည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ကုန်စည်အများဆုံးတင်ပို့နေသော မန္တလေးတွင် စိုက်ပျိုးရေးထွက်ကုန်များထဲမှ နှမ်းတစ်မျိုးတည်းကိုသာ ကွန်တိန်နာဖြင့် ချိပ်ပိတ်သယ်ယူခြင်း စတင်ပြုလုပ်နေသောကြောင့် နှမ်းသယ်ယူစရိတ်ကို စတင်ပြောင်းလဲခြင်းဖြစ်ကြောင်း ရွှေဥသြ သယ်ယူပို့ဆောင်ရေးမှ မန်နေဂျာ ဦးဝေလွင်က ပြောကြားသည်။

"နှမ်းတစ်ပိဿာကို အရင် ကျပ် ၄၀ လောက်ကနေ ကျပ် ၆၀ အထိ အပြောင်းအလဲလုပ်လိုက်ရပါတယ်။ ကွန်တိန်နာနဲ့ဆိုတော့ အရင်လိုတင်နိုင်သလောက် တင်တာမျိုးလုပ်လို့ မရတော့ဘူး။ ကွန်တိန်နာနဲ့ ဆံ့သလောက်ပဲ တင်ရတာဆိုတော့ ကိုက်အောင်တွက်ပြီး ယူရတာပါ" ဟု ဦးဝေလွင်က ထပ်မံပြောကြားသည်။

(၁၀၅) မိုင်သို့ ကုန်စည်အများဆုံးပို့နေသော မန္တလေးမြို့မှာပင် ကွန်တိန်နာယာဉ် ၁၀ စီးခန့်သာရှိခြင်းကြောင့် ကုန်

စည်တင်ဆောင်ရေးအတွက် ကွန်တိန်နာလို အပ်ချက်တစ်စိတ်တစ်ပိုင်း ဖြစ်ပေါ်လာသည်ဟု မန္တလေးမှ ပဲ နှမ်းကုန်သည် ဦးမြတ်ဋ္ဌေးက ဆိုသည်။

"ပဲ၊ ပြောင်းတွေကိုတော့ ကွန်တိန်နာနဲ့တင်တာ မရှိသေးပါဘူး။ လက်ရှိအချိန်မှာတော့ ဒီကုန်ပစ္စည်းတွေကို အရင်လိုပဲ ၁၂ ဘီးကားကြီးတွေနဲ့ တင်ပို့နေဆဲပါ" ဟု ရန်ကုန်–မူဆယ် ပြေးဆွဲနေသော ရွှေမေတ္တာကုန်စည်ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင် မူဆယ် (၁၀၅) မိုင်သို့ နှမ်းတင်ပို့ပါက ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် အိတ်ရေ ၈၀၀ နီးပါး တင်ဆောင်ကြသော်လည်း ကွန်တိန်နာတစ်လုံးလျှင် ၄၅ ပိဿာဝင် အိတ် ၆၀၀ သာ ထည့်သွင်းတင်ပို့နိုင်ကြောင်း ရွှေဥသြ သယ်ယူပို့ဆောင်ရေးမှ ကွန်တိန်နာယာဉ်မောင်းတစ်ဦးက Living Color ၏ ဆက်သွယ်မေးမြန်းချက်ကို ပြောကြားသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ပို့ကုန်နှမ်းနှင့် သွင်းကုန်မြေဆီ သယ်ယူရာတွင် ကွန်တိန်နာကို အထူးပြုပြင်ထားသောယာဉ်များ (Boxtruck) များဖြင့်သာသယ်ယူရန် သတ်မှတ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရားဝင်သတင်းထုတ်ပြန်ထား (The Voice Weekly Vol-5/No12 တွင် ဖော်ပြပြီး) သည်။

ကွန်တိန်နာဖြင့် ကုန်စည်များကို ချိပ်ပိတ်သယ်ယူခြင်းစနစ်သည် နိုင်ငံတကာ ကုန်စည်သယ်ယူမှုပုံစံအဖြစ် ကျင့်သုံးခြင်းဖြစ်ပြီး မလိုလားအပ်သော စစ်ဆေးမှုများကို ရှောင်ရှားရန်နှင့် ပို့ကုန်သွင်းကုန်သယ်ယူမှုများ မြန်ဆန်စေရန် ကျင့်သုံးသည့်စနစ်ဖြစ်သည်။

**စိုင်းအောင်**

# ဘိုကလေးမြို့နယ်ကျေးရွာများသို့ လှေဖြင့် MRCS သောက်ရေဖြန့်ဝေ

**ရန်ကုန်၊ ဇန်နဝါရီ ၁၇**

နာဂစ်မုန်တိုင်းကြောင့် ကျေးရွာများရှိ သောက်ရေကန်အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသော ဘိုကလေးမြို့နယ် အတွင်းရှိ ကျေးရွာများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) က လှေများဖြင့် သောက်ရေဖြန့်ဝေပေးလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးသက်နိုင်က Living Color သို့ ပြောကြားသည်။

ပန်းဖူးရွာမ၊ လဝိုင်း၊ တပ်ဘောလေး၊ အတွင်းဘုတ်ချောင်း၊ အပြင်ဘုတ်ချောင်း စသည့် ကျေးရွာများရှိသောက်ရေကန်များ၌ ဆားငန်ရေများတိုးဝင်မှုကြောင့် သောက်ရေအခက်အခဲရှိကြောင်း MRCS ထံ လာရောက်တင်ပြခဲ့ကြကြောင်း၊ MRCS က ယင်းကျေးရွာများနှင့်နီးစပ်သော ပဒဲကော် ကျေးရွာနှင့် ပန်းဖူးမြစ်တန်းရှိ သောက်ရေအဖြစ်အသုံးပြုနိုင်သည့် အဝီစိတွင်းများမှ ရေကိုထုတ်ယူ၍ လီတာတစ်သောင်းဆံ့ Blander အိတ်နှစ်အိတ်ဖြင့် သိုလှောင်ထားပြီး ယင်းသိုလှောင်ထားသည့်ရေကို လေးပေပတ်လည်ရှိ ဖိုင်ဘာကန် (Tank) များတွင်ထည့်ကာ လှေများဖြင့် ဖြန့်ဝေခဲ့ကြောင်း၊ ရွာတစ်ရွာလျှင် လီတာ ငါးထောင်မှ တစ်သောင်းနှုန်းဖြင့် တစ်ရက်လျှင် တစ်ခေါက် သို့မဟုတ် နှစ်ခေါက်အထိ သောက်ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

ယင်းဒေသတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် သုံးနှစ်သတ်မှတ်ထားပြီး အခြေအနေအရ လေးနှစ်မှ ငါးနှစ်အထိ ဆက်လက် လုပ်ကိုင်သွားရန်လည်းရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

**ကျော်မျိုးထွန်း**







# ကမ္ဘာ့ဝိပဿနာစေတီတော်ထီးတော်တင်ပွဲ ဌာနေညီလာခံ သံဃာတော် ၂၀၀ ဝန်းကျင် ကြွရောက်ဆွေးနွေး

**ရန်ကုန်၊ ဇန်နဝါရီ ၁၃**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် ကမ္ဘာပေါ်တွင် အကြီးဆုံးလိုဏ်ဂူ ဝိပဿနာစေတီတော်ကြီးထီးတင်ပွဲအခမ်းအနားနှင့်အတူ ပူးတွဲကျင်းပရန်ရည်ရွယ်ထားသည့် ကမ္ဘာ့ဗုဒ္ဓညီလာခံအစား ဌာနေညီလာခံဆွေးနွေးပွဲပြုလုပ်သွားမည်ဖြစ်ရာ သံဃာတော် ၂၀၀ ဝန်းကျင် ကြွရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားစီစဉ်သူ ဦးမောင်ရွှေက ပြောကြားသည်။

"သီတဂူဆရာတော်ရဲ့ တပည့် Ph.D ဘွဲ့ရ သံဃာ ၂၂ ပါးကိုလည်း ပင့်ထားတယ်။ မှန်းထားတာက ၁၀၀ လောက်ပါ။ ဒါပေမဲ့ အနောက်နိုင်ငံကလည်း လာမယ်။ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ် (တိုင်ပေ)၊ နီပေါ၊ တိဘက်ကလည်း လာမယ်ဆိုတော့ သံဃာ ၂၀၀ လောက် ဖြစ်သွားမယ်။ သံဃာပူဇော်ပွဲကို ဖေဖော်ဝါရီ ၉ ရက်နေ့မှာ ပြုလုပ်သွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

ကမ္ဘာ့ဗုဒ္ဓညီလာခံကျင်းပရန် ကုန်ကျမည့်ငွေကြေးစရိတ်နှင့် လက်ရှိ မွန်ဘိုင်းတွင်ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကြောင့် ကမ္ဘာအရပ်ရပ်မှ ပညာရှင်များကို ဖိတ်ကြားခြင်းမပြုနိုင်ဘဲ ကမ္ဘာ့ဗုဒ္ဓညီလာခံအစား တရားဆွေးနွေးပွဲသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းလိုဏ်ဂူတော်ကြီးတွင် တရားအားထုတ်သူဦးရေ ရှစ်ထောင်ခန့် တရားထိုင်၍ ဆုံမဆုံကို ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဘုံဘေမြို့နှင့် အခြားမြို့များမှ ယောဂီများနှင့် စမ်းသပ်၍ တရားထိုင်စေရာ စုစုပေါင်း ကိုးထောင်နီးပါးအထိ ဝင်ဆံ့ကာ ဘုရားပရိဝုဏ်ရှိ တရားထိုင်သူဦးရေနှင့် ပေါင်းပါက ၁၂,၈၄၇ ဦးအထိ တရားထိုင်နိုင်ကြောင်း ရန်ကုန်အခြေစိုက် အဆိုပါစေတီဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ထီးတော်တင်ပွဲနှင့် ဌာနေညီလာခံ လုံခြုံရေးအတွက် လုံခြုံရေး အစီအစဉ်များ ဆောင်ရွက်ထားကြောင်း ၎င်းက ဆိုသည်။

**ဇာဏီထွဏ်း**

# မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန ဖွင့်လှစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၇**

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးသာမက မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာကဏ္ဍအတွက်ပါ မှတ်တိုင်သစ်ဖြစ်စေမည့် မြန်မာ–အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (Myanmar India Entrepreneurship Development Centre-MIEDC) ကို ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ တက္ကသိုလ်များလှိုင်နယ်မြေ စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) ၌ အိန္ဒိယ ဒုတိယသမ္မတ ရှရီအမ်ဟာမစ်အန်ဆာရီ ကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံက နည်းပညာပံ့ပိုးမည့် အဆိုပါ MIEDC တွင် သင်တန်းခန်းမများအပြင် ကွန်ပျူတာခန်းမနှင့် စာကြည့်တိုက်တို့ပါဝင်ပြီး မြန်မာနိုင်ငံသို့ အိန္ဒိယဒုတိယသမ္မတ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိစဉ်အတွင်း ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ထို့အတူ အိန္ဒိယသမ္မတနိုင်ငံ၏အကူအညီဖြင့် အင်္ဂလိပ်ဘာသာလေ့ကျင့်ရေးသင်တန်းတစ်ရပ်ကို ရန်ကုန်မြို့တွင်ဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအာလွတ်စ်ဆန်တို့ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာတစ်ရပ်ကို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ကြောင်းလည်း နိုင်ငံပိုင်သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အိန္ဒိယသမ္မတနိုင်ငံသည် မြန်မာနိုင်ငံသို့ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍအပြင် ပညာရေးကဏ္ဍတွင်ပါ အဓိကပံ့ပိုးကူညီပေးနေသည့် နိုင်ငံတစ်ခုဖြစ်ပြီး ၂၀၀၆ ခုနှစ် အိန္ဒိယသမ္မတ ဒေါက်တာ အေပီဂျေအဗ္ဗဒူကလမ်၏ မြန်မာနိုင်ငံသို့

ချစ်ကြည်ရေးခရီးစဉ်အတွင်းကလည်း ရန်ကုန်တက္ကသိုလ်သို့ သွားရောက်ခဲ့ကာ ပါရဂူဘွဲ့ သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံအားပေးခဲ့သည်။

အလားတူဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဂျပန်–မြန်မာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေ၌ တည်ဆောက်လျက်ရှိရာ ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်မတည်ဆောက်ဖြစ်ဘဲ ရပ်ဆိုင်းခဲ့သည်။



# ၂၀၀၈ ခုနှစ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ဘဏ္ဍာငွေ ကျပ်သိန်းတစ်ထောင့်ရှစ်ရာကျော်ရရှိဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၃၁**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာအတွင်း သယ်ယူပို့ဆောင်ရေး အထွေထွေ ဘဏ္ဍာငွေစုစုပေါင်း ကျပ်သိန်းတစ်ထောင့်ရှစ်ရာကျော်ရရှိကြောင်း ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

၂၀၀၈ ခုနှစ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သင်္ဘောခေါက်ရေ တစ်သောင်းလေးထောင်ကျော်၊ ခရီးသည်ဦးရေ ရှစ်သန်းကိုးသိန်းခုနစ်သောင်းကိုးထောင်ကျော်၊ ခရီးမိုင်ပေါင်း နှစ်သောင်းခြောက်ထောင် ကျော်၊ ကုန်တင်ခပေါင်း ကျပ်တစ်ဆယ့်ငါးသန်းတစ်သိန်းငါးသောင်းနှစ်ထောင်ကျော်နှင့် ခရီးသည်စီးနင်းခ ကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်းသုံးသောင်းနှစ်ထောင်ကျော်ရရှိကြောင်း ပြည်တွင်းရေကြောင်း၏ထုတ်ပြန်ချက်စာရင်းအရ သိရသည်။



မြစ်ဝကျွန်းပေါ်ဌာနခွဲ ပန်းဆိုးတန်း–ဒလခရီးစဉ်တွင် တစ်ရက်လျှင် သင်္ဘောခေါက်ရေ ၉၆ ခေါက် ပြေးဆွဲပေးပြီး ခရီးသည်ပေါင်း သုံးသောင်းကျော် သွားလာကြကြောင်း၊ နာဂစ်မုန်တိုင်း မတိုက်ခတ်မီအထိ အနော်ရထာ၊ ကျန်စစ်သား၊ တပင်ရွှေထီးသင်္ဘောသုံးစင်းဖြင့် နံနက် ၅ နာရီ ၃၀ မိနစ်မှ ည ၉ နာရီအထိ ပြေးဆွဲပေးခဲ့ပြီး နာဂစ်နောက်ပိုင်း သင်္ဘောနှစ်စီးသာ အလှည့်ကျပြေးဆွဲတော့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူက ရှင်းပြသည်။

**အောင်ကိုကို**

■



# မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံသားများ လာရောက်လည်ပတ်မှု များပြား

**ရန်ကုန်၊ ဇန်နဝါရီ ၇**

ကမ္ဘာ့စီးပွားရေးကျကပ်ကြောင့် မြန်မာနိုင်ငံသို့ ဥရောပနှင့် အနောက်နိုင်ငံကြီးများမှ ကမ္ဘာလှည့်ခရီးသွားအရေအတွက် လာရောက်လည်ပတ်မှု လျော့ကျနေသော်လည်း အိမ်နီးချင်း ထိုင်းနိုင်ငံမှ ထိုင်းခရီးသွားများ လစဉ် ထောင်ဂဏန်းနီးပါး လာရောက်လည်ပတ်နေကြောင်း ရန်ကုန်အခြေစိုက် ခရီးသွားကုမ္ပဏီအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပခရီးသွား ဝင်ရောက်မှုနည်းပါးနေသော်လည်း ပြည်တွင်းသို့ အာရှဒေသတွင်းမှ ခရီးသည်များ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယင်းအနက် ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များမှာ အများဆုံးဖြစ်ကြောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် လစဉ်ထောင်ဂဏန်းနီးပါး ဝင်ရောက်ခဲ့ပြီး အများဆုံးဝင်ရောက်ခဲ့သည့်လမှာ ဒီဇင်ဘာလဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ်ရှိ ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ထိုင်းခရီးသွားအများစုမှာ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် တောင်ကြီးဒေသများသို့ အများဆုံးသွားရောက်လည်ပတ်ခဲ့ကြောင်း၊ ယခင်နှစ် ခရီးသွားရာသီနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အနည်းငယ်ကျဆင်းသွားကြောင်း ထိုင်းဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဒေါ်မြမြက ပြောကြားသည်။ ကမ္ဘာ့စီးပွားရေးအခက်အခဲအကျပ်အတည်းကြောင့် တစ်ကမ္ဘာလုံး၏ ခရီးသွားလုပ်ငန်းများကျဆင်းလျက်ရှိကြောင်း၊ ယင်းစီးပွားရေးကျဆင်းမှုကြောင့် မြန်မာနိုင်ငံသည်လည်း ခရီးသွားလုပ်ငန်းများ ယခုနှစ်တွင် သိသာစွာ ကျဆင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ ဝင်ရောက်ခဲ့သည့် ခရီးသွားစုစုပေါင်းမှာ ၂၀၀၆ ခုနှစ်တွင် ၂၆၃,၃၁၄ ဦး၊ ၂၀၀၇ ခုနှစ် တွင် ၂၄၈,၀၇၆ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၇၇,၀၀၀ ဦး ရှိခဲ့ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက တရားဝင်ထုတ်ပြန်သောစာရင်းများအရ သိရသည်။

# ပြည်ပထွက်အလုပ်လုပ်မည့်သူများ ကာတာနှင့်ဒူဘိုင်းကို ဦးစားပေးစဉ်းစား

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းနေခြင်းကြောင့် နိုင်ငံတကာရှိ ဝန်ဆောင်မှုနှင့် စက်မှုကုန်ထုတ်လုပ်ငန်းတိုင်းတွင် ဂယက်ရိုက်ခတ်နေသော်လည်း ကာတာ၊ ဒူဘိုင်း စသည်တို့ရှိ Shore Job လုပ်ငန်းများမှာ ယခုချိန်ထိ ပုံမှန်အခြေအနေရှိသဖြင့် မြန်မာနိုင်ငံမှ ပြည်ပထွက်အလုပ်လုပ်ကိုင်လိုသူများ၏ ဦးစားပေးစဉ်းစားရာနိုင်ငံများဖြစ်လာသည်ဟု ပြည်တွင်းရှိ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများထံမှ စုံစမ်းသိရှိရသည်။

မြန်မာအလုပ်သမားအများစုသွားရောက်လုပ်ကိုင်နေသည့် မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံတို့ရှိ စက်မှုကုန်ထုတ်လုပ်ငန်းများသို့ ကမ္ဘာ့ငွေကြေးအကျပ်အတည်းဂယက်ရိုက်ခတ်ခြင်းကြောင့် အလုပ်ချိန်နှင့် လုပ်သားအင်အား လျှော့ချလာကြသော်လည်း ကာတာ၊ ဒူဘိုင်းတို့ရှိ ဟိုတယ်လုပ်ငန်း၊ ခတ်ဆီဆိုင်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းတို့တွင် ယင်းကဲ့သို့ပုံစံမျိုး မတွေ့ရှိရသည့်အပြင် လုပ်သားအင်အား တိုးချဲ့ခေါ်ယူနေခြင်းပင်ရှိသောကြောင့် ယခုကဲ့သို့အချိန်

တွင် ဦးစားပေးစဉ်းစားလာခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်ရန် ဦးစားပေးစဉ်းစားသူ အရေအတွက်များသော်လည်း လက်တွေ့သွားရောက် လုပ်ကိုင်မည့်သူအရေအတွက်မှာ ကျဆင်းနေဆဲဖြစ်ရာ အေဂျင်စီ၏ ဝန်ဆောင်စရိတ်ကိုပင် လျှော့ချလိုက်ကြသည်ဟု အေဂျင်စီအသိုင်းအဝန်းထံမှ စုံစမ်းသိရှိရသည်။

“ဝန်ဆောင်စရိတ်ကို တစ်ဖက်နဲ့ ညှိနှိုင်းပြီးအလုပ်သမားတွေ သက်သာသွားအောင် စီစဉ်လိုက်တာရှိပါတယ်”ဟု Virtue International Limited ပြည်ပအလုပ်အကိုင်ရှာဖွေရေးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းကဲ့သို့ ဝန်ဆောင်စရိတ်လျှော့ချခြင်းကို အလုပ်သမားများပြန်လွှတ်နေသည်ဆိုသော မလေးရှား၊ စင်ကာပူနိုင်ငံတို့တွင် မတွေ့ရှိရဘဲ ကာတာနှင့် ဒူဘိုင်းတို့တွင်သာတွေ့ရှိရကြောင်း၊ အလုပ်သမားဘက်မှ ကျပ်တစ်သိန်းခန့်သက်သာသွားသည်ကို တွေ့ရကြောင်း ပြည်တွင်းပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ကိုင်ပေးနေသော Lucky Connection Service မှ Operation Manager ဖြစ်သူက ဆိုသည်။



“ဒီအတိုင်းဆို ကာတာ၊ ဒူဘိုင်းတို့ဘက် အလုပ်သွားလုပ်ကြမယ့်သူတွေ များလာနိုင်တယ်။ စက်ရုံထက်စာရင် ဓာတ်ဆီဆိုင်လုပ်ငန်းက ပိုပြီးအလုပ်ဖြစ်တယ်”ဟု အထက်ပါမန်နေဂျာက သုံးသပ်ပြောကြားသည်။

“မလေးသွားဖို့လုပ်နေတာ ဟိုကပြန်ပို့တယ်။ အလုပ်ကသိပ်မကောင်းဘူးဆိုပြီး ကြားရတော့ အစီအစဉ်ကိုဖျက်လိုက်တယ်။ အခု ကာတာသွားဖို့လုပ်နေတယ်။ ဝန်ဆောင်စရိတ်က FEC ၃၀၀ ဆိုတော့ အများကြီးသက်သာသွားတယ်။ လုပ်ငန်းက ဓာတ်ဆီဆိုင်မှာ ကားဝပ်ရှော့လုပ်ရမယ်လို့ ဆိုပါတယ်”ဟု မလေးရှားသို့ အလုပ်သွားလုပ်ရန် စီစဉ်နေရာမှ လတ်တလောအခြေအနေကြောင့် ကာတာတွင် အလုပ်သွားလုပ်ရန် စီစဉ်နေသော အင်းစိန်မြို့နယ် ကြို့ကုန်းတွင်နေထိုင်သူ ဦးရဲမြင့်က ပြောကြားသည်။

ဝန်ဆောင်စရိတ်မှာ အလုပ်အကိုင်နှင့် လစာနှုန်းပေါ်မူတည်ပြီး အတိုးအလျှော့ရှိသော်လည်း လက်ရှိအချိန်တွင် ကာတာ၊ ဒူဘိုင်းတွင် လုပ်ကိုင်ရမည့် အလုပ်အကိုင်အတွက် ဝန်ဆောင်စရိတ်မှာတူညီပြီး လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်လျှင် ကျွမ်းကျင်သလို လစာကောင်းရရှိခံစားနိုင်ကြောင်း Lucky Connection မှ မန်နေဂျာက ထပ်လောင်းပြောကြားသည်။

**စိုင်းအောင်**

# တောင်ကိုရီးယားတွင် EPS စနစ်ဖြင့် မြန်မာလုပ်သားများ လုပ်ငန်းငါးမျိုးတွင်သာ လုပ်ကိုင်ရမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံသို့ EPS (Employment Permit System) စနစ်ဖြင့်သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာလုပ်သားများအနေဖြင့် အခြေခံအလုပ်အကိုင်ငါးမျိုးတွင်သာ လုပ်ကိုင်ရမည်ဖြစ် ကြောင်း ရွှေအင်းဝကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သားများအနေဖြင့် စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများတွင်သာ လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသောလုပ်ငန်းများတွင် လုပ်ကိုင်ခွင့်မရှိကြောင်း၊ စက်မှုလုပ်ငန်းများအနေဖြင့် အကြီးစားစက်မှုလုပ်ငန်းများတွင်လုပ်ကိုင်ရမည်မဟုတ်ဘဲ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများတွင်သာ လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း စားသောက်ဆိုင်လုပ်ငန်းများတွင် အများဆုံးလုပ်ကိုင်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံသို့သွားရောက်မည့် မြန်မာအလုပ်သမားများအနေဖြင့် မိမိတို့လုပ်ကိုင်ရမည့်လုပ်ငန်းများကို မကြိုက်ပါက တစ်ကြိမ်သာငြင်းပယ်ခွင့်ရှိကြောင်း၊ ဒုတိယအကြိမ်ထပ်မံငြင်းပယ်ပြီးပါက တောင်ကိုရီးယားတွင် သွားရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်း ဆုံးရှုံးသွားနိုင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိတွင် EPS-KLT စာမေးပွဲ



အောင်မြင်ထားသည့် မြန်မာလုပ်သားများကို ပထမအဆင့်ဆေးစစ်ပြီးဖြစ်ကြောင်း၊ ကိုရီးယားသို့သွားရောက်လုပ်ကိုင်ရန် သေချာပါက ဒုတိယအကြိမ် ထပ်မံဆေးစစ်ရမည်ဖြစ်ရာ ယင်းအဆင့်တွင် ကျရှုံးပါက သွားရောက်အလုပ်လုပ်ကိုင်ခွင့် ဆုံးရှုံးမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံတွင် ရောက်ရှိပါကလည်း ထပ်မံဆေးစစ်မည်ဖြစ်ပြီး ကျရှုံးပါက မြန်မာနိုင်ငံသို့ ပြန်လာရမည်ဖြစ်ကြောင်း ရွှေအင်းဝကုမ္ပဏီမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်မည့်လုပ်သားများကို ရက်သတ္တပတ်တစ်ပတ်ကြာ ၄၅ နာရီ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းတွင် ကိုရီးယားယဉ်ကျေးမှုဓလေ့ထုံးစံကို အဓိကသင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် မြန်မာအလုပ်သမားခေါ်ယူရန် စစ်ဆေးသည့် KLT (Korea Language Test) စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးသူ ၃၅၃၆ ဦးအနက် ၃၀၀ ဦးကျော်ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုရီးယားနိုင်ငံသို့ ပထမအသုတ်အဖြစ် စတင်စေလွှတ်မည်ဖြစ်ကြောင်း Mr.Lee Jong Kwon ဆိုသည်။

EPS စနစ်ဖြင့် မြန်မာအလုပ်သမားများခေါ်ယူရန် မြန်မာနှင့်တောင်ကိုရီးယားနှစ်နိုင်ငံနားလည်မှု စာချွန်လွှာကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့ လက်မှတ်ရေးထိုးခဲ့သည်။

**HSH၊ အောင်ကိုကို**

# အစ္စရေး စိုက်ပျိုးမွေးမြူရေး On Job Training ပုဂ္ဂလိကသင်တန်းသားများ ပထမဆုံးအကြိမ်ခေါ်ယူ

**ရန်ကုန်၊ ဇန်နဝါရီ ၆**



အစ္စရေးနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်များတွင် On Job Training သင်တန်းသားများအဖြစ် ပုဂ္ဂလိကကဏ္ဍဘက်မှ သင်တန်းသားများကို ပထမဆုံးအကြိမ် ခေါ်ယူလိုကြောင်း အစ္စရေးသံရုံးမှတစ်ဆင့် ကမ်းလှမ်းလာသည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဇန်နဝါရီလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာ အပတ်စဉ်အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါအစ္စရေးနိုင်ငံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင် On Job Training သင်တန်းသားခေါ်ယူမည့်ကိစ္စကို အစ္စရေးသံအမတ်ကြီးကိုယ်တိုင်ဆွေးနွေးကမ်းလှမ်းလာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် သင်တန်းသားငါးဦး စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ယခုခေါ်ယူသည့်သင်တန်းမှာ လက်တွေ့လုပ်ငန်းခွင်သင်တန်းဖြစ်သည့်အတွက် ကျန်းမာရေး

ကောင်းမွန်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် ခံနိုင်ရည်ရှိမည့်သူ၊ အင်္ဂလိပ်စာရေးနိုင် ပြောနိုင်သူများကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ မွေးမြူရေးဆိုင်ရာ အသားကဏ္ဍဘက်တွင်လည်း အစ္စရေးနိုင်ငံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းခွင် On Job Training သင်တန်းသားခေါ်ယူရန် အစ္စရေးဘက်မှ ဆွေးနွေးလာမှုများရှိကြောင်း၊ သင်တန်းသားမည်မျှခေါ်ယူမည်ကို မသိရသေးကြောင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ အသားကဏ္ဍအတွက် သင်တန်းသားခေါ်ယူမှုရှိသလို အခြားလယ်ယာစိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးကဏ္ဍများမှလည်း On Job Training သင်တန်းသားများကိုလည်း ခေါ်ယူထားသည်ဟုသိရကြောင်း ယင်းပုဂ္ဂိုလ်က ရှင်းပြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ယင်းကဲ့သို့ အစ္စရေးနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်များသို့ On Job Training သင်တန်းသားစေလွှတ်မည့်ကိစ္စမှာ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပထမဆုံးအကြိမ် စေလွှတ်ခြင်းဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံသို့ သင်တန်းသားစေလွှတ်မှုကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်စေလွှတ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ၁၀ လကြာမြင့်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအတွက် လက်ရှိတွင် သင်တန်းသားငါးဦးစေလွှတ်ရန် စီစဉ်ထားသော်လည်း ညှိနှိုင်းမှုများအဆင်ပြေပါက ယခုထက်ပို၍ စေလွှတ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

**မိုးနိုင်**

# နယ်စပ်ဖြတ် ကြက်သွန်နီအရည်အသွေးကောင်းသော်လည်း ဈေးကောင်းမရ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၀**


နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံသို့တင်ပို့မည့် ကြက်သွန်နီများ၏ အရည်အသွေးကောင်းသော်လည်း ဈေးကောင်းမရခြင်းနှင့်ပတ်သက်၍ ကြက်သွန်နီကုန်သည်များ ပြန်လည်သုံးသပ်နေရကြောင်း နယ်စပ်ကုန်သည်များအသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ကြက်သွန်နီကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့ခွင့်ပြုခဲ့သော ၂၀၀၈ ခုနှစ်၏ တတိယလေးလပတ်အပြီး နှစ်ဖက်ကုန်သည်များကြားဖြစ်ပေါ်နေသည့် ကြက်သွန်နီဈေးနှုန်းမှာ ယခင်ကရရှိခဲ့သော တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ခန့်သာရှိနေခြင်းကြောင့် ယင်းနှုန်းထားထက် ပိုမိုရရှိနိုင်ရေးသုံးသပ်နေကြခြင်းဖြစ်သည်ဟု ရန်ကုန်–ကော့သောင်းမှတစ်ဆင့် ကမ်းရိုးတန်းကုန်စည်တင်သင်္ဘောဖြင့် ထိုင်းနိုင်ငံသို့ ကြက်သွန်တင်ပို့နေသော ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့လက်ထဲမှာရှိတဲ့ ကြက်သွန်တွေက အရည်အသွေးကောင်းတယ်။ ဒီပုံစံဆိုရင် အရင်နှစ်တွေက တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၃၀ ကနေ ၂၆၀ အထိ ရခဲ့ဖူးတယ်။ ဒီထက်ပိုသွားတာလည်း ရှိတယ်" ဟု အထက်ပါကြက်သွန်ကုန်သည်က ထပ်လောင်းပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ရောင်းဝယ်နေသော ကြက်သွန်နီဈေးကို ကုန်သည်များစိတ်တိုင်းမကျဖြစ်နေသော်လည်း ပုံမှန်ကုန်သွယ်ရေး (သင်္ဘောတင်) မှ တစ်ဆင့် ပြည်ပထွက်မည့်ကြက်သွန်နီဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၅ မှ ၂၅၀ အတွင်းရရှိနေသဖြင့် မဆိုးလှဟု ကုန်သည်များအသိုင်းအဝိုင်းက ဆိုသည်။

"များများတင်ပို့ဖို့ အခွင့်အရေးရှိတာက နယ်စပ်ကနေပဲဖြစ်ပါတယ်။ တရုတ်ထက်စာရင် ထိုင်းကပိုပြီး ဝယ်လိုအားကောင်းတာပါ။ ဈေးကလည်းတရုတ်ထက် နည်းနည်းသာတယ်" ဟု ကော့သောင်းတွင် ဂိုဒေါင်များဖြင့် ကြက်သွန်သိုလှောင်ကာ



ထိုင်းဈေးကွက်သို့ အရည်အသွေးကောင်းများ ရွေးချယ်တင်ပို့နေသည့် မြိတ်ဒေသခံ ကြက်သွန်ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

တရုတ်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့နေသော မန္တလေးဈေးကွက်သို့လည်း မကွေးတိုင်း၊ မြင်းခြံ၊ နွားထိုးကြီးဒေသထွက် မိုးကြက်သွန်များ စတင်ဝင်ရောက်နေပြီး ယင်းကြက်သွန်များ၏ အရည်အသွေးမှာ နယ်စပ်ကုန်သွယ်ရေးအတွက် အဆင့်မီကြောင်း မန္တလေးဈေးကွက်နှင့် ချိတ်ဆက်လုပ်ကိုင်နေသော ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံအခြေစိုက် ကြက်သွန်ကုန်သည်များထံမှ သိရှိရသည်။

“ဒီကြက်သွန်တွေက ပြည်တွင်းမှာတင် ရောင်းကုန်မယ့်သဘောရှိတယ်။ လက်လီလက်ကားအားလုံးက အရင်ဈေးကွက်ထဲမှာရှိတဲ့ ဆောင်းကြက်သွန်ထက် အခုဝင်လာတဲ့ မိုးကြက်သွန်ကို ပိုပြီးအဆွဲများကြတယ်။ ပြည်ပပို့မယ့် ကုန်သည်ကလည်း ဒီကြက်သွန်ကိုပဲစောင့်နေတာ။ ဒါပေမဲ့ ရာနှုန်းပြည့် မခြောက်သေးတော့ မကိုင်ရဲကြသေးဘူး” ဟု ဘုရင့်နောင်ပွဲရုံအခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားသည်။

လက်ရှိဈေးကွက်တွင် အကြိုက်များနေသော မိုးကြက်သွန်မှာ ၁၀ ပိဿာလျှင် ၂,၅၀၀ ကျပ်မှ ၃,၀၀၀ ကျပ်အတွင်းရှိပြီး လက်လီဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၄၀၀၊ ၅၀၀ စသဖြင့်ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့ ကြက်သွန်နီဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကြက်သွန်နီအများဆုံးဝယ်ယူသောနိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး တနင်္သာရီတိုင်း ကော့သောင်းနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အများဆုံးတင်ပို့ကြောင်း၊ ဒုတိယအများဆုံးဝယ်သောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးမှတစ်ဆင့် အများဆုံးတင်ပို့ကြောင်း အထက်ပါနယ်စပ်ကုန်သည်များထံမှ သိရှိရသည်။

**စိုင်းအောင်**




# မြန်မာနိုင်ငံ ရေသယံဇာတမိတ်ဖက်အဖွဲ့ ဖွဲ့စည်းမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၇**

ကမ္ဘာ့ရေသယံဇာတမိတ်ဖက်အဖွဲ့ (Global Water Partnership-GWP) ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံသည် နိုင်ငံအဆင့်ကိုယ်စားပြု မြန်မာနိုင်ငံ ရေသယံဇာတမိတ်ဖက်အဖွဲ့ (Myanmar Water Partnership - MmWP)ကို တည်ထောင်ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှဦးနွယ်က ဖေဖော်ဝါရီ လ ၇ ရက်နေ့တွင် ပြောကြားသည်။

မြန်မာနိုင်ငံ စဥ့်အသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ Sedona ဟိုတယ်၌ ‘Water Sector in Myanmar: Strengthening Partnership for the Integration of Social, Economics and Environment’ ခေါင်းစဉ်ဖြင့်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအချင်းချင်း ရေသယံဇာတစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုများကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ရေသယံဇာတမိတ်ဖက်အဖွဲ့ (GWP) ကို ၁၉၉၆ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၉၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ကြောင်း၊ ယခုအခါ GWP တွင် ဒေသဆိုင်ရာ ရေသယံဇာတမိတ်ဖက်အဖွဲ့ (Regional Water Partnership-RWP) ၁၄ ဖွဲ့နှင့် နိုင်ငံအလိုက်ကိုယ်စားပြု ရေသယံဇာတမိတ်ဖက်အဖွဲ့ (Country Water Partnership - CWP) ၅၀ ကျော် ဖွဲ့စည်းပါဝင်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ၂၀၀၄ ခုနှစ်တွင် ထပ်မံပါဝင်ထားသော အရှေ့တောင်အာရှဒေသဆိုင်ရာ ရေသယံဇာတမိတ်ဖက်အဖွဲ့ (GWP-SEA) တွင် စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့၌သာ နိုင်ငံကိုယ်စားပြု သီးခြားရေသယံဇာတမိတ်ဖက်အဖွဲ့ (CWP)များကို မဖွဲ့စည်းရသေးကြောင်း၊ ထိုသို့ နိုင်ငံအဆင့် ရေသယံဇာတမိတ်ဖက်အဖွဲ့အစည်း ပေါ်ပေါက်လာရန်အတွက် သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနက ဦးဆောင်တာဝန်ယူ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရေနှင့်ပတ်သက်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ကျွန်မတို့နိုင်ငံမှာ ရေနဲ့ပတ်သက်လို့ National Water Vision ကို ချမှတ်ပြီးသွားပါ။ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ UNSCAP, FAO နဲ့ ဆည်မြောင်းဦးစီးဌာနတို့ပေါင်းပြီး Workshop တစ်ခုကို ၂၀၀၃ ခုနှစ်က ပြည်တွင်းမှာ ပထမဦးဆုံးပြုလုပ်ခဲ့တယ်။ သုံးနှစ်တစ်ကြိမ်ကျင်းပတဲ့ World Water Forum နဲ့ နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ SEA Water Forum ကို ကျွန်မတို့နိုင်ငံက တက်ရောက်ဆွေးနွေးခဲ့တယ်။ အခု GWP-SEA Tool Box (အင်တာနက် Website) ဆောက်နေတာမှာ ကျွန်မတို့မြန်မာနိုင်ငံအကြောင်းလည်း ပါတယ်။ ရေနဲ့ပတ်သက်လို့ နိုင်ငံအတွင်းမှာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဌာန (Department of Water Resource Management) တစ်ခုပေါ်ပေါက်လာဖို့အထိ မျှော်မှန်းထားတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

# မြန်မာ့ဆင်နှင့်လူတို့၏ ရင်းနှီးကျွမ်းဝင်မှုတည်တံ့စေရန် သစ်တောများထိန်းသိမ်းရန်လို

**ရန်ကုန်၊ ဇန်နဝါရီ ၃၁**

ကမ္ဘာပေါ်၌ ဆင်နှင့်လူသားတို့၏ ရင်းနှီးကျွမ်းဝင်မှုအလေ့အထကို မည်သည့်နိုင်ငံတွင်မျှမမြင်တွေ့နိုင်ဘဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာတွေ့မြင်နိုင်ကြောင်းနှင့် အဆိုပါအံ့သြဖွယ်အလေ့အထဆက်လက်တည်တံ့စေရန်အတွက် လက်ရှိသစ်တောများကို ထိန်းသိမ်းကာကွယ်သွားရန်လိုအပ်ကြောင်း ဂျပန်နိုင်ငံမှ သစ်တောသုတေသီနှင့် ဓာတ်ပုံပညာရှင် Mr.Onishi က ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ပြောကြားသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ကျင်းပသော Mr.Onishi ၏ "Myanmar Nature Thru Camera Lens" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဖရိက၊ အိန္ဒိယနိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက သားရိုင်းတိရစ္ဆာန်များကို အနီးကပ်၍လေ့လာဓာတ်ပုံရိုက်ကူးရန်ခက်ခဲကြောင်း၊ အမဲပစ်မုဆိုးများ၏အန္တရာယ်ကြောင့် အဆိုပါသားရိုင်းတိရစ္ဆာန်များမှာ လူများကိုကြောက်လန့်ပြီး အနီးကပ်ခံရန် ဝန်လေးတတ်ကြကြောင်း၊ မြန်မာနိုင်ငံရှိသဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ဘေးမဲ့တောဧရိယာများတွင် မုဆိုးများနှင့် ဒေသခံပြည်သူများဖြတ်သန်းဝင်ရောက်နေကြသဖြင့် အဆိုပါသားရိုင်းတိရစ္ဆာန်များကို အနီးကပ်မြင်တွေ့နိုင်ရန်ခက်ခဲခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"တောထဲမှာ လူတွေကြောင့်ထွက်လာတဲ့ဆူညံသံတွေ၊ ထော်လာဂျီသံတွေ၊ သစ်ကားတွေရဲ့ အသံတွေကို သူတို့က မကြောက်ကြဘူး။ ယဉ်ပါးနေပုံပဲ။ လူတွေရင်ပဲ ကြောက်ကြတာ" ဟု Mr.Onishi က ရှင်းပြသည်။

ထိုနေ့ကကျင်းပသည့်ဆွေးနွေးပွဲတွင် Mr.Onishi က ၎င်းကိုယ်တိုင်လေ့လာရိုက်ကူးမှတ်တမ်းတင်ခဲ့သည့် မြန်မာနိုင်ငံ၏သဘာဝတောတောင်ရေမြေနှင့် ကျေးငှက်တိရစ္ဆာန်များ၏သဘာဝအတိုင်း နေထိုင်ကျက်စားမှု၊ သစ်ပင်သစ်တောများ၊ ရှားပါးတိရစ္ဆာန်မျိုးစိတ်များ၊ သစ်ထုတ်လုပ်ငန်းများတွင် ဆင်ဖြင့် သစ်ထုတ်လုပ်ပုံအဆင့်ဆင့်၊ သစ်ထုတ်လုပ်ရေးဆင်နှင့် ဆင်ဦးစီးတို့၏ရင်းနှီးမှုအလေ့အထစသည်တို့ကို ဆွေးနွေးတင်ပြသွားခဲ့သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ သစ်တောပညာရှင်တစ်ဦးဖြစ်သော Mr. Onishi သည် မှော်ဘီမြို့နယ် ဗဟိုသစ်တောနည်းပညာဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (CFDTC) ၌ ငါးနှစ်တိုင် သစ်တောပညာရပ်များကို သင်ကြားပို့ချခဲ့ပြီး မြန်မာနိုင်ငံသို့လာရောက်စဉ်ကာလအတွင်း ၎င်းကိုယ်တိုင် သွားရောက်လေ့လာရိုက်ကူးခဲ့သော အဆိုပါ မြန်မာနိုင်ငံ၏သဘာဝတောတောင်ရေမြေနှင့် ကျေးငှက်တိရစ္ဆာန်များ သဘာဝအတိုင်းကျက်စားနေထိုင်မှုမှတ်တမ်းဓာတ်ပုံများကို စုစည်း၍ ဂျပန်



နိုင်ငံ၌ ၁၉၉၉ ခုနှစ်တွင် ပြက္ခဒိန်ထုတ်ဝေဖြန့်ချိခဲ့သည်။

"ဂျပန်နိုင်ငံအသိုင်းအဝိုင်းမှာ မြန်မာနိုင်ငံကို အထင်မလွဲရအောင် လုပ်ပေးနိုင်ခဲ့တဲ့သူပါ။ မြန်မာနိုင်ငံရဲ့အလှအပတွေနဲ့ အတွေ့အကြုံတွေကို တင်ပြပြီး Ecotourism ဟောပြောပွဲတွေလုပ်ခဲ့တယ်။ ဂျပန်လူမျိုးတွေကို ဆွဲဆောင်ခဲ့တယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း တွဲဖက်အတွင်းရေးမှူး (၂) ဦးအောင်ဒင်က သုံးသပ်ပြောကြားသည်။

# အထူးယာဉ်လိုင်းအားလုံး ထိုင်ခုံအရေအတွက်သာမက အကျယ်အဝန်းပါ တစ်ပြေးညီထပ်မံသတ်မှတ်

**ရန်ကုန်၊ ဇန်နဝါရီ ၈**

ရန်ကုန်မြို့၌ ပြေးဆွဲနေသော ခရီးသည်တင်အထူးယာဉ်များ၏ ထိုင်ခုံအရေအတွက်များကန့်သတ်ခြင်းနှင့် အတူ အကျယ်အဝန်းကိုပါ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက တစ်ပြေးညီသတ်မှတ်ခဲ့ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူး စိုးမြင့်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးတွင် ဇန်နဝါရီလ ၇ ရက်နေ့က ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ရဲမှူးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အထူးယာဉ်များတွင် ထိုင်ခုံအရေအတွက် ၅၄ ခုံသာ ထားရှိသွားရမည်ဖြစ်ပြီး ခရီးသည်နှစ်ဦး ထိုင်ခုံအရှည် ၂ ပေ ၄ လက်မ၊ သုံးဦးထိုင်ခုံ ၃ ပေ ၇ လက်မ၊ ကျောမှီ ၁ ပေ ၉ လက်မ၊ အခင်း ၁ ပေ ၂ လက်မ၊ အလယ် လျှောက်လမ်းအကျယ် ၁ ပေ ၂ လက်မနှင့် ကြမ်းခင်းမှ ထိုင်ခုံအခင်းအထိ အမြင့် ၁ ပေ ၄ လက်မအတိုင်းပြင်ဆင်သွားရမည်ဟု ယင်းစာနယ်ဇင်းရှင်းလင်းပွဲ၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ရှင်းလင်းပြောကြားချက်များအရ သိရသည်။

ယခုသတ်မှတ်ချက်မတိုင်မီက City Bus အထူးယာဉ်ကြီးများ၌ နှစ်ယောက်တွဲထိုင်ခုံများသာ တစ်ဖက်တစ်ချက်စီ တပ်ဆင်ထားရေးဆောင်ရွက်ရန် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပြုလုပ်သော ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး၌ သတ်မှတ်ပေးထားခဲ့ပြီးဖြစ်သည်။

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မ.ထ.သ) က ပြေးဆွဲလျက်ရှိသော အထူးယာဉ်ကြီးများကို ခရီးသည်များ နှစ်သက်မှုရှိသော်လည်း နှစ်ယောက်တွဲထိုင်ခုံများအစား သုံးယောက်တွဲထိုင်ခုံနှင့် နှစ်ယောက်တွဲထိုင်ခုံများဖြင့် တစ်ဖက်တစ်ချက်စီ တပ်ဆင်ထားသဖြင့် အလယ်လျှောက်လမ်းများ ကျဉ်းမြောင်းခြင်း၊ ခရီးသည်များ ကြပ်ညပ်စွာထိုင်စီးနေရခြင်းတို့ကြောင့် အဆိုပါအထူးယာဉ်များကို သတ်မှတ်ပုံစံအတိုင်း နှစ်ယောက်တွဲထိုင်ခုံများသာ ဘယ်၊ ညာ နှစ်ဖက်တပ်ဆင်အသုံးပြုရေးကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ တိုင်းပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီရုံးက ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန် သတ်မှတ်ထားခဲ့ပြီးနောက်ပိုင်း ယခုထပ်မံပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြင်ဆင်သတ်မှတ်ခြင်းဖြစ်သည်။



ရန်ကုန်မြို့တော်တွင်ပြေးဆွဲနေသော အထူးယာဉ်လိုင်းများတွင် မ.ထ.သ (၂၀၂) အထူးယာဉ်လိုင်းနှင့် မ.ထ.သ (၄၃) အထူးယာဉ်လိုင်းသာ ရပ်စီးခရီးသည်တင်ဆောင်ခြင်းမပြုခြင်း၊ မှတ်တိုင်များတွင် အချိန်ကြာမြင့်စွာစောင့်ဆိုင်းခြင်းမရှိသော်လည်း ကျန်အထူးယာဉ်လိုင်းများမှာ တစ်ခါတစ်ရံ ရိုးရိုးယာဉ်လိုင်းများကဲ့သို့ပင် ပြေးဆွဲလျက်ရှိကြောင်း ရန်ကုန်မြို့တွင်း နေ့စဉ်ပုံမှန်သွားလာနေသော အလုကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

မ.ထ.သသည် ရန်ကုန်မြို့တွင်း တွင် (၂၀၂) အထူးယာဉ်လိုင်း၌ စီးရေ ၄၀၊ (၄၃) အထူးယာဉ်လိုင်း၌ ၃၉ စီး၊ (၄၈) အထူးယာဉ်လိုင်း၌ ၅၃ စီး ပြေးဆွဲလျက်ရှိပြီး ၂၀၀၉ ဇန်နဝါရီလမှစ၍ (၃၉) အထူးယာဉ် ၁၇ စီးနှင့် (၅၃) အထူးယာဉ်ရှစ်စီးတို့ကို တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း အဆိုပါကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**Living Color၊ ဓာတ်ပုံထွဏ်း**



# ၂၀၀၉ နှင့် မြန်မာ

## (စိန်ခေါ်မှုမှ အခွင့်အလမ်းသို့)

တင်အောင်ကျော်

**ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် လေမန်းဘရားသားဘဏ်ကြီးက စတင်ခဲ့သည်ဟုဆိုရမည်ဖြစ်သော ကမ္ဘာ့စီးပွားရေးကျကပ်သည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ ကူးစက်ပျံ့နှံ့လာခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ စတင်သက်ရောက်လာနေပြီဖြစ်ပါသည်။ သို့ရာတွင် ယင်းစီးပွားရေးကျကပ်အပေါ် မြန်မာနိုင်ငံ၏ရင်ဆိုင်မှုနှင့်ရှုမြင်ပုံများမှာ အဆိုပါကုန်သွယ်ဖက်နိုင်ငံကြီးများနှင့်နှိုင်းယှဉ်ပါက ထူးခြားစွာ ဖြစ်တည်လျက်ရှိသည်ကို တွေ့ရသည်။**

နိုင်ငံတကာမှ ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများ၊ စတော့အိတ်ချိန်းများ၊ အစုရှယ်ယာဈေးကွက်များနှင့် ခပ်ကင်းကင်းနေခဲ့သည့် မြန်မာနိုင်ငံသည် ယခုကဲ့သို့ ကမ္ဘာ့စီးပွားရေးကျကပ်ကြီးနှင့် နဖူးတွေ့ဒူးတွေ့အကျပ်အတည်းများ ရင်ဆိုင်ရမည်ဟု အတော်များများက မထင်ခဲ့ကြ။

၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံတွင် ထုတ်ဝေ

သည့် အပတ်စဉ်ထုတ်သတင်းဂျာနယ်ကြီးတစ်စောင်ကမူ ကမ္ဘာ့စီးပွားရေးကျကပ်သည် မြန်မာနိုင်ငံသို့ တိုက်ရိုက်မထိခိုက်နိုင်ပါဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၏ မှတ်ချက်ကိုဖော်ပြ၍ စတင်ရေးသားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ယနေ့မြန်မာ့စီးပွားရေးသည် သယံဇာတများကြွယ်ဝသည်ဟူ၍လည်းကောင်း၊ စားနပ်ရိက္ခာလုံလောက်သည်ဟူ၍လည်းကောင်း နိုင်ငံတကာမှ အကူအညီများရယူခြင်းမရှိဘဲ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်သည်ဟူ၍လည်းကောင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်မထားဟူ၍လည်းကောင်း အချိန်အခါသင့်သောအကြောင်းရင်းတို့၏ ဆုံစည်းမှုဖြင့် မြန်မာနိုင်ငံသည် နှစ်ပေါင်းအတော်ကြာ ဖြတ်သန်းခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်းမှစတင်၍ ကမ္ဘာ့စီးပွားရေးကျကပ်ကြောင့် မြန်မာနိုင်ငံသည်လည်း ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်ခဲ့သော စီးပွားရေးစိန်ခေါ်မှုများနှင့် မည်သို့မျှကင်းလွတ်နိုင်ခြင်းမရှိသည်ကို မျက်ဝါးထင်ထင် သိသာစွာ တွေ့မြင်လာရပြီ ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် မေလအတွင်း မမျှော်လင့်ထားသော နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် နိုင်ငံအဝန်း လူပေါင်းတစ်သိန်းကျော်သေဆုံး၍ နိုင်ငံ၏ အဓိကစပါးစိုက်ပျိုးရာဒေသကြီးတွင် ထိခိုက်ပျက်စီးမှုများတွေ့ကြုံခံစားခဲ့ရပြီး ဒီဇင်ဘာလအတွင်း စတင်ချဉ်းနင်းလာခဲ့သည့် စီးပွားရေးတုံ့ဆိုင်းမှုအန္တရာယ်သည် နိုင်ငံနှင့်အဝန်း ဂယက်ရိုက်ဖြစ်ပေါ်လျက်ရှိသည်။

ထိုအခြေအနေများကြောင့် မြန်မာနိုင်ငံသားများ ယခင်က ယုံကြည်ထားသောအရာများသည်လည်းကောင်း၊ ၎င်းတို့၏ ယခင်က တန်ဖိုးထားမှုများသည်လည်းကောင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာနေရပြီဖြစ်ပြီး ယခင်က အရိုးစွဲနေသော လုပ်ပုံကိုင်ပုံ၊ ပြုမူပြောဆိုပုံတို့မှသည် ပကတိရင်ဆိုင်နေရသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်လာရတော့မည်ဟု ဆိုလိုချင်ပါသည်။

ဤသို့ မြန်မာနိုင်ငံရှိ အောက်ဆုံးလွှာလူတန်းစား၊ လယ်သမားနှင့် အလယ်အလတ်စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် အုပ်ချုပ်သူအစိုးရတို့သည် ယခုကဲ့သို့ ပြောင်းလဲလာသည့်အခြေအနေအပေါ် လိုက်လျောညီထွေရှိနိုင်သည့်ရှုမြင်ပုံများ ပြောင်းလဲလာနိုင်ပါက ၂၀၀၉ ခုနှစ်သည် မြန်မာနိုင်ငံအတွက် အလားအလာကောင်းများ ပြန်လည်ပေါ်ထွက်လာနိုင်သည့် နှစ်တစ်နှစ်ဟု ဆိုရ



မည်ဖြစ်ပါသည်။

## မြန်မာ့စိုက်ပျိုးရေး ရီနေးဆန့်

မြန်မာနိုင်ငံသည် ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် ဈေးကွက်အခြေခံသောစီးပွားရေးစနစ်ဖြင့် အဆင့်မြင့်ကုန်ချောထုတ်လုပ်ရေးဆိုင်ရာ အစီအမံများကို ပြောင်းလဲရန် ကြိုးပမ်းခဲ့ကြသည်။ ယနေ့အချိန်ထိ ပြည်ပပို့ကုန်များတွင် ဆန်၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ပြုပြင်ထားခြင်းမရှိသော ကုန်ကြမ်းများ၊ တွင်းထွက်သဘာဝအရင်းအမြစ်များနှင့် ရေထွက်ပို့ကုန်များသာ လွှမ်းမိုးထားရာ ယင်းတို့မှာ ပို့ကုန်အားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ရှိနေခဲ့သည်ကို တွေ့ရှိရသည်။

လွန်ခဲ့သော ၁၂ လအတွင်း ကမ္ဘာ့ဒုတိယအများဆုံးပဲတင်ပို့နေသည့် မြန်မာနိုင်ငံ၏ ပဲဈေးကွက်သည် ဈေးနှုန်းများ ၃၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာခဲ့ခြင်းကြောင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများသည် ကျပ်ငွေ ၂၀၃ ဘီလီယံအထိ ဆုံးရှုံးခဲ့ကြပြီဖြစ်၏။

"ပဲဈေးကွက် ဒီလိုဖြစ်လာမယ်လို့ ဘယ်သူကမှ ထင်မထားကြပါဘူး။ ဘုရင့်နောင်မှာရှိတဲ့ ကုန်သည် ၉၀ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ကြပါတယ်" ဟုလည်း ပဲကုန်သည်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပဲဈေးကွက်သည် တစ်နိုင်ငံလုံးမှ ထွက်ရှိသမျှပဲ ၇၀ ရာခိုင်နှုန်းကျော်ကို အိန္ဒိယနိုင်ငံတစ်ခုတည်းသို့သာပို့၍ ရောင်းဝယ်ခြင်းဖြင့်မှီခိုနေရာ ယခုကဲ့သို့အခြေအနေတွင် မြန်မာတစ်နိုင်ငံလုံးရှိ ပဲစိုက်ပျိုးသူတောင်သူများသို့ပါ သက်ရောက်လာဖွယ်ရှိနေသည်။

နာမည်ကျော် ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ ရော်နယ်ဟိုင်းဖက်ဇ်က လူ့အဖွဲ့အစည်းတိုင်းတွင် တန်ဖိုးထားမှုများရှိပြီး တန်ဖိုးထားမှုများကြောင့်သာ အောင်မြင်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ပြောင်းလဲလာသည့်အခြေအနေနှင့် ယင်းတန်ဖိုးထားမှုများ မဆီလျော်ဖြစ်လာပါက လိုက်လျောညီထွေသော အပြောင်းအလဲပြုလုပ်ရမည့်အချိန်ကာလဖြစ်ကြောင်း ၎င်း၏ ခေါင်းဆောင်မှုဆိုင်ရာစာတမ်းတစ်ခုတွင် ရေးသားခဲ့သည်။ ဥပမာ–မြန်မာနိုင်ငံအနေဖြင့် ပဲတင်ပို့ရောင်းချခြင်းတွင် အိန္ဒိယနိုင်ငံတစ်ခုတည်းကိုသာ အဓိကထားခဲ့ခြင်းမှာ ယခုဈေးကွက်ကျဆုံးမှု၏ အဓိကသော့ချက်လည်းဖြစ်ပြီး ရှုမြင်ပုံအသစ်ဖြင့် ၂၀၀၉ တွင် ပြောင်းလဲလုပ်ကိုင်ရမည် ဖြစ်ပါသည်။





ယင်းကဲ့သို့အချိန်မျိုးတွင် အခန်းကဏ္ဍအသစ်၊ ဆက်ဆံရေးအသစ်၊ တန်ဖိုးအသစ်၊ ပြုမူပုံအသစ်များနှင့် ပြောင်းလဲရန်လိုအပ်သည်ဟုလည်း ပါမောက္ခဟိုင်းဖက်ဇ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိကြုံတွေ့နေရသည့်အချိန်အခါသမယအရ မြန်မာ့စီးပွားရေးသည် ယင်းကဲ့သို့ ယုံကြည်မှုများ၊ လုပ်ထုံးလုပ်နည်းဟောင်းများကို စတင်စိန်ခေါ်လာချိန်ဖြစ်ပြီး ထိန်းချုပ်မှုကြောင့် တုံ့နှေးခဲ့ရသော လုပ်ထုံးလုပ်နည်းများ၊ အထိန်းကွပ်မဲ့စွာလွှတ်ထားသောဈေးကွက်၏အားနည်းချက်များကို လက်တွေ့အဖြေရှာသင့်သည့် အချိန်အခါလည်း ဖြစ်သည်။

ဘောဂဗေဒပညာရှင်များက နိုင်ငံတစ်နိုင်ငံတွင် သယံဇာတကြွယ်ဝမှုသည် မင်္ဂလာတစ်ပါးဖြစ်သော်လည်း ဤသယံဇာတများကြောင့်ပင် နိုင်ငံ၏ဖွံ့ဖြိုးမှုသည် ကျိန်စာသင့်လျက်ရှိသည်ဟု ဆိုကြသည်။ ဤအချက်မှာ ယခုအခါ ဒက်ထိမှန်လျက်



ရှိ၏။ သယံဇာတပစ္စည်းများအပေါ် မှီခိုအားထားမှုကြောင့် နိုင်ငံ၏ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်းလုပ်ငန်းများကို ရှာကြံလုပ်ကိုင်ရန် မေ့လျော့ခဲ့သည့် နိုင်ငံများသည် ယခုအခါ အားကိုးစရာလုပ်ငန်းကြီးများမရှိ ဖြစ်လာခဲ့ရသည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်း အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ပဲဈေးကွက်ကို မည်သို့မျှ တာဝန်ယူထိန်းကျောင်းနိုင်ခြင်းမရှိဟုဆိုကာ အသစ်ပြင်ဆင်ဖွဲ့စည်း၍ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်ကြီးများအသင်းကို ဖျက်သိမ်းလိုက်သည်။ ဇန်နဝါရီလအတွင်း နိုင်ငံနှင့်အဝန်း ပဲနှမ်းတင်ပို့ရန် လူ ၅၀ ထက်မပိုသော ကုမ္ပဏီများဖွဲ့စည်း၍ ပဲဈေးကွက်ကိုပြုပြင်လုပ်ကိုင်ရန် ပြင်ဆင်လာကြသည်။

ဟားဗတ်တက္ကသိုလ်ပါမောက္ခ ဟိုင်းဖက်ဇ်ကမူ အစဉ်အလာအရ Policy Maker များကသာ ပြဿနာကို ခေါင်းဆောင်ဖြေရှင်းကြပြီး ပြောင်းလဲလာသောအခြေအနေများတွင် ယင်းအရိုးစွဲနေသော သမားရိုးကျဖြေရှင်းမှုပုံစံမှခွဲထွက်၍ အောက်ခြေမှ အဖြေရှာဖြေရှင်းသင့်သည်ဟုလည်း ၎င်း၏ဆောင်းပါးတွင် ရေးသားထားသည်။

ကမ္ဘာနှင့်အဝန်းတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲ ရင်ဆိုင်ရလျက်ရှိသော တတိယကမ္ဘာ့နိုင်ငံများတွင် ဆန်လိုအပ်မှု အမြဲရှိနေသည့်အတွက် ကမ္ဘာ့ဆန်ဈေးနှုန်းများကျဆင်းခြင်းမှာ ယာယီသာဖြစ်ပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ၂၀၀၉ တွင် စိုက်ပျိုးမှု လျော့နည်းခြင်းမရှိစေရန် စီးပွားရေးပညာရှင်များက အကြံပြုထားကြသည်။

မည်သို့ပင်ဆိုစေ ၂၀၀၉ ခုနှစ်သည် မြန်မာနိုင်ငံစီးပွားရေးအတွက် အချက်ပေးလာသော အရေးကြုံလာချိန်ဖြစ်ပြီး ထိုအချိန်တွင် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများ၏တန်ဖိုးကို ရှင်းရှင်းလင်းလင်းသိမြင်၍ အစိုးရ ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် တောင်သူများ အတွက် အဓိကအသက်မွေးဝမ်းကျောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် မဟာဗျူဟာသစ်များချမှတ်သင့်သည့် ရီနေးဆန့်အချိန်အခါကောင်းလည်း ဖြစ်သည်။

## ပညာရှင်များကပြောသော ၂၀၀၉ ခုနှစ် အခွင့်အလမ်း

၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံတွင် ကမ္ဘာ့ငွေကြေးဂယက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ သက်ရောက်လာသောအခြေအနေများနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားမစတင်ခင် နာရီဝက်အလိုတွင် လူ ၇၅၀ ဆံ့ခန်းမသည် ပြည့်လျှံနေခဲ့သည်။ အခမ်းအနားစတင်သည်နှင့် ခန်းမ၏အနောက်ဘက်နေရာနှင့် နေရာလွတ်အတော်များများတွင် အချိန် ၄ နာရီခန့် ပရိသတ်များ မတ်တတ်ရပ်၍ နားထောင်နေခဲ့ကြသည်။

“Reform တော့လုပ်ရတော့မည်ဆိုတာကို အလွှာအားလုံး ထိပ်ပိုင်းကစပြီး အသိအမှတ်ပြုလာကြတယ်။ Reform ကလုပ်ဖို့ စိတ်ပါလက်ပါဖြစ်နေကြတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ တက်တက်ကြွကြွ ဒီလိုလာစုစည်းဖြစ်ကြတာလို့ ကျွန်တော်မြင်ပါတယ်။ ဒါတွေကလည်း အခွင့်အလမ်းပါပဲ” ဟု ယင်းပညာရပ်ဆိုင်ရာဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူ သုတေသီ ဦးကိုကိုလှိုင်က ပြော ကြားခဲ့သည်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အခွင့်အလမ်းဖြစ်ပေါ်စေသည့် အခြားအကြောင်းတစ်ရပ်မှာ စက်သုံးဆီဈေးများကျဆင်းနေမှု ဖြစ်သည်။ ပြင်ပစက်သုံးဆီဈေးသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်း အစိုးရစက်သုံးဆီဈေးများအောက်ထိပင် ထိုးကျသွားခဲ့သည်။

စက်သုံးဆီဈေးကျဆင်းလာမှုသည် ထုတ်လုပ်မှုစရိတ်၊ အလုပ်သမားစရိတ်၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိလူများ၏ နေထိုင်မှုစရိတ်များကို ချပေးနိုင်သည့်အခွင့်အလမ်းလည်း ဖြစ်ပါသည်။ စီးပွားရေးတက္ကသိုလ်ပါမောက္ခဟောင်း ဦးမြင့်ကမူ “အရေးကြီးတာက အကောင်အထည်ဖော်ဖို့ပါပဲ။ ဒါက အရေးကြီးတာ။ အခွင့်အလမ်းတွေကတော့ အများကြီးပါပဲ” ဟု ယင်းနေ့အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိဈေးကွက်စီးပွားရေးစနစ်တွင် ကုမ္ပဏီကြီးအချို့သည် ငွေအင်အား၊ လူအင်အား၊ နောက်ခံအင်အားတို့ဖြင့် ဈေးကွက်ကိုချယ်လှယ်နေခဲ့ကြပြီး ဥပမာ–ပဲဈေးကွက်ကို ကုမ္ပဏီကြီး လက်ကြီးငါးခုခန့်က ထိန်းချုပ်ထားနိုင်သည်ဟုလည်း

ပုဂ္ဂလိကဂျာနယ်များတွင် ဖော်ပြကြသည်။

ယင်းကဲ့သို့ စီးပွားရေးလုပ်ငန်းကြီးများ၏ ဈေးကွက်ချဲ့ထွင်ရုန်းကန်မှုများသည် အရေးကြုံချိန်တွင် ရှေရာမှုမရှိဆိုသည်မှာ သိသာသောမြင်လွယ်မှုပင်ဖြစ်ပါသည်။ လက်ရှိအစိုးရအကောင်အထည်ဖော်နေသော အထူးစီမံကိန်းကြီးများသည် ယခုလာမည့်နှစ်အတွင်း သံကဲ့သို့ ဆောက်လုပ်ရေးပစ္စည်းများဈေးကျချိန်တွင် တွန်းအားပေးလုပ်ကိုင်သင့်ကြောင်း၊ ယင်းစီမံကိန်းများနှင့် ဆက်စပ်လာသည့် အလုပ်အကိုင်အခွင့်အလမ်းများသည် တစ်ဖက်က စီးပွားရေးကျဆင်းမှုကြောင့် ပျောက်သွားသည့်အလုပ်အကိုင်များကို အစားထိုးနိုင်မည်ဆိုသည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးတင်မောင်သန်းက ယင်းနေ့ဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်အတွင်း စက်ယန္တရားပစ္စည်းများ ပြည်ပမှတင်သွင်းမှုကို ပို့ကုန်ကဏ္ဍတွင် သိသိသာသာပိုမိုသုံးစွဲလာခဲ့သည်ကိုတွေ့ရှိရပြီး ပြည်ပမှပြန်ရောက်လာသော ကျွမ်းကျင်လုပ်သားတို့၏ အရည်အချင်းများကို ထိုက်တန်သောအခွင့်အလမ်းအဖြစ်ဖြင့် ဆက်စပ်နိုင်ပါက ၂၀၀၉ ၏ အခြားသောအခွင့်အလမ်းတစ်ခုဖြစ်လာမည်ဟုလည်း ဆိုရမည်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သော Wi-Max အင်တာနက်စနစ်မှသည် တစ်ကိုယ်ရေအိတ်ဆောင်ကွန်ပျူတာသုံးသူများအထိ လက်လှမ်းလာသည့် Wi-Fi ကွန်ရက်စနစ်တို့သည် ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ဘာသာရပ်ဆိုင်ရာ လေ့လာမှုများကို ကမ္ဘာနှင့် ချိတ်ဆက်လာနိုင်သည့်စွမ်းရည်များ ၂၀၀၉ ခုနှစ်တွင် ရရှိလာဖွယ်ရှိပြီး လူငယ်များအနေဖြင့် ပညာရှာရန်အကောင်းဆုံးအချိန်လည်း ဖြစ်သည်။

သို့ရာတွင် အခြေအနေအချို့မှာ စိန်ခေါ်မှုများ သို့မဟုတ် ကြိုတင်သိရှိရန်လိုသောအချက်အလက်များ သို့မဟုတ် ထူးခြားသောအခြေအနေများဟု ပညာရှင်များက စဉ်းစားကြသည်။ ဆောင်းပါးအစတွင်ဆိုခဲ့သလို အဆိုပါအခြေအနေများမှာ ထူးခြားသောအခြေအနေများဟု မှတ်ယူရဖွယ်ရှိပါသည်။





မြန်မာနိုင်ငံဈေးကွက်အတွင်း ယခုဖြစ်ပေါ်ခဲ့သော ငွေကြေးဂယက်ကြောင့် ဈေးကွက်အတွင်း လုပ်ထုံးလုပ်နည်း ထိန်းချုပ်မှုများ အားနည်းသကဲ့သို့ လုပ်ငန်းများပြိုလဲခဲ့ခြင်းကြောင့် ဈေးကွက်၏ အားနည်းချက်များကို ပြင်နိုင်သောအခွင့်အလမ်းများလည်း ရှိနေခဲ့သည်။ အဆိုပါအားနည်းချက်များကို ရှာတွေ့နိုင်၍ ပြုပြင်နိုင်ပါက အနာဂတ်ဈေးကွက်စီးပွားရေးအတွက်လည်း အခွင့်အလမ်းတစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

အဆိုပါအခွင့်အလမ်းများကို စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဦးမြင့်က "အကောင်အထည်ဖော်ပါ၊ ပံ့ပိုးပါ၊ လုပ်ငန်းရှင်တွေအတွက် အဲဒီကစားကွင်းတွေကို ဖန်တီးပေးပါ" ဟု သုံးသပ်ပြောဆိုခဲ့သည်။

## မြန်မာထွက်ရာလမ်း (သို့) စိန်ခေါ်မှုမှ အခွင့်အလမ်းဆီသို့

ယခုဆက်လက်ဖော်ပြမည့် အကြောင်းအရာသည် မြန်မာနိုင်ငံ၏ လတ်တလောစီးပွားရေးဂယက်များအပေါ် ပြတင်းပေါက်မှကြည့်သူတစ်ဦးအနေဖြင့် စိတ်ကူးသုံးသပ်တင်ပြခြင်းဖြစ်ပါသည်။ ပညာရှင်များ၊ တတ်သိနားလည်သူများ၊



ကျွမ်းကျင်သော ပညာရှင်များ၏အမြင် မဟုတ်ဘဲ သာမန်နိုင်ငံသားတစ်ယောက်၏ ခံစားမှု ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ယနေ့နိုင်ငံတကာသို့ တင်ပို့နေသော ပို့ကုန်များတွင် သဘာဝ ဓာတ်ငွေ့ကိုဖယ်ထုတ်လိုက်ပါက လယ်ယာ ကဏ္ဍမှပို့ကုန်သည်ပမာဏ ၈၀ ရာခိုင်နှုန်း ခန့်အထိ အဓိကအချိုးအစားဖြစ်တည်နေ သည်ကို တွေ့ရှိရပါသည်။ လယ်ယာကဏ္ဍ မှပို့ကုန်များ ကျဆင်းသွားခြင်းသည် လယ် ယာကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကို ထိခိုက်မှုများဖြစ်စေပါ သည်။

၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံကို အရေးပေါ်စီးပွားရေးထွက်ပေါက်အနေဖြင့် တစ်ခုပဲရွေးချယ်ပါဟု ဆိုပါက တစ်နိုင်ငံလုံး စပါးပိုမှန်ထွက်ရှိရန်ဟု ပြောရမည်ဖြစ်ပါ သည်။

ဒုတိယအရေးအကြီးဆုံးအချက်မှာ တစ်နိုင်ငံလုံးတွင် စိုက်ပျိုး ထွက်ရှိသောအခြေခံစားသောက်ကုန်များ ပြည့်စုံလုံလောက်ရေးပင် ဖြစ်ပါသည်။

ယင်းသို့သောအခြေအနေတွင် ဖြစ်ပေါ်ခဲ့သော နာဂစ်မုန် တိုင်းကြောင့် လယ်သမားအများစုမှာ လယ်ယာကဏ္ဍကို ပုံမှန်ပြန် လည်စတင်ရန် အခက်အခဲရှိချိန်တွင် Contract Farming ဆိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သည့် သွင်းအားစုအချို့ကို အစိုးရမှ ထည့်သွင်းထားသည်ကို တွေ့ရှိပါသည်။ အဆိုပါသွင်းအားစုသည် မှန်ကန်သည့်လမ်းကြောင်းပေါ် ပီပြင်စွာရောက်ရှိရေးမှာ ၂၀၀၉ အတွက် အထူးပင်အရေးပါလှပါသည်။

ကန်ထရိုက်လယ်ယာစနစ်ကို မည်သူကပင် စိုက်ပျိုးလုပ် ကိုင်သည်ဖြစ်စေ ငွေတိုးချေး၍ အကြွေးသံသရာလည်ကာ လုပ်ငန်း ပြန်လည်စတင်လုပ်ကိုင်ရန်ခက်ခဲနေသည့် လယ်သမားများကို ယင်းအခြေအနေမှကယ်တင်ရေးမှာ များစွာသဘာဝကျသော လုပ်ထုံးလုပ်နည်းတစ်ခုဟု ဆိုချင်ပါသည်။

ယခုစပါးပေါ်သည့်ရာသီမှစတင်၍ လယ်သမားများ၏စပါး များကို ယခုပေါက်ဈေးများထက် အမြတ်စွန်းရရှိနိုင်သည့် တင်း ၁၀၀ လျှင် ကျပ်သုံးသိန်းခွဲခန့်ဖြင့် ဝယ်ယူလာမည်ဆိုပါက လာ မည့်စပါးစိုက်ရာသီအတွက် သက်ရောက်မှုများစွာရှိလာနိုင်သည်ကို ချိန်ဆနိုင်ပါသည်။

နိုင်ငံ၏ တစ်မျိုးသားလုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှု GDP တွင် လယ်ယာကဏ္ဍသည် ရာခိုင်နှုန်း အများ စုပါဝင်လျက်ရှိပြီး နိုင်ငံ၏ရိက္ခာအတွက်လည်းကောင်း၊ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ ကမ္ဘာပေါ်တွင် တစ် နေ့တခြားအခက်အခဲရှိလာနေသော ရိက္ခာလိုအပ်ချက်အတွက် လည်းကောင်း များစွာအရေးကြီးသောကဏ္ဍတစ်ခုလည်း ဖြစ်ပါ သည်။

လတ်တလောအနေဖြင့် အစိုးရသည် လာမည့် ၂၀၁၀ မတိုင် မီ မြန်မာနိုင်ငံ၏ ဆန်စပါးပိုမှန်ထွက်ရှိရေး၊ ကမ္ဘာပေါ်တွင် ဆန်စား သုံးမှုအမြင့်ဆုံးဖြစ်သော မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ပေါက်ဈေး နှင့် ပြည်ပတင်ပို့မှုတို့အပေါ် မှန်ကန်၍ လက်တွေ့ကျသော မူဝါဒ များချမှတ်ရေးတို့ကို အထူးအလေးပေးသင့်ကြောင်း တွေ့ရှိရပါ သည်။ လတ်တလောတွင် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ဓာတ်မြေဩဇာကဲ့သို့ စိုက်ပျိုးရေး သုံးပစ္စည်းဈေးနှုန်း၊ ကမ္ဘာ့ရေနံဈေးများ စံချိန်တင်ကျဆင်းချိန်တွင် ကျဆင်းခြင်းမရှိသည်ကို လက်တွေ့ကျကျ အချိန်မီ ဖြေရှင်းရန်မှာ လည်း မူဝါဒဆိုင်ရာချမှတ်သူများအတွက် ထည့်သွင်းစဉ်းစားရ မည့်အချိန် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ယခုနှစ်မုန်တိုင်းအပြီး အစိုးရကစတင်ခဲ့ သည့် ကန်ထရိုက်လယ်ယာစနစ်သည် မှန်ကန်သောလမ်းကြောင်း တစ်ခုဟူ၍ ဖြစ်နိုင်ခြေများထဲမှ ယူဆရန်ရှိပြီး ပူးတွဲအကောင် အထည်ဖော်နေသည့်လုပ်ငန်းရှင်များအနေဖြင့် အတိတ်မှ ရေနက် ကွင်းစီမံကိန်းကဲ့သို့သော သင်ခန်းစာများကိုယူ၍ အကောင် အထည်ဖော်မည်ဆိုပါက ၂၀၀၉ အတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပါ သည်။ မကြာသေးခင်က ပြည်နယ်နှင့်တိုင်းများတွင်ဖွဲ့စည်းလိုက် သော ကုမ္ပဏီအစုအဖွဲ့များ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ် ရောင်းချမှုများတွင် ပီပြင်စွာ ပါဝင်လာနိုင်ပါက ၂၀၀၉ ခုနှစ်ကို စိန်ခေါ်မှုမှသည် အခွင့်အလမ်းဆီသို့ဟုပင် ကောက်ယူဖွယ်ရာရှိပါ သည်။

## မြန်မာနှင့် ၂၀၀၉

၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ကြုံတွေ့ရသော ကမ္ဘာလုံးယုက်နွှယ် စီးပွားရေးအကျပ်အတည်း၊



နာဂစ်ကဲ့သို့ သဘာဝဘေးအန္တရာယ်၊ ၂၀၁၀ တွင် ကျင်းပမည်ဖြစ်သည့် ရွေးကောက်ပွဲဟူသော အကြောင်းများဆုံစည်းနေချိန်ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်မှ စတင်ကျဆင်းလာသော ပြည်တွင်းပို့ကုန်ဈေးကွက်အားလုံးသည် ၂၀၀၉ ခုနှစ်တွင် ဆက်လက်ကျဆင်းလာရန်ရှိပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများအားလုံး ဆက်လက်ကျဆင်းရန်ရှိပြီး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသည် အခက်အခဲများစွာကြုံတွေ့လာနိုင်ပါသည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် လုပ်ကိုင်လျက်ရှိသော လယ်ယာကဏ္ဍမှ စိုက်ပျိုးထုတ်လုပ်သူများသည် ၂၀၁၀ တွင် တာဝန်ယူလုပ်ကိုင်မည့်အစိုးရ၏ မူဝါဒများနှင့် တိုက်ရိုက်သက်ဆိုင်နေမည်ဖြစ်ပြီး လတ်တလောတွင်ပင် သက်ဆိုင်လျက်ရှိသည်။

သဘာဝဓာတ်ငွေ့မှဝင်ငွေသည် လာမည့်နှစ်တွင် ယမန်နှစ်ကဲ့သို့ ၂ ဘီလီယံကျော်ရရှိနိုင်မည်မဟုတ်ဟု ခန့်မှန်းရပါသည်။ နိုင်ငံ၏ GDP သည် နှစ်စဉ် ၁၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လျက်ရှိသော်လည်း ၂၀၀၉ တွင် ကျဆင်းလာနိုင်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံခြားပို့ကုန်မှ ရငွေ ၆ ဒသမ ၄ ဘီလီယံရှိပြီး သွင်းကုန်မှာ ၃ ဒသမ ၄ ဘီလီယံရှိကာ ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၃ ဘီလီ ယံရှိခဲ့သည်။ EIU ၏ ခန့်မှန်းချက်အရ ၂၀၀၉ ခုနှစ်တွင် ငွေကြေးဖောင်းပွမှု ကျဆင်းနိုင်ပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းများလည်း ကျဆင်းလာနိုင်ပါသည်။



အလားတူ အစိုးရကခန့်မှန်းသည့် မြန်မာနိုင်ငံမှ ပြည်ပပြောင်းရွှေ့အလုပ်သမားအရေအတွက်မှာ ၂ သန်းကျော်ရှိနေပြီး သိန်းဂဏန်းပမာဏအချို့ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ရန်ရှိကာ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းချထားပေးရန်မှာလည်း စဉ်းစားလုပ်ကိုင်ရမည့်အခြေအနေ ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် မြန်မာနိုင်ငံသည် ယခုကဲ့သို့ အရေးပေါ်အကြောင်းတရားများကြောင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် အဓိကမောင်းနှင်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များအပေါ် အုပ်ချုပ်သူမှ ပံ့ပိုးသူအဖြစ်ဖြင့် ပြောင်းလဲပံ့ပိုးနိုင်မှုရှိ မရှိဆိုသည်မှာ အထူးအရေးကြီးလျက်ရှိသည်။ အစိုးရနည်းတူ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြေခံလူတန်းစားများတို့သည်လည်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်း၊ အသက်မွေးလုပ်ငန်း အလုပ်အကိုင်များတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရမည်ဖြစ်ပြီး မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်ကို စဉ်းစားရမည်ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၀၉ သည် မြန်မာနိုင်ငံအတွက် စီးပွားရေးမှသည် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍများအားလုံး၌ နှစ်နှင့်ချီ၍ အရိုးစွဲနေသော သို့မဟုတ် သမိုင်းနှင့်ချီ၍ပြုမူခဲ့သော လုပ်ပုံကိုင်ပုံများကို စွန့်နိုင်မှသာ အခွင့်အလမ်းများ ပွင့်လန်းလာဖွယ်ရာရှိပါသည်။ နှစ်နဲ့ချီ၍လုပ်ကိုင်ခဲ့သော မပြောင်းလဲခဲ့သည့် အယူအဆများအစားရှုမြင်ပုံအသစ်၊ လုပ်ပုံကိုင်ပုံအသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင်လုပ်ရမည့်အချိန်သာဖြစ်ပါသည်။ အဖွဲ့အစည်းများ၏ ခေါင်းဆောင်သူများအနေဖြင့်လည်း ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံတွင် အဖွဲ့အစည်းများတိုင်း၌ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို သမားရိုးကျစဉ်းစားနည်းများထက် ထိုးထွင်းဖန်တီးမှုများနှင့် ပူးပေါင်းဖြေရှင်းမှသာ ကြီးကျယ်ခမ်းနားသောရလဒ်များကို တွေ့မြင်လာရဖွယ်ရှိပါသည်။

**တင်အောင်ကျော်**



ပြည်လုံးအတိုင်းအတာအနေနဲ့ ဝယ်လိုအားတွေလည်း ကျဆင်းနေချိန်ဖြစ်ပါတယ်။ ဒီအချက်ဟာ တောင်သူလယ်သမားတွေအတွက် မိမိတို့လယ်ယာလုပ်ငန်းမှာ အားစိုက်ခွန်စိုက် စိုက်ပျိုးထုတ်လုပ်ဖို့ အားကိုလျော့နည်းစေပါတယ်။ အဲဒီအခါ လယ်ယာစိုက်ပျိုးရေးမှာ လိုအပ်တဲ့မျိုးစပါး၊ မြေဩဇာ စတဲ့ သွင်းအားစုများကို ထည့်သွင်းဖို့၊ ရေကိုလိုအပ်သလို စီမံခန့်ခွဲဖို့၊ ပေါင်းမြက်တွေနှိမ်နင်းဖို့၊ ရိတ်သိမ်းခြွေလှေ့ဖို့ စတဲ့လုပ်ငန်းစဉ်များအားလုံးမှာ စနစ်တကျပြုလုပ်ဆောင်ရွက်ဖို့ အားနည်းသွားမှာဖြစ်ပါတယ်။ ဒါတွေကို လုပ်ဖို့ဆိုရာမှာလည်း လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုကို ထည့်ရမှာဖြစ်တာမို့ စပါးဈေးမကောင်းတဲ့အခါ တောင်သူလယ်သမားတွေဟာ မသေချာတဲ့ဈေးကွက်အပေါ်မှာ ရင်းနှီးမြှုပ်နှံဖို့ အားမထည့်ကြတော့တဲ့အတွက် လာမယ့်နှစ်မှာစပါးအထွက်လျော့မယ်ဆိုတာ ပြောလိုပါတယ်။

**L.C ။ ။ တချို့ကလည်း ကန်ထရိုက်လယ်ယာလုပ်ဖို့ စဉ်းစားတာမျိုးရှိပါတယ်။ အဲဒါကလည်း ကုန်သည်တွေရှုထောင့်က စဉ်းစားတာလို့ ထောက်ပြနေတာမျိုးလည်း ရှိလို့ပါ။**

**Dr.MAK** ။ ။ ကန်ထရိုက်စနစ် လယ်ယာစိုက်ပျိုးရေးဟာ ခုမှ ပေါ်လာတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ Supply Chain

# "ပြည်ပတင်ပို့သူတွေ လုပ်သာကိုင်သာရှိမယ့်အခြေအနေတစ်ခု ဖန်တီးပေးဖို့လိုပါတယ်"

## မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်နှင့် တွေ့ဆုံခြင်း

နိုင်မင်းဝေ ၊ ခွန်းသု

**L.C ။ ။ လက်ရှိဆန်ဈေး၊ စပါးဈေးနှုန်းတွေအရ လာမယ့်နှစ်မှာ စပါးအထွက်လျော့နိုင်တယ်လို့ ပြောနေကြတာနဲ့ပတ်သက်လို့ ဆရာ့အမြင် သိပါရစေ။**

**Dr.MAK** ။ ။ အထွက်လျော့မယ်ဆိုရာမှာ နာဂစ်ကြောင့် အဓိကမဟုတ်ဘူးဆိုတာ ပြောလိုပါတယ်။ အဓိကအချက်ကတော့ ဈေးကွက်ကြောင့်ပါ။ ဈေးကွက်သာ တောင်သူလယ်သမားတွေအတွက် မက်လုံးဖြစ်မယ်ဆိုရင် ထုတ်လုပ်မှုဟာ လေးငါးလမှာ သီးနှံတစ်ရာသီဖြစ်နေတာမို့ အချိန်တိုအတွင်း ထုတ်လုပ်မှုပြန်လည်မြင့်တက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာထွက်သီးနှံတွေမှာ ဈေးကွက်သည်သာလျှင် အဓိကမောင်းနှင်အားဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာအရ ဆန်စပါးဈေးနှုန်းများဟာ တောင်သူလယ်သမားများရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်ကို ကျဆင်းနေတဲ့အနေအထားမှာရှိနေသလို တစ်System စနစ်မှာ ဒီပုံစံက Informality အနေနဲ့ ရှိနေပြီးသားပါ။ ဆန်စက်ပိုင်ရှင်၊ ဆန်ကုန်သည်တွေနဲ့ မိမိတို့ဒေသမှာရှိတဲ့ တောင်သူလယ်သမားများအကြားမှာ အပြန်အလှန်ရေရှည်ဆက်ဆံလုပ်ကိုင်လာကြရင်းနဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုအားဖြင့် လုပ်ခဲ့ကြတာပါ။ စာချုပ်စာတမ်းနဲ့ စနစ်တကျချုပ်ဆိုပြီး လုပ်ခဲ့ကြတာတော့ မဟုတ်ပါဘူး။ စပါးစိုက်ရာသီအစမှာ လယ်သမားများအနေနဲ့ မိမိတို့လယ်ယာလုပ်ငန်းမှာ လိုအပ်တဲ့ငွေကြေးကို စက်ပိုင်၊ ကုန်သည်တွေဆီကနေ ကြိုတင်ငွေယူ၊ နှစ်ဦးနှစ်ဖက်ဈေးနှုန်းတစ်ခု အကြမ်းအားဖြင့် သတ်မှတ်၊ အဲဒီဈေးနှုန်းဆိုတာကလည်း အဲဒီဒေသမှာ အများက ရာသီအလိုက် သတ်မှတ်ထားတဲ့ဈေးနှုန်း (ပင်ထောင်ဈေး) ဖြစ်ပါတယ်။ သီးနှံပေါ်လာတဲ့အခါ လယ်သမားက စက်ပိုင်၊ ကုန်သည်ကို စပါးပြန်ပေးရတာပါ။ သူ့ဒေသနဲ့သူ ရေရှည်ဆက်ဆံလုပ်ကိုင်လာကြတဲ့အခါ ဘယ်သူဟာ ယုံကြည်နိုင်



သလောက်လဲ၊ စေတနာပါသလဲ၊ မှန်ကန်သလဲဆိုတဲ့ နာမည်ကောင်း Reputation ပေါ်မူတည်ပြီး လုပ်ကိုင်ဆက်ဆံလာကြတဲ့ စနစ်ပါ။ ခုကန်ထရိုက်စနစ်ကို စနစ်တကျဖော်ဆောင်လာရင်တော့ ကောင်းတဲ့စနစ်တစ်ခုဖြစ်ပါတယ်။ တစ်ဖက်ကလည်း စိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ ဈေးကွက်သဘာဝဟာ အချိန်တိုအတွင်းမှာ ပြောင်းလဲတတ်တဲ့ (Fragile Market Nature) သဘောရှိတာမို့ ခုလိုကန်ထရိုက်စနစ်မှာ တစ်ဖက်က အားနည်းသူလယ်သမားများ နဲ့ ငွေကြေးရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များအကြား ဈေးကွက်ဝယ်လိုအား ပြောင်းလဲသွားခဲ့ရင် ဘယ်သူကအနာခံမလဲ၊ ဘယ်သူ့ကို Handicap ပေးမလဲဆိုတဲ့အချက်ကလည်း ထည့်သွင်းစဉ်းစားထားရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီစနစ်က ကုန်သည်ရှုထောင့်ကို အဓိကထားစဉ်းစားရင်တော့ ရေရှည်မှာ မအောင်မြင်နိုင်ပါဘူး။ ကန်ထရိုက်စနစ်မှာ ရေရှည်တည်တံ့ဖို့ဆိုရင်တော့ **လယ်သမားတွေရဲ့ ဘဝ တိုးတက်မြင့်မားရေးဟာ ပထမဦးစားပေး** ဆိုတာကို ကြားကောင်းရုံမဟုတ်ဘဲ တကယ် Commitment ရှိဖို့ လိုအပ်ပါတယ်။

**L.C ။ ။ ကောက်သစ်ပေါ်ချိန်မှာ စပါးဈေးကျတာ မဆန်းပေမယ့် အခုနှစ်စပါးဈေးကျတာ နည်းနည်းဆန်းတယ်လို့ ပြောပါတယ်။ ဆိုလိုတာက နာဂစ်ကြောင့် စပါးအထွက်နည်းမယ်လို့ ခန့်မှန်းထားကြတာ အခု မထင်မှတ်ဘဲ စပါးဈေးတွေကျတာကို သိချင်တာပါ။**

**Dr.MAK** ။ ။ ဒီနှစ် ဆန်စပါးဈေးကွက်အခြေအနေက ခုမှ ချက်ချင်းထူးထူးခြားခြားဖြစ်တဲ့အနေအထားထက် ပြီးခဲ့တဲ့နှစ်တွေကနေ Carried forward လုပ်လာပြီးမှ ခုနှစ်မှာ အကျိုးဆက်တစ်ခုအနေနဲ့ ဖြစ်လာတဲ့အခြေအနေပါ။ မြန်မာနိုင်ငံရဲ့ ဆန်စပါးထုတ်လုပ်မှုဟာ ပြီးခဲ့တဲ့ ၂၀၀၄–၂၀၀၅ ခုနှစ်များကနေစပြီး ၂၀၀၇ ခုနှစ် မိုးစပါးပေါ်ချိန်အထိ အမှန်တကယ်ကို သိသိသာသာပိုလျှံခဲ့ပါတယ်။ ဒါတောင် နယ်စပ်ထွက်ပေါက်များကနေ တန်ချိန်ပေါင်းသိန်းနဲ့ချီပြီးထွက်နေတာတောင် ပိုလျှံခဲ့တဲ့အနေအထားဖြစ်ခဲ့ပါတယ်။ ပြည်တွင်းဆန်ဈေးကွက်ဈေးနှုန်းများဟာ ၂၀၀၄ ခုနှစ်ကုန်ပိုင်းကနေ သိသိသာသာမြင့်တက်လာခဲ့ပြီး တောင်သူလယ်သမားတွေအတွက် အကျိုးအမြတ်ရှိစေခဲ့တဲ့အတွက် အားသွန်ခွန်စိုက် စိုက်ပျိုးလုပ်ကိုင်လာခဲ့ကြတာမို့ ထုတ်လုပ်မှုတိုးတက်လာခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီအချိန်ကစလို့ ပြည်ပကို တရားမဝင်ထွက်နေတဲ့ကြားက ပိုလျှံလာတဲ့အခြေအနေက စုစုလာရင်း ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ် မိုးစပါးပေါ်ချိန်မှာစပြီး ဈေးကွက်ရဲ့ရောင်းလိုအားအခြေအနေဘက်က သိသိသာသာ ချိန်ခွင်လျှာသာလာတဲ့အတွက် ၂၀၀၇ စက်တင်ဘာ၊ အောက်တိုဘာလကစလို့ စပါးဈေး ကျပ်နှစ်သိန်းခွဲအောက်ထိ ရောက်သွားခဲ့ပါတယ်။ ဆိုလိုတာက တောင်သူတွေရဲ့ ထုတ်လုပ်မှုစရိတ်အောက်ကို ရောက်သွားတဲ့သဘောရှိပါတယ်။ အစိုးရက

၂၀၀၇ နှစ်ကုန်ပိုင်းကစလို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပြည်ပတင်ပို့ခွင့်ပြုခဲ့တာမို့ စပါးဈေးသုံးသိန်းအထက်ကို ပြန်လည်မြင့်တက်သွားခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ဧပြီလကုန်အထိ ဆန်ပြည်ပကို တန်ချိန်သုံးသိန်းကျော် တင်ပို့နိုင်ခဲ့ပေမယ့် မေလဆန်းက နာဂစ်မုန်တိုင်းကြောင့် ပြည်ပတင်ပို့မှုကို ရပ်ဆိုင်းခဲ့ရပါတယ်။

အဲဒီကာလမှာ ကမ္ဘာ့ဆန်ဈေးကွက်မှာ ဈေးနှုန်းအခြေအနေဟာ ထူးထူးခြားခြားပဲ မိုးထိအောင် မြင့်တက်လာခဲ့တာ ထိုင်း၊ ဗီယက်နမ်ဆန်တွေဟာ တစ်တန်ကို ဒေါ်လာ ၁၀၀၀ နီးပါးထိအောင်ဖြစ်ပြီး တိုးတိုးတိတ်တိတ်ရောင်းဝယ်ကြတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဆန်ဈေးကွက်ဟာ ၂၀၀၈ ခုနှစ်ဆန်းပိုင်းကစလို့ ဟပ်ထိုးလိုက်လို့ ဝယ်လိုအားကောင်းလောက်အောင် မြန်မာ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်မှာ ဆန်ပြတ်လပ်မှုနဲ့ ကြုံနေခဲ့ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စောစောကပြောသလို သုံးနှစ်ဆက်တိုက် တစ်နှစ်ကို အနည်းဆုံး နှစ်သိန်းလောက်ပိုလျှံမှုစုဆောင်းလာခဲ့တာမို့ နာဂစ်ဆိုင်ကလုန်းကြောင့် ပျက်စီးဆုံးရှုံးမှုများပေမယ့် မုန်တိုင်းလွတ်တဲ့နေရာတွေက ပိုလျှံမှုကြောင့် ဆန်မဖူလုံမှာကို စိုးရိမ်စရာကို မရှိခဲ့ပါဘူး။ အဲဒီအချိန်မှာ ပြည်ပနိုင်ငံတွေရော FAO လို အဖွဲ့အစည်းတွေကပါ စားနပ်ရိက္ခာပြဿနာကြုံနိုင်တယ်လို့ဆိုပေမယ့် ကျွန်တော့်ရဲ့တွက်ချက်မှုအရ လုံးဝပိုလျှံမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီနာဂစ်အပြီး ဆန်စပါးစိုက်ပျိုးမှုကိုကြည့်ပြန်တော့ ကမ္ဘာ့ဈေးကွက်အခြေအနေက တွန်းအားတစ်ခုလိုဖြစ်ပြီး အဲဒီအချိန်က (မိုးစပါးစိုက်ချိန်က) သွင်းအားစုဖြစ်တဲ့ မြေဩဇာ၊ ဒီဇယ်ဈေးတွေမြင့်တက်နေပေမယ့် ပြန်လည်ထူထောင်ရေးအကူအညီများနဲ့ အတူ နာဂစ်ဇရိယာက လယ်ဧကအားလုံးရဲ့ ၈၅ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်အထိ ပြန်လည်စိုက်ပျိုးနိုင်တဲ့အထိ ဖြစ်စေခဲ့ပါတယ်။

အဲဒီကာလမှာ ဈေးကွက်အခြေအနေကိုပြန်ကြည့်ပြန်တော့ ဆန်ထွက်တဲ့နေရာများမှာ ပိုလျှံနေမှု (Stock Pilling) များကြောင့်လည်းကောင်း၊ ပြည်တွင်းဈေးကွက်ရဲ့ ပုံမှန်လမ်းကြောင်းစီးဆင်းမှုများကို ထိန်းသိမ်းမှုများနေတာရယ်၊ နယ်စပ်ထွက်ပေါက်တွေမှာ ထိထိရောက်ရောက် (အရင်နဲ့မတူအောင်) ဟန့်တားထားတဲ့အတွက်ရယ်၊ တစ်ပြည်လုံးဝယ်လိုအားကျဆင်းပြီး ရောင်းရေးဝယ်တာကျဆင်းသွားတဲ့အတွက် ရင်းနှီးမြှုပ်နှံငွေ၊ လည်ပတ်ငွေတွေရဲ့ လှုပ်ရှားလည်ပတ်မှု (Turn over) နည်းသွားတာရယ်ကြောင့် ခါတိုင်းနှစ် စပါးမပေါ်ခင် စပ်ကူးမပ်ကူးကာလ (off Season) တွေမှာ တက်နေတတ်တဲ့ဆန်ဈေးကျလာတာလို့ ကျွန်တော်ကတော့ သုံးသပ်ပါတယ်။

အဲဒီအဖြစ်အပျက်ကို ပိုပြီးဆိုးဝါးစေတဲ့ (Potentiating Effects) တွေကတော့ ကမ္ဘာ့ဆန်ဈေးကွက်က ဆန်ဈေးနှုန်းဟာ ၂၀၀၈ ခုနှစ်အလယ်ပိုင်းကစလို့ ပြန်ကျလာတာပါပဲ။ ဒီလိုဖြစ်စေတဲ့အကြောင်းတရားတွေကို သုံးသပ်ရရင် ပြီးခဲ့တဲ့ကမ္ဘာ့ဆန်ဈေးနှုန်းဟာ နိုင်ငံတော်တော်များများက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို အစိုးရပိုင်းရော၊ လယ်သမားတွေကပါ အားထုတ်စိုက်ပျိုးကြလို့ ၂၀၀၈ နှစ်လယ်ပိုင်း ဆန်စပါးထွက်ရာသီမှာ ဈေးတွေပြန်ကျလာတာရယ်၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်ဟာ တစ်ကမ္ဘာလုံးကို အရှိန်အဟုန်ရိုက်ခတ်လာမှုကြောင့် ဆန်ဝယ်လိုအားတွေ သိသာစွာ ပဲကျတာရယ် စတဲ့အကျိုးဆက်တွေကို ဖြစ်လာခဲ့ပါတယ်။

**L.C ။ ။ ကမ္ဘာ့ရိက္ခာလိုအပ်ချက်က ကြီးနေဆဲလို့ သိရပါတယ်။ အဲဒီအတွက် မြန်မာ့လယ်ယာလုပ်ငန်းအလားအလာ ဘယ်လိုလုပ်ရင်ကောင်းမလဲ သိပါရစေ။**

**Dr.MAK** ။ ။ ဟုတ်ပါတယ်။ ကမ္ဘာ့ရိက္ခာလိုအပ်ချက်ကတော့ ကြီးနေဦးမှာပါ။ ဘာကြောင့်လဲဆိုတော့ လူဦးရေဟာလည်း ဒီအတိုင်းမနေဘဲ တိုးနေတာကိုး။ ဒီနေရာမှာ ကမ္ဘာ့လူဦးရေ တိုးတက်မှုနှုန်းက ဆန်စပါးထုတ်လုပ်မှုတိုးတက်မှုနှုန်းရဲ့အထက်မှာ ရှိနေဆဲဖြစ်တာမို့ ရိက္ခာလိုအပ်ချက်ကြီးနေဦးမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ခုလတ်တလောအခြေအနေများကြောင့် ယာယီသဘော ဈေးနှုန်းများကျဆင်းနေပေမယ့် နောက်ပိုင်းမှာ ပြန်လည်မြင့်တက်လာမယ်လို့ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန (IRRI) က သုံးသပ်ထားတာလည်းရှိပါတယ်။

မြန်မာ့လယ်ယာလုပ်ငန်းရဲ့ အလားအလာနဲ့ပတ်သက်လို့ ပြောရရင် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ သဘာဝအရင်းအမြစ်များနဲ့တကွ ဇရိယာကိုထပ်မံချဲ့ထွင်နိုင်တဲ့ အလားအလာကောင်းများ (Potential and opportunities) ရှိပါတယ်။ ဒါပေမဲ့ ဒီလို အလားအလာကောင်းတွေရှိတယ်ဆိုတဲ့ အခြေအနေတစ်ခုတည်းကို ကျေနပ်နေလို့မပြီးသေးပါဘူး။ ဒါတွေကို စနစ်တကျစီမံခန့်ခွဲနိုင်တဲ့ နည်းစနစ်/နည်းပညာ(Natural Resource Management) ဟာလည်း အင်မတန်မှအရေးကြီးပါတယ်။ ဒါတွေရှိနေပေ မယ့် ဒါတွေကို ဘယ်လိုစနစ်တကျစီမံခန့်ခွဲပြီး သုံးစွဲမလဲ။ ရှိနေတဲ့နည်းလမ်းကောင်းများမှသည် ပိုပြီးဆန်းသစ်သော၊ ပိုပြီးထိရောက်သော၊ ပိုပြီးအကျိုးများသော အသစ်အသစ်သောနည်းလမ်းတွေကိုလည်း ဆက်ရှာဖွေဖော်ထုတ်နိုင်မယ့် သုတေသနနဲ့ ဖွံ့ဖြိုးမှုလမ်းကြောင်းကလည်းရှိနေဖို့ လိုအပ်ပါတယ်။ အဲဒီလမ်းကြောင်းကလည်း သူ့ချည်းပဲသီးခြားရပ်တည်နေလို့ မဖြစ်ပြန်ပါဘူး။ ဒီနည်း စနစ်များဟာ ပညာရှင်များဆီမှာပဲ ရပ်နေလို့မပြီးပါဘူး။ တောင်သူ လယ်သမားများအထိရောက်အောင် သွားရပါဦးမယ်။

**L.C ။ ။ ဒီနည်းပညာတွေ လယ်သမားဆီရောက်အောင် ဘယ်လိုလုပ်ရင်ကောင်းမလဲဆရာ။**

**Dr.MAK** ။ ။ အဲဒီကိစ္စကို လက်ရှိအခြေအနေမှာ သုံးသပ်ပြရရင် ခုကမ္ဘာ့ဆန်ဈေးကွက်အခြေအနေမှာ ဈေးနှုန်းတွေကျဆင်းနေတယ်။ ထုတ်လုပ်မှုစရိတ်နဲ့ မကာမိဖြစ်နေတယ်။ အဲဒီအခြေအနေမှာ လယ်သမားတွေအနေနဲ့ မိမိတို့ လယ်ယာစိုက်ပျိုးရေးမှာ ရင်းနှီးမြှုပ်နှံမှုလျှော့ချပြီး အထွက်နှုန်းပိုမိုကောင်းမွန်မယ့် နည်းလမ်းတွေကို သုတေသနနဲ့ ဖွံ့ဖြိုးမှုအားနဲ့ ဖော်ထုတ်နိုင်ပါတယ်။ ဒါတွေကတော့ အရည်အသွေးကောင်းတဲ့မျိုးစပါးများကို စနစ်တကျသုံး

စွဲတာ၊ မျိုးသုံးစွဲမှုပမာဏကိုအနည်းဆုံးအခြေအနေသို့ လျှော့ချတာ၊ လုပ်အားချွေတာတဲ့နည်းစနစ်တွေ (Labor Saving Technologies)၊ ရေကိုလိုအပ်ချက်အနည်းဆုံးဖြစ်အောင် စနစ်တကျသုံးစွဲ တာ (Water Saving Technologies)၊ ဓာတ်မြေဩဇာသွင်းအား စုများကို လိုအပ်ချက်အနည်းဆုံး၊ အထိရောက်ဆုံးဖြစ်အောင် သုံးစွဲ တာနဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာများအားဖြင့် ထွက်လာတဲ့ ဆန်စပါးတွေကို အလေအလွင့်အနည်းဆုံးနဲ့ အရည်အသွေးအကောင်းဆုံးဖြစ်အောင်ဆောင်ရွက်တာ စတဲ့နည်းပညာတွေကို တောင်သူလယ်သမားတွေအကြားစိမ့်ဝင်ပျံ့နှံ့အောင် ပညာလည်းပေး၊ လက်တွေ့လည်းသရုပ်ပြပြီး တောင်သူလယ်သမားတွေရဲ့ အသိအမြင်တွေကို ဖွင့်ပေးဖို့လိုပါတယ်။ သူတို့ကို အကောင်းဆုံးစီမံဆောင်ရွက်နိုင်သူများဖြစ်အောင် (Capacity Building and Empowering Farmers) လုပ်ပေးဖို့ အရေးကြီးတဲ့အချိန်ကိုရောက်နေပါပြီ။ ဒီလိုကိစ္စတွေဟာ တိုင်းပြည်အနေနဲ့ ရုတ်တရက်ကြည့်ရင် ပိုက်ဆံကုန်တဲ့လုပ်ငန်းတွေဖြစ်ပေမယ့် အချိန်ကြာတာနဲ့အမျှ သူ့ရဲ့ပြန်လည်ရလာမယ့်ရလဒ်တွေ (Outcome and Impacts) ကတော့ အတိုင်းအဆမရှိပါဘူးလို့ ပြောလိုပါတယ်။

အဲဒီလိုလုပ်ငန်းတွေ အချိန်တိုအတွင်း ပိုပြီးထိထိရောက်ရောက်နဲ့ အောင်မြင်စေချင်ရင်တော့ ဈေးကွက်ကို လွတ်လွတ်လပ်လပ် ရှင်သန်ပွင့်လင်းစေမယ့် အခြေအနေကောင်းတွေ ဖန်တီးပေးဖို့လည်း အလွန်အရေးကြီးပါတယ်။ လက်ရှိကမ္ဘာ့စီးပွားရေးအခြေအနေ (Macro Economic Level) က စိန်ခေါ်မှုတွေများတဲ့အခါ ပြည်တွင်းလုပ်ငန်းများအနေနဲ့ တုံ့ပြန်ရှင်သန်ဖွံ့ဖြိုးနိုင်ဖို့ရာမှာ လိုအပ်တဲ့ဖြေလျှော့မှုတွေ (Relaxation and Examption)၊ အလျှော့အတင်းလုပ်နိုင်မှုတွေ (Flexibilities)၊ လိုအပ်တဲ့ပံ့ပိုးမှုတွေ၊ အနာခံမှုတွေ (Support, Facilitation and Subsidies) လိုအပ်နေချိန်လို့ ထင်မြင်ပါတယ်။ ဒီလိုလုပ်တဲ့အစီအမံများဟာလည်း တခြားနိုင်ငံများမှာ စီးပွားရေးအကျပ်အတည်းကို ကျော်လွှားဖို့အတွက် လိုအပ်တဲ့ Stimulus Package များနဲ့အလားတူတယ်လို့ဆိုရင် မမှားပါဘူး။

**L.C ။ ။ ပြည်ပကိုတင်ပို့တဲ့အခါ နိုင်ငံတကာဈေးကွက်မှာ အရည်အသွေးနဲ့ ဈေးနှုန်းပြိုင်ဆိုင်ရတယ်လို့ တချို့က ထောက်ပြကြပါတယ်။ (ဥပမာ– တရုတ်နိုင်ငံလုပ်တာမျိုး၊ ဖြေလျှော့ပေးတာမျိုးပေါ့)**

**Dr.MAK** ။ ။ ဟုတ်ပါတယ်။ နိုင်ငံတကာဈေးကွက်ဆိုတာ ရေရှည်ဆက်ဆံပြီး ယုံကြည်နိုင်လောက်တဲ့ ရောင်းသူကောင်း၊ ဖောက်သည်ကောင်းလိုပါတယ်။ ဝယ်သူဘက်ကိုကြည့်ရင်လည်း သူ့အတွက်လိုအပ်တဲ့ အရည်အသွေး၊ လိုအပ်တဲ့ပမာဏကို လိုအပ်တဲ့အချိန်မှာ ဈေးအနည်းဆုံး (အသင့်ဆုံး) ဖြစ်ဖို့ကြိုးစားရပါတယ်။ ဒါမှလည်း သူဝင်ရမယ့်ဈေးကွက်မှာ ရေရှည်အောင်အောင်မြင်မြင်နဲ့ရပ်တည်နိုင်မှာဖြစ်တယ်။ သူအဲဒီလိုရပ်တည်နိုင်ဖို့အတွက် Partner ကောင်းကိုရှာရမှာဖြစ်ပါတယ်။ အဲဒီ Supplier နဲ့ Buyer အကြားမှာလည်း Win-Win ဖြစ်ဖို့လိုအပ်ပါတယ်။ ရောင်းသူ Supplier ဘက်ကိုကြည့်ပြန်ရင်လည်း ရေရှည်ကိုယ့်ဆီမှာတွယ်ကပ်ပြီး ဝယ်နိုင်မယ့် Buyer ကောင်းလိုအပ်သလို မိမိဘက်ကလည်း အရည်အသွေးကို အာမခံနိုင်တာ (Quality Assurance)၊ နာမည်ကောင်းရှိတာ (Good Reputation)၊ လိုအပ်တဲ့အချိန်မှာ လိုအပ်သလိုပေးပို့နိုင်တာ (In Time Delivery) စတဲ့ အချက်တွေနဲ့လည်း ပြည့်စုံဖို့လိုပြန်ပါတယ်။

လက်ရှိအခြေအနေမှာ ကမ္ဘာ့ဆန်ဈေးကွက်မှာ ဈေးနှုန်းတွေကျဆင်းနေတဲ့အတွက် ပြည်ပတင်ပို့သူများအနေနဲ့ နိုင်ငံတကာဈေးကွက်ဈေးနှုန်းအရ ပြည်တွင်းဈေးနဲ့ မကိုက်ဖြစ်နေတာကို သုံးသပ်တွေ့ရပါတယ်။ ပြည်တွင်းစပါးဈေး၊ ဆန်ဈေးတွေကလည်း စိုက်ရေးပျိုးရေးကို လယ်သမားတွေ မလုပ်ရဲလောက်အောင် ကျနေပါတယ်။ ဒါကြောင့် လက်ရှိပြည်ပတင်ပို့ရေးမှာ တွက်ခြေမကိုက်တဲ့အတွက် Exporter တွေ နိုင်ငံတကာဈေးကွက်မှာ မရောင်းနိုင်၊ မရောင်းနိုင်ရင် ပြည်တွင်းမှာရောင်းရေးဝယ်တာတွေနှေးကွေး၊ နှေးကွေးရင် ခုလိုစပါးပေါ်ချိန်မှာ အနုတ်အသိမ်းနည်းရင် ဈေးတွေထပ်မံကျဆင်းမယ်။ နောက်ဆုံး ဖြစ်သမျှအကျိုးဆက်ကို လယ်သမားတွေပဲ ခါးစည်းခံရမှာ။ **နောက်ဆုံးမှာတော့ လယ်သမားတွေအနေနဲ့ ဝမ်းစာဖူလုံရုံပဲ အားထုတ်တော့မှာ။** အားမစိုက်တဲ့အတွက် လိုအပ်တဲ့သွင်းအားစုတွေ မထည့်တဲ့အတွက် ထုတ်လုပ်မှုကျဆင်းမှာမလွဲပါဘူး။ ခန့်မှန်းချက်အရ မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်မှုရဲ့ ၂၀ ရာခိုင်နှုန်းလောက်အထိ ကျသွားမယ်လို့ သုံးသပ်မိပါတယ်။ ဒီ ၂၀ ရာခိုင်နှုန်းဟာ လက်ရှိ တန်ချိန် သန်းသုံးဆယ်ပတ်ဝန်းကျင်ထွက်နေတော့ စပါးအနေနဲ့ တန်ချိန် ခြောက်သန်း၊ စပါးတင်းအားဖြင့် တင်းသန်းပေါင်း သုံးရာလောက် လျော့သွားနိုင်ပါတယ်။ ဆန်အားဖြင့် အကြမ်းဖျင်းတန်ချိန် သုံးသန်းမှ သုံးသန်းခွဲလောက်အထိ ကျသွားနိုင်တယ်လို့ သုံးသပ်ရပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့နှစ်တွေရဲ့ ထုတ်လုပ်မှု၊ ပိုလျှံနေမှုကြောင့် လတ်တလော မသိသာပေမယ့် လာမယ့်နှစ်တွေမှာ ဒီထုတ်လုပ်မှုဟာ စားသုံးမှုနှင့် မျှခြေရှိရုံအနေအထားမှာပဲရှိနေမယ်လို့ ခန့်မှန်းပါတယ်။ ဒီကြားထဲ ရာသီဥတု၊ ပိုးမွှား စတဲ့ မသေချာတဲ့ Risks တွေကိုလည်း ထည့်သွင်းစဉ်းစားရဦးမှာပါ။

**L.C ။ ။ ဒီလိုအခြေအနေမျိုး ဖြစ်မလာအောင် ဆရာ့အနေနဲ့ ဘယ်လိုအကြံပြုချင်ပါသလဲ။**

**Dr.MAK** ။ ။ အဲဒီတော့ ကျွန်တော်တို့ ဒီအခြေအနေဖြစ်မလာခင် ဘာတွေကြိုလုပ်သင့်သလဲ။ ထုတ်လုပ်မှုအပေါ်လိုအပ်တဲ့ Incentive ပေးနိုင်ဖို့ရာမှာ ခုအချိန် လုပ်သင့်နေပြီလို့မြင်ပါတယ်။ ဒါကတော့ ပြည်ပတင်ပို့ရေးကို ခုခွင့်ပြုထားတဲ့ အခြေအနေထက် တွန်းအားပေးပြီး ဈေးကွက်ကိုပိုပြီးအသက်ဝင်လာစေဖို့ပဲ ဖြစ်ပါတယ်။ ဈေးကွက်ကို အသက်ဝင်စေဖို့ကတော့ ပြည်ပတင်ပို့သူတွေ လုပ်သာကိုင်သာရှိမယ့် အခြေအနေတစ်ခုကို ဖန်တီးပေးဖို့ဖြစ်ပါတယ်။ သူ့ထက်အရေးကြီးတဲ့အချက်က လာမယ့်စပါးရာသီမှာ

တစ်ပြည်လုံး အတိုင်းအတာနဲ့ ထုတ်လုပ်မှုကျဆင်းသွားနိုင်မယ့် အကျိုးဆက်ကြီးတစ်ခုကို ကာကွယ်ရာလည်းရောက်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့ အနေနဲ့ လတ်တလော အနာခံရပေမယ့် နောက်ပိုင်းရလာမယ့် ရလဒ်နဲ့ အလဲအထပ် Trade-off လုပ်ရတာမျိုးပေါ့။ ဒါကြောင့် တိုင်းပြည်အတွက် ရလာမယ့် ဒီ ၁၀ ရာခိုင်နှုန်းသော Revenue ဟာ ၂၀ ရာခိုင်နှုန်းသော ထုတ်လုပ်မှုနဲ့ လဲသင့်မသင့် စဉ်းစားနိုင်ဖို့ပါ။

**L.C ။ ။ စားသုံးသူနဲ့ ထုတ်လုပ်သူ တောင်သူလယ်သမားများအကြား ဈေးနှုန်းအစွန်းနှစ်ဖက်ကို ဖြေရှင်းနိုင်ဖို့ဆိုရင် ကြမ်းခင်းဈေးနှုန်းတစ်ရပ်အတွက် ဘယ်လိုဖော်ဆောင်ရင်ကောင်းမလဲ။ ဆရာ့အမြင်သိပါရစေ။**

**Dr.MAK** ။ ။ ဒီလယ်ယာထွက်ကုန်သီးနှံများရဲ့ သဘာဝဟာ အဲဒီအစွန်းတရားနှစ်ခုအပေါ်မှာ အမြဲချိန်ညှိနေရတဲ့သဘောရှိပါတယ်။ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာဆိုတဲ့စကားက အပြောလွယ်သလောက် တစ်ခါတစ်ရံမှာ အင်မတန်နက်နဲသိမ်မွေ့နေတတ်ပါတယ်။ ဒီနေရာမှာ ဘယ်သူ့ကိုမျက်နှာသာပေးသင့်သလဲ။ အဲဒီအခြေအနေကို ခုကြုံတွေ့နေရတဲ့အခြေအနေနဲ့ မီးမောင်းထိုးပြချင်ပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ် သုံးနှစ်အတွင်း တောင်သူလယ်သမားတွေ စပါးဈေး ပဲဈေးလေး မဆိုးတော့ ရွာတွေမှာ တီဗီတွေ၊ မော်တော်ဆိုင်ကယ်တွေ၊ ခြွေလှေ့စက်တွေ၊ လက်တွန်းထွန်စက်တွေနဲ့ ဖြစ်လာကြတယ်။ လယ်ယာစိုက်ပျိုးရေးသုံးဆေးဝါးတွေ၊ မြေသြဇာရောင်းသူတွေ တိုးတက်ကြီးပွားကြတယ်။ နောက် လယ်သမားတွေ ပိုက်ဆံရှိတော့ လျှုကြတန်းကြနဲ့ တခြားလူသုံးကုန်တွေ၊ အဝတ်အထည်တွေ၊ စားသောက်ကုန်တွေလည်း အရောင်းအဝယ်ကောင်းကြတယ်။ ဆက်နွှယ်နေတဲ့စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးကြတယ်။ ခု အကုန်လုံးနေးကွေးသွားကြတယ်။ နောက်ပြီး ထုတ်လုပ်သူလယ်သမားများကိုယ်တိုင်သည်လည်း စားသုံးသူများဖြစ်ပါတယ်။

ကြမ်းခင်းဈေးဆိုရာမှာ တောင်သူတွေအနေနဲ့ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ထက် ကျော်လွန်တဲ့ တောင်သူတွေအတွက် အကျိုးအမြတ်ရှိတယ်ဆိုတဲ့ဈေးနှုန်းဖြစ်ဖို့လိုပါတယ်။ ဒီဈေးနှုန်းဟာ အချိန်ကာလ၊ သွင်းအားစုများရဲ့ဈေးနှုန်းအတက်အကျ၊ စိုက်ပျိုးရာသီ၊ စိုက်ပျိုးတဲ့စနစ်၊ စိုက်ပျိုးရာဒေသ စတဲ့အခြေအနေပေါင်းများစွာပေါ်မှာ အခြေခံပြီးမှ ပြောနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ဒီကုန်ကျစရိတ်နဲ့ပတ်သက်လို့ နှစ်အတန်ကြာအောင် နယ်စုံ၊ အခြေအနေစုံမှာ စနစ်တကျလေ့လာပြီး ဈေးကွက်ကို မျက်ခြည်မပြတ် တစ်လျှောက်လုံးလေ့လာနေသူ၊ လယ်ယာလုပ်ငန်းခွင်ရဲ့သဘာဝကို ကောင်းစွာနားလည်သဘောပေါက်သူဆိုရင် အနီးစပ်ဆုံး ခန့်မှန်းနိုင်သလို၊ ပိုပြီး Reliableဖြစ်မှာဖြစ်ပါတယ်။ မူဝါဒပိုင်းနဲ့ သက်ဆိုင်သလို၊ အင်မတန်သိမ်မွေ့တဲ့လုပ်ငန်းဖြစ်တာမို့ အလွယ်တကူမဆုံးဖြတ်မိဖို့လည်း လိုအပ်ပါတယ်။ ဥပမာအားဖြင့် လယ်သမားတွေကိုမေးမြန်းပြီး သတင်းအချက်အလက်စုဆောင်းတဲ့အခါ သူတို့အနေနဲ့ မိမိတို့လုပ်အားတွေ၊ မိမိတို့လယ်ယာသုံးကိရိယာတွေ



အသုံးပြုမှု၊ မိမိရဲ့မျိုးစပါးကို ပြန်လည်သုံးစွဲမှု၊ ပြင်ပက ငွေချေးမှု အပေါ် ကျသင့်မယ့်အတိုးနဲ့ တခြားစီမံခန့်ခွဲမှု စရိတ်စကတွေကို ထည့်သွင်းတွက်ချက်ရကောင်းမှန်းမသိတဲ့အတွက် မေးမြန်းတဲ့အခါမှာ အမြဲတမ်းလိုလို လျှော့နည်းတွက်ချက် Underestimation နေတတ်တဲ့သဘာဝရှိပါတယ်။ နောက်ပြီး လယ်သမားရဲ့ လုပ်ငန်းသဘာဝကိုနားလည်မှ တချို့ကုန်ကျစရိတ်တွေကို ပြန်လည်ခွဲခြမ်းစိတ်ဖြာပြီး နောက်ကြောင်းပြန်တွက်ရတတ်တဲ့အခါလည်း ရှိရတတ်ပြန်ပါတယ်။ ဥပမာ–လယ်စာရင်းငှားကိစ္စလိုမျိုးပေါ့။ နေ့စားလုပ်ခနဲ့မပေးရဘဲ ရာသီအလိုက်သီးနှံနဲ့ in kind ပေးရတဲ့အခါမျိုးကို လုပ်ငန်းရဲ့ကျယ်ပြန့်မှုသဘာဝနှင့် ပြန်လည်တွက်ချက်ယူရတဲ့အပိုင်းမျိုးကျတော့ ဒီလယ်ယာလုပ်ငန်းသဘာဝကို နားမလည်ရင် အနီးစပ်ဆုံး မရတတ်ပြန်ပါဘူး။ နောက်ပြီး ဒီလိုလုပ်ငန်းမျိုးကို အကဲဖြတ်ရာမှာ စာရင်းအင်းပညာ Statistics အခြေခံရှိဖို့လည်း လိုအပ်ပါတယ်။ အလွယ်တကူကြုံရာလူက မေးမြန်းတာထက် ဒီကိစ္စ ဒီလုပ်ငန်းအတွက် သီးခြားသင်တန်းအနေနဲ့ Training ပေးသင်ကြားပြီးတဲ့သူတွေကို နေရာဒေသတော်တော်များများမှာ ကိုယ်စားပြုနိုင်အောင် ကွင်းဆင်း Field surveying လုပ်နိုင်ရန် အင်မတန် ကိုယ်စားပြုတဲ့အချက်အလက်ကောင်းတွေ ရလာမှာပေါ့။ ဒီအတွက်လည်း Team Work အနေနဲ့ Continuous monitoring and evaluation လုပ်ဖို့ကောင်းပါတယ်။ Decision Makers and Policy Makers တွေအတွက် မှန်ကန်တဲ့ဆုံးဖြတ်ချက်အတွက် အရေးကြီးတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ရှုထောင့်စုံနဲ့ ကျွမ်းကျင်သူတွေရဲ့ Different idea and different perspectives တွေကို လည်း သေသေချာချာဆန်းစစ်ပြီး ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါ တယ်။ အဲဒီနေရာမှာလည်း ကျွမ်းကျင်သူဆိုရာမှာ ဒီနယ်ပယ်မှာ သေသေချာချာလေ့လာပြီး Update ဖြစ်နေဖို့လည်း လိုအပ်ပါတယ်။

နောက် စပါးဟာ စိုက်ပျိုးရေးထုတ်ကုန်တွေထဲမှာ အင်မတန်မှ အရေးကြီးတဲ့သီးနှံဖြစ်သလို၊ တစ်ဖက်မှာလည်း သွင်းအားစုတွေ၊ လုပ်အားတွေထည့်သွင်းရာမှာ တခြားသောသီးနှံများထက် ပိုမိုထည့်သွင်းလုပ်ဆောင်ရတာမို့ တောင်သူလယ်သမားများအနေနဲ့ မိမိတို့ရဲ့ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရတဲ့အချိုးဟာလည်း နည်းပါးတဲ့သီးနှံဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလိုအရေးကြီးပြီး အကျိုးအမြတ်အားဖြင့်နည်းတဲ့ သဘာဝရှိတဲ့စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် လယ်သမားများအတွက် Handicap ပေးပြီး အလေးအနက်ထားစဉ်းစားဖို့ လိုအပ်ပါတယ်လို့ ပြောလိုပါတယ်။

**L.C ။ ။ နောက်တစ်ခုက Ownership နဲ့ ပတ်သက်လို့ပေါ့။ လယ်သမားတွေမှာ ဒီလယ်ကိုပိုင်ဆိုင်တဲ့ Ownership ဆိုတာမရှိဘူး။ ပိုင်ဆိုင်မှုကိုပြပြီး ဘဏ်မှာ အရင်းအနှီးအနေနဲ့သွားပြီး ချေးလို့ရတာမျိုးလည်းမရှိဘူး။ အဲဒါမျိုးတွေမရှိတော့ ဘယ်လိုနေရာတွေမှာ အခက်အခဲတွေ့နိုင်သလဲ။**

**Dr.MAK** ။ ။ များသောအားဖြင့် တောင်သူဆိုတာက စိုက်ပျိုးရေးရာသီရောက်လာရင် ငွေကလိုတာပဲလေ။ ကုန်ကျစရိတ်၊ မြေဩဇာတို့၊ ထွန်တဲ့ယက်တဲ့အခါသုံးဖို့ စက်မောင်းဆီတွေပေါ့။ အဲဒါအတွက်ကတော့လိုတယ်။ ကောက်စိုက်တဲ့အခါကျတော့ ကောက်စိုက်စရိတ်က လိုလာပြန်ရော။ အဲဒီတော့ သူတို့အနေနဲ့ ရာသီစပြီဆိုတာနဲ့ သူတို့မှာလိုအပ်ချက်တွေများတယ်။ ဒီတော့ ပြီးခဲ့တဲ့နှစ်က ဝမ်းစာအပြင် ပိုတာလျှံတာလေးရှိရင် ရောင်းလို့ရပေမယ့် များသောအားဖြင့် ချေးရတာများပါတယ်။ ချေးရတဲ့အခါ သူတို့လယ်ကို ပေါင်ဖို့နှံဖို့ပေါ့။ အစိုးရပိုင်းက ချေးငွေကို တစ်ဧကမှာ စိုက်/ဘဏ်ကလေးထောင်ပေးပါတယ်။ အများဆုံး ၁၀ ဧကအထိ လေးသောင်းပေးတယ်။

အဲဒီအခါကျတော့ ဒီပမာဏကလည်း ဘာမှမရှိဘူး။ သူတို့မှာ ကောက်စိုက်စရိတ်ကလည်းပေးစရာမရှိ၊ မြေဩဇာဝယ်ဖို့လည်းမလုံလောက်၊ အဲဒီတော့ အပြင်က ချေးရငှားရတဲ့အခါကျတော့ သူတို့မှာ အတိုးနှုန်းက ၁၀ တွေ၊ ၁၅ ကျပ်တွေ။ အခန့်မသင့်ရင် ၂၀ တိုးအထိ ရှိတယ်။ အဲဒီတော့ မလိုလားအပ်တဲ့ကုန်ကျစရိတ်က အရမ်းများတယ်။

**L.C ။ ။ လယ်မှာ ဒီဇိုင်းမညီညာဘဲ လယ်ကွက်တွေ အမျိုးမျိုးဖြစ်နေတာကရော ဆန်စပါးထုတ်လုပ်မှုအပေါ်မှာ ဘယ်လိုသက်ရောက်မှုတွေဖြစ်နိုင်လဲ။**

**Dr.MAK** ။ ။ ဒီဇိုင်းအမျိုးမျိုးရှိနေတာက (စပါးပေါ်တဲ့အချိန်မှာ ထုတ်ဖို့) ကုန်ထုတ်လမ်းမရှိဘူး။ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းလည်းမရှိဘူး။ မရှိတဲ့အခါ (ထုတ်ချိန်ရောက်လို့) ထုတ်တဲ့အခါ တစ်ဆင့်ပြီးတစ်ဆင့်သွားရတယ်။ Irrigation Network တွေပေါ့။ ကိုယ့်လယ်ရောက်ဖို့ အဆင့်ဆင့် ခွက်ဆင်းသောက်စနစ်နဲ့သွားရတဲ့အခါကျတော့ ကိုယ့်လယ်ရောက်ဖို့ တော်တော်နဲ့ကို မလွယ်ဘူး။

သူလည်းစိုက် ကိုယ်လည်းစိုက်ဆို ဆည်ရေမရတဲ့ပြဿနာက ခဏခဏဖြစ်တယ်။ Irrigation Network တွေမကောင်းဘူး။ အကွက်တွေက တောက်လျှောက်ဆက်နေတော့ ကုန်ထုတ်လမ်းတွေကမရှိဘူး။ မရှိတဲ့အခါကျတော့ အတွင်းကစပါးအရင်ပေါ်ကြည့်။ အဲဒီထဲကို နွားလှည်းလည်းဝင်မရ၊ ထွန်စက်လည်းဝင်မရ၊ ထုတ်လို့လည်းမရ။ အဲဒီတော့ လူနဲ့ထမ်းထုတ်ရတယ်။ တစ်ခါတစ်ခါ အဲဒီအတွက်ပဲ တစ်သိန်း၊ တစ်သိန်းခွဲလောက်ကုန်တယ်။ အထူးသဖြင့် ရာသီဥတုဆိုးတဲ့အချိန် တော်တော်ဒုက္ခရောက်တာ။ ဥပမာ– လယ်စနစ်တကျပိုင်ဆိုင်ပြီဆိုရင်တော့ (ပိုင်ခဲ့ရင်ပေါ့) သူတို့အနေနဲ့ စနစ်တကျအကွက်ဖော်ကောင်းလည်းဖော်မယ်။ တစ်ယောက်တည်းမဟုတ်တောင် လယ်သမားအစုအဖွဲ့တွေပေါ့။ စုပေါင်းပြီးတော့ ကိုယ့်ဧရိယာလေးကို ညှိနှိုင်းပြီးတော့ သေချာဒီဇိုင်းဖော်လိုက်ရင် ဒီပြဿနာတွေက အများကြီးအေးသွားမှာပေါ့။

**L.C ။ ။ ကျွန်တော်တို့တိုင်းပြည်က လယ်သမားတွေအများစုဆိုတော့ လယ်သမားတွေရဲ့ Stability ကလည်း တိုင်းပြည်ရဲ့ Stability ပဲလေ။ ဒီတော့ လယ်သမားတွေရဲ့**

**Social Stability အတွက် (အခု အများစုပြောနေကြတဲ့) Safety Net တစ်ခုလိုတာပေါ့။ ဒီတော့ ဆရာအခုလိုမျိုး Crisis အနေအထားမှာ လယ်သမားတွေအတွက် Social Safety Net ကို ဘယ်လိုစဉ်းစားမိလဲ။**

**Dr.MAK** ။ ။ အခုအချိန်ကတော့ စပါးဈေး၊ ဆန်ဈေး မကောင်းတော့ သွင်းအားစုနည်းတဲ့နည်းပညာ၊ ကုန်ကျစရိတ်နည်းတဲ့နည်းပညာ လုပ်ကိုလုပ်ဖို့လိုတယ်။ အထူးသဖြင့် မျိုးသုံးစွဲမှုမှာ လျှော့ချတဲ့နည်းပညာတွေ၊ လုပ်အားကို ချွေတာတဲ့နည်းပညာတွေပေါ့။ ရေသွင်းစိုက်တဲ့ဧရိယာတွေမှာဆိုလို့ရှိရင် သုံးလို့အကောင်းဆုံးကတော့ မျိုးစေ့ချကိရိယာတွေသုံးစွဲတဲ့စနစ်ပေါ့။ အဲဒါမျိုးသုံးစွဲနိုင်အောင်လည်း သေချာ Drive လုပ်ဖို့လိုတယ်။ အားနည်းချက်ကလေးတွေတော့ရှိတယ်။ ဒါပေမဲ့ တစ်ဖက်က နည်းနည်းလေးပြုပြင်လိုက်တာနဲ့ အများကြီးထိရောက်တာတွေလည်းရှိပါတယ်။

နောက်တစ်ခုက မြေဩဇာ။ မြေဩဇာကိုပဲ အမြဲတမ်းဖိသုံးနေမယ့်အစား မြေဩဇာဆိုတာ သုံးတိုင်းမကောင်းဘူးဆိုတာ သိဖို့စနစ်တကျ Balance ဖြစ်ဖြစ်ပေါ့။ မျှမျှတတနဲ့ ဘယ်လိုကျွေးမလဲ၊ ဘယ်အချိန်မှာကျွေးမလဲ အဲဒီလိုပေါ့။ အပင်တွေမှာ မြေဩဇာလို၊ မလိုဆိုတဲ့နည်းပညာတွေလည်းရှိတယ်။ ဥပမာ–Leaf Colour Chart လို့ခေါ်တဲ့ စပါးကို အရောင်တိုင်းတဲ့ကိရိယာတွေ၊ အရောင်လေးရောင်ပါတယ်။ အဲဒီ Chart နဲ့ စစ်ဆေးပြီးလို့ရှိရင် လိုရင်လိုသလို ပမာဏကိုကျွေးတဲ့စနစ်ပေါ့။ အပင်အတွက် အာဟာရဖြစ်ဖြစ်နဲ့ ပမာဏအနည်းဆုံးဖြစ်အောင်ကျွေးမယ်။

နောက်တစ်ခုက ခုနကပြောတဲ့ ရိတ်သိမ်းတဲ့စနစ်မှာလည်း လုပ်အားကိုတတ်နိုင်သမျှ ချွေတာတဲ့စနစ်ပေါ့။ ရိတ်သိမ်းခြွေလှေ့စက်တွေ လယ်သမားမတတ်နိုင်ရင်တောင်မှ ဆန်စက်ပိုင်ရှင်လိုပုဂ္ဂိုလ်မျိုးက ရင်းနှီးမြှုပ်နှံနိုင်တယ်ဆိုရင် အဆင်ပြေပါတယ်။ ဒါမှလည်း သွင်းအားစုကိုချွေတာနိုင်မှာလေ။ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နိုင်လေလေ သူတို့အနေနဲ့ ဘာပြောပြော ဈေးနိမ့်ရင်တောင်မှ Margin တစ်ခုကျန်သွားမယ်။

အထူးသဖြင့် အခုလိုအချိန်မျိုးမှာ Empowerment ပေါ့။ Capacity တက်အောင် ဒီလိုဟာမျိုးတွေ ပိုပြီးတော့ Drive လုပ်ဖို့လိုတယ်။ အထူးသဖြင့် ဒီလိုမျိုး Crisis ဖြစ်လာပြီဆိုရင်ပေါ့။ နို့မို့ဆို No Way လေ။ သူတို့အသိဉာဏ်တွေတက်မှ ထုတ်လုပ်မှုကို စနစ်တကျပိုလုပ်နိုင်မှာ။ အခုလိုမျိုး ဈေးနိမ့်တဲ့အချိန်မှာ ရှင်သန်နိုင်မှာ။

**L.C** ။ ။ **၁၉၃၀ စီးပွားပျက်ကပ်နောက်ပိုင်းမှာလည်း အဲဒီဂယက်က မြန်မာ့လယ်သမားတွေအပေါ် ကြီးကြီးမားမားရိုက်ခတ်ခဲ့တယ်။ အခုအနေအထားကရော ဘယ်လိုဖြစ်နိုင်မလဲ။**

**Dr.MAK** ။ ။ စပါးဈေး၊ ဆန်ဈေး၊ ပဲဈေးကောင်းတဲ့အချိန်မှာဆို ဘာမှမဖြစ်ပါဘူး။ ဗိုက်ဝနေရင် သူတို့ ဘာမှမဖြစ်ပါဘူး။ အဲဒါလေးပဲ ပြောချင်တယ်။

**L.C** ။ ။ **အခုအချိန်မှာ တစ်ကမ္ဘာလုံးအနေနဲ့ ဝယ်လိုအားက ကျနေတယ်လေ။ စပါးဈေးကလည်း အဲဒီလောက်ထိ မရှိဘူးဆိုတော့။ ဒီရဲ့ Impact က ဘယ်လိုဖြစ်နိုင်လဲ။**

**Dr.MAK** ။ ။ အခုအချိန်မှာ ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့မပျော်တာတော့ အမှန်ပဲ။ တော်တော်များများက ညည်းညူနေကြတယ်။ တော်တော်များများက သနားဖို့လည်းကောင်းပါတယ်။ တစ်ချိန်လုံးထိတွေ့နေရတဲ့အခါကျတော့ သူတို့မှာ တကယ်အကုန်လုံး စုခံရတာပဲ။ နောက်တစ်ခုက ဘာလဲဆိုတော့ သီးနှံတွေပေါ်တဲ့အချိန်မှာ ဈေးကောင်းရလေ့မရှိဘူး။ ပေါ်ချိန်မှာ အမြဲတမ်းဈေးနိမ့်တယ်။ ဒါကို ထိန်းထားဖို့ကျတော့လည်း အပိုဝင်ငွေရှိမှ။ အဲဒီအချိန်ဆို သူတို့မှာ မီတာတွေရှိတယ်လေ။ မြေဩဇာအကြွေးတွေရှိတယ်။ ချေးငှားထားတဲ့အကြွေးတွေရှိမယ်။ ပြီးခဲ့တဲ့ရာသီတွေမှာတင်ထားတဲ့အကြွေးတွေရှိမယ်။ အဲဒါတွေကို ပြန်ဆပ်ရတဲ့အခါကျတော့ သီးနှံအချို့ကို မရောင်းလို့ကိုမရဘူး။ ရောင်းရတယ်ဆိုတော့ အဲဒီတော့ Supply Demand ပဲ ဈေးက နိမ့်သွားတာပဲ။

**L.C** ။ ။ **နောက်ပြီး တောင်သူလယ်သမားနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေ ဥပမာ–ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းအနေနဲ့ တောင်သူလယ်သမားကို အမှန်တကယ်ကိုယ်စားပြုနိုင်ဖို့ ဘာတွေထပ်လုပ်သင့်သလဲ။**

**Dr.MAK** ။ ။ အမှန်မှာကတော့ Government အနေနဲ့ တိုက်ရိုက်မလုပ်ချင်ဘူးဆိုရင်လည်း ဒီလိုအသင်းအဖွဲ့တွေမှာ ယုံကြည်နိုင်လောက်တဲ့ သိက္ခာရှိတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီလိုလူတွေကတစ်ဆင့်ပေါ့။ နို့မဟုတ်ရင် ဆန်စက်ပိုင်ရှင်တွေကတစ်ဆင့် လုပ်လို့ရတယ်။ ဆန်စက်ပိုင်ရှင်တွေက လယ်သမားနဲ့ အမြဲတမ်းထိတွေ့နေတယ်လေ။ သူတို့မှာ Longterm Relation ရှိပြီးသား။ ဒီရာသီအပေါ်မှာ ဈေးကွက်ကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားပေးဖို့ပေါ့။

**L.C** ။ ။ **ကျွန်တော်ဆိုလိုတာက ဒီအသင်းတွေအနေနဲ့ Nation Wide ဖြစ်အောင်ပေါ့။**

**Dr.MAK** ။ ။ Private NGO တွေပေါ့။ အခု ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဆိုလည်း ဒါလယ်သမားကိုယ်စား

**စီးပွားရေးပြန်လည်ဦးမော့လာစေဖို့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းလုပ်ကြဖို့ လိုအပ်နေပြီဖြစ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြောလိုပါတယ်။ တိုင်းပြည်မှာ အဓိက,ကတော့ လယ်သမားတွေချမ်းသာဖို့ အရေးကြီးဆုံးပဲ။ လယ်သမားတွေချမ်းသာမှတိုင်းပြည်သည်လည်း( ဒီ Chain တစ်ခုလုံး) တိုးတက်မှာ။**

ပြုတဲ့အသင်းဖြစ်အောင်လုပ်ဖို့သင့်တယ်လေ။ အထူးသဖြင့် ဒီအသင်းက လယ်သမားတွေအတွက်ကို ဖွဲ့ထားတာဆိုတော့ ဒီဟာကိုလည်း Organized လုပ်ဖို့လိုသလို မည်ကာမတ္တလေးဆိုတာထက် တကယ့်ကို ထိထိဝင်ဝင်ဖြစ်စေချင်တယ်။

ဥပမာ–သူတို့မှာ Funding ဘယ်လိုရသလဲ၊ အစရှိသဖြင့်ပေါ့။ Export လုပ်တဲ့သူဆီက Funding သဘောမျိုးပေါ့။ အလှူခံပြီး လယ်ယာအကျိုးပြုဖို့အတွက်ပါ။ မြန်မာပြည်မှာက ဆန်စပါးနဲ့ပတ်သက်ပြီး သီးခြားတက္ကသိုလ်တစ်ခုမရှိသေးဘူး။ ဆန်စပါး Specialized ပေါ့၊ စိုက်ပျိုးရေးတက္ကသိုလ်တော့ ရှိတာပေါ့။ Rice Specialization Institute မရှိသေးဘူး။ အဲဒီမှာ Government အပိုင်းက Human Resource တာဝန်ယူ၊ Private NGO တွေက Funding ပိုင်းပေါ့။

IRRI (နိုင်ငံတကာ ဆန်စပါးသုတေသနဌာန) လိုဟာမျိုးနဲ့ ချိတ်ပြီးတော့ သူတို့ရဲ့ Guideline နဲ့ မြန်မာပြည်ရဲ့ လက်ရှိမူဝါဒနဲ့ ကိုက်ညီတဲ့ဟာမျိုးပေါ့။ ဒီဟာမျိုးတစ်ခု ဖြစ်ဖြစ်မြောက်မြောက် လိုနေပြီ။

အခုက ပညာရှင်ခါးဆက်ပြတ်တဲ့ပြဿနာပေါ့။ မြန်မာပြည်ရဲ့စိုက်ပျိုးရေးလောကတိုးတက်ဖို့အတွက် ပညာရှင်တွေ များများ မွေးထုတ်ဖို့လိုနေပြီ။ Human Resource ပြတ်လို့ကတော့ ဘယ်လောက်ကြီး Productivity တက်ချင်တယ်ပြောပြော ဒီလိုတွေမရှိဘဲနဲ့တော့ ဘယ်လိုမှမရဘူး။

NGO Stakeholder တွေဘက်ကလည်း ရုန်းတယ်ဆိုပေမယ့် လုပ်ပေးနိုင်တဲ့ပညာရှင်မတက်ဘဲနဲ့တော့ မဖြစ်လာဘူး။ Foundation အတွက်ကို လုပ်ပေးနိုင်ဖို့လိုတယ်။ ဒီဟာက Long-term အတွက် အရမ်းအရေးကြီးတယ်။ နောက်ပြီး International Donar တွေနဲ့ချိတ်၊ Scholarship Program တွေရအောင်လုပ်၊ Efficient ဖြစ်အောင် Run နိုင်တဲ့သူတွေနဲ့ Push လုပ်ဖို့လိုတယ်။

**L.C ။ ။ Private NGO တွေအနေနဲ့ Up to Down ချည်းသက်သက်ဆိုတာထက်ပေါ့ . . . ။**

**Dr.MAK** ။ ။ အင်း . . . ။ 'အမြဲတမ်းကောင်းပါသည်' ဆိုတာထက် ကိစ္စတစ်ခုအပေါ်မှာ ဘာတွေကဖြင့် Weakness တွေရှိသလဲ။ ဘယ်နေရာတွေက Lossful တွေရှိသလဲ။ ဓမ္မဓိဋ္ဌာန်ကျကျပေါ့။ စေတနာပါပါတင်ပြနိုင်ဖို့လိုတယ်။ လက်ရှိအခြေအနေအပေါ်မှာ မှန်တဲ့အတိုင်းကိုသုံးသပ်မှသာလျှင် တစ်ဖက်က အနာသိမယ်။ အနာသိတဲ့အတွက်ကြောင့်မို့လို့ ဘယ်လိုကုမလဲဆိုတာ ဆေးရှိတာပေါ့နော်။ ဘယ်နေရာမဆို Problem ကတော့ရှိနေမြဲပဲ။

အဲဒီမှာမှ How to Minimize, How to Solve ပေါ့။ ဒီလိုမျိုးလုပ်ဖို့အတွက် တကယ်ကို စေတနာပါပါနဲ့လုပ်မှ၊ အရောင်အသွေး မပါနဲ့။ အရောင်အသွေးပါရင်မကောင်းဘူး။ ဘယ်သူ့မျက်နှာမှ မကြည့်ဘဲနဲ့ လုပ်နိုင်ဖို့လိုတယ်။ မှန်မှန်ကန်ကန်အတိုင်းပေါ့။

**L.C ။ ။ နောက်ပြီးတော့ လယ်သမားတွေကို Cover လုပ်ပေးမယ့် Institutional Infrastructure အပိုင်းမှာ အားနည်းတာတွေ့ရတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောပါဦး ဆရာ။**

**Dr.MAK** ။ ။ လယ်သမားအတွက်ကတော့ Voice ပေါ့။ လယ်သမားရဲ့ကိုယ်စားပြုအသံပေါ့။ အဲဒီအတွက်က ခုနကပြောတဲ့ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှာ တာဝန်ရှိတယ်။ အသင်းအနေနဲ့ Current Situation ကို အမြဲတမ်းသုံးသပ်ပြီး Solution တွေပေး၊ Option တွေအမျိုးမျိုးနဲ့ပေါ့။ ပြီးမှ What is the best ပေါ့။

ဒီနေရာမှာလည်း ဒီ Organization အနေနဲ့ ရှင်းရှင်းပြောရရင် ဒိုင်လူကြီးသဘောမျိုးဖြစ်သင့်တယ်။ Advantage ကိုယူဖို့ထက် တကယ်ကို Commitment ရှိရှိနဲ့ မကောင်းကောင်းအောင် စေတနာမှန်နဲ့လုပ်တဲ့ Referee Position ပဲဖြစ်သင့်တယ်။ ဒိုင်လူကြီးဆိုတာ ဝင်ကန်ရင် ပွဲကကြည့်မကောင်းတော့ဘူး။ Change တစ်ခုမှာ အဓိကက ဘာလဲ။ Change ဆိုတဲ့နေရာမှာလည်း အကုန်လုံးတော့မဟုတ်ဘူး။ Current Situation နဲ့ လိုက်လျောညီထွေတဲ့ဟာတော့ လိုက် Change ရမှာပဲ။ အဲဒါမှ Adaptable ဖြစ်မယ်။

**L.C ။ ။ အခု Contrat Farming တွေ လုပ်နေကြတော့ အရင် Land Lord စနစ်ကို ပြန်မရောက်အောင် ဘယ်လိုထိန်းသင့်သလဲ။**

**Dr.MAK** ။ ။ အဲဒီမှာက ခုနကပြောသလို တကယ့်ကို Commitment ရှိဖို့လိုတယ်။ ဝင်ဖျခင်းဖို့ဆိုတာထက် လယ်သမားမလုပ်နိုင်တဲ့ Infrastructure ပိုင်းပေါ့။ လုပ်ပေးဖို့။ Government ပိုင်းအနေနဲ့ မလုပ်နိုင်တဲ့နေရာမှာ တကယ့်ကို Entrepreneur အနေနဲ့လုပ်ပေးတယ်။ လုပ်ပေးတယ်ဆိုတဲ့နေရာမှာ Beneficiary က လယ်သမားဖြစ်ရမယ်။ ငါ့အတွက်ဆိုတာကြည့်ပြီဆိုရင်တော့ အဲဒီ Direction ကမကောင်းနိုင်ဘူး။ ဘယ်လုပ်ငန်းဖြစ်ဖြစ် လယ်သမားက လယ်သမားအကန့်၊ လုပ်ငန်းရှင်က လုပ်ငန်းရှင်အကန့်။ လယ်သမားနေရာသွားလုပ်ရင် ဘယ်လိုမှမဖြစ်နိုင်ဘူး။

**L.C ။ ။ မြန်မာပြည်ရဲ့လယ်သမားတွေရဲ့ Practice က ထိုင်းနဲ့ဗီယက်နမ်တို့နဲ့ယှဉ်ရင် ဘယ်လိုအားသာချက် အားနည်းချက်တွေရှိလဲ။**

**Dr.MAK** ။ ။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ သူတို့ကို မှီဖို့ အများကြီးကြိုးစားရဦးမယ်။ လယ်သမားတွေ၊ Private Sector က Stakeholder တွေရော၊ Government ပိုင်းရော အကုန်လုံး Move လုပ်မှ ဒီဟာကြီးကရွေ့မှာ။ အကုန်လုံးဝိုင်းတွန်းမှ ရွေ့မှာ။ တစ်ယောက်တည်းရွေ့လို့မရဘူး။ အထူးသဖြင့် အဓိကပေါ်လစီပိုင်းပေါ့။ Current Situation အပေါ်မှာ တစ်ပြေးညီ ချိန်ဆလှုပ်ရှားဖို့လိုတယ်။ အထူးသဖြင့် Human Resource အများကြီး နောက်ကျကျန်ခဲ့တယ်။

**L.C ။ ။ တခြားဖြည့်စွက်ပြောချင်တာများရှိရင်လည်း ပြောပါဆရာ။**



| | | |
|---|---|---|
| **အမည်** | – | ဒေါက်တာမျိုးအောင်ကျော် |
| **မွေးသက္ကရာဇ်** | – | ၆–၈–၁၉၅၉ |
| **အဘအမည်** | – | ဦးစိုးမြင့် |
| **မွေးဇာတိ** | – | ပုသိမ်မြို့ |
| **ပညာအရည်အချင်း** | – | အမ်၊ ဘီ၊ ဘီ၊ အက်(စ်) (ဆေးပညာဘွဲ့) (၁၉၈၄) ဒီ၊ အမ်၊ အေ(စီမံခန့်ခွဲမှုပညာ ဘွဲ့လွန်ဒီပလိုမာ) (၁၉၉၆) |
| **လက်ရှိတာဝန်** | – | အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း။ ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း။ တည်ထောင်သူ၊ ပိုင်အိုးနီးယားရိတ်သိမ်းချိန်လွန် နည်းပညာဖွံ့ဖြိုးမှုအဖွဲ့။ |

**Dr.MAK** ။ ။ တခြား ကျွန်တော်ပြောလိုတာကတော့ အခုလိုကာလမျိုးဟာ တစ်ကမ္ဘာလုံးနဲ့ချီပြီး ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားနေကြရတဲ့အချိန်အခါဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ မြန်မာနိုင်ငံလည်း ခြွင်းချက်မရှိ ရိုက်ခတ်မှုကို ခံစားနေရတဲ့အခါလည်း ဖြစ်ပါတယ်။ ဘယ်သူ့ရဲ့ပယောဂကြောင့်လို့ ပြောရခက်ခဲကြတာမို့ ခုလိုအချိန်မှာ နိုင်ငံတော်အစိုးရပိုင်းရော၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေအပိုင်းရော၊ ပုဂ္ဂလိကပိုင်းရော၊ ပြည်သူတစ်ဦးချင်းရော အပြုသဘောနဲ့ တာဝန်သိသိ ဝိုင်းဝန်းလုပ်ကြဖို့ အလွန်လိုအပ်နေချိန်ဖြစ်ပါတယ်။ ဥပမာ–ခင်ဗျားတို့ရဲ့မီဒီယာပိုင်းကို ပြောရရင် လက်ရှိအခြေအနေကို အတတ်နိုင်ဆုံး Transparency ရှိရှိလုပ်စေချင်ပါတယ်။ အဲဒီနေရာမှာ အမှန်တရားပေါ်မှာ ယထာဘူတကျကျ သိမှ ဘယ်လိုကုစားရမယ်ဆိုတဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာဖြစ်တယ်လို့မြင်ပါတယ်။ ရရှိတဲ့သတင်းအချက်အလက်ရဲ့ Reliability အပေါ်မှာအခြေခံပြီးမှ စဉ်းစားစေချင်ပါတယ်။

နောက် စာရင်းကိန်းဂဏန်းများနဲ့ပတ်သက်တဲ့အပိုင်းဆိုရင်လည်း အဖြစ်နိုင်ဆုံး ပကတိနဲ့နီးစပ်စေချင်ပါတယ်။ အရင်တုန်းက ဘယ်လိုပဲဖြစ်ပါစေ ယခုအခါမှာ မူဝါဒပိုင်းချမှတ်သူတွေအနေနဲ့ Reference ရည်ညွှန်းကိုးကားနိုင်လောက်တဲ့ ကိန်းဂဏန်းများဖြစ်စေချင်ပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ပကတိဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ တုံ့ပြန်ဖြစ်ပေါ်နေကြတာမို့ သူ့မှာ ဒီလိုဖြစ်ရတဲ့ အခြေခံအကြောင်းတရားတွေ (Causative Factors) ရှိပြီးသားဖြစ်တာမို့ ကိုယ်တာဝန်ယူထားတဲ့ကိန်းဂဏန်းအပေါ်မှာ အစမ်းသပ်ခံရဲတဲ့စွမ်းအားကိုလည်း အဲဒီအကဲခတ်သူပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေမှာ ရှိစေချင်ပါတယ်။ အမှန်တကယ် အနာသိရင် ဆေးရှိပါတယ်။ အခုချိန်မှာ ဒီအချက်အလက်တွေဟာ လူတစ်ယောက်ရဲ့ ကျန်းမာရေးအခြေအနေကို စစ်ဆေးတဲ့ဓာတ်ခွဲခန်းက အဖြေတမျှ အရေးပါနေတာမို့ ဒီအဖြေသည် တိတိကျကျမဟုတ်သည့်တိုင် ပကတိအခြေအနေနဲ့နီးစပ်ဖို့ အင်မတန်မှအရေးကြီးနေပါတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ တစ်ဖက်ကလည်း စားသုံးသူတွေကို ကျွန်တော် ဒီမီဒီယာတွေကတစ်ဆင့် အားပေးချင်ပါတယ်။ ပြည်သူတွေအနေနဲ့ ဆန်မဖူလုံမယ့်ကိစ္စကိုလည်း စိတ်မပူကြဖို့ ကျွန်တော် ရဲရဲဝံ့ဝံ့ပြောရဲပါတယ်။ လက်ရှိအခြေအနေကိုကုစားနိုင်တဲ့ အခြေအနေတွေရှိပါတယ်။ စပါးဟာ လေးငါးလမှာ တစ်ရာသီ ထွက်တာမို့ တောင်သူ စိတ်ပါလက်ပါစိုက်တာနဲ့တစ်ပြိုင်နက် အင်နဲ့အားနဲ့ထွက်တတ်တဲ့သဘောတရားရှိပါတယ်။ ကာလတာရှည်ရင်တော့ မကောင်းဘူးပေါ့။

နောက် အခု ကျွန်တော်တို့ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပြည်ပကို ဆန်တင်ပို့နေကြတယ်။ သူတို့အတွက် မရေရာတဲ့စိန်ခေါ်မှုတွေ၊ ယှဉ်ပြိုင်မှုတွေဟာ မက်ခရိုအဆင့်မှာ ရင်ဆိုင်နေရချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒီလုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ပြည်ပတင်ပို့တဲ့ လုပ်ငန်းတွေနဲ့ပတ်သက်တဲ့ Documentation Procedure တွေမှာ ဆက်နွှယ်လုပ်ကိုင်နေရတဲ့သူများအနေနဲ့ မိမိရဲ့ပုဂ္ဂလိကအကျိုးစီးပွားတစ်ခုတည်းထက် မြင့်မြင့်မားမားတွေးကြစေချင်ပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်လုပ်ငန်းရှင်တွေ ကမ္ဘာ့စီးပွားရေးစစ်မျက်နှာမှာ ကိုယ့်ရဲ့ကူညီစောင်မမှုကြောင့် ချောမောအဆင်ပြေပြီး ရဲရဲဝံ့ဝံ့ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ ဒီတစ်ခါတော့ အခွင့်အလမ်းတွေပေးစေချင်ပါတယ်။ ဒီကိစ္စဟာ တစ်ဦးချင်းလုပ်ရင်မသိသာပေမယ့် အများက အဲဒီခံယူချက် Attitude နဲ့ ဝိုင်းဝန်းတွန်းအားပေး လုပ်ပေးကြရင် ကျွန်တော်တို့နိုင်ငံရဲ့ရွေ့လျားမှုကြီးတစ်ခုကို မုချမြင်ကြရမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း အဲဒီအသီးအပွင့်ကို တစ်ပတ်ပြန်လည်ခံစားရမှာဖြစ်တာမို့ ဒီတစ်ခါတော့ စီးပွားရေးပြန်လည်ဦးမော့လာစေဖို့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းလုပ်ကြဖို့လိုအပ်နေပြီဖြစ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြောလိုပါတယ်။ တိုင်းပြည်မှာ အဓိက,ကတော့ လယ်သမားတွေချမ်းသာဖို့ အရေးကြီးဆုံးပဲ။ လယ်သမားတွေချမ်းသာမှ တိုင်းပြည်သည်လည်း (ဒီ Chain တစ်ခုလုံး) တိုးတက်မှာ။

**နိုင်မင်းဝေ ၊ ခွန်းသူ**

ဤကဏ္ဍတွင် . . . . .
၅၈ အရင်းရွေ့ရန် မေးခွန်း . . .
၆၂ ထီဈေးကွက်ပုံစံအပြောင်းအလဲနောက်ကွယ်မှ အရှုံးအမြတ်များ
၆၆ ရေမှသည် . . . ဆီသို့
၇၀ ရန်ကုန် ကုန်စည်ဈေးကွက်
၇၈ ပုဂံမြို့ဟောင်းကိုအသက်သွင်းမယ့် ၂၀၀၉

# အရင်းရွေ့ရန် မေးခွန်း . . .

ခွန်းသု

**ကမ္ဘာ့စီးပွားကျကပ်က မြန်မာနိုင်ငံသို့ တိုက်ရိုက်မထိနိုင်ဟု ပညာရှင်အချို့ ဆိုခဲ့ကြသည်။ ပထမဆုံးအနေဖြင့် မြန်မာ့လယ်ယာထွက်ပို့ကုန်တစ်ခုဖြစ်သော ပဲဈေးကွက်ကို ကမ္ဘာ့စီးပွားကျကပ်က ရိုက်ချပစ်လိုက်သည်။ ယင်းနောက် ပို့ကုန်လုပ်ငန်းများအတွင်း၌ ရိုက်ချက်၏သက်ရောက်မှုများ မြင်တွေ့လာရသည်။ ဈေးကွက်အနေအထားများကမငြိမ်။ ယင်းအတွက် ဈေးကွက်အတွင်းမှပလေယာများမှာ 'ဘာလုပ်ရဘာကိုင်ရမှန်းမသိ' ဖြစ်ကုန်သည်။ 'ဘာလုပ်သင့်' ကြောင်းကို ပညာရှင်များက ဆွေးနွေးအဖြေရှာကြသည်။ ကောက်ယူသုံးစွဲသင့်သည်ဟုထင်သောပေါ်လစီများကို အကြံပြုကြသည်။ အခက်အခဲကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုသည့် အချက်အလက်ပေါ်မူတည်၍ အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သည်။ အရင်းရွေ့ကစားလေ့ရှိရာ ဈေးကွက်များကား ခပ်အေးအေး။ အိမ်ခြံလည်းငြိမ်။ သို့သော် ကျပ်ငွေမှာမူ အနည်းငယ်လှုပ်သည်။ ရွှေလည်း လှုပ်သည်ဟု မဆိုသာ။ ခပ်ပါးပါးပင်။ ယင်းအတွက်မေးခွန်းက 'ဘာလုပ်မလဲ'။**

## အေးရာမှပါးပါးလှုပ်လာသောရွှေ

လသာနှင့် လမ်းမတော်မြို့နယ်များရှိ မဟာဗန္ဓုလလမ်း၏ ညနေပိုင်းမြင်ကွင်းမှာ လှုပ်လှုပ်ရှားရှား။ လမ်းဘေးပလက်ဖောင်းပေါ်တွင် သစ်သီးဆိုင် နေရာချသူချ၊ တရုတ်အစားအစာအရောင်းဆိုင် ခင်းသူခင်းဖြင့် ရန်ကုန်မြို့၏ နာမည်ကျော် တရုတ်တန်းရှုခင်းကို တစ်စိတ်တစ်ပိုင်းတွေ့နိုင်သည်။ ကားမှတ်တိုင်များတွင်လည်း အိမ်ပြန်ရန် လိုင်းကားစောင့်သူများကို စီစီရီရီ တွေ့ရသည်။



တစ်လမ်းမောင်း၊ လေးလမ်းသွားလမ်းမကြီးဘေးတစ်ဖက်တစ်ချက်ရှိ ရွှေဆိုင်များတွင်ကား လမ်းပေါ်မှ မြင်ကွင်းအခင်းအကျင်းနှင့် လုံးဝခြားနားနေသည်။ ရွှေဆိုင်တိုင်းနီးပါးတွင် ဝယ်သူမရှိသလောက်။ အချို့ဆိုင်များရှိ တူညီဝတ်စုံဝတ် အရောင်းဝန်ထမ်းများမှာ တစ်စုံတစ်ရာကို စောင့်မျှော်နေဟန်ရှိသည်။ ချယ်သပြင်ဆင်ထားသဖြင့် စိုပြည်နေသော မျက်နှာပေါ်မှ အသွေးအရောင်မှာ တက်ကြွမှုကင်းသောမျက်နှာထားကြောင့် အပြည့်အဝ မပေါ်နိုင်ရှာ။ အချို့ဆိုင်များမှ ဝန်ထမ်းများမှာ ဂဏန်းတွက်စက်ကို လက်ထဲကိုင်ရင်း အချင်းချင်းစကားတွတ်ထိုးနေသည်။ ရွှေဆိုင်တစ်ခုမှ အရောင်းတာဝန်ခံတစ်ဦးကမူ ရှင်းလင်းနေသော သူ့ရွှေဆိုင်တွင်းမှဖြတ်၍

လမ်းမပေါ်သို့ ကြည့်နေသည်။ မျက်မှန်ပေါ်မှ ကျော်ကြည့်နေသော သူ့မျက်နှာထားက ရှုတည်တည်။ ၂၂ လမ်းထိပ်ရှိ ရတနာပစ္စည်းအရောင်းဆိုင်တစ်ခုတွင်ကား နိုင်ငံခြားသားဧည့်သည်သုံးဦးခန့်ကို တွေ့ရသည်။ လမ်းတစ်လျှောက်ရှိ နာမည်ရ ရွှေဆိုင်အချို့တွင် ဝယ်သူ သို့မဟုတ် ရောင်းသူ တစ်ဦးစနှစ်ဦးစကို တွေ့ရသည်။

"အားလုံးပုံမှန်ပဲ"

ရွှေနန်းတော်ရတနာရွှေဆိုင်မှ အရောင်းတာဝန်ခံတစ်ဦးက လက်ရှိရွှေအရောင်းအဝယ်အနေအထားကို ဖေဖော်ဝါရီလ ၇ ရက်နေ့က ပြောဆိုခြင်းဖြစ်သည်။ ခမ်းနားကျယ်ဝန်းသော ရွှေဆိုင်အနေအထားနှင့် မညီမျှစွာ ဆိုင်အတွင်းတွင် ဝယ်သူအနည်းငယ်ကိုသာ တွေ့ရသည်။ ကောင်တာအနောက်နံရံတွင်မူ ဖေဖော်ဝါရီလ တစ်လစာ ကံစမ်းမဲအစီအစဉ်ကို အသေးစိတ်ရေးသားထားသည်။

"ဈေးနည်းနည်းပြန်တက်လာလို့ တော်သေးတယ်"

အထက်ပါအသံကား ရွှေဘုံသာလမ်း သီးသန့်ရွှေဈေးကွက်အတွင်းမှ အသံတစ်ခု ဖြစ်သည်။ ရွှေဆိုင်ကြီးအချို့က 'ပုံမှန်' ဟု ဆိုသော်လည်း ဈေးကွက်အတွင်းရှိ ရွှေဝယ်ရောင်းအချို့ကမူ အရောင်းအနည်းငယ်ပြန်တက်လာသည်ဟု ဆိုသည်။ တရုတ်နှစ်သစ်ကူးနောက်ပိုင်း ကမ္ဘာ့ရွှေဈေး သိသိသာသာ ပြန်တက်လာသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ အနည်းငယ်မျှသာ 'လှုပ်' သည်။ အပတ်စဉ်ထုတ်သတင်းဂျာနယ်တစ်ခု၏ ဖေဖော်ဝါရီလ ၂ ရက်နေ့ ရက်စွဲဖြင့် ရေးသားထားသော ခေါင်းစီးကား 'ရွှေဈေးအနည်းငယ်ပြန်တက်၊ အခေါက်ရွှေဝယ်စုသူ အနည်းငယ်ရှိ'။

"ရွှေဈေးနည်းနည်းတက်တယ်ဆိုပေမယ့် ဒေါ်ဈေး (ဒေါ်လာဈေး) မတက်တော့ ခဏပါပဲ" ဟု ရွှေဘုံသာလမ်းမှ ရွှေဝယ်ရောင်းတစ်ဦးက သူ၏အဖော်ကို လှမ်းပြောလိုက်သည်။

'အရင်း' အတွက် ရွေးစရာလမ်းနည်းပါးသည့် မြန်မာများ အများဆုံးရွှေ့ပြောင်းရင်းနှီးမြှုပ်နှံမှုများအနက် တစ်ခုဖြစ်သော ရွှေမှာ ဇန်နဝါရီတစ်လလုံး 'အေးအေး ရွှေ' ဖြစ်ခဲ့ရာမှ ဖေဖော်ဝါရီလဆန်းတွင် 'ပါးပါးလှုပ်' လာသည်။ ယခင် အလုအယက်စုဆောင်းဝယ်ယူလေ့ရှိသော 'မရှိဝမ်းစာ ရှိတန်စာ' ရွှေဈေးမှာ အေးစက်ပြီး ဈေးကွက်မှာ ခြောက်ကပ်နေသည်။

မည်သို့ဆိုဆို Living Color နှင့် တွေ့ဆုံခဲ့သော စီးပွားရေးပညာရှင်အချို့ကမူ စီးပွားကျကပ်အတွင်း ရွှေဝယ်စုထားရန် တိုက်တွန်းကြသည်။

"ရွှေဝယ်ထား" ဟု ပထမပုဂ္ဂလိကဘဏ်တည်ထောင်သူ စီးပွားရေးပညာရှင် ဒေါက်တာစိန်မောင်က ဇန်နဝါရီလဆန်းပိုင်းက ဆိုခဲ့သည်။

ရွှေဈေးမငြိမ်သေးသဖြင့် "မရင်းသင့်သေး" ဟုဆိုသော ပညာရှင်များလည်းရှိသည်။

"ရွှေဝယ်ထားရင်တော့ (ဈေးတွေကျနေတော့) ကောင်းတာပေါ့။ ဒါပေမဲ့ ပြန်ထုတ်ဖို့ကျတော့ မလွယ်ဘူးလေ" ဟု စီးပွားရေးပညာရှင် ဒေါက်တာတင်စိုးက သုံးသပ်သည်။ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာအောင်ကိုကိုကမူ ရွှေဝယ်ထားသင့်သည်ကို သဘောတူသည်။

"ရွှေဝယ်ထားရင် ကောင်းမယ်လို့တော့ ကျွန်တော်ထင်တယ်" ဟု သူကဆိုသည်။

"တစ်နှစ်လောက်ရင်းထားမယ်ဆိုရင်တော့ ရွှေဝယ်ထားရင် အကောင်းဆုံးပဲ။ စီးပွားရေးကပ်ကာလတိုရင်ပေါ့။ သူက Nearly Money ပဲ" ဟု ဆိုသည်မှာ မိုက်ခရိုစီးပွားရေးကျွမ်းကျင်သူ ဦးဝင့်ကျော်ဖြစ်သည်။

သို့သော် ဖေဖော်ဝါရီလဆန်းတွင် ရွှေဈေးအနည်းငယ်ပြန်လှုပ်လာပြီး အရောင်းအဝယ်ကမူ ပုံမှန်အေးနေဆဲပင်ဖြစ်သည်။ စီးပွားရေးပညာ ဒေါက်တာအောင်ကိုကိုကမူ ရွှေဈေးပြန်တက်လာဦးမည်ဟု ခန့်မှန်းသည်။

"ရွှေက Limited ဖြစ်တဲ့အတွက် ပြန်တက်လာဦးမှာပါ" ဟု ၎င်းကဆိုသည်။

လတ်တလောရွှေဈေးကွက်အနေအထားနှင့်ပတ်သက်၍ မှတ်ချက်မပေးလိုကြောင်း ရွှေနန်းတော်ရွှေဆိုင်မှ ဒေါက်တာအောင်ကျော်ဝင်းက ဆိုသည်။ သူ၏အကြောင်းပြချက်က . . . ။

"အလုပ်အယမ်းများနေလို့ပါ"

## ကျပ်ကိုင်မလား

'မြန်မာငွေတန်ဖိုးတက်သဖြင့် . . .' ယခုလတ်တလော ပြည်တွင်းသတင်းဂျာနယ်များတွင် အတွေ့ရများသည့် စကားလုံးဖြစ်သည်။ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းထားမှာ ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားခဲ့သည်ကို တွေ့ရသည်။ အသုံးအနှုန်းများကား စုံလင်သည်။

'ကျပ်ငွေ ဈေးမာ'

'မြန်မာငွေဈေးတက်' အစရှိသဖြင့်။

ဤကဲ့သို့ဖြစ်ရခြင်းအကြောင်းအရင်းကို (၁) ပို့ကုန်သွင်းကုန်လုပ်ငန်းများ တုံ့နှေးကျဆင်းခြင်း၊ (၂) လူအများစုတွင် ဒေါ်လာဈေးကျဆင်းသဖြင့် စုဆောင်းမှုကျဆင်းခြင်း၊ (၃) အစိုးရက အချို့သောလုပ်ငန်းများတွင် ဒေါ်လာအစား အခြားငွေကြေးများကို ပြောင်းလဲသုံးစွဲလာခြင်းတို့ကြောင့် ဖြစ်သည်ဟု ဒေါက်တာအောင်ကိုကိုက သုံးသပ်သည်။

"အဓိက,က လဲလှယ်မှုနှုန်း (လက်ပြောင်းလက်လွှဲနှုန်း) ကျလာလို့ပါ" ဟု ၎င်း ကဆိုသည်။

ဈေးကွက်အတွင်းတွင် ငွေသုံးစွဲမှုလျော့ကျလာပြီး စီးပွားရေးနှေးကွေးသွားမည်စိုးသဖြင့် Public Spending ပြုလုပ်ရန် စီးပွားရေးပညာရှင်အချို့က ဖိုရမ်တစ်ခုတွင် ဆွေးနွေးအကြံပြုခဲ့သည်။ အချို့ပညာရှင်များကမူ ဈေးကွက်အတွင်းတွင် ငွေကြေးနည်းခြင်း များခြင်းသည် အဓိကမဟုတ်ဘဲ 'ငွေ' လည်ပတ်ရန်သာလိုအပ်ကြောင်း အကြံပြု ပြောကြားကြသည်။ လတ်တလောအနေအထားသည် အားလုံးစောင့်ကြည့်သည့်ကာလဖြစ်သဖြင့် ငွေကြေးလည်ပတ်မှု တုံ့ဆိုင်းသွားခြင်းဖြစ်

ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။

"နည်းတာမဟုတ်ဘူး၊ လေးသွားတာ၊ ဒီအတွက် မြန်အောင်လုပ်ပေးဖို့လိုတယ်" ဟု စီးပွားရေးပေါ်လစီ ဒေါက်တာဘွဲ့ရပညာရှင်တစ်ဦးက ဆိုသည်။

Living Color နှင့် တွေ့ဆုံခဲ့သော စီးပွားရေးပညာရှင်များတွင် လတ်တလော ရေတိုအနေအထားသည် မြန်မာကျပ်ငွေကို ကိုင်ထားရန် အသင့်တော်ဆုံးဟုဆိုသူ ပညာရှင်မှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။ သို့သော် ၎င်းတို့တညီတညွတ်တည်းဖြည့်စွက်သုံးသပ်ကြသည်မှာ 'ရေတိုအတွက်သာ' ဟူ၍ ဖြစ်သည်။

"ဒေါ်လာဈေးကလည်း ကျနေတယ်။ အဲဒီတော့ လတ်တလော ကျပ်ငွေကိုကိုင်ထားရင် အကောင်းဆုံးပဲ" ဟု ဒေါက်တာတင်စိုးက သုံးသပ်သည်။

"အခုလာမယ့် သုံးလအတွင်းမှာတော့ ကျပ် အခိုင်ဆုံးပဲ" ဟု ဖန်နဝါရီလဆန်းပိုင်းအတွင်းက ပြောကြားခဲ့သူမှာ စီးပွားရေးသုတေသီ ဦးတင်မောင်သန်း ဖြစ်သည်။

ဦးဝင့်ကျော်ကလည်း အထက်ပါအဆိုများကိုသဘောတူပြီး ဒေါက်တာအောင်ကိုကိုကမူ အထက်ပါကိစ္စကို အနည်းငယ် စိုးရိမ်ပုံရသည်။

"ငွေကိုင်ထားတာက ဒီအခြေအနေအတိုင်းဆိုရင် ကိစ္စမရှိဘူး။ ပေါ်လစီအပြောင်းအလဲဖြစ်လာရင် တန်ဖိုးအတက်အကျဖြစ်နိုင်တယ်" ဟု ၎င်းက ဆိုသည်။

သုံးပွင့်ဆိုင်ဇဟိုအဖွဲ့ (TCG) နှင့် ကုလသမဂ္ဂအကြီးတန်းအကြံပေး စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်ကမူ ငွေကိုင်ထားရန်မသင့်ဟု အဖြေပေးသည်။

"ငွေကိုင်ထားတာ မကောင်းဘူး၊ ငွေတန်ဖိုးက အမြဲပြောင်းနေတယ်" ဟု ၎င်းက သုံးသပ်သည်။

## ဝယ်ရောင်းငြိမ်ဆဲ အိမ်ခြံ

"ပိုက်ထားတာတွေ ပြန်ထွက်လာတယ်"

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီတစ်ခု၏ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဖြစ်ထွန်းလာသော အိမ်ခြံမြေအနေအထားကို သုံးသပ်ခြင်းဖြစ်သည်။ ကမ္ဘာ့စီးပွားကျကပ်ဂယက်အတွင်း ရန်ကုန်အခြေစိုက်အိမ်ခြံမြေအရောင်းအဝယ်များ ကျဆင်းခဲ့ပြီး အများစုမှာ အငှားဖြင့်လည်ပတ်နေခဲ့ရသည်။ အိမ်ခြံမြေအကျိုးဆောင်တစ်ဦး၏ အဆိုအရ အငှားနှင့်ဝယ်ရောင်းအချိုးမှာ ၉၀း၁၀။

အိမ်ခြံမြေဈေးဆက်ကျနိုင်သည့်အနေအထားများကြောင့် ငွေရှိသူများကလည်း အရင်းအနှီးအများအပြားမစိုက်လိုကြကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြကြသည်။ 'အမြင့်' ဖြင့် ငြိမ်နေသောဈေးများ ဇန်နဝါရီလအတွင်း ကျဆင်းလာသည်။ အီလက်ထရွန်နစ်ပစ္စည်းများကဲ့သို့ပင် တိုက်ခန်းအရောင်းအဝယ်များ၌ 'အရစ်ကျ' စနစ်ပေါ်လာသည်ကို တွေ့ရသည်။ စီးပွားရေးမြို့တော် ရန်ကုန်အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများကို လေလံဖြင့်ရောင်းချခြင်းကလည်း အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို အနည်းငယ်လှုပ်သွားစေသည်။ သို့သော် ဈေးထိုးကျခြင်းမျိုးမဖြစ်နိုင်ဟုလည်း အချို့က ခန့်မှန်းကြသည်။ ဈေးကွက်အတွင်းတွင် အများစုမှာ အခြေအနေကိုစောင့်ကြည့်နေကြောင်း ယုနတီ အိမ်ခြံမြေလုပ်ငန်းမှ မန်နေဂျာ ဦးဇော်ဇော်က ပြောဆိုသည်။

"ငွေကလည်း လုပ်စရာမရှိတော့ ကိုင်ထားကြတာပေါ့" ဟု ၎င်းက ဆိုသည်။ Living Color နှင့်တွေ့ဆုံခဲ့သော စီးပွားရေးကျွမ်းကျင်သူအချို့ကမူ ရေရှည်အတွက်ဆိုပါက အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံသင့်ကြောင်း ဆိုကြသည်။ အကြီးအကျယ်ဈေးမကျသေးသော အိမ်ခြံမြေဈေးကွက်တွင် စီးပွားရေးကပ်ကာလအပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံသင့်ကြောင်း ဦးဝင့်ကျော်က အကြံပေးသည်။

"အိမ်ခြံမြေတို့ကျတော့ ကာလရှည်အတွက် ရင်းနှီးလို့ကောင်းတာပေါ့။ စီးပွားရေးကပ်ကာလ ရှည်မယ်ဆိုရင်ပေါ့" ဟု ၎င်းက သုံးသပ်သည်။

"အခု လက်ထဲမှာတော့ ပိုက်ဆံမရှိဘူးဗျ။ ပိုက်ဆံရှိရင်တော့ တိုက်ခန်းလိုမျိုး ဝယ်ထားဖို့စိတ်ကူးတယ်" ဟု တွေးတွေးဆဆဖြေသူမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးဇော်ထူးဦး ဖြစ်သည်။

စီးပွားရေးအကျပ်အတည်းလွန်ကာလနှင့် ၂၀၁၀ မြန်မာ့နိုင်ငံရေးအချိုးအကွေ့ကာလများအပေါ်တွက်ဆ၍လည်း အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံသင့်ကြောင်း ဦးဇော်ဇော်က တိုက်တွန်းသည်။ တရုတ်နှစ်သစ်ကူးနောက်ပိုင်းတွင်မူ သိသာသော





အပြောင်းအလဲကိုမတွေ့ရဘဲ ဈေးကွက်မှာ ပုံမှန်အတိုင်းပင်ရှိနေသေးသည်ဟု ၎င်းက ဆိုသည်။

"၂၀၁၀ ကျော်ရင် အပြောင်းအလဲ ကြောင့်မို့လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင် လာရင် အိမ်ခြံမြေအလားအလာကောင်း နိုင်ပါတယ်" ဟု ဦးဇော်ဇော်က ဆိုသည်။ အပတ်စဉ်ထုတ် သတင်းဂျာနယ်တစ်ခုတွင် ဇန်နဝါရီ ၂၂ ရက်စွဲဖြင့် ရေးသားထား သော သတင်းခေါင်းစီးတစ်ခုကား အောက် ပါအတိုင်း။

"ရန်ကုန်မြေဈေး ၂၀၁၀ ခုနှစ်တွင် တက်နိုင်ဟု ဆိုနေပြန်"

## အရင်းအတွက် ကျောတစ်ခင်းစာ

ရန်ကုန်မြို့တွင်း၌ ညဉ့်ဦးပိုင်းရောင်း ချသော အသေးစား စားသောက်ကုန် အရောင်းဆိုင်များ ယခင်ထက်များပြားလာ သည်ကိုတွေ့ရသည်။ အထူးသဖြင့် အနော် ရထာလမ်းတစ်လျှောက်နှင့် ဗန္ဓုလလမ်း တစ်လျှောက်တွင် အတွေ့ရများသည်။ အများစုမှာ ကော်ဖီမစ်နှင့် လက်ဖက်သုပ် ကဲ့သို့ တွဲစပ်ရောင်းချသောအရောင်းဆိုင် များဖြစ်သည်။ စီးပွားရေးအကျပ်အတည်း ကာလအတွင်း စားသောက်ကုန်လုပ်ငန်း များမှာ ငွေပေါ်လွယ်သဖြင့် ယခုကဲ့သို့ များ ပြားလာရခြင်းဖြစ်သည်ဟု MBA ဘွဲ့ရ တစ်ဦးက ဆိုသည်။ ယင်းလုပ်ငန်းများမှာ အရင်းအနှီးလည်း အများအပြားမလို။

"အရင်လို ရောင်းမကောင်းတော့ ဘူး။ ယှဉ်ဘက်တွေက များလာပြီ" ဟု အနော်ရထာလမ်းပေါ်ရှိ အရောင်းဆိုင် တစ်ခုက ဘေးဆိုင်ကိုညွှန်ပြရင်း ပြောဆို လိုက်သည်။

လူအများစုကို "ဘာလုပ်ရင်ကောင်း မလဲ" ဟုမေးလျှင် အဖြေများမှာ ယခင်က ကဲ့သို့ မသွက်တော့သည်ကားအမှန်။ အချို့ ဆိုလျှင် "မလုပ်နဲ့၊ လုပ်ရင်တော့မြုပ်ပဲ" ဟု ပင်ဆိုကြသည်။

Living Color နှင့်တွေ့ဆုံခဲ့သော စီးပွားရေးပညာရှင်အချို့ကလည်း အခြား ရင်းနှီးမြှုပ်နှံရန်နည်းလမ်းများ အကြံပြုခဲ့ သည်။

"တော်တော်တော့ဖြေဖို့ခက်တယ်ဗျ။ ကျွန်တော်ကတော့ တတ်နိုင်ရင် လယ်သမား တွေအကျိုးရှိအောင် လုပ်ပေးစေချင်တယ်။ လုပ်ငန်းရှင်တွေအတွက်တော့ အခုအချိန် က ပြောဖို့ခက်တယ်" ဟု စီးပွားရေး ပညာရှင် ဒေါက်တာဦးမြင့်က အတန်ငယ် ကြာစဉ်းစားပြီးမှ ၎င်းအမြင်ကို ပြောဆို သည်။

ယခုအချိန်တွင် ငွေကြေးလည်ပတ် မှုနှေးသည်။ ယင်းကြောင့် ဆန်ဈေး၊ စပါး ဈေးများ ကျဆင်းနေပြီး တောင်သူများ၏ ထုတ်လုပ်မှုစရိတ်အောက်သို့ရောက်ရှိကြောင်း ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဖိုရမ်တစ်ရပ်တွင် ထည့် သွင်းပြောဆိုခဲ့သည်။ ယင်းကြောင့် တောင် သူလက်ထဲသို့ ငွေကြေးအမှန်တကယ် ရောက်ရှိစေရန် ရင်းနှီးမြှုပ်နှံခြင်း၊ ချေးငွေ ထုတ်ချေးခြင်းများပြုသင့်ကြောင်း ဇန်နဝါ ရီ ၁၀ ရက်တွင်ပြုလုပ်ခဲ့သော ဖိုရမ်တစ်ခု တွင် ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ များအသင်း ဗဟိုအလုပ်မှုဆောင်တစ်ဦး ဖြစ်သူ ဒေါက်တာမျိုးအောင်ကျော်ကမူ လယ်သမားများနှင့် အမြဲတစေထိတွေ့နေရ သော ဆန်စက်လုပ်ငန်းရှင်များမှတစ်ဆင့် ချေးငွေများ ထုတ်ပေးစေလိုသည်။ နိုင်ငံ့ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော တောင် သူလယ်သမားများ၏အနာဂတ်မှာ နိုင်ငံ ၏အနာဂတ်ပင်ဖြစ်ကြောင်း ပညာရှင်များ က ယုံကြည်ကြသည်။

"ဘာပဲဖြစ်ဖြစ် အကုန်လုံးက သူတို့ ဆီမှာပဲ စုခံရတာဗျ" ဟု လယ်ယာစိုက်ပျိုး ရေးလုပ်ကိုင်သူ ဒေါက်တာမျိုးအောင်ကျော် က လယ်သမားများ၏ဘဝကို ထုတ်ဖော် ပြောဆိုသည်။

"ဘာလုပ်ရင်ကောင်းမလဲ" ဟူသော မေးခွန်းနှင့်ပတ်သက်၍ လူငယ်နှစ်ဦးက အခြားသောနည်းလမ်းများကို ဖြေကြားကြ သည်။

"ကျွန်တော်က အခု သင်တန်းတွေ တက်နေတယ်။ ပြောရရင် ပညာရေးမှာ ရင်းနှီးမြှုပ်နှံတယ်ပေါ့ဗျာ" ဟု ကမ္ဘာလှည့် နည်းပါးချိန်တွင် အချိန်အသုံးချနေရပုံကို ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက ပြောဆိုသည်။ ဆရာဝန်ဘွဲ့ရ ပဲကုန်သည် ဦးအောင်သူ ဟိန်းကမူ ပညာရေးတွင် ရင်းနှီးမြှုပ်နှံသင့် သည်ဟု ဖြေဆိုရာ အထက်ပါအမြင်နှင့် အနည်းငယ်ကွာခြားစွာပြောကြားသည်ကို ယခုကဲ့သို့ တွေ့ရသည်။

"သင်တန်းကျောင်းတစ်ခုဖွင့်တာမျိုး ပေါ့။ ဒီနယ်ပယ်က ကျုံ့ဝင်လာဖို့မရှိဘူး။ လုပ်ပိုင်ခွင့်ရရင် ရသလောက် ပိုကျယ်လာ ဖို့ပဲရှိတယ်။ လူတွေလည်း ပိုက်ဆံရှိရင် ဒီဘက်ပဲပိုသုံးလာမယ်"

**ခွန်းသု**



# ထီဈေးကွက်ပုံစံအပြောင်းအလဲနောက်ကွယ်မှ အရှုံးအမြတ်များ

ခင်ဌေးကြွယ်

**ယမန်နှစ် ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ထီဈေးကွက်အတွင်း၌ အပြောင်းအလဲအချို့ပေါ်ပေါက်ခဲ့ခြင်းကြောင့် ဆုံးရှုံးမှု အနည်းငယ်နှင့် အကျိုးအမြတ်အခွင့်အလမ်းများကို ထီလုပ်ငန်းရှင်များနှင့်အတူ ကံစမ်းသူပြည်သူများပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိခဲ့သည်။**

## ထီပေါ်ပေါက်လာပုံ

အင်္ဂလိပ်အစိုးရလက်ထက် စစ်ကြိုကာလတွင် ဖျက်သိမ်းလိုက်သော 'သသသမေမနှင့် လူခွန်တော်' အစား ဝင်ငွေရရှိရန်အတွက် အစိုးရသိန်းထီဌာနကို ၁၉၃၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ ထုတ်ပြန်ထားသော မှတ်တမ်းများအရ သိရသည်။ ထီစတင်ပေါ်ပေါက်ချိန်က တစ်နှစ်လျှင် လေးကြိမ်၊ ခြောက်ကြိမ်တို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ထီတစ်စောင်လျှင် နှစ်ကျပ်နှုန်းထားဖြင့် အမြင့်ဆုံးပေးခဲ့သော ဆုကြေးငွေမှာ ကျပ်တစ်သိန်းဖြစ်ကြောင်း၊ ထီရောင်းရငွေများ၏ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်ရယူပြီး ၆၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ပေးအပ်ခဲ့ကြောင်း ယင်းမှတ်တမ်းတွင် ဖော်ပြထားသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန်၌ အစိုးရသိန်းထီဟူသောအမည်မှ နိုင်ငံတော်အစိုးရ အောင်ဘာလေသိန်းဆုဟုလည်းကောင်း၊ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်အရ တံဆိပ်ခေါင်းနှင့် အောင်ဘာလေသိန်းဆုဌာနဟူ၍လည်း

ကောင်း၊ ၁၉၇၆ ခုနှစ်တွင် အောင်ဘာလေ သိန်းဆု၌ာနခွဲဟူ၍လည်းကောင်း ပြောင်းလဲလာခဲ့ပြီး ယနေ့တိုင် ယင်းအမည်ဖြင့် ဆက်လက်ရပ်တည်လျက်ရှိကြောင်းလည်း တရားဝင်ရေးသားဖော်ပြထားသည်။

## ဈေးနှုန်းပြောင်းလဲမှု

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ရောင်းချခဲ့သည့် အစိုးရ၏ထီဈေးနှုန်းမှာ တရားဝင် ၉၁ ကျပ်နှုန်းထားဖြင့် ထီတစ်အုပ်လျှင် တစ်ထောင်ကျပ်ဖြင့် ရောင်းချပေးကြောင်း၊ ယင်းမှတစ်ဆင့် ထီလုပ်ငန်းရှင်များသည် ၎င်းတို့၏လက်ခွဲကိုယ်စားလှယ်များသို့ တစ်စောင်လျှင် တစ်ရာကျပ်ဖြင့်ပြန်လည်ရောင်းချပေးကြောင်း၊ လက်ခွဲကိုယ်စားလှယ်များမှတစ်ဆင့် ကံစမ်းသူပြည်သူများက ထီတစ်စောင်လျှင် ၁၂၅ ကျပ်၊ ၁၅၀ ကျပ်ပေး၍ ကံစမ်းကြကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ဈေးနှုန်းမတန်တဆတိုးမြှင့်ရောင်းချခြင်းမပြုကြရန် လုပ်ငန်းရှင်ကြီးများကို ပြောကြားထားကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းက Living Color သို့ ပြောကြားသည်။

၎င်းက "ထီတစ်စောင်ကို ၂၀၀ ကျပ်တိုးမြှင့်လိုက်သလို ဆုကြေးကိုလည်း အနည်းဆုံး ကျပ်တစ်သိန်းကနေ ကျပ်သိန်းတစ်ထောင်ထိ တိုးမြှင့်ပေးထားပါတယ်" ဟုဆိုသည်။ ယင်းဈေးနှုန်းသည် အစိုးရထီလုပ်ငန်းရှင်များနှင့် ကံစမ်းသူပြည်သူများအားလုံးအတွက် မျှမျှတတဖြစ်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်ပြီးမှ တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အစိုးရအနေဖြင့် ထီတစ်စောင်လျှင် ၉၁ ကျပ်နှုန်း ရောင်းချခဲ့ရာမှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ထီတစ်စောင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် ရောင်းချရန် နိုင်ငံတော်ပိုင်သတင်းစာများမှ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး၊ အမြင့်ဆုံးဆုကြေးငွေကိုလည်း မူလ ကျပ်သိန်းငါးရာမှ ကျပ်သိန်းတစ်ထောင်ထိ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ပထမဆုံးသော ဆုကြေးငွေ ကျပ်သိန်းတစ်ထောင်အား ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်သော (၂၄၁) ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲ၌ တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့သည်။

## ဈေးနှုန်းအပြောင်းအလဲကြောင့် ရရှိသည့် အရှုံးအမြတ်

ထိုသို့ ထီရောင်းဈေးများ တိုးမြှင့်ပြီးနောက် ရက်အနည်းငယ်အတွင်း ထီဝယ်လိုအားမှာ သိသာစွာ ကျဆင်းသွားကြောင်း၊ ဝယ်လိုအားကျသွား၍ ထီလုပ်ငန်းရှင်အချို့သည် အကျိုးအမြတ်မယူဘဲ အစိုးရရောင်းဈေးအတိုင်း ထီတစ်စောင်လျှင် ၂၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း၊ သို့ဖြစ်၍ ထီလုပ်ငန်းရှင်အချို့သည် ဆုံးရှုံးမှုအနည်းငယ်ရှိခဲ့ကြောင်း၊ သို့သော် ဈေးနှုန်းတက်ခြင်းနှင့်အတူ ဆုကြေးများပါတိုးလာခြင်း၊ အကွခရာလျှော့ချခြင်းတို့ကို ဆောင်ရွက်လာခြင်းကြောင့် ဝယ်လိုအားများ ပြန်လည်မြင့်တက်လာပြီး နှစ်ဦးနှစ်ဖက်အကျိုးအမြတ်



များရရှိခဲ့ကြောင်း ငြိမ်းချမ်းရေးနှင့် ကမ္ဘာကျော်ထီလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထီဈေးနှုန်းပြောင်းလဲပြီးနောက်ပိုင်း ရောင်းလိုအားကျသွားခြင်းသည် တစ်ဦးတစ်ယောက် တစ်ဆိုင်တည်းမဟုတ်ဘဲ အားလုံးနီးပါးတွင် ဈေးကွက်အပြောင်းအလဲတစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း၊ ဈေးကွက်ဆက်တိုက် ထိုးကျသွားမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လုပ်ငန်းရှင်များအားလုံးက ဈေးနှုန်းကို တိုးမြှင့်မှုမပြုဘဲ အစိုးရထုတ်ဈေးအတိုင်း ၂၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော် တာဝန်ရှိသူက ဆိုသည်။ ဆက်လက်၍ပြောကြားရာတွင် "၂၀၀ ကျပ်စဖြစ်တဲ့ရက်မှာ ကံစမ်းသူမရှိသလောက်ပဲ။ တစ်ပတ်လောက်ထိ ထိုင်နေလိုက်ရတယ်ဗျာ" ဟုဆိုသည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်မြို့တော်အပါအဝင် နယ်မြို့ဒေသများတွင်ပါ ရောင်းအား အနည်းငယ်တိုးမြှင့်လာသည်ဟု ရှင်းပြပြောဆိုသည်။ "စစ်ကိုင်း တန့်ဆည်မြို့က ကိုကျော်ဇင်ဝင်း ကံထူးပြီးနောက်ပိုင်းမှာ နယ်တွေက ပိုပြီးကံစမ်းလာတယ်လို့ထင်ရတယ်ဗျ" ဟုလည်း ဆိုသည်။

ထီဈေးအပြောင်းအလဲနှင့်ပတ်သက်၍ ကျောက်တံတားမြို့နယ် ၃၅ လမ်းရှိ မိတ္တူလုပ်ငန်းလုပ်ကိုင်သည့် လစဉ် ကံစမ်းသူ ဒေါ်ထားက "အန်တီ အရင်လတွေက တစ်လတစ်အုပ်ထိုးတယ်။ အခု တစ်စောင် ၂၀၀ ကျပ်ဖြစ်သွားတော့ ၁၀ စောင်တွဲကိုပဲ ထိုးတော့တယ်" ဟု ဆိုသည်။ ထီဈေးနှုန်း မြှင့်တင်လိုက်သော်လည်း ကံစမ်းခြင်းသည် ရပ်သွားမည်မဟုတ်ကြောင်း၊ စီးပွားရေးကျပ်တည်းချိန်တွင် ထီကံစမ်းခြင်းသည် ဘဝ၏ထွက်ပေါက်တစ်ခုဖြစ်ကြောင်း၊ မိမိတို့လုပ်ကိုင်နေသောလုပ်ငန်းသဘောအရ သိန်းရာဂဏန်းရရှိရန်လုံးဝမဖြစ်နိုင်ကြောင်း၊ အကယ်၍ ထီကံထချိန်တွင် ကံကောင်းသွားပါက အရာရာပြောင်းလဲသွားနိုင်သည်ဟုယူဆ၍ လစဉ် ကံစမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။



## ဈေးနှုန်းနှင့်အတူ ရောင်းချမှုပုံစံပါ ပြောင်းလဲလာ

ထီဈေးကွက်အတွင်း ဖြစ်ပေါ်လာသော အပြောင်းအလဲများတွင် ရောင်းချမှုပုံစံသည်လည်း တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ အထူးသဖြင့် ထီဆိုင်ကြီးများဖြင့် တခမ်းတနားရောင်းချခြင်းမှ စားပွဲငယ်တစ်လုံးဖြင့် လူစည်ကားရာနေရာအများအပြားတွင် ရောင်းချနေသည်ကို ရန်ကုန်မြို့တော်အနှံ့ တွေ့မြင်နိုင်သည်။

ယင်းသို့ ရောင်းချမှုပုံစံပြောင်းလဲလာခြင်းကို ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ခဲ့ကြောင်း၊ ဆိုင်ကြီး၊ ဆိုင်လတ်၊ ဆိုင်ငယ်များအစား စားပွဲငယ်တစ်လုံးရှိရုံနှင့် အလုပ်ဖြစ်သည့်အပြင် အရောင်းဝန်ထမ်းများကိုလည်း ပိုမိုခန့်ထားလာနိုင်ကြောင်း၊ စားပွဲတင်စနစ်ပီပြင်လာပါက ဆိုင်ခန်းငှားရမ်းခသက်သာခြင်းနှင့် အထွေထွေကုန်ကျစရိတ်များသက်သာခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း၊ ထီကံစမ်းသူများအနေဖြင့်လည်း မည်သည့်နေရာတွင်မဆို အလွယ်တကူကံစမ်းနိုင်ကြောင်း၊ စားပွဲတင်ထီရောင်းချမှုစနစ်ကို တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုရရှိမည်ဟု ယုံကြည်ထားပါကြောင်း မြတံခွန်နှင့်အောင်သန်းဆုထီ လုပ်ငန်းရှင် ဦးကျော်သန်းဇော်က Living Color သို့ ပြောကြားသည်။

ဦးကျော်သန်းဇော်က ဆက်လက်



ပြောရာတွင် "စားပွဲတင်စနစ်ကို ထီကိုယ်စားလှယ်တိုင်းက လုပ်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ အကျိုးအမြတ်အခွင့်အလမ်းတွေအများကြီးဖြစ်စေနိုင်လို့ပါ"ဟု ဆိုသည်။ ယင်းသို့ဆောင်ရွက်ပါက အခွန်အခများသက်သာမည့်အပြင် လူငယ်အများအပြား အလုပ်အကိုင်ပိုမိုရရှိလာမည်ဟု ဆိုသည်။

## အက္ခရာများ ဆက်တိုက်လျှော့ချ

ထီစတင်ချိန်မှ ထီအက္ခရာနံပါတ်များ အလုံး ၂၀ ဖြင့် စတင်ခဲ့ပြီး ၃၄ လုံး၊ ၃၃ လုံး၊ ၃၂ လုံး၊ ၃၀ လုံး စသည်ဖြင့် အတက်အကျပုံစံဖြင့် ရောင်းချလာခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အက္ခရာ ၂၉ လုံးသို့ လျှော့ချခဲ့ရာမှ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ၂၆ လုံးထိ ထပ်မံလျှော့ချပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်ရွှေက သိန်းတစ်ထောင်ကျပ်တန် ထီဖွင့်ပွဲအခမ်းအနားများဖြစ်သော ဇန်နဝါရီလ ၁ ရက်နေ့နှင့် ဖေဖော်ဝါရီလ ၁ ရက်နေ့တို့တွင် ထည့်သွင်းပြောကြားခဲ့သည်။

ထီဈေးနှုန်းကို တစ်ရာကျပ်ဝန်းကျင်သို့ တိုးမြှင့်လိုက်သော်လည်း အများဆုံးဆုကြေးငွေကို ကျပ်သိန်းတစ်ထောင်မှ အနည်းဆုံး တစ်သိန်းကျပ်ထိ တိုးပေးထားကြောင်း၊ ယခုတစ်ဖန် အက္ခရာနံပါတ်များကိုပါ လျှော့ချပေးလိုက်ခြင်းကြောင့် ထီကံစမ်းသူပြည်သူများအနေဖြင့် များစွာအကျိုးရှိကြောင်း၊ အက္ခရာအလုံး ၃၀ ကျော်ထိ တိုက်နေရမည့်အစား ၂၆ လုံးသာ တိုက်ရမည်ဖြစ်၍ ထီပေါက်မည့်အခွင့်အလမ်းများ ပိုမိုနီးစပ်လာကြောင်း၊ ဆုကြေးငွေတိုးခြင်း၊ အက္ခရာလျှော့ချခြင်းတို့သည် ထီကံစမ်းသူမိဘပြည်သူများအတွက် အကျိုးရှိရာရှိကြောင်းကို ရည်ရွယ်၍ အစိုးရက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက Living Colorသို့ ရှင်းပြသည်။

## အရှုံးထဲမှအမြတ်

ထီဈေးနှုန်းအနည်းငယ်တိုးမြှင့်ရောင်းချပြီးနောက်ပိုင်းတွင် ဝယ်လိုအားများ လျော့ကျသွားကြောင်း၊ သို့သော် ဝယ်လိုအားလျော့ကျခြင်းသည် ရက်အနည်းငယ်သာဖြစ်ပေါ်ခဲ့ကြောင်း၊ ထီလက်ပွေ့ရောင်းချသူများအနေဖြင့် ဝယ်လိုအားလျော့ကျသည့်ရက်များအတွင်း တွက်ခြေကိုက်မှုလုံးဝမရှိခဲ့ကြောင်း၊ သို့သော် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် ကျပ်သိန်းတစ်ထောင်ဆုအား စစ်ကိုင်းတိုင်း တန့်ဆည်မြို့မှ ကံထူးခဲ့သည့်နောက်ပိုင်းတွင် ထီကံစမ်းသူများ ပြန်လည်တိုးပွားလာကြောင်း၊ အထူးသဖြင့် လက်ပွေ့ရောင်းချသူများအတွက် တွက်ခြေကိုက်မှုရှိလာကြောင်း ရတနာသိန်းထိုက်အောင်တံဆိပ်ဖြင့် လက်ဖက်ရည်ဆိုင်များ၌ လိုက်လံရောင်းချသူ ကိုအောင်မိုးက ရှင်းပြသည်။

လက်ပွေ့သမားများအတွက် တွက်ခြေကိုက်ခြင်းနှင့်အတူ အစိုးရထုတ်ဈေးအတိုင်းသာ ပြိုင်ဆိုင်ရောင်းချပေးခဲ့ကြသော ထီလုပ်ငန်းရှင်များအတွက်လည်း အရှုံးထဲမှ အမြတ်များပြန်လည်ရရှိလာမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အက္ခရာနံပါတ်လျှော့ချခြင်း၊ လက်ပွေ့သမားများ၊ လက်ခွဲကိုယ်စားလှယ်များ၏ ရောင်းအားတက်လာခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့အပြင် ထီဈေးကွက်သည် လက်ရှိထက် တိုးတက်ကျယ်ပြန့်လာနိုင်ပြီး ဈေးကွက်ပြိုင်ဆိုင်မှုများလည်းရှိလာနိုင်ကြောင်း၊ ဈေးကွက်အတွင်း ကြီးမားသည့် ပြိုင်ဆိုင်မှုမျိုး ဖြစ်ပေါ်မလာနိုင်စေရန် ထီလုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ထီကိုယ်စားလှယ်ကြီးတစ်ဦးက သုံးသပ်ပြသည်။

**ခင်ဌေးကြွယ်**





# ရေမှသည် . . . ဆီသို့

ကျော်ကျော်မင်း

**အ** **ပူပိုင်းဒေသဖြစ်၍ နွေကာလမရောက်သေးသည့်တိုင် မွန်းလွဲ ၂ နာရီအချိန် ကျနေသည် ပူပြင်းလှသည်။ ယင်းနေရောင်အောက်တွင်ပင် ရေထမ်းပုံး အမျိုးမျိုးကိုင်၍ လူအချို့ တန်းစီရပ်နေသည်။ ရေစည်လှည်းတင်ထားသော နွားလှည်းများကလည်း ယင်းလူအုပ်နံဘေးတွင် စီတန်းလျက်ရှိနေသည်။**

စည်ပင်သာယာရေးဦးစီးဌာနနှင့် Japan International Cooperation Agency (JICA) တို့၏ နည်းပညာပူးပေါင်းဖလှယ်ရေးအစီအစဉ်ဖြင့်တူးဖော်ထားသော ပေ ၁၀၀၀ ကျော်အနက်ရှိသည့် အဝီစိတွင်းမှ အလှည့်ကျပေးဝေမည့်ရေကို လာရောက်စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း အဆိုပါစီတန်းနေသော လူအုပ်ကြီးနောက်ဆုံးနားတွင် ရပ်နေသူ အသက် ၆၂ နှစ်အရွယ်ရှိ ဂျမ်းလိုီးရွာသား ဦးအောင်သန်းက ဆိုသည်။

"အရင်ကဆို ကျွန်တော်တို့ ပုပ္ပားတောင်ခြေထိ သွားခပ်ရတယ်။ ရေတစ်ခါခပ်ဖို့ မနက်သွားရင် ညမှပြန်ရောက်တယ်" ဟု ၎င်းကဆိုသည်။

မန္တလေးတိုင်း ညောင်ဦးမြို့နယ်အတွင်းရှိ အဆိုပါဂျမ်းလိုီးကျေးရွာ အပါအဝင် မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာပေါင်း ၂၀ တွင် JICA နှင့် နယ်စပ်စည်ပင်သာယာရေးညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်း၍ အဝီစိတွင်းကြီးများတူးဖော်လျက်ရှိသည့်အပြင် ကျေးရွာပေါင်း ၄၀ ကျော်တွင် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က တူးဖော်ထားသော အဝီစိရေတွင်းကြီးများကို ရေထွက်အား ပြန်လည်ကောင်းမွန်လာစေရေးအတွက် ပြန်လည်ပြုပြင်လျက်ရှိကြောင်း ဦးစီးဌာနမှ အဆိုပါစီမံကိန်းတာဝန်ခံ ဦးသိန်းလွင်က ပြောကြားသည်။

အပူပိုင်းဇုန်ရေရရှိရေးစီမံကိန်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလမှစတင်၍ လေးဆင့်ခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တတိယအဆင့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ စီမံကိန်းပြီးဆုံးမည့်ကာလမှာ ၂၀၀၉ ခုနှစ် အောက်တိုဘာလဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယင်းစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကျေးလက်ဒေသများ ရေရရှိရေး၊ ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်သွားနိုင်ရန် ရေတွင်းတူးခြင်း၊ တည်ဆောက်ခြင်း၊ တွင်းဟောင်းပြုပြင်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းနည်းပညာဖလှယ်နိုင်ရေးဖြစ်ကြောင်း အဆိုပါစီမံကိန်းအရာရှိချုပ် Mr. Toshiyuki Matsumoto က ပြောကြားသည်။

အခြားတစ်ဖက်တွင်မူ ဒေသခံကျေးရွာသားတို့၏ စီးပွားရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်စေရေးကို အထောက်အကူပြုမည်ဟု မျှော်လင့်မိ

ကြောင်း ၎င်းက ဆိုသည်။

ကိုယ်တိုင်ရေသွားမခပ်နိုင်သည့် အချိန်မျိုးတွင် သွားရောက်ခပ်ပေးမည့်သူကို နေ့တွက်ခအဖြစ် ကျပ် ၁၅၀၀မှ ၂၀၀၀ ကြားပေးရပြီး ရေတစ်စည်ကို နှစ်ရက်သုံးရက်ခန့် လောက်အောင် သုံးရကြောင်း ဂျမ်းလှီးကျေးရွာဇာတိ အသက် ၇၀ ဝန်းကျင်ရှိ အဘွားဒေါ်မြင့်က ပြောကြားသည်။

"တစ်ခါတလေ ခပ်ပေးမယ့်သူမရှိလို့ တောင်းတောင်းပန်ပန်နဲ့ခပ်ခိုင်းရတာမျိုးတောင် မရေမတွက်နိုင်ရှိခဲ့တယ်" ဟု ၎င်းက ဆိုသည်။

ရွာနှင့် ခုနစ်မိုင် ရှစ်မိုင်ခန့်ဝေးသော ပုပ္ပားတောင်ခြေသို့ ရေသွားခပ်ရသည့် အလုပ်သည် နေ့စဉ်လုပ်နေရသော အလုပ်တစ်ခုဖြစ်ပြီး "နွားစာ၊ လူစာ၊ ထမင်းထုပ် အစုံအလင်နှင့်သွားရကြောင်း အသက် ၄၅ နှစ်အရွယ်ရှိ ဒေါ်ခင်စန်းရီက ပြောကြားသည်။

ရေတွင်းတူးမည့်ရွာကို စည်ပင်သာယာရေးဦးစီးဌာန၏ ကျေးလက်ရေပေးဝေရေးစီမံကိန်းဝင်ကျေးရွာများအနက်မှ အကြမ်းဖျင်းရွေးချယ်ကာ အခြေခံစစ်တမ်းတစ်ခုကောက်ယူပြီး ရွေးချယ်ကြောင်း အဆိုပါစီမံကိန်းတွင် မြေပြင်အခြေအနေစစ်တမ်းကောက်ယူရေး တာဝန်ယူထားသည့် စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစိုးနိုင်က ရှင်းပြသည်။



အခြေခံစစ်တမ်းတွင် လူနေမှုအဆင့်အတန်း၊ အလုပ်လုပ်နိုင်စွမ်း၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များအပြင် မြေပြင်အနေအထား၊ ရေကြောအနေအထားတို့ကိုပါ လေ့လာရကြောင်း Social Mobilization တာဝန်ယူထားသော Ms.Yamauchi Hiromi က ဆိုသည်။

တောင်ယာစိုက်ပျိုးခြင်းကို အဓိကလုပ်ငန်းအဖြစ်လုပ်ကိုင်ရသော မိမိတို့အတွက် နေ့ဝက်မက အချိန်ပေး၍ရေသွားခပ်ရသည့်တာဝန် လျော့ပါးသွားပါက ယင်းမိသားစုဝင်သည် တောင်ယာအလုပ်ကို ပိုမိုအာရုံစိုက်လုပ်ကိုင်နိုင်မည်ဖြစ်



ကြောင်း၊ နွားနှင့် လှည်းသည်လည်း အခြားလုပ်ငန်းများတွင် ဖြည့်တင်းလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ဂျမ်းလိုးရွာနှင့် အလားတူ ရေအခက်အခဲကြုံတွေ့နေရသည့် မြတ်ခါးတောရွာမှ အသက် ၄၅ နှစ်ရှိ ဦးကံမြင့်က ဆိုသည်။

JICA နှင့် DDA က အကောင်အထည်ဖော်နေသော မြတ်ခါးတောရွာမှ မိနစ်နှစ်ဆယ်ခန့်လမ်းလျှောက်လျှင်ရောက်သော တူးဖော်ဆဲရေတွင်းသစ်၏ ရွံ့ကန် (တူးဖော်ဆဲရေတွင်းများမှ ထွက်ရှိရေကို ယာယီသိုလှောင်သည့်ကန်) အတွင်းမှရေကိုသုံးရေအဖြစ် အသုံးပြုရန်လာရောက်ခပ်ယူခြင်းဖြစ်ကြောင်း၊ ယင်းရေကို အသုံးမပြုပါက ရွာနှင့်အတန်အလှမ်းဝေးသောနေရာအထိ လှည်းနှင့်သွားရောက်ခပ်ယူရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းသို့စီးပွားရေးဆိုင်ရာ အထောက်အကူဖြစ်မည့်အပြင် ကျန်းမာရေးရှုထောင့်မှကြည့်လျှင်လည်း သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိခြင်းသည် ယင်းဒေသ၏ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိမည်ဟု မျှော်လင့်ထားကြောင်း Mr.Yomauchi Hiromi က ဆိုသည်။

"အတတ်နိုင်ဆုံး အကောင်းဆုံးတော့ မျှော်လင့်ထားပါတယ်။ ဒါပေမဲ့ လူတွေရဲ့ ကျန်းမာရေးကို ရေတစ်ခုတည်းနဲ့မှ ဆုံးဖြတ်လို့မရတာ" ဟု Mr. Matsumoto က ဆက်လက်ပြောကြားသည်။

အဆိုပါအပူပိုင်းဒေသမှ ကျေးလက်နေပြည်သူများအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေသော ယင်းရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲရန် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေဖြန့်ဝေခြင်းသင်တန်းများကိုလည်း စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားပြီး DDA မှဝန်ထမ်းအချို့က ကျေးရွာသားများကို ပို့ချပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိုးကိုအမှီပြု၍ တစ်နှစ်ပတ်လုံးတွင် တစ်ရာသီသာစိုက်ပျိုးရသည့် တောင်ယာလုပ်ငန်းကိုလုပ်ကိုင်ရသော ၎င်းတို့အတွက် အလိုအပ်ဆုံးနှင့် အရှားပါးရှားဆုံးရေကို ဖြည့်ဆည်းနိုင်ခဲ့ပြီဖြစ်သည်။ ရေသည် ၎င်းတို့အတွက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်သည်မှာ မငြင်းသာပေ။ ရေကဲ့သို့ပင် လိုအပ်ချက်ရှိသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင်လည်း တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းပေးရန် နည်းလမ်းများ ရှာဖွေရမည်ဖြစ်သည်။

ရေခပ်ချိန်တွင် အခြားလုပ်ငန်းများကို အစားထိုးလုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် စီးပွားရေးတိုးတက်ရေးကို တစ်စိတ်တစ်ပိုင်းအထောက်အကူပြုမည်ဖြစ်ကြောင်း၊ သို့သော် လူမှုရေး၊ စီးပွားရေး၊ ပညာရေး အဆင့်အတန်းမြင့်မားရေးသည် ရေတစ်ခုတည်းရရှိရုံနှင့်ပြီးပြည့်စုံမည်မဟုတ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ကျောင်း၊ ဆေးရုံ စသည့် အမျိုးမျိုးသော အခြေခံအဆောက်အဦများလည်း များစွာလိုအပ်ကြောင်း Mr.Matsumoto က သုံး



သပ်သည်။

"ဒီအချိန်မှာ သူတို့အတွက် တကယ် လိုအပ်တာရေပဲ။ ရွှေကိုမလိုဘူး၊ ငွေကို လည်း မလိုဘူး၊ ရေကိုပဲ လိုချင်တယ်လို့ကို အားလုံးက ပြောကြတာ" ဟု အပူပိုင်းဇုန် အတွင်းပါဝင်သော စစ်ကိုင်းတိုင်း ဝက် လက်မြို့နယ် သစ်ဆိမ့်ကျေးရွာ၌ ဂျပန်နိုင်ငံ အခြေစိုက် LEO အဖွဲ့အစည်းနှင့် ပူး ပေါင်း၍ စက်ရေတွင်းများ တူးဖော်လျက်ရှိ သော မြန်မာငှက်ဝါသနာရှင်အသင်း၏ ဥက္ကဋ္ဌ ဦးစိုးညွှန့်ကဆိုသည်။ အဆိုပါကျေး ရွာ၌ သောက်သုံးရေရရှိစေရန် အဖွဲ့ အစည်းနှစ်ခုပူးပေါင်း၍ စက်ရေတွင်းနှစ်တွင်း တူးဖော်ပေးခဲ့ပြီး ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရွာသားတစ်ဦး လျှင် သစ်ပင် ၂၀ ပင်ကျစီ ပြန်လည်စိုက် ပျိုးပေးရန် သဘောတူညီမှုရရှိခဲ့သည်။

ယခုအခါ ကမ္ဘာပေါ်၌ ရေထုထည် ပမာဏ စုစုပေါင်း ၁ ဒသမ ၄၁ ဘီလီယံ ကုဗကီလိုမီတာရှိပြီး ယင်းတို့အနက် ၂ ဒသမ ၅၃ ရာခိုင်နှုန်းသာ သောက်သုံးနိုင်သော ရေသန့်အဖြစ်တည်ရှိကာ ၉၇ ဒသမ ၅ ရာခိုင်နှုန်းမှာ ပင်လယ်ရေနှင့် သောက်သုံး ၍မရနိုင်သောရေအဖြစ် တည်ရှိကြ ကြောင်း၊ ထို့အပြင် ကမ္ဘာ့ရေထု၏ ၈၇ ရာခိုင်နှုန်းမှာ ရေခဲတောင်များနှင့် ရေခဲပြင် ဒေသများတွင်လည်းကောင်း၊ ကမ္ဘာ့လေထု အတွင်း၌လည်းကောင်း၊ ကမ္ဘာ့မြေထု အတွင်း၌လည်းကောင်း တည်ရှိနေကြ ကြောင်း Natural Resources and Development ၏ သုတေသနစစ်တမ်းတစ် စောင်ကိုကိုးကား၍ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်း သိမ်းရေးအသင်း (FREDA) အထွေထွေ အတွင်းရေးမှူးဦးအုန်းက ရှင်းပြသည်။

"ကျွန်တော်တို့ဆီမှာ ရေရဖို့ အရေး ပါတဲ့ Watershift (ရေဝေရေလဲဒေသ) Managementကို သေချာဆောင်ရွက်သင့် နေပြီ။ အထူးသဖြင့် Dry Zone (အပူပိုင်း ဒေသ) တွေမှာ ပိုအရေးကြီးတယ်" ဟု မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသ ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကြီးကို အိုအေစစ်သဖွယ် ပြန်လည်စိမ်း လန်းစိုပြည်လာစေရန် စွမ်းစွမ်းတမံဆောင် ရွက်ခဲ့သော ၎င်းက ထောက်ပြပြောကြား သည်။ ထိုသို့ဆောင်ရွက်ရာ၌ သစ်ပင်များ ကိုပြုစုပျိုးထောင်သော သစ်တောဦးစီးဌာ နနှင့် ဆည်မြောင်းများတည်ဆောက်ထား သော ဆည်မြောင်းဦးစီးဌာနတို့ကဲ့သို့ သက်ဆိုင်ရာဌာနများအချင်းချင်း ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။ ကျေးလက်နေ ပြည်သူများ၏ဘဝ တိုးတက်ရေးအတွက် ရေသည် အဓိကပါဝင်ကြောင်း၊ ရှိရင်းစွဲရေ သယံဇာတစီမံခန့်ခွဲမှုအတွက် စုပေါင်း မျှဝေတာဝန်ယူဆောင်ရွက်ရမည်ဖြစ် ကြောင်း ဆည်မြောင်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းက သုံး သပ်ပြောကြားသည်။

"ရေဟာ ဘယ်သူကမှမပိုင်တဲ့ အများ နဲ့ဆိုင်တဲ့ပစ္စည်းပါ။ မြန်မာနိုင်ငံမှာ သောက်သုံးရေရရှိဖို့ Public (အစိုးရ) ချည်းပဲလုပ်လို့မရတော့ဘူး။ Private (ပုဂ္ဂလိက) ကပါ ပူးပေါင်းဆောင်ရွက်မှရ မယ်။ ပူးပေါင်းဆောင်ရွက်တာနဲ့ Partnership မဟုတ်သေးဘူး။ ဖွံ့ဖြိုးတိုးတက်မှုရှိမှ သာ Partnership ဖြစ်တယ်" ဟု ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောကြား သည်။

**ကျော်ကျော်မင်း**







# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ပွဲရုံ

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံမျိုးစုံရောင်းဝယ်ရေး ဗဟိုချက်ဖြစ်သည့် ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းသည် ပုံမှန်ထက် စောပြီးကျရောက်ခဲ့သည့် တရုတ်နှစ်သစ်ကူးကြောင့် အရောင်းအဝယ်အနည်းငယ်ပြန်လိုက်လာသည်ဟု လုပ်ငန်းရှင်များက ဆိုသည်။

နှစ်စဉ်တရုတ်နှစ်သစ်ကူးကာလ၌ မြင့်တက်လေ့ရှိသော စားအုန်းဆီဈေးနှုန်းမှာ ထူးထူးခြားခြားကျဆင်းခဲ့ကြောင်း၊ ဆန်ပွဲရုံများအနေဖြင့် နယ်သို့တင်ပို့ရောင်းချခြင်းထက် ပြည်ပသို့တင်ပို့ခွင့်ရထားသည့် ကုမ္ပဏီများသို့ ပိုမိုတင်သွင်းလာကြကြောင်း၊ စားဖိုဆောင်သီးနှံဈေးကွက်တွင်မူ ကြက်သွန်နီအဝယ်လိုက်၍ ဈေးပြန်ကောင်းလာပြီး ငွေကြေးအရှုပ်အရှင်းဖြစ်ခဲ့သော ပဲကုန်သည်ကြီးများ၏ တာဝန်ယူဖြေရှင်းမှုများ တစ်ရစ်ချင်း စတင်လျက်ရှိကြောင်း လုပ်ငန်းရှင်များ၏အဆိုအရ သိရသည်။

ယခုလ၏ ထူးခြားချက်တစ်ရပ်မှာ ပိတ်ရက်လွန်ပြီးနောက် ပြန်ဖွင့်သည့်နေ့များတွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေသဖြင့် စခန်းအကျိုးဆောင်အဖွဲ့မှ ယာဉ်ကြောရှင်းဝန်ထမ်းများ၏ ဝီစီအဆက်မပြတ်မှုတ်သံများ၊ ကားကြီးကားငယ်များ၏ ဟွန်းသံများ ဆူညံလျက်ရှိပြီး ယခင်က ကားရပ်၍တင်လေ့တင်ထရှိသော ငရုတ်သီးအိတ်၊ ကြက်သွန်အိတ်များကို ယာဉ်ကြောပိတ်မည်ကိုစိုးရိမ်၍ ဘီးလိမ့်ရုံမောင်းနေသော ကုန်ကားပေါ်သို့ အလုပ်သမားများပခုံးဖြင့် ထမ်းတင်နေသည့် မြင်ကွင်းကို ထူးထူးခြားခြား တွေ့မြင်ရသည်။

## ပုစွန်ခြောက် အဝင်နည်း

ရေထွက်ကုန်ပစ္စည်းမျိုးစုံဈေးကွက်တွင် ဇန်နဝါရီလအတွင်း သိသိသာသာ အအေးဓာတ်ပိုမိုသဖြင့် ပုစွန်ရရှိမှုလျော့ကျပြီး ပုစွန်ခြောက်အဝင်နည်းနေကြောင်း၊ ထို့အတူ တရုတ်နှစ်သစ်ကူးကြောင့် နယ်စပ်ကုန်သွယ်ရေးတွင်လည်း ဝယ်ယူမှု နည်းပါးကြောင်း၊ ရခိုင်ပြည်နယ်မှ ပုစွန်ခြောက်များသာမက ဧရာဝတီတိုင်း ဖျာပုံမြို့မှ ပုစွန်ခြောက်များလည်း အဝင်နည်းနေပြီး ယခင်လများက အိတ် ၈၀၊ ၁၀၀ ခန့် ပုံမှန်ဝင်ရောက်ခဲ့သော ပုစွန်ခြောက်သည် ယခု

အခါ အိတ် ၂၀၊ ၂၅ အိတ်ခန့်သာဝင်ရောက်ခဲ့ကြောင်း၊ တရုတ်နှစ်သစ်ကူးမတိုင်ခင်က ဈေးရခဲ့သော ပုစွန်ခြောက်သည် ယခုဈေးအနည်းငယ်သာရရှိတော့ကြောင်း၊ ရခိုင်ပုစွန်ခြောက်တစ်ပိဿာဈေးနှုန်းများမှာ အကြီးစ ၁၀,၀၀၀၊ ၁၁,၀၀၀၊ ၁၂,၀၀၀ ကျပ်ခန့်၊ အလတ်စ ၉,၀၀၀၊ ၉,၅၀၀ ကျပ်၊ အငယ်စ ၆,၀၀၀၊ ၆,၅၀၀ ကျပ်၊ စိုသေး ၁၁,၀၀၀ ကျပ်ဝန်းကျင်ခန့်ဖြစ်ကြောင်း၊ ယခင်က တစ်ရက်လျှင် အိတ် ၄၀၊ ၅၀ ခန့်ဝင်ရောက်သော ဖျာပုံပုစွန်ခြောက်မှာ တစ်ရက်လျှင် လေးငါးအိတ်သာဝင်ရောက်၍ ငါးရောင်၊ ငါးဆားနယ်၊ ငါးနီတူများလည်း အဝင်နည်းနေပြီး ဈေးနှုန်းအမြင့်သို့ပြောင်းလဲလာကြောင်း၊ ငါးရောင်တစ်ပိဿာလျှင် ၇,၀၀၀၊ ၇,၅၀၀ ကျပ်မှ ၈,၀၀၀၊ ၈,၅၀၀ ကျပ်သို့ ပြောင်းလဲခဲ့ပြီး ငါးနီတူတစ်ပိဿာလျှင် ၁,၇၀၀၊ ၁,၈၀၀ မှ ၂,၃၀၀၊ ၂,၅၀၀ ကျပ်သို့ ပြောင်းလဲခဲ့ကြောင်း ဘုရင့်နောင်ပွဲရုံ ကံ့ကော်လမ်းမှ ရေထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ကုမ္ပဏီကိုသွင်းသည့် ဆန်

ဘုရင့်နောင်ဆန်ပွဲရုံများအနေဖြင့် ရန်ကုန်တိုင်း ပြင်ပအခြားသောပြည်နယ်နှင့်တိုင်းများသို့ ဆန်တင်ပို့ရောင်းချခြင်းထက် ပြည်ပသို့ဆန်တင်ပို့ရောင်းချလျက်ရှိသည့် ကုမ္ပဏီကြီးများသို့ တစ်အိတ်လျှင် ကျပ် ၁၀၀၊ ၂၀၀ အမြတ်ဖြင့် ဝယ်ယူတင်သွင်းသူပိုများနေကြပြီး အကျိုးဆက်အနေဖြင့် ဆန်ကြမ်းတစ်အိတ်ကို ၇၀၀၊ ၈၀၀ ကျပ်ခန့် ဈေးပြန်မာလာကြောင်း၊ အထူးသဖြင့် Export အရည်အသွေးဖြစ်သည့် ဆန်ကြမ်း ၂၅ မတ် စတင်ဝယ်ယူကြစဉ်က ၁၁၀ ဒသမ ၅ ပေါင် တစ်အိတ်လျှင် ၉,၀၀၀၊ ၉,၃၀၀ ကျပ်နှင့် ဈေးစဖွင့်ခဲ့ပြီး ၉,၅၀၀၊ ၉,၇၀၀ ကျပ်အထိ မြင့်တက်လာခဲ့ကြောင်း၊ ကုမ္ပဏီများက ဆန်အရည်အသွေးမြှင့်ယူလိုက်သည့်အခါ ၉,၃၀၀ ခန့်မှ ၉,၀၀၀ ကျပ်ထိ ပြန်ဆင်းလာပြီး ယခုအခါ ၉,၇၀၀ ကျပ်ခန့်သို့ ပြန်တက်လာကြောင်း၊ ပို့ကုန်ရငွေ လဲလှယ်နှုန်းထားကိုလိုက်၍ ဆန်ကြမ်းဈေးနှုန်းသည်လည်း ပြောင်းလဲလျက်ရှိကြောင်း ဘုရင့်နောင် အသောကလမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကုမ္ပဏီများသို့ ဆန်ဝယ်ယူတင်သွင်းသူ အထူးများပြားရာ ဆန်ကားများညအိပ်စောင့်၍ ဆန်ချရသည့်အတွက် ကားတစ်စီးလျှင် ၅,၀၀၀၊ ၁၀,၀၀၀ ကျပ် ပိုပေးရသကဲ့သို့ အချိန်ကြာမြင့်သည့်အတွက်လည်း ကားနှစ်ခေါက်စာပေးရကြောင်း၊ ဆန်တစ်အိတ်လျှင် ကားတစ်ခေါက်စာ ၁၀၀ ကျပ်ယူလျှင် စောင့်ဆိုင်းရသည့်အတွက် နှစ်ခေါက်စာ ၂၀၀ ကျပ်ပေးရကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

အိမ်အရောက်ပို့ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် တစ်အိတ်လျှင် ၂၃,၀၀၀ ကျပ်တန် ပေါ်ဆန်းမွှေးတစ်အိတ်ကို ကျပ် ၃,၀၀၀ ခန့်ချ၍ ကျပ် ၂၀,၀၀၀ ခန့်ဖြင့် အိမ်အရောက်ပို့ပေးလျက်ရှိကြောင်း၊ ဆန်ခြောက်လာသဖြင့် နှစ်ပေါက်အောင်လှောင်သူအိမ်ရှင်မများအနေဖြင့် ငါးအိတ်ခန့် အမှာရှိနေကြောင်း၊ ဆန်ဈေးချရောင်းခြင်းမှာ ဆန်လှောင်ချိန်ရောက်လာသဖြင့် ကျဈေးဖြင့်လှောင်လို၍ ဖြစ်ကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ချောဈေးနှုန်းအပြောင်းအလဲမရှိ ငြိမ်သက်လျက်ရှိသော်လည်း ဆန်ကြမ်းမှာမူ ဈေးမာနေကြောင်း၊ အထူးသဖြင့် အကြမ်းရှယ်စများဈေးမြင့်လာပြီး ကောက်ညှင်းမှာမူ ဈေးအကျကြမ်းကြောင်း၊ ပေါ်ဆန်းမြောင်းမြ တစ်အိတ် ၂၀,၅၀၀၊ ၂၁,၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်းတစ်အိတ် ၁၈,၅၀၀၊ ၂၁,၀၀၀ ကျပ်၊ ဒေးဒရဲပေါ်ဆန်း ၁၈,၀၀၀ ကျပ်၊ ၁၉,၀၀၀ ကျပ်၊ ဘိုကလေး၊ မော်ကျွန်း၊ ကျိုက်လတ် ၁၆,၀၀၀၊ ၁၇,၀၀၀ ကျပ်၊ တောင်ပျံရှယ် ၁၉,၀၀၀ ကျပ်၊ ကမ်းနားတောင်ပျံ ၁၄,၀၀၀၊ ၁၅,၀၀၀ ကျပ်၊ ခွန်နီ ၁၀,၅၀၀၊ ၁၁,၀၀၀ ကျပ်၊ ပေါ်ကျွဲ တစ်အိတ် ၁၁,၅၀၀ ကျပ်၊ ပုသိမ် မြောင်းမြ အကြမ်းရှယ် ၁၁,၅၀၀၊ ၁၂,၃၀၀ ကျပ်၊ မော်ကျွန်းအကြမ်းရှယ် ၁၁,၃၀၀ ကျပ်၊ ကောက်ညှင်းရှယ် ၂၁,၀၀၀၊ ၂၀,၀၀၀ ကျပ်၊ ဆန်ကွဲအချောတစ်အိတ် ၉,၀၀၀၊ ၉,၅၀၀ ကျပ်၊ အကြမ်းဆန်ကွဲ ၅,၅၀၀၊ ၆,၀၀၀ ကျပ်ခန့်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



## ကြက်သွန်နီ အရောင်းအဝယ်သွက်

စားဖိုဆောင်သီးနှံ ဈေးကွက်တွင် လပေါင်းများစွာ ဈေးနှုန်းများ အလွန်အမင်း ကျဆင်း၍ အရောင်းအဝယ်အေးနေခဲ့သော ကြက်သွန်နီဈေးနှုန်းသည် နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးများမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချသူများကြောင့် ဈေးကောင်းပြန်ရလာပြီး အရောင်းအဝယ်သွက်နေကြောင်း၊ ပြီးခဲ့သောနှစ်က ဈေးမကောင်းသဖြင့် စောစိုက်သည့် ကြက်သွန်များ ကုန်သလောက်ဖြစ်နေပြီး ပင်သေးများမှာလည်း ပေါ်ရန်တစ်လခန့်လိုသေးသဖြင့် စပ်ကူးမပ်ကူးကာလ၌ ဈေးတက်နိုင်ကြောင်း အောင်သပြေလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ကြက်သွန်တစ်ပိဿာ ၂၇၀ ကျပ်မှ ၃၅၀ ကျပ်သို့လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ရောင်းချသူများအနေဖြင့် ကြက်သွန်ထွက်ရှိရာဒေသများသို့ ဆင်းဝယ်သဖြင့် နယ်ကြက်သွန်ဈေး မြင့်နေကြောင်း၊ မြစ်သားကြက်သွန်နီ တစ်ပိဿာ ၃၀၀ ကျပ်ခန့်ရှိပြီး ကျန်ဒေသများတွင် ၂၅၀၊ ၂၇၀ ကျပ်ခန့်အထိ ဈေးရလာကြောင်း၊ ယခင်က ပြည်ပဝယ်လက်များက ကြက်သွန်နီအသေးတစ်မျိုးသာ ဝယ်ယူလေ့ရှိသော်လည်း ယခုအရွယ်စုံဝယ်ယူနေသဖြင့် နွေကြက်သွန်အစိုက်နည်း၍ နောက်ပိုင်းတွင် ကြက်သွန်ဈေးပြန်ကောင်းနိုင်ကြောင်း၊ ဘုရင့်နောင်သို့ နေ့စဉ် ကြက်သွန်ကားစီးရေ ၂၀ ကျော် ၃၀ ခန့် ပုံမှန်ဝင်ရောက်နေကြောင်း စားဖိုဆောင်သီးနှံဈေးကွက်မှ သိရှိရသည်။

## ဇောက်ထိုးဆင်း ကြက်သွန်ဖြူ

ကြက်သွန်ဖြူဈေးနှုန်း အလွန်အမင်းကျဆင်းနေသဖြင့် ရှယ်ဟုခေါ်သော ကြက်သွန်ဖြူမရှိဘဲ သောင်းပြောင်းရောင်းဝယ်ကြကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကကြက်သွန်ဖြူဝယ်လက်ဖြစ်သော ထိုင်းနိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံအတွင်းရှိ ကြက်သွန်ဖြူတောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် မြန်မာနိုင်ငံမှ ကြက်သွန်ဖြူဝယ်ယူမှုကို ကန့်သတ်မှုများပြုလုပ်ခဲ့ရာ အကျိုးဆက်အနေဖြင့် ဘုရင့်နောင်တွင် ဝယ်ယူနေသည့် တာချီလိတ်၊ မြဝတီဝယ်လက်များပျောက်သွားကြောင်း၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ၂၅၀၊ ၂၆၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ကြူကုတ်ကြက်သွန်ဖြူမှာမူ တရုတ်နှစ်သစ်ကူးကြောင့် တစ်ပိဿာ ၂၀၀ ကျပ်ခန့်တက်သွားရာ ယခင်လက တစ်ပိဿာ ၆၀၀ ကျပ်ခန့်ရှိသော ကြူကုတ်ကြက်သွန်ဖြူသည် ၈၀၀ ကျပ်ခန့်အထိ ဖြစ်လာကြောင်း အောင်သပြေလမ်းရှိ ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။



## ခွဲတမ်းနဲ့ရောင်းတဲ့ အာလူး

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့မှ အာလူးများ စောစောစီးစီးပြတ်သွားချိန်နှင့်တိုက်ဆိုင်ပြီး အခြားအာလူးထွက်ရှိရာဒေသတစ်ခုဖြစ်သည့် ဆင်ဖြူကျွန်းတွင်လည်း အာလူးအစိုက်နည်းနေ၍ ဘုရင့်နောင်သို့ ကားအစီးလိုက် အာလူးဝင်ရောက်မှုမရှိသဖြင့် ဖောက်သည်များကို ခွဲတမ်းဖြင့် ရောင်းနေရကြောင်း၊ တပ်ကုန်းနှင့်ကျီးသဲမှ အာလူးများဝင်လာမှသာ အာလူးဈေးကျနိုင်ကြောင်း၊ ဖေဖော်ဝါရီလဆန်း၌ ဟဲဟိုးအာလူး တစ်ပိဿာ ၈၀၀ ကျပ်၊ ဆင်ဖြူကျွန်းအာလူး တစ်ပိဿာ ၇၅၀ ကျပ်၊ အနိမ့်ဆုံးအာလူးမှာ ၂၅၀ ကျပ်ခန့်ရှိကြောင်း အာလူးပွဲရုံများထံမှ သိရှိရသည်။

## ခန့်မှန်းရခက်သည့် ငရုတ်

ပြီးခဲ့သည့်နှစ်များက နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ငရုတ်သီးတင်ပို့သူများ၏ ဝယ်လိုအားအနေအထားကိုကြည့်၍ ငရုတ်သီးဈေးနှုန်းကို ခန့်မှန်း၍ရကြောင်း၊ ယခုနောက်ပိုင်းတွင် ငရုတ်သီးကို ပြည်တွင်းစားသုံးမှုဈေးကွက်တစ်ခုတည်းကိုသာ ရောင်းဝယ်နေရပြီး နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်အဝယ်မလိုက်၍ ငရုတ်သီးဈေးနှုန်းသည် ခန့်မှန်းရခက်နေကြောင်း ငဝါလမ်းမှ ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်မှ ငရုတ်သီးဈေးကောင်းမပေးသဖြင့် အရည်အသွေးကောင်းငရုတ်သီးများကို မြဝတီသို့ တိုက်ရိုက်သွားရောက်ရောင်းချမှုများရှိကြောင်း၊ ငရုတ်ရှည်သိသိသာသာဈေးပေါနေသည့် အကျိုးဆက်အနေဖြင့် ယခင်နှစ်များက တစ်ပိဿာ ကျပ် ၁၀,၀၀၀ ခန့်အထိရှိသော ငရုတ်ပုသည် ယခုအခါ ၃,၁၀၀၊ ၃,၂၀၀ ခန့်အထိ ကျဆင်းလာကြောင်း၊ ယခုရက်ပိုင်းအတွင်း မြစ်ဝကျွန်းပေါ်ငရုတ်မှာ အဟောင်းလက်ကျန်သာရှိပြီး ဆင်ဖြူကျွန်း၊ ကျောက်ရဲ၊ မြင်းခြံ၊ ရှမ်းငရုတ်များ အဝင်များနေရာ နေ့စဉ် ငရုတ်သီးအိတ် ၈၀၀မှ ၁,၀၀၀

ကြား ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ငရုတ်ရှည် တစ်ပိဿာ ၁,၆၅၀၊ ၁,၇၀၀ ကျပ်၊ စိမ်းစား အပုမှာ တစ်ပိဿာ ၂,၄၀၀ ကျပ်၊ သဲတော ငရုတ်ပု ၂,၆၀၀၊ ၂,၇၀၀ ကျပ်ခန့်ရှိကြောင်း ငရုတ်သီးဈေးကွက်မှ စုံစမ်းသိရှိရသည်။

## စားအုန်းဆီ ဆက်လက်ကျ

အစဉ်အလာအားဖြင့် နှစ်စဉ်နှစ်တိုင်း တရုတ်နှစ်သစ်ကူးကာလများ၌ ဈေးမြင့်လေ့ရှိသော စားအုန်းဆီဈေးနှုန်းသည် ယခုနှစ်တွင် စားအုန်းဆီကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေးနှင့် အပြင်ဈေးများ သိသိသာသာကျဆင်းခဲ့ကြောင်း၊ ဘဏ်သွင်းဈေးသည် တစ်ပိဿာ ၁,၆၀၁ ကျပ်မှ ၇၀ ကျပ်ခန့်လျော့ကျပြီး ၁,၅၃၁ ကျပ်သာ သွင်းရကြောင်း၊ ထို့အတူ စားအုန်းဆီပြင်ပပေါက်ဈေးသည်လည်း ပြီးခဲ့သည့်လက တစ်ပိဿာ ၁,၈၃၀ ကျပ်မှ ယခု ဖေဖော်ဝါရီလဆန်းတွင် ၁,၇၃၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေ၍ တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်ကျဆင်းခဲ့ကြောင်း စားအုန်းဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆီကြိတ်ကုန်ကြမ်းဖြစ်သည့် မြေပဲဆန်များ ပေါပေါများများထွက်ရှိလာခြင်းနှင့်အတူ မြေပဲဆီဈေးနှုန်းသည်လည်း သိသိသာသာကျဆင်းခဲ့ကြောင်း၊ ယခင်က မြေပဲဆီတစ်ပိဿာ ၄,၈၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုအခါ လက်ကားဈေး တစ်ပိဿာ ၂,၆၅၀ ကျပ်ခန့်နှင့် လက်လီဈေး တစ်ပိဿာ ၂,၈၀၀ ကျပ်ခန့်သာရှိကြောင်း၊ မြေပဲဆန်မှာ တစ်ပိဿာ ကျပ် ၉၀၀ ခန့်ရှိကြောင်း၊ မြေပဲဆီဈေးနှုန်းကျဆင်းသဖြင့် တစ်လလျှင် ပီပါ ၂၀၀ ခန့် ရောင်းချနေရရာမှ ယခုအခါ တစ်လလျှင် ပီပါ ၃၀၀ ခန့်အထိ ရောင်းချရကြောင်း စိန်ပန်းလမ်းမှ မြေပဲဆီရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ဒီဇယ်ဈေး ကျပ်တစ်သိန်းအောက်ရောက်



အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းတွင် အဓိကကျသော ဒီဇယ်ဈေးနှုန်းသည် နိုင်ငံတကာတွင် ရေနံဈေးနှုန်းများကျဆင်းလာခြင်းကြောင့် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တစ်ပီပါလျှင် ၉၇,၀၀၀ ကျပ်ခန့်သာရှိတော့ကြောင်းနှင့် ထိုင်းနိုင်ငံမှ စက်သုံးဆီများလည်း ဝင်ရောက်လျက်ရှိကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်မူ ဒီဇယ်ဈေး တစ်ပီပါလျှင် ကျပ်ကိုးသိန်းခန့်သာရှိတော့ပြီး လက်ကားဖြန့်ဖြူးသောနေရာများတွင်ဝယ်ယူပါက တစ်ဂါလန်လျှင် ကျပ်တစ်ထောင့်ရှစ်ရာခန့်သာရှိတော့ကြောင်း ဒီဇယ်ဆီတင်သွင်းသောလုပ်ငန်းရှင်များနှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မှ အထက်မြန်မာနိုင်ငံ မန္တလေး၊ တောင်ကြီးဒေသများသို့ သွားရောက်လေ့ရှိသည့် ၁၀ တန်အထက် ဆယ်ဘီး၊ ၁၂ ဘီး ကုန်တင်ယာဉ်ကြီးများသည် လမ်းကြေး၊ တံတားကြေးသက်သာသည့် မြစ်ဝကျွန်းပေါ်ဒေသများသို့ အဆင်းများနေကြောင်း၊ ၁၀ ဘီး၊ ၁၂ ဘီး ယာဉ်များသည် ယာဉ်နှင့် ယာဉ်ခွင့်ပြုတန်ချိန် တန် ၂၀ အထက်ရှိပြီး စိမ်ကိန်းတံတားမဟုတ်သည့် ကျောင်းကုန်းနှင့် ငါးသိုင်းချောင်းတို့တွင် ၁၀ ဘီး၊ ၁၂ ဘီးယာဉ်ကြီးများသည် ခြောက်ဘီးယာဉ်များထက် ကျပ် ၄,၀၀၀ ခန့်သာ တံတားကြေး ပိုပေးရကြောင်း၊ ဧရာဝတီတိုင်းနှင့် ခရီးအကွာအဝေးတူညီသည့် ရန်ကုန်-ပြည်လမ်းတွင် ၁၀ ဘီး ကုန်တင်ယာဉ်တစ်စီးလျှင် လမ်းကြေး၊ တံတားကြေး ၁၆,၅၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ ရန်ကုန်-ပြည်လမ်းတွင် မြို့ဝင်ကြေးများ ကျပ် ၅၀၀၀ ခန့်ပေးရပြီး ရန်ကုန်-ပုသိမ်လမ်းတွင် ပုသိမ်မြို့ဝင်ကြေး ကျပ် ၅၀၀ ခန့်သာပေးရကြောင်း၊ ထို့ကြောင့် ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်များသည် မြစ်ဝကျွန်းပေါ်ဒေသသို့ နေ့စဉ် လေးစီးတွဲ ငါးစီးတွဲ အုပ်စုလိုက်ဖွဲ့၍ မောင်းနှင်ကြကြောင်း ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ပုသိမ်မှ ရန်ကုန်သို့ ပို့ကုန်အနေဖြင့် ဆန်နှင့်ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး မုန့်နှင့်အထပ်သားလည်း အနည်း



ငယ်တင်ပို့ကြောင်း၊ နာဂစ်ကြောင့်ပျက်စီးခဲ့သည့်လမ်းများ ပြန်လည်ကောင်းမွန်လာသော်လည်း လှိုင်သာယာမြို့နယ်၌ အောင်ဇေယျကြိုးတံတားမှ ဘီအိုစီအဝိုင်းထိပ်အထိ လမ်းအခြေအနေမှာမူ ဆိုးရွားနေကြောင်း ၎င်းကပြောကြားသည်။

ဘုရင့်နောင်ကုန်တင်ယာဉ်ရပ်နားစခန်းမှ ဒေသအသီးသီးသို့ ကုန်စည်တင်ပို့ပြီးအပြန်ခရီး၌ ကုန်စည်ရလာသောမြို့များရှိသကဲ့သို့ တစ်ပတ်လျှင် ယာဉ်သုံးစီးခန့်သာ ကုန်စည်ရသည့်မြို့များလည်းရှိကြောင်း၊ ပျမ်းမျှ တစ်ရက်လျှင် ဘုရင့်နောင်မှ ယာဉ်အစီး ၂၅၀ ခန့် ထွက်ခွာလျက်ရှိကြောင်း ကုန်ကားဂိတ်များထံမှ သိရှိရသည်။

## မတ်ပဲဈေးမြင့်

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲတစ်မျိုးသာ ဈေးကောင်းရပြီး ကျန်ပဲများမှာ ခေါ်ဈေးသာရှိကြောင်း၊ အရောင်းအဝယ်လည်း အေးလျက်ရှိပြီး တရုတ်နှစ်သစ်ကူးကာလ ကုန်စည်ဒိုင်သုံးရက်ပိတ်ပြီး ပြန်ဖွင့်ချိန်၌ ပဲစင်းငုံအနီ အနည်းငယ်အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များ အထူးစိတ်ဝင်စားသည့် ငွေကြေးအရှုပ်အရှင်းများကို ဖြေရှင်းမှုအနေဖြင့် ပဲကော်မတီကကြီးကြပ်၍ ဂိုဒေါင်အတွင်းရှိပဲများကို ပထမအရစ်အနေဖြင့် ပြန်ထုတ်ပေးနေရာ DO ရောင်းဝယ်ခွင့်လက်မှတ် တန် ၁၀၀ ပိုင်ဆိုင်မှုစာရွက်တစ်ရွက်လျှင် ပဲ ၁၄ အိတ်ခန့်ပြန်ရကြောင်း၊ နောက်ပိုင်းတွင် ငွေကြေးနှင့်ပိုင်ဆိုင်မှုပစ္စည်းများ ထုခွဲရောင်းချမှုမှ အလျော်ထပ်မံရရှိရန်ရှိကြောင်း၊ ကုန်သည်များအနေဖြင့် ပဲ ၁၄ အိတ်တည်းဖြင့် သွားရောက်သယ်ယူရန် အဆင်မပြေသဖြင့် ပဲ ၁၄ အိတ်ထုတ်ယူခွင့်စာရွက်များကို ပေါက်ဈေးအတိုင်း ပြန်လည်ရောင်းချနေကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးက ပြောကြားသည်။

ရိုးရိုးမတ်ပဲ ပိဿာ ၆၀ ဝင်တစ်အိတ်သည် ယခင်လက ၃၉,၅၀၀ ကျပ် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခု ဖေဖော်ဝါရီလတွင် ၄၂,၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးမြင့်လာကြောင်း၊ ပဲစင်းငုံ RC တစ်တန် ၄၇၀,၀၀၀ ကျပ်၊ ၄၈၅,၀၀၀ ကျပ်၊ မတ်ပဲ RC တစ်တန် ၄၃၀,၀၀၀ ကျပ်၊ မတ်ပဲ SQRC တစ်တန် ၅၃၅,၀၀၀ ကျပ်၊ ဗီတူး RC တစ်တန် ၃၇၀,၀၀၀ ခန့်ဖြင့် ဖေဖော်ဝါရီလပထမပတ်တွင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်မှ စုံစမ်းသိရှိရသည်။



## ပန်းပန်နေတဲ့ သကြားကုန်ကြမ်း

အရောင်းအဝယ် ခပ်ပါးပါးသာရှိနေသည့် သကြားဈေးကွက်တွင် သကြားကုန်သည်ကြီးများအနေဖြင့် လုပ်ငန်းငွေကြေးလည်ပတ်နိုင်စေရန်အတွက် သကြားဈေးနှုန်းတို့ ချ၍ရောင်းချလာကြရကြောင်းနှင့် ယင်းသို့ ကုန်ချောသကြားတို့ ဈေးနှုန်းကျဆင်းနေသော်လည်း အကြမ်း (ပွက်ရည်) ဈေးတို့မှာမူ ကျဆင်းခြင်းမရှိဘဲ ဈေးမာနေသည့်အတွက် အနည်းငယ်အခက်အခဲရှိနေကြောင်း ဘုရင့်နောင်ရှိ သကြားပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ်အတွင်းတွင် မျှခြေနှုန်းထားတစ်ရပ်ဖြင့်သာ လည်ပတ်ခဲ့သည့် သကြားဈေးနှုန်းတစ်ရပ်ကြောင့် ကြံစိုက်ပျိုးသူဦးရေ လျော့နည်းသွားမှုရှိခဲ့ကြောင်းလည်း သကြားထုတ်လုပ်သူအသိုင်းအဝိုင်း

တွင်းမှ စုံစမ်းသိရှိရသည်။

ယခင် ၆၅၀ ကျပ်ကျော်ရှိခဲ့သည့် ထိပ်စသကြားဈေးနှုန်းမှာ ဇန်နဝါရီလဆန်းပိုင်းအတွင်းက ၅၇၀ ကျပ်ဝန်းကျင်သို့ ကျဆင်းသွားခဲ့သည်။ ယခု ဇန်နဝါရီလ ၃၁ ရက်တွင် ၅၈၀ ကျပ်မှ ၅၉၀ ကျပ်တွင် ရှိနေခဲ့သည်။

သကြားအလတ်စဈေးနှုန်းမှာ ၅၆၀ ကျပ်နှင့် ၅၇၀ ကျပ်အတွင်း ရှိနေပြီး အောက်စမှာ ၅၄၀ ကျပ်မှ ၅၅၀ ကျပ်အထိ ပေါက်ဈေးရှိခဲ့ကြောင်း ဘုရင့်နောင်သကြားဈေးကွက်အတွင်းမှ သိရှိရသည်။

## ညောင်ပင်လေးပလာဇာ

ညောင်ပင်လေးပလာဇာဈေးကွက်အတွင်း လူသုံးကုန်ပစ္စည်းဈေးနှုန်းတို့ အကျဘက်တွင်သာရောက်ရှိနေခဲ့ပြီး ပြည်တွင်းထုတ်ကုန်စည်အချို့မှာလည်း အရောင်းအဝယ်နှင့် နှုန်းထားများပါ ငြိမ်သက်လျက်ရှိသည့် အနေအထားတစ်ရပ်တွင်ရောက်ရှိနေသည်ကို တွေ့ရှိရသည်။

## ပြည်တွင်းထုတ်အချိုရည် အလှုပ်အခတ်မရှိ

ရာသီဥတုမှာ အအေးဘက်တွင်သာရှိနေသည့်အတွက် အချိုရည်ဈေးကွက်မှာ သိသာစွာ လှုပ်ရှားချိန်မရောက်သေးဘဲ ပုံမှန်ခပ်ပါးပါးသာ ရောင်းရဆဲဖြစ်ကြောင်း၊ လတ်တလောတွင် ပြည်ပမှဝင်ရောက်သည့် အချိုရည်ဈေးကွက်တွင် ဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိနေပြီး ပြည်တွင်းထုတ်အချိုရည်များမှာမူ ဈေးနှုန်းအပြောင်းအလဲမရှိသေးကြောင်း ဇန်နဝါရီလကုန်ရက်က ညောင်ပင်လေးပလာဇာဈေးကွက်အတွင်း အချိုရည်လက်လီလက်ကားရောင်းချသူတို့၏အဆိုအရ သိရသည်။

ထို့အပြင် ပြည်ပမှ ပစ္စည်းအဝင်ပုံမှန်ရှိနေကြောင်းလည်း ဆက်လက်သိရှိရသည်။ ဇန်နဝါရီလကုန်ရက်တွင် သိရှိရသည့် ပြည်ပမှ ထုတ်လုပ်ဝင်ရောက်သည့် အချိုရည်ဈေးနှုန်းများမှာ Coke (သံဘူး) သည် ယခင် ၁၂,၇၀၀ ကျပ်မှ လတ်တလော ၁၀,၀၀၀ ကျပ်ဝန်းကျင်တွင်သာရှိနေပြီး 100 Plus (သံဘူး) မှာ ယခင် ၁၁,၀၀၀ ကျပ်မှ ယခု ၉,၈၀၀ ကျပ်ဝန်းကျင်တွင်သာရှိသည်ကို တွေ့ရသည်။ ထို့အတူ Suprice မှာ ၁၀,၀၀၀ ကျပ်နှင့် ဆန်းကစ်မှာ ၁၁,၅၀၀ ကျပ်တို့တွင် ရှိနေကြောင်းလည်း အဆိုပါ အချိုရည်လက်လီလက်ကားဖြန့်ချိသူတို့ထံမှ သိရှိရသည်။

ပြည်တွင်းထုတ်အချိုရည်ဈေးကွက်တွင်မူ ပြီးခဲ့သည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့က ဈေးနှုန်းများအတိုင်း အပြောင်းအလဲမရှိ ဆက်လက်တည်ငြိမ်နေသေးကြောင်း ညောင်ပင်လေးပလာဇာပထမထပ်ရှိ အချိုရည် လက်လီလက်ကားရောင်းချသူတို့ထံမှ သိရှိရသည်။ ဈေးကွက်အတွင်း အရောင်းအဝယ်များသည့် အချိုရည်အမှတ်တံဆိပ်များ၏ဈေးနှုန်းများမှာ Ve Ve (ခွက်စုံ) ၂,၆၀၀ ကျပ်၊ Ve Ve မန်ကျည်း၊ စတော်ဘယ်ရီ၊ စပျစ်၊ ဧီးတို့မှာ ၄,၅၀၀ ကျပ်၊ Ve Ve လိုင်ချီး၊ လိမ္မော် ၄,၅၀၀ ကျပ်၊ Super-C (ခွက်) ၂,၀၀၀ ကျပ်၊ Ve Ve ဒိန်ချဉ်၊ စတော်ဘယ်ရီ၊ လိမ္မော် ၄,၇၅၀ ကျပ်၊ အာရှ (ခွက်စုံ) ၂,၆၀၀ ကျပ်တို့ အသီးသီး ပေါက်ဈေးများရှိနေကြောင်း ဇန်နဝါရီ ၃၁ ရက်နေ့က အဆိုပါဈေးကွက်တွင်းမှ သိရှိရသည်။

## ဆပ်ပြာတောင့်အကျ အမှုန့်ငြိမ်

ပြည်တွင်း ဆပ်ပြာဈေးကွက်အတွင်း ဈေးကွက်ဝေစု အများဆုံးရရှိထားသည့် ရွှေဝါဆပ်ပြာတောင့်တို့မှာ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အဆိုပါလဆန်းရက်ဈေးနှုန်းဖြစ်သည့် ၁၁,၀၀၀ ကျပ်ဖြင့်သာရှိနေပြီး ရွှေဝါဆပ်ပြာတောင့်များ ဈေးမငြိမ်ဘဲ ကျဆင်းစဉ်ကပင် နှုန်းထားအငြိမ်တစ်ရပ်ဖြင့် ဈေးကွက်အတွင်း ဆက်လက်ရပ်တည်နေခဲ့သော နေဝါဆပ်ပြာမှာ ယခင် ၁၄,၄၀၀ ကျပ်မှ ယခုအခါ ၁၁,၉၀၀ ကျပ်၊ ထို့အတူ ယခင်က ၁၅,၀၀၀ ကျပ်ရှိခဲ့သည့် ဓာဆပ်ပြာတောင့်မှာ



လည်း ယခုအခါ ၁၀,၁၀၀ ကျပ်သို့ အသီးသီးကျဆင်းလာခဲ့ကြောင်း ညောင်ပင်လေးဈေးအခြေစိုက် ဆပ်ပြာလုပ်ငန်းရှင်တို့ထံမှ သိရှိရသည်။

အခြားပုဂ္ဂလိကပိုင် ထုတ်လုပ်ထားသည့် ရွှေမင်းသားဆပ်ပြာမှာမူ အရည်အသွေးပိုင်းထပ်မံတိုးမြှင့်ထားသည့်အတွက် ဈေးနှုန်းကျဆင်းနိုင်ခြင်းမရှိသေးဘဲ ယခုလကုန်အထိ ၁၈,၅၀၀ ကျပ်ခန့်တွင် ပေါက်ဈေးရှိနေကြောင်း ဇန်နဝါရီလ ၃၁ ရက်နေ့က အဆိုပါဆပ်ပြာလုပ်ငန်းရှင်အသိုင်းအဝိုင်းအတွင်းမှ စုံစမ်းသိရှိရသည်။

ဆပ်ပြာမှုန့်ဈေးကွက်တွင်မူ ပြီးခဲ့သည့်လများမှ ဈေးနှုန်းသည် အတက်အကျများမရှိဘဲ ငြိမ်နေသေးကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

## သမိုင်းအစပြန်သွားတဲ့ Coffee Mix ဈေး

ပုံမှန်ထက်ပိုသည့်အရောင်းအဝယ်အေးဈေးကွက်တွင် ဘောဂဗေဒနှုန်းစံတစ်ရပ်အရ ဈေးနှုန်းများပါ အပြိုင်ကျဆင်းလာခဲ့ရာ အားသာချက်အနည်းငယ်စီဖြင့်သာ ဈေးကွက်တွင်းရှိနေသည့် ပြည်တွင်းပြည်ပထုတ်ကော်ဖီမစ်တို့ ဈေးနှုန်းများလျော့ကျလာခဲ့သည်ကို တွေ့ရသည်။

ဈေးကွက်တွင်း နာမည်ရပြည်တွင်းထုတ်အမှတ်တံဆိပ်များဖြစ်သည့် Gold Roast (၂၀ ဂရမ်ပါ) အထုပ်ကြီးတစ်ထုပ်သည် ယခင် ၄,၇၀၀ ကျပ်ကျော်မှ ၄,၆၀၀ ကျပ်သို့ရောက်ရှိခဲ့ပြီး ယခု ဇန်နဝါရီလကုန်တွင်မူ ၄,၂၀၀ ကျပ်သာရှိတော့သည်။ အခြားနာမည်ရ Super အမှတ်တံဆိပ်ကော်ဖီမစ်မှာလည်း နာဂစ်အပြီး လအနည်းငယ်အတွင်း ကျဆင်းခဲ့သည့် ၄,၂၀၀ ကျပ်နှုန်းထားမှ ယခုအခါ ၃,၉၅၀ ကျပ် နာဂစ်မတိုင်ခင်က နှုန်းထားတစ်ရပ်သို့ ပြန်လည်ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်ဟု ညောင်ပင်လေးပလာဇာအတွင်း လက်လီလက်ကားဖြန့်ဖြူးရောင်းချသူတစ်ဦးက ဆိုသည်။

ပြီးခဲ့သည့်လအနည်းငယ်အတွင်းမှစ၍ ဈေးကွက်ဝေစု ထပ်မံသိမ်းပိုက်လာခဲ့သော Premier ကော်ဖီအုပ်စုမှာ အထုပ် ၃၀ ပါ အထုပ်ကြီးတစ်ထုပ်လျှင် ယခင် ၂,၈၀၀ ကျပ်မှ ယခုလ ဇန်နဝါရီလကုန်ရက်တွင် ၂,၆၇၅ ကျပ်အထိ ရောက်ရှိနေခဲ့သည်။

ပြည်ပမှဝင်ရောက်လာသည့်ကော်ဖီမစ်နှုန်းထားများမှာလည်း ဆက်လက်ကျဆင်းနေရာ ဇန်နဝါရီ ၃၁ ရက်နေ့သိရှိရသည့်ပေါက်ဈေးနှုန်းများမှာ Mister Cup ၂,၅၅၀ ကျပ်၊ Birdy အမှတ်တံဆိပ်မှာ ၂,၅၅၀ ကျပ်၊ Espresso အမှတ်တံဆိပ်မှာလည်း ၂,၅၅၀ ကျပ်ဖြင့် နှုန်းထားတစ်မျိုးတည်းတွင် ရပ်တည်နေသည်ကို တွေ့ရသည်။

ယင်းတို့မှာ ၂၀၀၈ ခုနှစ်လလယ်ပိုင်းခန့်အတွင်းက ပြည်တွင်း၌ ဈေးကွက်ဝေစုအားသာချက်ရှိလာခဲ့ပြီး ၃၀၀၀ ကျပ်ကျော်အထိ ပေါက်ဈေးရောက်ရှိခဲ့ရာမှ ယခုဈေးနှုန်းတို့သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

## နို့ဆီဈေးကျ

အဝယ်အနည်းငယ်အေးနေဆဲနို့ဆီဈေးကွက်တွင် လတ်တလော ဇန်နဝါရီလကုန်ရက်အတွင်း ဈေးနှုန်းများကျဆင်းနေကြောင်းနှင့် လက်ရှိဈေးကွက်တွင်း ပေါက်ဈေးများအနေဖြင့် ဝယ်လိုအားမြင့် Dawn နို့ဆီမှာ ၈၂၀ ကျပ်၊ Dawn နို့စိမ်းမှာ ၇၆၀ ကျပ်၊ One Tea ၆၂၀ ကျပ်၊ Sun အမှတ်



တံဆိပ်မှာ ၅၂၀ ကျပ်နှင့် ဘိုမခြင်းဆွဲမှာ ၅၇၀ ကျပ် အသီးသီးရှိနေကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းရှိ လက်လီလက်ကားရောင်းချသူတို့ထံမှ သိရှိရသည်။

နို့မှုန့်ရောင်းချမှုဈေးကွက်တွင်လည်း ဝယ်သူရော ရောင်းသူဘက်တို့တွင်ပါ အာရုံစူးစိုက်မှုအနေအထားလျော့ပါးသွားမှုရှိခဲ့ကြောင်းလည်း ယင်းဈေးကွက်တွင်းရှိ ရောင်းဝယ်သူများက ဆိုသည်။

## ပြည်ပဝင်ငါးသေတ္တာ အသားဘူး ထပ်ဆင်း

ငါးသေတ္တာဘူး၊ အသားဘူးဈေးကွက်တွင်းသို့ ပြည်ပမှ ငါးသေတ္တာဘူးများ အဝင်ပုံမှန်ရှိနေသော်လည်း ဈေးနှုန်းများ ဆက်လက်ကျဆင်းနေကြောင်း ညောင်ပင်လေးပလာဇာ ပထမထပ်ရှိ စားသောက်ကုန်စည်ရောင်းချသူအချို့ထံမှ သိရှိရသည်။

ဖန်နဝါရီလကုန်ရက်အတွင်း သိရှိရသည့်ပေါက်ဈေးနှုန်းများအရ တြိဂံအကြီးအမှတ်တံဆိပ်သည် ယခင် ၁၄၀၀ ကျပ်ကျော်မှ ၁၃၀၀ ကျပ်ကျော်သို့ ကျဆင်းလာခဲ့ပြီး လက်ရှိတွင် ၁၂၅၀ ကျပ်၊ တြိဂံအမှတ်တံဆိပ်အသေးမှာ ၆၅၀ ကျပ်ခန့်တွင်သာရှိတော့ကြောင်းနှင့် အခြားပြည်ပထုတ်အမှတ်တံဆိပ်များမှာလည်း ကျဆင်းမှုရှိနေကြောင်း လက်ကားရောင်းချသူတစ်ဦးက ဆိုပါသည်။

အခြားအမှတ်တံဆိပ်အချို့ဖြစ်သည့် HiQ နှင့် Family တို့မှာ ၂၀၀၈ ခုနှစ်နှောင်းပိုင်း လအနည်းငယ်ခန့်မှစ၍ အဝင်ရပ်သွားရာ ယနေ့အထိ အဝင်မရှိသေးကြောင်းလည်း ညောင်ပင်လေးပလာဇာအတွင်းရှိ လက်ကားဖြန့်ချိသူများထံမှ သိရှိရသည်။

ပြည်တွင်းမှထုတ်လုပ်သည့် ငါးသေတ္တာဈေးကွက်တွင်မူ ဈေးကျဆင်းမှုမရှိသေးကြောင်းနှင့် Ready အမှတ်တံဆိပ် ငါးသေတ္တာများတွင် Ready A1 ၃၇၀ ကျပ်၊ Ready ငါးသလောက် ၇၆၅ ကျပ်၊ အမဲနှပ် ၆၇၅ ကျပ်၊ ဆိတ်သား ၇၆၅ ကျပ်နှင့် A1 ရိုးရိုး (အသေး) ၃၃၅ ကျပ် စသည့် ဈေးနှုန်းများအတိုင်းရှိနေရာ ယခင်လနှုန်းထားများအတိုင်းပင်ရှိနေကြောင်း ဈေးကွက်တွင်းမှ သိရသည်။

## အကျပ်အတည်းမှ အခွင့်အလမ်းသို့

ကမ္ဘာ့ငွေကြေးအကျပ်အတည်းက မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အခြေခံသီးနှံစားကုန်များ လက်ကားလက်လီ ရောင်းချဖြန့်ဖြူးနေသော ရန်ကုန်ကုန်စည်ဈေးကွက်ကိုလည်း ရိုက်ခတ်နေပြီ ဖြစ်သည်။ ကုန်စည်အများစု ဈေးနှုန်းကျဆင်းလျက်ရှိနေသော်လည်း အရောင်းအဝယ်မှာမူ အေးစက်နေသည်ကို တွေ့ရသည်။ အခြေခံဘောဂဗေဒသီအိုရီသဘောအရ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် အခြေပြုနေသော စီးပွားရေးဟန်ချက်သည် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကဲ့သို့ မျှော်လင့်မထားသောအခြေအနေမျိုးအပြင် ဈေးကွက်ဖော်ဆောင်မောင်းနှင်သော နည်းနိဿယနှင့် မူဝါဒရေးရာများအပေါ်မူတည်ကာ နစ်နာဆုံးရှုံးမှု အနည်းအများရှိတတ်သည်။ ပြီး ခဲ့သည့်လက ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် လက်ရှိကမ္ဘာ့အခြေအနေ မြန်မာ့အနေအထားနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသော ဖိုရမ်၌ မြန်မာပညာရှင်များ၏ ဆန်းစစ်သုံးသပ်မှု၊ အကြံပေးထောက်ပြမှုများ ထွက်ပေါ်လာခဲ့သည်။

နိုင်ငံတကာတွင်လည်း ဤကိစ္စနှင့်ပတ်သက်၍ ဘောဂဗေဒပညာရှင်များ၊ ငွေကြေးစီမံခန့်ခွဲသူများ ဆွေးနွေးငြင်းခုံမှု၊ ဝေဖန်အကြံပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေခဲ့သည်။ နိုင်ငံတကာနှင့် ချိတ်ဆက်အလုပ်လုပ်နေကြသော ကမ္ဘာ့နိုင်ငံကြီးအချို့တွင် ၎င်းတို့နိုင်ငံ၏ အဓိကစီးပွားရေးနယ်ပယ်အတွင်းသို့ အထောက်အပံ့ အကူအမများ အချိန်မဆိုင်း ဆောင်ရွက်ခဲ့ကြသည်။ ယင်းမှာ သက်ဆိုင်ရာပညာရှင်များ၏ အကြံပေးမှုကိုလိုက်နာကာ နိုင်ငံ့စီးပွားအခြေအနေဆိုးမသွားစေရန် အားဆေးထိုးသွင်းသည့်သဘောပင် ဖြစ်သည်။ အချိန်ကာလမည်မျှကြာဦးမည်မသိသေးသည့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကို တတ်နိုင်သမျှ ရင်ဆိုင်ကျော်လွှားရန် နည်းလမ်းရှာနေကြသည်။

ဤနေရာတွင် အရေးအကြီးဆုံးအချက်မှာ ကျွမ်းကျင်နားလည်သူ တတ်သိပညာရှင်များ၏ ဆီလျော်အပ်စပ်သည့် အကြံဉာဏ်ကို ကောက်ယူသုံးစွဲရေးဖြစ်သည်။ အထူးသဖြင့် အစိုးရတို့အဖို့ ငွေကြေးစိုက်ထုတ်စရာမလိုဘဲ ဖြေလျှော့ပေးသင့်သည့် နယ်ပယ်အချို့ကို အခက်အခဲကာလအတွင်း ယာယီလျှော့ပေါ့ပေးခြင်း၊ အချို့ကို ပြင်ဆင်ပေးလိုက်ခြင်းဖြင့် အတန်အသင့် ပြေလည်သွားနိုင်ပေသည်။ ထို့ထက်မူကား အရေးပေါ်ထောက်ပံ့မှုပေးရန် လိုအပ်နေသော နယ်ပယ်အတွင်းသို့ ငွေကြေးအားဖြင့်သော်လည်းကောင်း၊ သွင်းအားစုပစ္စည်းများ အလုံအလောက်ထောက်ပံ့ပေးခြင်းဖြင့်သော်လည်းကောင်း ကူညီပေးရန်ဖြစ်သည်။

ဈေးကွက်တို့မည်သည် လတ်တလောအခြေအနေကိုလိုက်၍ လျင်လျင်မြန်မြန်ပြောင်းလဲသွားတတ်သည့်သဘောရှိရာ နှောင့်နှေးမှုရှိပါက ဆုံးရှုံးမှုပိုများနိုင်သည်ကို အထူးသတိချပ်ရန် လိုအပ်လှသည်။

ရှင်းလင်းမြင်သာသောအချက်မှာ နိုင်ငံ၏အဓိကမောင်းနှင်အားနယ်ပယ်ကို ရွေးချယ်ရန်နှင့် ထိုနယ်ပယ်အတွင်းသို့ အားကူဖြည့်ဆည်းပေးရန်သာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံအနေဖြင့်မူ မြန်မာပညာရှင်များ၏ အကြံဉာဏ်ကိုရယူကာ အချိန်မနှောင့်မနှေး လုပ်ဆောင်သင့်သည်များကို အလျင်အမြန်ဆောင်ရွက်ပါက အကျပ်အတည်းမှ အခွင့်အလမ်းများထွက်ပေါ်လာနိုင်ကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာနေသူတစ်ဦးက အကြံပြုသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

# ပုဂံမြို့ဟောင်းကိုအသက်သွင်းမယ့် ၂၀၀၉

ခင်ဌေးကြွယ်၊ ကျော်ကျော်မင်း

**ပုဂံမြို့ဟောင်း၏လမ်းမများထက်တွင် နံနက် ၆ နာရီအချိန်ဖြစ်၍ လူသူကင်းရှင်းနေသည်။ သရပါဂိတ်ဘက်ဆီသို့ အပြေးလေ့ကျင့်နေဟန်ရှိသော နိုင်ငံခြားသားတစ်ဦး ပြေးလာနေသည်။ ရွှေစည်းခုံဘုရားဆီမှလား၊ သဗ္ဗညုဘုရားဆီမှလားတော့မသိ မိုးပျံပူဖောင်းကြီးနှစ်လုံး ရှေ့ဆင့်နောက်ဆင့်တက်လာသည်။ မိုးသောက်ရောင်နီအလှကို ယင်းမိုးပျံပူဖောင်းကြီးများပေါ်မှတက်ကြည့်ခြင်းဖြစ်ကြောင်း ပုဂံသူပုဂံသားတို့က ပြောပြသည်။**


"အရင်ကဆို ဒီလိုမိုးပျံပူဖောင်းမျိုးတွေ အများကြီးပဲ၊ ကောင်းကင်မှာစီနေတာ"ဟု ပုဂံမြို့ဟောင်း သရပါဂိတ်အနီးတွင်နေထိုင်သူ မြင်းလှည်းမောင်းသမားတစ်ဦးက ဆိုသည်။


သူ့ကို ယခင်က ကျောင်းဆရာတစ်ယောက်အဖြစ် သိကျွမ်းခဲ့ရသည့် ပုဂံမြို့သူမြို့သားများက ကျောင်းဆရာဟုသာ ခေါ်ကြသည်ဟု သူကဆိုသည်။

ယခုနှစ် ၂၀၀၈ တွင် ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ပုဂံမြို့သို့လာရောက်လည်ပတ်သည့်ခရီးသည် လျော့ကျသွားသည်မှာ အသေအချာပင်ဖြစ်ကြောင်း မြင်းလှည်းမောင်းသက်တမ်း ၁၅ နှစ်ဝန်းကျင်ရှိသူ ကျောင်းဆရာတစ်ဖြစ်လဲ ဦးထွန်းသိန်းကပင် ဆိုသည်။

"မနှစ်ကထက်တောင်ဆိုးမယ်"ဟု မနှစ်က ၂၀၀၇ ပွင့်လင်းရာသီအစ (စက်တင်ဘာလ) တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အချို့ကြောင့် ခရီးသည်အဝင်လျော့နည်းခဲ့သည်ကို ရည်ညွှန်း၍ ၎င်းကဆိုသည်။

မကြာသေးခင်က စတင်ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၊ ထိုင်းနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးမငြိမ်မသက်မှုများကြောင့် ပုဂံမြို့ဟောင်းသို့ လာရောက်လည်ပတ်သည့်





ခရီးသည် လျော့နည်းသွားမှုနှင့် အတူ နေ့စဉ်ဝင်ငွေလျော့ကျသွားမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်မှာ ဦးထွန်းသိန်းလို မြင်းလှည်းမောင်းသူတွေချည်းသာမဟုတ်ကြောင်း ပုဂံမြို့နေ ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ကုန်ခဲ့သော ၂၀၀၇-၂၀၀၈ ခုနှစ်တွင်းကလည်း ခရီးသည်ဝင်ရောက်မှု နည်းပါးခဲ့သောကြောင့် မြန်မာနိုင်ငံရှိ ဟိုတယ်အခန်း စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းသာ လက်ခံငှားရမ်းနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်ရွှေက ပြောကြားသည်။

၂၀၀၉ ဇန်နဝါရီလတွင်မူ ပုဂံသားတို့၏ မျှော်လင့်ချက်ရောင်နီပြန်လင်းလာပြီဟုဆိုနိုင်ပြီလားမသိ၊ ခရီးသည်အချို့ ပြန်လည်ဝင်ရောက်လာသည်ကို တွေ့မြင်နေရသည်ဟု ပုဂံသူပုဂံသားတို့က ဆိုသည်။

ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာ ကျဆင်းနေချင်း မဟုတ်ဘဲ နိုင်ငံအများစုတွင်ပါ ကျဆင်းနေခြင်းဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် ပုဂံဒေသအပါအဝင် မြန်မာနိုင်ငံရှိ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသောဒေသအားလုံးတွင် လျော့ကျနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအခြေအနေတည်ငြိမ်လာသည်နှင့်အမျှ ခရီးသည်များပြန်လည်ဝင်ရောက်လာမည့်အခြေအနေရှိကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ မြင်းလှည်းမောင်းနှင်သူ၊ အနေးယာဉ်မောင်းနှင်သူများမှအစ ကလေးငယ်အဆုံး အင်္ဂလိပ်ဘာသာစကားကို ပြောဆိုနိုင်သည့် ပုဂံသူပုဂံသားတို့၏ ဝင်ငွေရလမ်းကို ဖန်တီးပေးနေသည်မှာ ပုဂံမြို့ဟောင်းသို့ လာရောက်လည်ပတ်နေသည့် ခရီးသွားများပင်ဖြစ်ကြောင်း၊ ပုဂံသူ၊ ပုဂံသားများ၏ ၉၀ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းကို မှီခိုနေရကြောင်း ၎င်းတို့က တညီတညွတ်တည်း ပြောကြားသည်။

“ဒီမြို့ရဲ့ အဓိကစီးပွားရေးက ခရီးသွားလုပ်ငန်းပဲ။ ဘာပဲလုပ်လုပ် ခရီးသွားလုပ်ငန်းနဲ့ဆက်နေတာ” ဟု ညောင်ဦးမြို့ အခြေစိုက် ယွန်းထည်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တစ်စုတစ်စည်းတည်းတွေ့ရှိနိုင်သော ပုဂံမြို့ဟောင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်မှု အများဆုံးမြို့တစ်ခုဖြစ်ကြောင်း ဝါရင့် ဂျာမန်ခရီးသွားလမ်းညွှန် ဒေါ်တင်သန်းယုက အတည်ပြုပြောကြားသည်။

မြင်းကပါ၊ သီရိပစ္စယာ၊ မင်းနန်သူ၊ ပုဂံမြို့သစ်၊ ဝက်ကြီးအင်း၊ ပုဂံမြို့ဟောင်း၊ ညောင်ဦးမြို့ဝန်းကျင်တစ်လျှောက် ဘုရားပုထိုးပေါင်း နှစ်ထောင်ကျော် ရှိနေသေးပြီး ရှေးမြန်မာတို့၏ပုံရိပ်ကို ဖော်ညွှန်းပြသနေဆဲဖြစ်ကြောင်း ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ တွင်ထုတ်ဝေခဲ့သော တင်နိုင်တိုး၏ ‘ပုဂံစေတီပုထိုးများသမိုင်းနှင့် ခရီးသွားလမ်းညွှန်’ စာအုပ်တွင် ဖော်ပြထားသည်။

အဆိုပါ စေတီပုထိုးများကို နှစ်စဉ် လာရောက်လေ့လာကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည် အများအပြား ရှိနေ



သောကြောင့် ပုဂံမြို့သူမြို့သားအချို့ (ကလေးငယ်များအပါအဝင်)သည် အတန်းပညာနည်းပါးသည့်တိုင် အပျော်တမ်းဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်နေကြကြောင်း၊ မြင်းလှည်းမောင်းနှင်သူ၊ အနေးယာဉ်မောင်းနှင်သူများမှအစ ဧည့်လမ်းညွှန်အဖြစ်ဆောင်ရွက်ပေးနိုင်ကြကြောင်း ခရီးသွားလုပ်ငန်းအပေါ်မှီခို၍ အသက်မွေးဝမ်းကျောင်းပြုနေရသောကြောင့် ပုဂံသူ ပုဂံသားအားလုံးနီးပါး အင်္ဂလိပ်စာကို တတ်မြောက်နေကြကြောင်း ပုဂံမြို့နေ ဒေသခံများက ပြောကြားသည်။

တောင်ကုန်းမို့မို့များနောက်ခံထား၍ ဆီးပင်များ၊ ထနောင်းပင်များ ခြံရံထားသည့်ပုဂံမြို့ဟောင်းမှ ဘုရားများ၏ရှုခင်းမှာ နံနက်နေထွက်ချိန်နှင့် ညနေနေဝင်ချိန်မှာပင် ကွဲပြားနေသည်။ ပုဂံမြို့၏လမ်းမများမှာလည်း မည်သည့်အချိန်ကြည့်ကြည့် အမှိုက်တစ်စမရှိ ရှင်းသန့်နေသည်။

ခရီးသွားလုပ်ငန်းအပေါ်မှီခို၍ အသက်မွေးဝမ်းကျောင်းပြုနေရသောကြောင့် ပုဂံသူ ပုဂံသားအားလုံးက အသိစိတ်ဓာတ်အပြည့်နှင့် သန့်ရှင်းရေးကိုဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြကြောင်း ပုဂံမြို့နေ ဒေသခံများက ဂုဏ်ယူဝင့်ကြွားစွာ ပြောကြသည်။

"ပုဂံမှာ သန့်ရှင်းရေးသည် ပထမ၊ သန့်ရှင်းရေးသည် ဒုတိယပဲ" ဟု ၎င်းက ဆိုသည်။

ပုဂံ–ညောင်ဦးဒေသ၌ ခရီးသွားလုပ်ငန်းအပေါ် မှီခိုအားထားနေရသော အဓိကလုပ်ငန်းများမှာ ယွန်းထည်ပစ္စည်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ အနေးယာဉ်လုပ်ငန်းများ၊ အပျော်တမ်းဧည့်လမ်းညွှန်များ၊ ပန်းချီလုပ်ငန်းများ၊ ဈေးရောင်းချသူများနှင့် ပို့စကတ်ရောင်းချနေကြသည့်ကလေးငယ်များ၊ Guide ကလေးငယ်များပါဝင်ကြောင်း ယင်းလုပ်ငန်းများအပေါ် အဓိကမှီခိုနေရသည့်လူဦးရေမှာ မြင်းကပါအရပ်ဒေသ၌ ၂၅၀၀ ကျော်နှင့် ပုဂံဒေသတစ်ဝိုက်၌ ၅၀၀၀ ကျော်ထိရှိကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့်လုပ်ငန်းတွင် ဟိုတယ်လုပ်ငန်းလည်း အဓိကကျကြောင်း၊ ပုဂံ–ညောင်ဦးဒေသတစ်ဝိုက်တွင် ဟိုတယ်ပေါင်း ၁၇ ခု၊ ဧည့်ရိပ်သာ ၁၉ ခုနှင့် စားသောက်ဆိုင် ၁၁ ဆိုင်ရှိကြောင်း ညောင်ဦးမြို့နေ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ညောင်ဦးမြို့ မြင်းလှည်းဂိတ်တွင် မညီမညာရပ်ထားသော မြင်းလှည်း သုံးလေးဆယ်နှင့်အတူ ဟိုတစ်စု၊ ဒီတစ်စုရပ်နေသော မြင်းလှည်းသမားအချို့ရှိနေသည်။ ချာခနဲ လှည့်ကြည့်လိုက်သော မြင်းလှည်းမောင်းသူများတွင် ကိုမှတ်ကြီးလည်း အပါအဝင်ဖြစ်သည်။ နေ့ဝက်မျှ ငှားရမ်းမည်ဆိုသော စကားသံအဆုံးတွင် ကိုမှတ်ကြီး၏မျက်လုံးများ လက်သွားသည်။

မြင်းလှည်းစီးရေ ၇၀ ကျော်ရှိသော ညောင်ဦးဂိတ်တွင် လွန်ခဲ့သောလပိုင်းကဆိုလျှင် မြင်းလှည်းစီးရေ ၁၀ စီးပင် ပြည့်အောင်မတွေ့နိုင်ကြောင်း၊ တစ်ခါတစ်ရံရက်များတွင် မြင်းလှည်းစီးလိုသော ဧည့်သည်များမှာ ကြိုတင်ရက်ချိန်းပင်ယူရကြောင်း ၎င်းက ရှင်းပြသည်။

ကမ္ဘာ့စီးပွားပျက်ကပ်အကြောင်းကို သေချာစွာမသိသူ ကိုမှတ်ကြီးမှာ ပုဂံမြို့သို့ လာရောက်လည်ပတ်သည့်ခရီးသည်လျော့ကျသွားသည်ကိုတော့ သတိထားမိနေသည်။

"ကျွန်တော်တို့ တွေ့သမျှတော့ မြန်မာနိုင်ငံကိုလာကြမှ မြန်မာတွေ တိုးတက်ရေးကို ကူညီနိုင်မယ်ဆိုတဲ့အမြင်ရှိသူများ



ပါတယ်”ဟု ၁၉၉၆ ခုနှစ်မှစတင်၍ ဧည့်လမ်းညွှန်အလုပ်လုပ်ကိုင်ခဲ့သူတစ်ဦးက ဆိုသည်။

ပုဂံမြို့နှင့် ညောင်ဦးမြို့ဒေသ တစ်ဝိုက်တွင် မြင်းလှည်းစီးရေ ၂၅၀ ကျော်၊ အနေးယာဉ်ပေါင်း ၂၄၀ ကျော်ရှိကြောင်း၊ မြင်းလှည်းမောင်းသူတစ်ဦး၏ဝင်ငွေမှာ အနည်းဆုံး ကျပ်တစ်သောင်းကျော်မှ ကျပ်ငါးသောင်းကျော်ကြား၊ အနေးယာဉ်မောင်း တစ်ဦး၏ဝင်ငွေမှာ ကျပ်တစ်သောင်း အထက်ရရှိခဲ့ရာမှ လက်ရှိအချိန်တွင် ခရီးသွားဧည့်သည်နည်းပါးသောကြောင့် ၎င်းတို့၏ဝင်ငွေမှာ ထောင်ဂဏန်းပြည့်မီရန် မနည်းပင် ကြိုးစားနေရကြောင်း ဝက်ကြီးအင်းအရပ်ရှိ အလိုတော်ပြည့်ဘုရားအနီး အနေးယာဉ်ဂိတ်တာဝန်ခံ ဦးအေးဝင်းက ဆိုသည်။

“ကျွန်တော်တို့က မျိုးရိုးစဉ်ဆက် မြင်းလှည်းမောင်းစားလာတာဗျ။ မြင်းလှည်းမမောင်းရလည်း တခြားမလုပ်တတ်ဘူး။ ပုဂံဒေသမှာက တခြားဒေသတွေမှာလို ဘောက်လုပ်စရာလည်း မရှိဘူးလေ” ဟု ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းကာလကို မျှော်မှန်းနေပြီး လက်ရှိအကျပ်အတည်းကို ကြိုးစားဖြေရှင်းနေရသူ မြင်းကပါအရပ်မှ မြင်းလှည်းမောင်းသူ ကိုကျော်လင်းက မှတ်ချက်ပြုသည်။ ၂၀၀၉ ခုနှစ်အတွင်း လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသွားများကို ပုဂံသူ ပုဂံသားများသာမက မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းနယ်ပယ်တစ်ခုလုံးက မျှော်လင့်နေကြကြောင်း ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

လက်တလောအခြေအနေတွင် ခရီးသွားအနည်းငယ်ကျဆင်းနေသော်လည်း လာမည့် ၂၀၀၉ ခုနှစ်တွင် အများအပြား လာရောက်ရန်ရှိကြောင်း ဟိုတယ်လုပ်ငန်းသာမက ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို ပါတွဲဖက်လုပ်ကိုင်သူ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်က သုံးသပ်သည်။


ကမ္ဘာ့စီးပွားရေးအခြေအနေကြောင့် ထိခိုက်ခဲ့သော မြန်မာ့ခရီးသွားလုပ်ငန်းမှာ ကမ္ဘာ့စီးပွားရေးပြန်လည်ပုံမှန်ဖြစ်မှသာ ပြန်လည်တိုးတက်လာမည်ဖြစ်ရာ ယခုရက်ပိုင်း လပိုင်းနှင့် ပြန်လည်မြှင့်တင်နိုင်ရန်မှာ နိုင်ငံရေးရာ ပေါ်လစီအပြောင်းအလဲသာမက နိုင်ငံတကာသို့ အရောင်းမြှင့်တင်ရေး လုပ်ငန်းများ လုပ်နိုင်ရေးကလည်း အရေးကြီးကြောင်း ပုဂံမြို့ဟောင်းဇာတိ ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

“VOA (ဆိုက်ရောက်ဗီဇာ) လွယ်လွယ်ကူကူရဖို့က အဓိကအချက်ပါ” ဟု ၎င်းက သုံးသပ်သည်။

စီးပွားပျက်ကပ်၏ သဘောသဘာဝအရ ဆင့်ကဲဆင့်ကဲရိုက်ခတ်ခြင်းဖြစ်ရာ ဖြစ်ဖြစ်ချင်းတွင် သိသာသော ဆိုးကျိုးသက်ရောက်မှုများမရှိဘဲ တဖြည်းဖြည်းသိသာလာရာ နှစ်ရှည်ရင်ဆိုင်ဖြေရှင်းရမည့် အခက်အခဲတစ်ခုဖြစ်ကြောင်း ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက သုံးသပ်သည်။

“Long Term (ရေရှည်) အတွက် အဖြေရှာထားဖို့လိုပါတယ်”ဟု ၎င်းက ဆိုသည်။

“ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး။ ဒါပေမဲ့ ပုဂံကိုတော့ ခရီးသည်တွေ မလာဘဲနေမှာ မဟုတ်ပါဘူး၊ လာဦးမှာပါပဲ။ ခဏအားတင်းထားရမှာပေါ့” ဟု ကိုမှတ်ကြီးက ၎င်း၏ယုံကြည်ချက်ကို ပြောကြားသည်။



**ခင်ဌေးကြွယ် ၊ ကျော်ကျော်မင်း**

ဤကဏ္ဍတွင် . . . . .


၈၂ အထောက်အပံ့နှင့် ရေသာခိုခြင်း

၈၈ အာရှစီးပွားရေးဟန်ချက်နှင့် ကျွန်ုပ်တို့၏ အရေးကိစ္စ

၉၂ စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း(၅)


# အထောက်အပံ့နှင့် ရေသာခိုခြင်း

နွဲ့ကေခိုင်

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွား၍ ခြောက်လကျော် ခုနစ်လခန့်ချဉ်းကပ်လာသောအချိန်တွင် အရေးပေါ်အကူအညီပေးရေးအဖွဲ့အစည်းအချို့မှာ လုပ်ငန်းတည်ရှိရာဒေသအသီးသီးမှ လုပ်ငန်းများရုပ်သိမ်းခဲ့ကြပြီးဖြစ်ကြောင်း မုန်တိုင်းသင့်ဒေသသတင်းများကို အထူးအရေးထားခဲ့သောမီဒီယာများ၌ ဖော်ပြခဲ့သည်ကို သတိပြုမိခဲ့ပါသည်။ အရေးပေါ်အကူအညီဆိုသည်မှာ ဘေးအန္တရာယ်ဆိုးတစ်ခုခုကျရောက်ပြီးနောက် ဒေသခံများဘဝရပ်တည်ရေးအတွက် ပုံမှန်အခြေအနေသို့ပြန်မရောက်မီ စပ်ကြားကာလတွင်ပေးအပ်သော အကူအညီဖြစ်ရာ ဒေသခံများအနေဖြင့် အရေးပေါ်အခြေအနေမှ လွန်မြောက်ပြီဟုယူဆချိန်တွင် အဆိုပါအကူအညီပေးရေးလုပ်ငန်းများ ရပ်တန့်သွားလေ့ရှိပါသည်။ သီအိုရီအရ အရေးပေါ်အကူအညီများကို သာမန်အားဖြင့် ကြာရှည်ကြာများမပေးရသည့်အကြောင်းရင်းမှာ ဘတ်ဂျက်ကြောင့်သာမက အကူအညီကို လက်ခံရယူနေသူတို့အနေဖြင့် အကူအညီအပေါ်မှီခိုလွန်းသည့် ရေသာခိုစိတ်များဝင်ကာ ရေရှည်တွင် ဒေသ၏စီးပွားရေးကို အခြေပျက်စေသည်ဟူသောမူကြောင့်လည်း ဖြစ်ပါသည်။



အရေးပေါ်အကူအညီများကိုအကြောင်းပြု၍ ပြင်ပသို့ မှီခိုနေရသော လေဘေးသင့်ဒေသများ၌ ဒေသခံများ ရေသာခိုမှုရှိလာမည်ဟူသောအယူအဆမှာ မြန်မာနိုင်ငံ၌သာမက အခြားကမ္ဘာအရပ်ရပ်တွင်ကျရောက်ခဲ့သော ဘေးဒုက္ခအများအပြား၌လည်း ကြုံတွေ့ခဲ့ကြရပြီးဖြစ်ပါသည်။ ထိုရေသာခိုမှုကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် အကူအညီများကိုလိုအပ်နေဆဲကာလတွင် ရုပ်သိမ်းတတ်ခြင်းကလည်း ဤဒေသများတွင်တွေ့ရလေ့ရှိသော နောက်ဆက်တွဲအဖြစ်အပျက်တစ်ခုလည်းဖြစ်ပါသည်။ အကူအညီရုပ်သိမ်းခြင်းမှာ အကူအညီပေးအပ်ခြင်းထက်များစွာလွယ်ကူမြန်ဆန်သောသဘောရှိရာ အထောက်အပံ့အေဂျင်စီများအနေဖြင့် လေဘေးသင့်ဒေသ၏ ရေရှည်ကောင်းကျိုးကို အမှန်ပင်မျှော်ကိုးသောအားဖြင့် Dependency တည်းဟူသော အမှီအခိုကဲခြင်းကို အကြောင်းပြု၍ အကူအညီရုပ်သိမ်းမည်ဆိုလျှင် ထောင့်စေ့အောင် စဉ်းစားဆောင်ရွက်ခြင်းကသာ လမ်းမှန်ဖြစ်ကြောင်း လန်ဒန်အခြေစိုက် Overseas Development Institute ကပြုစုသော သုတေသနတစ်ရပ်ကဆိုသည်။

အရေးပေါ်အကူအညီများအပေါ် လူတို့၏မှီခိုမှုမှာ ထင်သလောက်မဆိုးပါ။ အရေးပေါ်အကူအညီကြောင့် ရေသာခိုကာအလုပ်မလုပ်တော့ဟူသောအချက်ကို စင်စစ်ပေါက်ပေါက်ရှာဖွေကြည့်သော လက်တွေ့ဖြစ်ရပ်များက ဤအဆိုနှင့်ဆန့်ကျင်သည်ကများနေသည်ကို တွေ့ရပါသည်။ အမှီအခိုကဲခြင်း (Dependency) ကို အပြောများသူအများစုသည် ရောဂါတစ်ခု၏ လက္ခဏာ (Symptom) ကိုသာ ရှာဖွေပြီး ရောဂါဖြစ်ရခြင်းအကြောင်းရင်းများ (Causes) ကို မရှာဖွေကြသူများအဖြစ် မကြာခဏတွေ့ရပါသည်။

ရေရှည်ဆွဲဖြေရှင်းနေရသော ဘေးဒုက္ခတစ်ခုတွင် အရေးပေါ်အကူအညီသည်သာလျှင် တစ်ခုတည်းသော နိုင်ငံတကာအကူအညီအဖြစ်ရှိနေသောအခြေအနေတစ်ခုဆိုကြပါစို့။ ဤအနေအထားတွင် ဒေသ၏အခြေအနေသည် မထူးခြားလာဘဲ ဆက်လက်ဆိုးရွားနေလျှင် နာလန်ထူရန်နှေးကွေးပြီး အရေးပေါ်အဆင့်မှဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ တက်မလာနိုင်ခဲ့သည့် အပြစ်မြင်ခံရမည်မှာ အခြားမဟုတ်။ အရေးပေါ်အကူအညီများသာ ဖြစ်ပေသည်။ အမှန်စင်စစ် မတိုးတက်ခြင်းမှာ အများအားဖြင့် အရေးပေါ်အကူအညီနှင့် မပတ်သက်ဘဲ အခြားအခြားသော အကူအညီပေးရေးအစီအမံများ လစ်ဟာနေခြင်းကြောင့်သာဖြစ်ပေသည်။

အရေးပေါ်အကူအညီပေးရေးအေဂျင်စီများအနေဖြင့် လုပ်ငန်းရုပ်သိမ်းရန်စဉ်းစားမည်ဆိုလျှင် ထိုဒေသအတွင်းရှိ ၎င်းတို့ဖြည့်တင်းရန်ကြိုးစားနေခဲ့သောလိုအပ်ချက်များ နောက်ထပ်မလိုအပ်တော့ပြီလောဆိုသည်ကို သေသေချာချာစဉ်းစားရပေမည်။ ဆိုလိုသည်မှာ အကူအညီပေးနေခြင်းကြောင့် ဖြစ်လာသော ဘေးထွက်ဆိုးကျိုးများကို လုံးလုံးထည့်မစဉ်းစားရန်မဟုတ်ပါ။ အမှီအခိုလွန်ကဲခြင်းဟူသော တံဆိပ်ကို လွယ်လွယ်ကူကူ မကပ်မိစေရန်၊ အမှီအခိုလွန်ကဲခြင်းကိုအကြောင်းပြု၍ ပေးနေဆဲအကူအညီများကို လျှော့ချပစ်ရာတွင် စဉ်းစဉ်းစားစားဆောင်ရွက်ရန် ဖြစ်ပါသည်။

အမှီအခိုကဲခြင်း (Dependency) ဆိုသော ဝေါဟာရ၏အဓိပ္ပာယ်သည် ရှင်းသလိုလိုနှင့် ရှုပ်နေတတ်သောသဘာဝရှိသည်။ အဓိပ္ပာယ်များစွာလည်း ဖွင့်ဆိုနိုင်၏။ အချို့အချို့သော ကောက်ချက်ဆွဲမှုများနှင့်တွဲ၍ပါလာသော ဆိုလိုချက်များက ရှိရင်းစွဲအဓိပ္ပာယ်ကို ပို၍ထွေပြားသွားစေပါသည်။ အမှီအခိုကဲခြင်းဟုဆိုလျှင် အနည်းဆုံးအောက်ဖော်ပြပါ သဘောတရားများ စုပေါင်းပါဝင်နေမည်ဖြစ်သည်။



– ယေဘုယျအားဖြင့် အနုတ်လက္ခဏာဆောင်သော ရောင်လွဲအပ်သည့်အရာအဖြစ် ယူဆကြခြင်း၊

– အရေးပေါ်အကူအညီပေးရေး (Relief) လုပ်ငန်းများနှင့်တွဲ၍မြင်ကြပြီး ဖွံ့ဖြိုးရေး (Development) လုပ်ငန်းများနှင့်ဆန့်ကျင်ဖီလာဖြစ်သောအရာတစ်ခုအဖြစ် ရှုမြင်ကြခြင်း၊

– လူတို့၏အစွမ်းအစကို တုံးသွားစေတတ်ခြင်း၊

– လွတ်လပ်ခြင်း၊ ဖူလုံခြင်း၊ သူတစ်ပါးကို အားမကိုးရခြင်း၊ ရေရှည်ရပ်တည်နိုင်ခြင်း အစရှိသော အပေါင်းလက္ခဏာဆောင်သောသဘောတရားများနှင့် ဆန့်ကျင်ဖီလာဖြစ်ခြင်း၊

– အရေးပေါ်အကူအညီ ကြာမြင့်စွာပေးရသောအနေအထားများတွင် ဖြစ်တတ်သည့် နောက်ဆက်တွဲပြဿနာတစ်ရပ်ဖြစ်ခြင်း၊

အကျယ်ချဲ့၍ပြောရလျှင် အမှီအခိုကဲခြင်း (Dependency)ဟူသောအယူအဆကို သုံးပုံသုံးနည်း လေးမျိုးဖြင့် တွေ့နိုင်ပါသည်။

– အရေးပေါ်အကူအညီများသည် လူတို့၏ရေသာခိုစိတ်ကို အားပေးကာ နောက်ထပ်ပေးမည့်အထောက်အပံ့များကို မျှော်တလင့်လင့်ဖြစ်နေခြင်းကိုဖြစ်ပေါ်စေသည်။ ဤအချက်က လူတစ်ဦးချင်းစီသို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခု၏ အစွမ်းအစများကို နုံနဲ့သွားစေသည်။

– အရေးပေါ်အကူအညီများကြောင့် လူတို့သည် မိမိ၏လုပ်အားကို မသုံးတော့သောကြောင့် ဒေသစီးပွားရေးကို ထိခိုက်စေပြီး ရေရှည်တွင် ပြင်ပအားကိုသာ မှီခိုနေရသည့်အဖြစ်သို့ ကျရောက်သွားစေသည်။

– ပြင်ပမှအထောက်အပံ့ကိုမှီခိုနေရခြင်းက ဒေသ၏ချို့တဲ့မှုကို ပေါ်လွင်စွာဖော်ပြနေသောကြောင့် လက်ခံသူမှာ ရှက်စိတ်အားငယ်စိတ်တို့နှင့် တွဲနေတတ်သည်။

– ပြင်ပမှအထောက်အပံ့များက ဒေသတွင်းအာဏာပိုင်များ၊ စစ်မက်ဖြစ်ပွားနေသောအဖွဲ့အစည်းများ သို့မဟုတ် ထိုဒေသရှိ အခြေအနေကောင်းပြီးသား အကူအညီပေးရေး အေဂျင်စီများကို စွမ်းအားဖြည့်ပေးသကဲ့သို့ဖြစ်သွားနိုင်သည်။

Dependency ကို တိုတိုတုတ်တုတ် အဓိပ္ပာယ်ဖွင့်ရမည်ဆိုလျှင် "တစ်စုံတစ်ယောက်သည် အရေးပေါ်အကူအညီမရှိတော့သည်နှင့် စားဝတ်နေ အစရှိသည့် အခြေခံလိုအပ်ချက်များ မဖြည့်ဆည်းနိုင်တော့ပြီဆိုလျှင် ထိုသူအား အထောက်အပံ့ကို မဖြစ်မနေ မှီခိုနေရသူအဖြစ် သတ်မှတ်နိုင်ပါသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် အနုတ်လက္ခဏာသဘောကိုသော်လည်းကောင်း၊ အပေါင်းလက္ခဏာသဘောကိုသော်လည်းကောင်း မဆောင်ပါ။ လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ချဲ့ထွင်၍သုံးစွဲနိုင်ပါသည်။ ဖွံ့ဖြိုးရေးသီအိုရီအရမူ 'Dependency' သည် မလိုလားအပ်သောအရာဖြစ်သည်။ ဖွံ့ဖြိုးရေး၏ အနှစ်သာရများဖြစ်ကြသော ကိုယ်ရည်ကိုယ်သွေးပြည့်ဝလာခြင်း၊ စုပေါင်းပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊ ရေရှည် မိမိဘာသာရပ်တည်နိုင်ခြင်းတို့၏ ဆန့်ကျင်ဖီလာဖြစ်၏။ အရေးပေါ်အကူအညီသည် ထို 'Dependency' ကို မွေးထုတ်ပေးရာ ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်နေဆဲကာလနှင့်သာ တစ်ချိန်တည်း တိုက်ဆိုင်၍ ပေးအပ်မည်ဆိုပါက လူတို့သည် အလကားရသော အရေးပေါ်အကူအညီများကို ခွန်အားစိုက်ထုတ်မှသာ ရနိုင်သော ဖွံ့ဖြိုးရေးစီမံကိန်းများလောက် စိတ်ဝင်စားကြတော့မည်မဟုတ်ဟု Dependency နှင့်ပတ်သက်၍ အငြင်းပွားနေကြသောပညာရှင်များက သုံးသပ်သည်။ ဥပမာ–လုပ်အားခမရသော ရပ်ကျိုးရွာကျိုးအတွက် ရေတွင်းတူးမည့်ကိစ္စထက်စာလျှင် Cash for Work သို့မဟုတ် Food for Work စနစ်ဖြင့် လုပ်ကိုင်နေသော ရွာလမ်းဖောက်ခြင်းကို ပို၍စိတ်ဝင်စားကြမည်ဖြစ်သည်။ ပိုဆိုးသည်မှာ အလကားဝေနေသောစားစရာများရှိနေသေးချိန်တွင် မည်သည့်အလုပ်မျှ လုပ်ရန်စိတ်မဝင်စားတော့ခြင်းဖြစ်လာမည်ကို ပညာရှင်များက စိုးရိမ်ကြခြင်း ဖြစ်သည်။ သို့သော် ဤစာတမ်းက ထောက်ပြလိုသည်မှာ Dependency ကိုသုံးသပ်ရာတွင် လူတို့၏ဘဝရပ်တည်ရေးအတွက် တုံ့ပြန်ပုံ အကာအကွယ်ယူတတ်ပုံနှင့် ဒုက္ခသုက္ခဖြေရှင်းပုံဖြေရှင်းနည်းများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းဖြစ်သည်။ အမှီအခိုလွန်ကဲခြင်းသည် အများထင်ကြသလို အကူအညီ လက်ခံနေရသည့်အခြေအနေတိုင်းတွင် ဖြစ်ပေါ်တတ်သည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် အမြဲတမ်း အပြုခံမဟုတ်ကြသောကြောင့်ဖြစ်သည်။ အတိုချုံးပြောရလျှင် သူတစ်ပါးကပေးသောအကူအညီသည် ၎င်းတို့၏ ဘဝပြဿနာဖြေရှင်း





နည်းများအနက် တစ်ခုသာ ဖြစ်ပါသည်။ ၎င်းတို့သည် အသက်ဆက်လက်ရှင်သန်နိုင်ရန် အခြားနည်းလမ်းများစွာကို မပြတ်ရှာဖွေနေကြသူများဖြစ်ကြောင်း သတိချပ်သင့်ပါသည်။

သို့ရာတွင် လူတို့က အပြုခံ (Passive recipients) များမဟုတ်ကြသော်လည်း အကူအညီပေးရေးအေဂျင်စီကြီးများ က Dependency ဖြစ်နေပြီဟု ထင်ရသည့်နေရာများတွင် အစိုးရိမ်ကြီး၍ ပေးလက်စ အကူအညီများ အချိန်မတိုင်မီ ရုပ်သိမ်းခဲ့ခြင်းကြောင့် နောက်ထပ်မလိုလားအပ်သောပြဿနာများ၊ Dependency အကြီးစားများ ပေါ်ပေါက်လာကြသည့်နမူနာ အများအပြား ရှိပါသည်။ ထို့ကြောင့် 'Dependency' ဟူသော အကြောင်းပြချက်ဖြင့် အရေးပေါ်အကူအညီကို လျှော့ပစ်တော့မည်ဆိုလျှင် တကယ်ပင် 'Dependency' ရှိနေကြောင်း သက်သေသာဓကများ ခိုင်လုံရန်လိုအပ်ပါမည်။ အရေးပေါ်အကူအညီ ရုပ်သိမ်းခြင်းက ဒေသခံများကို ဖိအားပေးသလိုဖြစ်ပြီး မတန်တဆလုပ်ခဖြင့် အလုပ်ခွင်များတွင် ခေါင်းပုံဖြတ်ခံ၍ ဝင်ရောက်လုပ်ကိုင်ကြရမည့်အဖြစ်မျိုးသို့ မတွန်းပို့မိစေရန် ဖြစ်ပါသည်။

ထင်ကြေးဖြင့် ဆုံးဖြတ်ချက်အမှားချမှတ်ခြင်းမှ ကင်းဝေးစေရန် Dependency ရှိနေခြင်းဟုတ် မဟုတ်ကို တိကျစွာ အဓိပ္ပာယ်သတ်မှတ်ရန် လိုအပ်လာပါသည်။ အရေးပေါ်အကူအညီများအပေါ် မည်မျှအထိ မှီခိုနေရလျှင် 'အမှီအခိုကဲခြင်း' ဟု သတ်မှတ်ပါမည်နည်း။ ဤနေရာတွင် တိုင်းတာ၍လွယ်သည်ကား အကူအညီ လက်ခံရရှိနေသူ အိမ်ထောင်စုများကို အေဂျင်စီများက မည်မျှအထောက်အပံ့ဖြစ်စေခြင်းကိုဖြစ်ပြီး တိုင်းတာ၍မလွယ်သည်ကား ဤအိမ်ထောင်စုများက အကူအညီများအပေါ် မည်မျှမှီခိုသနည်းဆိုသည်ကိုဖြစ်သည်။ မိသားစုတစ်စုက လိုအပ်သော ရိက္ခာပမာဏ၏ ၇၀ ရာခိုင်နှုန်းမှာ အကူအညီပေးရေးအေဂျင်စီများက ထောက်ပံ့ပေးနေရလျှင် ဤအိမ်ထောင်စုမှာ အေဂျင်စီများကို မှီခိုနေရပြီဟု ဆိုနိုင်မည်လော။ သို့ဆိုလျှင် ၃၀ ရာခိုင်နှုန်းမျှသာ အထောက်အပံ့လိုအပ်သော အိမ်ထောင်စုများတွင်မူ အေဂျင်စီကို မှီခိုစရာမလိုတော့ဟု ဆိုနိုင်ပြီလော။ မဆိုနိုင်ပါ။ အိမ်ထောင်စုတစ်စုသည် ကယ်လိုရီပမာဏအနည်းငယ်မျှ အတွက်သာ မှီခိုနေရသည့်တိုင်အောင် အမှီအခိုကင်းပြီဟု မဆိုနိုင်သည့်အနေအထား ရှိပါသည်။ မဆိုစလောက်ရာခိုင်နှုန်းမျှရှိသော အထောက်အပံ့ကြောင့်ပင် အိမ်ထောင်စုတစ်စုမှာ အာဟာရမပြည့်ဝခြင်းကို ကျော်လွှားပြီး အာဟာရလုံလောက်ခြင်းသို့ ရောက်သွားနိုင်ပါသည်။ ဤသည်က သေးကွေးသောအထောက်အပံ့ပင် ဖြစ်သော်ငြားလည်း ဆက်လက်၍ လိုအပ်နေခြင်းကို ပြသနေပါသည်။

အိမ်ထောင်စုတစ်စု၏ အကူအညီလိုအပ်မှုအချိုးအဆကိုတိုင်းတာ၍ Dependency ရှိ မရှိ ဆုံးဖြတ်ခြင်းမှာ အကျိုးမရှိလှပါ။ လိုအပ်ချက်အချိုးအဆမည်သည် တစ်အိမ်ထောင်နှင့်တစ်အိမ်ထောင်ကြားတွင်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြားတွင်လည်းကောင်း ကွဲပြားနိုင်ပါသည်။ လူတို့၏အကူအညီများအပေါ်တွင် အားကိုးမှုမှာ ၎င်းတို့၏ဘ၀ ရှင်သန်ရေးနည်းလမ်းများထဲမှ သေးငယ်သော အစိတ်အပိုင်းသာဖြစ်ကြောင်း ဖော်ထုတ်ရေးသားထားကြသူများမှာ အနည်းငယ်သာရှိပါသေးသည်။ သို့သော် ပြုလုပ်ပြီး သုတေသနများက အကူအညီပေးရေး အေဂျင်စီ



ထင်သလောက် လူတို့မှာ ရေသာခို၍ ပြင်ပ အကူအညီကို မျှော်ကိုးနေတတ်ကြခြင်း မဟုတ်ကြောင်း ပြသနေကြပါသည်။

ဆိုင်ကလုန်းများ၊ စစ်ပွဲများ၊ မြေငလျင်ဖြစ်ပွားခြင်းများ အစရှိသည့် ဘေးဒုက္ခကြုံကြသူတို့မှာ အလွန်ပင် ထိလွယ်ခိုက်လွယ်ဖြစ်လျှင် နောက်ဆက်တွဲကျရောက်လာမည့် အခက်အခဲများကို ဖြေရှင်းနိုင်စွမ်းနည်းပါးသူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် ထိုသူတို့၏ အကူအညီအပေါ် မှီခိုကြောင်းပြခြင်းမှာ အထောက်အပံ့ကို အလွဲသုံးစားလုပ်လိုခြင်းထက် ၎င်းတို့၏နေရပ်တွင် အေဂျင်စီများ၏ အထောက်အပံ့ ဆက်လက်လိုအပ်နေသေးကြောင်း ပြသနေသည့်အချက်တစ်ခုသာ ဖြစ်ပါသည်။ ဘေးဒုက္ခများကြောင့် ၎င်းတို့အနေဖြင့် အသက်ရှင်ရန် အခြေခံလိုအပ်ချက်များကို မိမိဘာသာ မဖန်တီးနိုင်သောအခြေအနေတွင် အထောက်အပံ့လိုအပ်ခြင်းမှာ မဆန်းပါ။ သို့သော် အရေးကြီးသည်မှာ ထိုအထောက်အပံ့ကို မည်သို့မည်ပုံပေးအပ်မည်နည်းဆိုသည့် မေးခွန်းဖြစ်သည်။ အလှူရှင်မှာ ပုဂ္ဂလိကဖြစ်စေ၊ အစိုးရဖြစ်စေ ပေးအပ်ပုံပေးအပ်နည်းအပြင် ထိုအကူအညီများ၏ နောက်ဆက်တွဲ အဆိုးအကောင်းများကိုပါ အရေးတကြီး စဉ်းစားရမည်ဖြစ်သည်။ မှီခိုမှုကို အကဲဖြတ်ရာတွင် ဒေသခံတို့သည် အစားအသောက်ဖူလုံရေးအတွက် အေဂျင်စီကိုမှီခိုရခြင်းလော၊ အတိုးကြီးကြီးဖြင့်ငွေချေးပေးသော အရင်းရှင်ကို မှီခိုရခြင်းလော၊ ရပ်ဝေးမြေခြားမှ မိသားစုထံငွေပို့ပေးနေသော သားချင်းများကို မှီခိုနေရခြင်းလော စသည့် လောပေါင်းများစွာကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။



တစ်ခါတစ်ရံတွင် 'Dependency' သည် ဆင်းရဲလွန်းသောကြောင့် ဖြစ်ရပါသည်။ အီသီယိုးပီးယားနှင့် ကင်ညာတို့ကဲ့သို့သောနိုင်ငံများကိုကြည့်ပါ။ သူတစ်ပါးထံမှ ရိက္ခာရရှိရေးအတွက် အရှက်နှင့်သိက္ခာဖြင့် လဲယူရသောအနေအထားဖြစ်သည်။ ပြင်ပကို မဖြစ်မနေမှီခိုရသောအနေအထားတွင် လွတ်လပ်ခြင်းသည်လည်းကောင်း၊ ကိုယ်ပိုင်ရပ်တည်ခွင့်သည်လည်းကောင်း တစ်နည်းနည်းဖြင့် ပွန်းပဲ့သွားကြသည်။ သီအိုရီအရမူ လူသားတို့၏ အခြေခံလိုအပ်ချက်များတွင် စားဝတ်နေဆိုသော အသက်ရှင်ရေးအပြင် မိမိတို့ဘာသာ လွတ်လပ်စွာနေထိုင် ဆုံးဖြတ်နိုင်ခွင့်ကို အတိုင်းအတာတစ်ခုထိရှိရန် လိုအပ်ပါသည်။ သိက္ခာနှင့် လွတ်လပ်ခြင်းကို ဥပက္ခာပြု၍ စားဝတ်နေရေးကိုသာ ပေးအပ်နိုင်မည်ဆိုလျှင် အကူအညီပေးရေးအေဂျင်စီတို့သည် လူတို့အတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ပြီဟု မဆိုအပ်ချေ။ သို့ဆိုလျှင် လူသားတို့သိက္ခာ ရှိရှိဖြင့် အထောက်အပံ့ရရှိစေရေးကို အေဂျင်စီများအနေဖြင့် မလုပ်နိုင်ကြတော့ပြီလော၊ လုပ်နိုင်ပါသည်။ သို့သော် သတိထားရမည့်အချက်မှာ အထောက်အပံ့မည်မျှပေးလိုက်နိုင်သည်ဆိုခြင်းထက် မည်သို့မည်ပုံ အထောက်အပံ့ပေးလိုက်သည်ကို ပို၍တန်ဖိုးထားစဉ်းစားရန် ဖြစ်ပါသည်။



ဤနေရာတွင် ပွင့်လင်းမြင်သာခြင်းက မည်သို့အထောက်အကူဖြစ်စေကြောင်း ရှင်းလင်းရန်လိုပါမည်။ အေဂျင်စီများအနေဖြင့် ဒေသခံများကို မည်သည့်အထောက်

အပံ့မျိုးအတွက် မိမိတို့ကို အားကိုးနိုင်သည်၊ မည်သည့်အချိန်ထိ အားကိုးနိုင်သည်ဟူသော သတင်းစကားမျိုးကို ပွင့်ပွင့်လင်းလင်းအသိပေးရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့အနေဖြင့် အေဂျင်စီများကို မည်သည့်အတိုင်းအတာထိ အားကိုးနိုင်ကြောင်းကို သိရှိခြင်းဖြင့် အေဂျင်စီကို အားကိုး၍မရသော အခြားအစိတ်အပိုင်းများအတွက် နည်းလမ်းရှာဖွေမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် 'Dependency' ကို လျှော့ချနိုင်ပါသည်။ ပွင့်လင်းမြင်သာခြင်းနှင့်အတူ တာဝန်ကို ခေါင်းခံယူနိုင်ခြင်း (Accountability)၊ ဒေသခံတို့၏အသံများကို ကြိုဆိုခြင်း (Participation ကို အားပေးခြင်း) ဖြင့် Dependency ကိုလျှော့ချပစ်နိုင်ပါသည်။ ထို့ပြင် အေဂျင်စီများအပေါ် ယုံယုံကြည်ကြည်အားကိုးနိုင်ခြင်း၊ ပေးသင့်ပေးထိုက်သောအထောက်အပံ့များကို အချိန်မီ မပျက်မကွက်ပေးခြင်းကလည်း ရေရှည်တွင် Dependency ကို လျှော့ချနိုင်သည့်နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ရေသာခိုခြင်းနှင့် အထောက်အပံ့ကို တွဲ၍ မြင်ကြသူများအဖို့ အကူအညီပေးရေးအေဂျင်စီကြီးများ၏ဝန်ထမ်းများကိုယ်တိုင်တွင် ထားရှိသောပင်ကိုစိတ်ရင်းခံများကိုလည်း ထည့်စဉ်းစားရန်လိုပါမည်။ ဘေးဒုက္ခခံစားနေရသူများနှင့် တိုက်ရိုက်ထိတွေ့နေရသော အေဂျင်စီဝန်ထမ်းများသည် ထိုသူတို့အပေါ်မည်သို့သဘောထားပါသနည်း။ "ငါတို့ပေးလိုက်တဲ့အကူအညီကြောင့် သူတို့ပျင်းနေတာ၊ ပူးပေါင်းဆောင်ရွက်ချင်စိတ်နည်းနေတာ၊ ကြံဖန်လိမ်စားနေတာ" ဟူသော တရားသေကိုင်ဆုပ်ထားသည့်အယူအဆများ ရှိနေကြသူများလော။ လိမ်လည်လှည့်ဖြားခြင်းဖြင့် အကူအညီများကို အလွဲသုံးစားလုပ်နေသည်ဟူသော ထင်မြင်ချက်တစ်ခုဖြင့် ဤရပ်ဤရွာတွင် အကူအညီများ လိုသည်ထက်ပို၍ရနေသည်။ ဆက်လက်၍ မပေးသင့်တော့ဟူသော အဆုံးအဖြတ်ကို ခပ်လွယ်လွယ်ချမှတ်လိုက်သူများလော။ ဤပြဿနာမျိုးတွင် အစွန်းနှစ်ဖက်ရှိနေနိုင်ပါသည်။ ဒေသခံများ



ကလိမ်ကျခြင်းကြောင့် အကူအညီများပိုပေးမိသွားပြီဟု ကောက်ချက်ဆွဲနိုင်သည်နှင့်အတူ တစ်ဖက်တွင် အေဂျင်စီကို လိမ်လည်နေခြင်းက ဒေသခံများထံတွင် လိုအပ်ချက်များ အကြီးအကျယ်ရှိနေသေးကြောင်း၊ ယခင်က ပေးအပ်ခဲ့သည်များမှာ မလုံလောက်သေးကြောင်းကိုပြသသည့် Indicator တစ်ခုဖြစ်ကြောင်း မျက်နှာမလိုက်ဘဲ စဉ်းစားရန် လိုအပ်ပါမည်။

'Dependency Sydrome' ခေါ် အမှီအခိုကဲခြင်းကိုပြသည့်လက္ခဏာရပ်များအကြောင်း ပြောကြစတမ်းဆိုလျှင် အကူအညီလက်ခံနေသူများ၏ ကိုယ်ပိုင်သဘောထားထက် အေဂျင်စီများက အကူအညီလက်ခံနေသူများအပေါ်ထားသော သဘောထားက ပို၍ထင်ဟပ်နေကြောင်း မငြင်းနိုင်ပါ။ ဒေသတစ်ခု၏ ရေသာခိုမှု မခိုမှုကို မဆုံးဖြတ်မီ အေဂျင်စီများနှင့် ဒေသခံများကြားတွင်ရှိသော ဆက်ဆံရေးအနေအထားကိုလည်း ထည့်စဉ်းစားရန်လိုပါမည်။ အေဂျင်စီများသည် ဒေသခံတို့နှင့် မည်မျှထိထိဝင်ဝင် ဆက်ဆံပါသနည်း။ အပြန်အလှန်ဆွေးနွေးမှုအတိုင်းအတာ မည်မျှရှိသနည်း။ စိတ်ပညာသဘောအရ ဘေးဒုက္ခသည်များသည် မိမိတို့ကို အထောက်အပံ့ပေးနိုင်မည်ဟုယူဆရသည့် ဩဇာတိက္ကမကြီးသောပုဂ္ဂိုလ်များနှင့်ဆုံလျှင် ထိုသူတို့က မကြိုက်ဟုထင်ရသည့်အရာများကို မပြောရဲတတ်ကြပါ။ အီသီယိုးပီးယားစကားပုံတစ်ခုက ဩဇာကြီးသူများကို မှီခိုနေရသူတို့က ပြန်မလှန်နိုင်ပုံကို ရယ်စရာသဘောဖြင့် ထောက်ပြထားပါသည်။ "ဘုန်းတော်ကြီးမြတ်လှသော အရှင်မင်းကြီး ဖြတ်သန်းသွားချိန်၌ ပညာရှိသော လယ်သမားကြီးသည် ရိုသေစွာ တုပ်ကွဦးညွှတ်လျက် လေလည်သည်ကိုပင် ကျယ်ကျယ်မပြုဝံ့ပါ" ဟု ဆိုထားပါသည်။ ထို့ကြောင့် Dependency ကိုလေ့လာရာတွင် အေဂျင်စီက ဒုက္ခသည်များအပေါ်ထားရှိသော သဘောထားကိုသာမက ဒုက္ခသည်များက အေဂျင်စီအပေါ်ထားသော သဘောထားကိုပါ အပြန်အလှန်သုံးသပ်ရပါမည်။

ဘုန်းကြီးသောရှင်ဘုရင်နှင့်လယ်သမားကဲ့သို့ပင် ဘေးဒုက္ခသည်တို့က ဩဇာကြီးသော အေဂျင်စီများကို မတွန်းလှန်နိုင်သောသဘောတရားများကိုလည်း မမေ့အပ်ပါ။ အေဂျင်စီကို အတွန့်မတက်ရဲဘဲ အားကိုးနေရခြင်းက ရိုသေတုတ်ကွသော လယ်သမားကြီး၏ဦးညွှတ်ရခြင်းဖြစ်စ်ပြီး အထောက်အပံ့ကို လိမ်ယူရန်ကြိုးစားခြင်းက အသံမထွက်ဘဲ လေလည်ခြင်းမျိုး ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။

**နွဲ့ကေခိုင်**

# အာရှစီးပွားရေးဟန်ချက်နှင့် ကျွန်ုပ်တို့၏ အရေးကိစ္စ


ရဲမင်းဦး

**နိုင်ငံတကာတွင် အရှိန်နှုန်းမတူသော်ငြား အသွင်သဏ္ဍာန်နှင့် အနှစ်သာရ ဆင်ညီနေသောဖြစ်စဉ်ကြီး ဖြစ်ပွားနေဆဲ။ အခြားမဟုတ်ပါ။ Recession ခေါ် စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်နေခြင်းပင်။ မြန်မာနိုင်ငံတွင် အထွေထွေစီးပွားရေး တုံ့ဆိုင်းမှု သို့မဟုတ် ကျဆင်းမှုရှိနေပြီလော။ မြန်မာနိုင်ငံသားများ စောင့်ကြည့် ဆန်းစစ်နေကြရ၏။ အာရှနိုင်ငံများ အထူးသဖြင့် အာရှစီးပွားရေးနဂါးများ၊ ကျားများကျုံ့ဝင်နေသည်ကိုတော့ မျက်ဝါးထင်ထင်တွေ့နေရသည်။ အာရှတစ်လွှား အလုပ်လက်မဲ့နှုန်း မြင့်မားနေသည်။ ငွေကြေးဖောင်းပွမှုအနေအထားမှာ ရေချိန် မမှန်။ ပုံမှန်အောက်သို့ ရောက်နေသည်။**

၂၀၀၉ ခုနှစ် နှစ်ဆန်းစတွင် တရုတ်နိုင်ငံ၌ မြို့ပြရောက်ကျေးလက်လုပ်သား သန်းရာချီ၍ အတိဒုက္ခရောက်ကြသည်။ ဖေဖော်ဝါရီလဆန်းတွင် သန်း ၂၀ ကျော် အလုပ်လက်မဲ့ဘဝဖြင့် ဇာတိကျေးလက်ဒေသများထံ ပြန်ရောက်သွားကြသည်။ ၂၀၀၇ ခုနှစ်က ဂျီဒီပီ ၁၃ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့သော တရုတ်၏ ၂၀၀၈ ဂျီဒီပီမှာ ယခင်စံနှုန်းများနှင့်နှိုင်းယှဉ်လျှင် အားရစရာမရှိတော့ပေ။ ၇ ရာခိုင်နှုန်းခန့်ကျသွား၏။ ဂျပန်နိုင်ငံမှာ ၂၀၀၈ ၌ ဂျီဒီပီ ၁၀ ရာခိုင်နှုန်းကျသွားသည်။ စင်ကာပူက ၁၇ ရာခိုင်နှုန်း အံ့သြဖွယ်ကျဆင်းသည်။ တောင်ကိုရီးယားကား ၂၁ ရာခိုင်နှုန်း၊ တရုတ် (တိုင်ပေ) မှာမူ ၁၅ ရာခိုင်နှုန်းအထိ ထိုးစိုက်ဆင်းသည်။ အနောက်နှင့် စီးပွားရေးကွင်းဆက်များ ချိတ်ဆက်ထား၍ သူယိုင်ကိုယ်ယိမ်းဖြစ်သွားကြခြင်းပင်။ ဗီယက်နမ်၊ မလေးရှားမှအစ အာရှ၏စီးပွားရေးယူနစ်များမှာ Two Recessions ဖြင့် နှစ်ပါးသွားနေကြရပေပြီ။ ပြည်တွင်း၌ Recession ဖြစ်ခြင်းနှင့် နိုင်ငံပြင်ပစီးပွားရေးကဏ္ဍ၌ Recession ဖြစ်ခြင်း။

ပြီးခဲ့သည့် ၂၀၀၈ ဒီဇင်ဘာလအတွင်းက ပို့ကုန်ကဏ္ဍနှင့်ပတ်သက်၍ တရုတ်၌ ၂.၈ ရာခိုင်နှုန်း၊ ဂျပန်၌ ၃၅ ရာခိုင်နှုန်း၊ စင်ကာပူ၌ ၂၀ ရာခိုင်နှုန်း အသီးသီး ကျဆင်းသည်။ သွင်းကုန်ကဏ္ဍတွင်လည်း ကျဆင်းသွားမှုမှာ ရင်မောဖွယ်ရာ။ တရုတ်က ၂၁ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၄၅ ရာခိုင်နှုန်း ကျဆင်းသည်။ တရုတ် (တိုင်ပေ) ၌ စက်မှုလုပ်ငန်းများ ၄၂ ရာခိုင်နှုန်းကျဆင်းသွားချိန်တွင် အာရှနိုင်ငံများ၏ တရုတ်သို့ ပို့ကုန်တင်ပို့မှုအနေအထားမှာ ၂၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။ အာရှနိုင်ငံများ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိမှုအနေအထားမှာလည်း ၃၁ ရာခိုင်နှုန်းအထိ အာရှရှိ စားသုံးသူများ၏ Consumer Spending မှာ ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းသည်။ လက်လီဈေးကွက်အသီးသီးမှာလည်း ကျဆင်းမှုများရှိနေဆဲ။ ၃ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ ကျသွားသည်။ စင်ကာပူလိုနိုင်ငံမျိုးပင် လက်ရှိကာလ၌ ဂျီဒီပီ ၅ ရာခိုင်နှုန်းတိုးတက်ပါစေကြောင်း ကြိတ်ဆုတောင်းနေရသည့်အဖြစ်။ ဘာတွေဖြစ်ကုန်သနည်း၊ ဘာကြောင့်ဖြစ်ရသနည်း၊ ဘာတွေဆက်ဖြစ်နိုင်သနည်းဟု ရှုထောင့်မျိုးစုံဖြင့် ချဉ်းကပ်သုံးသပ်ကြကုန်၏။

အာရှနိုင်ငံများအကြားရှိနေသည့် အာရှဈေးကွက်မှာ သီးသန့်ရပ်တည်နေခြင်းမဟုတ်ပါ။ Globalized Supply Chain ၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်သည်။ ကမ္ဘာပေါ်တွင် စီးပွားတက်နှုန်းအမြင့်ဆုံးဖြစ်ခဲ့သောအာရှ၌ အစိုးရအသီးသီးမှာ ရှိသမျှနိုင်ငံခြားအရန်ငွေများကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားကြရင်း မည်သည့်စီးပွားရေးမူဝါဒလုပ်ငန်းစဉ်များဖြင့် ခရီးဆက်ကြရမည်ကို အလေးအနက်ကြံ



**အာရှရှိ တတိယနိုင်ငံများ အထိနာမှုမပြင်းထန်သေးခြင်းမှာ "အပင်နိမ့်" ၍ဖြစ်သည်။ အာရှနိုင်ငံများအနေဖြင့် ပို့ကုန်အလေးကဲ စီးပွားရေးလုပ်ဆောင်မှုများကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်ကြရန်လိုနေပြီဟု HSBC ဘဏ်ကြီးမှ စီးပွားရေးပညာရှင်များက တိုက်တွန်းနေ၏။**

ဆနေကြရသည်။ Intra-Regional Trade အားကောင်းမောင်းသန်ရှိခဲ့၍သာ ယခုအချိန်ထိ အလွန်အမင်း ရုပ်ပျက်ဆင်းပျက်ဖြစ်မှုမပေါ်ပေါက်သေးခြင်းဟု ဆိုသူကဆိုသည်။ အာရှတစ်ခွင် Recession ဖြစ်နေမှု၌ အံ့သြဖွယ်ရာကောင်းသောအချက်မှာ သွင်းကုန်ကျဆင်းမှုအနေအထားက ပို့ကုန်ကျဆင်းမှုထက် ပိုမိုမြန်ဆန်နေခြင်းဖြစ်သည်။ ပို့ကုန်ဦးစားပေးမူဝါဒများ ကိုယ်စီကျင့်သုံးခဲ့ကြသည့် အာရှနိုင်ငံများ၏ Economic Scale နှင့် Speed သိသာစွာ တုံ့ဆိုင်းသွားခြင်းမှာ အာရှ၏ စီးပွားရေးမူဝါဒများ၌ အမှားအယွင်းများရှိနေ၍လောဟု အထူးပြုဆန်းစစ်နေကြဆဲ။ အာရှပြည်သူများအကြား ဝယ်လိုအား၊ ဝယ်နိုင်အား သိသာစွာကျဆင်းမှုသည် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ Structure များကြောင့်ဖြစ်ရသလော၊ ဘဏ္ဍာရေးဈေးကွက်ဆိုင်ရာမူဝါဒနှင့် ကျင့်ကြံမှုများကြောင့်ပေလော၊ စီးပွားရေးပိုင်ငွေများကို အခြေခံအဆောက်အဦကဏ္ဍများ၌ ထည့်သွင်းသုံးစွဲမှုများသွား ခြင်းကြောင့်လော၊ ချမ်းသာသောနိုင်ငံကြီး များ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဖရိုဖရဲ ဖြစ်မှုဂယက်ကို အာရှနိုင်ငံများ ကြံ့ကြံ့ မခံနိုင်ခြင်းမှာ အာရှ၌ Structural Reform များလုပ်မထားမိ၍လော စသည်ဖြင့်လည်း တွေးဆစိစစ်နေကြရသည်။

ဆိုရလျှင် အာရှနိုင်ငံများအနက် စီးပွားဖြစ်အောင်၊ စီးပွားတက်အောင် ဖော်ဆောင်မှုများပြုနိုင်ခဲ့သည့်နိုင်ငံများ အထိနာကြရခြင်းမှာ Globalization တွင် လိုက်လျောညီထွေ မျောဝင်ခရီးနှင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အာရှရှိ တတိယနိုင်ငံများ အထိနာမှု မပြင်းထန်သေးခြင်းမှာ 'အပင်နိမ့်' ၍ ဖြစ်သည်။ အာရှနိုင်ငံများအနေဖြင့် ပို့ကုန်အလေးကဲ စီးပွားရေးလုပ်ဆောင်မှုများကို မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်ကြရန်လိုနေပြီဟု HSBC ဘဏ်ကြီးမှ စီးပွားရေးပညာရှင်များက တိုက်တွန်းနေ၏။ ကျိုးပျက်မှုရှိနေသော ဘဏ္ဍာရေးစနစ်များ၊ ပြည်တွင်းစီးပွားရေးဈေးကွက် အမြဲတမ်းအားကောင်းမောင်းသန်ရှိနေရေး စွမ်းဆောင်ရန်ပျက်ကွက်ခဲ့မှုများ၊ ကုန်သွယ်ရေးရှင်းတမ်းတွင် ပိုငွေပြနေခြင်းကိုသာ အလိုရှိခဲ့မှုများကို Recovery ဖြစ်အောင်လုပ်ကြရန် လိုအပ်နေသည်မှာ ဧကန်ဖြစ်သည်။ ယှဉ်ပြိုင်နိုင်စွမ်းမှာ လျော့ဆင်းသွားရပြီဖြစ်သည့် စီးပွားရေးကျဆင်းမှုဝဲဂယက်တွင် အာရှနိုင်ငံအားလုံး အမြန်နှင့်အနှေးဆိုသလို ရောက်ရှိခံစားကြရမည့်အဖြစ်ကို နိုင်ငံတစ်နိုင်ငံ သို့မဟုတ် စီးပွားရေးယူနစ်တစ်ခုတည်း၏အားဖြင့် မည်သို့မှ တားဆီး၍ရနိုင်ဖွယ်မရှိပါ။

အာရှတိုက်တွင်ဖြစ်နေသည့် Two Recession အနက် တစ်ခုမှာ ပြည်တွင်း၌ စီးပွားရေးတုံ့ဆိုင်းကျဆင်းခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်းတွင် အကြောင်းရင်းနှစ်ရပ်ရှိ၏။ ပထမအချက်မှာ ၂၀၀၈ ခုနှစ် နှစ်လယ်က စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်မားခေါင်ခိုက်လာမှုကြောင့် စီးပွားရေးလုပ်ငန်းများ အကျိုးအမြတ်ရရေး ရှန်းကန်လိုက်ရသကဲ့သို့ စားသုံးသူများ ဝယ်နိုင်အားကျဆင်းသွားခြင်းဖြစ်သည်။ အစိုးရအသီးသီးအနေနှင့် အကျပ်အတည်းများမဖြစ်ရေး ကျားကန်ကြရရာ အမေရိက၌ဖြစ်နေသော Credit Crunch အပေါ် အလေးမထားမိခဲ့။ အဆို



ပါ 'အရှိန်' က ပြည်တွင်းဈေးကွက်များ အပေါ် သက်ရောက်မှုကြီးစွာရှိစေခဲ့သည်။ ဒုတိယအချက်မှာ အာရှနိုင်ငံများတွင် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်မည့် ဘဏ္ဍာရေးမူဝါဒများကိုသာ အလေးထား လုပ်ဆောင်ခဲ့မှုဖြစ်၏။ အဆိုပါ ကျဆင်းမှုနှစ်ရပ်မှာ တစ်ခုနှင့်တစ်ခု ပြန်အားဖြည့်မှုရှိနေရာ အချိန်ကြာလာသောအခါ ပြည်တွင်း၌ ပို့ကုန်ကျဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတုံ့ဆိုင်းမှုနှင့် လျှော့ချရမှု၊ လုပ်သားအင်အားဖြတ်တောက်ရမှုများ လုပ်လာရတော့သည်။ ထိုအခါ ပို့ကုန်ဦးစားပေးမူဝါဒမှာ အလုပ်မဖြစ်တော့ပေ။ ပြည်တွင်း၌ ဝယ်လိုအားကျဆင်းလာမှုကို ပို့ကုန်နှင့် ဖာထေး၍မရတော့သောအခါ နိုင်ငံပြင်ပ စီးပွားရေးကဏ္ဍ၌ Recession ဖြစ်ခြင်းကိုပါ တစ်ဆက်တည်း ခံစားလာရခြင်း ဖြစ်သည်။ စီးပွားကျဆင်းမှုများမဖြစ်မီက အာရှနိုင်ငံများ၏ ဂျီဒီပီ ၄၇ ရာခိုင်နှုန်းမှာ ပို့ကုန်ကဏ္ဍက ရရှိနေခြင်းဖြစ်ရာ နိုင်ငံအသီးသီး၏ဂျီဒီပီပါ ထိုးကျသွားခြင်းဖြစ်၏။

အာရှနိုင်ငံများ၏ အိမ်ခြံမြေဈေးကွက်မှာ ၂၀၁၀ ပြည့်နှစ်လွန်ကာလများ ရောက်မှသာ Recovery ပြန်ဖြစ်လာနိုင်သည်ဟု မဝံ့မရဲခန့်မှန်းကြသည်။ ဟောင်ကောင်တွင် အိမ်ခြံမြေဈေး ၂၀ ရာခိုင်နှုန်း ကျဆင်းသွားသော်ငြား အကျရပ်ဦးမည် မဟုတ်။ ၃၅ ရာခိုင်နှုန်းအထိပင် ကျသွားမည်ဟု ဟောကိန်းထုတ်ထားကြသည်။ Export Drive Economy က အလုပ်မဖြစ်တော့သောအခါ Import မှာလည်း အလိုလိုလျော့လာသည်။ အာရှနိုင်ငံများ စီးပွားကျမှုရှိနေဦးမည်ဟု စီးပွားရေးဂုရုကြီးများက ဆိုသည်။ သီအိုရီအရ Recession ဂယက်ထပြီဆိုလျှင် Recovery ပြန်ရရန် ၁၀ နှစ်ဝန်းကျင်အထိ အချိန်ယူရလေ့ရှိခြင်းကြောင့်ဖြစ်၏။

အာရှ တတိယနိုင်ငံအများစုမှာမူ လက်ရှိအချိန်အထိ ဆိုခဲ့ပါ 'အပင်နိမ့်မှု' ကြောင့် Recession ရှိနေပြီဟု အသံမထွက်သေးပေ။ သို့သော် ဆိုင်ရာနိုင်ငံအသီးသီး၌ ပြည်တွင်းစီးပွားရေးကျဆင်းမှုမှာ မသိမသာဖြစ်ထွန်းနေပြီဟု အာရှဘဏ်က အကဲဖြတ်ထားပြီး ဖြစ်သည်။ Processing Exports လုပ်ဆောင်ကြရာတွင် မည်သည့်နိုင်ငံက မည်သည့်ပုံသဏ္ဌာန်သစ်ဖြင့် ကြိုးပမ်းလာမည်ကို စောင့်ကြည့်နေကြကုန်၏။ ကျွန်ုပ်တို့နိုင်ငံအနေနှင့်လည်း စီးပွားရေးနှင့်ပတ်သက်၍ Alternative ဖြစ်မည့် အစီအမံသစ်များစွာကို အချိန်မဆိုင်းခြင်း၊ တစ်ပတ်လည်အောင် စဉ်းစားသုံးသပ်ဖော်ဆောင်နိုင်သော ပညာရှင်အစုအဖွဲ့များဖြင့် ကြံဆဖော်ဆောင်ခြင်း၊ ပြည်တွင်းပြည်ပ၌ Business Confidence ရရှိနေစေရန် ကြိုးပမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ တုံ့ဆိုင်းမှု မဖြစ်ပေါ်ရေး၊ အလုပ်အကိုင်နေရာသစ်များ ဖော်ထုတ်နေနိုင်ရေး ပြင်ဆင်လုပ်ဆောင်ခြင်း၊ ဘဏ္ဍာရေးမူဝါဒလုပ်ထုံးလုပ်နည်းများနှင့် လုပ်ဆောင်နေမှုများ Harmony ရှိစေခြင်း၊ ငွေပွားမှုအနေအထားများကို စနစ်တကျသုံးသပ်၍ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း တို့ဖြင့် Recession ကို ကျားကန်ကြရတော့မည်ဖြစ်သည်။ အရေးကြီးသည့် အချက်တစ်ချက်မှာ ပြည်တွင်း၌ Fiscal Stimulus Power မည်မျှရှိနေသည်ကို နိုင်ငံသားအားလုံး သိရှိထားရေးနှင့် သက်တမ်းမည်မျှရှည်ကြာနိုင်သည်ကို ခန့်မှန်း၍မရသေးသည့် ကျဆင်းမှုဖြစ်စဉ်ကြီးအပေါ် မည်သို့တုံ့ပြန်အန်တုနိုင်မည်ဆိုသည့် အချက်များကို နိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ကြိုးပမ်းကြရေး ဖြစ်သည်။

## တရုတ်(တိုင်ပေ) တွင် ပြည်တွင်းဝယ်လိုအားတက်လာစေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးယန္တရားက လူတစ်ဦးကို အမေရိကန်ဒေါ်လာ ၁၀၇ တန်သည့် ဈေးဝယ်ဘောက်ချာများထုတ်ပေးကာ စီမံကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ အလားတူလုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့နိုင်ငံအတွက် အခက်အခဲရှိပေမည်။

တရုတ်(တိုင်ပေ) တွင် ပြည်တွင်းဝယ်လိုအားတက်လာစေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးယန္တရားက လူတစ်ဦးကို အမေရိကန်ဒေါ်လာ ၁၀၇ တန်သည့် ဈေးဝယ်ဘောက်ချာများထုတ်ပေးကာ စီမံကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ အလားတူလုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့နိုင်ငံအတွက် အခက်အခဲရှိပေမည်။ လက်ရှိအချိန်၌ လုပ်ဆောင်ရန်အချိန် မရောက်သေး။ ယင်းသို့ လုပ်ဆောင်ရခြင်းမရှိစေရန်အတွက် မဟာဗျူဟာများ နည်းဗျူဟာများဖြင့် Recession ကို ကျားကန်နိုင်ပေမည်။ ဗျူဟာအစုံစုံပေါ်ထွက်လာနိုင်သည့် ပညာရှင်အဝန်းအဝိုင်းများကို ပွဲထုတ်ကာ လှည်းနေလှေအောင်းမကျန် Intouch Information လုပ်ငန်းများပြုလုပ်သင့်ပြီဟု မီးမောင်းထိုးပြလိုပါသည်။ ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်ခြင်းတွင် Information အရေးပါလှ၏။ Information ရလျှင် Operation ပိုကောင်းလာမည်မှာ သေချာသည်။ နေရာအချို့မှသာ Information ထွက်လာခြင်းဖြင့် တင်းတိမ်နေ၍မရပါ။ 'ညောင်သီးလည်းစား လေးညို့သံလည်းနားထောင်' လုပ်နေကြရမည်။ တရုတ်နိုင်ငံ Recession ဖြစ်ပြီဟု ကြေညာလျှင် ကျွန်ုပ်တို့ ဂယက်ရိုက်မှုခံရပေမည်။ ကမ္ဘာကြီးကားပြားနေပြီဖြစ်ပါ၏။ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒအသစ်များ ပေါ်ထွက်လာရမည့်အချိန်ကာလလည်း ရောက်နေပြီဖြစ်ပါကြောင်း။

**ရဲမင်းဦး**

# စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း (၅)

မျိုးခန့်စံ

## အရည်အသွေးမြင့်ဝန်ဆောင်မှု

အောင်မြင်မှုဟူသည် အရည်အသွေးရှိသော၊ အရည်အသွေးမြင့်သော ဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်စေခြင်းပင် ဖြစ်သည်။ အရည်အသွေးမြင့်ဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်လေလေ ကုမ္ပဏီအောင်မြင်မှု ပိုမိုရရှိလေလေ ဖြစ်သည်။ ဖောက်သည်တန်ဖိုးတွင် QSP ခေါ်သော အင်္ဂါရပ်သုံးခုပါရှိပြီး အရည်အသွေး (Quality)၊ ဝန်ဆောင်မှု (Service) နှင့် ဈေးနှုန်း (Price) တို့ ဟန်ချက်ညီစွာ အချိုးကျ ပါဝင်ပေါင်းစပ်နေသည်။ ကုန်စည်အရည်အသွေးကောင်းမွန်ရမည်။ ဝန်ဆောင်မှုမြင့်မားရမည်။ ယှဉ်ပြိုင်နိုင်သောဈေးနှုန်းဖြစ်ရန် လိုအပ်သည်။ ကုန်စည်အရည်အသွေးကောင်းမွန်မှုနှင့် ဈေးနှုန်းတို့ကို ကုမ္ပဏီမှ တိုက်ရိုက်သတ်မှတ်လေ့ရှိသည်။ မူဝါဒသတ်မှတ်ပြီး ဆောင်ရွက်လျှင် လွယ်ကူစွာဆောင်ရွက်နိုင်သောသဘော ရှိသည်။ ဝန်ဆောင်မှုကိစ္စရပ်သည်ကား တိမ်မယောင်နှင့်နက်သည်၊ လွယ်မယောင်နှင့်ခက်သည်။



ဖောက်သည်များသည် မတစ်ရာသားများဖြစ်သည်။ ဆက်ဆံရခက်သူများ၊ အခွင့်အရေးကို မတန်တဆရလိုသူများ၊ နိုင်လိုမင်းထက်ပြုလိုသူများနှင့်လည်း ကြုံတွေ့ရတတ်သည်။ လူ့စရိုက်၊ လူ့သဘာဝကား ရှုပ်ထွေးနက်နဲသည်။ လူ့အလို နတ်မလိုက်နိုင်ဟူ၍ပင် အဆိုရှိသည်။ နတ်မလိုက်နိုင်သော လူ့အလိုကို သာမန်သူလိုကိုယ်လိုလူသားဝန်ထမ်းများက ဖောက်သည်များ စိတ်ကျေနပ်မှုရရှိစေရန် အစွမ်းကုန်လိုက်လျောရသည်။ မည်သို့ဆိုစေ (Customer is always right) ဖောက်သည်အမြဲမှန်သည်မဟုတ်ပါလား။ အကောင်းနှင့်အဆိုးသည် ဒွန်တွဲနေလေ့ရှိရာ ဖောက်သည်တို့တွင် သဘောထားပြည့်ဝသော၊ စာနာစိတ်ရှိသော၊ နိုင်ငံကြီးသားပီသသောဖောက်သည်များနှင့်လည်း ဝမ်းမြောက်စွာ ကြုံတွေ့ရတတ်ပါသည်။ မည်သို့သောဖောက်သည်များနှင့် ကြုံရသည်ဖြစ်စေ မိမိတို့ဘက်မှ အတတ်နိုင်ဆုံးတာဝန်ကျေ၍ အရည်အသွေးမြင့်ဝန်ဆောင်မှုများဖြင့် ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိစေရန် အလေးအနက်ထားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

အရည်အသွေးမြင့်ဝန်ဆောင်မှုတွင် ဝိသေသလက္ခဏာရပ်များပါရှိသည်။ အဓိကလက္ခဏာရပ်များမှာ ယုံကြည်အားထားနိုင်မှု၊ အဆင်သင့်ဖြစ်မှု၊ အရည်အချင်းပြည့်ဝမှု၊ လွယ်လင့်တကူရှိမှု၊ လောကွတ်ပျူငှာမှု၊ ယုံကြည်စိတ်ချမှု၊ လုံခြုံမှု၊ နားလည်နိုင်မှု၊ သိသာထင်ရှားမှု၊ အာရုံစူးစိုက်မှုနှင့် အားလုံးခြုံ အရည်အသွေးစီမံခန့်ခွဲမှုစံများနှင့် ကိုက်ညီမှုတို့ဖြစ်ကြသည်။ ဖော်ပြပါဝိသေသများနှင့်ကိုက်ညီမှ သို့မဟုတ် ညီညွတ်ရန် စီမံကိန်းချမှတ်၍ ဖြည့်ဆည်းဆောင်ရွက်မှသာလျှင် အရည်အသွေးရှိသော၊ အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပေမည်။

## စွန့်ဦးတီထွင်တို့၏ ဆက်သွယ်ရေးစွမ်းရည်

စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့သည် စီးပွားရေးလောကတွင် ကျင်လည်လှုပ်ရှားနေရသူများပီပီ ဆက်သွယ်ရေးစွမ်းရည်ပြည့်ဝကောင်းမွန်သူများဖြစ်ကြသည်။ လူမှုဆက်ဆံရေးပြေပြစ်သကဲ့သို့ အဆက်အသွယ်ကောင်းမွန်သူများလည်း ဖြစ်ကြပါသည်။ အထူးသဖြင့် အောင်မြင်ထူးချွန်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် နားထောင်တတ်သူများဖြစ်ကြသည်။

သူတို့သည် အပြောစွမ်းရည်၊ နှုတ်မှုစွမ်းရည်ထက် နားစွမ်းရည်ကို ပိုမိုအသုံးပြုကြသူများဖြစ်သည်။ စိတ်ရှည်သည်းခံပြီး တစ်ဖက်လူပြောသမျှကို အချိန်ပေး၍ နားထောင်တတ်ကြသည်။ ပြဿနာ၏အဖြေကို ထိုမှရှာဖွေ တွေ့ရှိတတ်သည်။ လတ်တလောလေ့လာဆန်းစစ်မှုတစ်ရပ်အရ စွန့်ဦးတီထွင်တို့သည် ၇၀ ရာခိုင်နှုန်းသောအချိန်တို့ကို ဆက်သွယ်ဆောင်ရွက်ခြင်း (Communication) တွင် အသုံးပြုလေ့ရှိသည်။ အခြားလေ့လာမှုတစ်ရပ်တွင် များစွာသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့၏အချိန်များကို ရေးသားခြင်း၌ ၁၀ ရာခိုင်နှုန်း၊ စာဖတ်ခြင်း၌ ၁၅ ရာခိုင်နှုန်း၊ ပြောဆိုခြင်း၌ ၃၀ ရာခိုင်နှုန်း၊ နားထောင်ခြင်း၌ ၄၅ ရာခိုင်နှုန်း အချိန်များပေး၍ ဆောင်ရွက်ကြသည်ဟု ဖော်ပြထားသည်။ ကျွန်ုပ်တို့တွင်လည်း နားနှစ်ဖက်နှင့် ပါးစပ်တစ်ပေါက်ကိုသာ သဘာဝလောကကြီးကဖန်ဆင်းပေးထားရာ ပြောဆိုခြင်းအမှုထက် နားထောင်ခြင်းကို ပိုမိုအချိန်ပေး၍ လုပ်ဆောင်သင့်သည် မဟုတ်ပါလား။ အောင်မြင်ထူးချွန်သူများစွာတို့သည် နားထောင်ခြင်းအမှုကို ကောင်းစွာအသုံးချ၍ အောင်မြင်မှုကိုရရှိအောင် ဆောင်ရွက်နိုင်စွမ်းရှိကြပေသည်။

## ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင်မြင်မှု (Goal Achievement)

လူတစ်ဦးချင်းစီတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင်လည်းကောင်း ရည်မှန်းချက်ပန်းတိုင်များ (Goal) သတ်မှတ်ထားလေ့ရှိသည်။ ပန်းတိုင်မရှိသော၊ ရည်မှန်းချက်မဲ့သောဘဝသည် ပဲ့မပါသောလှေပမာ လိုရာခရီးသို့ ရောက်ရှိမည်မဟုတ်ချေ။ ထို့ကြောင့် လူတစ်ဦးချင်းစီ၏ဘဝတွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင်လည်းကောင်း ရည်မှန်းချက်ပန်းတိုင်များထားရှိကာ ထိုပန်းတိုင်သို့ ရောက်ရှိအောင်မြင်ရေးအတွက် အားသွန်ကြိုးပမ်းကြရသည်။ ပန်းတိုင်သို့ရောက်ရှိအောင် လျှောက်လှမ်းကြရာတွင် အောင်မြင်မှုအတွက် အခြေခံခြေလှမ်းများ သို့မဟုတ် အဆင့်များရှိသည်။ အဆိုပါ ခြေလှမ်းတိုင်း အဆင့်တိုင်းတွင် စီးပွားရေးအခွင့်အလမ်းများကို မျက်ခြည်မပြတ်စေဘဲ အမိအရဆုပ်ကိုင်ဆောင်ရွက်နိုင်ပါလျှင် စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့သည် အောင်မြင်မှုပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

## လိုအပ်ချက် သို့မဟုတ် ဆန္ဒ (Needs or Desire)

ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ရာ၌ လူပုဂ္ဂိုလ်တစ်ဦးချင်းတွင်လည်းကောင်း၊ ကုမ္ပဏီတွင်လည်းကောင်း မိမိတို့၏လိုအပ်ချက် သို့မဟုတ် ဆန္ဒကို အခြေပြု၍ သတ်မှတ်သင့်သည်။ ဆန္ဒကိုအခြေခံ၍ သတ်မှတ်သောပန်းတိုင်သို့ ရောက်ရှိအောင်မြင်ရန် မခဲယဉ်းနိုင်ပေ။ 'ဆန္ဒဝတော တိံနာမကမ္မံ နသိဇ္ဈတိ' ပြင်းပြထက်သန်သောစိတ်ဆန္ဒရှေ့ဆောင်လျှင် မပြီးပြတ်မအောင်မြင်နိုင်သောကိစ္စမရှိဟူ၍ ရှင်တော်ဗုဒ္ဓမြတ်စွာဘုရား အတိအလင်းဟောကြားတော်မူခဲ့ပါသည်။ 'ဆန္ဒကြီးလျှင် ကြံသမျှပြီးသည်'၊ 'ဆန္ဒဆောင်လျှင် ကြံသမျှအောင်သည်' ဖြစ်ရာ ဆန္ဒကိုအခြေခံ၍ သတ်မှတ်သောပန်းတိုင်များ အောင်မြင်မည်မှာ ယုံမှားဖွယ်မရှိချေ။

## ယုံကြည်မှု(Belief)

ယုံကြည်မှုမပါရှိသောလုပ်ရပ်များသည် အောင်မြင်မှုနှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ ယုံကြည်မှုမရှိလျှင် အောင်မြင်မှုမရှိနိုင်ပေ။ မည်သည့်ကိစ္စရပ်တွင်မဆို ယုံကြည်စိတ်အပြည့်အဝဖြင့် ဆောင်ရွက်ရန်လိုသည်။ ပကတိအရှိအမှန်ပေါ် သုံးသပ်အကဲဖြတ်မှုအပေါ် အခြေခံတည်ဆောက်သောယုံကြည်မှုသည် အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိအောင် မလွဲမသွေပို့ဆောင်နိုင်ပေသည်။

## ချရေးပါ

ရည်မှန်းချက်ပန်းတိုင်ကို မိမိစိတ်ထဲ သတ်မှတ်ထားရုံဖြင့် မလုံလောက်ချေ။ စာရွက်ပေါ်တွင်ချရေးရန်လိုအပ်သည်။ တတ်နိုင်သရွေ့ အသေးစိတ်အချက်များ ထပ်ခါတလဲလဲ ချရေးထားသင့်သည်။ ရေးမှတ်ခြင်းသည် တိကျစေသည်။ ပိုမိုမှတ်မိစေသည်။ ရှင်းလင်းစေသည်။ ရေးမှတ်ထားသောစာကို ထပ်ခါတလဲလဲ တွေ့ရှိဖတ်ရှုရခြင်းဖြင့် မိမိစိတ်ကို လှုံ့ဆော်သတိပေးသည်။ အတွေးထဲတွင် စွဲမြဲစေသည်။ အရာအားလုံးတွင် တွေးခေါ်ခြင်းအနုပညာသည် အခက်ခဲဆုံးဖြစ်သည်။ (The Hardest work of all is the art of thinking)

## ဘယ်လိုအကျိုးရလဒ်ရမည်လဲ

ပန်းတိုင်တစ်ခုချင်းစီကို ချမှတ်ရေးဆွဲထားပြီး ထိုရည်မှန်းချက်ပန်းတိုင် အောင်မြင်ပါက ဖြစ်ပေါ်ရရှိလာမည့်အကျိုးရလဒ်များကို တစ်ခုချင်းစီခွဲခြားရေးမှတ်ထားရန်လိုသည်။ အကြောင်းအချက်စုံလင်သမျှ စုံလင်စွာရေးမှတ်နိုင်လေလေ ပိုမိုကောင်းမွန်လေလေဖြစ်သည်။

## လက်ရှိအခြေအနေကိုသုံးသပ်ပါ

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းဖြစ်စေ၊ မိမိတို့ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်နှင့် လက်ရှိမိမိတို့ရောက်ရှိနေသော အနေအထားကို ပြန်လည်သုံးသပ်ရန်လိုအပ်သည်။ ပန်းတိုင်ငယ်တစ်ခုချင်းစီ၏ လက်ရှိအခြေအနေမှန်၊ ထိုမှရရှိသော ဝင်ငွေအခြေအနေနှင့် မျှော်မှန်းထားမှုတို့ကို စိစစ်သုံးသပ်ရန်လိုသည်။ ဈေးကွက်တွင် အခြားအလားတူကုန်စည်တို့၏အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန်လိုသည်။

## နောက်ဆုံးရက် (Deadline) သတ်မှတ်ပါ

အပြီးသတ်ရမည့်ရက်၊ နောက်ဆုံးရက် (Deadline) သတ်မှတ်ဆောင်ရွက်ခြင်းသည် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင်နှင့် အောင်မြင်မှုကို အထောက်အကူပြုသည်။ ပန်းတိုင်ငယ်တစ်ခုချင်းစီအတွက်လည်းကောင်း၊ ရည်မှန်းချက်ပင်မပန်းတိုင်

အတွက်သော်လည်းကောင်း အပြီးသတ်ရမည့်ရက် (Deadline) သတ်မှတ်ထားရမည်။ ထိုသို့သတ်မှတ်ထားခြင်းဖြင့် ဦးတည်ချက်ရောက်ရှိနေမှုနှင့် အောင်မြင်မှုကို စောင့်ကြည့်သုံးသပ်ရေး အထောက်အကူဖြစ်စေသည်။ ဦးတည်ချက်များချမှတ်ခြင်း ပြန်လည်သုံးသပ်ခြင်းတို့ကို အချိန်ပေး၍ ဆောင်ရွက်ရမည်ဖြစ်သည်။

## အတားအဆီး အနှောင့်အယှက်များ

မိမိတို့လုပ်ငန်းအောင်မြင်မှုအတွက် ဆောင်ရွက်ကြရာတွင် အတားအဆီး အနှောင့်အယှက်များကြုံတွေ့ရနိုင်သည်ကို ကြိုတင်စဉ်းစားထားသင့်သည်။ ဖြစ်ပေါ်လာနိုင်သော အဟန့်အတားတို့ကို ကြိုတင်စဉ်းစားရေးမှတ်၍ ဖြေရှင်းရန်နည်းလမ်းများ၊ ဗျူဟာများကို ကြိုတင်ပြင်ဆင်ထားရမည်။ အချို့သောအတားအဆီးကြီးကြီးမားမားဟုထင်ထားသည်များသည် ဖြေရှင်းရန်နည်းလမ်းများနှင့်တကွ ချရေးသောအခါ ထင်ထားသလောက်မကြီးမားတော့သည်ကိုတွေ့ရသည်။ မည်သို့ဆိုစေ ဖြစ်ပေါ်လာနိုင်သော အတားအဆီး၊ အနှောင့်အယှက်များကို စနစ်တကျစာရင်းပြုစု၍ ကာကွယ်ရန်နည်းလမ်းများ၊ ဗျူဟာများ၊ စနစ်များကို ပြင်ဆင်ထားရှိရပေမည်။

## အများနှင့်ပူးပေါင်းဆောင်ရွက်မှု (သို့) လူအများကို အသိအမှတ်ပြုခြင်း

ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်မြင်ရေးတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၏ စွမ်းဆောင်ရည်ဖြင့် မလုံလောက်ပေ။ အများ၏ပူးပေါင်းဆောင်ရွက်မှု၊ ညီညွတ်မှုရှိရန်လိုအပ်သည်ကို အသိအမှတ်ပြုရမည်။ နိယာမသုံးရပ်ရှိသည်။ တူသောအကျိုးပေးနိယာမ (The Law of Return) မိမိစိုက်ပျိုးသမျှ ပြန်လည်ရိတ်သိမ်းရမည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးရမည်။ မကောင်းတာလုပ်လျှင် မကောင်းကျိုးရမည်။ အနာခံမှ အသာစံရမည်။ မရယူမီ ပေးဆပ်ရမည်ဟူသော နိယာမ။ ဒုတိယနိယာမသည် (The



law of compensation) သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည်ဟူသော (Every action has a reaction) ဟူသောနိယာမဖြစ်သည်။ တတိယနိယာမသည် The law of service ဖြစ်သည်။ လိုလားချက်တစ်ရပ်ကို ဖြည့်ဆည်းပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းဖြင့် အောင်မြင်မှုရမည်ဟူသော နိယာမဖြစ်သည်။ ယနေ့ခေတ်စီးပွားရေးလုပ်ငန်းတွင် ၎င်းကို ဖောက်သည်ဝန်ဆောင်မှု (Customer Service) ဟု သုံးနှုန်းသည်။ မိမိရရှိသည် ထက်ပိုမိုသောဝန်ဆောင်မှုကိုပေးခြင်း (ဝါ) ခရီးမိုင်ပိုသွားခြင်း (Going Extra Miles) ဖြင့် ဖောက်သည်တို့ စိတ်ကျေနပ်အောင်ဆောင်ရွက်ခြင်းဖြစ်သည်။ တစ်နည်း လူအများကို အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။

## သုတကို အသိအမှတ်ပြုခြင်း

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းဖြစ်စေ မိမိတို့သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် မည်မျှတတ်ကျွမ်းပါစေ အသိပညာဗဟုသုတများကို ထပ်မံဖြည့်ဆည်းရန်လိုသည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန်လိုအပ်သည်။

## စာရွက်ပေါ်မှာ စိတ်ကူးကွန့်မြူးခြင်း

အထက်ဖော်ပြပါခြေလှမ်းအမှတ် (၇၊ ၈၊ ၉) တို့အတွက် စီမံချက်တစ်ခုပြုလုပ်ရန် လိုအပ်သည်။ အချက်အလက်များ၊ ဦးစားပေးအစီအစဉ်များသတ်မှတ်ရန်၊ လုပ်ဆောင်ချက်များကို စာရင်းပြုရန်လိုသည်။ ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ရေးမှတ်ခြင်း၊ အစီအစဉ်ပြန်လည်ချမှတ်ခြင်းလုပ်ငန်းများကို ရေရှည်လုပ်ရန်လိုသည်။ ထိုလုပ်ငန်းစဉ်ကို စာရွက်ပေါ်မှာ စိတ်ကူးကွန့်မြူးခြင်း (Thinking on paper) ဟုခေါ်သည်။

## ရှင်းလင်းပြတ်သားသော စိတ်ကူးရုပ်ပုံဖော်ခြင်း

မိမိရည်မှန်းချက်ပန်းတိုင်များ ရရှိအောင်မြင်ပြီဟု စိတ်ကူးပုံဖော်ရမည်။ မှတ်ယူရမည်။ ရှင်းလင်းပြတ်သား၍ အသေးစိတ်ပုံဖော်နိုင်လေလေ ချွတ်ချော်မှုများကင်းဝေးလေလေ ဖြစ်သည်။

## အရှုံးမပေးပါနှင့်

နောက်ဆုံးနှင့် အရေးကြီးဆုံးအချက်မှာ မည်သည့်အခါမှ အရှုံးမပေးဟူသော စိတ်ဓာတ်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ရှုံးနိမ့်မှုများကြုံတွေ့ရတတ်ပေရာ ဖွဲ့ရှိဖို့လိုသည်။ မိမိစိတ်ဓာတ်ကို ပြန်လည်မြှင့်တင်၍ အားသစ်လောင်းကာ အောင်မြင်မှုရသည်အထိ အနိုင်မခံအရှုံးမပေးစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

**မှူးခန့်စံ**

**Ref: Starting a Business By Rodney Overton (Are you an entrepreneur?)**

# Which & Why
# ဘယ်ပစ္စည်းဘာကြောင့်



## MAGIC မီးအိမ်

MAGIC အမှတ်တံဆိပ် LED Rechargeable မီးအိမ်ဖြစ်။ LED မီးလုံး ၃၆ လုံးပါရှိ။ အားသွင်းချိန် ၈နာရီကြာမြင့်ပြီး မီးသီးအားလုံးကို တစ်ပြိုင်တည်း အသုံးပြုနိုင်က ၁၀ နာရီကြာ အသုံးပြုနိုင်။ မီးသီး ၃၆ လုံး၊ ၂၄ လုံး၊ ၁၆ လုံး၊ ရှစ်လုံးစသဖြင့် လိုသလိုရွေးချယ်အသုံးပြုနိုင်။ AC ဖြင့်လည်း တိုက်ရိုက်အသုံးပြုရ၍ရ။ ရောင်းဈေး ၁၂,၅၀၀ ကျပ်ဖြစ်။



## ECOPOWER LED မီးအိမ်

ECOPOWER အမှတ်တံဆိပ် LED Rechargeable မီးအိမ်ဖြစ်။ LED မီးသီးအလုံး ၆၀ ပါရှိ။ မီးသီးများကို အလွယ်တကူလဲလှယ်အသုံးပြုနိုင်။ ဓာတ်မီးအနေဖြင့်အသုံးပြုပါက နာရီ ၄၀ ကြာ အသုံးပြုနိုင်။ မီးသီး ၆၀ လုံးကို တစ်ပြိုင်နက်တည်းအသုံးပြုပါက ၈နာရီကြာ အသုံးပြုနိုင်။ စွမ်းအားအနည်းဆုံးနှင့် မီးအလင်းရောင်တသမတ်တည်းရရှိစေနိုင်သည့် PWM ပတ်လမ်းစနစ်ပါရှိ။ အားသွင်းချိန် ၈နာရီကြာမြင့်။ ရောင်းဈေး ၁၇,၅၀၀ ကျပ်ဖြစ်။




## ALCOM Portable VCD Player

ALCOM အမှတ်တံဆိပ် VCD-3310D မော်ဒယ်လ်အမျိုးအစား Portable VCD Player ဖြစ်။ MP-3, CD များလည်းအသုံးပြုနိုင်။ စက္ကန့် ၄၀ ကြာ ANTI-SHOCK စနစ်ပါရှိ။ AA ဓာတ်ခဲ ၂ လုံးဖြင့်အသုံးပြုနိုင်သလို Adaptor ဖြင့်လည်း အသုံးပြုရ၍ရ။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၉,၀၀၀ ကျပ်ဖြစ်။




## DKNH MINI Sound Box

DKNH အမှတ်တံဆိပ် DK-305 မော်ဒယ်လ်အမျိုးအစား MINI Sound Box ဖြစ်။ MP4, MP3, CD, Mobile, DVD စသည်တို့ဖြင့် တွဲဖက်အသုံးပြုနိုင်။ အားသွင်း၍အသုံးပြုရခြင်းဖြစ်။ ထိုင်ဝမ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈,၀၀၀ ကျပ်ဖြစ်။




## Kchibo Digital Radio

Kchibo အမှတ်တံဆိပ် KK-055 မော်ဒယ်လ်အမျိုးအစား Digital Radio ဖြစ်။ FM, AM လိုင်းစုံကိုဖမ်းယူရရှိနိုင်။ Memory ပါရှိ၍ ရေဒီယိုလိုင်း ၉၀ ကို မှတ်ထားပေးနိုင်။ Alarm စနစ်နှင့် နာရီ ပါရှိ။ AAA ဓာတ်ခဲနှစ်လုံးအသုံးပြုရ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။




## MP-9 Digital Pocket Video Recorder

MP-9 အမျိုးအစား Digital Pocket Video Recorder ဖြစ်။ ဘောလ်ပင်အဖြစ်လည်းအသုံးပြု၍ရ။ လျှပ်စစ်ဓာတ်အားသွင်း ၍အသုံးပြုရခြင်းဖြစ်ပြီး ရှစ်နာရီကြာအသုံးပြုနိုင်။ Memory 4GB ရှိ။ တရုတ် (တိုင်ဝမ်) ထုတ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂၅,၀၀၀ ကျပ်ဖြစ်။



## JXD MP4 Player

JXD အမှတ်တံဆိပ် JXD-300 မော်ဒယ်လ်အမျိုးအစား MP4 Player ဖြစ်။ မြန်မာ့အသံ၊ မြဝတီ၊ MRTV-4, FM စသည်တို့ကို ဖမ်းယူရရှိနိုင်စေရန် အန်တီနာ ပါရှိ။ Radio အဖြစ်အသုံးပြုနိုင်ပြီး Camera, Recorder အဖြစ်လည်းအသုံးပြုနိုင်။ Game ကစား၍လည်းရ။ Memory 4GB ဖြစ်။ ထိုင်ဝမ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉၈,၀၀၀ ကျပ်ဖြစ်။



## EURO Cyber Digital Video Camera

EURO Cyber အမှတ်တံဆိပ် LV-70 မော်ဒယ်လ်အမျိုးအစား Digital Video Camera ဖြစ်။ AA ဓာတ်ခဲနှစ်လုံးနှင့် Lithum ဓာတ်ခဲ နှစ်မျိုးအသုံးပြုနိုင်။ MP3, MP4 ပါရှိ။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၀၈,၀၀၀ ကျပ်ဖြစ်။




## ADITION Portable Speaker

Adition အမှတ်တံဆိပ် AD-9113 မော်ဒယ်လ်အမျိုးအစား Portable Speaker ဖြစ်။ MP3, MP4, Walk man စသည်ဖြင့် တွဲဖက်အသုံးပြု၍ရ။ AAA ဓာတ်ခဲ နှစ်လုံးဖြင့်အသုံးပြုရ။ Adaptor ဖြင့်လည်းအသုံးပြုနိုင်။ ထိုင်ဝမ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၁,၀၀၀ ကျပ်ဖြစ်။



## Kanen Earphone

Kanen အမှတ်တံဆိပ် KM 380 မော်ဒယ်လ်အမျိုးအစား Earphone ဖြစ်။ MP3, MP4, Walkman တို့ဖြင့် တွဲဖက်အသုံးပြုနိုင်။ Earphone ကို ရော်ဘာဖြင့်ပြုလုပ်ထား။ 3.5 mm နှင့် 2.5 mm Pin နှစ်မျိုးပါရှိ။ ယိုးဒယား လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄,၅၀၀ ကျပ်ဖြစ်။



## Panasonic Electronic Kettle

Panasonic အမှတ်တံဆိပ် NC-TWE 30 မော်ဒယ်လ်အမျိုးအစား Electronic Kettle ဖြစ်။ ရေသုံးလီတာဆံ့။ Non-Stick ပါရှိ။ ရေဆူသည့်အချိန်၌ အလိုလျောက်စက်ပိတ်ပေးပြီး ရေကိုနွေးပေးထားနိုင်။ သတ်မှတ်နှုန်းထက် ရေအေးသွားပါက အလိုလျောက်ရေကျို့ချက်ပေးသည့် စနစ်ပါရှိ။ ယိုးဒယားလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၁,၀၀၀ ကျပ်ဖြစ်။

## Panasonic Blender

Panasonic အမှတ်တံဆိပ် MX-337W မော်ဒယ်လ်အမျိုးအစား သစ်သီးဖျော်ရည်နှင့် အမှုန့်ကြိတ်စက်ဖြစ်။ 240 Watt ဖြစ်။ မလေးရှားထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၆,၅၀၀ ကျပ်ဖြစ်။






## MOULINETTE အသားကြိတ်စက်

Moulinette အမှတ်တံဆိပ် DEPOSE မော်ဒယ်လ်အမျိုးအစား အသားကြိတ်စက်ဖြစ်။ ဝပ်အား 240 Watt ဖြစ်။ မလေးရှားလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၆,၅၀၀ ကျပ်ဖြစ်။

## SONY Portable DVD Player

SONY အမှတ်တံဆိပ် Portable DVD Player ဖြစ်။ MP3, CD, VCD, JPEG, MPEG4, USB, Memory Card စသည်တို့ဖြင့်တွဲဖက်အသုံးပြုနိုင်။ မြန်မာ့အသံ၊ မြဝတီ၊ MRTV-4 စသည်တို့ကိုလည်း ဖမ်းယူရရှိနိုင်။ ၁၃.၈ လက်မအရွယ် Screen ပါရှိပြီး Screen ကို ၁၈၀ ဒီဂရီလှည့်၍ရ။ လျှပ်စစ်အားသွင်းထားပါ။ သုံးနာရီကြာအသုံးပြုနိုင်ပြီး။ AV in out ပါရှိ၍ အခြားသော Screen များဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅၅,၀၀၀ ကျပ်ဖြစ်။





## EVD Player

ZEK အမှတ်တံဆိပ် EVD-168T မော်ဒယ်လ်အမျိုးအစား EVD Player ဖြစ်။ MP3, CD, VCD, DVD, JPEG, MPEG4 စသည်တို့ကို ကြည်လင်ပြတ်သားစွာကြည့်ရှုနိုင်။ USB ဖြင့်လည်းသုံးနိုင်။ AC တိုက်ရိုက်အသုံးပြု၍ရ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၆,၀၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို ရန်ကုန်မြို့ ဗညားဒလလမ်း ဒေါ်အေး အဆင့်မြင့်လျှပ်စစ်ပစ္စည်း၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်ပစ္စည်းစတိုး၊ ပြည်လမ်း မိန်းဂေဟာဆူပါစင်တာ တို့မှ ရယူထားပါသည်။

အယ်ဒီတာ

# ဒေါက်တာဦးမြင့်



**မြန်မာနိုင်ငံ၌ ထင်ရှားသည့် စီးပွားရေး သုတေသီပညာရှင်တစ်ဦး ဖြစ်သည်။**

- ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တိုင်း သုံးခွမြို့နယ်၌ မွေးဖွား။

- ရန်ကုန်တက္ကသိုလ်မှ B.A (အင်္ဂလိပ်စာပေ၊ နိုင်ငံရေးသိပ္ပံနှင့်ဘောဂဗေဒ) ဘွဲ့ကိုလည်းကောင်း၊ ကောနဲလ်တက္ကသိုလ်မှ M.A(ဘောဂဗေဒ) ဘွဲ့ကို လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဘာကလေ ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ Ph.D(ဘောဂဗေဒ) ကိုလည်းကောင်း အသီးသီးရရှိခဲ့။

- ရန်ကုန်စီးပွားရေးတက္ကသိုလ် သုတေသနလုပ်ငန်းဌာနတွင်လည်းကောင်း၊ ဘောဂဗေဒဌာနတွင် ကထိကအဖြစ်လည်းကောင်း၊ ရန်ကုန်ပညာရေး တက္ကသိုလ် ဘောဂဗေဒဌာနတွင် ကထိက၊ ဌာနမှူး အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးဌာနခွဲတွင် ညွှန်ကြားရေးမှူးအဖြစ်လည်း ကောင်း တာဝန်များထမ်းဆောင်ခဲ့။

- ကုလသမဂ္ဂအဖွဲ့ကြီးတွင် ဝန်ထမ်းအဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အခြေစိုက်သည့် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင် (အာရှနှင့် ပစိဖိတ်ဒေသ) ၏ ဖွံ့ဖြိုးမှုအနည်းဆုံးသောနိုင်ငံများ၏ သုတေသနနှင့်ဖွံ့ဖြိုးရေးမူဝါဒ များလေ့လာဆန်းစစ်ရေးဌာနခွဲမှူးအဖြစ်လည်းကောင်း၊ အထက်တန်းစီးပွားရေး ပညာရှင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့။

- စီးပွားရေးသုတေသနစာတမ်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက် အထောက်အကူပြုစာတမ်းများ၊ အာရှနှင့်ပစိဖိတ် ဒေသ၏ စီးပွားရေးနှင့်လူမှုရေးစစ်တမ်းစာစောင်များ ပြုစုရေးသားခဲ့။

- မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ပြည်တွင်းစီးပွား ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပို့ချမှုများနှင့် အကြံဉာဏ်ပေးမှုများ ဆောင်ရွက်လျက်ရှိ။

- **ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၅၄ (ခ)၊
ရွှေတောင်ကြားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၅၃၅၀

# ဒေါက်တာစိန်မောင်



**မြန်မာနိုင်ငံ၌ ထင်ရှားသည့်အများပိုင်ဘဏ်ဖြစ်သော ပထမပုဂ္ဂလိကဘဏ် တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်ပြီး ဘဏ်လုပ်ငန်းနှင့် စီးပွားရေးအတိုင်ပင်ခံပညာရှင်တစ်ဦးလည်း ဖြစ်သည်။**

- အဖ ဦးစိန်ယုံ၊ အမိဒေါ်မြရင်တို့က လှည်းကူးမြို့နယ် ဒါးပိန်မြို့တွင် ၁၉၃၆ ခုနှစ်၌ မွေးဖွားခဲ့။
- ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်။
- ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A (Honours) ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု Syracuse University ရှိ Maxwell Graduate School မှ M.P.A ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၄ ခုနှစ် တွင် New York University မှ Ph.D ဘွဲ့ကိုလည်းကောင်း ရရှိခဲ့။
- ၁၉၆၅–၁၉၆၆ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ ၁၉၆၆ မှ ၁၉၈၈ ခုနှစ်ထိ ဘဏ္ဍာရေးနှင့်စီမံကိန်းဝန်ကြီးဌာနတွင် ဒုတိယအတွင်းဝန်နှင့် တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့စေလွှတ်သော အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့။
- နိုင်ငံတကာအတွေ့အကြုံများအဖြစ် ၁၉၇၆–၇၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အလှည့်ကျအမှုဆောင်ဒါရိုက်တာ၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ နိုင်ငံတကာပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ် (IBRD) တွင် စီးပွားရေး/ ချေးငွေအရာရှိတို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ IMF, World Bank, UACTND, GATT, ECAFE စသည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာ Seminar နှင့် Conference များ၊ ၂၀၀၂ ခုနှစ်မှစ၍ အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာကောင်စီနှင့် Conference များကို တက်ရောက်ခဲ့။
- ယခုအခါ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အာဆီယံဘဏ်များအသင်း ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအမြဲတမ်းကော်မတီတွင် အမြဲတမ်းအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဘဏ်များအသင်းတွင် အမှုဆောင်အဖြစ်လည်းကောင်း တာဝန်ယူလျက်ရှိပြီး အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာ အတိုင်ပင်ခံပညာရှင်တစ်ဦးအဖြစ် ဟောပြောဆွေးနွေးဆောင်ရွက်လျက်ရှိ။
- အများပိုင်ပထမပုဂ္ဂလိကဘဏ်လီမိတက်ကို ၁၉၉၂ ခုနှစ် အောက်တိုဘာလတွင် တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

ပထမပုဂ္ဂလိကဘဏ်လီမိတက်(ရုံးချုပ်)

အမှတ်–၆၁၉/၆၂၁၊ ကုန်သည်လမ်း၊ ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၁၇၂၈၊ ၂၅၁၇၄၉၊ ၂၅၁၇၅၀၊ ၂၈၉၉၂၉၊ ၂၄၆၇၈၆၊ ၂၅၂၄၁၂၊ E-mail:fpd.hq@mptmail.net.mm, fpbbank@myanmar.com.mm

# ဦးတင်မောင်သန်း



**မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများနှင့် သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော မွေးမြူရေးနှင့် ရေလုပ်ငန်းအတိုင်ပင်ခံပညာရှင်တစ်ဦးဖြစ်ပြီး လူငယ်များ Capacity တိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာဘာသာရပ်များကို ပို့ချသင်ကြားပေးလျက်ရှိသည့် Myanmar Egress Capacity Building Centre ကိုစတင်တည်ထောင်ခဲ့သူနှင့် ဥက္ကဋ္ဌလည်း ဖြစ်သည်။**

- အဖဦးသန်းဖေ၊ အမိဒေါ်အေးမြင့်တို့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် ၁၉၅၇ ခုနှစ်၌ မွေးဖွားခဲ့။
- ၁၉၇၄ ခုနှစ်တွင် အ.ထ.က (၁) ဒဂုံမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့။ ၁၉၈၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ B.Sc (Zoo) ကိုလည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် Kasetsart University မှ Diploma in Fisheries ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် Asian Institute of Technology (AIT) မှ M.Sc ဘွဲ့ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အင်္ဂလန်ရှိ Center for Studies in Security in Diplomacy, School of Social Science, University of Birminghan, UK မှ Fellowship ကိုလည်းကောင်း ရရှိခဲ့။
- ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ADB Project နှင့် မြန်မာနိုင်ငံအစိုးရ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းတို့ ပူးတွဲဆောင်ရွက်လျက်ရှိသော Inland Fisheries Development Project တွင် အကြီးတန်းမွေးမြူရေးပညာရှင်အဖြစ် ဆောင်ရွက်ခဲ့။
- ၁၉၉၀ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ AARM, SERD, Asian Institute of Technology တွင် Development Expart for Training and Consultancy Unit အဖြစ်ဆောင်ရွက်ခဲ့။
- ၁၉၉၆ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံတွင် ရေချိုရေငန်လုပ်ငန်းမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး (အထူးသဖြင့် တီလားပီးယားငါးမွေးမြူရေး) အတွက် ဆောင်ရွက်လျက်ရှိ။
- ၁၉၉၈ ခုနှစ်မှ ယနေ့အထိ စင်ကာပူနိုင်ငံအခြေစိုက်လုပ်ငန်းနှင့် စီမံကိန်းများတွင် အကြံပေးပညာရှင်အဖြစ်ဆောင်ရွက်လျက်ရှိ။
- မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်တို့တွင် အကြံပေးပညာရှင်အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိ။
- မြန်မာလူငယ်များ၏ ပင်ကိုယ်အရည်အသွေးကို မြေတောင်မြှောက်ပေးရန်နှင့် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပေးရန်ရည်ရွယ်၍ နိုင်ငံတကာအသိအမှတ်ပြုသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည့် Myanmar Egress Capacity Building Center ကို ၂၀၀၆ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

Myanmar Egress Capacity Building Center

Thamada Business Suite ဒုတိယထပ်၊ သမ္မတဟိုတယ်၊ အမှတ်-၅၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း-၃၈၈၃၆၇၊ ၀၉-၈၅၅၃၁၈၄

E-mail: info@myanmaregress.org

# ဒေါ်လှမြင့်



**မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာရပ်များကို ပြန့်ပွားဆွေးနွေးပို့ချလျက်ရှိသော ထင်ရှားသည့်ပညာရှင် အငြိမ်းစားပါမောက္ခတစ်ဦး ဖြစ်သည်။**

- အဖ ဦးကြီးမြင့်၊ အမိ ဒေါ်လှတင်တို့က ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မွန်ပြည်နယ် မုဒုံမြို့၌ဖွားမြင်ခဲ့။
- ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ St. Philomena's Convent အထက်တန်းကျောင်း (ယခု အ.ထ.က (၂) စမ်းချောင်း) မှ တက္ကသိုလ်ဝင်တန်း အောင်မြင်။
- ၁၉၅၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုဌာနမှ ဝါဏိဇ္ဇဘွဲ့ (B.Com) ရရှိခဲ့ပြီး နည်းပြအဖြစ် တာဝန်ထမ်းဆောင်။
- ၁၉၆၀ ပြည့်နှစ်တွင် ဝါဏိဇ္ဇဂုဏ်ထူးဘွဲ့ B.Com (Hons.) ရရှိခဲ့ပြီး မေမြို့ (ယခု ပြင်ဦးလွင်မြို့နယ်) စစ်တက္ကသိုလ် ဘောဂဗေဒဌာန၌ နည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်။
- ၁၉၆၁ မှ ၁၉၆၂ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုရှိ Kansas City University ၌ Institutional Economics ဘာသာရပ်ကို တက်ရောက်ဆည်းပူးခဲ့။
- ၁၉၆၄ မှ ၁၉၉၄ ခုနှစ်အထိ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနတွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခရာထူးများ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့။
- ၁၉၇၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ် (UCLA) မှ UNESCO Fellowship ရရှိခဲ့။
- ၁၉၈၀ ပြည့်နှစ်တွင် မဟာဝါဏိဇ္ဇ (M.Com) ဘွဲ့ ရရှိခဲ့။
- ၁၉၉၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း M.B.A Programme ကို တွဲဖက်တည်ထောင်ခဲ့ပြီး တွဲဖက်ပါမောက္ခ၊ ပါမောက္ခ ဌာနမှူးတို့အဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့။
- ၁၉၉၉ ခုနှစ်တွင် ယင်းဌာန၏ ပါမောက္ခဌာနမှူးတာဝန်မှ အငြိမ်းစားယူခဲ့ပြီး ဂုဏ်ထူးဆောင်ပါမောက္ခ/အကြံပေးအဖြစ် လေးနှစ်ဆက်လက်တာဝန်ထမ်းဆောင်ခဲ့။
- ယခုအခါ Myanmar Human Resources (MHR) သင်တန်းကျောင်းတွင် Principle Academic Advisor အဖြစ်လည်းကောင်း၊ STI Education နှင့် ICEC သင်တန်းကျောင်းတို့တွင် Academic Advisor အဖြစ်လည်းကောင်း၊ Myanmar Egress တွင် Visiting Professor အဖြစ်လည်းကောင်း တာဝန်ယူလျက်ရှိပြီး စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိ။
- အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ လာအို စသည့်နိုင်ငံများသို့ ပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများသွားရောက်ခဲ့။
- မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူလျက်ရှိ။
- Business Management Strategy in Myanmar ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲများတွင် မကြာခဏဟောပြောဆွေးနွေးလျက်ရှိ။
- ခင်ပွန်းဖြစ်သူမှာ ဒုတိယဗိုလ်မှူးကြီးအောင်ညွန့် (ငြိမ်း) (အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း) ဖြစ်ပြီး သမီးတစ်ဦး ထွန်းကားခဲ့။
- **ဆက်သွယ်ရန်လိပ်စာ**

အမှတ်– ၃၅ (D)၊ ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၆၅၀၈၃၈၊ ၆၆၀၉၁၉၊ ၀၉–၅၁၅၇၉၆၄

# တွေ့ဆုံဆွေးနွေးမှုများ

## ၄-၁-၂၀၀၉

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်မစ္စတာကွမ်မုသည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၆-၁-၂၀၀၉

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်မစ္စတာကွမ်မုသည် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၈-၁-၂၀၀၉

* အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Centre for Biodiversity - ACB) မှ အမှုဆောင်ဒါရိုက်တာ Mr. Rodrigo Urdaneta Fuentes နှင့်အဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် ပါတီအတွင်းရေးမှူး Mr.Guo Sheng Kun သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တွေ့ဆုံဆွေးနွေး။

## ၉-၁-၂၀၀၉

* နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ဦးဆောင် သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေး မှူးချုပ် Ms.Fan Xiao U နှင့်လည်းကောင်း၊ နန်နင်းမြို့ မြို့တော်ဝန် Mr.Huang Fang နှင့်လည်းကောင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၃-၁-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ အတွင်းဝန်နှင့် အိန္ဒိယသမ္မတနိုင်ငံ Indo-Myanmar Chamber of Commerce & Industries မှကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၁-၂၀၀၉

* အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Indo-Myanmar Chamber of Commerce & Industries မှ Mr.G.L Goenka နှင့်အဖွဲ့ သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေး နွေး။

## ၁၅-၁-၂၀၀၉

* အိန္ဒိယသမ္မတနိုင်ငံ Indo-Myanmar Chamber of Commerce & Industries မှ ဥက္ကဋ္ဌ Mr.G.L.Goenka ခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦးပါ အိန္ဒိယကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေး နွေး။

## ၁၇-၁-၂၀၀၉

* International Development Enterprises (IDE) အဖွဲ့မှ Mr.David Dapcie ဦးဆောင်သော စီးပွားရေးပညာရှင်အဖွဲ့ သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး နှင့် တွေ့ဆုံဆွေးနွေး။

## ၁၈-၁-၂၀၀၉

* မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံ အဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ (HLEG) ၏ သတ္တမအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ် ကြသော သဘာပတိ ထိုင်းနိုင်ငံမှ Mr.Vasin Teera-vechyan၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ Ms.Hij.Nor Hashi-ma Hj-Mohd Taib ၊ ကမ္ဘောဒီးယားနိုင်ငံမှ Mr.Sok Khavan၊ အင်ဒိုနီးရှား သမ္မတနိုင်ငံမှ Mr.Rachmat Butiman၊ လာအိုပြည်သူ့ဒီမိုက ရက်တစ်သမ္မတနိုင်ငံမှ Mr.Kham Kheuang Bounteum၊ မလေးရှားနိုင်ငံမှ Ms.Noor Farida Ariffin၊ ဖိလစ်ပိုင်သမ္မတ နိုင်ငံမှ Mr.Jose Eduardo Malaya ၊ စင်ကာပူသမ္မတနိုင်ငံမှ Mr.Jeffrey Chan နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr.Nguyen Xuan Thuy၊ အာဆီယံအဆင့်မြင့် ဥပဒေရေးရာ

ကျွမ်းကျင်သူများအဖွဲ့ အတွင်းရေးမှူး Dr.Temsak Chaler-mpalanupap တို့သည် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် နှင့်တွေ့ဆုံဆွေးနွေး။

## ၁၉-၁-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Agricultural Mechanization Sciences မှ Mr.Xia baolin ဦးဆောင်သောအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၁-၂၀၀၉

* နော်ဝေနိုင်ငံ ပတ်ဝန်းကျင်နှင့်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Erik Gudbrand Solheimi ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Ms.Ulla Pedersen Tornaes နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေး။

## ၂၃-၁-၂၀၀၉

* တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel, Gao Tiejun တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တွေ့ဆုံဆွေးနွေး။
* ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် International Organization for Migration (IOM) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mme. Ndioro Ndiaye နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Mrs. Irena Vojackova Sollorano တို့သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၆-၁-၂၀၀၉

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | SOSUCO နံရံကပ်ကြွေပြား (ထိုင်း) | FOCUS ENTERPRISE CO., LTD. အမှတ်–၂၃၈၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၆၀၉၊ ၅၂၄၉၁၇၊ ၅၂၄၉၁၃ | ဒေါ်အေးအေးမော် (Marketing Manager) | မရှိ |
| ၂။ | Thermaflex လေအေးပေးစက် ဆက်စပ်ပစ္စည်းများ (ထိုင်း) | GLORY ROYAL DIMOND (GRD) CO., LTD. အခန်းအမှတ်– A-၁၀/၂၀၊ Land Mark တာဝါ၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၇၀၉၅၊ ဖက်စ်–၅၅၇၀၉၅ E-mail: grddiamond@myanmar.com.mm | ဦးသန်းဝင်း (Managing Director) | စီစဉ်ဆဲ |
| ၃။ | EDI Secure Direct Card Printer (မလေးရှား) | P.A.G CO., LTD. အမှတ်–၁၈၉–၁၉၂ (C)၊ မြေညီထပ်၊ နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၅၉၅၀၊ ၂၉၆၆၆၇၊ ၇၂၂၈၉၇ ဖက်စ် – ၂၉၆၆၆၇ E-mail:pagcompany@myanmar.com.mm | ဦးကြည်မင်း (Managing Director) | မရှိ |
| ၄။ | Year Con အိတ်အမျိုးမျိုး (ဟောင်ကောင်) | HLWAN MOE THU CO., LTD. အမှတ်–၁/၆၊ စပယ်လမ်းနှင့် ၆ လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၃၁၉၄၊ ၇၁၀၇၁၈ E-mail: hlwanmoethu007@gmail.com | ဒေါ်ခင်မျိုးသက် (Managing Director) | စီစဉ်ဆဲ |
| ၅။ | Panasonic သစ်သီးဖျော်ရည်စက် (ဂျပန်) | INFINITY INVESTMENT CO., LTD. အမှတ်–၄၈၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၂၄၆၄၊ ၂၄၉၁၆၂ E-mail: infinity@myanmar.com.mm | ဒေါ်ခင်မာလွင် (Marketing Executive) | INFINITY INVESTMENT CO., LTD. အမှတ်–၁၅၀ (4)၊ ၂၇ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၆၅၁၈၂ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

# စျေးဝယ်လမ်းညွှန်

အမှတ် ၁၆၄ ၂၀၀၉ ခုနှစ်၊ မတ်

## Online ကနေ PDF File အမြန်ဆုံးပြောင်းမယ်

File မျိုးစုံကို PDF File ပြောင်းဖို့ အရေးပေါ်လိုအပ်သူတွေအတွက် Software အသင့်ရှိထားစရာမလိုဘဲ Online ကနေ PDF File ပြောင်းနိုင်မယ့်နည်းလမ်းကို လမ်းညွှန်လိုက်ပါတယ်။ www. freepdfconvert.com ကနေဝင်ပြီး သုံးနိုင်ပါတယ်။ ဒီ Site ကို ဝင်ရတာလည်းလွယ် အလုပ်အင်မတန်ရှုပ်တဲ့ Register လုပ်ရတဲ့ Process တွေလည်းမလိုဘဲ မြန်မြန်ဝင် မြန်မြန်သုံးနိုင်တာမို့ လမ်းညွှန်လိုက်ရခြင်းပါ။

ကိုယ့်စက်မှာ PDF ပြောင်းတဲ့ Software ရှိထားပြီးဖြစ်ပေမယ့် ရောက်ရာအရပ်မှာ စက်ပါမသွားဘဲသုံးရင်း PDF File ပြောင်းဖို့လိုလာရင် ဘာ Software ကိုမှ အချိန်ကုန်ခံ Download လုပ်နေစရာမလိုဘဲ ခုနက Site ထဲကိုသွား၊ ချက်ချင်းတန်းပြီး Convert လုပ်သုံးလိုက်ရုံပါပဲ။ Internet Cafe တွေမှာသုံးရင်း PDF File ပြောင်းဖို့လိုလာရင်လည်း ဆိုင်မှာ Software အသင့်မရှိတဲ့အခါမျိုးမှာ စိတ်ရှုပ်စရာမလိုတော့ဘူးပေါ့။

ပြောင်းနိုင်တာတွေကတော့ Word တို့ JPEG တို့ စတဲ့ File တွေကို PDF File အဖြစ် ပြောင်းနိုင်တာနဲ့ Web Page တွေကို PDF ပြောင်းနိုင်တာဖြစ်ပါတယ်။ ပြီးတော့ PDF တွေအဖြစ် Download လုပ်ထားတာတွေကနေလည်း တခြား File အဖြစ် ပြန်ပြီးပြောင်းနိုင်မှာ ဖြစ်ပါတယ်။

JPEG File တစ်ခုကို PDF File ပြောင်းမယ်ဆိုရင် ပထမဆုံး www.freepdfconvert.com ထဲကို ဝင်ရပါမယ်။

အဲဒီ ပထမဆုံးစာမျက်နှာမှာ ပေါ်နေတဲ့ ပြောင်းနိုင်တဲ့ပုံစံအမျိုးမျိုးထဲက




- Source to PDF ဆိုတဲ့ Menu ကို ရွေးလိုက်ပါ။
- ကိုယ်ပြောင်းချင်တဲ့ File ကို Browse ထဲကနေရွေးပါ။
- ကိုယ်လိုချင်တဲ့ E-mail address တစ်ခုထည့်ပါ။ (E-mail ဖွင့်ကြည့်စရာမလိုပါဘူး)
- Convert လုပ်ပါ။
- ပြီးသွားရင်
- Job Done!
- Click here to dowload files စတာတွေပါတဲ့ message box ကျလာပါလိမ့်မယ်။


အဲဒီအဆင့်တွေအားလုံးလုပ်ရတာ မြန်မြန်ဆန်ဆန်နဲ့ပြီးသွားတာ တွေ့ရပါတယ်။ Power Point File တွေ၊ Web Page တွေကိုလည်း PDF File အဖြစ်ပြောင်းနိုင်လို့ သုံးရတာအဆင်ပြေတဲ့ Site တစ်ခုအဖြစ် ဝေမျှလိုက်ပါတယ်။

တစ်ခုသတိပေးချင်တာက မေ့တတ်တဲ့သူတွေအနေနဲ့ အရေးပေါ်သုံးလိုတဲ့အခါ ဒီ freepdfconvert ဆိုတဲ့ Site ရဲ့ နာမည်ကို မမေ့နိုင်အောင် ကိုယ့် Mail ထဲကို ကြိုတင်ထည့်ထားတာ ဒါမှမဟုတ် esnips တို့လို ကိုယ်ရဲ့ Onlinespace မှာ Site ရဲ့နာမည်ကို ကြိုတင်သိမ်းထားတာတို့ လုပ်ထားဖို့တော့လိုမယ်လို့ ဆိုပါရစေ။

# ကတ်ပြားတွေကို ရုံးတွင်းမှာပဲထုတ်ယူနိုင်တဲ့ DCP 240 + DCP 340 + Direct Card Printer

လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ရပ်မှာပဲဖြစ်ဖြစ် အမြဲချိတ်ဆွဲထားရတဲ့ ID ကတ်၊ Member ကတ်တွေကို ကိုယ့်ရုံးတွင်းမှာပဲ တစ်ခဏချင်းထုတ်ယူလို့ရတဲ့စက်ပစ္စည်းတစ်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ရာထူးအဆင့်ကတ်ပြား၊ ဝန်ထမ်းကတ်၊ ကျောင်းသားကတ်တွေကအစ လက်ဆောင်ပစ္စည်းကတ်ပြားတွေအထိ ကိုယ့်ဘာသာအလွယ်တကူထုတ်ယူလို့ ရနေပါပြီ။

အဖြူ အမည်း ကာလာတစ်မျိုးတည်းဖြစ်ဖြစ်၊ ကာလာအပြည့် (Full Colour) ပဲဖြစ်ဖြစ် ကြည်လင်ပြတ်သားတဲ့ အရည်အသွေးမြင့် ကတ်တွေကို ရိုက်နှိပ်အသုံးပြုနိုင်ပါတယ်။ ဒီကတ်ပရင်တာကို အမေရိကန်နဲ့ ဂျာမနီနည်းပညာတွေကို အသုံးပြုပြီး မလေးရှားနိုင်ငံမှာ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှာ စတင်ပြီး PAG Co., Ltd. က တစ်ဦးတည်းကိုယ်စားလှယ်ယူ ဖြန့်ချိရောင်းချပေးနေတာပါ။ FEC 2490 နဲ့ ၁၈၉–၁၉၂ (စီ)၊ မြေညီထပ်၊ နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်မှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။




# စင်ကာပူမှာနေဖို့ အိမ်ခန်းရှာနေသလား

စီးပွားရေး၊ ပညာရေး အကြောင်းအမျိုးမျိုးနဲ့ မြန်မာတွေ သွားရောက်နေထိုင်မှုများပြားနေတဲ့စင်ကာပူမှာ နေထိုင်ရေးအတွက် အိမ်ခန်းရှာဖို့ မလွဲမသွေ လိုအပ်ကြတာကြောင့် အိမ်ခန်းအလွယ်တကူရှာနိုင်မယ့် Website တစ်ခုကို လမ်းညွှန်လိုပါတယ်။ ဒီ Website ထဲမှာ အမျိုးသမီးနေနိုင်တဲ့အခန်း၊ အမျိုးသားနေနိုင်တဲ့အခန်း၊ ဇနီးမောင်နှံတွေနေနိုင်တဲ့အခန်းဆိုပြီး ရွေးချယ်ငှားရမ်းနေနိုင်တဲ့ အခန်းတွေကို ခွဲခြားဖော်ပြထားပါတယ်။ ဒီလိုဖော်ပြရာမှာ အခန်းရဲ့တည်နေရာ၊ အသုံးပြုနိုင်တဲ့ Facility၊ ခရီးလမ်းသင့်မှုအနေအထား စတဲ့ အသေးစိတ်အချက်အလက်တွေကို တစ်ခန်းချင်းစီအတွက်ဖော်ပြထားတာမို့ စဉ်းစားရွေးချယ်နိုင်တဲ့အပြင် မိမိသိလိုတာတွေ၊ လိုချင်တဲ့အခန်းအနေအထားတွေကို ဆက်သွယ်မေးမြန်းရယူနိုင်ပါတယ်။ ဒါတွေကို ပြည့်ပြည့်စုံစုံသိဖို့အတွက်–

www.myanmaroom.com ကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# etm football SMS

နိုင်ငံတကာဘောလုံးပွဲချစ်သူတွေ အကြိုက်တွေ့စေမယ့် etm football SMS စနစ် စတင်နေပါပြီ။ GSM ဖုန်းထဲကို နိုင်ငံတကာဘောလုံးပွဲတွေအတွက် ကြိုတင်ခန့်မှန်းချက်၊ ဘောလုံးပွဲတစ်လျှောက် ပထမပိုင်းမှာ ဘယ်နှဂိုး၊ ပွဲအပြီးမှာ ဘယ်နှဂိုးဆိုပြီး TV ကြည့်စရာမလိုဘဲ အချိန်နဲ့တစ်ပြေးညီ ဖုန်းထဲအရောက် ပို့ပေးလျက်ရှိပါတယ်။ ဘောလုံးပွဲစဉ်များကို Premier League သက်သက်လည်းကောင်း၊ Package လိုက်လည်းကောင်း Customer အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အပြင် Promotion တွေလည်း ပေးနေတာမို့ စိတ်ဝင်စားသူတွေအနေနဲ့–

ရန်ကုန် ဖုန်း–၆၅၂၂၈၃၊ ၅၀၇၁၅၃ နဲ့

မန္တလေး ဖုန်း–၀၉–၅၁၉၅၂၂၂ တို့ကို ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။

# လုပ်ငန်းသစ်၊ ဆိုင်သစ်

❑ **abc Convenience Mart ဆိုင်ခွဲ (၄)**
အမှတ်-၅၆၊ ရေကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

❑ **abc Convenience Mart ဆိုင်ခွဲ (၅)**
အမှတ်-၄၉၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

❑ **လာဘ်ပွင့်သူ (အမျိုးသမီးသီးသန့်)**
**Beauty Spa & Body Fitness Center**
တိုက်အမှတ်-၁၂၆/၁၂၈၊ A(၈) ယူနိုက်တက်ကွန်ဒို၊ ၅၁ လမ်း (အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၉၅၅၈၉၊ ၂၉၁၄၈၈၊ ၀၉-၅၀၄၂၂၆၉၅

❑ **The Enchanted Beauty & Cosmetic Store**
အမှတ်-၃၅ (B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

❑ **Billionaire Girls Collection**
အမှတ်-၃၄၈၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

❑ **ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက် အရောင်းပြခန်း (၂)**
**(Panasonic, Sakura, Orchid)**
အမှတ်-(A)၊ မြေညီထပ်၊ မင်္ဂလာဈေးသစ်၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၁၁၂၂

❑ **FAME ဆေးဝါးများ အရောင်းဆိုင်**
အမှတ်(၁) ဈေးဆိုင်ခန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၊ ဘာတာမှတ်တိုင်အနီး၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

❑ **IAN Recreation and Fitness Club**
**(အဆင့်မြင့်ရေကူးကန်သစ်နှင့် ရေကူးသင်တန်းသစ်)**
ချမ်းသာဂုဏ်ရောင်အဆင့်မြင့်ကွန်ဒို၊ ၆၅/၇၀၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၄၈၀၅၊ ၅၄၄၈၃၉၊ ၀၉-၅၀၀၈၄၅၇၊ ၀၉-၉၉၂၂၆၀၀၊ ၀၉-၉၉၂၆၇၉၇

❑ **အောင်ချမ်းသာ ဆန်လက်လီ/လက်ကားရောင်းဝယ်ရေး (မြောက်ဥက္ကလာပမြို့နယ် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစု လီမိတက်)**
ခေမာသီလမ်းနှင့် ရတနာသိင်္ဂီဈေးပတ်လမ်းထောင့်၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

❑ **ARKAR Electronics**
အမှတ်-၁၂၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ မဟာဗန္ဓုလပန်းခြံရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၆၉၉၇

❑ **Mobile Corner (One Stop Convenience Mobile Shop)**
အခန်းအမှတ်-၂၁၀(B)၊ ပ-လွှာ၊ Capital Hyper Market ဒေါပုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၃၁၃၈၊ ၅၅၃၁၃၄၊ လိုင်းခွဲ-၂၁၀



- **Gold Star**

**ကြေပြား၊ ကျောက်ပြားမျိုးစုံနှင့် ရေချိုးခန်းသုံး ပစ္စည်းများ အရောင်းပြခန်း**

– အမှတ်–ဖ၇၈၊ ပြည်လမ်း၊ ၁၀ မိုင်၊ လေဆိပ်မီးပွိုင့်အနီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၆၄၅၄၈၊ ၀၉–၅၁၂၇၇၀၄

Email: goldstar.yangon@gmail.com

– အမှတ်–၁၆၁ (A)၊ ၃၂ လမ်း၊ ၈၂ × ၈၃ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၃၈၅၈၊ ၇၁၁၉၈၊ ၀၉–၂၀၀၁၆၄၂၊ ၀၉–၅၀၁၈၄၇၇

– အမှတ်–၁၁၊ ဘုန်းကြီးလမ်း၊ ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၂၆၂၉၉၊ ၀၉၅၁၁၄၂၀၅

- **STAR-TECH AUTHORIZED SERVICE CENTER**

အခန်းအမှတ်–၃၅၂၊ တိုက်–၁၀၁/၁၀၂၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၃၉၄၂၇၀၊ ၃၈၄၀၁၇ ဖက်စ်–၅၇၉၆၈၃

Email : sales@stawr-tech-info

- **PHOENIX (Entertainment News Journal)**

အမှတ်–၁၂၂၊ ဒုတိယထပ်၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၅၇၃၉

- **Hi Hair Beauty & Spa**

အမှတ်–၇၉၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

- **Apostrophe Art Gallery**

အမှတ်–၁၄၀၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

# ကတ်စနစ်နဲ့ ဈေးလျှော့ပေးမယ့် မိုဘိုင်းလ်ဖုန်းဆိုင်သစ်

ဝယ်ယူတဲ့ပမာဏပေါ်မူတည်ပြီး Silver Card, Golden Card စတဲ့ Discount card တွေ စီစဉ်ပေးထားမယ်ဆိုတဲ့ Mobile Corner ကို လမ်းညွှန်လိုပါတယ်။ ဒီ Discount Card တွေက ရရှိမယ့်ခံစားခွင့်တွေကို ကိုယ်တစ်ယောက်တည်းသာမက မိသားစုနဲ့ မိတ်ဆွေတွေပါ ခံစားခွင့်ရမယ်လို့ဆိုပါတယ်။ ဒီဆိုင်ကို Nokia အမှတ်တံဆိပ် Handset တွေတင်သွင်းတဲ့ Mobilemate Telecommunication Co., Ltd. က လွန်ခဲ့တဲ့ ဇန်နဝါရီလလယ်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ Nokia အမှတ်တံဆိပ် Handset တွေအပြင် Sony Ericsson, Samsung အမှတ်တံဆိပ် Handset တွေကိုပါ ရောင်းချပေးသွားမယ်လို့ ဆိုပါတယ်။ CDMA နဲ့ CDMA 450 MHZ Handset တွေကိုလည်း ဝယ်ယူနိုင်မှာပါ။

ဆိုင်လိပ်စာကတော့–

**Mobile Corner (Capital Hypermarket)**

ဒုတိယထပ်၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။



## နေရာပြောင်း၊ လိပ်စာသစ်

- **ပါဝါ စိန်ရွှေရတနာဆိုင်**
  အမှတ်−၀၁−၀၂၊ တိုက် (A)၊ လမ်းမတော်ကွန်ဒို၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မီးပွိုင့်အနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

- **Saya Wallace B.Sc C.S.C (AUSTRALIA) SPOKEN ENGLISH WITH GRAMMAR**
  အမှတ်−၆၇၇၊ ၄ လွှာ၊ မဟာဗန္ဓုလလမ်း၊ ၁၉ လမ်းနှင့် လမ်း၂၀ကြား (ဟုန်လီရွှေဆိုင်ဘေး)၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း−၇၀၆၅၁၉၊ ၅၅၀၃၀၄

## နေပြည်တော်မှာ အီလက်ထရွန်နစ်ပစ္စည်း ဝယ်မလား

ကမ္ဘာ့စီးပွားကျကပ်အရှိန်ကြောင့် အီလက်ထရွန်နစ်ပစ္စည်း ဈေးကွက်မှာ ရောင်းလိုအားတွေ၊ ဝယ်လိုအားတွေ ကျနေတယ် ဆိုပေမယ့်လည်း လူဦးရေတစ်စထက်တစ်စများပြားလာပြီး ဈေးကြီးတွေ၊ တိရစ္ဆာန်ရုံတို့၊ ရေပန်းဥယျာဉ်တို့ ဖွင့်လှစ်လာတဲ့ နေပြည်တော်မှာ ဇိမ်ခံပစ္စည်းအနေနဲ့ တကယ်လိုအပ်လို့ ဝယ်ယူလိုသူတွေအတွက် အီလက်ထရွန်နစ်ပစ္စည်းရောင်းချပေးတဲ့ နေပြည်တော် ပျဉ်းမနားနဲ့ နေပြည်တော် လယ်ဝေးက ဆိုင်တချို့ကို လက်လှမ်းမီသလောက် စုစည်းလမ်းညွှန်ပေးလိုက်ပါတယ်။ ဝယ်ယူလိုသူတွေအနေနဲ့ ပစ္စည်းအမျိုးအစား၊ အာမခံချက်၊ ဈေးနှုန်းတွေကိုတော့ သေသေချာချာ မေးမြန်းဝယ်ယူဖို့တော့ လိုအပ်မှာပါ။

- **ရှိုးမင်း (Shown Man)**
  မီးသတ်စခန်းရှေ့၊ လယ်ဝေး။ ဖုန်း−၀၆၇−၃၀၀၀၆

- **လင်းလတ်**
  လမ်းမတော်လမ်း၊ လယ်ဝေး။ ဖုန်း−၀၆၇−၃၀၁၁၈

- **နေပြည်တော်အီလက်ထရွန်နစ်**
  ၇−၂၉/၃၀၊ နေပြည်တော် မြို့မဈေး၊ နေပြည်တော်။
  ဖုန်း−၀၆၇−၄၂၀၃၉၉

- **ဖြိုးဖြိုးကြွယ်**
  ၃/၅၄၊ ဗိုလ်လက်ျာလမ်းနှင့် (၇) လမ်းထောင့်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနား။ ဖုန်း−၀၆၇−၂၁၂၇၇

- **ရွှေမြေ**
  ၄/၁၊ ဗိုလ်ချုပ်လမ်း၊ ငွေဆောင်ရုပ်ရှင်ရုံရှေ့၊ ရွှေချီရပ်၊ ပျဉ်းမနား။ ဖုန်း−၀၆၇−၂၂၅၃၀

- **ပြည့်ဖြိုး**
  အမှတ်−၁၊ မြို့မဈေး၊ အနောက်ပေါက်၊ ပျဉ်းမနား။
  ဖုန်း−၀၆၇−၂၁၃၀၅

- **တီဇက် (T.Z)**
  ၂/၃ (ဘီ)၊ ဗိုလ်ချုပ်လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနား။
  ဖုန်း−၀၆၇−၂၂၃၀၇



# Decoration ပစ္စည်းလှလှလေးတွေ ဝယ်နိုင်မယ့်နေရာ

နေအိမ်အသစ်ဆောက်လုပ်နေဆဲသူတွေ၊ တိုက်ခန်းအသစ်ဝယ်ယူထားသူတွေ၊ ကိုယ့်ရဲ့အိမ်ခန်းလေးတွေကို ပစ္စည်းလှလှလေးတွေနဲ့အလှဆင်လိုသူတွေအတွက် Decoration ပစ္စည်းလှလှလေးတွေဝယ်ယူနိုင်မယ့်နေရာတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။

အဲဒီမှာ နိုင်ငံတကာအဆင့်မီ ISO လက်မှတ်ရပစ္စည်းလေးတွေကိုပဲရောင်းချပေးတာဖြစ်တယ်လို့ သိရပါတယ်။

အဆင်အသွေးစုံတဲ့ ဒီဇိုင်းဆန်းတဲ့ နံရံကပ်၊ ကြမ်းခင်းကြွေပြားလှလှလေးတွေ၊ စင်ကြယ်သန့်ရှင်းပြီး စိတ်ကိုသက်သောင့်သက်သာဖြစ်စေတဲ့ဒီဇိုင်းလေးနဲ့ လက်ဆေးကန် (Basin) နဲ့ Toilet လေးတွေရဲ့ ပန်းဒီဇိုင်းစုံလင်တဲ့ Sanitary Ware တွေပါရနိုင်တာမို့ အလှအပမြတ်နိုးသူတွေအတွက် လမ်းညွှန်ပေးလိုက်ရခြင်းပါ။ ဆန်းသစ်တဲ့ဒီဇိုင်းအတော်များများရနိုင်တဲ့အပြင် ရေချိုးကန်ကျယ်ကျယ်လှလှလေးတွေပါရနိုင်တာမို့ Beauty Spa လုပ်ကိုင်နေသူလုပ်ငန်းရှင်တွေနဲ့ အိမ်အလှဆင်လုပ်ငန်းလုပ်ကိုင်နေသူတွေအတွက် ပါသွားရောက်လေ့လာကြည့်ရှုဝယ်ယူသင့်တဲ့ နေရာတစ်ခုပါ။

လိပ်စာ – **SHINING HOME**

Central တာဝါ၊ အမှတ်–၀၀၅/၀၀၆၊
လမ်း ၄၀ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း–၃၈၁၃၉၈၄၊ ၃၈၁၃၉၈၅၊ Fax-၃၈၁၃၉၈၆
E-mail: shininghome2008@gmail.com

# အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးနေတဲ့ Effort

ဂျာနယ်၊ မဂ္ဂဇင်းတွေကိုသွားရောက်ဝယ်ယူဖို့ အချိန်ကုန်မခံလိုသူတွေအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုနဲ့ အရင်ချိတ်ဆက်ဖို့လိုပါတယ်။ အဲဒီလိုဖတ်ချင်ရင်တော့ ဖုန်းလေးတစ်ချက်သာဆက်လိုက်ပါလို့ Effort က ဆိုထားပါတယ်။ ဂျာနယ်၊ မဂ္ဂဇင်းတွေကို လပေးစနစ်နဲ့ အိမ်အရောက်ဖြန့်ချိပေးတဲ့အပြင် အခြားဝန်ဆောင်မှုတွေအနေနဲ့ မင်္ဂလာဆောင်ဖိတ်စာ၊ မွေးနေ့နဲ့ ရတုစုံအခမ်းအနားဖိတ်စာ နှစ်ပတ်လည်အခမ်းအနား၊ အစည်းအဝေးဖိတ်စာ စတဲ့ မိမိပို့လိုတဲ့ဖိတ်စာတွေကို အချိန်မီလိုရာရောက်နိုင်အောင်လည်း ဆောင်ရွက်ပေးမယ်လို့ ဆိုထားပါတယ်။

ဒါ့အပြင် စာရွက်ဖိတ်စာမဟုတ်တဲ့ အလှကုန်ပစ္စည်း၊ ခွင့်ပြုအိမ်သုံးဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေကိုလည်း တာဝန်ယူပို့ပေးနေတာတွေ့ရပါတယ်။ ထူးခြားတဲ့ဝန်ဆောင်မှုအနေနဲ့ စာစောင်တွေမှာ ကြော်ငြာချင်ရင်လည်း ဖုန်းဆက်လိုက်ရုံနဲ့ အပ်နှံသူကျေနပ်သည်အထိ ဆောင်ရွက်ပေးမယ်လို့ ဆိုထားပါတယ်။ ဂျာနယ်ထွက်ရက်နဲ့ ကိုယ့်ဆီရောက်မယ့်အချိန်၊ ပေးနိုင်မယ့်ဝန်ဆောင်မှုစတာတွေကို ကြိုတင်ပြီး အသေအချာမေးမြန်းစုံစမ်းနိုင်အောင်လို့ ဆက်သွယ်နိုင်မယ့်ဖုန်းနံပါတ်ကို ဖော်ပြပေးလိုက်ပါတယ်။

ဆက်သွယ်ရန် – **Effort Distribution Service**

၀၉–၅၁၄၅၇၂၇ ၀၉–၅၀၀၈၉၈၈၊ ၃၇၈၃၈၉



# နွေရာသီဖြတ်သန်းဖို့

ဂိမာန်နွေအခါသမယကို ယခုနှစ်မှာလည်း ရောက်ရှိလို့လာပြန်ပါပြီ။ ဒီကာလရဲ့ထူးခြားတဲ့အငွေ့အသက်ကို ကျောင်းသားလူငယ်နဲ့ကလေးတွေ ပိုပြီးခံစားကြရမှာပါ။ ဘာကြောင့်လဲဆိုတော့ ကျောင်းပိတ်ရက်အားလပ်ရက်ကာလများဖြစ်နေလို့ပါပဲ။ ရောက်ရှိလာတဲ့အချိန်ကာလနဲ့ လိုက်လျောညီထွေရှိပြီး အချိန်ကို အကျိုးရှိစေမယ့် နည်းလမ်းတွေကို ဒီကာလကိုဖြတ်သန်းဖို့ရာ သူတို့လေးတွေအတွက် ပိုပြီးအရေးကြီးပါတယ်။ တစ်နှစ်တာကာလပတ်လုံး ကျောင်းသင်ခန်းစာတွေနဲ့ နေထိုင်ခဲ့ရတဲ့သူတွေအဖို့ အသွင်ကွဲတဲ့ သင်ယူမှုတွေကို ရယူသင့်ပါတယ်။ ဒါ့ကြောင့် စိတ်ဝင်စားစရာ ရွေးချယ်တက်ရောက်နိုင်မယ့် သင်တန်းအချို့နှင့် နွေရာသီနှင့်သက်ဆိုင်ရာအချို့တို့ကို ဖော်ပြပေးလိုက်ပါတယ်။

## ချည်ထည်ဖက်ရှင်

နွေရာသီမှာ ရာသီဥတုဒဏ်ခံနိုင်ပြီး ကျန်းမာရေးနဲ့ညီတဲ့ ဝတ်စားဆင်ယင်မှုမျိုးနဲ့ ဖြတ်သန်းချင်ကြမှာပါ။ ဖက်ရှင်ဒီဇိုင်းကပါ ဆန်းသစ်နေရင် ပိုကောင်းတာပေါ့။ ဒါ့ကြောင့် ချည်ထည်ဖက်ရှင် အဝတ်အထည်တွေဝတ်ဆင်နိုင်ဖို့ လမ်းညွှန်ပေးလိုက်ပါတယ်။

❑ **Tatee**
အမှတ်-၈၂၊ ၃ ထပ်၊ FMI Centre၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၆၉၇၇၊ ၂၄၀၄၀၀ (လိုင်းခွဲ-၁၃၈၂)
E-mail: tatee@yangon.net.mm
www.tatee.com

❑ **SHAYI Myanmar Cotton & Traditional Fashion House**
အမှတ်-၂၄/၃၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၃၉၁၂၊ ၂၅၀၁၇၇၊ ၂၅၃၉၁၀

❑ **ဧကရီချည်ထည်ဆန်းများ**
အမှတ်-၂၈၂၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၈၄၆၉

❑ **နှင်းမဟူရာ Cotton Fashion**
အမှတ်-၄/၁၊ ဇောခိရိပ်သာ၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၅၆၂၃

❑ **ဂျင်းဖောမယ်လေး ပြည်တွင်းဖြစ်ချည်ထည်အမျိုးမျိုးနှင့် ပိုးထည်ဆိုင်**
အမှတ်-၉၃/၉၄၊ ဗဟိုဈေးရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ-၃၀၆)

❑ **အန်တီသွယ် Cotton World**
– အမှတ် ၄၀၊ အရှေ့ (ဒီ) ရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ-၆၄၈)
– L-2၊ ဒုတိယထပ်၊ ယုဇနပလာဇာ။

## အင်တာနက်သုံးတတ်ဖို့

ကမ္ဘာလုံးဆိုင်ရာအမြန်လမ်းမပေါ်ကို တက်ရောက်ဖို့ရာ ဒီလိုအားလပ်ရက်မှာ အချိန်လေးနည်းနည်းပေးပြီး အင်တာနက်နဲ့ ထိတွေ့ကြည့်ရင်မကောင်းဘူးလား။ အသိပညာသစ်တွေ၊ အမြင်သစ်တွေရနိုင်ဖို့လေ။

❑ **Service +**
အမှတ်-၂၃၆၊ ၄ (စီ)၊ ရတနာလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၀၄၅၇

❑ **First and Fast Computer & Network Services**
ဖုန်း-၃၈၈၂၄၄ (လိုင်းခွဲ-၁၀၄)

❑ **Comet Net**
အမှတ်-၃၄၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၇၅၃၉

❑ **Mother Home**
အမှတ်-၁၁၉(A)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၃၆၃၅၄

## ပန်းချီဆွဲမယ်

ဒါကလည်း နွေရာသီကာလမှာ မြည်းစမ်းကြည့်ချင်စရာတစ်ခုပါ။ စိတ်လွတ်လပ် ကျယ်ပြောဖို့၊ ဖွင့်ဟစီးမျောဖို့၊ ယဉ်ကျေးမှု အနုပညာတစ်ခုကို ချဉ်းကပ်ကြည့်ဖို့ပေါ့။

❑ **YAG Art Corner**
အမှတ်-၂၇၃ (5-B, 5-C)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၆၈၂၅

❑ **Art & Design Centre**
တိုက်-၄၂(B)၊ အခန်း-၁၀(A)၊ ၄ လွှာ၊
ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၀၄၃၈၀၂၊ ၀၉-၉၉၇၃၃၄၁၊ ၀၈-၈၀၂၀၃၅၅

## ဂီတသင်တန်း

စိတ်နှလုံးညွှတ်ပျောင်းစေမယ့် လေ့ကျင့်မှုမျိုးပေါ့။ ထိတွေ့နေသင့်တယ်လေ။ လူမှုဆက်ဆံရေးကိုလည်း အထောက်အကူပြုမှာပါ။

❑ **ဂီတမိတ် Music Center**
အမှတ်-၂၁၉၊ ကာယသုခလမ်း၊ ကန်ဘဲ့ဘုတာရုံလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်။

## နာရီ ၉၀ အထွန်းခံ LED မီးအိမ်

နာရီ ၉၀ အထိ အထွန်းခံနိုင်အောင် ချိန်ညှိလို့ရတဲ့ Hi-Q အမှတ်တံဆိပ် LED မီးအိမ်ပါ။ မီးလုံး ရှစ်လုံးထွန်းလျှင် နာရီ ၉၀ ခံမှာဖြစ်ပြီး ၁၆ လုံးထွန်းလျှင် ၄၅ နာရီ၊ ၂၄ လုံးထွန်းလျှင် နာရီ ၃၀ စသဖြင့် လိုသလိုချိန်ညှိနိုင်မှာပါ။ အားသွင်းချိန်ကတော့ ခုနစ်နာရီလောက်ကြာတဲ့အတွက် သာမန် LED မီးအိမ်တွေထက်တော့ အားသွင်းချိန်အနည်းငယ်ပိုကြာတယ်လို့ ဆိုရမှာပါ။ ရောင်းဈေးက ၁၂,၅၀၀ ကျပ်ပါ။ အရောင်းကိုယ်စားလှယ်ဆိုင်တွေမှာသာမက ဘယ်ဆိုင်မှာမဆို အဲဒီဈေးနဲ့ရနိုင်ပါတယ်။ အရောင်းကိုယ်စားလှယ်ဆိုင်က–

**(မန္တလေး) ဝင်းလိုက်အီလက်ထရောနစ်**

အမှတ်–၂၀၈၊ ၃၂ လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၅၄၅၇

- **Art Music Academy**
  အမှတ်–၅၅/၅၆ (တတိယထပ်)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၈၈၄၈
  E-mail:artmusic@myanmar.com.mm
- **Casio ဂီတသင်တန်းကျောင်း**
  အမှတ်–၃၀၇၊ အောက်ကြည့်မြင်တိုင်လမ်း (အလုံလမ်းထောင့်)၊ အလုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၁၁၆၁
- **Academy of Music**
  အမှတ်–၁၁၁၊ ၇ လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၈၃၃၉
- **နည်းသစ်စန္ဒရားပျိုးခင်း**
  အမှတ်–၁၇၊ ကနကမာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

### ရေကူးတတ်ချင်ရင်

ရာသီဥတုနဲ့ ကိုက်ညီပြီး ကျန်းမာရေးအတွက်လည်းကောင်းတဲ့အားကစားတစ်မျိုးပါ။ အရေးကြုံရင် အသက်ကယ်ဖို့လည်း ဖြစ် နိုင်တယ်နော်။

- **ရန်ကုန် ရေကူးအသင်း အမျိုးသားရေကူးကန်**
  အမှတ်–၅၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၇၈၅၅၀
- **ကုက္ကိုင်းရေကူးအသင်း**
  အမှတ်–၃၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၂၇၄၉
- **ကန်တော်ကြီးရေကူးကန်**
  မြေပဒေသာကျွန်း၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၄၂၆၆၊ ၇၂၃၇၁၇
- **ရန်ကုန်တက္ကသိုလ်ရေကူးကန်**
  အင်းလျားလမ်း၊ ဘွဲ့နှင်းသဘင်ခန်းမအနောက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

### ကုသိုလ်ယူဖို့

နွေရာသီကာလထဲမှာ အလှူဒါနပြုကြတာ၊ သာသနာ့ဘောင်တွင်း ဝင်ရောက်ကြတာတွေလည်း ပြုလုပ်လေ့ရှိတယ်မဟုတ်လား။ အတာကူးတဲ့တန်ခူးလမှာဆိုရင်လည်း သင်္ကြန်ပွဲမနွှဲဘူးဆိုရင် ကလေးရောလူကြီးပါ သာသနာ့ဘောင်ဝင်လေ့ရှိကြတယ်လေ။ ဒီတော့ သက်န်းပရိက္ခရာ လိုလာပြီပေါ့။

- **သမ္မတ နိဗ္ဗာန်ကုန်နှင့်သင်္ကန်းတိုက်**
  အမှတ်–၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။
  ဖုန်း–၅၄၅၃၉၅၊ ၀၉–၉၉–၂၄၃၆၃
- **ကမ္ဘာလုံးသင်္ကန်းတိုက်**
  အမှတ်–၅/၇၊
  အထက်ကြည့်မြင်တိုင်လမ်း (ဗားကရာကုန်းပေါ်) အိုးဘိုလမ်းထိပ်၊ ကြည့်မြင်တိုင်ရဲစခန်းအနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၅၆၉၀၊ ၀၉–၅၁–၅၃၄၁၅
- **ဂင်္ဂါသင်္ကန်းတိုက်**
  အမှတ်–(၄၉–၅၁)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၀၉၆၀၊ ၀၉–၅၁၁၁၇၁၅
- **ကြာငါးခိုင်သင်္ကန်းတိုက်**
  အမှတ်–၈၃၊ ပိတောက်ပင်လမ်းထိပ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၅၁၆၂
- **ကရဝိက်သင်္ကန်းတိုက်**
  အမှတ်–၁၂၇၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၉၈၂၅၄၇၉
- **ဣစ္ဆာသယ**
  အမှတ်–၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၆၂၄

## မြန်မာထမင်းဟင်း ချိုင့်ဆွဲစားလိုတဲ့ စင်ကာပူရောက် မြန်မာတွေအတွက်

မြန်မာတွေသွားရောက်မှုအများဆုံးနိုင်ငံတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ စင်ကာပူနိုင်ငံမှာ မြန်မာထမင်းဟင်းကို အလွယ်တကူ ဝယ်စားနိုင်တဲ့ဆိုင်တွေရှိပေမယ့်လည်း အားချိန်သိပ်မရတဲ့ မြန်မာလုပ်သားတွေ ဒါမှမဟုတ် မြန်မာကျောင်းသားတွေ ချိုင့်ဆွဲမှာစားလို့ရအောင် လမ်းညွှန်လိုက်ရခြင်းပါ။ ဒီဝန်ဆောင်မှုလေးက အသားဟင်းနှစ်မျိုး၊ အသီးအရွက်ဟင်း တစ်မျိုး၊ ဟင်းချိုတစ်ခွက် ပါဝင်မှာဖြစ်ပြီး တနင်္လာကနေ သောကြာနေ့အထိ ညစဉ် အိမ်အရောက်ပို့ပေးမယ့်အပြင် တခြား အထူးဟင်းလျာတွေလည်း မှာယူနိုင်မှာပါ။ တစ်ခုထူးခြားတာက ကိုယ်မှာစားလိုတဲ့ အစားအသောက်စာရင်းကို Online က www.sgkankaung.com မှာ ကြည့်ရှုနိုင်ပါတယ်။ မှာမယ်ဆို ရင်တော့ sales@sgkankaung. com ကို မှာကြားနိုင်တဲ့အပြင် ဖုန်း–၉၈၁၀၃၈၆၆၊ ၉၁၈၅၂၁၀၁ နဲ့ ၈၂၆၇၆၈၀၂ တို့ကို ဆက်သွယ်မှာယူနိုင်ပါတယ်။ ချိုင့်ဆွဲစားဖို့ စိတ်ကူးပြီးပြီဆိုရင်တော့ တစ်လ စင်ကာပူဒေါ်လာ ၉၀ ကျသင့်မယ်လို့ ဆိုပါတယ်။

## abc Convenicence Mart ဆိုင်ခွဲသစ်

ကျောင်းသားကျောင်းသူတွေအတွက် စာရေးကိရိယာမျိုးစုံ၊ ကလေးတွေအတွက် အစားအသောက်တွေနဲ့ ကစားစရာအရုပ်က လေးတွေရယ်၊ လူငယ်အကြိုက်ခေတ်ပေါ်ဖန်စီပစ္စည်းမျိုးစုံနဲ့အတူ အလှကုန်ပစ္စည်းတွေ၊ အိမ်ရှင်မတွေအတွက် အသုံးအဆောင်ပစ္စည်းတွေသာမက စားသောက်ကုန်၊ အိမ်မွေးတိရစ္ဆာန်အစားအစာတွေကို ဈေးနှုန်းသင့်တင့်ချိုသာစွာနဲ့ဝယ်ယူလို့ရအောင် နေရာလေးနှစ်ခုကို ညွှန်ပြပါရစေ။ ဆိုင်လိပ်စာတွေက abc Mart ရဲ့ဆိုင်ခွဲ အမှတ် (၄) ဖြစ်တဲ့ ဗိုလ်တထောင်မြို့နယ် ရေကျော်လမ်းမကြီး အမှတ် (၅၆) နဲ့ ကျောက်မြောင်း တာမွေမြို့နယ် ကျားကွက်သစ်လမ်းမကြီး အမှတ် (၄၉) မှာရှိတဲ့ ဆိုင်ခွဲအမှတ် (၅) တို့ပဲ ဖြစ်ပါတယ်။

# ပညာရေးလမ်းညွှန်

## Myanmar Study Abroad

ပညာသင်ဆုလျှောက်တော့မယ်ဆိုရင် Myanmar Study Abroad လို့ နာမည်ပေးထားတဲ့ www.myanmarstudy abroad. com ဆိုတဲ့ Website တစ်ခုကို ဝင်ကြည့်ဖို့ လိုပါမယ်။ ဝင်မကြည့်ရသေးဘူးဆိုရင်တော့ ဒီတစ်လ Living Color ရဲ့ပညာရေးလမ်းညွှန်ကနေ အမြည်းပေးလို့ တင်ပြလိုက်ပါရစေ။ ဒီ Website ဟာ ငွေကြေးအကုန်အကျအတော်ခံပြီး စနစ်တကျစုဆောင်းထားတဲ့ သုတေသနအချက်အလက်တွေနဲ့တည်ဆောက်ထားမှန်း သိသာပါတယ်။ ထူးခြားချက်တွေကတော့ အများကြီးပါ။ မြန်မာကျောင်းသားတွေ ရှာဖွေနေတဲ့ပညာသင်ဆုကို ဘွဲ့ကြို ဘွဲ့လွန် အစရှိတဲ့ပညာရေးပန်းတိုင် အဆင့်ဆင့်နဲ့ ခွဲခြားပြထားသလို ဘာသာရပ်အသီးသီးကို ခွဲခြားပြထားတာမျိုးလည်း ရှိပါတယ်။ ဒါ့အပြင် ပညာသင်ဆုရရှိနိုင်တဲ့ပညာရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများကိုပါ အသေးစိတ်ဖော်ပြထားပါတယ်။ ဒါ့အပြင် မြန်မာကျောင်းသားများအတွက် ပညာသင်ဆုပေးတဲ့ တက္ကသိုလ်တွေရဲ့အမည်နဲ့ ဒီကျောင်းတွေကချိတ်ဆက်ထားတဲ့ ပညာသင်ဆုပေးရေးအဖွဲ့အစည်းတွေကို ဖော်ပြထားပါတယ်။ ထူးခြားတာကတော့ ကျောင်းသားတွေအနေနဲ့ သိလိုရာရာကို တနင်္လာကနေ သောကြာနေ့အထိ Website မှ ပြထားတဲ့ Myanmar Study Abroad ရဲ့ About us ကိုသွားပြီး သိလိုရာရာကို ရုံးချိန်အတွင်း မေးမြန်းနိုင်ပါတယ်။ ဒီထက်အသေးစိတ်သိချင်ရင်တော့ sss myanmar@gmail. com ကို E-mail ပေးပို့လို့ စုံစမ်းနိုင်ပါတယ်။



# ၂၀၀၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | အောင်မြင်သော စွန့်ဦးတီထွင်သူများထံမှ အတုယူစရာများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၇၄၁၁၀၈ | ကြည်သူ | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | |
| ၂။ | နာဇီသူလျှိုကျော် ဗိုလ်ချုပ်ကြီးကနားရစ်<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၄၀၃၀၈ | ကျော်ထက်ထွန်း | ၅၀၀ | ၂၀၀၀ | ယဉ်မျိုး | ၂၀၀၉၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၃။ | မြန်မာ့မြေမှ အင်္ဂလိပ်-ဂျပန် တိုက်ပွဲများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၀၇၀၈၀၈ | သောင်းဝေဦး | ၅၀၀ | ၆၅၀၀ | မြရတနာ | ၂၀၀၉၊ မတ်လ (ပ-ကြိမ်) | စစ်မှတ်တမ်း |
| ၄။ | လူများ၊ သင်္ကရာဇ်များ-ဘဝ ၁၈၉၁-၁၉၁၇<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၉၄၇၁၂၈ | မြသန်းတင့် | ၅၀၀ | ၃၀၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဘာသာပြန် အတ္ထုပ္ပတ္တိ |
| ၅။ | သူရဲဘောကြောင်တဲ့လူညံ့<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၄၆၂၀၃၀၈ | မင်းခိုက်စိုးစန် | ၁၀၀၀ | ၂၃၀၀ | ကြောင်နှစ်ကောင် | ၂၀၀၉၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၆။ | ငတုံး<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၁၄၆၀၈၀၈ | နီကိုရဲ | ၁၀၀၀ | ၂၃၀၀ | ကြောင်နှစ်ကောင် | ၂၀၀၉၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | လုံးချင်းဝတ္ထု |
| ၇။ | စီးပွားရေးအတွေးအမြင်နှင့်အခြား ဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၅၆၁၁၀၈ | မောင်စူးစမ်း | ၅၀၀ | ၁၀၀၀ | Plastic Rainbow | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၈။ | ကိုဆေးရိုးဝတ္ထုတိုပေါင်းချုပ်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၉၁၅၁၂၀၈ | ဆင်ဖြူကျွန်း အောင်သိန်း | ၅၀၀ | ၁၂၀၀ | ပုဂံ | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ဝတ္ထုတို ပေါင်းချုပ် |
| ၉။ | မျိုးစေ့ကလေးမှသည် ဝေဆာစည်ပင်သောသစ်ပင်ကြီးသို့<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၄၄၀၁၂၀၈ | ဒေါက်တာ မတင်ဝင်း | ၅၀၀ | ၁၀၀၀ | နန့်ချစ်ကြည် | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ဆောင်းပါးများ |
| ၁၀။ | ဘေးတိုက်ဇာတ်လမ်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၈၉၆၀၈၀၈ | ကြည်ရွှန်း | ၅၀၀ | ၂၅၀၀ | လင်းလွန်းခင် | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ကမ္ဘာ့ရုပ်ရှင် ခံစားမှုများ |
| ၁၁။ | နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့် အနာဂတ်ဘဝအလားအလာများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၈၆၁၁၀၈ | ဒေါက်တာနေ | ၅၀၀ | ၁၀၀၀ | ချိုတေးသံ | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ပြည်ပပညာသင် လမ်းညွှန် |
| ၁၂။ | အရက်နှင့်ဆက်နွှယ်နေသော စိတ်ပိုင်းဆိုင်ရာပြဿနာများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၇၉၁၁၀၈ | မောင်မီးအိမ် | ၅၀၀ | ၂၀၀၀ | တူဒေး | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ကျန်းမာရေး |

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၃။ | ရုပ်ရှင်/ရုပ်မြင်တည်းဖြတ်မှုပညာ စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၇၄၀၇၀၈ | ထပ်ဆင့် အကယ်ဒမီ (တည်းဖြတ်) ဦးမြင့်ခိုင် | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ရုပ်ရှင် တည်းဖြတ်မှု ပညာရပ် |
| ၁၄။ | ဈေးကွက်စီးပွားရေးစနစ်နှင့် စီးပွားရေးပေါ်လစီ စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၃၅၁၁၀၈ | ဒေါက်တာ အောင်ကိုကို | ၁၀၀၀ | ၁၈၀၀ | ထက်ဝေယံ | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | စီးပွားရေး ပညာရပ် |
| ၁၅။ | ပစ်မှတ်အပြင်ဘက်မှစကားလုံးများ စာမူခွင့်ပြုချက်အမှတ်-၄၀၀၈၉၁၀၈၀၈ | ကျားပေါက် | ၅၀၀ | ၁၅၀၀ | ဆုပြည့်စုံထွန်း | ၂၀၀၉၊ ဇန်နဝါရီ (ပ-ကြိမ်) | ကိုယ်ပိုင် ခံစားမှုများ |
| ၁၆။ | နှစ်ပေါင်းလေးဆယ်ကြာသောခါဝယ် စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၅၃၁၀၀၈ | အဏ္ဏဝါစိုးမိုး | ၅၀၀ | ၃၀၀၀ | အဏ္ဏဝါ | ၂၀၀၉၊ (-) (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |

# စာအုပ်လမ်းညွှန်
Editor's Choice

## ဝတ္ထုတိုပေါင်းချုပ်သစ်
**သိန်းဖေမြင့်**

ဝတ္ထုတိုရေးသားခြင်းအတတ်၌ သူမတူအောင် ထူးချွန်သူအနည်းငယ်တွင် တစ်ယောက်အပါအဝင်ဖြစ်သည်ဟု မြန်မာစာပေပညာရှင်များ တညီတညွတ်တည်း လက်ခံထားရသော စာရေးဆရာသိန်းဖေမြင့်၏ တစ်ချိန်က ပုံနှိပ်ထုတ်ဝေထားပြီးဖြစ်သည့် ပုဂံစာအုပ်တိုက်ထုတ် ဝတ္ထုတိုပေါင်းချုပ်မှ ဝတ္ထုတိုများ၊ စာပေဗာဝဇာတ်လမ်းစုံ (၁) (၂) မှ ဝတ္ထုတိုများ၊ ၆၀ ကျော်မှရေးသားသောဝတ္ထုများမှ ဝတ္ထုတိုများ၊ ဆရာသိန်းဖေမြင့်ကိုယ်တိုင် ရှာမတွေ့ခဲ့သည့် ဝတ္ထုတိုများကိုစုစည်း၍ ဆရာသိန်းဖေမြင့်ကွယ်လွန်သည့် (၂၀) နှစ်မြောက်အမှတ်တရအဖြစ်ထုတ်ဝေခြင်း ဖြစ်သည်။

အဆိုပါ ဆရာသိန်းဖေမြင့်၏ဝတ္ထုတိုပေါင်းချုပ်သစ်တွင် ၁၉၃၃ ခုနှစ်မှ




၁၉၇၇ ခုနှစ်အထိ သတင်းစာ၊ မဂ္ဂဇင်းများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး အောင်မြင်မှုရခဲ့သည့်ဝတ္ထုတိုများကို ပြန်လည်စုစည်းဖော်ပြခြင်းဖြစ်ရာ လက်ကမချချင်လောက်အောင် ဖွဲ့ဆောင်နိုင်ကြောင်း တွေ့ရသည်။

ယင်းဝတ္ထုတိုများမှာ ချစ် ကြိုက် ကွဲ ညား ဇာတ်လမ်းများမဟုတ်ဘဲ ထိုခေတ်ထိုအခါက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများပေါ်တွင် ဇာတ်အိမ်တည် ပုံဖော်ရေးသားထားခြင်းဖြစ်ရာ သမိုင်းပုံရိပ် ထင်ဟပ်စေသည့် ဝတ္ထုတိုများဟုဆိုနိုင်မည်ထင်သည်။

ယင်းစာအုပ်ပါဝတ္ထုတိုအပုဒ်ရေ ၄၀ ကျော်ထဲမှ မင်းတိုင်ပင်၊ စစ်သည်တော်၊ ငါ့လင်နှင့် ငါ့ငွေတို့ကိုစုပေါင်း၍ ဝတ္ထုတိုများအဖြစ် တစ်ကြိမ်၊ စစ်သည်တော်၊ ငါ့လင်နှင့်ငါ့ငွေ၊ ရေနံ၊ သီချင်းဆို၍ငိုရသည်၊ အချိုရှာတမာတွေ့၊ လွတ်လပ်ရေးရတော့မှ အားလုံးကောင်းပါသည်ခင်ဗျား၊ တတိယတန်းမှာတစ်နေရာဟူသည့်ဝတ္ထုတိုများ စုပေါင်း၍တစ်ကြိမ် ဝတ္ထုတိုပေါင်းချုပ်အဖြစ်နှစ်ကြိမ်ထုတ်ဝေခဲ့ဖူးပြီး ယင်းနှစ်ကြိမ်လုံးတွင် စာရေးဆရာ ဝန်ကြီးချုပ်ဟောင်း ဦးနုက အမှာစာရေးသားခဲ့သည်။ ယင်းအမှာစာနှစ်ရပ်လုံးကို ယခုဝတ္ထုတိုပေါင်းချုပ်သစ်တွင် ပြန်လည်ဖော်ပြထားသည်။

ဦးနုရေးသားသည့် ပထမရာစုအမှာစာတွင် “မိန်းမပေါ၏။ သို့ရာတွင် မယားရှား၏” ဟူသောစကားကဲ့သို့ မြန်မာပြည်

တွင် ဝတ္ထုစစ်၊ ဝတ္ထုကောင်းရှားပါးပြီးလျှင် ဝတ္ထုဟုအမည်တပ်ထားသော ပေါက်ကရ စာစောင်တို့သည် အလွန်ပေါလျက်ရှိပေ၏။ မှိုကဲ့သို့ပေါလျက်ရှိသော ၎င်းဝတ္ထုများ အားလုံးလိုလိုကို ဆန်းစစ်ကြည့်လျှင် ဇာတ်လိုက်ယောကျ်ားနှင့် ဇာတ်လိုက်မိန်းမတို့ တွေ့ကြ၏။ ကွဲကြ၏။ ပြန်ပေါင်းကြ၏ ဟူသောဇာတ်လမ်းမှတစ်ပါး အခြားဇာတ်လမ်းကိုတွေ့နိုင်မည်မဟုတ်ပေ" ဟု ရေးသားထားရာ ထိုခေတ်ထိုအခါက မြန်မာရသစာပေအခြေအနေမှာ ယနေ့ကာလကဲ့သို့ပင် ချစ် ကြိုက် ကွဲ ညား ဇာတ်လမ်းတစ်မျိုးတည်းကို ပတ်ဝန်းကျင်အမျိုးမျိုး၊ ဇာတ်ကောင်စရိုက်အမျိုးမျိုးဖြင့် ရေလဲသုံး ဇာတ်အိမ်ဖွဲ့နေကြသည့် အချိန်ကာလဖြစ်ကြောင်း မှန်းဆနိုင်သည်။

အတည်အားဖြင့် ဝတ္ထုဆိုသည်မှာ လူ့ဘုံလောကတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်များ လူသားတို့၏ချစ်စိတ်၊ မုန်းစိတ်၊ မနာလိုစိတ်၊ လောဘစိတ်၊ သဝန်ကြောင်စိတ်၊ သူတစ်ပါးအကောက်ကြံလိုစိတ် စသဖြင့် လူ့စိတ်လူ့သဘောအမျိုးမျိုးကြောင့် အဖြစ်အပျက်အမျိုးမျိုးဖြစ်ပေါ်နေရပုံကို သံဝေဂရဖွယ်၊ နမူနာယူဖွယ်၊ ဆောင်နိုင်ဖွယ်၊ ရှောင်နိုင်ဖွယ်တို့ကို ဇာတ်လမ်းနဲ့အတူ စီးမျှောခံစားရင်း သဘောပေါက်နားလည်စေဖို့ဟူသည့်အဆင့်မျိုး ရောက်ရန် လိုအပ်လှသည်။

ဆရာသိန်းဖေမြင့်၏ ဝတ္ထုတိုပေါင်းချုပ်သစ်ပါ ဝတ္ထုတိုများမှာ အချစ်တစ်ခုတည်းမဟုတ်၊ လူ့သဘော လူ့မနောနှင့် ကောင်းကျိုး၊ ဆိုးပစ်များ ကွင်းခနဲ၊ ကွက်ခနဲဖြစ်ပေါ်လာပြီး စက်ဆုပ်ရွံရှာဖွယ်၊ အားကျအတုယူဖွယ် စသဖြင့် ရသတစ်ခုခုကျန်အောင် ချန်ထားပေးနိုင်သည်ကို တွေ့ရသည်။

ယင်းစာအုပ်ပါ 'ဆိုသစ္စာ' ဝတ္ထုတိုမှာ ချစ်သူနှစ်ဦး ရာသက်ပန် မခွဲကြကြေး ဘုရားရှေ့မှာသစ္စာဆိုပုံကို ရေးဖွဲ့ထားခြင်းဖြစ်သော်လည်း ဇာတိသွေး ဇာတိမာန်တက်ကြွလာစေရေး လှုံ့ဆော်ရေးဖွဲ့ထားပြီး မြန်မာ့လွတ်လပ်ရေးအတွက် အမျိုးသားများသာမက အမျိုးသမီးများပါ ရှေ့တန်းမှပါဝင်နိုင်ကြောင်း ချစ်သူနှစ်ဦး အပြန်အလှန်စကားဆိုဟန်ဖြင့် ရေးဖွဲ့ထားသည်။

ဇာတ်လမ်းအစတွင် ချစ်သူနှစ်ဦး ချစ်သစ္စာဆိုဖို့ မန်းတောင်ထိပ်သို့လာစဉ် ဦးခန္တီတန်ဆောင်းတောင်ဘက်ရသေ့ကျောင်းလေးမှ မန္တလေးရွှေနန်းတော်ကြီးကို စူးစူးစိုက်စိုက်ကြည့်ရင်း သူ့ကျွန်ဘဝမကျရောက်ခင်က ခမ်းခမ်းနားနားရှိပုံ၊ ယခု သူတစ်ပါးလက်အောက်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ညှိုးငယ်နိမ့်ကျပျက်စီးရပုံတို့ စိတ်မျက်စိထဲ ကွင်းကွင်းကွက်ကွက်ပေါ်လာပြီး သံယောဇဉ်နှောင်ဖွဲ့မထားဘဲ သူ့ကျွန်ဘဝလွတ်မြောက်ရေးသာ အားစိုက်တော့မည်ဟု ချစ်သူအမျိုးသမီးကို သစ္စာမဆိုဘဲ ဒီဘဝဒီမျှနှင့် ချစ်သမျှရပ်စဲဖို့ သူ့ဆုံးဖြတ်ချက်ကို ပြောပြသည်။

ထိုအခါ အမျိုးသမီးက "အကျော့နဲ့အတူပေါင်းပြီး အကျော့လည်း တိုင်းရေးပြည်ရေးဆောင်ရွက်ရင်မဖြစ်ဘူးလား" ဟူ၍တစ်မျိုး၊ "အိန္ဒိယပြည်ဝံသာနုလုပ်ငန်းမှာ မိန်းမတွေ ဘယ်လောက်ဆောင်ရွက်နေကြသလဲ၊ မစ္စက်ဆာရိုဂျနီနိုင်ဒူး၊ မစ္စက်စီ အာရ်ဒတ်စ်တို့၊ ဒေါက်တာအင်နီဆင်ဆင့်တို့ဆို မိန်းမသားတွေပေမယ့် အခုမြန်မာပြည်က ခေါင်းဆောင်ကြီးတွေထက် အဆပေါင်းများစွာသာသေးတယ်" ဟု တစ်ဖုံ၊ "မဟတ္တမဂန္ဒီကြီးက မိန်းမတွေကို အင်မတန်အားကိုးတာပဲ။ မိန်းမတွေကို အမိတို့၊ အမိတို့တာဝန်ကြီးဟာ ကိုယ့်တိုင်းကိုယ်ပြည်ဖြစ်ကုန်များကိုအားပေးဖို့။ သူရာမေရယကကြီးကို အိန္ဒိယပြည်မှ ပပျောက်အောင်ဆောင်ရွက်ဖို့ပဲလို့ တာဝန်ခွဲပေးတယ်" ဟု တစ်နည်း၊ "မိန်းမတွေက မျိုးချစ်စိတ်ရှိတဲ့ သူကိုမှချစ်မယ်၊ အများအကျိုးဆောင်ရွက်တတ်တဲ့လူကိုမှ မေတ္တာသက်ဝင်မယ်၊ စီးကရက်မသောက်သူကိုမှ ခင်မယ်ဆိုရင် ယောကျ်ားတွေ မိန်းမအကြိုက် အလိုလိုက်ရမယ်မဟုတ်လား" ဟူ၍ တစ်သွယ် ချက်ကျလက်ကျထောက်ပြပေရာ ချစ်သူနှစ်ဦး လက်ချင်းဆက်၍ တိုင်းပြည်လွတ်လပ်ရေး ဆောင်ရွက်နိုင်မည်ဟူသော နောက်ဆုံးသဘောတူညီချက်ဖြင့် မြတ်ဘုရားထံ သစ္စာဆိုကြပုံကို သရုပ်ဖော်ထားသည်။

ယင်းဝတ္ထုတိုမှာ စာမျက်နှာခြောက်မျက်နှာခန့်ရှိသော်လည်း စာရေးသူ၏ ရည်ရွယ်ရင်းဖြစ်သော အမျိုးမာန် ဇာတိမာန်ထက်သန်၍ သူ့ကျွန်ဘဝလွတ်မြောက်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာစေမှု။ တိုင်းပြည်လွတ်မြောက်ရေး အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်လာလိုစိတ်ဖြစ်ပေါ်လာစေမှုတို့ကို ထိရောက်စွာလှုံ့ဆော်ရေးသားနိုင်ရုံမက စာကြောင်းဖွဲ့ပုံ၊ စကားလုံးထားသိုသုံးစွဲပုံမှာ ကျစ်လျစ်အားကောင်းလှသည်။

ယင်းစာအုပ်ပါ 'မင်းတိုင်ပင်' ဝတ္ထုတိုဆိုလျှင် ထိုခေတ် မင်းတိုင်ပင်အမတ်များအကြောင်း ဇာတ်အိမ်ဖွဲ့၍ တင်ပြထားပြီး မင်းတိုင်ပင်အမတ်များ၏ တဏှာရာဂမီးတောက်လောင်ကြပုံ၊ ပြည်သူ့အကျိုးဆောင်ရွက်ကြဖို့ မေ့နေပြီး စည်းစိမ်အမျိုးအမျိုးခံ၊ မိန်းမရွှင်များနှင့် ပျော်ပါး၍သာ အချိန်ကုန်ပုံတို့ကို ပေါ်လွင်အောင် ဖော်ထုတ်ရေးသားထားသည်။

ဆရာသိန်းဖေမြင့်၏ ဝတ္ထုတိုပေါင်းချုပ်သစ်ပါ ဝတ္ထုတိုများမှာ စာရေးဆရာ၏ အဖွဲ့အနွဲ့ကောင်းမွန်မှု၊ မြန်မာစာပေကျွမ်းကျင်နိုင်နင်းမှု၊ ချစ် ကြိုက် ကွဲ ညား ဖန်တစ်ရာတေဇာတ်လမ်းများမှ ဖယ်ခွာ၍ ခေတ်စနစ်အရ လိုအပ်သည့်ဇာတိသွေး ဇာတိမာန်နှင့် မျိုးချစ်စိတ်များပေါ်ပေါက်လာစေရေး၊ စနစ်ဆိုးအောက်တွင် စရိုက်ဆိုးများ လွှမ်းမိုးမှုပပျောက်စေရေးများ အပါအဝင် လူ့သဘော၊ လူ့မနောပေါ်မူတည်၍ ကောင်းကျိုးဆိုးပြစ်များဖြစ်ပေါ်လာပုံကို အတုယူဖွယ်၊ စက်ဆုပ်ဖွယ်ပေါ်လွင်အောင် ဖွဲ့နွဲ့ရေးသားထားသော ဝတ္ထုတိုများလည်း ပါဝင်ပေရာ စာဖတ်သူများအတွက် ရသသက်သက်မဟုတ်ဘဲ အထွေထွေဗဟုသုတပါရနိုင်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

သိန်းဖေမြင့်သည် ဝတ္ထုတိုရေးသားခြင်းအတတ်၌ သူမတူ ထူးချွန်ရုံမက

မြန်မာစာပေနိုင်နင်းတတ်ကျွမ်းသူဖြစ်ရာ သူ၏ဝတ္ထုတိုများကို ဖတ်ရှုလေ့လာခြင်းဖြင့် ဇာတ်အိမ် ဇာတ်ကွက် ဇာတ်လှည့်တည်ဆောက်ပုံနှင့်တကွ မြန်မာစာအထားအသို အဖွဲ့အနွဲ့ပိုင်းပါ လေ့လာမှတ်သားနိုင်မည် ဖြစ်သည်။

ယခုစာအုပ်ပါဝတ္ထုတိုများမှာလည်း 'ဝနေငဖေ၊ သိန်းနေနွယ်၊ သိန်းဖေ' စသော အမည်များဖြင့် တက္ကသိုလ်မဂ္ဂဇင်း၊ ဒဂုံမဂ္ဂဇင်း၊ ဒီးဒုတ်ဂျာနယ်၊ ဟံသာဝတီဂျာနယ်၊ မြန်မာ့အလင်းသတင်းစာ စသည့် ထိုခေတ်ထိုအခါက သြဇာရှိစာစောင်များတွင် ဖော်ပြထားသည်များမှ ပြန်လည်ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။

စာမျက်နှာပေါင်း ၆၀၀ ခန့်ရှိပြီး စာအုပ်တန်ဖိုးကို လေးထောင့်ငါးရာကျပ်ဟု ပုံနှိပ်ဖော်ပြထားရာ အတွင်းပါစာမျက်နှာ၏ အနှစ်သာရကို ထည့်မတွက်လျှင်ပင် စာအုပ်အနေအထားအရ သင့်တင့်သည့် ဈေးနှုန်း ဖြစ်သည်။ အတော်များများလည်း လက်လှမ်းမီနိုင်သည့်ပမာဏဖြစ်ရာ ဝယ်ယူဖတ်ရှုသိမ်းထားသင့်လှသည်။ ယခုလို ရသစာပေကောင်းရှားပါးနေချိန်တွင် ယင်းကဲ့သို့ ရသစာပေကောင်းများ ပြန်လည်ဖော်ထုတ်ပေးသော ရာပြည့်စာအုပ်တိုက်၏စေတနာကို အသိအမှတ်ပြုထိုက်သည်။

| | |
|---|---|
| ထုတ်ဝေတိုက် | – ရာပြည့် |
| မျက်နှာဖုံးဒီဇိုင်း | – မြင့်မောင်ကျော် |
| ထုတ်ဝေသည့်အကြိမ် | – ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – ၁၉၉၈ ခုနှစ် |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၄,၅၀၀ ကျပ် |

စာမူခွင့်ပြုချက်အမှတ်–၂၇၄/၉၇

## ဆရာဇော်ဂျီနှင့် ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့် ရေးဟန်များ

**မမိုးမြေ**

မြန်မာစာပေလောကတွင် ပြောင်မြောက်သည့် စာပေလက်ရာမွန်များဖြင့် နာမည်ကျော်ကြားခဲ့သော စာရေးဆရာ




များဖြစ်သည့် ဆရာဇော်ဂျီ၊ ဇေယျ၊ မောင်ခင်မင် (ဓနုဖြူ)၊ တက္ကသိုလ်ဝင်းမွန်၊ အောင်သင်း၊ အောင်နိုင် (ရွှေဇာမြိုင်) တို့၏စာပေလက်ရာမွန်များကို ပုံသဏ္ဌာန်ရှုထောင့်မျိုးစုံမှ လေ့လာစူးစမ်း၍ သရုပ်ခွဲပြထားသည့် မြန်မာစာပေလောကအတွက် အသုံးဝင်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာရေးဆရာမ မမိုးမြေမှာ တက္ကသိုလ်တွင် နှစ်ပေါင်း ၄၀ ခန့် မြန်မာစာပေသင်ကြားပို့ချပေးခဲ့ပြီး ဝတ္ထုရှည်အပုဒ် ၇၀ ခန့်၊ ဝတ္ထုတိုအပုဒ် ၁၀၀ ခန့် ရေးသားထုတ်ဝေထားခဲ့ပြီးဖြစ်သည်။ စာပေသဘောတရားဆိုင်ရာစာအုပ်များအဖြစ် ယခုစာအုပ်အပါအဝင် နှစ်အုပ်ရေးသားခဲ့ပြီး ပထမစာအုပ်မှာ 'ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ' ဖြစ်သည်။

ယခုစာအုပ်မှာ ရသစာတမ်းများ၏ ရေးဟန်ကို သရုပ်ခွဲပြထားသည်ဆိုသော်လည်း မည်သည့်စကားပြေအရေးအသားကိုမဆို ထိုနည်းဖြင့် လေ့လာနိုင်ပေရာ မြန်မာစာပေလေ့လာလိုက်စားသူများနှင့် စာဖတ်သူများအတွက် များစွာအကျိုးသက်ရောက်နိုင်မည်ဖြစ်သည်။

ရသစာတမ်းရှင်များ၏ရေးဟန်ကို သရုပ်ခွဲဖော်ပြရာတွင် မောင်ခင်မင် (ဓနုဖြူ) ၏ စကားပြေသဘောတရား စကားပြေအတတ်ပညာစာအုပ်ပါ ခေတ်မီစကားပြေရေးသားမှုဆိုင်ရာနည်းစနစ်အချို့ကို ထုတ်နုတ်ကိုးကား၍ တင်ပြထားခြင်းဖြစ်ရာ စကားပြေရေးသားမှုပုံစံများကို လက်တွေ့ရေးသားထားသည့်စာတမ်းများနှင့်တကွ အသေးစိတ်လေ့လာသိရှိနိုင်မည်ဖြစ်သည်။

ရသစာတမ်းများတွင် အထူးခြားဆုံးမှာ ပုံစံတူဟန်ချက်ညီဝါကျများအသုံးပြုခြင်းဖြစ်ရာ ယင်းနှင့်ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ) က စကားပြေသဘောတရား၊ စကားပြေအတတ်ပညာစာအုပ်တွင် "ဝါကျအတွင်းရှိ အစိတ်အပိုင်းများ၊ အလေးအပေါ့ညီအောင် မဲတင်းကာရေးဖွဲ့ထားလျှင် ထိုဝါကျမျိုးကို ဟန်ချက်ညီဝါကျဟု ခေါ်နိုင်ပါသည်။ သဘောချင်းတူသော အရေးပါမှုအတိုင်း အဆချင်းတူသောအကြောင်းအချက်များကို ပုံစံတူစကားစုများနှင့် ဖော်ပြခြင်းဖြင့် ဟန်ချက်ညီဝါကျမျိုး ဖြစ်လာပါသည်။ ဟန်ချက်ညီဝါကျတွင် နာမ်ချင်း၊ နာမဝိသေသနချင်း၊ ကြိယာချင်း၊ ကြိယာဝိသေသနချင်း၊ နောက်ဆက်ချင်း၊ ပုဒ်စုချင်း စသဖြင့် ပုံစံတူစကားစုများဖြင့် ဟန်ချက်ညီအောင် မဲတင်းထားလေ့ရှိပါသည်"ဟု ရေးသားထားမှုကို စာရေးသူက ၎င်း၏စာအုပ်တွင် ကနဦး ကောက်နုတ်ဖော်ပြသည်။

ယင်းသို့ မောင်ခင်မင် (ဓနုဖြူ) ၏ စာအုပ်ကို ကိုးကားဖော်ပြထားပြီးမှ ဆရာဇော်ဂျီ၏စာပေများကို ယင်းမူဘောင်အတိုင်း မည်သို့မည်ပုံရေးသားထားကြောင်းကို သရုပ်ခွဲပြထားရာ စာရှုသူတို့အဖို့ ပိုမိုသဘောပေါက်နားလည်လာသည်ကို တွေ့ရသည်။

ဟန်ချက်ညီဝါကျတို့အသုံးပြုပုံကို ဆရာဇော်ဂျီရေးသားခဲ့သည့် ကဗျာဝိုင်း စာဝိုင်းနှင့် ကျွန်တော့်ရသစာတမ်းပါ လက်ဖက်ရည်ဝိုင်း၏သရုပ်ကိုပေါ်လွင်စေရေး သရုပ်ဖော်ထားသည်။ "လက်ဖက်ရည်ဝိုင်း

ဟူရာ၌ကား နိုင်ငံရေးကိုလည်းမတွေးမိ၊ အချင်းချင်းအကဲခတ်သည်ဟုလည်းသတိမထားမိ၊ ဣန္ဒြေကြီး သိက္ခာကြီးနှင့်ပြောရဆိုရမည်ဟုလည်း မအောက်မေ့၊ စည်းကြီးကမ်းကြီးနှင့် ပြောရဆိုရမည်ဟုလည်း မယူဆ" ဆိုသော စာပိုဒ်ကို ထုတ်နုတ်ဖော်ပြ၍ "မတွေးမိ၊ သတိမထား၊ မအောက်မေ့၊ မယူဆ" ဆိုသည့် မဟုတ်ဝါကျများ၏အဆုံးသတ်များကို ပုံစံတူဟန်ချက်ညီအောင် ရေးထားသည့်အတွက် စာရေးဆရာတင်ပြလိုသောအချက်အားလုံးသည် တစ်စုတစ်စည်းတည်း ဖြစ်သွားသည်။ လက်ဖက်ရည်ဝိုင်းတွင် နိုင်ငံရေး၊ ဟိတ်ဟန်၊ စည်းကြီးကမ်းကြီးတို့ လုံးဝကင်းစင်သည့် သဘောများသည် သဘောတူများအဖြစ် ပေါင်းစည်းမိသွားသည်ဟု ပြန်လည်ရှင်းပြထားရာ ဟန်ချက်ညီဝါကျတိုရေးဖွဲ့ပုံကို ပိုမို ရှင်းလင်းလွယ်ကူစွာနားလည်သွားသည်ကို တွေ့ရသည်။

ပုံစံတူဟန်ချက်ညီဝါကျတိုကဲ့သို့ပင် ပုံစံတူဟန်ချက်ညီဝါကျရှည် အဖွဲ့များဖြင့် စာဟန်မြူးကြွအားတက်ဖွယ်ဖြစ်အောင် ရေးဖွဲ့နိုင်ပုံကို ဆရာဇော်ဂျီ၏ နွေဦးကျက်သရေ ရသစာတမ်းပါ ရေချမ်းစင်နှင့် ပတ်သက်သည့်အဖွဲ့ဖြစ်သော "ထိုရေချမ်းစင်၌လူတို့၏ စိတ်သစ်စိတ်နု၊ စေတနာသစ်၊ စေတနာနုတို့လည်း ပေါက်နေကြလေပြီဟု တွေးမိခြင်းဖြစ်လေသည်" ဆိုသည့် စာပိုဒ်ကို ထုတ်နုတ်ဖော်ပြပြီး ၎င်းက "စိတ်သစ် စိတ်နု၊ စေတနာသစ် စေတနာနု' တို့သည် ဝါကျရှည်အတွင်းရှိ ပုံစံတူ နာမ်ပုဒ်စုများဖြစ်သည်။ ထိုပုံစံတူနာမ်ပုဒ်စုများဖြင့် ဟန်ချက်ညီအောင်ဖွဲ့ထားသည်။ ရေချမ်းစင်တည်ပေးသော မြန်မာတို့၏ သစ်လွင်သည့်စိတ်စေတနာကို ထင်ရှားစေသည်ဟု ပြန်လည်သုံးသပ်ပြထားသည်။

အဆိုပါစာအုပ်တွင် ပုံစံတူဟန်ချက်ညီဝါကျတို ဝါကျရှည်ရေးဖွဲ့ပုံများအပြင် မေးခွန်း၊ ဝါကျအသံ၊ သဘောပြစကားလုံးနှင့် အကောင်အထည်ပြစကားလုံးအသုံး၊ အသုံးပြစကားလုံးအသုံး၊ အနက်ပြစကားလုံးအသုံး၊ ယေဘုယျနှင့် ဝိသေသနစကားလုံးများ၊ နှိုင်းယှဉ်အဖွဲ့၊ အလင်္ကာအသုံးစသဖြင့် ဘာသာစကားအသုံးအနှုန်း၊ စကားလုံး၊ ပုဒ်၊ ဝါကျ၊ အလင်္ကာ၊ လေသံစသည်တို့ကို အတွင်းလေ့လာမှုပုံစံဖြင့် နှိုက်နှိုက်ချွတ်ချွတ်ရေးဖွဲ့တင်ပြထားသည်ကို တွေ့ရသည်။

မြန်မာစာပေလောကတွင် မြန်မာစာပေနှင့်ပတ်သက်သည့် ဘာသာဗေဒသဘောတရားဆိုင်ရာစာအုပ်များမှာ အကျိုးအမြတ်ရရှိမှုနည်းသဖြင့် ရေးသားထုတ်ဝေမှု တဖြည်းဖြည်း ရှားပါးလာချိန်တွင် ယခုကဲ့သို့သော ရသစာပေရေးဟန်ကို သရုပ်ခွဲပြထားသည့်စာအုပ်မျိုး ထွက်ပေါ်လာခြင်းမှာ များစွာအသိအမှတ်ပြုဖွယ်ကောင်းလှသည်။

ယင်းအပြင် စာရေးသူမှာ စာအုပ်ပေါ်တွင် အမြတ်အစွန်းရရှိရေး မျှော်လင့်ချက်မထားဘဲ ဆက်လက်ထုတ်ဝေနိုင်ရေးသာ ရည်မျှော်ထားကြောင်း ၎င်း၏အမှာစာတွင် ထည့်သွင်းဖော်ပြထားရာ စာရေးသူ၏ မြန်မာစာပေဖွံ့ဖြိုးစေလိုသော စေတနာနှင့် လုပ်ဆောင်ချက်ကို အသိအမှတ်ပြုထိုက်လှသည်။

ထုတ်ဝေတိုက် – ရွှေကံ့ကော်
မျက်နှာဖုံးဒီဇိုင်း – သိန်းရွှေကြည်
ထုတ်ဝေသည့်အကြိမ်– ပထမအကြိမ်
ထုတ်ဝေသည့်ကာလ – ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၄၀၁၀၈၀၀၉၀၈

# မွေးလ မွေးရက်ကပြောသော စီးပွားရေးကံကြမ္မာ (၇)

**မောင်မောင်မြင့်သန်းမောင်**

**ဂဏန်းဗေဒင်ပညာအရ မည်သည့်လတွင်မဆို ၇ ရက်၊ ၁၆ ရက်၊ ၂၅ ရက်များတွင် မွေးဖွားကြသူများမှာ နက်ပ်ကျွန်းဂြိုဟ်စိုးမိုးသော ၇ ဂဏန်းဖွားများဖြစ်ကြသည်။ ၇ ဂဏန်းရက်ဖွားများ၏ စီးပွားရေးကံဇာတာအား အင်္ဂလိပ်လအလိုက် ဆက်လက်ရေးသားဖော်ပြအပ်ပါသည်။**

## ဇန်နဝါရီလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ဘဝတစ်ခုလုံးကို ခြုံကြည့်မည်ဆိုပါက အဆင်ပြေချောမွေ့လှသည်ဟုမဆိုနိုင်သော်လည်း ကံကောင်းထောက်မမှုများနှင့် ကြုံတွေ့ပြီး မြင့်မားသောအဆင့်အတန်းသို့ ရောက်ရှိသွားနိုင်သည်။ သို့သော် မိမိရရှိလာသောဝင်ငွေကြောင့် စိတ်ချမ်းသာပျော်ရွှင်မှုရနိုင်လိမ့်မည်မဟုတ်ပေ။

## ဖေဖော်ဝါရီလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားကံကောင်းလှသည်ဟု မဆိုနိုင်ချေ။ မိမိတို့

ကိုယ်တိုင်လည်း ငွေကြေးအကျိုးအမြတ်အပေါ် မက်မောခြင်းမရှိတတ်ကြချေ။ ဖေဖော်ဝါရီလ ၂၅ ရက် နေ့တွင်မွေးဖွားသူဖြစ်ပါက ကျန်ဖေဖော်ဝါရီ ၇ ဂဏန်းဖွားများနှင့် ငွေကြေးစီးပွားကံ ကွဲပြားမှုရှိမည်။

ဖေဖော်ဝါရီလ ၇ ဂဏန်းဖွားအားလုံးအနေဖြင့် မိမိကိုယ်တိုင်စီမံခန့်ခွဲကြီးကြပ်ကွပ်ကဲနိုင်ခြင်းမရှိသော စီးပွားရေးလုပ်ငန်းများတွင် မှန်းဆလုပ်ကိုင်မိတတ်သဖြင့် ဆုံးရှုံးနစ်နာမည့်ကံဇာတာပါရှိလာသည်။ အများကို ထောက်ပံ့ကူညီလိုစိတ်ကြီးမားခြင်းနှင့် ရက်ရောတတ်သော စိတ်သဘောရှိခြင်းကြောင့် မိမိထံတွင် ငွေကြေးကြာရှည်မမြဲတတ်ပေ။

ဘဏ်တွင် ရသမျှငွေကြေးကိုစုဆောင်းကြပြီး ပုံမှန်အတိုးငွေနှင့်သာ နေထိုင်စားသောက်သင့်သည်။ အခြားနေရာများတွင် ရင်းနှီးမြှုပ်နှံပါက အကျိုးပေးမည်မဟုတ်ဘဲ အရှုံးနှင့်သာရင်ဆိုင်ရမည်ဖြစ်သဖြင့် အထူးသတိပြုဆင်ခြင်သင့်ပါသည်။

## မတ်လ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

မိမိ၏ဉာဏ်ပညာကိုအမှီပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်ကိုင်စီးပွားရှာပါက အောင်မြင်ဖြစ်ထွန်းမည်။ ငွေကြေးနှင့်ပတ်သက်၍ အထူးသတိထားသုံးစွဲ ရင်းနှီးမြှုပ်နှံတတ်သူဖြစ်ပြီး မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ ဝင်ငွေကောင်းနေမည်။

မိမိတစ်ကိုယ်ကောင်း ငွေကြေးချမ်းသာရန် ရည်မှန်းချက်တစ်ခုတည်းဖြင့် စီးပွားရှာသူမဟုတ်ဘဲ မိမိအတွက်သာမက အများအတွက်ပါ ကူညီပံ့ပိုးပေးတတ်သည်။ လှူဒါန်းလိုစိတ်ရှိသည်။ မိမိမွေးဖွားရာအရပ်ဒေသမဟုတ်သည့် ရပ်ဝေးမြေခြားမှ ငွေအများအပြားရရှိတတ်သည်။ မည်သည့်စီးပွားရေးလုပ်ငန်းတွင်ဖြစ်စေ မိမိ၏ပါရမီပါလာသော အလိုလိုသိစိတ်ကိုအသုံးချပြီး လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်မည်။

## ဧပြီလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားရေးအခြေအနေမှာ အပြောင်းအလဲအလွန်မြန်တတ်သဖြင့် ပုံသေဟောကိန်းထုတ်၍မရနိုင်သော ၇ ဂဏန်းဖွားများဖြစ်သည်။ သို့ရာတွင် မိမိ၏ တီထွင်ဆန်းသစ်လုပ်ကိုင်တတ်မှုကြောင့် မကြာခဏဝင်ငွေကောင်းတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် တွက်ကိန်းလွဲချော်တတ်သည်။ လောင်းကစားဆန်ဆန်ရင်းနှီးမြှုပ်နှံမှုမျိုးလုပ်ကိုင်ပါက အဆုံးအရှုံးရှိတတ်သည်။

## မေလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငယ်ရွယ်စဉ်ကာလတွင် အကျိုးအမြတ်မရှိသောလုပ်ငန်းများနှင့်သာ အချိန်ကုန်နေတတ်ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် အကျိုးအမြတ်ဖြစ်ထွန်းလာတတ်သည်။ မိမိ၏စီးပွားရေးအခြေအနေသည် ကံပေါ်တွင်မူတည်နေခြင်းမရှိဘဲ မိမိ၏ ဉာဏ်အရည်အချင်းပေါ်တွင် မူတည်နေတတ်သည်။ အများအပေါ် ရက်ရောပေးကမ်းလှူဒါန်းလိုစိတ်ရှိသည်။

## ဇွန်လ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးဥစ္စာပစ္စည်းနှင့်ပတ်သက်သည့် ကံဇာတာကတစ်မျိုးဖြစ်သည်။ မိမိကံကောင်းထောက်မ၍ရရှိလာသော မိဘဘိုးဘွားအမွေအနှစ်အဖြစ်ရရှိသော ငွေကြေးဥစ္စာများမှာ လူလိမ်ခံရသဖြင့် ဆုံးရှုံးတတ်သောကံဇာတာပါသည်။ မိမိရစရာရှိသော ငွေကြေးဥစ္စာပစ္စည်းများကိုလည်း အလွယ်တကူနှင့် မရတတ်ချေ။ ငွေကြေးစီးပွားရေးအခြေအနေမှာ အစဉ်မတုမရာ မသေမချာရှိနေမည်။

စီးပွားရေးတွင် ပုံအောရင်းနှီးမြှုပ်နှံပါက ဆုံးရှုံးတတ်သည်။ ငွေကြေးကို ဘဏ်တွင်အပ်ပြီး အတိုးငွေကိုသာ ပုံမှန်ထုတ်ယူသုံးစွဲပါက အကောင်းဆုံးဖြစ်သည်။

## ဇူလိုင်လ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားရေးဆိုင်ရာ ထူးခြားသောအတွေ့အကြုံဆန်းများရှိမည်။ မကြာခဏ လူစိမ်း သို့မဟုတ် ဆွေမျိုးသားချင်းထံက မိမိအား ကူညီအားပေးမှုမျိုးကြုံရတတ်သည်။ မိဘဘိုးဘွားအမွေအနှစ်ရတတ်သောကံဇာတာပါသည်။ မိမိရရှိသော အကူအညီအထောက်အပံ့အတွက် တန်ရာတန်ကြေး တစ်စုံတစ်ခု ပြန်လည်ပေးဆပ်ရတတ်သည်။

ဇူလိုင်လ ၂၅ ရက်နေ့တွင် မွေးဖွားကြသူများမှာ ဇူလိုင် ၁၆ နှင့် ၇ ဂဏန်းရက်ဖွားများနှင့်စာလျှင် ငွေကြေးဆိုင်ရာကုသိုလ်ကံပို ကောင်းမည်။

## သြဂုတ်လ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးကို မက်မောတတ်သူမဟုတ်သော်လည်း အများကို ထောက်ပံ့လှူဒါန်းလိုသောစိတ်ဖြင့် ငွေကို ကြိုးစားရှာဖွေတတ်သည်။ မိမိ၏ထူးခြားသောသဘာဝနှင့်ကိုက်ညီမည့် စီးပွားရေးလုပ်ငန်းကို သတ်မှတ်လုပ်ကိုင်ရန် ခဲယဉ်းမည်။ စီးပွားရေးကို ကြီးကြီးမားမားရင်းနှီးမြှုပ်နှံရန်မသင့်သည့်အပြင် သူတစ်ပါး၏အကြံပြုချက်အတိုင်း လိုက်နာလုပ်ကိုင်ခြင်းလည်းမပြုသင့်ပေ။

## စက်တင်ဘာလ ၇-၁၆ နှင့် ၂၅ ရက် နေ့များတွင် မွေးဖွားသူများ

ငွေကြေးနှင့်ပတ်သက်၍ စိုးရိမ်သောက များတတ်သူဖြစ်သည်။ မိမိအတွက် ရရှိလာသောငွေကြေးအခွင့်အလမ်းများကိုရယူရန် သတိအလွန်ထားလွန်းသဖြင့် လက်လွတ်ဆုံးရှုံးရသည့်အဖြစ်များရှိမည်။ ငယ်စဉ်ကာလတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ပြီး ကြိုးစားရန်းကန်ခဲ့ရသော်လည်း ကြီးပြင်းလာချိန်တွင် ငွေကြေးအဆင်ပြေလာမည်။

## အောက်တိုဘာလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားကံဇာတာ အတက်အကျ အပြောင်းအလဲများတတ်သည်။ တစ်ချိန်တစ်ခါတွင် ချမ်းသာတတ်သော်လည်း တစ်ချိန်ချိန်တွင် ဆင်းရဲသွားတတ်သည်။ စီးပွားရေးအခြေအနေမှာ တစ်သမတ်တည်း မရှိတတ်ပေ။ အစုစပ်စီးပွားရေးလုပ်ပါက မိမိ၏ ငွေကြေးဥစ္စာ အခြားသူထံသို့ အလွယ်တကူရောက်သွားတတ်သည်။

## နိုဝင်ဘာလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးကိုမက်မောလောဘကြီးတတ်သူမဟုတ်ပေ။ မမျှော်လင့်ဘဲ မိဘဘိုးဘွားအမွေအနှစ်ရခြင်း၊ တစ်စုံတစ်ယောက်က ကူညီထောက်ပံ့ခြင်း၊ မိမိဉာဏ်ပညာအတွက် ဉာဏ်ပညာကြေးရရှိခြင်း စသည်ဖြင့် ငွေကြေးအဝင်ကောင်းတတ်သည်။

## ဒီဇင်ဘာလ ၇-၁၆ နှင့် ၂၅ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားရှာဖွေရာတွင် အများနှင့်မတူညီတတ်ပေ။ စီးပွားရေးလုပ်ငန်းများတွင် အများနှင့်မတူ တစ်မူထူးခြားစွာ လုပ်ကိုင်ခြင်းကြောင့် အောင်မြင်မှုရမည်။

အသက်အရွယ်ကြီးပိုင်းတွင်ငွေကြေး ရင်းနှီးမြှုပ်နှံမှုများမှ အကြီးအကျယ်ဆုံးရှုံး နစ်နာမှုများနှင့် ရင်ဆိုင်ရတတ်သည်။ များသောအားဖြင့် မိမိနှင့်အစုစပ်လုပ်သူများ၏ မစေ့စပ်မသေချာမှုကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်က လောဘဇောကြီးသောလုပ်ရပ်များကြောင့်လည်းကောင်း စီးပွားရေးကျဆင်းတတ်သည်။

အသက်ကြီးပိုင်းအချိန်တွင် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းနှင့် အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်းမပြုသင့်ပေ။

ဆက်လက်ဖော်ပြပါမည်။

**မောင်မောင်မြင့်သန်းမောင်**

ကြော်ငြာ

# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၆-၂-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | စတိ(ထောပတ်) | ၃၄၀ |
| Suzuki Wagon | R+ | (၉ခ)(ဓိးရောင်)(ပစ္စည်းစုံ) | ၂၉၅ |
| Corolla 1.5 Limited | 86/87 | (သ) | ၂၇၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၁၀ |
| Corolla 1.5 Limited | 91 | (၆က) | ၃၅၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (သ)နောက်ဆွဲ | ၁၉၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၂က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (အ) | ၂၈၀/၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၃၇၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (အ)နောက်ဆွဲ | ၂၂၀ |
| Toyota Publica | 81 | (ဒ) | ၉၅ |
| Toyota Publica | 86 | (ဘ) | ၁၁၀ |
| Toyota Publica | 88 | (၆က) | ၁၃၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၀၀ |
| Sunny Pick-up | 90/91 | (၂က) | ၁၃၀ |
| Sunny Super Saloon (1.5) | 86/87 | (သ) | ၂၃၅ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၂၄၅ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၄၀ |
| Sunny Super Saloon (1.5) | 88/89 | (သ) | ၂၂၀ |
| Sunny Super Saloon (1.5) | 92 | (၆က) | ၃၂၀ |
| TOYOTA LANDCRUISER 2004 | | (၉ခ) | ၂၈၀၀ |
| TOYOTA LANDCRUISER 2007 | | (၁ဂ) | ၄၀၀၀ အောက် |
| TOYOTA PRADO 97 | | (၃ခ) | ၁၇၀၀/၁၆၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။

* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။



## တီဗီရောင်စုံ

(၂၆-၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| STAR | 29185 | 29" | ၂၆၀,၀၀၀ |
| STAR | 21T88 | 21" | ၂၁၅,၀၀၀ |
| LG | 21 FB5RG | 21" | ၁၃၀,၀၀၀ |
| LG | 21FS2CL | 21" | ၁၅၅,၀၀၀ |
| LG | 21FU6RL | 21" | ၂၁၀,၀၀၀ |
| SONY | KV-SZ292M80 | 29" | ၂၄၄,၀၀၀ |
| SONY | KV-SW14M51 | 14" | ၂၀၅,၀၀၀ |
| SONY | KV-BZ213M50 | 21" | ၂၃၀,၀၀၀ |
| SAKURA | 21 SHF2M2 | 21" | ၈၅,၀၀၀ |
| SAKURA | 29 F29 M2 | 29" | ၁၉၀,၀၀၀ |

## ရေခဲသေတ္တာ

(၂၆-၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| MITSUBISHI | MR-F25R | ၃၆၀,၀၀၀ |
| MITSUBISHI | 14T-GYN | ၂၃၀,၀၀၀ |
| MITSUBISHI | MR17U(onedoor) | ၂၃၅,၀၀၀ |
| MITSUBISHI | MR-F/62T18DR4H+A(2door) | ၃၉၀,၀၀၀ |
| STAR(2 door) | R-130 | ၂၄၅,၀၀၀ |
| STAR | R-170 | ၂၄၀,၀၀၀ |
| Daewoo(Two door) | FR 360 | ၃၉၅,၀၀၀ |
| Daewoo(One door) | FR 064 | ၁၄၉,၀၀၀ |
| Daewoo(Two door) | FR 291 | ၃၄၀,၀၀၀ |
| LG | GC-051SNS | ၁၄၀,၀၀၀ |
| LG | GC-151SNA | ၁၈၀,၀၀၀ |
| SAMSUNG (Two door) | RT-24MHBBK | ၂၅၆,၀၀၀ |
| SAMSUNG (Two door) | RT-21 MGBB/K | ၃၉၅,၀၀၀ |
| SAMSUNG (One door) | RA 18FHSS/K | ၂၁၀,၅၀၀ |

## DVD ပြစက်

(၂၆-၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 351 | ၆၅,၀၀၀ |
| LG | 387K | ၇၀,၀၀၀ |
| LG | 298H | ၈၆,၅၀၀ |
| STAR | B-096 | ၄၈,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | T52DC | ၃၆,၀၀၀ |
| STAR | T11 | ၄၃,၅၀၀ |
| Daewoo | DV 1400S | ၅၉,၀၀၀ |
| Panasonic | DVD S2 | ၃၂,၀၀၀ |

## လေအေးစက်

(၂၆-၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AW-09P/HDA | ၂၄၅,၀၀၀ |
| SAMSUNG | AW-12P/HDA | ၃၀၅,၀၀၀ |
| SAMSUNG | AS-09 WHWD | ၃၀၀,၀၀၀ |
| SAMSUNG | AS-12 WHWD | ၃၁၅,၀၀၀ |
| SAMSUNG | Aw-07FISDA | ၃၀၄,၀၀၀ |
| STAR | MS-12 | ၂၃၀,၀၀၀ |
| STAR | MS-09 | ၂၃၅,၀၀၀ |
| Daewoo(Splite Type) | 1HP DSB 095L | ၂၅၅,၀၀၀ |
| LG | CO964F73 | ၃၅၀,၀၀၀ |
| LG | CO96QDA3 | ၃၉၅,၅၀၀ |

## အဝတ်လျှော်စက်

(၂၆-၂-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | WP-750 (Semi Auto) | ၁၆၅,၀၀၀ |
| LG | WP-900 (Semi Auto) | ၂၁၅,၀၀၀ |
| LG | WP.S 650(Full Auto) | ၃၁၀,၀၀၀ |
| SAMSUNG | WA-90R3 | ၂၈၁,၀၀၀ |
| SAMSUNG | WA-90F3 | ၃၃၅,၀၀၀ |
| SAMSUNG | WA-90J7 | ၃၅၀,၀၀၀ |
| STAR | WT-75 H2 | ၁၅၀,၉၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၃၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၅၀ |
| Junior Horlick (400g) | ၃,၄၀၀ |
| Milo (400g) ခဲထုပ် | ၃,၀၀၀ |
| Milo (400g) (ပုလင်း) | ၃,၇၀၀ |
| Maltova (450g) (နီ) | ၃,၀၀၀ |
| Ovaltine (400g) နီ | ၃,၃၀၀ |
| Ovaltine (200g) နီ | ၁,၉၀၀ |
| Ovaltine 400g (ဖြူ) | ၃,၆၀၀ |

| | |
|---|---|
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၅၀၀ |
| VAT 69 (75Cl) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၇၀၀ |
| Jonnie Walker (Red)(37.5Cl) | ၆,၅၀၀ |
| Jonnie Walker (Red)(1Liter) | ၁၅,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၂,၅၀၀ |
| Jonnie Walker (Black)(75Cl) | ၂၂,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၂၇,၀၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၂,၇၀၀ |
| Gold Label (75Cl) | ၃၉,၀၀၀ |
| SCOTTISH LEADER | ၇,၂၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၃,၃၀၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၂၀၀ |
| Mekhong (75CL) | ၅,၃၀၀ |
| Mekhong (37.5CL) | ၂,၃၀၀ |
| SPEY ROYAL (70Cl) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၅၀၀ |
| Cream Crackers(Hup Seng) | ၇,၅၀၀ |
| (KHIAN GUAN) Top Choice | ၆,၃၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၈,၈၀၀ |
| Hwa Tai Wonderful | ၅,၅၀၀ |
| Lee Daily Delight | ၅,၅၀၀ |
| Every Time | ၅,၈၀၀ |
| (Shan Fatl) Party | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၆,၅၀၀ |
| (Julie's) Love letters | ၄,၉၀၀ |

## ခေါက်ဆွဲခြောက်

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၂၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၂၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၂၅၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၅၀ |
| Best-T (125g) White | ၆၀၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Col gate (160g) Double Cool Stripe | ၁,၅၀၀ |
| Close-Up (New)(18 g) | ၂၀၀ |
| Close-Up (160g) ပြာ | ၂,၆၀၀ |
| Colgate Fresh Cool Mint 200g | ၁,၈၀၀ |
| Colgate Great Regular 200 g | ၂,၆၀၀ |
| Colgate Whitening 160g | ၁,၈၀၀ |
| Colgate gel (စိမ်း) 160g | ၄,၅၀၀ |
| 3D | ၃၇၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၃၀ |
| Imperial Leather (125g) | ၄၂၀ |
| Fashion | ၃၀၀ |
| Miss | ၂၇၀ |
| DOVE | ၈၀၀ |
| Kanebo | ၁,၁၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၇၅၀ |
| CAMAY | ၁၅၀ |
| Spa | ၃၅၀ |
| E-Lan | ၂၅၀ |
| LUX 100g | ၃၅၀ |
| KAO | ၂၅၀ |

| | |
|---|---|
| Parrot | ၄၀၀ |
| Paris 135g | ၃၈၀ |
| A21 (နက်)70g | ၂၅၀ |
| A21 (နက်)125g | ၃၅၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၃,၉၀၀ |
| Head and Shoulder 200g | ၂,၀၀၀ |
| Head and Shoulder 100g | ၇၅၀ |
| Pantene 400g | ၃,၈၅၀ |
| Pantene 200g | ၂,၁၀၀ |
| Pantene 100g | ၈၀၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၁၀၀ |
| Palmolive 100 g | ၁,၁၀၀ |
| Palmolive 200 g | ၂,၃၅၀ |
| Rejoice 100 g | ၆၅၀ |
| Rejoice 200 g | ၁,၄၅၀ |

## ခြင်ဆေးခွေ

(၂၇-၂-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၂၅၀ |
| Fuji | ၃၆၀ |
| Raid | ၄၀၀ |
| ATAK | ၄၀၀ |
| FIGHTER | ၂၅၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၀၀ |
| MOSFLY | ၄၀၀ |
| ဂေါ်ဇီလာ | ၃၀၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၀၀ |

ကြော်ငြာ

# ကွန်ပျူတာ ဈေးနှုန်း



(၂၀-၂-၂၀၀၉)

### ❑ Lucky Bird P4 Budget PC 775

- Intel Pentium 4-775 Dual Celeron 1.8 GH2
- Memory 1 GB DDR2 667
- 80 GB HDD SATA
- 15" Sam/Acer/Fujitsu LCD Monitor
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free 1GB Pendrive

Price 295,000 Ks

### ❑ TOSHIBA Satellite L300 Notebook (PSLBGL-00600L)

- Intel Celeron M 575 2.0 GHz
- 1 GB DDR 667
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic
- 160 GB HDD
- W Lan
- 56K Fax & Data Modem
- DVD RW Super, Card Reader, Web Camera
- 1 Year International Warranty

Price 589,000Ks

### ❑ KMD Basic Model

- Intel Celeron 1.8 GHz (430)(512 KB L2 Cache, 800 MHz)
- MSI 945 GCM-7 Pentium 4 Motherboard (775/DDR2/1066) with PCIE + Sound + LAN
- 80 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 17" SVGA Color Digital Monitor (Dyna)
- Aopen Combo PS II Keyboard and Optical Mouse with Myanmarsar & Pad
- P4 Casing (Normal Light)

Price 287,000 Ks

### ❑ HP-520 Notebook

- Intel Dual Core 2.0 GHz Processor (5750)
- 14.1" WXGA High Definition Bright View Widescreen
- 1GB DDR2 RAM
- 160GB HDD [SATA]
- 8 x DVD Writer SuperMulti DL
- Wireless LAN 802.11 b/g, Modem
- Modem & Intergrated Bluetooth 2.0
- Mobile Intel Graphics Media Accelerator X3100 w
- International Warranty

Price 690,000 Ks

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Dual 2.8 GHz (775 CPU)
- ASUS P5KPLAM
- 1GB DDR RAM
- 160 GB HDD SATA
- 15" Samsung/Acer/Fujitsu LCD Monitor
- AOPEN PS2 Keyboard & Optical Mouse & Mouse Pad
- P4 ATX Tower Casing
- Free Speaker

Price 413,000 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.5 GHz E2200(1MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 160 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 17" SVGA Color Monitor (Philips)
- Aopen Combo PS II Keyboard with Myanmarsar & PS II Optical Scroll Mouse
- Optical Mouse Pad
- P4 Casing (Medium Light)

Price 364,000 Ks

### ❑ KMD Innovator Model

- Intel Core2 Quad 2.33 GHz  Q 6600 (4 MB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 2GB DDR2 RAM (PC 800 MHz) Kingston
- PCIE 512 MB (AH 3450) ASUS
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 17" SVGA Digital Control Color Monitor (NEC)
- Aopen Combo PS II Keyboard with Myanmarsar and Optical Mouse
- Optical Mouse Pad
- P4 Casing (Light High)

Price 611,000 Ks

(မြန်မာကျပ်ငွေတန်ဖိုးပြန်လည်မြင့်တက်လာသဖြင့် ကွန်ပျူတာဈေးနှုန်းများ သိသိသာသာကျဆင်းလျက်ရှိသည်။ အထက်ပါ ဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက်အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 16x DVD ROM (Sony) SATA | 21,000 KS |
| 52 x 32 x 52 CDRW (Sony) | 22,000 Ks |
| Sony 20 x 8x 48 x 24 DVD Writer SATA | 31,000 Ks |
| 20 x 10x 40x 32 DVD Writer (ASUS) SATA | 33,000 Ks |
| Microlab M 119 Speakers with sub woofer | 23,000 Ks |
| Microlab M 666 Speakers with sub woofer | 31,000 Ks |
| Microlab M900 Speakers with sub woofer | 38,000 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 26,000 Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) | 16,000Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) Notebook RAM | 17,000Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 27,000Ks |

### ❑ Storage Device

| | |
|---|---|
| 160 GB (Hitachi) IDE | 49,000 Ks |
| 160 GB (Seagate) IDE | 47,000 Ks |
| 250 GB (Seagate) SATA | 51,000 Ks |
| 320 GB (Samsung) SATA | 53,000 Ks |
| 500 GB (Seagate) SATA | 68,000 Ks |

### ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 101,000 Ks |
| 17" SVGA Monitor (Dyna) | 68,000 Ks |
| 17" SVGA Color Monitor (NEC) | 106,000 Ks |
| 17" LCD Color Monitor (Samsung) | 128,000 Ks |
| 16" LCD Color Monitor (View Sonic) Wide View 1616 wm | 105,000 Ks |
| 19" LCD Color Monitor (Benq) Wide View G900 | 185,000 Ks |
| 19" LCD Color Monitor (ASUS)Wide View 193T | 183,000 Ks |

### ❑ Printer

| | |
|---|---|
| Canon PIXMA- iP 1980 Printer (USB) | 46,000 Ks |
| Canon Laserjet 3050 Printer (USB) | 99,000 Ks |
| HP Laserjet 2015 Printer (USB) | 248,000 Ks |
| HP Color Laserjet 1600N Printer (USB) | 320,000 Ks |
| HP Laserjet 1522N AIO 3 in 1 Printer (USB) | 410,000 Ks |
| EPSON T x 101 Printer | 75,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 210,000 Ks |
| EPSON T11 Inkjet Printer | 45,000 Ks |
| EPSON TX 400 SPC Printer | 173,000 Ks |
| EPSON SP 230 Photo Printer | 158,000 Ks |
| EPSON SP 1390 Photo Printer (A3) | 485,000 Ks |
| EPSON TX 200 SPC Printer | 145,000 Ks |
| EPSON 6200 L Laser Printer | 170,000 Ks |
| EPSON R290 Photo Printer | 195,000 Ks |
| EPSON PM270 Printer | 260,000 Ks |
| Fuji Xerox Color Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 52,500 Ks |
| HP 1010/ 1320/ 1300 Toner | 59,500 Ks |
| HP 2015 Toner | 69,000 Ks |
| Canon 2900 Toner | 51,000 Ks |
| Canon 1120 Toner | 51,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 110,000 Ks |
| EPSON Perfection V300 Scanner(A4 Film) | 175,000 Ks |
| HP Flatbed Scanner 2410 (USB) | 87,000 Ks |
| Canon Scanner Lide 100 | 65,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 46,000 Ks |
| 1250 VA (Power Tree) | 86,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group ၊ Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

# Shin Shin အာပူလျှာပူနှင့် ကြာဆံသုပ်

**မြန်မာနိုင်ငံ၏ အသင့်စား စားသောက်ကုန်ဈေးကွက်အတွင်း ကြော်ငြာအားကောင်းကောင်းဖြင့် ထပ်မံထိုးဖောက်ဝင်ရောက်လာသည့် မြန်မာလူမျိုးတို့အကြိုက် စားသောက်ဖွယ်ရာများ ဖြစ်သည်။**




☆ Cho Cho Industry Ltd. က ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်လုပ်ဖြန့်ချိခဲ့။

☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးဝေဖြိုးဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်ခုနစ်ဦး၊ ဝန်ထမ်းအင်အား ၂၆၀ ဦးကျော်ရှိ။

☆ ပြည်တွင်းနှင့် ပြည်ပမှကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ပြည်ပမှ မှာယူတင်သွင်းသောနိုင်ငံတကာအဆင့်မီ စက်ပစ္စည်းများဖြင့် ထုတ်လုပ်ဟုဆို။

☆ မြန်မာကြိုက် အရသာအတိုင်းရရှိစေရန် ရည်ရွယ်၍ ပြည်တွင်းနည်းပညာကိုအသုံးပြု၍ မြန်မာပညာရှင်များက ဦးဆောင်ထုတ်လုပ်။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ကြောင်းသိရ။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး ဈေးနှုန်းများမှာ အထုပ် ၃၀ ပါ တစ်ပါကင်လျှင် ကျပ် ၅၀၀၀ ဝန်းကျင်ဖြစ်။

☆ စားသောက်ကုန်ပစ္စည်း၏ အာမခံသက်တမ်းကိုးလပေးထား။

☆ Shin Shin အမှတ်တံဆိပ်အနေဖြင့် ယခုအသစ်ထုတ်လုပ်လိုက်သည့် အာပူလျှာပူနှင့် ကြာဆံသုပ်တို့အပြင် ကြာဆံ၊ ချဉ်စပ်နန်းပြား၊ ပုစွန်ချဉ်စပ်ကြာဆံတို့အပြင် မုန့်ဟင်းခါးကိုပါ ထုတ်လုပ်လျက်ရှိ။

☆ ကုမ္ပဏီအနေဖြင့် ဈေးကွက်လိုအပ်ချက်ကိုလေ့လာ၍ အခြားအမျိုးအစား အစားအသောက်များ တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးရဲမြတ်ထူး
မန်နေဂျာ (ဈေးကွက်မြှင့်တင်ရေး)
Cho Cho Industry Ltd.
– အဆောင် (၃)၊ အခန်း (၈)၊ Myanmar Info-Tech၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၅၂၂၉၃၊ ၆၅၂၂၈၀၊ ၆၅၂၂၈၁
– စက်ရုံလိပ်စာ
အမှတ်–၆၉၊ တွင်းသင်းအတွင်းဝန် ဦးထွန်းညိုလမ်း၊ လှိုင်သာယာစက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၄၇၂၄၊ ၆၈၄၇၈၀

# Hollywood Double Cream Roll

**မြန်မာနိုင်ငံစားသောက်ကုန်ဈေးကွက်အတွင်း ပေါင်မုန့်၊ ကိတ်မုန့်အမျိုးအစားပေါင်း ၄၀ နီးပါး အင်နှင့်အားနှင့် ထုတ်လုပ်လျက်ရှိသည့် Hollywood Bakery က အသစ်ထပ်မံထုတ်လုပ်လိုက်သည့် စတော်ဘယ်ရီနှင့် ထောပတ်ခရင်မ် နှစ်လိုင်းထပ်ပေါင်မုန့် ဖြစ်သည်။**







- ☆ Hollywood Bakery က ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချီ။
- ☆ လုပ်ငန်းအကြီးအကဲမှာ ဦးအေးဝင်းဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀၀ ဦးခန့်ရှိ။
- ☆ တရုတ် (တိုင်ပေ)၊ မလေးရှား၊ ဂျပန် စသည့်နည်းပညာများကိုမှီငြမ်းအသုံးပြု၍ ပြည်တွင်းပညာရှင်များက ဦးဆောင်ထုတ်လုပ်။
- ☆ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှပင်ဝယ်ယူအသုံးပြု။
- ☆ ဗီတာမင်ပေါင်မုန့်၊ သဘာဝပေါင်မုန့်၊ ဆီးချိုသမား များ၊ အချိုရှောင်သူများအတွက် ကျန်းမာရေးပေါင်မုန့်၊ ထောပတ်ခရင်မ်ပေါင်မုန့်၊ စတော်ဘယ်ရီ ထောပတ်ခရင်မ်ပေါင်မုန့်၊ ကိတ်မုန့် စသဖြင့် ကိတ်မုန့်၊ ပေါင်မုန့်အမျိုးအစားပေါင်း ၄၀ နီးပါး ထုတ်လုပ်လျက်ရှိ။
- ☆ ကုမ္ပဏီမှ ပေါင်မုန့်၊ ကိတ်မုန့်များ ရောင်းချပေးနေသည့် အရောင်းဆိုင်များနှင့် ဆူပါမားကတ်ကြီးများအရောက် Door to Door စနစ်ဖြင့် တိုက်ရိုက်ဖြန့်ချိပေးလျက်ရှိ။
- ☆ ပစ္စည်းအမျိုးအစားအလိုက် ကျပ် ၁၅၀ မှ ၂၀၀၀ ကျပ်အထိ အသီးသီးရှိ။
- ☆ ဆက်လက်၍ အခြားအမျိုးအစားအသစ်စားသောက်ကုန်များ တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။




☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဦးဘုန်းသက်နိုင် (မန်နေဂျာ)
အမှတ်-၃၂၃ (A)၊ မဏ္ဍရာမင်းသားကြီးလမ်း၊
ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်။
ဖုန်း-၀၉-၅၀၃၉၅၀၇၊ ၀၉-၉၉၇၁၂၉၇၊
၀၉-၉၉၇၁၄၇၆

# ရက်စွဲမှတ်တမ်း

**၈-၁-၂၀၀၉*** ပဲဈေးကွက်အတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့်ပတ်သက်၍ ဖြေရှင်းပေးနေသော ကော်မတီ၏စာရင်းများအရ ရန်ကုန်မြို့၏ အဓိကပဲဈေးကွက်ကို ချုပ်ကိုင်ထားသော ပဲကုန်သည်ကြီးများနှင့်ဆက်စပ်၍ အရောင်းအဝယ်များပြုလုပ်ခဲ့ကြပြီး နစ်နာဆုံးရှုံးခဲ့သော ပဲကုန်သည်လုပ်ငန်းရှင်များ၏ ငွေပမာဏမှာ စုစုပေါင်း ကျပ်ဘီလီယံ ၂၀၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပြောကြား။

**၁၀-၁-၂၀၀၉*** ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ငွေကြေးအကျပ်အတည်း၏ဂယက်ရိုက်ခတ်မှုများနှင့်ပတ်သက်၍ ပညာရှင်အစုံအလင်ပါဝင်သောဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က အဆိုပါအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင်ကျင်းပ။

**၁၂-၁-၂၀၀၉*** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇန်နဝါရီလ ၇ ရက်မှ ၁၀ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဇန်နဝါရီလ ၁၂ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ။

* သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နိုင်ငံများသို့ သွားရောက်လေ့လာ အတွေ့အကြုံဖလှယ်မှုအစီအစဉ်အရ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံသို့သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ။

*မြွေကိုက်ခံရ၍ သေဆုံးမှုရာခိုင်နှုန်းများပြားသော မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေးကို မြင်း၏သွေးရည်ကြည်မှ ကုန်ကျစရိတ် ကြီးမားစွာထုတ်လုပ်ခဲ့ရာမှ ယခုအခါ ကြက်ဥမှ ကုန်ကျစရိတ်ပိုမိုသက်သာပြီး ပိုမိုအာနိသင်ရှိသည့်မြွေဆိပ်ဖြေဆေးကို ထုတ်လုပ်နိုင်ပြီဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် ပြောကြား။

**၁၅-၁-၂၀၀၉*** မြန်မာအာဆီယံ–ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင်ကျင်းပ။

**၁၇-၁-၂၀၀၉*** မကွေးတိုင်း၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် မြိုင်–ကမ္ဘကားလမ်း၏ လက်ယာဘက် မိုင်တိုင် (၄/၀) နှင့် (၇/၀) အကြားတွင်တည်ရှိပြီး တည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂၁ သန်း ကျခံသုံးစွဲခဲ့သည်ဟုဆိုသည့် အမှတ် (၂) စက်မှုဝန်ကြီးဌာန စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်) ဖွင့်လှစ်။

* အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း ကာကွယ်တားဆီးရေးအလုပ်ရုံဆွေးနွေးပွဲကို ပုဂံမြို့ရှိ ပုဂံနန်းမြင့်မျှော်စင် အစည်းအဝေးခန်းမတွင်ကျင်းပ။

* ဧရာဝတီတိုင်း မအူပင်ဒေသရှိ ရွှေပင်အစမ်းတွင်းအမှတ် (၁) စတင်တူးဖော်။

**၁၈-၁-၂၀၀၉*** စာရေးဆရာမ ယုဝတီမာလာသိန်း (ခ) ဒေါ်ခင်ခင်သိန်း အသက် (၈၃)နှစ် ကွယ်လွန်။

**၁၉-၁-၂၀၀၉*** မူဆယ်ခရိုင် မုန်းပေါ်တိုက်နယ်ဆေးရုံတွင် ယောကျ်ားလေး ရင်ချင်းဆက်အမွှာနှစ်ဦးကို အရေးပေါ်ခွဲစိတ်မွေးဖွားခဲ့ပြီး သုံးရက်အကြာတွင် ကွယ်လွန်။

**၂၀-၁-၂၀၀၉*** နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် – ၁/၂၀၀၉ ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာ။

* အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင်ကျင်းပ။

**၂၁-၁-၂၀၀၉*** မြန်မာစံတော်ချိန် ၈ နာရီ၊ ၁၄ မိနစ်၊ ၁၄ စက္ကန့် အချိန်က ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၈၅ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အား ရစ်ချ်စတာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာ။

**၂၂-၁-၂၀၀၉*** မြန်မာလူမျိုး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဦးသန့်၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပ။

* သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသားကော်မရှင် (NCEA)နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် (UNEP)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စွန့်စားမှုလျှော့ချရေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၏ အရေးပါမှု အမျိုးသားအဆင့် ဆွေးနွေးပွဲ (National Seminar on the Role of Environment in Disaster Risk Reduction - DRR) ကို ပျဉ်းမနား ရေဆင်းရှိ သစ်တောသုတေသနခန်းမတွင်ကျင်းပ။

*မြန်မာ–ထိုင်း နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပ။

**၂၃-၁-၂၀၀၉*** မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း

ခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာကွမ်မုန်၏နေရာတွင် မစ္စတာယဲ့တာ့ပိုကို ခန့်အပ်ရန်အဆိုပြုလိုက်ခြင်းကို မြန်မာအစိုးရက သဘောတူညီလိုက်ပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအဖြစ် အလုပ်ကျတာဝန်ထမ်းဆောင်မည့် Senior Colonel, Gao Tiejun ကို အစိုးရအကြီးအကဲများက လက်ခံတွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

**၂၄-၁-၂၀၀၉** ✱ ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့ပေါ်ရှိ ကြက်မွေးမြူရေးခြံများတွင် ဇန်နဝါရီလအတွင်းက အပြင်းစားကြက်လည်လိမ်ရောဂါ (VVND)ဖြစ်ပွားလျက်ရှိခြင်းကြောင်း မြို့တွင်းသို့ ကြက်အဝင်အထွက်ကိုထိန်းချုပ်သည့်အနေဖြင့် ဇန်နဝါရီလ ၂၄ ရက်နေ့မှ စတင်၍ မြို့အဝင်နှင့် မြို့အထွက်နေရာများတွင် စစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ ကြက်သယ်ဆောင်ရောင်းဝယ်မှုကို တင်းကျပ်စွာ စစ်ဆေးလျက်ရှိ။

**၂၅-၁-၂၀၀၉** ✱ တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်လုံမြို့နယ်တွင် ရင်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးကို မွေးဖွား။

**၂၆-၁-၂၀၀၉** ✱ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် နေပြည်တော်သို့ရောက်ရှိ။

✱ ၂၀၀၉ ခုနှစ်အတွင်း နေကြတ်ခြင်းနှစ်ကြိမ်နှင့် လကြတ်ခြင်းလေးကြိမ်ဖြစ်ပေါ်နိုင်ကြောင်းနှင့် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ဖြစ်ပေါ်မည့် ပထမဆုံးအကြိမ်နေကြတ်ခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာ။

✱ ပြည်မြို့နယ်စည်ပင်လက်အောက်ရှိ ဈေးများတွင် ကြက်သားများနှင့် ကြက်ဥရောင်းချမှုများကို ယာယီပိတ်ပင်ထား။

**၂၈-၁-၂၀၀၉** ✱ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ဇန်နဝါရီလ ၂၂ ရက်မှ ၂၈ ရက်အထိ အလုပ်သဘောခရီးသွားရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၃၀-၁-၂၀၀၉** ✱ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများတွင် ရိုဟင်ဂျာလူမျိုးများ ပါဝင်ခြင်းမရှိကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၃၁-၁-၂၀၀၉** ✱ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ။

**၅-၂-၂၀၀၉** ✱ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီအမ်ဟာမစ် အန်ဆာရီ နှင့် ဇနီး ရှရီမာတီ ဆယ်မာအန်ဆာရီတို့ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဖေဖော်ဝါရီလ ၅ ရက် မွန်းလွဲပိုင်းက နေပြည်တော်သို့ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိ။ ခရီးစဉ်အတွင်း မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူညီချက်ကိုအတည်ပြုသည့် စာချွန်လွှာကိုလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံအကူအညီဖြင့် ရန်ကုန်မြို့၌ ဖွင့်လှစ်မည့် အင်္ဂလိပ်ဘာသာလေ့ကျင့်ရေးသင်တန်းဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း ၊ ပခုက္ကူမြို့တွင် စက်မှုသင်တန်းကျောင်းဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း နှစ်နိုင်ငံမှ တာဝန်ရှိသူအသီးသီး လက်မှတ်ရေးထိုးခဲ့ကြပြီး အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင်အသုံးပြုရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်အလုံး ၂၅၀ ကို လှူဒါန်း။

✱ အာရှတိုက်ရှိ ခရီးသွားဒေသများသို့ ကိုယ်ပိုင်လေယာဉ်ဖြင့်ပို့ဆောင်ပေးလျက်ရှိသော မလေးရှားအခြေစိုက်ခရီးသွားကုမ္ပဏီပိုင် SANBUMI AIR TRANSPORT လေကြောင်းလိုင်းသည် ရန်ကုန်–ကွာလာလမ်ပူခရီးစဉ်ကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းပေးမည့်အစီအစဉ်စတင်။

**၇-၂-၂၀၀၉** ✱ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပ။

**၈-၂-၂၀၀၉** ✱ မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား မြို့နယ်အဆင့် နယ်ခြားကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ တာချီလိတ်မြို့တွင် ကျင်းပ။


**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**

**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**

**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

ဤကဏ္ဍတွင် . . . . .
၁၃၀ လုမ္ဗိနီ
၁၃၄ ရွှေတန်စကား
၁၄၂ လူနာများ၏ကျန်းမာရေးမှ ကျွန်တော့်ကျန်းမာရေးသို့
၁၄၈ တောင်ကြီးသို့ နောက်တစ်ခေါက်
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၈)



လုမ္ဗိနီဥယျာဉ်အတွင်းရှိ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီ

# လုမ္ဗိနီ

ပါရဂူ

**ဗုဒ္ဓဖွားမြင်တော်မူရာဖြစ်သော လုမ္ဗိနီ (Lumbini) သည် ဥတ္တရပဒေ့ရှ်ပြည်နယ်ရှိ ဘာစတိဒိစတြိတ်နှင့် ဂိုရခပူဒိစတြိတ်တို့နှင့် ဆက်စပ်နေသော နီပေါပြည်မှ ကီလိုမီတာ ၁၀ အဝေး၌ တည်ရှိသည်။ လုမ္ဗိနီသည် နီပေါပြည်ရှိ လုမ္ဗိနီဒိစတြိတ်ရူပန်ဒေ့ရှ်တာလုက်၌ရှိသည်ဖြစ်၍ အနီးဆုံးလေဆိပ်မှာ နီပေါပြည်၌ရှိသော ဘိုက်ရာဟဝ ဖြစ်သည်။ ရှေးအခါက လုမ္ဗိနီသည် ကပိလဝတ္ထုနှင့် ဒေဝဒဟတို့အကြား ရောဟိနီမြစ်ကမ်းပါးရှိ သကျတိုင်း၌တည်ရှိသည့် ဘုရင့်ဥယျာဉ်တော်ဖြစ်သည်။**

ဗုဒ္ဓဖွားမြင်တော်မူရာဖြစ်၍ လုမ္ဗိနီသည် ကမ္ဘာပေါ်၌ အထွတ်ဆုံးအမြတ်ဆုံးနေရာ ဖြစ်နေသည်။ သိဒ္ဓတ္ထမင်းသားကို မာယာဒေဝီမိဖုရားက မွေးဖွားပြီးနောက် နှစ်ပေါင်းများစွာအကြာတွင် ဗုဒ္ဓသည် ဒေဝဒဟသို့ ကြွသွားသောအခါ လုမ္ဗိနီသို့ဝင် ရောက်လျက် လုမ္ဗိနီ၌ ဒေဝဒဟသုတ်ကို ဟောကြားတော်မူသည်။

သိဒ္ဓတ္ထမင်းသားဖွားမြင်သော အင်ကြင်းဥယျာဉ်၏နေရာကို ယခုအတည်ပြုပြောကြားဖို့မလွယ်ပေ။ သို့သော်လည်း မင်းသက်တမ်း ၂၁ နှစ်ရှိသောအချိန်၌ အသောကမင်းတရားကြီးသည် လုမ္ဗိနီဥယျာဉ်သို့ကြွရောက်လျက် သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေရာ၌ ကျောက်တိုင် စိုက်ထူထားသည်။ ရုမ်မင်ဒီ Lumnindce ဟု ခေါ်သောကျောက်စာ၌ အသောကမင်းတရားကြီးကြွရောက်လျက် ဗုဒ္ဓ၏မွေးဖွားတော်မူရာနေရာဖြစ်သည့်အကြောင်း ကျောက်စာရေးထိုးမှတ်တမ်းတင်ထားသည်။ ယင်းရွာမှအခွန်အတုတ်ကောက်ခံခြင်းမပြုလုပ်ရဟူ၍လည်း အသောကမင်းတရားကြီးက အမိန့်ထုတ်ပြန်ထားသည်။

အသောကမင်းတရားကြီး၏ကျောက်စာ၌ လုမ္ဗိနီဂါမဟူ၍ ရေးထိုးမှတ်တမ်းတင်ထားသော ယခုခေတ် ရုမ်မင်ဒီကျေးရွာသည် ကပိလဝတ္ထုအရှေ့ ၁၀ မိုင်အကွာတွင်ရှိပြီး ဘဂဝန်ပူရ၏မြောက်ဘက် နှစ်မိုင်အကွာတွင်ရှိသည်။

လုမ္ဗိနီသို့ တရုတ်ခရီးသည်များဖြစ်ကြသော ဖာဟီယန်နှင့် ရွှင်ကျန်၊ ဝုကောင်းတို့ရောက်ရှိသွားကြသည်။ ၅ ရာစုနှစ် လုမ္ဗိနီရောက်သွားသော ဖာဟီယန်သည် လုမ္ဗိနီ၌ရှိသော မြင့်မြတ်သည့်ရေကန်အကြောင်း စကားစပ်ထားသည်။ ယင်းမှတ်တမ်း၌ ဘုရားအလောင်းမမွေးဖွားမီ မာယာဒေဝီမိဖုရားသည် ယင်းကန်၌ရေချိုးပြီး ဘုရားအလောင်းသူငယ်ကို ရေသန့်စင်ပေးရန်အတွက် နဂါးများက ယင်းရေကန်ကို အသုံးပြုသည်။ ရွှင်ကျန်ကလည်း သကျတို့၏ တင့်တယ်ကောင်းမြတ်သော လ-ဖ-နီ (လုမ္ဗိနီ) ၌ရှိသော သကျများ၏တင့်တယ်လှပသော ရေချိုးကန်အကြောင်း ညွှန်ပြထားသည်။ ရွှင်ကျန်သည် အသောကကျောက်စာကို ကိုးကားလျက် ယင်းနေရာ၏အရှေ့ဘက်က ထူပါရုံဘုရားများကိုလည်းကောင်း၊ နာဂရာဇာနဂါးဘုရင်များရှိသောနေရာကိုလည်းကောင်း၊ ရေပူရေအေးနှစ်မျိုးရှိသော ရေစီးကြောင်းနေရာကိုလည်းကောင်း၊ ဗုဒ္ဓရေသုံးသပ်တော်မူသောနေရာကိုလည်းကောင်း၊ သိကြားမင်းနှင့် နတ်ဒေဝတာများ ဘုရားအလောင်းသူငယ်



ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်

ကို မချီသောနေရာကိုလည်းကောင်း ရေးသားဖော်ပြထားသည်။

ယင်းနေရာများသည် ထူးခြားအံ့သြဖွယ်ကောင်းသောအဖြစ်အပျက်များကိုညွှန်ပြထားသည်။ အသောကကျောက်စာကို ၁၈၉၆ ခုနှစ်၌ အင်ကြင်းဥယျာဉ်တွင် တူးဖော်ရရှိခြင်းဖြစ်သည်။ ကျောက်တိုင်၏ အမြင့်ပမာဏ ၂၂ ပေ ၄ လက်မရှိပြီး ကျောက်စာ၌ရှိသောကျောက်စာသည် အခြေခံမှစ၍ ၉ ပေ ၆ လက်မ ရှိသည်။ အခြေခံ၌ ၈ပေ ၉ လက်မရှိပြီး ထွင်းထုထားသောစာ၏ ပမာဏမှာ ၇ ပေ ၅ လက်မရှိသည်။ ရိုမင်ဒီကျောက်စာဟူ၍လည်းခေါ်သော အဆိုပါကျောက်စာနေရာတွင် သကျမုနိမွေးဖွားသည်ဟူ၍ မှတ်တမ်းတင်ထားသည်။

ဗုဒ္ဓ၏မယ်တော်ဖြစ်သော မာယာဒေဝီအထိမ်းအမှတ်ကျောင်းတော်ကို တူးဖော်ရရှိသည်ဖြစ်၍ ပြန်လည်မွမ်းမံထားသည်။ မာယာဒေဝီကျောင်းတော်၌ ဗုဒ္ဓ၏ ဇာတိကိုညွှန်ပြသော ရုပ်ကြွင်းတော်ရှိသည်။ ယင်းရုပ်ကြွင်းသည် အင်ကြင်းကိုင်းကိုကိုင်ထားသော မာယာမိဖုရားကိုလည်းကောင်း၊ ကြာပွင့်တစ်ပွင့်ပေါ်တွင် မတ်မတ်ရပ်နေသော ဖွားသစ်စ အလောင်းတော်အရှင်မြတ်ကိုလည်းကောင်း ညွှန်ပြနေသည်။ ထို့ပြင် ယင်းရုပ်ကြွင်းတော်သည် မာယာဒေဝီ၏ ညီမတော် မဟာပဇာပတိကိုလည်းကောင်း၊ မာယာဒေဝီနှင့် မဟာပဇာပတိ၏ ရံရွေတော်များကိုလည်းကောင်း ညွှန်ပြနေသည်။ အခြားအရေးပါအရာရောက်သောရုပ်ကြွင်းတော်တစ်ခုမှာ သကျသာကီဝင်များ ရေချိုးသောကန်ဖြစ်သည်။ ယင်းရေကန်၌ သိဒ္ဓတ္ထမင်းသား ပထမဦးဆုံးရေသန့်စင်သည်။

၁၉၅၆ ခုနှစ်၌ လုမ္ဗိနီတွင် ထေရဝါဒဗုဒ္ဓဘာသာဘုရားကျောင်းဆောက်လုပ်တည်ထောင်ထားသည်။ ဒုတိယခေတ်ပေါ်ကျောင်းတော်မှာ များမကြာမီကဆောက်လုပ်တည်ထားသော တိဗက်ကျောင်းတော်ဖြစ်သည်။ ဂျပန်ဗိသုကာ ကင်ဇိုတန်ဂေသည် ဥယျာဉ်များနှင့်ပုထိုးများ၏ စိတ်ပါဝင်စားဖွယ် ဆင့်ကဲပေါ်ပေါက်လာပုံများအပါအဝင်ဖြစ်သော လုမ္ဗိနီအတွက် စီမံကိန်းကြီးကို ချမှတ်ထားသည်။ ယင်းစီမံကိန်းကြီး ထမြောက်အောင်မြင်သည့်နေ့တွင် လုမ္ဗိနီသည် ဘုရားဖူးဌာနများထဲက အရေးပါအရာရောက်သော ဌာနတစ်ခုဖြစ်လာမည့်အပြင် အိန္ဒိယနှင့် နီပေါနိုင်ငံ ဗုဒ္ဓနှင့်ပတ်သက်သောမြေပုံများ၏ အချက်အချာဌာန ဖြစ်လာလိမ့်မည်။

လုမ္ဗိနီသည် အရှေ့နှင့်မြောက်ဘက်သွားသောမီးရထားလမ်းမ၌ နောင်ဂါနှင့် ကီလိုမီတာ ၃၅ အဝေး၌ရှိသည်။ နောင်ဂါနှင့် ကကာဟာ (Kakarha) ကြား၌လည်း ဘတ်စ်ကားများအသွားအလာရှိသည်။ ဗာရာဏသီနှင့် ကကာဟာသို့သွား၍ရသော ခရီးလည်းရှိသည်။ ကကာဟာမှ ဘတ်စ်ကားဖြင့်လည်းကောင်း၊ ရစ်ရှောဖြင့်လည်းကောင်း ကီလိုမီတာအနည်းငယ်သွားလျှင် လုမ္ဗိနီသို့ရောက်သည်။ လုမ္ဗိနီနှင့် ဂိုရခပူ

၏ခရီးအဝေးသည် ၁၀၈ ကီလိုမီတာဝေးသည်။ လုမ္ဗိနီမှ ဖာရန်ဒါ (Pharanda) သို့ ၁၈၀ ကီလိုမီတာဝေးသည်။ လုမ္ဗိနီသည် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုဆောင်ရွက်ရေးနေရာများထဲက စာရင်းဝင်နေရာ တစ်နေရာဖြစ်သည်။


ဘိုက်ရာဟာဝ (Bhairahawa)သည် လုမ္ဗိနီနှင့် အလွန်တရာနီးကပ်သောနေရာဖြစ်ပြီး ကထမန္ဒုနှင့် လေကြောင်း ကုန်းကြောင်း ခရီးနှစ်မျိုးဖြင့် သွား၍ရသည်။ ဘိုက်ရာဟာဝနှင့် လုမ္ဗိနီသည် ရာသီမရွေး သွားလာ၍ရပြီး အချိန်မှန်ဘတ်စ်ကားများ အသွားအလာရှိသည်။

အိန္ဒိယမှ လုမ္ဗိနီသို့သွားသူအားလုံး အချိန်အနည်းငယ်နေသည်ဖြစ်စေ နီပေါဗီဇာယူရသည်။ နယ်စပ်ဌာနရုံးခွဲ၌ သတ်မှတ်ထားသောနှုန်းထားဖြင့် ဗီဇာလုပ်၍ရသည်။

လုမ္ဗိနီ၌ နီပေါအစိုးရဧည့်ဂေဟာသည် ဧည့်သည်များတည်းခိုရန်အတွက် စံပြနေရာတစ်နေရာဖြစ်သည်။ စရိတ်စကကြီးသော်လည်း သန့်ရှင်းစင်ကြယ်ပြီး အစစအရာရာအဆင်ပြေသည်။ သို့သော်လည်း အကျွေးအမွေးများနှင့် ပတ်သက်၍မူ



အသောကမင်းကြီးစိုက်ထူထားသည့် ဗုဒ္ဓဖွားမြင်တော်မူရာနေရာ အထိမ်းအမှတ်ကျောက်တိုင်



သကျသာကီတို့ရေချိုးရာကန်

အဆင်ပြေမှုမရှိပေ။ လုမ္ဗိနီ၌ရှိသော အခြားဧည့်ဂေဟာတစ်ခုမှာ ခရီးသည်ဟိုတယ်ဖြစ်သည်။

နောင်ဂါအနီး၌ PWO ဟိုတယ်နှင့် ဈေးသက်သာသော ဟိုတယ်သေးသေးအချို့လည်းရှိသည်။ လုမ္ဗိနီ၌ရှိသော မဟာဗောဓိဧည့်ဂေဟာနှင့် မြန်မာဓမ္မသာလာ (Dharamshala)တို့၌လည်း သန့်ရှင်းသော၊ တည်းခိုရအဆင်ပြေသော အဖိုးနည်းဝန်ပါ အခန်းများရှိသည်။ ဘိုက်ရာဟာဝသည် ညဥ့်အိပ်ညဥ့်နေတည်းခိုသူများအတွက် အဆင်ပြေသော အခြားနေရာတစ်ခု ဖြစ်သည်။

လုမ္ဗိနီဟိုတယ်သည် စရိတ်စကကြီးသောဟိုတယ်ဖြစ်သည်။ ဟိမာလယတည်းခိုခန်းသည် အဖိုးနည်းဝန်ပါတည်းခိုခန်းဖြစ်ပြီး ရှမ်ဗာလဧည့်ဂေဟာနှင့် ကေလာရှ်ဟိုတယ်သည် စရိတ်စကကြီးသောဟိုတယ်များဖြစ်သည်။

ပါရဂူ




**ပန်းချီဦးဘကြည်၏လက်ရာ ဘုရားလောင်း တေမိမင်းသား**

# ရွှေတန်စကား

**မြသန်းသန်းနု**

**'ဆိတ် ဆိတ်နေရွှေတန်' (Silence is Golden) ဆိုတဲ့ ဆိုရိုးစကားရှိရခြင်းဟာ 'အဓိပ္ပာယ်ပြည့်ဝတဲ့ ဆိတ်ဆိတ်နေမှု' ကြောင့် တန်ဖိုးမဖြတ်နိုင်လောက်တဲ့ အရေးကိစ္စတွေ ပြီးမြောက်အောင်မြင်မှုရှိလို့သာ ဖြစ်ပါတယ်။**

ဗုဒ္ဓမြတ်စွာလောင်းလျာဖြစ်တဲ့ "တေမိယကုမာရ" မင်းသားဇာတ်တော်ကြီးမှာ ဆိတ်ဆိတ်နေခြင်းရဲ့ အကျိုးတရားကို အထင်အရှားဖော်ပြထားတာ တွေ့ရပါတယ်။ ဗာရာဏသီပြည် ကာသိတိုင်းကို အစိုးရတဲ့ ကာသိကရာဇ်ပြည့်ရှင်ခမည်းတော်မင်းကြီးဟာ တေမိမင်းသားငယ်မွေးဖွားအပြီး တစ်လအကြာ နန်းရင်ပြင်မှာ သားငယ်ကို ရင်ခွင်ထက်ထားရင်း တရားစီရင်ခဲ့ပါတယ်။ အဲဒီနေ့က ခိုးသားလေးယောက်ကို တရားစီရင်ခဲ့တာကြောင့် နောက်နောင် ခိုးဆိုးမှုတွေ ပပျောက်စေလိုတဲ့သဘောနဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ အပြစ်ဒဏ်အမျိုးမျိုး ချမှတ်ခဲ့ပါတယ်။ တေမိမင်းသားငယ်ဟာ ပါရမီတော်ရင့်သန်ခဲ့တော်မူတာကြောင့် ဖခင်အရိုက်အရာ ထီးနန်းဆက်ခံရမယ်ဆိုရင် ခမည်းတော်မင်းကြီးလိုပဲ ငရဲကျမယ့်အကုသိုလ်မကောင်းမှုတွေပြုရတော့မယ်ဆိုပြီး အကြီးအကျယ်ဝန်လေးတော်မူခဲ့ပါတယ်။

ဘုရားလောင်းတေမိမင်းသားငယ် စိတ်နှလုံးမသာမယာဖြစ်နေတာကို သိရှိရတဲ့ ထီးဖြူစောင့်နတ်သမီးဟာ ကိုယ်ထင်ပြပြီး အကြံဉာဏ်ကောင်းပေးခဲ့ပါတယ်။ ထီးဖြူစောင့်နတ်သမီးဟာ ရှေးအတိတ်ဘဝတစ်ခုမှာ ဘုရားလောင်းတေမိမင်းသားငယ်ရဲ့ မိခင်ဖြစ်ခဲ့ဖူးတာကြောင့် မေတ္တာရှေ့ထားပြီး အကြံပေးခဲ့တာဖြစ်ပါတယ်။ "တကယ်လို့ နန်းစည်းစိမ်ကနေ လွတ်မြောက်လိုတယ်ဆိုရင် အစွမ်းအစမပြမှ သာဖြစ်လိမ့်မယ်။ ဆွံ့အနားမကြားသူအသွင်နေမှသာ ချစ်သားအလိုပြည့်ပေလိမ့်မယ်" လို့ ထီးဖြူစောင့်နတ်သမီးရဲ့အကြံပြုချက်အရ တေမိမင်းသားငယ်ဟာ စမ်းသပ်မှုအမျိုးမျိုးအလုပ်ခံခဲ့ရတဲ့ကြားက အသက် ၁၇ နှစ်အရွယ်ထိ နှုတ်စောင့်စည်းရင်း ဆိတ်ဆိတ်ကျင့်ကြံနေထိုင်တော်မူခဲ့ပါတယ်။ ဘုရားလောင်းတေမိမင်းသားငယ်ဟာ အဲဒီလို ဆိတ်ဆိတ်နေခဲ့တော်မူတာကြောင့် ပထမဆုံး (၁) တရားသဖြင့်လက်ဝယ်ရောက်ရှိလာမယ့်မင်းစည်းစိမ်ကို စွန့်လွှတ်ခြင်းဆိုတဲ့ ဒါနပါရမီ၊ (၂) မြတ်တဲ့အာရုံမှာသာ စိတ်ကိုကောင်းမွန်စွာထားရှိခြင်းဆိုတဲ့ သီလပါရမီ၊ (၃) ကာမအာရုံခံမင်စွဲလမ်းမှုကိုဖြတ်တောက်ပြီး သံသရာမှလွတ်မြောက်ကြောင်းတရားကို ရှေးရှုနိုင်မှုဆိုတဲ့ နေက္ခမ္မပါရမီ၊ (၄) မင်းပြုခြင်းဟာ အပြစ်၊ တောထွက်ခြင်းသာ အကျိုးရှိတယ်လို့ ရှုမြင်တတ်တဲ့ ပညာပါရမီ၊ (၅) မတွန့်မဆုတ် အားထုတ်နိုင်တဲ့ ဝီရိယပါရမီ၊ (၆) ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း စတာတွေကို သည်းခံတော်မူနိုင်တဲ့ ခန္တီပါရမီ၊ (၇) ထီးဖြူစောင့်နတ်သမီးစကားကို လက်ခံတော်မူပြီး အဲဒီစကားဟာ မှန်ကန်တဲ့စကားဖြစ်ပေတယ်လို့ မှတ်ယူတော်မူတဲ့ သစ္စာပါရမီ၊ (၈) မထေမဲ့မြင်ပြုခံရပေမယ့် သူတစ်ပါးကို ပြန်လည်ညှဉ်းဆဲလိုတဲ့ကြံစည်မှု၊ သူတစ်ပါးကို သေကျေပျက်စီးစေလိုတဲ့

ကြံစည်မှုမရှိတော်မူခြင်းဆိုတဲ့ မေတ္တာပါရမီ၊ (၉) သုခဒုက္ခနှစ်မျိုးစလုံးကို လျစ်လျူရှုတော်မူနိုင်တဲ့ ဉပေက္ခာပါရမီ၊ (၁၀) ပါရမီကိုးပါးစလုံးကို ကိုယ် နှုတ် နှလုံး သုံးပါးစလုံးနဲ့ မတိမ်းမစောင်းအောင် ကောင်းစွာထိန်းသိမ်း ဆောက်တည်နိုင်တော်မူတဲ့ ပရမတ္ထအဓိဋ္ဌာန် ပါရမီတော် စတဲ့ ပါရမီဆယ်ပါးဖြည့်ဆည်းနိုင်ခဲ့ပါတယ်။


ဒုတိယအနေနဲ့ တောထွက်တော်မူတဲ့ တေမိရှင်ရသေ့ကို အကြောင်းပြုပြီး ဗာရာဏသီပြည်သူပြည်သားအားလုံးသာမကဘဲ ခုနစ်ပြည်ထောင်ပြည်သူပြည်သားတို့ပါ ရသေ့ရဟန်းပြုကြပြီး စတုမဟာရာဇ်၊ တာဝတိံသာ အစရှိတဲ့ နတ်ပြည်ခြောက်ထပ်မှာ ကံအာနုဘော်နည်းခြင်းများခြင်းအလျောက် ထိုက်တန်ရာဘုံမှာ နတ်သမီးနတ်သား အသီးသီးဖြစ်ကုန်ကြပါတယ်။ ဒါဟာ 'တရားကိုဆောင်လျှင် ပတ္တမြားကိုဆောင်သောသူထက် အထောင်အသောင်းမက တောက်ပစေတယ်' ဆိုတဲ့ တရားတော်နဲ့လည်း ညီညွတ်ပါတယ်။ တေမိယဇာတ်တော်ကြီးမှာ ဗုဒ္ဓလောင်းလျာ တေမိယကုမာရမင်းသားငယ်ရဲ့ ဆိတ်ဆိတ်နေမှုကြောင့် 'ရွှေတန်' တယ်ဆိုတဲ့ ဆိုရိုးစကားထက်လွန်ကဲပြီး သတ္တဝါများကို တရားထူးနဲ့ မြတ်နိဗ္ဗာန်လမ်းညွှန်ပြသတော်မူနိုင်ခဲ့တဲ့ ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်ရှိတော်မူတဲ့အထိ ဖြစ်ခဲ့ရပါတယ်။

စကားမပြောဘဲ ဆိတ်ဆိတ်နေဖို့ဆိုတာ လွယ်လွယ်လေးဆုံးဖြတ်ကျင့်ကြံလို့ရတဲ့ကိစ္စမဟုတ်ပါ။ ဒါပေမဲ့ ဆိတ်ဆိတ်နေဖို့ အဓိဋ္ဌာန်ထားရှိသူတွေကတော့ ကြမ်းတမ်းတဲ့စကား၊ သိမ်ဖျင်းတဲ့စကား၊ စည်းလွတ်ဝါးလွတ်စကားတွေ မပြောမိအောင်ပါ ထိန်းချုပ်ထားပြီးဖြစ်တာကြောင့် ဒေါသကို ငြိမ်းစေတယ်။ အတွင်းစိတ်ခွတ်ပိုပြီး ကြံ့ခိုင်စေတယ်လို့ ဆိုကြပါတယ်။

အမေရိကန်ပြည်ထောင်စု Massachusetts တက္ကသိုလ်က ဆက်သွယ်ရေးဘာသာရပ်ဆိုင်ရာ ပါမောက္ခ Donal Carbaugh က "ဆိတ်ဆိတ်နေခြင်းကို အပြုသဘောကင်းမဲ့တယ်၊ အကျိုးမဲ့စေတယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေမယ့် အကြောင်းကိစ္စတစ်ခုပေါ်မှာ အာရုံစိုက်မှုရှိနေတာကြောင့် ဆိတ်ဆိတ်နေခြင်းသာ ဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင်မှုအဖြစ် နောက်ဆုံးမှာ နားလည်သဘောပေါက်လာနိုင်ပါတယ်" လို့ ပြောပြပါတယ်။ ပါမောက္ခ Donal Carbaugh က ဆက်ပြီး "Finland လူမျိုးတွေဟာ ဆိတ်ဆိတ်နေရင် ကျန်းမာတယ်လို့ အလေးအနက်ယုံကြည်ကြတာကြောင့် ဆိတ်ဆိတ်နေခြင်းကို အပြုသဘောဆောင်တယ်လို့ လက်ခံကြပါတယ်။ Finland လူမျိုးတွေက နှုတ်နည်းသူတွေဟာ ပြတ်ပြတ်သားသားဆုံးဖြတ်နိုင်ကြတယ်၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံကြတယ်လို့လည်း ယုံကြည်ကြတာကြောင့် ဆိတ်ဆိတ်နေခြင်းကို အပြုသဘောဆောင်တယ်လို့ လက်ခံကြတာဖြစ်ပါတယ်" လို့လည်း ပြောပါတယ်။ ကျွန်မတို့ဆီမှာ "လူပြောမသန် လူသန်မပြော" ဆိုတဲ့ ဆိုရိုးစကားနဲ့ ထပ်တူထပ်မျှ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ 'ဝစီပိတ်' အကျင့်နဲ့ အဓိဋ္ဌာန်ဝင်သူတွေ အများအပြားရှိသလို မြန်မာနိုင်ငံအနှံ့ ဝိပဿနာတရားစခန်းတွေမှာလည်း တရားဝင်တဲ့အချိန်ကာလတစ်လျှောက် ဝစီပိတ် လုံးဝစကားမပြောဘဲ တရားမှတ်ရှုရတဲ့ တရားစခန်းတွေရှိပါတယ်။ စကားများများပြောလေ

**ဉဇ္ဇေနီပြည်အဖြစ် ကျော်ကြားခဲ့တဲ့ Ujjain မြို့ ညရှုခင်း**




အာရုံထွေပြားပြီး အမှားများလေဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ရှေးအခါကတည်းက ဝစီပိတ်ကျင့်ရင်း တရားရှာဖွေကြတဲ့သူတော်စင်အများအပြားရှိပါတယ်။ အခုမျက်မှောက်ကာလမှာလည်း ရှေးရှေးကဟိန္ဒူယောဂီကျင့်စဉ်ဖြစ်တဲ့ ယောဂ(Yoga)ပညာသင်ကြားပို့ချပေးနေတဲ့ ယောဂဆရာတွေက ဆိတ်ဆိတ်နေမှသာ ခန္ဓာကိုယ်ရဲ့အဓိကအင်အားဖြစ်တဲ့ 'စိတ်' အပေါ် အာရုံစိုက်နိုင်မယ်။ ဒါမှ မိမိဘဝကို ရှင်းလင်းပြတ်သားစွာ သုံးသပ်နိုင်လိမ့်မယ်လို့ ဟောပြောပြီး ဆိတ်ဆိတ်နေတဲ့ အချိန်တစ်ချိန်ထားရှိဖို့ အကြံပေးကြပါတယ်။ ကျွန်မတို့ဝိပဿနာကျင့်စဉ်အရ တရားကျင့်တဲ့အချိန်အပိုင်းအခြားတစ်ခုဟာလည်း ဆိတ်ဆိတ်နေခြင်းပါပဲ။

"စကားတစ်ခုခုပြောဆိုလိုက်တယ်ဆိုရင်ပဲ ကြားရသူတွေအနေနဲ့ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုမှုလွဲချော်တာတွေ၊ နားလည်မှုလွဲတာတွေရှိတတ်စမြဲပါ။ စကားပြောတဲ့အခါ တွေးတောစဉ်းစားပြီး ပြောရတာကြောင့် အားအင်ကုန်ခန်းစေပါတယ်။ တစ်မိနစ်ကိုတွေးတောမှုအမျိုးအစားပေါင်း ၃၀ စဉ်းစားတတ်ကြတယ်" လို့ ယေဘုယျတွက်ဆနိုင်ကြောင်း အိန္ဒိယစိတ်ရောဂါပညာရှင် Dr. Avdesh Sharma က ပြောပါတယ်။ "ဆိတ်ဆိတ်နေတဲ့အခါမှာတော့ အကြောင်းအရာငါးမျိုးပဲ စဉ်းစားမိပါတယ်။ စိတ်လှုပ်ရှားနေတဲ့အခါမှာတော့ အတွေးပေါင်း ၆၀ အထိ တက်သွားနိုင်ပါတယ်။ ဆိတ်ဆိတ်နေတာဟာ တွေးတောမှုကို လျှော့နည်းစေတာကြောင့် ပြဿနာလည်း လျော့ပါးစေတယ်" လို့ Dr.Sharma က ပြောပါတယ်။

အိန္ဒိယနိုင်ငံဖခင်ကြီး မဟတ္တမဂန္ဒီလည်း အပတ်တိုင်း ဆိတ်ဆိတ်နေပြီး စကားမပြောတဲ့ကျင့်စဉ်ကျင့်သူ ဖြစ်ပါတယ်။

၁၉၃၁ ခုနှစ်က တစ်ချိန်မှာ ဂန္ဒီကြီးနဲ့ သူတော်စင် Meher Baba တို့ဟာ Rajputana လို့ အမည်ပေးထားတဲ့ သင်္ဘောကြီးပေါ်မှာ အတူလိုက်ပါတဲ့ခရီးသည်တွေ



**အိန္ဒိယနိုင်ငံဖခင်ကြီး မဟတ္တမဂန္ဒီ**

ဖြစ်ခဲ့ကြပါတယ်။ ဂန္ဒီကြီးက စားပွဲဝိုင်းညီလာခံ (Round Table Conference) တက်ဖို့ အင်္ဂလန်အသွား ဖြစ်ပါတယ်။ သူတော်စင်ကြီးကို ဆည်းကပ်တဲ့ Karachi မြို့က (အဲဒီအချိန်က အိန္ဒိယနိုင်ငံကနေ ပါကစ္စတန်နိုင်ငံအဖြစ် ခွဲမထုတ်ရသေးတာကြောင့် ကရာချိမြို့ဟာ အိန္ဒိယနိုင်ငံရဲ့မြို့တစ်မြို့ပဲဖြစ်ပါတယ်။) Mr. Jamshedji Mehta ဆိုသူဟာ ဂန္ဒီကြီးနဲ့လည်း သိကျွမ်းတာကြောင့် သူတော်စင်ကြီးနဲ့တွေ့ဆုံဖို့ ဂန္ဒီကြီးကို မေတ္တာရပ်ခံခဲ့ပါတယ်။ ဂန္ဒီကြီးက သူတော်စင်ကြီးရဲ့အခန်းကိုရောက်တဲ့အခါ သူတော်စင်ကြီးက သူရေးသားထားတဲ့ 'လျှို့ဝှက်စာအုပ် (Secret Book)' ထဲကအခန်းတချို့ကို ပြသပါတယ်။ ဒီစာအုပ်မှာ လေးနက်တဲ့ဆိတ်ဆိတ်နေမှုရဲ့အင်အားကို ကမ္ဘာတစ်ဝန်း လူတိုင်းလူတိုင်း သိရှိနားလည်သဘောပေါက်ဖို့ ရေးသားဖော်ပြထားပါတယ်။

ဂန္ဒီကြီးက သူတော်စင်ကြီးအနေနဲ့ ဆိတ်ဆိတ်နေတဲ့ကျင့်စဉ် (ဝစီပိတ်) ဘာ့ကြောင့်ကျင့်ရသလဲလို့မေးတဲ့အခါ "ဘုရားသခင် (God) ဟာ ဆိတ်ဆိတ်နေပေမယ့် လူတိုင်းနဲ့အချိန်ပြည့်ဆက်သွယ်မှုရှိတယ်။ လူသားတွေအတွက် စကားလုံးတွေဟာ ဆက်သွယ်ရေးမှာ မရှိမဖြစ်လိုအပ်ချက်မဟုတ်ပါဘူး။ တစ်ဦးအပေါ်တစ်ဦး နှစ်သက်မှု၊ ချစ်ခင်မြတ်နိုးမှု၊ တန်ဖိုးထားမှု၊ နားလည်သဘောပေါက်မှု စတဲ့ ခံစားမှုတွေကသာ အရေးပါပါတယ်။ စကားတစ်လုံးမှ ပြောစရာမလိုဘဲ ဒီခံစားမှုတွေဟာ အရှိန်အဟုန်နဲ့ တခြားလူတွေဆီရောက်ရှိသွားနိုင်ပါတယ်။ ဆိတ်ဆိတ်နေသူတွေမှာ အင်အားပိုပြီးကြီးမားပါတယ်" လို့ သူတော်စင်ကြီးက စာနဲ့ရေးပြီး ဖြေကြားခဲ့ပါတယ်။

သူတော်စင်ကြီးကို ၁၈၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ အီရန်နိုင်ငံမှာ မွေးဖွားခဲ့ပြီး ၁၉ ရာစုအကုန်ပိုင်းမှာ သူတော်စင် Baba ရဲ့မိသားစုဟာ အိန္ဒိယနိုင်ငံမှာလာပြီး အခြေစိုက်ခဲ့ကြပါတယ်။ Meher Baba ဟာ အိန္ဒိယနိုင်ငံအနောက်ပိုင်း အခု Maharashtra ပြည်နယ် Pune မြို့ (ယခင် Poona) St.Vincent's အထက်တန်းကျောင်းမှာပညာသင်ပြီး နာမည်ကျော် Deccan ကောလိပ်ကနေ ဘွဲ့ရရှိခဲ့တဲ့ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ Meher Baba ဟာ ၁၂ နှစ်သားအရွယ်ကတည်းက သူတော်စင်ကြီးတွေနဲ့ အကျွမ်းဝင်ခဲ့သူဖြစ်ပါတယ်။ Baba ဟာ သူတော်စင်တို့ရဲ့ အကျင့်ကိုကျင့်ရင်း ၁၉၂၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ အသက် ၃၁ နှစ်အရွယ်ကစပြီး ကွယ်လွန်ချိန် ၁၉၆၉ ခုနှစ်အထိ ဆိတ်ဆိတ်နေတဲ့ကျင့်စဉ်ကို လိုက်နာကျင့်သုံးခဲ့ပါတယ်။ သူတော်စင်ကြီးဟာ ဆိတ်ဆိတ်နေတဲ့ကျင့်စဉ် ကျင့်ရင်း ကမ္ဘာပတ်ခရီး ၁၃ ကြိမ်ထွက်ခဲ့ပါတယ်။ သူတော်စင်ကြီးက လူတွေနဲ့တွေ့တိုင်း "သွန်သင်ဆုံးမဖို့ရောက်လာတာမဟုတ်ပါ။ နိုးကြားအောင်လုပ်ပေးဖို့သာဖြစ်ပါတယ်။

ဘုရားသခင် (God) က ရှေးအတိတ်ကာလထဲက လူတွေလိုက်နာကျင့်သုံးရမယ့် အခြေခံကိုယ်ကျင့်တရားများနဲ့ ကျင့်ဝတ်သီလတွေကို ချမှတ်ပေးထားခဲ့ပြီးဖြစ်ပေမယ့် မေ့မေ့ပျောက်ပျောက်ဖြစ်ကုန်ကြပြီဖြစ်ပါတယ်။ ဒီအခြေခံကိုယ်ကျင့်တရားရှိမှသာ ကမ္ဘာကြီးသာယာစို

ပြည်နိုင်လိမ့်မယ်" လို့ စာနဲ့ရေးပြီး သတိပေးလေ့ရှိခဲ့ပါတယ်။ ဆိတ်ဆိတ်နေခြင်းဟာ ဘုရားသခင် (God) ရဲ့ကျင့်စဉ်ဖြစ်တာကြောင့် ဖြူစင်သန့်ရှင်းဆုံး ဖြစ်ပါတယ်။ လူသားအချင်းချင်း ချစ်ခင်သင့်မြတ်မှုရှိအောင်လည်း ချည်နှောင်ရစ်ဖွဲ့ပေးပါတယ်လို့ သူတော်စင် Meher Baba လက်ခံယုံကြည်ထားပါတယ်။ သူတော်စင်ကြီးရဲ့သဘောထားခံယူချက်တွေကို လေးစားလွန်းတာကြောင့် သူတော်စင်ကြီးနဲ့တွေ့ဆုံအပြီး ဂန္ဒီကြီးလည်း အပတ်စဉ်ဆိတ်ဆိတ်နေတဲ့ကျင့်စဉ်ကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။

၁၉၉၀ ခုနှစ်နှောင်းပိုင်းလောက်က နယူးဒေလီမြို့မှာရှိစဉ် ပုဂ္ဂိုလ်ကြီးတစ်ဦးနဲ့ တွေ့ဆုံခဲ့ရပါတယ်။ တစ်မနက် အိမ်မှာအလုပ်ရှုပ်နေတုန်း ကျွန်မတို့နဲ့ အင်မတန်မှ ရင်းနှီးတဲ့မိတ်ဆွေဆီက ဖုန်းဆက်လာပါတယ်။ "ဒီကနေ့ မင်းတို့နှစ်ယောက်စလုံး အလုပ်သွားရမှာလား" လို့ မေးပါတယ်။ "သွားရမှာပေါ့" လို့ ဖြေတဲ့အခါ "ဒီမနက် ၁၁ နာရီအရောက် အိမ်ကိုလာပါဦး" လို့ ခေါ်ပါတယ်။ အဲဒီမိတ်ဆွေအိမ်ကိုသွားရင် ကျွန်မတို့ရုံးကို လွန်ပြီးမှရောက်မှာဖြစ်ပါတယ်။ ကျွန်မတို့ရုံးကို နေ့လယ် ၂ နာရီအရောက် သွားရမှာဖြစ်တာကြောင့် မိတ်ဆွေအိမ်မှာခဏဝင်ပြီး ရုံးဘက်ပြန်လှည့်ရင် အဆင်ပြေတယ်ဆိုတဲ့သဘောနဲ့ "၁ နာရီအရောက်လာခဲ့မယ်။ ပြီးတော့ အလုပ်သွားမယ်" လို့ ဈေးဆစ်လိုက်ပါတယ်။

ကျွန်မတို့မိတ်ဆွေက ကျွန်မတို့ထက် အသက်ကြီးပါတယ်။ ကျွန်မတို့က ဟိန္ဒီဘာသာနဲ့ 'ဒီဒီ' (အစ်မကြီး) လို့ ခေါ်ကြပါတယ်။ ကျွန်မတို့ကိုစောင့်ရှောက်သလို ပြောစရာရှိရင်လည်း ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်သူ ဖြစ်ပါတယ်။ "မင်းတို့ကို ၁၁ နာရီအရောက်လာဖို့ခေါ်တာ အကြောင်းရှိလို့ပေါ့။ တစ်နာရီမှလာရင် တွေ့ရမှာမဟုတ်ဘူး။ တံခါးပိတ်သွားလိမ့်မယ်။ ဒီည ပြန်မှာ။ ၁၁ နာရီ အရောက်လာခဲ့" လို့ပြောပြီး ဖုန်းချလိုက်ပါတယ်။ 'ဒီဒီ' ဘာတွေပြောနေမှန်း နားမလည်ပေမယ့် ၁၁ နာရီမထိုးခင် ၅ မိနစ်အလိုမှာ ရောက်သွားကြပါတယ်။ 'ဒီဒီ' က ကျွန်မတို့ကို တွေ့တယ်ဆိုရင်ပဲ "လာပါလို့ခေါ်နေတာ လာရင်ပြီးရော ဈေးဆစ်နေရသေးတယ်။ 'ဘာဘာ' နဲ့တွေ့ပေးမလို့" ဆိုပြီး ပြောပါတယ်။ "ဘာဘာဆိုတာ ဘယ်သူလဲ" လို့မေးတဲ့အခါ "Mauni Baba (မောနိဘာဘာ) ပဲ။ ဘာဘာက စကားမပြောဘူး။ မင်းတို့မိသားစု ဒီမှာရှိတယ်ဆိုတဲ့ အကြောင်းပြောတော့ တွေ့ချင်တယ် ခေါ်လိုက်ပါဆိုလို့ အခုခေါ်တာပဲ။ နောက် ငါးမိနစ်လောက်ဆိုရင် မင်းတို့ဝင်ပြီးစကားပြောလို့ရပြီ" လို့ ပြောပါတယ်။ "စကားမပြောဘူး" လို့လည်း ပြောသေးတယ်။ "မင်းတို့နဲ့တွေ့ချင်တယ်လို့ ပြောတယ်" ဆိုတော့ စဉ်းစားရကျပ်နေပါတယ်။ တကယ်တော့လည်း 'Meuni Baba' လို့ ဆိုကတည်းက "ဆိတ်ဆိတ်နေသော စကားမပြောသောဘာဘာ" လို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်မတို့က 'ဒီဒီ' နဲ့ အတွင်းဧည့်ခန်းမှာ ထိုင်ကြပါတယ်။ အပြင်ဧည့်ခန်းမှာ ဧည့်သည်တွေရှိပုံရပါတယ်။ ခြံဝင်းထဲမှာလည်း ကားကြီးကားကောင်းတွေ တွေ့ရပါတယ်။ 'ဘာဘာကြီး' ကိုအပူကပ်ဖို့ ရောက်နေကြတဲ့ လူကြီးလူကောင်းတွေ ဖြစ်ပါလိမ့်မယ်။ ကျွန်မတို့အလှည့်ရောက်တော့ ကျွန်မက 'ဒီဒီ' ပါ လိုက်ခဲ့ပါလို့ပြောပြီး ခေါ်သွားပါတယ်။ အိမ်ရှေ့ဘက်က ဧည့်သည်အတွက် သီးသန့်ပြင်ဆင်ထားတဲ့ အိပ်ခန်းကိုသွားရပါတယ်။ ကျွန်မတို့ဝင်သွားချိန်မှာ အခန်းထဲ ဘယ်သူမှမရှိပါ။ အိပ်ခန်းနဲ့ ရေချိုးခန်းကြားမှာ အဝတ်အစားထည့်ဖို့ ဗီရိုနဲ့မှန်တင်ခုံထားတဲ့အဝတ်လဲခန်း ရှိပါတယ်။ အဲဒီအခန်းမှာ လူရိပ်မြင် သလိုရှိပါတယ်။



**သူတော်စင်ကြီး** Meher Baba

"ဟိုအခန်းထဲမှာ ဘာဘာ ရှိတယ်။ နွားနို့ကြိုနေတယ်။ ဂက်စ်မီးဖိုအသေးလေး ထားပေးရတယ်။ သူ့အိုးသူ့ခွက်နဲ့ သူ့ဘာသာကြိုတယ်။ နွားနို့သောက်ပြီး သစ်သီးစားတယ်။ တခြားဘာမှမစားဘူး။ သစ်သီးကို ဝယ်ပေးရုံပဲ။ သူ့ဘာသာခွဲစိတ်စားတယ်" လို့ 'ဒီဒီ' က ကျွန်မတို့ကိုရှင်းပြအပြီးမှာ 'Meuni Baba' ထွက်လာပါတယ်။

'ဘာဘာ' က ခုတင်ခြေရင်းမှာ ချထားတဲ့ တစ်ယောက်ထိုင်ကုလားထိုင်ပေါ်မှာ ထိုင်လိုက်ပါတယ်။ ကျွန်မတို့က ကုလားထိုင်ရှေ့မှာခင်းထားတဲ့ ကော်ဇောပေါ်မှာ အစကတည်းကထိုင်ရင်း နေရာယူထားပြီးဖြစ်ပါတယ်။ 'ဘာဘာ' ရဲ့

ကိုယ်ပေါ်မှာ နို့နှစ်ရောင် ဖဲသားနံငယ်ပိုင်းသာ ရစ်ပတ်ဝတ်ဆင်ထားပြီး ကိုယ်အထက်ပိုင်းမှာ အဆောင်သဘောမျိုး ချည်ကြိုးစလွယ်သိုင်းထားတာ တွေ့ရပါတယ်။

ခန္ဓာကိုယ်ပိန်ပါးပါး၊ အရပ်မနိမ့်မမြင့်ရှိတဲ့ 'ဘာဘာ' ဟာ ရောင်ထုံးသေးသေးလေး ထုံးထားပါတယ်။ နှုတ်ခမ်းမွေးထားပြီး မုတ်ဆိတ်လက်တစ်ဝါးလောက်ဖွာပြီး ရင်ဘတ်ပေါ်ကျနေပါတယ်။ ခြေထောက်မှာ သစ်သားခုံဖိနပ်စီးထားပါတယ်။ သူတို့ဆီကခုံဖိနပ်က ကျွန်မတို့ဆီမှာလို ကွင်းထိုးမဟုတ်ဘဲ သစ်သားပြားပေါ်မှာ ခြေမနဲ့ခြေညှိုးကြားညှပ်ဖို့ ချောမွေ့နေတဲ့ သံပွတ်လုံးလေး ရိုက်ထည့်ထားပါတယ်။ မဟတ္တမဂန္ဒီကြီးလည်း အလားတူခုံဖိနပ်မျိုး စီးပါတယ်။ 'ဘာဘာ' ကို သူတို့ယဉ်ကျေးမှုအတိုင်း လက်အုပ်ချီတဲ့ပုံစံနဲ့ 'ပရနာမ် Pranaam' လို့ နှုတ်ဆက်လိုက်ပါတယ်။ ဒီနေရာမှာ 'Namaskar' လို့ပဲ နှုတ်ဆက်ရင်လည်းဖြစ်ပေမယ့် 'ဘာဘာ' က သာမန်လူပုဂ္ဂိုလ်မဟုတ်ဘဲ သူတော်စင်အဖြစ် အထူးအရိုအသေပေးတဲ့အနေနဲ့ 'Pranaam' လို့ သူတို့ဓလေ့အတိုင်း နှုတ်ဆက်ရတာဖြစ်ပါတယ်။ 'ဒီဒီ' က ကျွန်မတို့နဲ့ မိတ်ဆက်ပေးပါတယ်။ 'ဘာဘာ' ထိုင်တဲ့ကုလားထိုင်ဘေးက စားပွဲခုံလေးပေါ်မှာ ကျောက်သင်ပုန်းနဲ့ကျောက်တံရှိပါတယ်။ မလိုင်မုန့်ဘူး တစ်ဘူးလည်းရှိပါတယ်။ 'ဘာဘာ' က သူသိချင်တာ၊ ပြောချင်တာတွေကို အဲဒီ ကျောက်သင်ပုန်းလေးပေါ်မှာ ရေးပါတယ်။ ကျွန်မတို့ကဖတ်ပြီး နှုတ်နဲ့ပြန်ဖြေရပါတယ်။ ပထမအကြိမ် 'ဘာဘာ' နဲ့တွေ့တဲ့ ၁၅ မိနစ်အချိန်ပိုင်းအတွင်းမှာ 'ဘာဘာ' က သူသိချင်တာတွေ တစ်ခုပြီးတစ်ခု မေးပါတယ်။ 'ဘာဘာ' က ရယ်ရယ်မောမော ရွှင်းရွှင်းနီးနီးရှိလှပါတယ်။

ကျွန်မတို့လည်း တခြားလူတွေလို ပြဿနာပေါင်းစုံတင်ပြပြီး မေးခွန်းတွေ တသီတတန်းကြီးမမေးတတ်လို့ ဘာမှမမေးခဲ့ပါ။ ကျွန်မမေးချင်တာက 'ဘာဘာ' ဘာကြောင့် စကားမပြောဘဲနေသလဲဆိုတဲ့ မေးခွန်းသာဖြစ်ပါတယ်။ 'ဘာဘာ' က နောက်တစ်ကြိမ် သူနဲ့တွေ့ဖို့လာရင် သားနှစ်ယောက်ပါခေါ်လာဖို့ ပြောပါတယ်။ သူ့ကျောင်းသခ်မ်းရှိတဲ့ 'ဥဂျိန်း' (Ujjain) မြို့ကို လာလည်ဖို့လည်း ဖိတ်ပါတယ်။ Ujjain မြို့လို့ကြားလိုက်တော့ ကျွန်မ စိတ်ဝင်စားသွားပါတယ်။ ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့ ဇာတ်တော်တွေထဲမှာ ဥဇ္ဇေနီပြည်အဖြစ်ကျော်ကြားခဲ့တဲ့မြို့ ဖြစ်ပါတယ်။ ဖေဖေ မေမေတို့နဲ့ Bhopal မြို့မှာ ခြောက်နှစ်ကြာနေထိုင်ခဲ့စဉ် ဗုဒ္ဓရှင်တော်ဘုရားနဲ့ပတ်သက်တော်မူပြီး မြင့်မြတ်တော်မူလှတဲ့ မဇ္ဈိမဒေသကို အကြိမ်ကြိမ် ဘုရားဖူးခရီးထွက်ခဲ့ကြပေမယ့် Ujjain မြို့ ကိုမရောက်ခဲ့ကြပါ။ တကယ်

Bhopal **မြို့ မြင်ကွင်း**



တော့ Bhopal နဲ့ Ujjain မြို့နှစ်မြို့စလုံး Madhya Pradesh ပြည်နယ်ထဲမှာပဲရှိကြပြီး ခရီးမဝေးလှပါ။ ကျွန်မတို့ အခန်းထဲက ထွက်ခါနီး မနှုတ်ဆက်ခင်မှာပဲ 'ဘာဘာ' က အန္တရာယ်ကင်းအဖြစ် သူ့နံဘေးစားပွဲခုံလေးပေါ်က မလိုင်မုန့်ဘူးကိုဖွင့်ပြီး တစ်ယောက်တစ်ခု လက်ထဲထည့်ပေးပါတယ်။ ကျွန်မတို့လည်း 'Pranaam' လို့ နှုတ်ဆက်ပြီး အခန်းထဲက ထွက်လာပါတယ်။

မပြန်ခင်အတွင်း ဧည့်ခန်းထဲမှာ ခဏဝင်ထိုင်ကြတော့ 'ဒီဒီ' က 'ဘာဘာကို ဘယ်လိုမြင်သလဲ' လို့မေးပါတယ်။ 'စကားမပြောပေမယ့် ဗဟုသုတအတော်ကြွယ်ဝတာပဲ။ ဘာ့ကြောင့် စကားမပြောသလဲဆိုတာပဲသိချင်ပါတယ်" လို့ ကျွန်မပြန်မေးလိုက်ပါတယ်။ "နောက်တစ်ခါတွေ့ရင် မေးကြည့်ပေါ့" လို့ 'ဒီဒီ' က ပြောပါတယ်။ 'ဘာဘာ' က ကျွန်မတို့နဲ့တွေ့ချိန်မှာ 'ကမ္ဘာ့အရေး' 'နိုင်ငံ့အရေး' တွေ အများကြီးပြောပြပါတယ်။ ပြောပြတယ်ဆိုတာထက် ကျောက်သင်ပုန်းလေးပေါ်မှာ ရေးချလိုက် မေးလိုက်နဲ့ စိတ်ဝင်စားစရာကောင်းလှပါတယ်။

အဲဒီအချိန်ကစပြီး 'ဘာဘာ' ဒေလီမြို့ရောက်တိုင်း 'ဒီဒီ' က ကျွန်မတို့ကိုခေါ်ပါတယ်။ နွေနွေဆောင်းဆောင်း 'ဘာဘာ' က ပိတ်ဖြူစင်ကြယ်နံငယ်ပိုင်းလေးသာဝတ်ပြီးနေတာ တွေ့ရပါတယ်။ 'ဘာဘာ' အသက်ဘယ်လောက်ရှိပြီလဲလို့ 'ဒီဒီ' ကို မေးကြည့်တော့ 'ဘယ်သူမှ သေသေချာချာ မသိပါဘူး။ တချို့က ၆၀ နှစ်ကျော်ပြီလို့ ပြောတယ်။ တချို့က ၇၀ လို့ပြောတယ်။ တစ်ခါမေးကြည့်ဖူးတယ်။ ရယ်နေပြီး ဘာမှပြန်မဖြေဘူး။ အသက်သေသေချာချာ မသိတော့ စကားမပြောဘဲနေတဲ့ကာလကိုလည်း တချို့က နှစ်ပေါင်း ၃၀ ရှိပြီ၊ တချို့က ၂၅ နှစ်၊ တချို့က ၄၀ ရှိပြီဆိုပြီး ထင်ကြေး ပြောနေကြတာပဲ" လို့ 'ဒီဒီ' က ပြောပါတယ်။ 'ဘာဘာ' က ကိုလ်ကတ္တား (ယခင် ကာလကတ္တား) မြို့မှာ စီးပွားရေးလုပ်နေရာကနေ ရုတ်တရက် Tripura ပြည်နယ်ဘက်ထွက်သွားခဲ့တယ်လို့ သိရပါတယ်။ Tripura ပြည်နယ်ဆိုတာ အိန္ဒိယနိုင်ငံအရှေ့မြောက်ပြည်နယ် ခုနစ်ခုမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ Tripura ပြည်နယ်ရောက်တော့ တောရိပ်တောင်ရိပ်ခိုပြီး ဝါးကျောင်းလေးနဲ့ တရားကျင့်ရင်း ဝစီပိတ်ပါကျင့်ခဲ့တာလို့ ပြောကြပါတယ်။

ကျွန်မတို့ Ujjain မြို့ကိုသွားလည်လို တယ်ဆို ပေမယ့် အလုပ်တာဝန်နဲ့ ကလေးတွေ ကျောင်းပိတ်ရက်အဆင်မပြေတာရယ်၊ လူမှုရေးကိစ္စ အထွေထွေရယ်တို့ကြောင့် မေ့မေ့ပျောက်ပျောက်ဖြစ်နေပါတယ်။ 'ဘာဘာ' နဲ့ 'ဒီဒီ' တို့ အိမ်မှာတွေ့တဲ့အခါ 'Ujjain' လာလည်ကြလေလို့ တစ်ခါထပ်ပြောရင် 'ဟုတ်ကဲ့ လာပါ့မယ်' လို့ ပြောပြီး ပြီးသွားပြန်ပါတယ်။ တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်ကသုံးလေးကြိမ်ရှိလာတော့ 'ဒီဒီ' က သူ့ပဲစီစဉ်ပေးတော့မယ်လို့ ပြောပြီး ရထားလက်မှတ်ပါ ဝယ်ပေးပါတယ်။ ကလေးတွေ ကျောင်းပျက်ရက် မများရအောင် သောကြာနေ့နေ့လယ် ဒေလီဘူတာရုံကထွက်ဖို့ စီစဉ်ထားပါတယ်။ ကျွန်မနဲ့ ကျွန်မခင်ပွန်းကတော့ နှစ်ယောက်စလုံး အလုပ်ပျက်ရင် မသင့်တော်တာကြောင့် ကျွန်မနဲ့သားနှစ်ယောက်ပဲ သွားဖို့ပြင်ဆင်ကြပါတယ်။ 'ဒီဒီ'က သူတို့တပည့်တစ်ယောက်ကိုလည်း ကပ်ရက်တွဲ တစ်ခုကနေလိုက်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ ဒေလီက နေ့လယ်ရထားနဲ့ထွက်ရင် Ujjain ကို ညနေစောင်း ၆ နာရီလောက်ရောက်ပါတယ်။

Ujjain ဥဇ္ဇေနီမြို့ဟာ အိန္ဒိယနိုင်ငံ အလယ်ပိုင်း Madhya Pradesh ပြည်နယ်ရဲ့ မြို့တစ်မြို့ဖြစ်ပြီး ဂင်္ဂါမြစ်ရဲ့မြစ်လက်တက်တစ်ခုဖြစ်တဲ့ 'ကရှီပရမြစ်' အရှေ့ဘက်ကမ်းမှာတည်ရှိပါတယ်။ ဟိန္ဒူဘာသာရေးအယူအရ အထွတ်အမြတ်ထားတဲ့ မြို့ ခုနစ်မြို့မှာ Ujjain မြို့ ပါဝင်ပါတယ်။ ဒါ့ကြောင့် ၁၂ နှစ် တစ်ကြိမ် ကုမ်မေလာ (Kumbh Mela) ပွဲတော်ကျင်းပဖို့ သတ်မှတ်ခံရတဲ့မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ 'ကုမ်မေလာ' ဆိုတာ ရေချိုးပွဲတော်ဖြစ်ပါတယ်။ အိန္ဒိယတစ်နိုင်ငံလုံးကသာမကဘဲ ကမ္ဘာ့အနှံ့ ဟိန္ဒူဘာသာဝင်တွေနဲ့ နိုင်ငံခြားသားတွေပါ ကြိုတောင့်ကြိုခဲ ရေချိုးပွဲတော်ကိုလာပြီး 'ကရှီပရမြစ်' ရေမှာ အပြစ်တွေဆေးကြောရင်း ကောင်းချီးမင်္ဂလာခံယူကြပါတယ်။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့ 'စိတ္တသမ္ဘူလ' ဇာတ်တော်မှာ ဥဇ္ဇေနီဟာ ရှေးရှေးအခါကတည်းက 'အဝန္တီတိုင်း' ရဲ့ ရာဇဌာနီ မင်းနေပြည်ဖြစ်တယ်လို့ ပါရှိကြောင်း သိရှိရပါတယ်။ ဣသိဒါသီထေရီ၊ ပဒုမဝတီနဲ့ အရှင်ကစ္စာနမဟာထေရ်တို့ ဥဇ္ဇေနီမြို့မှာ မွေးဖွားပါတယ်။ သီရိဓမ္မာ အသောကမင်းကြီးရဲ့သားတော် အရှင်မဟိန္ဒမထေရ်ကိုလည်း ဥဇ္ဇေနီမြို့မှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ အသောကမင်းကြီး အိမ်ရှေ့မင်းသား (ဥပရာဇာ) အဖြစ်နဲ့ နေထိုင်ခဲ့တဲ့မြို့လည်းဖြစ်ပါတယ်။ ဥဇ္ဇေနီမြို့ကနေ ဝေသာလီမြို့ကို ဆက်သွယ်ထားတဲ့ ခရီးဝေးလမ်းမကြီးရှိပါတယ်။ ဒီလမ်းကို အသုံးပြုပြီး ဗုဒ္ဓမြတ်စွာကို ဖူးမြော်ဖို့ ဘုရားဖူးတွေ သွားလာခဲ့ကြပါတယ်။ ဥဇ္ဇေနီမြို့နဲ့ ဗာရာဏသီမြို့ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းမကြီးလည်း ရှေးခေတ်အခါကတည်းက ရှိခဲ့ပြီး နှစ်ပြည်ထောင်ကုန်သွယ်ရေးသာမကဘဲ ကျန်းမာရေးနဲ့ ယဉ်ကျေးမှုကိစ္စရပ်တွေမှာပါ အပြန်အလှန်ဖလှယ်ခဲ့ကြတယ်ဆိုတဲ့ သက်သေအထောက်အထားတွေရှိပါတယ်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်က ဥဇ္ဇေနီပြည်မှာ စန္ဒပဇ္ဇောတမင်းအုပ်စိုးပြီး ရာဇဂြိုဟ်ပြည့်ရှင်ကတော့ ဗိမ္ဗိသာရမင်းဖြစ်ပါတယ်။ ဒီမင်းနှစ်ပါး သိပ်ပြီးခင်မင်ရင်းနှီးကြတယ်လို့ ဆိုပါတယ်။ ဥဇ္ဇေနီပြည့်ရှင်စန္ဒပဇ္ဇောတမင်း မကျန်းမမာဖြစ်တဲ့အခါ ဗိမ္ဗိသာရမင်းကြီးက ဆေးဆရာကြီး ဇီဝကကိုလွှတ်ပြီး ကုသပျောက်ကင်းစေတယ်လို့ သိရပါတယ်။

ဥဇ္ဇေနီပြည့်ရှင် စန္ဒပဇ္ဇောတမင်းဟာ ဆင်ဖမ်းပညာသင်ယူလိုတာကြောင့် ဆင်တွေကို စောင်းသံပေးပြီး ဖမ်းဆီးနိုင်စွမ်းရှိတဲ့ ဝံသတိုင်း ကောသမ္ဗီပြည့်ရှင် ဥတေနမင်းကို ဖမ်းဆီးအကျဉ်းချပြီး သမီးတော်

ဝါသုဒတ္တကို ဆင်ဖမ်းပညာ သင်စေပါတယ်။ သမီးတော်က ပညာသင်ရင်း ဥတေနမင်းနဲ့ ချစ်ကြိုက်ပြီး ထွက်ပြေးခဲ့ကြပါတယ်။

ဥဇ္ဇေနီပြည့်ရှင် စန္ဒပဇ္ဇောတမင်းရဲ့ ပုရောဟိတ် မဟာကစ္စာနဟာ ဗုဒ္ဓမြတ်စွာကိုပင့်ဖို့သွားရင်း ဘုရားရှင်ရဲ့တရားတော်ကိုနာပြီး ရဟန်းပြုသွားခဲ့ပါတယ်။ အရှင်မဟာ ကစ္စာနဟာ ဗုဒ္ဓမြတ်စွာဟောကြားတော်မူတဲ့တရားအကျဉ်းကို အကျယ်ဝေဖန်သုံးသပ်ဟောကြားနိုင်စွမ်းရှိတာကြောင့် ဧတဒဂ်ဘွဲ့ ချီးမြှင့်ခံခဲ့ရပါတယ်။

သီရိဓမ္မာအသောကမင်းကြီးရဲ့ သားတော် အရှင်မဟိန္ဒဟာ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ကို သာသနာပြုမကြွမီ မယ်တော်ရှိတဲ့ ဝေဒိသမြို့ကို သွားရောက်ခဲ့ပါတယ်။ မယ်တော်က သားတော်အရှင်မဟိန္ဒ သီတင်းသုံးဖို့ ဝေဒိသဂိရိကျောင်းတော်ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ကျောင်းတော်အနီးမှာ ဗုဒ္ဓထူပါရုံစေတီတော်၊ အရှင်သာရိပုတြာ ထူပါရုံစေတီတော်၊ အရှင်မောဂ္ဂလန် ထူပါရုံစေတီတော် စတဲ့ ထူပါရုံစေတီတော်သုံးဆူကိုလည်း ဆောက်လုပ်လှူဒါန်းတယ်လို့ သိရှိရပါတယ်။ ဒီစေတီတော်တွေတည်ရှိတော်မူရာ ဝေဒိသဂိရိ အရပ်ကို အခုမျက်မှောက်ကာလမှာ ဆန်ချီ (Sanchi) လို့ ခေါ်ပါတယ်။ ထူပါရုံစေတီတော်တွေတည်ရှိရာအရပ်နဲ့ ဝေဒိသမြို့တို့ဟာ ငါးမိုင်လောက်အကွာအဝေး ရှိပါတယ်။ ဒီမြို့ဟာ ဝိဋူဋဘရန်ကို ကြောက်ပြီး ကပိလဝတ် (Kapilavastu) ပြည်က ထွက်ပြေးလာကြတဲ့ သာကီဝင်မင်းတွေ တည်ထောင်ခဲ့တာလို့ ဆိုပါတယ်။ ဝေဒိသမြို့လို့ခေါ်တွင်ခဲ့တဲ့ ဆန်ချီမြို့ဟာ Ujjain မြို့အရှေ့တောင်ထောင့်မှာ ရှိပါတယ်။ ဥဇ္ဇေနီ Ujjain မြို့ဟာ ဗုဒ္ဓမြတ်စွာလက်ထက်တော်ကတည်းက အရေးပါတဲ့ အရပ်ဒေသတွေနဲ့ အဆက်အသွယ်ရှိခဲ့တာ ထင်ရှားလှပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးသာမက ယဉ်ကျေးမှုအင်အားကောင်းပြီး စည်ကားတိုးတက်တဲ့ မင်းနေပြည်ဖြစ်ခဲ့ပါတယ်။ ရှေးအကျဆုံး သက္ကတဘာသာ (Sanskrit) အထူးထွန်းကားရာအရပ်လည်း ဖြစ်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်က အိန္ဒိယ ရှေးဟောင်းသုတေသနဌာနရဲ့ ဥဇ္ဇေနီ မြို့ဟောင်းတူးဖော်ရေးစီမံကိန်းအရ ဘီစီခြောက်ရာစုကစပြီး အေဒီ ၁၄ ရာစုနှစ်အထိ ခေတ်အဆက်ဆက်တည်ဆောက်ခဲ့တဲ့မြို့ဖြစ်တယ်လို့ သိရှိရပါတယ်။

Ujjain အသွား ကျွန်မတို့ရထားတွဲမှာ အသက် ၃၀ ဝန်းကျင် အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက်ရော ရုပ်ရည်ပါ သင့်တင့်တဲ့အမျိုးသမီးငယ်တစ်ဦးနဲ့ သူ့သားလေးလို့ထင်ရတဲ့ အသက်သုံးလေးနှစ် အရွယ်ကလေးတစ်ဦး ပါလာပါတယ်။ နေ့ဖက်သွားခရီးစဉ်ဖြစ်တာကြောင့် အိပ်စင်မပါဘဲ လေးယောက်ခန်း ဖြစ်ပါတယ်။ ကျွန်မက အမျိုးသမီးလေးကို ပြုံးပြီး နှုတ်ဆက်လိုက်တော့ သူက "ဘယ်ကလာပြီး ဘယ်သွားကြမလို့လဲ" လို့ အင်္ဂလိပ်လို မေးပါတယ်။ ကျွန်မက "မြန်မာတွေပါ။ အခု Ujjain သွားမလို့ပါ။ အဲဒီမှာ မောနိဘာဘာရှိတယ်မဟုတ်လား" လို့ပြောလိုက်ပါတယ်။ တစ်ဆက်တည်းပဲ "မင်းကရော ဘယ်သွားမှာလဲ" လို့ မေးလိုက်ပါတယ်။ အမျိုးသမီးငယ်က "ကျွန်မမိဘတွေက Ujjain မှာပါ။ ကျွန်မ အလည်လာတာပါ။ ဒေလီမှာ အိမ်ထောင်ကျပြီး ဒေလီအထက်တန်းကျောင်းတစ်ခုမှာ ဆရာမ လုပ်ပါတယ်" လို့ ဖြေပါတယ်။ သူကပဲ ဆက်ပြီး "မောနိဘာဘာကို ဘာဖြစ်လို့တွေ့ချင်ရတာလဲ။ ဘာဘာက သူဌေးတွေ၊ VIP (Very Important Person) တွေကိုပဲ စောင့်ရှောက်တယ်။ သာမန်လူတွေဆိုရင် စောင့်ရှောက်တာမဟုတ်ဘူး။ သူနဲ့တွေ့တဲ့ ချမ်းသာတဲ့လူတွေပဲ ပိုပြီးချမ်းသာကြတယ်" လို့ ဒေါသသံလေးပါပါနဲ့ ပြောပါတယ်။

အမျိုးသမီးလေးက အထက်တန်းပြ ဆရာမဆိုတော့ ကျွန်မရှင်းပြရင် သဘောပေါက်လက်ခံလိမ့်မယ်လို့ ယူဆတာကြောင့် စကားဆက်လိုက်ပါတယ်။

"ကျွန်မတို့က ဗုဒ္ဓဘာသာဝင်တွေပါ။ အတိတ်ဘဝက ကောင်းတာလုပ်ခဲ့ရင် ကောင်းကျိုးခံစားရတယ်။ မကောင်းတာလုပ်ခဲ့မိရင် ဆိုးကျိုးခံစားရတယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ ချမ်းသာတဲ့လူတွေ ဘာဘာနဲ့တွေ့ပြီး ပိုချမ်းသာတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘာဘာနဲ့မတွေ့လည်း သူတို့ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံကြောင့် ချမ်းသာကြမှာပါပဲ။ ဘာဘာနဲ့တွေ့ပြီး အကြံကောင်းဉာဏ်ကောင်းတွေရနိုင်မှာတော့ သေချာပါတယ်။ ဘာဘာက သူ့ကျောင်း သင်္ချိုင်းဘေးက သူ့ကိုလှူထားတဲ့မြေတွေ မရှိဆင်းရဲသားတွေကို ဝေပေးတယ်လို့ သူများပြောတာ ကြားဖူးပါတယ်။ ပတ်ဝန်းကျင်က အလုပ်လက်မဲ့တွေလည်း အလုပ်ရကြတယ်လို့ ကြားပါတယ်။ အခု Ujjain ကို လာလည်တာ ဘာဘာဆီက အကူအညီယူဖို့လည်း မဟုတ်ပါဘူး။ ဘာဘာကိုတွေ့ဖူးတာ အတော်လေးကြာပါပြီ။ လာလည်ဖို့ ဖိတ်ပါတယ်။ သူတို့က ကျွန်မ သားနှစ်ယောက်ပါ။ လူကြီးတစ်ယောက်က ဖိတ်လို့ လာလည်တာပါပဲ။ နောက်ပြီး Ujjain မြို့ဟာ ကျွန်မတို့ ဗုဒ္ဓမြတ်စွာလက်ထက်တော်ကတည်းက အရေးပါတဲ့ မြို့ဆိုတော့ စိတ်ဝင်စားတာလည်း ပါပါတယ်။ ရှင်းသွားပြီလား။ ဒီထက်ပိုပြီး ရှင်းအောင်ပြောပြမယ်။ ကျွန်မတို့ AIR အမှုထမ်းတွေပါ။ ဘာဘာနဲ့တွေ့ပြီးတဲ့နောက်ပိုင်းမှာလည်း အသံလွှင့်ရုံ အမှုထမ်းပါပဲ။ ကျွန်မတို့ သူဌေးမဖြစ်ပါဘူး" လို့ပြောလိုက်တဲ့အခါ အမျိုးသမီးလေးက ဟက်ဟက်ပက်ပက်ရယ်လိုက်ပါတယ်။ ကျွန်မရှင်းပြတာ သဘောပေါက်လက်ခံသွားတယ်လို့ ယူဆလိုက်ရပါတယ်။

Ujjain ဘူတာရုံက သာမန်မြို့လေး တစ်မြို့ရဲ့ ဘူတာရုံလေးလိုပါပဲ။ တစ်ချိန်က စည်ကားသိုက်မြိုက်တဲ့ မင်းနေပြည်ဖြစ်ခဲ့ပေမယ့် ဖြစ်–ပျက် သဘောတရားက ဘယ်အရာမှ မလွတ်နိုင်ဘူးဆိုတာ သတိပေးခြင်းပါပဲ။

'ဒီဒီ' ရဲ့ အစီအစဉ်ကြောင့် ကျွန်မတို့

သားအမိသုံးယောက်ကို လာကြိုကြပါတယ်။ ဘာဘာရဲ့ကျောင်းသင်္ခမ်းလေးရောက်အောင် မိနစ် ၃၀ လောက် ကားမောင်းရပါတယ်။ ဘာဘာရဲ့ကျောင်းသင်္ခမ်းက "ကရီပရမြစ်" ကမ်းပေါ်မှာ တည်ဆောက်ထားလို့ လေအေးလေးတိုက်နေပါတယ်။ ကျွန်မတို့သွားတဲ့အချိန်က အောက်တိုဘာလထဲမှာဆိုတော့ ရာသီဥတုလည်းကောင်းပါတယ်။ အဲဒီညက ကျောင်းသင်္ခမ်းတာဝန်ခံနဲ့ဇနီး 'အာချနာ' တို့က ကျွန်မတို့ကိုညစာကျွေးပြီး ဧည့်ခံပါတယ်။ သူတို့ဇနီးမောင်နှံကို 'ဒီဒီ' တို့အိမ်မှာ ဆုံဖူးနေတာကြောင့် ကျွန်မတို့နဲ့ မစိမ်းတော့ပါ။ ဘာဘာက ညဖက်ဆို ဘယ်သူနဲ့မှမတွေ့ဘူးလို့ ပြောပါတယ်။

ဘာဘာနဲ့ နောက်တစ်နေ့ မနက်စာစားအပြီး တွေ့ရပါတယ်။ ဘာဘာက လောကမှာ သစ္စာနဲ့မေတ္တာ အရေးအကြီးဆုံးလို့ ဆိုပါတယ်။ မှန်တာပြောတဲ့သစ္စာတရားနဲ့ လူသားအားလုံးအပေါ် မေတ္တာထားခြင်းတို့ ဆိုလိုပါတယ်။ "ပတ်ဝန်းကျင်ကိုပြောင်းလဲဖို့အတွက် မိမိကိုယ်မိမိ အရင်ဆုံးပြောင်းလဲပစ်ရမယ်၊ ဘာသာတရားဆိုတာ အမှန်စင်စစ် နေ့စဉ်ကျင့်သုံးလိုက်နာရမယ့် ကိုယ်ကျင့်တရားပါပဲ။ ဒီကိုယ်ကျင့်တရားမှာ အရေးအကြီးဆုံးကတော့ လူသားအားလုံးအပေါ် မေတ္တာထားရမယ်ဆိုတဲ့အတိုင်း လူသားအားလုံး ကောင်းစားရေးအတွက် လူတိုင်းလူတိုင်း တာဝန်သိသိဆောင်ရွက်ကြရမယ်။ သူများအကျိုးဆောင်ရွက်သူဟာ မာနကို ထိန်းချုပ်နိုင်တယ်။ မေတ္တာနဲ့ အကြင်နာတရား တိုးပွားစေပြီး ဒေါသကို ချုပ်ငြိမ်းစေတယ်လို့ ဘာဘာလက်ခံပါတယ်။

"အများအကျိုးဆောင်ဖို့အတွက် အင်အားအများကြီးလိုပါတယ်။ ဆိတ်ဆိတ်နေခြင်းဟာ အင်အားဖြည့်တင်းပေးရာရောက်ပါတယ်။ စကားပြောဆိုတဲ့နေရာမှာ အမှားမပါရအောင် လူတိုင်း သတိထားထိန်းချုပ်တတ်ဖို့ လိုအပ်ပါတယ်" လို့ ဘာဘာက သတိပေးပြီး အိန္ဒိယနိုင်ငံဖခင်ကြီး မဟတ္တမဂန္ဒီဟာ သူတော်စင် Mehar Baba ကို အကြောင်းပြုပြီး တစ်ပတ်တစ်ကြိမ် ဆိတ်ဆိတ်နေတဲ့အကျင့် ကျင့်သုံးခဲ့တဲ့အကြောင်း မီးမောင်းထိုးပြပါတယ်။

စကားပြောဆိုမှုဟာ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ရာမှာ အရေးအကြီးဆုံးမဟုတ်ပေဘူးလားလို့ စောကတက်လိုသူတွေအတွက် ဘာဘာက "အရေးအကြီးဆုံးပါပဲ။ ဒါကြောင့်လည်း စကားကို သတိထားပြောရပါတယ်။ ဒါပေမဲ့ လူတွေက လိုတာထက်ပိုပြီးတော့တောင် ပြောဆိုနေကြပါတယ်။ စကားကို အလွဲသုံးစားပြုလုပ်ပြောဆိုကြပါတယ်။ စကားနည်းနည်းပြော၊ အလုပ်များများလုပ်၊ လူသားတွေအကျိုးဖြစ်ထွန်းစေမယ့်အလုပ်မျိုး ကြိုးစားလုပ်ဆောင်ကြရမယ်" လို့ ဘာဘာက ကျောက်သင်ပုန်းမှာရေးပြီး ဘယ်သူ့ကိုမဆို တိုက်တွန်းနှိုးဆော်ပါတယ်။

**မြသန်းသန်းနု**

**ကျမ်းကိုး**

(၁) မင်းဘူးဆရာတော် ဦးဩဘာသ စီရင်အပ်သော သုဓမ္မဝတီဇာတ်တော်ကြီး ဆယ်ဘွဲ့ (ပထမတွဲ) 'တေမိယဇာတ်တော်'၊

(၂) အိန္ဒိယနိုင်ငံ သာဝတ္ထိမြန်မာကျောင်းကျောင်းထိုင်ဆရာတော် ဦးဩဘာသ ရေးသားသော "မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ"

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

**အမည်ရင်း** – သန်းသန်းနု

**မိဘ** – ဦးနု(ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ

**မွေးသက္ကရာဇ်** – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

**ပညာအရည်အချင်း**– ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

**အလုပ်အကိုင်** – ၁၉၈၀ ခုနှစ်မှ ၂၀၀၃ အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**စာပေလောကဝင်ရောက်သည့်နှစ်** – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။

**ခင်ပွန်း** – ဦးအောင်ငြိမ်း

သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

# လူနာများ၏ကျန်းမာရေးမှ ကျွန်တော့်ကျန်းမာရေးသို့

မောင်မောင်တင်

**'ကျန်း မာခြင်းသည် လာဘ်တစ်ပါး' ဟူ၍ လူကြီးများ၏ဆိုရိုးစကား အမြဲကြား နေရသည်။ ကျွန်တော် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းထူထောင် သည့်အခါ ကျန်းမာရေးနှင့်ပတ်သက်သော အတွေ့အကြုံ ဗဟုသုတများ ရလာ ပါသည်။ လူနာတွေများလာသည်နှင့် ရောဂါများလည်း အမျိုးမျိုးတွေ့လာရပါသည်။ အုပ်ချုပ်ရေးလုပ်ငန်းကိုလုပ်နေရသော်လည်း ဝါသနာအလျောက် လူနာခန်းများကို အမြဲမပြတ် လှည့်လည်ကြည့်ရှုနေမိပါသည်။**

လူနာများကို လှည့်လည်ကြည့်ရှုရာတွင် လူနာများ၏ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေနှင့် ရောဂါအခြေအနေများကို သိသင့်သလောက် သိရပါသည်။ အထူးသဖြင့် ရောဂါအခြေအနေကို စုံစမ်းမေးမြန်းရာ ရောဂါအခြေအနေကိုသိရှိရပြီး ကုန်ကျစရိတ်အပေါ် ကျေနပ်မှု၊ မကျေနပ်မှုများကို ကြားသိရ၍ လူနာရှင်များနှင့် ရင်းနှီးနှီး ဆွေးနွေးခွင့်ရခဲ့ပါသည်။



လူနာများကို ရင်းရင်းနှီးနှီးဆက်ဆံ၍ လိုအပ်သည်များကို ကူညီမှုပေးနေသည့် အချိန်မှာပင် ရင်းနှီးသောလူနာရှင်တစ်ဦးက "ဆရာပိန်သွားတယ်။ အရင်တစ်ခါလာတုန်းကနဲ့မတူဘူး" ဟုပြောမှ ကိုယ့်ကိုယ်ကိုယ် သတိထားမိပါသည်။ ကျွန်တော် ကိုယ်အလေးချိန် ငါးပေါင်လျော့နေပါသည်။

၂၀၀၇ ခုနှစ် နှစ်ဦးပိုင်းတွင် အစာအိမ်ရောဂါခံစားနေရ၍ သမားတော်ကြီး ပါမောက္ခဒေါ်မာလာသန်းနှင့် ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးဝင်းမြင့်တို့က စစ်ဆေးမေးမြန်းပြီး အစာအိမ်မှန်ပြောင်းကြည့်ခိုင်းပါသည်။ အစာအိမ်အတွင်းမှ အသားစကိုလည်းယူပါသည်။ ဓာတ်ခွဲစမ်းသပ်ကြည့်သောအခါ ရိုးရိုးအစာအိမ်ရောဂါဖြစ်နေကြောင်းပြောပြပြီး လိုအပ်သည့်ကုသမှုကိုပေးပါသည်။ ဆရာဝန်ကြီးများ၏ကုသမှုခံယူနေသော်လည်း သိသိသာသာသက်သာလာခြင်းမရှိဘဲ အောင့်သည့်ရောဂါတစ်ခုတိုး၍လာပြီး ညအချိန်မတော်မခံစားနိုင်လောက်အောင်အောင့်လာ၍ ခွဲစိတ်ဆရာဝန်ကြီးကို ဖုန်းဆက်အကြောင်းကြားပြီး ကုသမှုခံယူရပါသည်။ နောက်တစ်နေ့တွင် သက်သာကောင်းမွန်လာပြီး မိမိရုံးလုပ်ငန်းကို ပုံမှန်လုပ်နေပြန်ပါသည်။

ကျွန်တော် ရုံးတက်အလုပ်လုပ်နေသော်လည်း ရွှင်လန်းကျန်းမာခြင်းမရှိပါ။ အစားအသောက်လျော့လာပြီး ပုံမှန်စား၍ရသည့်နေ့များတွင် ညပိုင်း၌ မူးဝေအော့အန်ဖြစ်ပြန်ပါသည်။ ဆရာကြီးများနှင့် နီးနီးကပ်ကပ်နေနေသည့်ကြားမှ ကိုယ်အလေးချိန်သည် ခြောက်လအတွင်း ၁၂ ပေါင်လျော့သွားပြန်ပါသည်။ ဗိုက်အောင့်မှုကလည်းစိတ်လာပါသည်။ ဤတွင် သမားတော်ကြီးနှင့် ခွဲစိတ်ဆရာဝန်ကြီးများက ရောဂါ၏အဖြေတစ်ခု ဂဃနဏသိရှိအောင် ရှာဖွေပါတော့သည်။

ကျွန်တော့်ကို ဓာတ်မှန်ရိုက်သည်။ တီဗီဓာတ်မှန်ရိုက်သည်။ ဓာတ်မှန်အဖြေ

က TB အဆုတ်ရောဂါဖြစ်သည်ဟု ဆိုပါသည်။ တီဗီဓာတ်မှန်အဖြေက သည်းခြေကျောက်တည်သည်ဟု ဖော်ပြပါသည်။ အဖြေနှစ်မျိုးလုံး ဟုတ်ပါသည်။ ကျွန်တော်က ယခင် TB ရောဂါ နှစ်ခါကုသမှုခံယူဖူးပါသည်။ သည်းခြေကျောက်တည်နေသည်ဆိုခြင်းမှာ မကြာခဏဗိုက်အောင့်သည့်ရောဂါခံစားနေရ၍ မှန်သည်ဟု ကျွန်တော်က ယုံကြည်လိုက်ပါသည်။ ထူးခြားသည့်အရာတစ်ခု (Mass)ကို ဓာတ်မှန်တွင် တွေ့ရှိရကြောင်း၊ ယင်းတွေ့ရှိချက်သည် TB သို့မဟုတ် မည်သည့်ရောဂါမှန်း သဲသဲကွဲကွဲမပြောထားပါ။ ဤတွင် ကျွန်တော် ဦးခေါင်းခြောက်ရပါတော့သည်။

သမားတော်ကြီးထံ ဓာတ်မှန်ပြ၍ TB ရောဂါကုသမှုခံယူရန် လိုမလို သွားရောက်တွေ့ဆုံရာ TB ရောဂါကုသမှုခံယူရန်မလိုကြောင်း၊ သည်းခြေကျောက်တည်သည့်ကိစ္စကိုသာ အရင်ကုသဖို့လိုကြောင်းပြောကြား၍ ခွဲစိတ်ဆရာဝန်ကြီးနှင့်တိုင်ပင်ပြီး သည်းခြေကျောက်တည်သည့်ကိစ္စ ဆွေးနွေးပါသည်။ ဆရာဝန်ကြီးက "ခွဲစိတ်ရမယ်။ ဒါပေမဲ့ သက်သက်သာသာနဲ့ပြီးအောင် Proctoscope နဲ့ ခွဲစိတ်မယ်။ အဲဒီကိစ္စကို စင်ကာပူကဆရာဝန်တွေလာတဲ့အခါမှာ လုပ်ကြတာပေါ့" ဟု ပြောပါသည်။ ကျွန်တော်လည်း ခွဲစိတ်ဆရာဝန်ကြီးပြောသည့်အတိုင်း လိုက်နာ၍ နေလိုက်ပါသည်။

ကျွန်တော် ခွဲစိတ်ကုသခံရန်အတွက် ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှစ၍ စောင့်စားခဲ့ရာ ၂၀၀၈ ခုနှစ် မတ်လကုန်အထိ ခွဲစိတ်ကုသမှုမခံရသေးပါ။ ထိုအချိန်အတွင်း ကျွန်တော့် ကိုယ်အလေးချိန်သည် ၁၄၈ ပေါင်ရှိနေရာမှ ၁၂၇ ပေါင်အထိ လျော့ကျသွားပါသည်။ ကျွန်တော် နေရထိုင်ရသည်မှာလည်း ပင်ပန်းနွမ်းနယ်လှပါသည်။

ကိုယ်အလေးချိန်ကျဆင်းခြင်း၊ အစားအသောက်ပျက်ခြင်းဖြစ်နေသော ကျွန်တော့်အား သူငယ်ချင်းဆရာဝန်များက လာရောက်အားပေး အကြံများပေးကြပါသည်။ ဆရာဝန်တွေများလွန်း၍ ၎င်းတို့အကြံပေးသည့်ကိစ္စများကို ဘယ်ကစရမည်မသိဖြစ်နေပါသည်။ စင်ကာပူမှလာမည့် ခွဲစိတ်ဆရာဝန်ကြီးများကိုမျှော်နေရသည်မှာလည်း ခြောက်လပြည့်သွားပါသည်။

၂၀၀၈ ခု မေလ ၂ ရက်နေ့တွင် နာဂစ်မုန်တိုင်းတိုက်ခတ်၍ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းများ အထိအခိုက်များနေချိန် ကျွန်တော့်ဆေးကုသရေးလုပ်ငန်းလည်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရပါသည်။ မိမိကျန်းမာရေးသတိမရဘဲ ဝန်ထမ်းများ၏ကယ်ဆယ်ရေးကိစ္စတွင် လုံးပန်းနေရပါသည်။ လုပ်ငန်းကိစ္စတွေနှင့်မအားလပ်သည့်အချိန်တွင် စင်ကာပူမှ ခွဲစိတ်ဆရာဝန်အဖွဲ့ ရောက်ရှိလာကြောင်း ကျွန်တော့်ကိုကုသပေးနေသော ခွဲစိတ်ဆရာဝန်ကြီးက ပြောပါသည်။ ကျွန်တော်က "မခွဲသေးဘူးဆရာ။ ကျွန်တော့်မှာ လေဘေးကိစ္စတွေက ရှင်းလို့မနိုင်ဘူးဖြစ်နေတယ်။ နောက်တစ်ကြိမ်လာမှခွဲရင် မကောင်းဘူးလား" ကျွန်တော့်စကားကို ဆရာဝန်ကြီးက "မခွဲချင်သေးလည်း သွားတော့တွေ့ကြရအောင်။ ပြီးတော့မှ သူချိန်းတဲ့အချိန်လုပ်ကြတာပေါ့" ပြောပြီး ဆရာဝန်ကြီးနှင့်ကျွန်တော် ပန်းလှိုင်ဆေးရုံသို့ သွားကြပါသည်။

ပန်းလှိုင်ဆေးရုံက အပြည်ပြည်ဆိုင်ရာအဆင့်ဖြစ်၍ ကောင်းလှပါသည်။ စုံစမ်းရန်ကောင်တာတွင် မေးမြန်းစုံစမ်းရာ ခွဲစိတ်ကုသရမည့်အကြောင်းစုံကို ရှင်းပြပြီး ကုန်ကျငွေ တစ်ဆယ့်ရှစ်သိန်းရှိမည်ဖြစ်ကြောင်းပြောပြပြီး ဆရာဝန်ကြီးနှင့်တွေ့ဆုံပေးပါသည်။ စင်ကာပူနိုင်ငံမှခွဲစိတ်ဆရာဝန်ကြီးဖြစ်၍ ရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အခက်အခဲရှိနိုင်ပါသည်။ ဆရာဝန်က အင်္ဂလိပ်လိုပြောမည်။ ကိုယ်က အင်္ဂလိပ်လိုပြည့်ပြည့်စုံစုံပြန်၍ မပြောတတ်၍ခက်မည်။ ဤသို့တွေးတောနေစဉ်ပင် ဆရာဝန်ကြီးက "မင်္ဂလာပါ" ဟု မိတ်ဆက်ပါသည်။ ကျွန်တော်ပြောမည့် အင်္ဂလိပ်စကားလုံးများပျောက်သွားပါသည်။ "မင်္ဂလာပါ" ဟုပြန်ပြောလိုက်ပါသည်။ ခွဲစိတ်ဆရာဝန်ကြီးသည် အင်္ဂလိပ်လိုမပြောဘဲ တောက်လျှောက် မြန်မာလိုပြော၍ ရောဂါအကြောင်းမေးပါသည်။ ကျွန်တော့်ရောဂါသိသွားသောအခါ "ဆေးရုံမှာ တစ်နေ့နဲ့တစ်ညပဲနေရမယ်။ မနာဘူး။ သက်သက်သာသာနဲ့ပဲ ဆေးရုံကဆင်းလို့ရတယ်။ မနက်ဖြန် ၉ နာရီ ခွဲမယ်" ဆရာဝန်ကြီးစကားဆုံးသောအခါ ကျွန်တော်နှင့်ပါလာသော ကျွန်တော့်ဆေးရုံမှ ခွဲစိတ်ဆရာဝန်ကြီးမျက်နှာကို ကြည့်လိုက်ပါသည်။ ဆရာဝန်ကြီးက "တစ်နေ့တစ်ညပဲနေရမှာ၊ ခွဲပြီးတော့ ကိုယ့်ဆေးရုံမှာနားနေရင်း အလုပ်လုပ်လို့ရတာပဲ။ ခွဲလိုက်ကြရအောင်" ဟုပြောပါသည်။ "ဒါဆိုလည်း မနက်ဖြန်ပဲ ဆေးရုံတက်မယ်" ကျွန်တော်က ပြောလိုက်ပါသည်။ နောက်တစ်နေ့တွင် ပန်းလှိုင်ဆေးရုံသွား၍စစ်ဆေးစရာရှိသည်ကိုစစ်ဆေး၍ ညအိပ်လိုက်ပါသည်။ မနက်မိုးလင်းသည်နှင့် ခွဲစိတ်ခန်းဝင်ရန်ပြင်ဆင်ပြီး ၉နာရီတွင် ခွဲစိတ်ခန်းဝင်၍ ၁၀ နာရီကျော်တွင် ခွဲစိတ်ခန်းမှ ထွက်လာရပါသည်။ ခွဲခန်းထွက်သည့်အခါ မူးဝေခြင်း၊ နာကျင်ခြင်းမရှိဘဲ ကြည်ကြည်လင်လင်နှင့် မိမိအခန်းသို့ပြန်ရောက်လာပါသည်။

မွန်းလွဲပိုင်းရောက်သည့်အခါ ဆရာဝန်ကြီး ရောက်လာပါသည်။ နေကောင်းလားမေးပြီး ခွဲစိတ်ထားသည့်နေရာများကို ကြည့်ရှုပြီး "ကောင်းပါတယ်။ ဒီတစ်ညတော့ ဒီမှာအိပ်လိုက်ပါ။ မနက်ဖြန်မနက် ကျွန်တော်ကြည့်ပြီးရင် ပြန်လို့ရပြီ" ပြောပြီး အခန်းမှ ထွက်သွားပါသည်။ အမှန်တော့ ခွဲစိတ်ခံရသည်ဆိုသော်လည်း ကျွန်တော့်ဗိုက်တွင် ငါးလက်မခန့်အကွာအဝေးတွင် အပေါက်ငယ်လေးပေါက်ဖောက်ထားခြင်း ဖြစ်ပါသည်။ မည်သို့ သည်းခြေကိုထုတ်ယူလိုက်သည်မသိပါ။ နောက်တစ်နေ့မိုးလင်းသည်နှင့် ဆရာဝန်ကြီးကို မျှော်နေပါသည်။ ၉ နာရီခန့်တွင် ဆေးရုံမှ ဆရာဝန်များ လာကြည့်ပါသည်။ ခဏကြာ

သောအခါ ဆရာဝန်ကြီး ရောက်လာပါသည်။ ခွဲစိတ်သည့်နေရာကြည့်ပြီး "အားလုံးကောင်းပါတယ်။ ပြန်လို့ရပြီ။ တစ်ပတ်ကြာရင် ပြန်ကြည့်မယ်။ ပြန်လာပါ" ပြောပြီး ကျွန်တော်နှင့် ရင်းရင်းနှီးနှီးစကားပြောကာ ပြန်ထွက်သွားပါသည်။

ကျွန်တော် ကျွန်တော့်ဆေးခန်းသို့ ပြန်လာပြီး အခန်းတစ်ခန်းယူ၍ ယင်းအခန်းတွင်နားနေရင်း လုပ်ငန်းများကို ညွှန်ကြားနေပါသည်။ နာဂစ်ပြင်ဆင်ရေးလုပ်ငန်းသည် မပြီးဆုံးနိုင်ပါ။ မုန်တိုင်းအပြီး မိုးဦးလည်းကျလာပါသည်။ တစ်ဖက်တွင် ပြင်ဆင်ရေးလုပ်ငန်းလုပ်၊ တစ်ဖက်တွင် ရုံးလုပ်ငန်း၊ လူနာများ၏ကျန်းမာရေးစောင့်ရှောက်မှုကိစ္စများများနေ၍ ကိုယ့်ကျန်းမာရေးကို မေ့ထားရပါသည်။


ကျွန်တော် သည်းခြေခွဲစိတ်ထားသည့်ရောဂါ သက်သာပျောက်ကင်းခဲ့ပါသည်။ ကျွန်တော့်ကိုယ်အလေးချိန် လျော့သည့်ကိစ္စက မရပ်သေးပါ။ ယခင်က TB ရောဂါအမည်တပ်ထားသောရောဂါကို ဆရာဝန်က ဆေးမပေးပါ။ ယခင်ကဖြစ်ခဲ့သော TB ဟုပြောပါသည်။ ကျွန်တော့်တွင် ကျောင်းနေဖက် ဆရာဝန်တွေများလှပါသည်။ သူငယ်ချင်းများက ကျွန်တော့်ဓာတ်မှန်တွင်ပေါ်နေသော Mass အရိပ်ထူထူတစ်ခုအကြောင်းကို စိုးရိမ်နေကြပါသည်။ ထိုအရိပ်သည် TB မဟုတ်လျှင် ကင်ဆာဖြစ်နိုင်သည်ဟု တွေးထင်နေကြပါသည်။ ကျွန်တော့်ကိုကုသနေသော ခွဲစိတ်ဆရာဝန်ကြီးနှင့် တိုင်ပင်ဆွေးနွေးရာ "သေချာမှုတစ်ခုရအောင် CT.Scan လုပ်ရင်ကောင်းမယ်" ပြောပါသည်။ သို့ဖြစ်၍ မြောက်ဒဂုံမြို့နယ်မှ ပင်လုံဆေးကုခန်းတွင် ဇူလိုင်လ ၂၄ ရက်နေ့၌ CT. Scan လုပ်ပါသည်။ အဖြေက ကင်ဆာသံသယဖြစ်သည်ဟုဆိုပါသည်။ ကျွန်တော်တို့ထင်ထားသည့် ကင်ဆာရောဂါလက္ခဏာကို တွေ့ရသည်ဟု ဖော်ပြထားပါသည်။ ယခုထုတ်ပေးလိုက်သော ရောဂါအဖြေသည် ကျွန်တော့်စိတ်ဓာတ်ကို အထူးထိခိုက်လှပါသည်။

ကျွန်တော့်အဆုတ်တွင် ကင်ဆာဖြစ်နေပြီလား။ ကင်ဆာဖြစ်လျှင် တစ်နှစ်အတွင်း ဒုက္ခရောက်မည်။ မည်သို့နေထိုင်စားသောက်ရမည်ဟု လူနာများကို အားပေးစိတ်ချမ်းသာအောင်ပြောဆိုနေသော ကျွန်တော် ဘာလုပ်ရမည်မသိ။ အိမ်ကဇနီးနှင့်တကွ ဆွေမျိုးအားလုံးကို ဘာဖြစ်နေသည်ဟုမပြောပြဘဲ ဆရာဝန်များနှင့် ကိုယ်တစ်ဦးတည်းသာ ကြိတ်၍ခံစားနေလိုက်သည်။ တစ်ဖက်တွင် တရားအားထုတ်၍ စိတ်ကိုတည်ငြိမ်အောင်ကြိုးစား၍နေလိုက်သည်။

ကျွန်တော် ဘယ်လောက်ပင်တည်ငြိမ်အောင်ကြိုးစားသော်လည်း စိတ်ထောင်း၍ကိုယ်ကြေနေသည်ကိုတော့ သိပါသည်။ အစားအသောက်ပျက်၍ ကိုယ်အလေးချိန်လည်း လျော့လျက်ပင်။ ကျွန်တော့်ကိုဆေးကုပေးနေသော ခွဲစိတ်ဆရာဝန်ကြီးက ရန်ကုန်ဆေးရုံကြီးမှ ရင်ခေါင်းခွဲစိတ်ကုသဆရာဝန်ကြီးထံစေလွှတ်၍ စစ်ဆေးခိုင်းသည်။ ဆရာဝန်ကြီးက စစ်ဆေးကြည့်ရှုပြီးသောအခါ "ဦးမောင်မောင်တင် ခွဲမလား" ဟုမေးပါသည်။ ကျွန်တော်က "မခွဲတော့ဘူးဆရာကြီး။ မထူးတော့ဘူးထင်ပါတယ်" ဟုပြန်ပြောပြီး နောက်ထပ်မသွားတော့ပါ။

ကျွန်တော့်သူငယ်ချင်းဆရာဝန်များသည် တစ်ယောက်မဟုတ်တစ်ယောက် နေ့စဉ်လာနေပါသည်။ လာတိုင်းလည်း ရောဂါအကြောင်းပဲမေး၍ အကြံပေးနေကြသည်။ ရက်ကြာလာသောအခါ "မင်းတို့တွေ စိုးရိမ်ပြီးလာမေး၊ အကြံပေးနေကြတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အကြံပေးကြတာခြင်းမတူတော့ ငါလည်း ဘာလုပ်ရမှန်းမသိဘူး။ ငါ့ကို အမြဲတမ်းကုပေးနေတဲ့သမားတော်ကြီးကလည်း အင်္ဂလန်သွားတယ်။ ငါ့စိတ်တွေရှုပ်နေတယ်။ ဒါကြောင့် အေးအေးနေပါရစေ" ဟု ပြောလိုက်ရပါသည်။ ထိုသို့ ကျွန်တော်ပြောသော်လည်း ရောဂါရှာဖွေရေးပါရဂူသူငယ်ချင်းက ရောက်လာပြန်သည်။ "ဒီလိုပဲနေလို့ ဘယ်ဖြစ်မလဲ။ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ရမှာပေါ့။ အသားစယူမယ်။ ဓာတ်ခွဲကြည့်မယ်" ဟုပြောပါသည်။ ကျွန်တော်က "ဘာမှမလုပ်ချင်သေးဘူးကွာ။ မင်းအကြံပေးတာ ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်ပါသည်။

ကျွန်တော့်ကျန်းမာရေးသည် တိုး၍မလာသော်လည်း လျော့မသွားပါ။ သူငယ်ချင်း ဒေါက်တာဝင်းလှိုင် ရောက်လာပါသည်။ သူငယ်ချင်းနှင့် ကျွန်တော့်ကျန်းမာရေး ဆွေးနွေးပြောကြားပြီး သူငယ်ချင်းက "မောင်မောင်တင် မင်းဒီလိုပဲတော့မနေနဲ့။



**လူနာနှင့်လူနာရှင်များသည် မိမိတွင်ဖြစ်ပေါ်နေသောရောဂါများကို တိတိကျကျသိရှိနိုင်ရန် တတ်ကျွမ်းသည့်ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးကုသရန် လိုပါသည်။ အနာသိလျှင်ဆေးရှိရမည်ဖြစ်၍ လူနာများခံစားနေသောရောဂါသည် ပျောက်ကင်းရမည်မှာ မလွဲမသွေ ဖြစ်ပါသည်။**

တစ်ခုခုတော့လုပ်မှပဲ။ မင်း သမားတော်ကြီးမရှိဘူးဆိုရင် ငါ့ဆရာကြီး (ပါမောက္ခ သမားတော်ကြီး ဒေါက်တာဦးလှမြင့်) နဲ့ သွားပြီးတိုင်ပင်ရအောင်။ မနက်ဖြန်မနက် ငါလာခဲ့မယ်။ စောင့်နေ ခု ငါပြန်လိုက်ဦးမယ်" ပြောပြီး ပြန်သွားပါသည်။

သူငယ်ချင်းဆရာဝန်တွေအားလုံး က ကျွန်တော့်တွင် ကင်ဆာသံသယရှိနေကြသည်။ သူငယ်ချင်းတွေလာလွန်းလို့ စိတ်တွေညစ်လာပြီ "မင်းတို့ ကရုဏာနဲ့ လာပြီး မေးမြန်းအကြံပေးတာတွေ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အဲဒီအကြံပေးမှုကို လိုက်လုပ်ရတာ (ရောဂါရှာဖွေရတာ) ငွေလည်းကုန် လူလည်းပင်ပန်းလှပါပြီ။ ပြီးတော့ လူကြီးများပြောတဲ့စကားပုံလို ဆရာများသားသေဆိုတာလို ဖြစ်မှာလည်း စိုးရိမ်မိတယ်" ပြောမိပါသည်။

နောက်နေ့တွင် သူငယ်ချင်းဒေါက်တာဝင်းလှိုင် ရောက်လာပါသည်။ ကျွန်တော်တို့နှစ်ယောက် ပါမောက္ခသမားတော်ကြီးဦးလှမြင့်ထံ သွားကြပါသည်။ ဆရာကြီးထံရောက်လျှင် ဆရာကြီးအား နှုတ်ဆက်၍ ခေတ္တထိုင်နေကြပါသည်။ ဆရာကြီး လူနာတစ်ယောက်ကြည့်ပြီးသည့်အခါ "ဆို ကိုဝင်းလှိုင် ဘာဖြစ်သလဲ" မေးပါသည်။ ကျွန်တော်တို့နှစ်ယောက် ဆရာ့အနီးသွားပြီး ဖြစ်ပျက်ခဲ့တဲ့ကျန်းမာရေးအကြောင်း အစုံအလင်ပြောပြပါသည်။ ဆရာကြီးက နားထောင်နေပြီး ခုတင်ပေါ် တက်ခိုင်းပါသည်။ ပြီးတော့ တစ်ကိုယ်လုံးကို သေသေချာချာ စမ်းသပ်ပါသည်။ ဗိုက်ကို အကြိမ်ကြိမ်စမ်းသပ်ပြီး "ကိုဝင်းလှိုင် လာစမ်း ကြည့်စမ်း" ပြော၍ ကိုဝင်းလှိုင်က ကျွန်တော့်ဗိုက်ကိုစမ်းပါသည်။ ပြီးတော့ ဆရာကြီးကို တွေ့ရှိကြောင်းပြန်ပြောပါသည်။ ဆရာကြီးက "ဒါ တို့အရင်ကုရမှာ၊ မောင်ရင်တို့က ရောဂါတွေအားလုံး လိုက်ရှာနေကြတာကို" ပြောပြီး ကျွန်တော့်ကို ခုတင်ပေါ်မှဆင်းခိုင်းပြီး ဆေးလေးရက်စာ ပေးပါသည်။ ဆေးလေးရက်သောက်ပြီး ပြန်လာပြပါမှာ၍ ကျွန်တော်တို့ ဆရာကြီးထံမှ ပြန်ခဲ့ပါသည်။

ကျွန်တော် ရှုံးတက်ရင်း ရောဂါဝေဒနာအကြောင်းကိုသာ တွေးတောစဉ်းစားနေမိပါသည်။ "ကင်ဆာ ကင်ဆာ" ဒီရောဂါက လူတွေအားလုံးကို ဒုက္ခပေး၊ အသက်ဇီဝိန်ကိုချွေနေသောရောဂါဖြစ်ပါသည်။ ဘယ်လိုပင်စိတ်ကိုတင်းထားသော်လည်း တည်ငြိမ်မှုမရပါ။

ကျွန်တော် စိတ်ရောဂါခံစားနေရစဉ်အတွင်း ရင်းနှီးသောမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ကျောဘက်က အောင့်သည်၊ ချောင်းဆိုးသည်၊ ကိုယ်အလေးချိန်လျော့သွားသည်ဟု ဆိုပါသည်။ ကျွန်တော်က ရင်ခေါင်းအထူးကုဆရာဝန်ကြီးနှင့်ပြကြည့်ရန်ပြောပါသည်။ ရင်ခေါင်းအထူးကုဆရာဝန်ကြီးက အဆုတ်တွင်ရောဂါတစ်ခုသံသယရှိသည်။ CT Scan လုပ်ပါ။ အဖြေရရင်ပြန်လာပါပြော၍ CT Scan လုပ်ကြည့်ရာ အဖြေက "ကင်ဆာ" ပင်ဖြစ်ပါသည်။ ကျွန်တော်သည် ထိုနည်းတူ ရောဂါရထားပြီးဖြစ်၍ မိတ်ဆွေအား နှစ်သိမ့်စကားပြောကြပြီး "ကျွန်တော်တို့နှစ်ယောက် ရောဂါတူနေတယ်။ အတူတူခံစားပြီး အတူတူသွားကြတာပေါ့ဗျာ" ဟုပြောရာ "ဘယ်ကိုလဲ" ဟုမေးပါသည်။ ကျွန်တော်က "ဒီရောဂါရရင် အနေနှင့်အမြန်သေကြတာပဲဗျ။ ခင်ဗျားနဲ့ကျွန်တော်က အဆုတ်မှာ ကင်ဆာလို့ အမည်တပ်ခံရတော့ ရောဂါတွေ့တဲ့အချိန်လည်းတူတယ်။ ရောဂါဖြစ်တဲ့နေရာလည်းတူတယ်။ အဲဒီတော့ပေါ့ဗျာ" လို့ပြောပြီး ရယ်နေကြပါသည်။ ကျွန်တော်က ဆေးကုခန်းနှင့် ဆရာဝန်များရှိ၍ မိတ်ဆွေအား လိုတာရှိရင်ပြောပါ။ အားမနာပါနဲ့။ အကူအညီပေးပါ့မယ် ပြောလိုက်ရပါသည်။

ကျွန်တော်နှင့်ဒေါက်တာဝင်းလှိုင် ဆရာကြီးဦးလှမြင့်ထံ သွားကြပါသည်။ ဆရာကြီးပေးထားသော ဆေးလေးရက်စာ သောက်ပြီး၍ ကျန်းမာကြောင်းပြောကြားရန်ဖြစ်ပါသည်။ ဆရာကြီးထံရောက်သောအခါဆရာကြီးက အကျိုးအကြောင်းမေးပါသည်။ ကျွန်တော်က သက်သာကြောင်း၊ စားသောက်ရသည်မှာလည်း အရင်ကထက်ကောင်းမွန်ကြောင်းပြောပြပါသည်။ ကျွန်တော်က ဆက်လက်၍ TB ရောဂါကုသရန်လိုအပ်ခြင်းရှိ မရှိမေးပါသည်။ ဆရာကြီးက TBဆေးပေးရန်မလိုကြောင်း၊ လောလောဆယ် ဒီဆေးကို ၁၀ရက်သောက်ပါ။ ၁၀ ရက်သောက်ပြီး ပြန်ကြည့်တာပေါ့ ဟု ဆရာကြီးကပြောပါသည်။ ဒေါက်တာဝင်းလှိုင်နှင့်ကျွန်တော် ဆရာကြီးကိုနှုတ်ဆက်၍ပြန်ခဲ့ပါသည်။ ဆရာကြီးပေးသောဆေးက ကျွန်တော့်ကျန်းမာရေး တိုးတက်လာသည်ကို လက်တွေ့ခံစားနေရပါသည်။ သို့ဖြစ်၍ နောက်ထပ်ပေးလိုက်သောဆေး ၁၀ ရက်စာကို အထူးဂရုစိုက်၍ သောက်နေပါသည်။

၂၀၀၈ ခုနှစ် ဩဂုတ်လဆန်းတွင် သူငယ်ချင်းဆရာဝန်များရောက်လာပြီး "ကဲ သူငယ်ချင်း၊ ပင်လုံကိုသွားမယ်။ ဟို မှာ Radiologist ငါ့သူငယ်ချင်းတွေရှိ တယ်။ ရင်ခေါင်းပိုင်းကို CT Scan လုပ် မယ်။ ရင်ခေါင်းပိုင်းကို CT Scan လုပ်မှ မင်းရောဂါ ပိုပြီးသေချာမှာ" ပြောပါသည်။ ကျွန်တော်က "ပထမအကြိမ် CT Scan

လုပ်တာ တစ်လလောက်ပဲရှိသေးတယ်။ ခုလုပ်ဖို့လိုသေးလို့လား” မေးရာ “ပထမအကြိမ်က ရင်ခေါင်းပိုင်းလုပ်တာမဟုတ်ဘူး။ ခုလုပ်မှာက ရင်ခေါင်းပိုင်းလုပ်မှာ”ဆိုပြီး အတင်းခေါ်ပါသည်။ ကျွန်တော်လည်း သူငယ်ချင်း ဒေါက်တာဝင်းလှိုင်နှင့် ပင်လုံသို့ လိုက်သွားပါသည်။ ပင်လုံဆေးရုံရောက်သောအခါ ရောဂါဗေဒဆရာဝန်ကြီးနှစ်ဦးနှင့်တွေ့ပြီး ဆွေးနွေးတိုင်ပင်၍ CT Scan ဒုတိယအကြိမ် ရိုက်ပါသည်။ ကျွန်တော်က ဒေါက်တာဝင်းလှိုင်ကို “CT Scan ပြီးရင် အဖြေချက်ချင်းသိချင်တယ်” ပြောရာ၊ ဒေါက်တာဝင်းလှိုင်က “ရစေရမယ်။ တို့စောင့်ယူမယ်” ပြောပြီး အဖြေကို စောင့်ယူကြပါသည်။ ညနေ ၄ နာရီကျော်သောအခါ အဖြေရပါသည်။ ကင်ဆာမဟုတ်ပါ။ TB ရောဂါဖြစ်သည်ဟု အဖြေက ပေါ်ပါသည်။ ကင်ဆာမဟုတ်သည်ကိုကြားရ၍ ဝမ်းသာရသော်လည်း နှစ်လကြာရင် CT ပြန်ရိုက်မည်ပြောလိုက်၍ စိတ်ထဲတွင် အပြည့်အဝပျော်ရွှင်မှုမရပါ။ သို့သော်လည်း ကင်ဆာမဟုတ်ဟုကြားရခြင်းမှာ စိတ်နွမ်းနယ်မှုကို သက်သာစေပါသည်။

ကျွန်တော်နှင့် ဒေါက်တာဝင်းလှိုင် သမားတော်ကြီးဦးလှမြင့်ထံ သွားပြန်ပါသည်။ ဆရာကြီးပေးထားသောဆေး ၁၀ ရက်စာကုန်၍ အကျိုးအကြောင်းပြောကြားရန်ဖြစ်ပါသည်။ ဆရာကြီးထံရောက်သည့်အခါ ဆရာကြီးက “ကိုမောင်မောင်တင် ဘယ်လိုလဲ” မေးပါသည်။ ကျွန်တော်က “သိသိသာသာ သက်သာပါတယ်။ ဒါပေမဲ့ ဟိုတစ်နေ့က ဝင်းလှိုင်နဲ့ CT Scan သွားလုပ်တယ်။ ကင်ဆာမဟုတ်ဘူး။ TB တဲ့ ဆရာကြီး” ဟုပြောလိုက်ရာ ဆရာကြီးက ဓာတ်မှန်တွေ၊ အဖြေတွေကြည့်ပြီး “ကဲကဲ အဲဒါတွေထား။ ပေးထားတဲ့ဆေး နောက်ထပ် ၁၀ ရက်သောက်ပါ။ ဆေးသောက်ပြီးရင်ပြန်ကြည့်မယ်” ပြောပါသည်။ ဆရာကြီးက “စိတ်ထဲမှာ ရောဂါတွေသိပ်စွဲမထားနဲ့။ ဆေးသောက်၊ ကောင်းကောင်းစား၊ အိပ်ပျော်အောင်အိပ်၊ နားနားနေနေ နေပါ” ပြောပြ၍ စိတ်ချမ်းသာရပါသည်။

ကျွန်တော်သည် သမားတော်ကြီးဦးလှမြင့်၏ညွှန်ကြားသည့်အတိုင်းလိုက်နာ၍၊ ဆေးသောက်၊ နားနားနေ၊ ကောင်းကောင်းစား၊ အိပ်ပျော်အောင်အိပ်ခြင်းဖြင့် ကျန်းမာရေးတိုးတက်လာပါသည်။ တစ်လကြာသောအခါ ဆရာကြီးနှင့်တွေ့ဖို့ ဒေါက်တာဝင်းလှိုင်ကိုခေါ်ပြီး သွားတွေ့ကြပါသည်။ ထိုအချိန်တွင် ကျွန်တော်ကိုယ်အလေးချိန်နှစ်ပေါင်တိုးလာပြီး စားသောက်၍ ခံတွင်းတွေ့ပြီး အိပ်၍လည်းပျော်ပါသည်။

ဒီနေ့ ဆောင်းပါးရေးနေသောကျွန်တော်သည် လွန်ခဲ့သောတစ်နှစ်အတွင်းက အမည်တပ်ထားသော ရောဂါများ၊ TB (အဆုတ်ရောဂါ)၊ Cancer(ကင်ဆာရောဂါ)၊ Gastritis(အစာအိမ်ရောဂါ)၊ Gall Stone (သည်းခြေကျောက်တည်ရောဂါ) ပျောက်ကင်းခြင်း၊ သက်သာခြင်းကို လက်တွေ့ခံစားနေရပါပြီ။ ဤသို့ ရောဂါဝေဒနာပေါင်းများစွာကို စုပြုံခံစားနေရသောအချိန်တွင် စိတ်ရှည်ခြင်း၊ သည်းခံ၍ ဆရာဝန်များ၏ ညွှန်ကြားချက်များကို လိုက်နာခြင်း၊ တိုက်ကျွေးသောဆေးဝါးများကို တိတိကျကျ မှန်ကန်စွာစားသုံးခြင်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုလို ကျန်းမာလာခြင်းဖြစ်ပါသည်။


လူနာနှင့်လူနာရှင်များသည် မိမိတွင်ဖြစ်ပေါ်နေသောရောဂါများကို တိတိကျကျသိရှိနိုင်ရန် တတ်ကျွမ်းသည့်ဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးကုသရန် လိုပါသည်။ အနာသိလျှင်ဆေးရှိရမည်ဖြစ်၍ လူနာများခံစားနေသောရောဂါသည် ပျောက်ကင်းရမည်မှာ မလွဲမသွေဖြစ်ပါသည်။

ဆရာဝန်ကြီးများသည် မိမိတတ်ကျွမ်းထားသည့် ဆေးပညာ၊ စက်ကိရိယာတို့၏အကူအညီ၊ ကုသရေး၊ လမ်းတစ်လျှောက် တွေ့ကြုံရသည့်အတွေ့အကြုံများကို စုပေါင်း၍ အသက်ကိုကယ်ကြသော်လည်း စိတ်မရှည်၊ သည်းမခံဘဲ ပထမဆုံးတွေ့ရှိရသော တွေ့ရှိချက်အပေါ်သာ အာရုံထား၍ ကုသပါက ပျောက်ကင်းချမ်းသာမှုကို ရရှိနိုင်မည်မဟုတ်ပါ။ ကျွန်တော်တွေ့ကြုံရသော ရောဂါတွေ့ရှိချက်များမှာ များလှပါသည်။ သို့သော် TB ရောဂါမကုရပါ၊ Cancer ရောဂါမကုရပါ၊ အစာအိမ်ရောဂါ၊ သည်းခြေကျောက်တည်သည့်ရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါများကို ကုသမှုခံရပါသည်။ ထိုရောဂါများကိုကုသပြီးသည့်နောက် ပါမောက္ခသမားတော်ကြီးဦးလှမြင့်ညွှန်ကြားချက်ဖြင့် တိုက်ကျွေးသောဆေးကို ၂၄ ရက်သောက်သုံးခြင်းဖြင့် ယခုအခါ နေထိုင်သွားလာလှုပ်ရှားပြီး ကျန်းမာနေပါကြောင်း ဖော်ပြရပါသည်။

ဤဆောင်းပါးကို ရေးသားဖော်ပြနေခြင်းမှာ ကိုယ်ရည်သွေးသည်မဟုတ်ပါ။ ဆရာဝန်ကြီးများကို ဆရာလုပ်နေသည်လည်းမဟုတ်ပါ။ ကျွန်တော့်ကို တစ်နှစ်လုံးလုံးရောဂါရှာ ဆေးပေး၍ ကုသနေကြသော်လည်း သက်သာပျောက်ကင်းမှုမရဘဲ ရှိနေရာမှ အနာနှင့်ဆေးတွေ့ထိသွားသည့်အခါ တစ်လနှစ်လအတွင်း ကျန်းမာလာသည်ကို တွေ့ရပါသည်။ ဤသို့လျှင် လူနာတိုင်းအတွက် ‘အနာနှင့်ဆေးတည့်အောင်ပေး’ နိုင်သောအခြေအနေများရရှိပါက လူနာများ စိတ်ချမ်းသာစွာ ရောဂါပျောက်ကင်းကြမည်ဖြစ်ပါသည်။ အနာနှင့်ဆေး တည့်အောင်မပေးနိုင်၍ ဆေးရုံတွင် တာရှည်စွာကုသခံနေရသောလူနာများကိုလည်း တစ်ခါတစ်ရံ တွေ့ကြုံရပါသည်။ ဤသို့ တွေ့ရသည့်အခါ ဝင်ငွေရသော်လည်း စိတ်မချမ်းသာပါ။ ငွေလည်းခန်း လူလည်းပန်းနှင့် မချမ်းမသာဖြစ်နေရသော လူနာများအတွက် စိတ်မကောင်းဖြစ်ရပါသည်။ သို့ဖြစ်၍ ရောဂါအမှန်ကိုတွေ့ရှိပါစေ၊ ဆေးဝါးအမှန်နှင့် ကုသခံရပါစေ၊ ရောဂါအမြန်ဆုံးပျောက်ကင်း၍ စိတ်ချမ်းသာစွာဖြင့် ဆေးရုံမှဆင်းသွားကြပါစေဟု ဆုတောင်းမေတ္တာပို့သရပါသည်။

**မောင်မောင်တင်**

**ယခင်လမှအဆက်**



# တောင်ကြီးသို့ နောက်တစ်ခေါက်

## သခင်တင်မြ

"ကြက်သားနဲ့ခေါက်ဆွဲရမလား" ဟုမေးတော့ "ရမယ်" ဟု အဖြေရသည်။ သန်းသန်းညွန့်က "ခေါက်ဆွဲတစ်ပွဲ နှစ်ယောက်အတွက် ခွဲထည့်ပေးပါ" ဟု မှာလိုက်သည်။ အတန်ကြာစောင့်မှ အငွေ့တထောင်းထောင်းနှင့် ခေါက်ဆွဲနှစ်ပန်းကန် ရောက်လာသည်။ ဟင်းချိုက ကြက်စွပ်ပြုတ်ရည်။ အချဉ်က မုံလာဥနှင့် ကြက်သွန် နီကို ပါးပါးလှီးထားသည်။

မစားရတာကြာပြီဖြစ်လို့ ခေါက်ဆွဲက စားကောင်းလှသည်။ သန်းသန်းညွန့်က "ဖေကြီးထပ်မှာရဦးမလား" ဟုမေးသည်။ "မမှာနဲ့တော့ ဝပြီ" ဟု ပြန်ပြောလိုက်ရသည်။ ရေနွေးကြမ်းတစ်ခွက်စီသောက်၊ ငွေရှင်းပြီးထွက်ခဲ့သည်။ ကားလမ်းဘေးက ဆိုင်ခန်းများကို တစ်ဆိုင်ပြီးတစ်ဆိုင် လျှောက်ကြည့်သည်။ ကုန်မျိုးစုံဆိုင်တွင် တောင်ကြီးပဲလှော်အထုပ်ကြီးတစ်ထုပ် ဝယ်ခဲ့သည်။ ကားစီးရင်း တောင်ကြီးပဲလှော်စားထားမှ ဆီးမသွားအောင်ထိန်းထားနိုင်မည်ဖြစ်သည်။ ဒီအထာကို သန်းသန်းညွန့်သိပြီးဖြစ်သည်။

မိုးစဲသွား၍ လမ်းမထွက်ပြီး ရန်ကြီးအောင်ကိုမျှော်ပေမယ့်ပေါ်မလာ။ ဆိုင်ရှင်မိန်းကလေးတစ်ယောက်က "ဘဘဆိုင်ထဲဝင်ထိုင်ပါ" ပြောတော့မှ ဆိုင်ထဲဝင်ထိုင်နေလိုက်သည်။

သန်းသန်းညွန့်ကတော့ ဆိုင်ထဲမဝင်၊ ဆိုင်ရှေ့မှာရပ်ပြီး ကိုရွှေရန်ကြီးအောင်ကို မျှော်တော်ဇောနှင့် မောနေပုံရသည်။ မော်တော်ဆိုင်ကယ်တစ်စီးဆိုင်ရှေ့ရပ်လာသည်။ ကောင်ကလေးက ရှေ့က၊ မိန်းကလေးက နောက်က ကောင်ကလေးရဲ့ခါးကိုဖက်လို့။ ဆင်းပြီးဆိုင်ထဲဝင်လာသည်။ ထမင်းမှာစားကြသည်။ နောက်ထပ် ဆိုင်ကယ်တစ်စီးဝင်လာ၊ ကောင်ကလေးနဲ့ ကောင်မလေး ဟင်းတစ်ခွက်ဝယ်ပြီး ဆိုင်ကယ်နဲ့ပြန်ထွက်သွားသည်။ နောက်တစ်စီး၊ နောက်ထပ်တစ်စီး၊ အားလုံးဆိုင်ရှေ့မှာ ဆိုင်ကယ်လေးစီး။ ဆိုင်ကယ်လေးစီးလုံး အ နက်ရောင်။ နှစ်စီးက ဂျပန်လုပ် ဟွန်ဒါ၊ ကျန်နှစ်စီးကတော့ တရုတ်လုပ် ဒရင်းဆိုလား၊ စကရင်းဆိုလား။ ခပ်လှမ်းလှမ်းကဖြစ်တော့ သဲသဲကွဲကွဲဖတ်မရပါ။ ဂျပန်လုပ်ဟွန်ဒါကအသစ်ဆိုပါက ၁၅ သိန်းအထက်၊ တရုတ်လုပ်ဆိုင်ကယ်များက ငါးသိန်းဝန်းကျင်ဟု ပြောသံကြားဖူးသည်။ ကိုယ်တိုင်တော့မဝယ်ဖူး။ ဒီဆိုင်ကယ်တွေမှာတူတာတစ်ခုရှိသည်။ စက်သံ တိုးတိုးသာထွက်ခြင်း ဖြစ်သည်။

ဒီလိုစဉ်းစားနေတုန်း တဖုန်းဖုန်းသံဆူညံနေသည့် ဆူဇူကီးဆိုင်ကယ်တစ်စီးနှင့် လူငယ်တစ်ယောက်ဆိုင်ရှေ့ရောက်လာသည်။ ဆိုင်ကယ်ရပ်ပြီး ဟင်းတစ်ထုပ်ဝယ်ပြီး ပြန်မောင်းသွားသည်။ တဖုန်းဖုန်းမြည်သံက တစ်လမ်းလုံးညံသွားသည်။ ကားလမ်းကိုကွေ့တော့လည်း ဇာတ်လိုက်ဟန် သူ့ကိုယ်သူအမေရိကန်ဇာတ်လိုက်စတားလုံးဟု ထင်နေပုံရသည်။

အတွေးကိုဖြတ်ပြီးဆိုင်အောက်ဆင်း

ခဲ့သည်။ "ဘယ်သွားမလို့လဲ" ဟု စိုးရိမ်စိတ်ဖြင့် သန်းသန်းညွှန့်က လှမ်းမေးလိုက်သည်။ "ဒီနားတင်ပဲ" ဟု ဖြေခဲ့ပြီး ပလက်ဖောင်းအတိုင်း လျှောက်ခဲ့သည်။

"ဖေကြီးလမ်းလျှောက်ရင် ပလက်ဖောင်းအတိုင်းလျှောက်။ လမ်းပေါ်ဆင်းလျှောက်ရင်ကားတိုက်ခံရမယ်" ဟု မကြာခဏ သန်းသန်းညွှန့်သတိပေးခဲ့သဖြင့် ပလက်ဖောင်းပေါ်ကလျှောက်တာ အကျင့်ဖြစ်နေပါပြီ။

ကားဂိတ်ရောက်တော့ လူအပြည့်နှင့်ဟိုင်းလတ်ကားတစ်စီးကရပ်လို့။ ဈေးပန်းကိုယ်စီနှင့် ကလေးမနှစ်ယောက်က ငုတ်တုတ်ထိုင်လျက်။ သူတို့ရှေ့မှာ ဝယ်သူလည်းမတွေ့ရ။ တစ်ယောက်ဆီက မက်မန်းယိုတစ်ထုပ်၊ နောက်တစ်ယောက်စီက ဖရုံစေ့လှော်တစ်ထုပ်ဝယ်ခဲ့သည်။ သန်းသန်းညွှန့်ရပ်နေရာသို့ပြန်အရောက် ဆီးသွားချင်လာသဖြင့် "ဆီးသွားဦးမယ်" ဟု သန်းသန်းညွှန့်ကိုပြောပြီး ဘုန်းကြီးကျောင်းမုခ်ဦးလှေကားထစ်များအတိုင်း တက်ခဲ့သည်။ မုခ်ဦးအဆုံးတွင် ကတ္တရာလမ်းက ကန့်လန့်ဖြတ်ထားသည်။ ညာဘက်ဆက်လျှောက်တော့ လမ်းဘေးသစ်ပင်ကြီးအောက်မှာ ခြုံတစ်ခြုံတွေ့သည်။ ခြုံဘေးဝင် မတ်တတ်ရပ်ဆီးပေါက်ခဲ့ရသည်။ မိန်းမကြီးတစ်ယောက်လမ်းဖြတ်လျှောက်သွားသည်။ မမြင်ဟန်ဆောင်ပြီး ဆက်ပေါက်နေလိုက်သည်။

ကျွန်တော်တို့လို ဆီးကျိတ်သမားများအဖို့ အရှက်အကြောက်ရှိနေပါက ရောဂါဒဏ်ပိုခံရမည်။ ဒါကြောင့် ကျွန်တော်လူရှေ့သူရှေ့လည်း ဆီးပေါက်လေ့ရှိသည်။ အသက်ကြီးသူအဘိုးအိုတစ်ယောက် လမ်းဘေးသေးပေါက်နေသည်ကို တွေ့သူတိုင်း ခွင့်လွှတ်ကြမည်ထင်ပါသည်။

လမ်းမပေါ်ပြန်ဆင်း။ ၁၅ မိနစ်လောက်ကြာတော့ ကုန်းပေါ်တစ်ခါပြန်တက်ခဲ့သည်။ ခြုံကြားတွင် ဆီးပေါက်ပြီး ကားလမ်းပေါ် ပြန်ဆင်း၊ အတန်ကြာစောင့်ပြီး နေ့လယ် ၁ နာရီထိုးကာမှ ကိုရွှေရန်ကြီးအောင်က ပေါ်တော်မူလာသည်။

ဆိုင်ရှေ့ကားရပ်သည်နှင့် အထုပ်တွေဆွဲပြီး ကားပေါ်မြန်မြန်တက်၊ စပယ်ယာက အထုပ်ကြီးကို ကားအောက်သွင်း။ ရန်ကြီးအောင် ဘတ်စ်ကားကြီး ကလောဈေးထိပ်က ပြန်ထွက်ခဲ့ကြသည်။

ကားက ကြီးကြီး။ အပြာရောင် တစ်ပတ်ရစ်အသစ် ဂျပန်လုပ်လား၊ တောင်ကိုရီးယားလုပ်လားမသိ။ ထိုင်ခုံနံပါတ်က ၂၁ နှင့် ၂၂ ဘေးချင်းယှဉ်လျက်။ ပြတင်းပေါက်ဘက်က ထိုင်ခုံမှာသန်းသန်းညွှန့်၊ အတွင်းကထိုင်ခုံမှာက ကျွန်တော်။ ကားကတောင်အဆင်းချည်းသွားနေသည်။ ကားလမ်းဘယ်ဘက်က ကျောက်ကမ်းပါးယံ။ ညာဘက်က ချောက်ကမ်းပါး။ ဟိုးအဝေးတောင်ခြေက မြေနီနီတွင် ခတ်ငွေ့ပိုက်လိုင်းကို တွေ့ရသည်။ သည်ပိုက်လိုင်းက ဟဲဟိုး ကွင်းပြင်ထဲကစတွေ့လာခဲ့သည့် ပိုက်လိုင်း ဖြစ်သည်။

ဘယ်ဘက်ချောက်ကမ်းပါးက သစ်ပင်ငယ်များနှင့် ခြုံနွယ်များကြောင့် တောင်ခြေကို မမြင်ရ။ မမြင်ရသဖြင့် လန့်စရာမလို။ ကလောအဆင်း ပထမတွေ့ရမည့်ရွာက 'ဝက်ဖြူရေ'။ အဲဒီရွာလွန်တော့ ရေယားရွာ၊ ပြီးတော့ ရေယောင်းမဟု သန်းသန်းညွှန့်ကို ပြောပြရသည်။ ဒီရွာတွေတည်သူများ 'ရေ' ကို အတော်ကြိုက်ပုံရသည်။ ရေပြီးရင်း 'ရေ'၊ နောက်တစ်ရွာက 'နန့်ပန်ထက်' ရေမဟုတ်တော့ ချစ်စရာ ရှမ်းအမည်။

ကားရှိန်ကမြန်နေတော့ ရွာဆိုင်းဘုတ် များကိုဖတ်မရ။ ဒါကြောင့် သန်းသန်းညွှန့်ကို ရွာအမည်တွေပြောမပြနိုင်။ သည်လိုနှင့် ညနေ ၃ နာရီလောက်မှာ ယင်းမာပင်ရွာကြီးသို့ ရောက်ခဲ့သည်။ ရထားလမ်းနှင့်ယှဉ်ပြီး ရွာတွင်းဝင်ခဲ့သည်။ တံတားတစ်ခုကိုဖြတ်ကျော်ပြီး ရွာလယ်ရောက်သည်နှင့် ထမင်းဆိုင်ကြီးတစ်ဆိုင်ရှေ့ရပ်လိုက်သည်။

ကားပေါ်ကအမြန်ဆင်း နှစ်ယောက်အတူ ရေအိမ်ဆီလျှောက်ခဲ့သည်။ ဆိုင်တွင်းပြန်ရောက်တော့ လူရှင်းသည့်ထိုင်ခုံတွင် ထိုင် ထမင်းဟင်းမှာ၊ ထမင်းနှင့် ကြက်သားဟင်းလာချပေးသည်။ ထမင်းရောဟင်းပါ အေးစက်စက်၊ ဗိုက်ပြည့်အောင်စားလိုက်ရသည်။ ကြက်သားဟင်းကအရသာမရှိ။ ဆိုင်ကြီးရှေ့ထွက်ကြည့်တော့ ညာဘက်တွင် ဆိုင်ငယ်နှစ်ဆိုင်၊ စပျစ်စိမ်းရောင်များနှင့် ငှက်ပျောသီးမှည့်များရောင်းနေသည်ကို တွေ့ရသည်။

ဈေးတော်သည်ဟုပြောပြီး မုတ်ဆိတ်နှင့် ကုလားကြီးတစ်ယောက်၊ ကုလားမနှစ်ယောက်တို့ စပျစ်သီးဝယ်ကြသည်။

ဆက်ထွက်ခဲ့သည်။ ဘုရားငါးဆူရွာရောက်တော့ ညနေ ၅ နာရီ၊ ရထားလမ်းကို ဖြတ်ကျော်ခဲ့သည်။ သည်ရွာလွန်သည်နှင့် မြေပြန့်ရောက်ပြီ။ လမ်းကကောင်းလာ၊ ကားရှိန်ကလည်းမြန်လာသည်။ လမ်းဝဲယာက လယ်မြေများစိမ်းလန်းနေသည်။ ပျော်ဘွယ်နယ်ဖြစ်သည်။ သည်နယ်က လယ်မြေများ သစ်ဆုံဆည်ကရေ ရဟန်တူသည်။ အမှန်သိ၍မဟုတ်။ မြေပုံကြည့်ခဲ့ဖူးတာကြောင့် မှန်းရမ်းပြီး ရေးလိုက်ခြင်းဖြစ်ပါသည်။


သည်ဒေသလယ်ကွင်းများတွင် မန်ကျည်းပင်များနှင့် ထနောင်းပင်များ အများအပြား တွေ့ရသည်။ မန်ကျည်းပင် မန်ကျည်းရွက်နု၊ မန်ကျည်းသီး။ နှစ်မျိုးလုံး ဟင်းအမယ်များဖြစ်သည်။ မန်ကျည်းစေ့ပင် အလဟဿမဖြစ်။ ကော်လုပ်ဖို့ နိုင်ငံခြားပို့ကုန်။ မန်ကျည်းခေါက်က ဘယဆေးအမယ်တစ်မျိုး။ ထနောင်းရွက်နုများကို နွားနှင့်ဆိတ် အလွန်ကြိုက်သည်။ ထနောင်းခေါက်က ဆိုးဆေးတစ်မျိုး။ သားရေနယ်လုပ်ငန်းမှာလည်း သုံးနိုင်သည်။ ဒီအပင်များနှင့် နေရာလုပေါက်နေသည်က ကန္တာရအပင်တွေ။ ရိုးတံကရှည်ပြီး ဆူးတွေအများအပြားနှင့် နွားရောဆိတ်ပါ ဒီအပင်တွေကို မစားကြ။ ရေမရှိသည့် ကုန်းခေါင်ခေါင်မှာ ပင်ပေါက်

ပြီး ရှင်သန်နိုင်တဲ့အပင်မျိုး။ တိရစ္ဆာန်များပင် သူ့အနားမကပ်ရဲ။ သစ်ပင်ချင်းယှဉ်လိုက်လျှင် ကန္တာရပင်က အနိုင်ရသဖြင့် ကန္တာရပင်ရှိက ပြေးပေတော့အပင်များ။

၁၉၅၈ ခုနှစ်လောက်က ပျော်ဘွယ်နယ် သဲကန္တာရမဖြစ်အောင် ကာကွယ်သည့်အနေဖြင့် ရေနှင့်မြေထိန်းဖို့ အစိုးရေးတိုင်းပြည်က တကူးတကမျိုးစေ့တွေမှာပြီး စိုက်ခဲ့ရသည့် ကန္တာရပင်။ ခုတော့ ပျော်ဘွယ်နယ်တစ်ခွင်တစ်ပြင်မှာမင်းမူနေလေပြီ။ အပေါက်မြန်ပြီးသေခဲသည့်အပြင် နယ်ချဲ့လွန်းသဖြင့် ယာသမားများဒုက္ခရောက်လှပြီ။ ဒီဘေးဒဏ်ကိုလွတ်အောင်စိုက်ပျိုးရေးဌာနနှင့် သစ်တောဌာနတို့ပူးပေါင်းပြီး ကယ်မှ ယာသမားများ ဒီဒုက္ခမှ လွတ်မြောက်ရပါတော့မည့်အကြောင်း ရေးလိုက်ရပါသည်။

ညနေ ၆ နာရီကျော်တော့ အမှောင်ရိပ်သန်းလာသည်။ ပျော်ဘွယ်နယ်ကိုလွန်ပြီး တပ်ကုန်းနယ်ထဲရောက်လာပြီ။ ဆင်သေချောင်းနှင့် တံတားရောက်တော့ ညာဘက်က ဆင်သေချောင်းရေပြင်ကိုမှူ ကြယ်ရောင်အောက်မှာ ရေးရေးသာမြင်ခဲ့ရသည်။ တံတားလွန်သည်နှင့် မိုးစုန်းစုန်းချုပ်လေပြီ။ ဒီနေရာက ရေဆင်းတက္ကသိုလ်အနီးက ကျောက်တူးစခန်းအရောက် ကားလမ်းက တစ်ဖြောင့်တည်းရှိခဲ့ဖူးသည်။ ဒါပေမဲ့ မြေညီလွင်ပြင်မဟုတ် တောင်တန်းများကို ဖြတ်ဖောက်သဖြင့် နိမ့်လိုက် မြင့်လိုက်ရှိခဲ့သည်။

ရေဆင်းရောက်တော့ ည ၇ နာရီ၊ ရေဆင်းတက္ကသိုလ်ရှေ့ရောက်သည်နှင့် ဘေးက ဇနီးကိုကြည့်လိုက်တော့ ဘေးမှန်ကိုခေါင်းမှီပြီး အိပ်ပျော်နေသည်ကို တွေ့ရသည်။ ဘယ်ဘက်က လျှပ်စစ်မီးများ ထိန်လင်းနေသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို ရောက်ပြီဟု နှိုး၍ ပြောပြခဲ့သည်။ သန်းသန်းညွန့်လည်း ခေါင်းထောင်ပြီး လမ်းဘယ်ဘက်ကို ကြည့်ပါသည်။ မကြာပါ နေပြည်တော် လမ်းမကြီးအတိုင်း ကားဝင်ခဲ့သည်။ ကားလမ်းဆုံတစ်ခုကျော်ခဲ့ပြီး



၁၉၅၇ ခုနှစ်လောက်က ပျော်ဘွယ်နယ် သဲကန္တာရမဖြစ်အောင် ကာကွယ်သည့်အနေဖြင့် ရေနှင့်မြေထိန်းဖို့ အစိုးရေးတိုင်းပြည်က တကူးတကမျိုးစေ့တွေမှာပြီး စိုက်ခဲ့ရသည့် ကန္တာရပင်။ ခုတော့ ပျော်ဘွယ်နယ်တစ်ခွင်တစ်ပြင်မှာမင်းမူနေလေပြီ။ အပေါက်မြန်ပြီးသေခဲသည့်အပြင် နယ်ချဲ့လွန်းသဖြင့် ယာသမားများဒုက္ခရောက်လှပြီ။

ကားလမ်းက ဘယ်ဘက်ကွေ့သွားသည်။ ကားလမ်းဟောင်းအတိုင်းမဟုတ်တော့ဘဲ မြို့ရှောင် လမ်းသစ်ဟုထင်ရသည်။ ကားလမ်းဘေးတွင်လည်း မီးတိုင်များမတွေ့ရတော့။ မြို့လယ်က ငါးလိုက်ချောင်းကို ဘယ်တော့ဖြတ်မလဲဟု ဂရုစိုက်နေဆဲ အိပ်ပျော်သွားသည်။

ကားရပ်လိုက်တော့မှနိုးသည်။ ဘယ်ရောက်ပြီလဲဟုမေးတော့ သန်းသန်းညွန့်က 'ဆွာမြို့' ဟုဖြေသည်။

ဆိုင်ကြီးရှေ့ ဆိုင်းဘုတ်ကိုမော့ကြည့်လိုက်တော့ 'ရှမ်းမလေး' တဲ့။ ကားပေါ်က ကမန်းကတန်းဆင်းပြီးနောက်ဖေးရေအိမ်ဆီပြေးခဲ့ရသည်။ ဆိုင်က ဆိုင်သစ်။ "ဒီဆိုင်က ရန်ကြီးအောင်ကားပိုင်ရှင်ရဲ့ ဆိုင်ထင်တယ်"ဟု မှန်းပြီး သန်းသန်းညွန့်ကိုပြောလိုက်မိသည်။ လက်ဖက်ရည်မှာသောက်ပြီး နာရီဝက်အကြာမှာ ကားထွက်ခဲ့သည်။ ကားစထွက်တော့ ည ၉ နာရီ ၁၅ မိနစ်။

## နာဂစ်မုန်တိုင်း

ကားပေါ်ရောက်သည်နှင့် ကလောကဝယ်ခဲ့သည့် တောင်ကြီးပဲလှော်ထုပ်ကို

ဖောက်စားခဲ့သည်။ တောင်ကြီးပဲလှော်စားဖို့ သန်းသန်းညွှန့်ကို အထုပ်လှမ်းပေးတော့ ခေါင်းခါပြီး အထုပ်ကိုပြန်ပေးသည်။ တောင်ကြီးပဲလှော်စားရင် အခွံတွေကို ကြွပ်ကြွပ်အိတ်ထဲလှမ်းအထည့် ပေါင်ပေါ်တင်ထားသည့် ပဲလှော်ထုပ် ထိုင်ခုံအောက် ကျသွားသည်။ လှမ်းကောက်လိုက်တော့ အထုပ်ထဲမှာ တစ်ဝက်သာကျန်ပြီး တစ်ဝက်က ကားကြမ်းပြင်ပေါ် ပြန့်ကျဲသွားသည်။ ပြန့်ကျဲသွားသည့်ပဲလှော်များကို မကောက်တော့ဘဲ အိတ်ထဲကျန် ပဲလှော်များကိုသာ စားလိုက်သည်။ တောင်ကြီးပဲလှော်ကျေးဇူးကြောင့် တစ်ညလုံး ဆီးသွားချင်စိတ်မရှိတော့။ နှစ်ယောက်အတူ အိပ်ပျော်သွားသည်။ ပဲခူးအဝင်ကျမှနိုးကြသည်။ ပဲခူးမြို့တွင် မီးမရှိ။ ကားမီးဖြင့် လမ်းဘေးဝဲယာတွင် သစ်ပင်များလဲပြိုနေသည်ကို မြင်နေရသည်။ သည်အခင်းကိုမြင်ကတည်းက သန်းသန်းညွှန့်ကတော့ ပါးစပ်တလှုပ်လှုပ်နဲ့တရားစာများ တိုးတိုးရွတ်တော့သည်။ ကားလမ်းပေါ်လဲနေသည့်သစ်ပင်များကို ရှင်းထားဟန်တူသည်။ ကားလမ်းဘေးတွင် သစ်ပင်အပိုင်းအပြတ်များကိုသာ တွေ့ရသည်။ ဒီသစ်ပင် အကျိုးအပြတ်များက မုန်တိုင်း၏သင်္ကေတများ ဖြစ်သည်။ မုန်တိုင်းအမှတ်အသားများကို ပဲခူးမြို့ မင်္ဂလာဒုံမြို့နယ်အောင်မင်္ဂလာ အဝေးပြေးကားဂိတ်အထိ တစ်ဆက်တည်း မြင်တွေ့ခဲ့ရသည်။

မင်္ဂလာဒုံဥယျာဉ်မြို့တော်လည်း မြို့ပျက်ကြီးပမာဖြစ်နေတော့သည်။ ကားဂိတ်ရောက်သည်နှင့် ရန်ကြီးအောင်ကားကြီးရပ်သွားသည်။ အထုပ်အပိုးများဖြင့် ကားပေါ်ကဆင်းခဲ့ကြသည်။ နာရီကြည့်လိုက်တော့ နံနက် ၅ နာရီခွဲ တဖြည်းဖြည်းအလင်းရောင်ဖြာလာသည်။ ရန်ကြီးအောင်ကြေညာထားသည့်အတိုင်း "ကြည့်မြင်တိုင်အထိသွားမလား" မေးတော့ ကားစပယ်ယာက "မသွားတော့ဘူး" ဟု ပြန်ဖြေသည်။ ကားဝင်းတစ်ခုလုံးအဆောက်အအုံများ အမိုးတွေလန်၍ သစ်ပင်တွေပြိုလဲနေသည်။ ကားကြီးတစ်စီးသွားသာသည့် လမ်းကြောင်းသာ အကျိုးအပျက်များကို ဖယ်ရှင်းထားသည်ကို တွေ့ရသည်။ တက္ကစီကားတစ်စီးမှ ရှာမတွေ့။ ဟိုင်းလတ်ကားနှစ်စီးသာတွေ့ရသည်။ ကားပေါ်လူအပြည့်နှင့် မေးကြည့်တော့ လှိုင်သာယာသွားမည့်ကားတဲ့။ ဒဂုံဘက်သွားမည့်ကား ရှာကြည့်သည်။ တစ်စီးမှ မတွေ့ရ။

"ဒီမှာစောင့်နေ တက္ကစီသွားခေါ်ဦးမယ်" ဟု သန်းသန်းညွှန့်ကိုမှာပြီး လမ်းပေါ်ထွက်ခဲ့သည်။ လမ်းပေါ်မှာတွေ့သည့် လူငယ်တစ်ယောက်ကို "တက္ကစီကားစတင်းဘယ်မှာလဲ" မေးကြည့်တော့ "အဝင်ဝမှာ" ဟု ပြန်ဖြေသည်။ ကားဝင်းအဝင်က ဝေးလွန်းသည်။

ဒါကြောင့် သန်းသန်းညွှန့်စောင့်နေရာသို့ ပြန်လာခဲ့သည်။ နှစ်ယောက်အတူ ရပ်နေစဉ် စွပ်ကျယ်လက်ပြတ်နဲ့ လူငယ်တစ်ယောက် စက်ဘီးတွန်းရောက်လာသည်။

"အစ်မတို့ ကားဂိတ်သွားမလား ကျွန်တော်လိုက်ပို့မယ်" ပြောလာသဖြင့် ကျေးဇူးတင်စကားပြောရသည်။ အထုပ်ကြီးတွေကို သူ့စက်ဘီးကယ်ရီယာပေါ်တွင် တင်ပြီး ကားဂိတ်သို့ထွက်ခဲ့သည်။ လမ်းသုံးလမ်းကျော်တော့ မ.ထ.သ (၄၄) နှင့် (၄၃) ကားဂိတ်ရောက်သည်။ (၄၃) ကားစပယ်ယာက လှည်းတန်းနဲ့ မြေနီကုန်းတဲ့။ ကမ္ဘာအေးဘက်ရောက်မည့် (၄၄) ကိုမေးကြည့်တော့ "မထွက်သေးဘူး" တဲ့။ ဘယ်တော့ထွက်မှာလဲ မေးမလို့လုပ်တုန်း "ရှစ်မိုင်ရောက်မယ်" "မြို့ထဲကို မြို့ထဲကို" ဟု အော်နေသည့် အဝေးပြေးကားကြီးတစ်စီးကို တွေ့ရသည်။

အဲဒီကားပေါ် သန်းသန်းညွှန့်က ကျွန်တော့်လက်ဆွဲပြီး ကားပေါ်အရောက်တက်တော့သည်။ အထုပ်ကူသယ်ပေးသူက အထုပ်များကို ကားပေါ်တင်ပေးသည်။ သန်းသန်းညွှန့် ကျေးဇူးတင်စကားပြောပြီး ၁၀၀၀ တန် တစ်ရွက်ထုတ်ပေးသည်ကို တွေ့ရသည်။ ကားပေါ်ရောက်ပြီး လူပြည့်နေပြီး ၁၀ မိနစ်လည်း ကားကမထွက်ဘာကြောင့်ပါလိမ့်ဟု စူးစမ်းသည့်မျက်စိဖြင့် ကားဒရိုင်ဘာကိုကြည့်နေတုန်း ကားဒရိုင်ဘာနှင့် စပယ်ယာနှစ်ယောက် ကားမှန်ရှေ့တွင် အလုပ်များနေကြသည်။

"ဘာလုပ်နေကြတာလဲ" ဟု ပါးစပ်က အလိုလိုအသံထွက်သွားရာ သန်းသန်းညွှန့်က လက်ကုတ်ပြီး "ဘုရားဖူးယာဉ် ဆိုင်းဘုတ်တပ်နေတာ" ဟု ပြောမှသိတော့သည်။ ကျွန်တော်က တည့်တည့်ပြောမှ ရိပ်မိသူဖြစ်သည်။ စိတ်ထဲက ဒရိုင်ဘာနဲ့ စပယ်ယာများကို "တော်တော်လျင်တဲ့ကောင်တွေပဲ" ဟု ချီးကျူးလိုက်မိသည်။

'ဘုရားဖူးယာဉ်' က နာရီဝက်ကြာကာမှ ထွက်ဖြစ်သည်။ ဂိတ်ဝထွက်ပေါက်က ထွက်ခဲ့ပြီး ကားလမ်းဘေး လူစုစုရပ်နေသည့်နေရာရောက်တော့ "ဆူးလေကိုသုံးထောင်" "ဆူးလေကိုသုံးထောင်" ဟု စပယ်ယာက အသံမြှင့်အော်လေသည်။ အနားကစပယ်ယာကို "ရှစ်မိုင်ကို ဘယ်လောက်လဲ" ဟု သန်းသန်းညွှန့်ကမေးလိုက်သည်။ "နှစ်ထောင်" ဟု စပယ်ယာကဖြေသည်။

ကားကြီးက အဝေးပြေးကားဂိတ်က ထွက်ပြီး ညာဘက်ကွေ့သည်။ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့ဦးစေတီက ရွှေရောင်ဝင်းလက်ပြီး မားမားမတ်မတ်ရှိနေသည်။ အနီးက တန်ဆောင်းကသွပ်အချို့လန်ပြီး သစ်ပင်များကတော့ လဲပြိုနေသည်။ ဘယ်ကွေ့တော့ သစ်ပင်ကြီးက ဓာတ်တိုင်ပေါ်လဲကျနေသည်။ လမ်းဘေးဝဲယာ လဲပြိုနေသည့် သစ်ပင်များနှင့်ဓာတ်တိုင် အများအပြားတွေ့ရသည်။ ခရေပင်လမ်းခွဲရောက် ကာနီး အုတ်နီနီလေးထပ်တိုက်တန်းလျားများ အမိုးသွပ်တွေလန်နေသည်။ ခရေပင်လမ်းခွဲရောက်နှင့် ကားကြီးက ရန်ကုန်ဘက်ကွေ့ထွက်ခဲ့သည်။ ညာဘက်ကတပ်မတော်အဆောက်အအုံများမှာ အမိုးများလန်၊ ထုတ်တန်းများပျက်စီးနေသည်ကို တွေ့ခဲ့ရသည်။ လမ်းညာဘက်က ခုတင် ၁၀၀၀ ဆံ့ တပ်မတော်ဆေးရုံကြီးကတော့ အမိုး အချို့ပျက်ပေမယ့် မားမားမတ်မတ်

ရပ်တည်လျက်ပင်။

အပျက်အစီးများအကြား ကားလမ်းအတိုင်းသွားခဲ့ရာ မကြာမီ ရှစ်မိုင်ကားမှတ်တိုင်ရောက်သည်နှင့်ကားပေါ်က အမြန်ဆင်းခဲ့သည်။ ပလက်ဖောင်းပေါ်တွင် အထုပ်တွေချပြီး တက္ကစီကားငှားရန် လာသမျှကားကို ကြည့်ခဲ့သည်။ ကိုယ်ပိုင်ကားကများများ၊ တက္ကစီက နည်းနည်း။ တက္ကစီကားပေါ်မှာလည်း လူပါတာကများသည်။

လမ်းတစ်ဖက်ကူးခဲ့သည်။ မြို့ထဲကထွက်လာသည့်ကားများကိုကြည့်တော့လည်း ထိုနည်းနှင်နှင်။

သန်းသန်းညွန့်ကို ပြန်ကြည့်လိုက်တော့ တက္ကစီတစ်စီးနှင့် စကားပြောနေသည်ကို တွေ့ရသည်။ သူ့ဘေးမှာက အထုပ်ကိုယ်စီနှင့် လူငယ်နှစ်ယောက်။ ဒါနဲ့ပြန်ကူးလာခဲ့သည်။ တက္ကစီဒရိုင်ဘာဘေးမှာက မိန်းကလေးတစ်ယောက်ထိုင်လျက် သန်းသန်းညွန့်ကိုမေးကြည့်တော့ အနားကလူငယ်နှစ်ယောက်ကိုညွှန်ပြီး "သူတို့နှစ်ယောက်လည်း ဒဂုံအရှေ့သွားကြမှာ။ ဈေးတဲ့တယ်။ လူမဆံ့ဘူး" ဟု ပြန်ပြောသည်။ နောက်တက္ကစီတစ်စီး ထိုးရပ်လာသည်။ ဒဂုံအရှေ့လိုက်မလားဆိုတော့ "လိုက်မယ်တဲ့။ ကျွန်တော်တို့နှစ်ယောက်က ၅၀၀၀၊ လူငယ်နှစ်ယောက်က ၅၀၀၀။ ၁၀၀၀၀ နဲ့ ဈေးတည့်ခဲ့သည်။ ရှစ်မိုင်ကကားထွက်တော့ နံနက် ၇ နာရီခွဲနေပြီ။ ကမ္ဘာအေးလမ်းမကြီးကကျယ်တော့ ကားကိုမြန်မြန်မောင်းနိုင်သည်။

ကိုဘခက်တို့အိမ်ရှေ့ရောက်တော့ လှမ်းကြည့်လိုက်သည်။ ကိုတင်ရှိန်နဲ့ တာယာဆိုင်။ အလဲအပြိုမရှိ။ ကိုဘခက်အိမ်လဲ ထို့အတူပဲ။ ဒေါ်ခင်ထွေးအိမ်ပေါ်မှာတော့ ခေါင်းရင်းကသစ်ပင်ကြီးကလဲလို့။ လူတွေဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသည်။

ကမ္ဘာအေးဘုရားမရောက်မီ ကားကဘယ်ကွေ့ဆင်းခဲ့သည်။ မီးရထားလမ်းပေါ်မှာလည်း အပျက်အစီးများ။ လမ်းချိုးရောက်တော့ ညာကွေ့။ ကားလမ်းပေါ်မှာ လဲနေသည့်ဓာတ်တိုင်များနှင့် သစ်ပင်များကို ဖြတ်တောက်ဘေးဖယ်ထားသဖြင့် ကားတစ်စီးသွားသာရုံ လမ်းသာရှိသည်။

ဘေလီတံတားထိပ်ရောက်တော့ သန်းသန်းညွန့်က စံပြဈေးဘက်က သွားရန် ပြောသည်။ "မသေချာဘူး။ မြောက်ဒဂုံဘက်ကသွားလို့ရတယ်လို့ပြောတယ်" ဟု ဒရိုင်ဘာက ပြန်ပြောသည်။ တံတားဖြတ်ပြီး ပင်လုံအဆောက်အအုံတွေလည်း မုန်တိုင်းဒဏ်ကမလွတ်။ လမ်းတစ်လျှောက် ဝဲယာအိမ်တွေအနည်းနဲ့အများ ပျက်စီးနေပါသည်။ ဒရိုင်ဘာကတော့ ကားမောင်းရင်း မုန်တိုင်းအတွေ့အကြုံကို ပြောပြနေသည်။

မြောက်ဒဂုံကနေ အမှတ် (၂) လမ်းမကြီးပေါ်ရှိ နတ်စင်ကားဂိတ်အရောက် လမ်းကြိုလမ်းကြားမှ မောင်းလာခဲ့သည်။ သင်တန်းကျောင်းမှတ်တိုင်ရောက်တော့ ကားရပ်ပြီး လူငယ်နှစ်ယောက် ဆင်းသွားကြသည်။ သည်တော့မှ "သူတို့ဘယ်သွားမှာလဲ"လို့ သန်းသန်းညွန့်ကို မေးကြည့်သည်။ တောင်ဘက်ကို လက်ညှိုးထိုးပြပြီး "သူတို့က တောင်ငူက။ သူတို့အဒေါ်တွေရဲ့ အခြေအနေကိုသိချင်လို့ လိုက်လာတာ" ဟု ပြန်ဖြေသည်။ ကားဆက်ထွက်၊ ရထားလမ်းမရောက်မီ ကားလမ်းကိုဖြတ်ပြီး လဲကျနေသည့်ဓာတ်ကြိုးတစ်တိုင်ကို တွေ့ရသည်။ ဒါနဲ့ ကားကိုပြန်လှည့်ပြီး မောင်းခိုင်းရသည်။ တပ်ရင်းသုံးကားဂိတ်ကိုလွန်ပြီး ကားလမ်းအတိုင်း ဘယ်ဘက်ကိုလိုက်။ ဘုန်းကြီးကျောင်းတိုက်လွန်တော့ ကုန်းဘောင်လမ်းကို ဝင်လိုက်တာနှင့် ဘယ်ဘက်ကကွင်းထဲမှာ ရေဖွေးဖွေး၊ ညာဘက်ကရပ်ကွက်ကအိမ်တွေက အလဲလဲအပြိုပြို တွေ့ရသည်။ ဆည်မြောင်း (၅) လမ်းထိပ်ရောက်တော့ ဒေါ်စန်းရဲ့ကွမ်းယာဆိုင်ကို မတွေ့တော့။ ဒေါ်စန်းတို့ မိသားစု ကွမ်းယာဆိုင်ကို ပြန်ဆောက်ရင်း အလုပ်များနေသည်ကို တွေ့ရသည်။ သန်းသန်းညွန့်က လက်ပြနှုတ်ဆက်တာကိုပင် မမြင်တော့။ ဆည်မြောင်းလေးလမ်းထိပ်ရောက်တော့ ညာကွေ့ပြီး အတန်းမောင်းလိုက်သည်နှင့် အမှတ် ၇၅၅ ခြံဝင်းနဲ့ တစ်ထပ်အိမ်မည်းမည်းကလေးကို ပကတိအတိုင်း မြင်ရသည်။

သူ့ညီမအေးအေးမာနဲ့အတူ မမီးငယ်တို့နှစ်ယောက်ကို ပြုံးရွှင်စွာမြင်ရမှ သန်းသန်းညွန့်တစ်ယောက် မျက်နှာလန်းလာသည်ကို တွေ့လိုက်ရသည်။

ကားခရှင်းပေးပြီး တက္ကစီကားထွက်သွားမှ အေးမာတို့နှစ်ယောက်နှင့်အတူ အိမ်ပေါ်တက်ခဲ့ကြသည်။

မုန်တိုင်းတိုက်တော့ အိမ်ကလေးသွက်သွက်ခါပြီး မိုးကလည်းရွာ၊ လေတွေကတိုက်နဲ့။ အိမ်ပြုတ်ပါသွားပြီလို့ထင်နေတာ။ နှစ်ယောက်အတူ ဖက်ပြီးဘုရားတနေရတယ်" ဟု နာဂစ်မုန်တိုင်းအတွေ့အကြုံကို မေးပါသည်။ အေးမာတို့ တူဝရီးနှစ်ယောက် လုပြောနေကြသည်။ သန်းသန်းညွန့်ကတော့ ပြုံးပြီးနားထောင်နေသည်။

နောက်သုံးရက်အကြာ သန်းသန်းညွန့်တူမ တောင်ဥက္ကလာက မိုးမိုးတို့ဆီ တောင်ကြီးပြန် လက်ဆောင်သွားပေးခဲ့သည်။ သူ့မြေးမ အသက် ၇ နှစ်အရွယ် သဥ္ဇာက "နာဂစ်က ရက်စက်တယ်" ဟု ပြောကြောင်း ပြန်ပြောပြသည်။

၂-၅-၂၀၀၈ နေ့ညက မြန်မာပြည်အောက်ပိုင်းဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ကို တစ်နာရီမိုင် ၁၂၀ နှုန်းဖြင့် တိုက်ခတ်သွားခဲ့သည့် နာဂစ်မုန်တိုင်း၏ အဖျက်စွမ်းအားကို လူကြီးများပင်မဆိုထားနှင့်၊ အသက်ခုနစ်နှစ်အရွယ် သဥ္ဇာကဲ့သို့ ကလေးငယ်ကလေးကပင် ရက်စက်လှကြောင်း မှတ်ချက်ချခဲ့ရသည့်အဖြစ်သည် မြန်မာ့သမိုင်းတွင် မေ့ပျောက်မရသည့်အဖြစ်ဆိုးတစ်ရပ်ပင် ဖြစ်ပေသည်။

**သခင်တင်မြ**
**၁၅-၅-၂၀၀၈**
**နံနက် ၉ နာရီ**

ယခင်လမှအဆက်




**O, The Oprah Magazine**

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၁၈

## ဦးလှဝင်း (လေသူရဲတစ်ဦး)

အဲဒီဇာတ်လမ်းမှာ ကျွန် . . . မအဖြစ် သရုပ်ဆောင်ရတာ ပီပြင်ဖို့အတွက် အော်ပရာဟာ အလွန်ကြိုးစားပါတယ်။ သူမပြန်ပြောပြချက်များအရ သူမရဲ့လက်နှစ်ဖက်ကို ကြိုးနှင့်ချည် . . ၊ မျက်စိနှစ်ဖက်လုံးကိုမမြင်နိုင်အောင် အဝတ်စည်း၊ ၂၄ နာရီလုံးလုံး တောအုပ်ထဲမှာ လက်တွေ့သွားနေပြီး အဲဒီလို ညှဥ်းဆဲထားတဲ့အချိန်မှာ ကျွန်မတစ်ယောက်ရဲ့ခံစားချက် သရုပ်သဏ္ဍာန်အမှန်ကိုသိနိုင်အောင် လေ့လာခဲ့တယ်လို့ ပြောပါတယ်။ ဒါကြောင့်လည်း အဲဒီဇာတ်ကားမှာ အော်ပရာရဲ့သရုပ်ဆောင်တာတွေဟာ အလွန်အသက်ဝင်ပါတယ်။

ဒီလိုအသက်ဝင်လွန်းလို့လည်း ဇာတ်ကသိပ်နာသွားပြီး . . . ပရိသတ်က မကြည့်ချင်ကြတော့ဘူးခင်ဗျ။ ဒီဇာတ်ကားကို ရုံတင်ပြတဲ့အခါ ရှုံးတယ်။ ဒေါ်လာ သန်း ၃၀ လောက် အရှုံးပေါ်တယ်။

"ဒီဇာတ်ကားက အမေရိကန်သမိုင်းရဲ့အလွန်ရက်စက်တဲ့၊ ကြေကွဲစရာကောင်းတဲ့ နိုင်ငံရေးနဲ့ လူမှုရေးသရုပ်မှန် (political and social realism) ကို ပြန်မီးမောင်းထိုးပြထားတာ။ စိတ်ပျက်စရာ . . . မကြည့်ချင်စရာ အဖြစ်အပျက်တွေပါ။ ကျွန်မကလည်း သရုပ်ဆောင်တာ ပီပြင်လွန်းတော့ အမေရိကန်ပရိသတ်က လာကြည့်ရမှာ တွန့်ဆုတ်ကုန်တာပေါ့ရှင်..."

အော်ပရာ ဖွင့်ဟပြောပြဖူးသောစကားဖြစ်၏။

အဲဒီဇာတ်ကားမှာ တွဲဖက်သရုပ်ဆောင် (costar) အဖြစ် ပါဝင်ခဲ့တဲ့ Thandle Newton ကလည်း ပြောပါတယ်။

"သရုပ်ဆောင်အဖြစ် အလွန်အောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသမီး မင်းသား တော်တော်များများနဲ့ကိုတွဲပြီး ရုပ်ရှင်ရိုက်ခဲ့ဖူးပါတယ်။ အော်ပရာ သရုပ်ဆောင်ပုံက အလွန်ပီပြင်ပါတယ်။ ပညာသည်အချင်းချင်း အံ့သြစရာကောင်းလောက် အောင် ပီပြင်ပါတယ်။ သူမဟာ ဇာတ်ကား လည်း များများမရိုက်ဘူး။ ဘာကြောင့် သရုပ်ဆောင်တာ ဒီလောက်တောင် ပီပြင်နေတာလဲမသိဘူး။ အော်ပရာလို ပါရမီရှင်မျိုးက ရှားပါတယ်" တဲ့။

အော်ပရာဟာ ရုပ်ရှင်မင်းသမီး

အဖြစ်သရုပ်ဆောင်တော်သလို စာရေးဆရာအဖြစ်လည်း အလွန်အောင်မြင်ပါတယ်။ စာရေးအလွန်ညက်တယ်။ အကြောင်းအရာစုံကို စာဖတ်သူစိတ်ဝင်စားအောင် ရေးဖွဲ့ပြနိုင်တယ်။

သူမ စာအုပ်ငါးအုပ် ရေးဖူးတယ်။ အောင်မြင်တယ်။ ဘယ်လောက်တောင် အောင်မြင်သလဲဆိုရင် ဥပမာ–သူမရဲ့ ကာယနည်းပြဆရာ Bob Greene နဲ့တွဲပြီး ရေးခဲ့တဲ့ ကိုယ်အလေးချိန်လျှော့ချနည်းစာအုပ်ဆိုရင် အမေရိကန်စာပေလောကမှာ ကြိုတင်ပေးရတဲ့စာမူခ (advance fee) အမြင့်ဆုံးစံချိန်ကို တင်ခဲ့နိုင်တယ်တဲ့။ ၂၀၀၂ ခုနှစ်မှာ ထုတ်ဝေတဲ့ အမေရိကန်သမ္မတဟောင်း Bill Clinton ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ (My Life) ဆိုတဲ့စာအုပ်ထက်တောင် ပိုပေးရတယ်။

အော်ပရာဟာ အောင်မြင်တဲ့စာရေးဆရာမတစ်ယောက်ဖြစ်သလို အောင်မြင်တဲ့စာအုပ်ထုတ်ဝေသူတစ်ဦးလည်း ဖြစ်တယ်။ O, The Oprah Magazine နှင့် O at Home မဂ္ဂဇင်းတွေဟာ သူမထုတ်ဝေခဲ့တဲ့မဂ္ဂဇင်းတွေပါ။

အော်ပရာအင်တာနက်မှာတင်ထားတဲ့ oprah.com ဆိုတဲ့ Website ကလည်း အလွန်အောင်မြင်ပါတယ်။ လစဉ် ကြည့်ရှုသူလူဦးရေ သန်း ၇၀ကျော်ရှိပြီး အသုံးပြုသူ ခြောက်သန်းကျော်ရှိတယ်။ သူမဆီ တစ်ပတ်ကို ပျမ်းမျှရောက်လာတဲ့ E-mail က နှစ်သောင်းကျော် ရှိတယ်။

အော်ပရာဟာ ဒီနေ့ ရုပ်မြင်သံကြားလောကမှာအောင်မြင်သလို ရေဒီယိုလောကမှာလည်း အောင်မြင်တယ်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့က XM Satellite Radio မှာ ပညာသည်ကြေး ဒေါ်လာ ၅၅ သန်းယူပြီး သုံးနှစ်အသံလွှင့်ဖို့ စာချုပ်ချုပ်ခဲ့တယ်။

ဒီပညာသည်ကြေးက အမေရိကန် အသံလွှင့်လောကမှာ အမြင့်ဆုံးပေးရတဲ့ ကြေးပါပဲ။ သူမရှေ့မှာ ဘယ်သူမှမရခဲ့ဖူး



ဘူး။

ဒီနေ့ အမေရိကန်ပြည်ထောင်စုမှာ အော်ပရာပိုင်တဲ့အိမ်တွေ၊ မြေတွေ၊ ခြံတွေက အများကြီးရှိပါတယ်။

ကယ်လီဖိုးနီးယားပြည်နယ် ဆင်တာဗာဗရာမြို့အပြင်နားက အိမ်က အကြီးကြီးခင်ဗျာ။ မြေ ၄၂ ဧကကျယ်တဲ့ခြံကြီးထဲမှာ ဆောက်ထားတဲ့အိမ်ကြီးပါ။ သမုဒ္ဒရာနဲ့ တောင်ကို မျက်နှာပြုပြီး ဆောက်ထားတယ်။

နောက် . . . နယူးဂျာစီပြည်နယ် လာဗက်လတီမြို့မှာလည်း အိမ်တစ်လုံးရှိတယ်။ မီရာမီကမ်းခြေ . . . Fisher ဆိုတဲ့ ကျွန်းပေါ်မှာလည်း အိမ်တစ်လုံးရှိတယ်။ နောက် . . . ရေခဲပြင်လျှောစီးကစားဖို့ဆိုပြီး ကော်လိုရာဒိုပြည်နယ် တယ်လူရိုက်ဆိုတဲ့ မြို့မှာလည်း အိမ်တစ်လုံးဝယ်ထားတယ်။ နောက် ဟာဝေယံပြည်နယ် Maui ကျွန်းပေါ်မှာလည်း သူမပိုင်တဲ့ အိမ်ကြီးတစ်လုံးရှိတယ်။ အဲဒီအိမ်ပုံတွေက သူမရဲ့ O at Home မဂ္ဂဇင်းရဲ့အဖုံးနှင့် သူမသရုပ်ဆောင်တဲ့တီဗီ Show တွေမှာ အကြိမ်ကြိမ်ပါဖူးတယ်။

အော်ပရာရဲ့အသံလွှင့်လုပ်ငန်းတွေက ချီကာဂိုမြို့မှာအခြေခံပြီး တည်ဆောက်ထားတဲ့အတွက် အော်ပရာဟာ ချီကာဂိုမြို့မှာ အနေများပါတယ်။ အဲဒီမြို့မှာတော့ သူမပိုင်အခန်းကျယ်ကြီးတစ်ခု ရှိတယ်။

အော်ပရာမှာ တရားဝင်အိမ်ထောင် မရှိဘူး။ သူမရဲ့လုပ်ဖော်ကိုင်ဖက် Stedman Graham နှင့် ၁၉၈၆ ခုနှစ်ကတည်းက တွဲနေခဲ့တယ်။ သူမတို့ တစ်ကြိမ်စေ့စပ်ခဲ့ဖူး

**Oprah ၏နေအိမ်**





ရုပ်ရှင်ဝေဖန်ရေးဆရာ Roger Ebert

ပြီး ၁၉၉၂ ခုနှစ် နိုဝင်ဘာလမှာ လက်ထပ်ကြမယ်လို့ ကြေညာဖူးတယ်။ လက်တွေ့မှာ လက်ထပ်ပွဲမလုပ်ခဲ့ကြဘူး။ အော်ပရာမှာ တရားဝင်မွေးထားတဲ့ကလေးတစ်ယောက်မှမရှိဘူး။ ဒီကလေးမယူတဲ့ကိစ္စနှင့်ပတ်သက်ပြီး အော်ပရာက စာနယ်ဇင်းသမားတွေကို ဟောဒီလို ထုတ်ပြောဖူးတယ်။

"တောင်အာဖရိကနိုင်ငံမှာ ကျွန်မတည်ထောင်ထားတဲ့ မိန်းကလေးပညာသင်ကျောင်းတစ်ခုရှိတယ်။ ကျောင်းနာမည်က Oprah Winfrey Leadership Academy of Girls... ။ ကိုယ့်ဘဝကို ကိုယ်ဦးဆောင်နိုင်တဲ့မိန်းကလေးလူတော်တွေကို မွေးထုတ်ပေးဖို့ရည်ရွယ်ချက်နဲ့ ဖွင့်ထားပေးတဲ့ကျောင်းပါ။ ဒီကျောင်းမှာ ကျောင်းသူ ၁၅၂ ယောက်ရှိတယ်။ နောက်ထပ် ၇၅ ယောက်ကိုလည်း တိုးပြီးလက်ခံဦးမယ်လို့ ရည်ရွယ်ထားတယ်။ ဒီကျောင်းက မိန်းကလေးအများစုက မိဘမဲ့တွေပါ။ မိသားစုမရှိကြတဲ့ကလေးတွေပါ။ ဒီကျောင်းက ကလေးတွေအကုန်လုံးက ကျွန်မသမီးတွေပါပဲ။ ကျွန်မရင်ထဲမှာ သူတို့အားလုံးကို ကျွန်မသမီးအရင်းတွေလို့ သတ်မှတ်ထားတယ်။ ဒါကြောင့် ကျွန်မ ကိုယ်ပိုင်ကလေး မမွေးတော့တာပါ" တဲ့။

မှန်တယ်ခင်ဗျာ။

အော်ပရာဟာ အဲဒီမိန်းကလေးကျောင်းအပေါ်မှာ အလွန်သံယောဇဉ်ကြီးပါတယ်။ အလှူငွေ နှစ်စဉ်အများကြီးပို့ပေးတယ်။ နောက် . . . သူနေဖို့ အိမ်တစ်လုံး ကျောင်းဝင်းထဲမှာဆောက်ထားပြီး သူမအလုပ်အားလပ်တိုင်း အဲဒီအိမ်မှာသွားနေတယ်။ နောက် . . . အဲဒီကျောင်းက ကလေးတွေကို ကိုယ်တိုင်လည်း စာသင်ပေးတယ်။

အော်ပရာမှာ မောင်နှမအရင်း တစ်ယောက်မှမရှိဘူး။ အဖေတူ အမေကွဲမောင်တစ်ယောက်ရှိတယ်။ ဒီမောင်က မိန်းမစိတ်ပေါက်နေပြီး ၂၀၀၄ ခုနှစ်မှာ အေအိုင်ဒီအက်(စ်)ရောဂါနဲ့ ကွယ်လွန်သွားရှာတယ်။

၂၀၀၆ ခုနှစ်မှာ ပီဗီအက်စ်တီဗီ အစီအစဉ်က African American Lives ကို အသံလွှင့်ဖို့အတွက် အော်ပရာရဲ့ DNA ကို အခြေခံပြီး ဘယ်လိုအမျိုးနွယ်စုက ဆင်းသက်သလဲဆိုတာ စစ်ဆေးကြည့်ကြတယ်။

အလွန်ထင်ရှားတဲ့အမျိုးသမီးကြီးဖြစ်နေတော့ အလွန်ဂရုစိုက်ပြီး စစ်ဆေးကြည့်ခဲ့ကြတာပေါ့ခင်ဗျား။

နောက်ဆုံး အံ့သြစရာမြင်တွေ့ကြရတာက အော်ပရာဟာ အာဖရိကတိုက်မှာရှိတဲ့ Kpelle လို့အမည်ပေးထားတဲ့ လူမည်းအနွယ်စု (Ethnic Group) က ဆင်းသက်လာတာတဲ့။ ဒီလူမည်းအနွယ်တွေက ဒီနေ့ အာဖရိက Liberia ဆိုတဲ့တိုင်းပြည်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေ . . . ။ နောက် . . . သူမရဲ့ (ဂျင်နီတစ်) . . . အဲ . . . Genetic make up က သုံးမျိုးရောစပ်နေတယ်။ ၈၉ ရာခိုင်နှုန်းက ဆဟာရသဲကန္တာရမှာအခြေခံနေထိုင်တဲ့ အာဖရိကတိုက်သား (Saharan African) သွေး . . .။ ၈ ရာခိုင်နှုန်းက အမေရိကန် မူလတိုင်းရင်းသား (Native American) သွေး . . . ။ နောက် . . . ၃ ရာခိုင်နှုန်းက အရှေ့အာရှတိုက်သား (East Asian) သွေးတဲ့ . . . ။ စိတ်ဝင်စားဖို့မကောင်းဘူးလားခင်ဗျား။

အိမ်ထောင်ရေးနှင့်ပတ်သက်လို့တော့ အော်ပရာဟာ သိပ်ကံမကောင်းဘူးလို့ပဲ ပြောရပါလိမ့်မယ်။

Roger Ebert ဆိုတဲ့ ရုပ်ရှင်ဝေဖန်ရေးဆရာ (movie critic) နဲ့ အချိန်အတော်ကြာကြာ ချစ်ကြိုက်ဖူးတယ်။ အပျော်ခရီးအမျိုးမျိုးထွက်ဖူးတယ်။ သူတို့ချစ်ဇာတ်လမ်းနဲ့ပတ်သက်ပြီး စာနယ်ဇင်းတွေဟာ အများကြီးဖော်ပြဖူးတယ်။




**Oprah အင်တာနက်ပေါ်တင်ထားတဲ့ oprah.com Website**

အဲဒီ Roger Ebert အရှေ့က အော်ပရာချစ်ခဲ့ကြိုက်ခဲ့တဲ့လူတွေက သိပ်မထင်ရှားဘူး။ Roger Ebert နဲ့ နောက်လူတွေကိုပဲ လူသိများတယ်။ ဒါပေမဲ့ အော်ပရာ ရှေးကကြိုက်ခဲ့ဖူးသူတွေအထဲက Randoph Cook ဆိုသူက လျော်ကြေးငွေ ဒေါ်လာ သန်း၂၀ ရချင်တယ်ဆိုပြီး အော်ပရာကို တရားစွဲခဲ့ဖူးပါတယ်။ နောက် အော်ပရာကို သူနဲ့အတူ မူးယစ်ဆေးဝါးသုံးဖူးပါတယ်လို့လည်း အရှက်ခွဲခဲ့တယ်။ နောက် Anthony Otey ဆိုသူကလည်း ရည်းစားစာတွေထုတ်ပြပြီး အော်ပရာနဲ့သူ အော်ပရာ အထက်တန်းကျောင်းသူအရွယ်တုန်းက ချစ်ကြိုက်ခဲ့ဖူးတယ်လို့ ပြောပါတယ်။

အဲဒီစွပ်စွဲချက်တွေကိုလည်း အော်ပရာက နာမည်ကြီးအောင်မြင်ကျော်ကြားသူဖြစ်နေတော့ စာနယ်ဇင်းတွေမှာ အထူးအသားပေးဖော်ပြခဲ့ဖူးကြတာပေါ့ခင်ဗျား။

အော်ပရာဟာ သူချစ်ကြိုက်ခဲ့ဖူးသူတွေအထဲမှာ William Taylor ဆိုတဲ့လူကိုတော့ တော်တော်အသည်းစွဲချစ်ကြိုက်ခဲ့ပုံရပါတယ်။ သူတို့ကွဲသွားတဲ့အချိန်မှာ အော်ပရာက အသံလွှင့်နေတဲ့အချိန်မှာတောင် မျက်ရည်ကျခဲ့ရဖူးပြီး အပူသည်ရုပ်နဲ့ အချိန်တော်တော်ကြာကြာနေခဲ့တယ်လို့ ပြောပါတယ်။

အော်ပရာဘယ်လောက်ချမ်းသာသလဲ။

အလွန်အံ့သြဖို့ကောင်းပါတယ်ခင်ဗျား။ မွေးဖွားတုန်းက အလွန်ဆင်းဆင်းရဲရဲနှင့် မွေးဖွားပြီး ကလေးဘဝမှာ အာလူးအိတ်ဟောင်းကို ပြင်ချုပ်ထားတဲ့အင်္ကျီကို ဝတ်ခဲ့ရတဲ့ အော်ပရာဟာ ၃၂ နှစ်အရွယ်မှာ သန်းကြွယ်သူဌေးဖြစ်နေပါပြီ။ ၁၉၉၄ ခုနှစ်က စပြီး တစ်နှစ်ကို သူမရတဲ့ဝင်ငွေက သန်းရာချီသွားပါပြီ။ အသက် ၄၁ နှစ်အရွယ်မှာ သူမပိုင်တဲ့ငွေက ဒေါ်လာသန်း ၃၄၀ ရှိပါတယ်။ အဲဒီအချိန်ကစပြီး သူမ အရှေ့က အချမ်းသာဆုံးအမေရိကန်လူမည်း Bill Cosby ထက်ပိုချမ်းသာသူ ဖြစ်ခဲ့ပါတယ်။ Forbes မဂ္ဂဇင်းကြီးက ရွေးချယ်ထားတဲ့ အချမ်းသာဆုံးအမေရိကန်လူမျိုး ၄၀၀ ထဲမှာ သူမနာမည် စပါသွားပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ လူမည်းဦးရေဟာ လူဦးရေတစ်ခုလုံးရဲ့ ၁၂ ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမဲ့ အချမ်းသာဆုံးအမေရိကန် ၄၀၀ ထဲမှာ အော်ပရာတစ်ယောက်တည်း ပါပါတယ်။ ၂၀၀၀ ပြည့်နှစ်ရောက်တော့ အော်ပရာရဲ့ပိုင်ဆိုင်မှုဟာ ဒေါ်လာ သန်း ၈၀၀ ရှိပါတယ်။ ၂၀ ရာစုတစ်ခုလုံးမှာ အချမ်းသာဆုံး အမေရိကန်လူမည်းအဖြစ် သမိုင်းတင်ခံရပါတယ်။ Oprah Winfrey, The Tycoon လို့ စာနယ်ဇင်းတွေက ဂုဏ်တင်ပြီး စရေးပါတယ်။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**